မြနှောင်းညို

# ပန်းကြွေပွင့်ပုံပြင်



# မြနောင်းညို

# ပန်းကြွေပွင့်ပုံပြင်

(ဒုတိယအကြိမ်)

၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ

# ဖဲကြိုးနီကလေး၏ အဓိပ္ပါယ်

**အလေးဂရုပြုခြင်း**

ဖဲကြိုးနီကလေးကို HIV ကူးစက်ခံရလျက် အသက်ရှင်နေသူများ၊ ဝေဒနာခံစားနေရသူများ၊ အသက်ဆုံးရှုံးရသူများနှင့် ၎င်းတို့ကို စောင့်ရှောက်ဖေးမနေသူများအား အလေးထား ဂရုပြုခြင်းကို ဖော်ပြသည့်အနေဖြင့် တပ်ဆင်ကြခြင်း ဖြစ်သည်။

**မျှော်လင့်ခြင်း**

ဖဲကြိုးနီကလေးကို AIDS ရောဂါ ဖိစီးမှုကို ရပ်တန့်တားဆီးနိုင်မည့် ကာကွယ်ဆေးနှင့် ကုထုံးဆိုင်ရာ သုတေသနလုပ်ငန်းများ အောင်မြင်ရေး၊ ရောဂါကူးစက်ခံနေရသူများ၏ နေထိုင်မှုဘဝ တိုးတက်ရေးတို့အတွက် မျှော်လင့်ချက် အမှတ်သင်္ကေတအဖြစ် ရည်ရွယ်သည်။

**ဖေးမကူညီမှု (Support)**

ဖဲကြိုးနီကလေးသည် HIV ကူးစက်ခံနေရသူများအတွက်၊ မကူးစက်သေးသူများအား စဉ်ဆက်မပြတ် ပညာပေးလုပ်ငန်းအတွက် ထိရောက်သောကုထုံးနှင့် ကာကွယ်ဆေးဖေါ်ထုတ်ရေး အားသွန်ကြိုးပမ်းမှုများအတွက်နှင့် AIDS ကြောင့် ချစ်ဆွေသင်္ဂဟများကို ဆုံးရှုံးခဲ့ရသူများအတွက် ဖေးမကူညီမှုများ၏ ပြယုဂ်အဖြစ် ဖော်ဆောင်သည်။

## စာရေးသူ၏ အမှာ

ဤပန်းကြွေပွင့်ပုံပြင် လုံးချင်းကို လွန်ခဲ့သော ခြောက်နှစ်ကာလ (၁)ရက်၊ ဒီဇင်ဘာ၊ ၁၉၉၄ တွင် ကမ္ဘာ့ခုခံအား ကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ (World AIDS Day) ကို ကြိုဆိုသောအားဖြင့် ထုတ်ဝေဖြန့်ချိခဲ့ပါသည်။

၁၉၈၈ ခုနှစ်တွင် မြန်မာပြည်သို့ အိပ်ချ်အိုင်ဗွီပိုး ရောက်ရှိနေပြီဖြစ်ကြောင်း တရားဝင် သိရှိခဲ့ပြီး ဖြစ်ပါသည်။

ထိုစဉ်ကပင် အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ကို ခုခံအားကျဆင်းမှုရောဂါဟု ခေါ်တွင်စေလျက် ထိုရောဂါ ကူးစက်ခြင်းမှ မည်သို့ကာကွယ်တားဆီးရမည်ကို ပညာပေးနှိုးဆော်လျှက် လက်ကမ်းစာစောင်များ ဖြန့်ချိဝေငှလျက် ဆိုင်းဘုတ်ကြော်ငြာများ အနှံ့အပြား စိုက်ထူထားခဲ့ပါသည်။ ခုခံအားကျဆင်းမှုရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးဌာနသည် ကျမ်းမာရေး ဦးစီးဌာနဆိုင်ရာ အခြားသော ဌာနအသီးသီးနှင့် ပူးတွဲဆောင်ရွက်ပြီး သတင်းစာ၊ မဂ္ဂဇင်း၊ စာစောင်တို့မှ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ ကာတွန်းတို့အားဖြင့် တစ်နည်း၊ ဟောပြောပွဲများကျင်းပ၍ တစ်ဖုံ နည်းအမျိုးမျိုး ထောင့်အရပ်ရပ်မှ ရှင်းလင်းပညာပေးနေခဲ့ကြ ပါသည်။

ခုခံအားကျဆင်းမှုရောဂါကို ကာကွယ်တားဆီးခြင်းသည်သာလျှင် ဤရောဂါကို အမြစ်မကျန် မြေလှန်တိုက်ဖျက်ပစ်နိုင်သည့် နည်းလမ်း ဖြစ်ပါသည်။ ကာကွယ်ဆေး၊ Vaccine၊ ကုသဆေးတို့မှာ ယနေ့ထိ ကြိုးပမ်းရှာဖွေနေဆဲ ရှိပါသေးသည်။

စာရေးသူသည် ၁၉၉၃ နှစ်ကုန်ပိုင်းမှစ၍ သုတေသနဆရာဝန်အဖြစ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ သုတေသန ယူနစ်၊ ဆေးသုတေသန ဦးစီးဌာန၊ ကူးစက်ရောဂါကုဆေးရုံ၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့တွင် ၁၉၉၅ ခုနှစ်တိုင် ဝင်ရောက် လုပ်ကိုင်ပြီး လူနာများ၊ လူနာတို့၏ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဆေးပညာရှင်များ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများထံ ချဉ်းကပ် လေ့လာမှတ်သားခွင့် ရရှိခဲ့ပါသည်။

သမားတော်ကြီးတစ်ဦးက ကျွန်မလေ့လာခံစားဖန်တီးခဲ့သော ပန်းကြွေပွင့်ပုံပြင်သည် ထိုစဉ် ခုခံအားကျဆင်းမှု ရောဂါရှင် လူနာများကို ဆယ်ယောက်လောက်ဖြစ်အောင် ပေါင်းစုဖန်ဆင်းပြီး အများရင်ခွင်ထဲ ချပေးခဲ့သော ဖြစ်ရပ်မှန်ပုံပြင်ပဲဟု မကြာခင်လေးကပင် မှတ်ချက်ချခဲ့ပါသေးသည်။

ဤဝတ္ထုထုတ်ဝေပြီးနောက် ခြောက်နှစ်ကြာမြင့်ပြီးသည့်အချိန်အတွင်း အပြောင်းအလဲအချို့ ရှိလာခဲ့ပါသည်။ ဥပမာအားဖြင့် ကူးစက်ရောဂါကုဆေးရုံကြီးသည် ယခုအခါ ဝေဘာဂီ၊ မြောက်ဥက္ကလာပမြို့တွင် ဖွင့်လှစ်ထားပြီး ဆေးခန်း အများအပြားတွင် အိပ်ချ်အိုင်ဗွီ သွေးဖေါက်စစ်ဆေးနိုင်လာပါသည်။ မိခင်မှ သန္ဓေသားသို့ ခုခံအားကျဆင်းမှုရောဂါ ကူးစက်နှုန်းကို သိသိသာသာ လျှော့ချနိုင်လာပါသည်။ ရောဂါ၏အခြေအနေကို မှန်းဆနိုင်သော CD4 ဆဲလ် အရေအတွက်ကိုလည်း ဝေဘာဂီ ကူးစက်ဆေးရုံအပါအဝင် ဆေးခန်းကြီးများတွင် သွေးဖောက်စစ်ဆေးနိုင်ပါပြီ။ ကူးစက်ပိုးရောင်တခင် ဝင်ရောက်ရရှိသော အန္တရယ်နှင့် ကြုံကြိုက်ပါက နှစ်ဆယ့်လေးနာရီအတွင်း ဆေးသောက်သုံးနိုင်လျှင် ကူးစက်နှုန်း သိသိသာသာ လျော့ကျပါမည်။

သို့ပါသော်လည်း ကာကွယ်ဆေး၊ ကုသဆေး မတွေ့ရှိသေးသည့်အလျှောက် ဤရောဂါပိုး မည်သည့်နည်းလမ်းများဖြင့် ကူးစက်နိုင်ကြောင်း ပညာပေးခြင်းသည်သာလျှင် မကူးစက်အောင် ကာကွယ် တားဆီးနိုင်မည့် အကောင်းဆုံးနည်းလမ်း ဖြစ်နေဆဲ ဖြစ်ပါသည်။

ဤခုခံအားကျဆင်းမှုရောဂါနှင့် ဆက်နွယ်ပက်သက်နေကြရသော မိတ်ဆွေဆရာဝန်များ၊ စာဖတ်ပရိသတ်များတို့က ပန်းကြွေပွင့်ပုံပြင်ဝတ္ထုကို ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေပြီး ပြည်သူလူထုလက်သို့ သက်သာချောင်ချိသော ဈေးနှုန်းဖြင့် ဖြန့်ချိ ပေးလိုကြပါသည်။

ရောဂါကူးစက်ခံရပြီးသူများအပေါ် ကြင်နာကရုဏာ သက်ကြသည်နှင့်အမျှ မသိနားမလည်ခြင်းကြောင့် ထပ်ဆင့် ကူးစက်ပြန့်ပွားမှုကို တတပ်တအား ကာကွယ်တားဆီးလိုကြသော စာပေအသိုင်းအဝိုင်းကလည်း ဤစာအုပ်ဖြစ်မြောက်ရေး အတွက် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။

မူလပထမတွဲနှင့် ဒုတိယတွဲကို တပေါင်းတည်းပုံနှိပ်ပြီး မျက်မှောက်ခေတ်နှင့် အံဝင်ခွင်ကျအောင် ဖြည့်စွပ်မွမ်းမံထားသော ပန်းကြွေပွင့်ပုံပြင်သည် ပြည်သူ့လက်သို့ တစ်ကျော့ပြန်လည် ရောက်ရှိလာခဲ့ပါပြီ။

ပန်းကြွေပွင့်ပုံပြင်ကို အများပြည်သူ ဖတ်ရှုခံစားနိုင်ကြအောင် ကျိုးပမ်းကြသော နိုင်၊ တူးမာ၊ ဖြူဖြူ၊ ကိုမျိုး၊ မမ ဒေါ်စိန်စိန်ရီ၊ ကိုသက်၊ ကိုငြိမ်းနှင့် စီစဉ်သူ ဦးဟင်းငြိမ်း၊ ကလျာ (ဂိဇ္ဈာ-သိပ္ပံ) မိသားစုနှင့် ဂါမိုးအောင် စာပေတို့အား အထူးကျေးဇူး တင်စွာ မှတ်တမ်းတင်ပါကြောင်း။

**မြနှောင်းညို**

*ကြွေလွင့်သွားသောပန်းများနှင့်ပက်သက်၍ နုနုခိုင် စာဖွဲ့စာနွဲ့ တသ လွမ်းမောနေဖြစ်လိမ့်မည်ဟု နှောင်းလွန်ခဲ့ပြီးသော တစ်နစ်တာ အချိန်ပိုင်း တွေတုန်းက ယောင်မှားချ်ပင် မထင်မှတ်ခဲ့မိရပါ။*

*ပန်းကြွေပွင့်တွေကြားမှာ ရောနှောပါဂင်လာမိသည်ကိုက မယုံကြည်ဖွယ် ဖြစ်ရပ်ဆန်းတစ်ခု။*

*ခုတော့ဖြင့် နုနုခိုင်သည် အကြွေပန်းများအကြောင်းကို ပုံပြင်တစ်ပုဒ်သဖွယ် လှမ်းဆင့်လက်ကမ်း တမ်းတ နေရတတ်ပါပြီကော။*

# ဇင်ယော်၏ အလင်းနကောင်းကင်

ပန်းခြံဟောင်းတစ်ခုဟုပင် သတ်မှတ်ရပေလိမ့်မည်။

မြက်ခြောက်ပင်တွေ ဂါရွှေကိုင်းညွတ်လျက် တချို့လည်းမြေပေါ် လဲစင်းကျနေကြသည်။ အုတ်ခုံတန်းတွေသည် အရောင်အဆင်း မွဲတေကျိုးပဲ့လျက် ငေါင်းစင်းစင်း ရပ်တည်နေကြရ၏။ အကြောမာသော ပန်းခြောက်ရုံတစ်ရုံသည်သာ ဥယာဉ်မှူး ကင်းမဲ့သော မြေနေရာတွင် တစ်ကိုယ်တော် သုံးရောင်ချယ်ပွင့်ဖူးနေလေ၏။

ရေတစ်စက်မျှမရှိသော ရေကန်တစ်ကန်ကို ပန်းခြံ၏အလယ်တွင် လှမ်းမြင်နိုင်သေးသည်။ လက်ခုပ်တစ်ဖေါင်အမြင့် အုတ်ရိုး ကာရံထားသော အင်္ဂတေခင်းရေကန်မှာ လူတစ်ရပ်စာ ကောင်းကောင်းနက်ရှိုင်းသည်။ ပစ်ပယ်ထားသည်မှာ ကြာမြင့်ပြီ ဖြစ်ကြောင်းကို ထိုအင်္ဂတေအခင်းတွေ၏ ပက်ကြားအက်တွေကြားမှ ထိုးထောင်ထွက်ပေါ်နေသော မြက်ခြောက်ပင်တွေက တိုင်တည်နေကြရှာပေမည်။

အုတ်ရိုးတွင် တစ်ချိန်က အရောင်ချယ်မှုန်းကာ ကြာပွင့်တွေ၊ ကနုတ်ပန်းတွေ ထွင်းထုထားခဲ့သော အနုစိတ်လက်ရာတွေ ရိုးတိုးရိတ်တိတ် ကြွင်းကျန်နေသေးသည်။

နေမင်းကြီးသည် အနောက်ဖက်သို့ စောင်းကျလာလေပြီ။ ကန်ပေါင်အရိပ်သည် အရှေ့မျက်နှာစာသို့ တစ်ဂက်တစ်ပျက် ထိုးကျစပြု၏။

ဤခြောက်သွေ့တိတ်ဆိတ်သော ပန်းခြံအနီးတွင် လူသူအရိပ်အရောင် ကင်းမဲ့ပြတ်လပ်လွန်းသည်။

ပန်းခြံမှလွန်မြောက်သွားပါလျှင် အုတ်ရိုးမြင့်ကာရံထားသော စောင်စက်ရုံကို မျှော်တွေ့နိုင်သည်။ ညာဘက်တွင် မြေနီလမ်းကလေး ခင်းနေသည်။ မြေနီလမ်း၏ ဟိုမှာဘက်မှ ဘောလုံးကွင်းသည်လည်း ခြောက်သွေ့ခြင်းအရာ၌ ပန်းခြံကို တုပြိုင်အာခံနိုင်သည်။ နံနက်တိုင်း ညနေတိုင်း ရပ်ကွက်လူငယ်တွေကရော၊ ကလေးတွေပါ ဘောလုံးကန်ရင်း ခြေစမ်းရင်းမို့ မြက်ပင်တော့ဖြင့် အလျင်းကင်းရှင်းသလောက် ရှိ၏။

ကျယ်ဂန်းလှသော ရေဖြန်းခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီးကို ကျောခိုင်းထားရုံမျှမက အရှေ့ဘက်ဘေးဘက်တွေမှာလည်း လူသူအသွားအလာ ကျဲပါးသော သည်လိုနေရာမျိုး။

သည်အုတ်ကန်ဘောင်နံဘေးတွင် ဆယ်နှစ်အရွယ်ဟု ခန့်မှန်းနိုင်သော ဖြူလျော်လျော် ပိန်ရှည်ရှည်ကောင်ကလေးသည် ရေမရှိသောကန်၏ပေါင်ကို မှီကာ မြေပြင်ပေါ် ခြေပစ်လက်ပစ်ထိုင်နေသည်။ စက္ကူပန်းတွေသည် နွမ်းတချို့ခြောက်တချို့နှင့် သူ့နံဘေးတွင် ကျဲပြန့်နေလေသည်။ ဂိုးတိုင်နှစ်ဖက်သာ အထင်ကရမြင်တွေ့ရသော ပြောင်သလင်း ဘောလုံးကွင်းပြင်ဆီသို့ ရည်ရွယ်ချက်ကင်းမဲ့စွာ ငေးမောနေလေသည်။

ဘယ်လောက်အထိ သတိလက်လွတ်နေလိုက်သလဲ ဆိုပါလျှင် သည်ပန်းခြံအနီးသို့ နနခိုင်ရောက်လာသည်ကိုပင် သူ အမှတ်မထားမိခဲ့။

သူသည် နာကျင်ယောင်ကိုင်းနေသော သူ့လက်ခုံတွေကို ဒူးခေါင်းနှစ်ဖက်ပေါ် ဖေးဖေးမမ မှေးတင်ထားသည်။

ခုမှ နေစောင်းစ ရှိသေးသည်။

လက်သံပြောင်သော သူ့ပထွေးကြီး အိပ်စက်ချိန်ကျမှ သူ အိမ်ပြန်ရမည်ဆိုလျှင် သည်နေရာမှာ နောက်ထပ် နာရီပေါင်းများစွာ ကြာမြင့်နေရဦးတော့မည်။

လက်ခံတွေ နာကျင်ရသည့်အထဲ ပထွေးကြီး သမထားသည့်ဒဏ်ကြောင့် တင်ပါးတွေကလည်း တဖျဉ်းဖျဉ်း ကျိန်းစပ်နေဆဲ ဖြစ်သည်။

"ဟိတ်"

အဲသည်ဟိတ်ကြောင့် ဇင်ယော် လန့်ဖြတ်သွားပြီး အသံလာရာသို့ မော့ကြည့်ရှာဖွေသည်။

နနခိုင်သည် စက္ကူပန်းပင်နံဘေးတွင်ရပ်ကာ သူ့ကို မျက်လုံးညိုကြီးများဖြင့် စိုက်ကြည့်ကာနေလေ၏။

ဖြူသွယ်သော နနခိုင်၏ အရောင်ဖျော့ဖျော့ ဂါဝန်ရှည်သည် ခြေသလုံးတဝက်အထိ ပျော့ပျော့ပျောင်းပျောင်း ဖားလျားကျနေသည်။

"မင်းကိုကြည့်နေတာ ကြာလှပြီ၊ ဘာတွေ စဉ်းစားနေတာလဲ"

ညိုမောင်းသောမျက်လုံးတွေက သူ့ကို ကြင်ကြင်နာနာ စိုက်ငေးစူးစမ်းနေသည်ဟု ခံစားရလျက် ဇင်ယော်သည် ရှက်သလို ဂမ်းနည်းသလို မျက်နှာအထားရခက်သွားသည်။

ပြီးတော့လည်း မိန်းကလေးတစ်ဦးက "မင်း" ဆိုသော နာမ်စားသုံးနှုန်းပုံကို ဇင်ယော့်မှာ နားဂင်ထောင့်သလို ဖြစ်နေလေ၏။

အဆုတ်ရောဂါ အထူးကုဆေးရုံကြီးမှ သမားတော်ကြီး ဦးလှိုင်မြင့်၏ တစ်ဦးတည်းသောသမီးအဖြစ် သူမကို ဇင်ယော်တို့ သိရှိထားကြသည်။ သို့သော်လည်း သူမနှင့် အနီးကပ်ဆုံစည်းခွင့် ရရှိသည်မှာမူကား သည်တစ်ခါ ပထမဆုံးပင် ဖြစ်လေသည်။

"ဦးကျင်ပုက်ကြီးကို ဖေဖေခေါ်ပြီး သတိပေးထားတယ် သိလား၊ မင်းကို ထပ်ရိုက်ရဲတော့မှာ မဟုတ်ဘူး"

ဇင်ယော် နားရွက်ဖျားတွေ ရှိန်းကနဲထူပူလျက် နနခိုင်ရှေ့မှောက်မှ ရုတ်ချည်းထပြေးမိတော့မလို အတန်ငယ် မြောက်ကြွသွား၏။

ဆွဲဆုတ်နာကျင်သွားသော ကြွက်သားများနှင့် လက်တွေကသာ သူ့ကို နောက်ပြန်တားမြစ်မထားပါလျှင် သည်နေရာတွင် သူ ရှိနေတော့မှာ မဟုတ်။

သူ့ကို သူ့ပထွေးကြီး ရိုက်နက်ထားသည့်အကြောင်းကို တဲ့တိုးကြီး ပြောချလိုက်မိသည့်အတွက် နနခိုင် ဘယ်လိုမှ အားနာတွန့်ဆုတ်ပုံမရ။

သူမက ရှေ့ထပ်တိုးလာပြီး ရေကန်ပေါင်တွင် လက်တစ်ဖက်ထောက်ထားလိုက်သည်။

"မင်းကလဲ မင်းပါပဲကွာ၊ ဘာလို့ တက်တူးတွေ လျှောက်ထိုးရတာလဲ"

"ဘာလဲ တက်တူး"

"မင်းလက်ခုံတွေပေါ်က တက်တူးပေါ့၊ ဆေးမင်ကြောင်တွေလေ၊ အင်္ဂလိပ်လို tattoo ခေါ်တာ မသိဘူးလား၊ T.A.T.T.O.O တက်တူး"

နနခိုင်၏အသံက မသိမသာ ရှတတနိုင်သည်။ အဲဒါကိုကပဲ နားဝင်မထောင်ဘဲ နားစွဲလွယ်၏။ လူမမြင်ရလည်း ဘယ်နေရာမှာပဲ ကြားလိုက်ကြားလိုက် နားဝင်ချိုဆိမ့်စွာ မှတ်သားမိလောက်မည့် အသံမျိုး။ သည်ထက် တဆိတ်စာ ပိုအက်သွား၊ ရှသွားရုံနှင့်လည်း မြောင်းထဲလွှင့်ပစ်လိုက်ချင်စရာ ဖြစ်သွားနိုင်ပေသည်။

ဇင်ယော်သည် ထောင်ထားသော ဒူးခေါင်းတွေပေါ်တွင် အနားပေး မှောက်တင်ထားသော လက်ခုံတွေကို ကပျာကယာ ပက်လက်အနေအထားသို့ ပြောင်းလဲကာ ဆေးမင်ကြောင်ရုပ်ထိုးထားသည်ကို ဖုံးကွယ်မိသည်။ ခက်တာက ရောင်ကိုင်းနေသော သူ့လက်ခုံတွေသည် ဒူးခေါင်းနှင့် အထိမခံနိုင်ရုံမျှမက လေထဲမှာ ခပ်ဆဆ ဖေးမထားပြန်တော့ သွေးလေးစိမ့်နာလာပြန်သည်။

"ဘာတွေ ရေးထားတာလဲ၊ ပြစမ်း စင်ယော်"

နနခိုင်သည် ခါးလေးကိုင်းပြီး သူ့လက်ခုံတွေကို စိတ်ဝင်တစား ငုံ့ကြည့်သည်။ ဖားလျားချထားသော ဆံရှည်တွေက ဇင်ယော့်မျက်နှာတပိုက် ဝေ့ဝဲသွားခဲ့လေသည်။

သူ့နာမည်ကို သမားတော်ကြီး၏သမီးက သိရှိနေရုံမက သူ့အပေါ် ကြင်နာသည်။ သူ့ဆေးမင်ကြောင် ကိုလည်း စိတ်ဝင်စားသည်။

လက်ခုံမှောက်ပြလိုက်ခြင်းဖြင့် နနခိုင်လည်း ရေးထိုးထားသော စာလုံးတွေကို ဖတ်ရှုနိုင်သည်။ လက်ကောက်ဝတ်တွေကို ဒူးခေါင်းပေါ်တင်ကာ လက်ဖဝါးတွေကို ဖွဖွမှေးထားနိုင်သောကြောင့် အနာသက်သာရုံမက အညောင်းအညာလျော့ပါးသည်။

"ရောင်ကိုင်းနေတာပဲ၊ နာမှာပဲနော်"

"နာတာပေါ့ဟာ"

နနခိုင်က မျက်နှာကလေးရှုံ့တွလျက် စုတ်သပ်ညည်းညူစဉ် ဇင်ယော်သည် သူမ၏ စာနာထောက်ထားမှုကြောင့်ပင် သူ၏ဝေဒနာ သက်သာသယောင်ရှိပြီး အနာအကျင်ခံ၍ ဆေးမင်ကြောင် စုတ်ထိုးခဲ့မိသည့်အတွက် သူရဲကောင်းကြီးပမာ ဂုဏ်ယူတက်ကြွလာမိလေသည်။

"မေမေ.. တဲ့"

နနခိုင်က သူ၏ ညာဘက်လက်ခုံမှ စာလုံးတွေကို အသံထွက် ဖတ်ရှုစဉ် သူ့ရင်ထဲသို့ နက်ရှိုင်းစွာ ထွင်းဖေါက် ဝင်ရောက်သွား၏။

"မင်းက အမေကို ချစ်ပုံရတယ်နော်"

"အမေကို မချစ်တဲ့လူ ရှိပါ့မလား"

ဘောက်ဆတ်ဆတ် တုံ့ပြန်ရင်း မျက်လွှာချကာ ခြောက်သယောင်းသော မြေပြင်ဆီသို့ ထုံပေပေ မျက်လုံး စိုက်ထားလိုက်သည်။

"ငါ့မှာ အမေမရှိဘူး"

အနက်ရောင် လွှာဖိနပ်ပါးပါး စီးနင်းထားသော နနခိုင်၏ ခြေထောက်တွေသို့ မျက်လုံးရောက်ရှိ သွားရာမှ သူက ဆတ်ကနဲ ခေါင်းမော့ကာ နနခိုင်ကို တအံ့တသြော ကြည့်မိပြန်သည်။

"ငါ ခုနစ်နှစ်သမီးကတည်းက မေမေ ဆုံးသွားတယ်"

မပြည့်စုံမှု၊ ချို့တဲ့မှုမည်သည် သူ့အတွက်ချည်းသာ ရည်ညွှန်းသည်ဟု မှတ်ယူထားခဲ့သော ဖင်ယော်သည် မရှိစကား မကြားဖူးလောက်ဖူးဟု သူတစ်ထစ်ချ သေချာထားသည့် နနခိုင်တွင်လည်း မပြည့်စုံမှု ရှိနေပါလားဟု အံ့သြောခြင်းကြီးစွာ ဖြစ်မိ၏။

"ဒါဆိုရင်.. ဒါဆိုရင်.."

သူ သိချင်လှသောအရာကို မေးခွန်းထုတ်ရန် ချိန်ဆရင်း သူ ထစ်ငေ့ါတွေဝေသည်။

"နင့်အဖေနဲ့ တွဲတွဲထွက်လာတာက ဟို.."

နနခိုင် ပြုံးရယ်လိုက်သောအခါ အထက်နှုပ်ခမ်းပါးကလေးတွေ တက်သွားခိုက် သေးစိပ်ဖြူဖွေးသော သွားကလေးတွေအထက်မှ ပန်းနုသန့်စင်သော သွားရင်းကလေးတွေ ပေါ်လာသည်။ သွားရင်းပေါ်နေသော အပြုံးအရယ်သည်လည်း နနခိုင်ကို ကြည့်ကောင်းစေပြန်လေသည်။

"အဲဒါ မိထွေး"

"ဟာ.."

သူ အာမေဋိတ်ပြုမိ၏။

"ဖေဖေ့ကို မေမေ့ညီမနဲ့ ပေးစားလိုက်ကြတယ်။ ဖေဖေကလည်း ယူချင်လို့ ဖြစ်မှာပေ့ါလေ။ ငါ့ကို စောင့်ရှောက်ဖို့လိုတယ်တဲ့။ သူလည်း အဖော်လိုတယ်လို့ အမျိုးတွေက ပြောကြတာပဲ"

နနခိုင်က သူ့မျက်နှာကို နားလည်စွာ စိုက်ကြည့်သည်။

"မင်းမှာမှ ပထွေးရှိတာ မဟုတ်ဘူး။ ငါ့မှာလည်း မိထွေးနဲ့။ ဘယ်သူမဆို တစ်ခုခု လိုအပ်နေမှာချည်းပဲ ဆိုတာ မင်း သဘောပေါက်ရလိမ့်မယ်"

စကားကြီးစကားကျယ် ပြောလွန်းသည်ဟု ဖင်ယော်က နနခိုင်အပေါ် အပြစ်မမြင်ပါ။ အဘယ်ကြောင့် ဆိုသော် နနခိုင်သည် သမားတော်ကြီး၏သမီးဖြစ်ပြီး စာတော်သူလည်း ဖြစ်သောကြောင့် ဖင်ယော် အထင်ကြီး လေးစားသည်။

"ဘယ်ဘက်ကတော့ LY တဲ့။ 1963 တဲ့။ အဲဒါ ဘာလဲဟင်"

ဇင်ယော် ဖြေသင့်၊ မဖြေသင့် ချိန်ဆနေသည်။ သူ့တွင် ပထွေးရှိသလို နုနုခိုင်တွင် မိထွေးရှိသည်။ ဆိုလိုသည်က သူ့တွင် ဖခင်မရှိသော ချွတ်ယွင်းမှုကို နုနုခိုင် နားလည်နိုင်သည်။ စာနာနိုင်သည်။ ယင်းသို့လျှင် ဇင်ယော် မျှော်လင့်ထားလေသည်။

"ငါ့အဖေနာမည်က ဒေါက်တာလင်းယုန်"

ဂုဏ်ယူစွာ ပြောပြဆဲမှာပင် သူ တွန့်ဆုတ်ကြေကွဲသည်။ သူလည်း ဆရာဝန်တစ်ယောက်၏ ရင်သွေး ဖြစ်သည်ဟု ဂင့်ကြွားချင်ပါလျက် သေသောက်ကြူး ကွန်ပေါင်ဒါတစ်ဦးကို ပထွေးတော်နေရသော အခြေအနေက သူ့ကို နောက်ဆွဲတားဆီးနေလေသည်။

"ငါ့အဖေက ၁၉၆၃ ခုနှစ်တုန်းက အစာအိမ်ရောဂါနဲ့ ဆုံးသွားတယ်။ သွေးတွေအန်၊ သွေးဂမ်းတွေ သွားတာတဲ့။ အဲဒီတုန်းက ငါက သုံးနှစ်သားပဲ ရှိသေးတယ်" ဟု မပုံ့မရဲ မပွင့်တပွင့်။

"ဖေဖေ ပြောပြပါတယ်။ မင်းအဖေကို သူ သိတယ်။ အတန်းမတူလို့ မခင်ပေမယ့် မြင်ဖူးတွေ့ဖူးပေ့ါဟယ်။ လူအေးလူတော် တစ်ယောက်တဲ့။ သိပ်နမျောဖို့ကောင်းတယ်တဲ့"

သူ့ဖခင်နှင့်ပက်သက်ပြီး အခြားဆရာဝန်တစ်ဦး၏ မှတ်ချက်ချပုံကို ကြားရစဉ်တွင် ဇင်ယော် ဂမ်းသာ ဂမ်းနည်း ဖြစ်မိသည်။

"ဖေဖေကလေ သုံးထပ်သားနဲ့ ပန်းကလေးတွေ ပုံဖော်တယ်။ လွှသေးသေးကလေးနဲ့ သစ်သားကို ဖြတ်ဖြတ် ပြီးတော့လေ"

ဇင်ယော် လျှာမရဲ၊ နှုတ်မရဲ ထစ်ငေ့ါနေပြီးမှ မပွင့်တပွင့်ကလေး -

"ဖလက်ဂက်ဆိုလား"

"F.R.E.T.W.O.R.K (ဖရက်ဂ့ါခ်) FRETSAW (ပန်းဖောက်လွှ) နဲ့ဖောက်တာ။ ငါတွေ့ဖူးတယ်။ မင်း တတ်လား ဟင်"

သူ အင်္ဂလိပ်အသံထွက် မပီသတာကို ရှက်နီးသယောင် ရှိသော်လည်း နုနုခိုင်က အမှတ်မထင် ခပ်ပေ့ါပေ့ါ ပြောဆိုဆွေးနွေးသွားတာမို့ သူ ရောယောင် ခေါင်းညိတ်နိုင်သွားသည်။

"ဖေဖေ့လွှကလေး ငါ့မှာရှိတယ်"

"ဟယ်.. အမွေပေ့ါနော်။ မိတယ် ဆရာ"

"ဇင်ယော် ဂုဏ်ယူမဆုံးတော့။

ဖေဖေနှင့်ပက်သက်ပြီး မှတ်တမ်းမှတ်ရာ သူ့မှာ ဤလွှလက်ကိုင်ကလေးနှင့် သံခြေးကိုက်သော လွှကလေး သာ ရှိသည်။

နုနုခိုင်၏မျက်နှာရိပ်ကို အကဲခတ်ရင်း တုံ့ဆိုင်းဆိုင်း -

"ငါ ခဲတံကောင်းကောင်းရရင် ခဲပန်းချီလဲ ဆွဲတတ်တယ်"

"နင့်အဖေ သင်ပေးတာပဲလား၊ နင့်အဖေက တော်လိုက်တာ"

ရှက်အမ်းအမ်းနှင့် ပြုံးကာ -

"ငါကငယ်တော့ သိပ်မသင်သွားပါဘူး။ ဒါပေမယ့် အမွေပေါ့"

နနခိုင်ပြောသော "အမွေ" ဆိုတာကို သူ နှစ်သက်နေသည်။

"အေး.. ပန်းချီကားတွေလဲ ဆွဲပေး၊ ပြီးတော့လေ.. ငါတို့အိမ်မှာ သုံးထပ်သားအစတွေ ရှိတယ်။ ခွေးတံဆိပ်ခဲတံတွေလည်း ရှိတယ်။ ငါ ယူခဲ့မယ်။ ငါ့ဖို့ လှဖောက်ပန်းကလေးတွေရော၊ ပန်းချီကလေးတွေရော"

သူမထံမှ သုံးထပ်သားကို လက်ခံပံ့အောင် စကားအလိမ္မာသုံးသည်ဟု ဇင်ယော် နားလည်သည်။

သူ စာရေးသော ထင်းရှူးသေတ္တာပုံးထဲတွင် သိမ်းထားတာ ကြာပြီဖြစ်သော ပန်းဖောက်လှ လက်ကိုင်လေးကို ပြန်ထုတ်ပြီး သန့်စင်ဆေးကြောရဦးမည်ဟု ဇင်ယော် စိတ်ကူးနေသည်။

"နောက်တစ်ခါကျရင် မင့်ဖရက်တ်စောကလေး ယူခဲ့နော်။ လက်ရာလည်း တစ်ခုတစ်လေယူခဲ့။ ငါ ကြည့်ချင်လို့"

"လှက အသွားတုံးနေပြီဟာ။ သိပ်မလှပါဘူး။ သုံးထပ်သားတွေကလည်း နည်းနည်းပွကုန်လို့ သိပ်မလှတော့ပါဘူး"

"မင်း စာလည်းတော်တယ်လို့ ဒေါ်အေးနှစ်က ပြောပြတယ်"

ဇင်ယော် ရှက်သွားပြန်သည်။ သို့ရာတွင် နနခိုင်က ချီးမွမ်းသည်ကို နွေးနွေးထွေးထွေး ကျေနပ်နှစ်သက်မိလေ၏။

"ဒေါ်အေးနှစ်ကြီးက ဒေါ်လေးကို လာပိုင်းကူနေကျ"

ဒေါ်အေးနှစ်၏ခင်ပွန်းက ဆေးရုံအရေးပေါ်ယာဉ်မောင်း ဖြစ်သည်။ ဒေါ်အေးနှစ်သည် လူကြီးကတော် အဆက်ဆက်၏ လက်သည်းခြေသည်း ဖြစ်လေသည်။

"ငါတို့နဲ့ ငယ်ငယ်ကတည်းက ခင်တယ်။ စဉ့်ကူပြောင်းလာပြီး ဖေဖေဆုံးစကတည်းက ပဲပေါ့ဟာ"

"မင့်အဖေက ဘယ်မှာဆုံးတာလဲ"

"ကျုံပျော်မှာ။ အမေက ဒီစဉ့်ကူသူပဲ။ ဖေဖေမရှိတော့ ပြန်ပြောင်းလာရတာပေါ့"

နနခိုင်သည် သူ့ကို တစ်ခုခုမေးချင်နေသေးကြောင်းဖြင့် သူမ၏မျက်ဝန်းများက အသိပေးနေသည်။ သို့တစေ ဒုတိယအတွေးကြောင့် စကားပြောင်းလွှဲပစ်တာလား မဆိုနိုင်။

သူမ၏ မေးခွန်းက -

"ဘာလို့ မင်းက ဆေးမင်ကြောင်ထိုးတာလဲ"

"ဒီလိုပါပဲ။ သူများတွေ ထိုးနေတာ ဂင်ရပ်ကြည့်နေတုန်း စုတ်ထိုးဆရာက ထိုးမလား မေးတယ်။ ငါ ထိုးလိုက်ရော"

"စုတ်ထိုးဆရာဆိုတာ ဘာလဲ"

"ဆေးမင်ကြောင်ထိုးပေးတဲ့လူလေ"

"ဘယ်နားမှာ တွေ့လို့လဲ"

"ကျိုက်ပိုင်းဘုရားပွဲမှာ"

"ဘုရားပွဲမှာ အပ်နဲ့ထိုးတာလား"

နုနုခိုင်အတွက် အသစ်အဆန်းဖြစ်နေသော အကြောင်းရပ်တွေကို သူက ပြောပြပို့ချနေရသောကြောင့် ဝေဒနာကို ဇင်ယော် လျစ်လျူရှုထားနိုင်သည်။

"အေး.. စူးလိုပေါ့ဟာ။ ဆေးတို့ပြီး အသားကိုထိုးတာပေါ့"

"သူများတွေထိုးတာမြင်လို့ လိုက်ထိုးတယ်ဆိုတာကတော့ အကြောင်းမဟုတ်တာဘဲ ဇင်ယော်ရာ။ အသားအနာခံလို့၊ အံ့သြပါရဲ့"

"အသားအနာခံပြီး လူတိုင်းအထိုးခံရဲတာမှ မဟုတ်တာ။ ငါ့သူငယ်ချင်းတွေက ငါ့ကို သိပ်အားကျတာ"

"အခုလို အရိုက်ခံရတော့ကော"

နုနုခိုင်က ပြောင်ချော်ချော်မျက်နှာပေးနှင့် မျက်ခုံးကလေး တစ်ဖက်ပင့်ကာ ခနဲ့သည်။

"ပထွေးမို့ရိုက်တာပါ။ မူးတိုင်းရိုက်တယ်။ ဒါပေမယ့် ခင်ဇော့်ကိုကျ သူ့သားဆိုတော့ မရိုက်ဘူးဟ"

နုနုခိုင် အားနာသွားသည်။

"မင်းအဖေနာမည်ကို ထိုးလာတော့ သူ မနာလိုဖြစ်ချင် ဖြစ်မှာပဲနော်။ ဘာပဲဖြစ်ဖြစ်လေ၊ ပထွေးမို့ ဒီလောက်အထိရိုက်တာ ဟုတ်မှာပါ။ အဖေအရင်းဆိုရင် အကြောင်းအကျိုး ပြောဆိုဆုံးမမှာပေါ့"

"နင့်မိထွေးကတော့ မရိုက်တတ်ဘူးလား"

နုနုခိုင်သည် ပခုံးထက်တွင် ဝဲကျနေသော ဆံပင်ရှည်တွေ ပေ့ဝဲသွားအောင် ခေါင်းခါယမ်းသည်။

"ငါ့အဒေါ်လည်း ဖြစ်တယ်။ ဖေဖေကလည်း ငါ့ကို သိပ်ဂရုစိုက်တယ်"

ဇင်ယော် ငေးနေသည်။ မေမေကလည်း သူ့ကို ဂရုစိုက်ပါရဲ့။ သို့သော် ဦးကျင်ပုက်ကြီးနှင့်ရသော ညီကလေး ခင်ဇော်ကိုလည်း မေမေ ဂရုစိုက်ရသည်။ ရုပ်ရှင်ကြည့်ဖို့၊ ပွဲကြည့်ဖို့လည်း မေမေ အချိန်တွေ ပေးရသေးသည်။ မခင်နွဲ့ လှပသည်ဟု အမွှမ်းတင်ကြသော မိတ်ဆွေအပေါင်းအသင်းတွေကိုလည်း မေမေ ဂရုစိုက်ရပေသေးသည်။

ပြီးတော့ သူ တက်တူးထိုးလာသော စာလုံးတွေကို မေမေ ခံစားမိပုံမရ။ ဆတ်ဆတ်ဆော့ဆော့နိုင်လွန်းတဲ့ကောင်၊ အဲသည်ဆေးမင်ကြောင်တွေ အရေခွံနွာပစ်မယ်ဟု မေမေက ကြိမ်းမောင်းသည်။ ပထွေးကြီး ရိုက်နက်သည့်ဒဏ်ထက် မေမေ စိမ်းကားသည့်ဒဏ်က ပိုပြီး နာကျင်စေလေ၏။

"ခါတိုင်း ငါ့ကို ဦးကျင်ပုက်ကြီးရိုက်ရင် မေမေက သူ့ကို ရန်တွေ့နေကျ။ ဒီတစ်ခါ ရိုက်သာရိုက်၊ အသေရိုက်နဲ့ အားပေးသေးတယ်"

ဇင်ယော်ခံစားချက်ကို နုနုခိုင် ရိပ်မိလိုက်သည်။

"မင့်အမေက ဂရုဏာဒေါသနဲ့ ပြောတာဖြစ်မှာပါဟာ။ ဆေးမင်ကြောင်ထိုးတာ လမ်းသရဲအလုပ်ကွ"

ဇင်ယော် မျက်မှောင်တွန့်မိသည်။

"ငါကြားဖူးတာက ဒါဟာ မြန်မာ့ရိုးရာယောကျ်ားကောင်းတို့ရဲ့ အလေ့အထပါ"

"ရှေးခေတ်က မြန်မာယောကျ်ားကောင်းတွေထိုးတာ အင်းကွက်တွေ၊ အဆောင်အယောင်တွေ၊ အခုခေတ်က အရက်ပုလင်းပုံတို့၊ အသည်းနှလုံး မြှားစိုက်နေတာတို့"

"ဘာပဲဖြစ်ဖြစ် အနာခံရဲတာ သတ္တိရှိတာပေါ့"

နုနုခိုင်က မျက်စချီကာ ရေကန်ဘောင်ကို လျှော့ရဲရဲမှီပြီး လက်ကလေး ပိုက်လိုက်သည်။ အေးအေးဆေးဆေး နေဦးမည့် သဘော။

"နင်တစ်ယောက်တည်း ဘာလာလုပ်တာလဲ"

"မင်း ဒီဘက် ထော့နင်းထော့နင်း လျှောက်သွားတာ ငါ လှမ်းမြင်လိုက်တယ်။ ငါ စိတ်မကောင်းဖြစ်သွားတာပေါ့။ အဲဒါနဲ့ အားပေးဦးမှပဲဆိုပြီး လိုက်လာတာ"

"နင့်အဖေပြန်သွားရင် ဘယ့်နယ်လုပ်မလဲ"

ဦးလှိုင်မြင့်က စော်ဘွားကြီးကုန်းအနောက်ပိုင်းတွင် နေထိုင်သည်ဟု ဇင်ယော် သိထားလေသည်။

"ဘယ်ပြန်မလဲ။ ငါ့ကိုတွေ့မှ ပြန်မှာပေါ့"

နုနုခိုင်က စိတ်ချပိုင်နိုင်စွာ ပြောသည်။

"နေပါဦး၊ နေပါဦး။ ခုနကစကား ပြတ်သွားလို့ မရဘူးလေ။ အနာခံရဲတာ သတ္တိရှိတာပေါ့ ဆိုတဲ့ စကား။ အဲဒါ ရှင်းရလိမ့်မယ်"

လူကြီးသူမပမာ သူ့ကို မေးမြန်းစစ်ကြောနေသော နုနုခိုင်ကို သူမှာ စိတ်တိုချင်သလို ပြုံးရယ်ချင်သလိုနှင့်။

"မင်းကို ငါ မေးမယ်။ တပင်ရွှေထီးနားထွင်းဖို့ ပဲခူးရွှေမောဓောအသွား လက်ရွေးစင်သူရဲကောင်းတွေ ရွေးတာ ကြားဖူးလား"

ဇင်ယော် ခေါင်းခါသည်။

"လက်မထိပ်ကို သံနဲ့ရိုက်သွင်းတယ်။ မျက်နှာမရှုံ့မမဲ့မှ၊ အမူအယာမပျက်မှ ရွေးတယ်။ မင်းရဲဒိဗ္ဗအလည့် ကျတော့ သူက မျက်နှာတစ်ချက် ရှုံ့မဲ့သွားတာနဲ့ အပယ်ခံလိုက်ရတာပေါ့။ ဒါကို သူက သိပ်ရှက်သွားတယ်။ ရှက်ရမ်းရမ်းပြီး သူ့ဗိုက်ကို ဓားနဲ့ခွဲ၊ အူကို ဆွဲထုတ်ပြီး အူလည်းဆုံး၊ သူလည်း လဲကျအသက်ပျောက် သွားတာပေါ့"

"ဟာ"

ဇင်ယော် ကြက်သီးထ၏။

"အဲဒါ မိုက်ရူးရဲဆန်တာလို့ ဘုရင့်နောင်က မှတ်ချက်ချတယ် သိလား။ အဲဒီတုန်းကတော့ ရှင်ရဲထွတ်ပေါ့။ မှတ်ချက်ချတော့မှာပေါ့။ သတ္တိမှ မဟုတ်တာကိုး"

ဒါတွေဟာ ကျောင်းသင်ခန်းစာထဲမှာ မပါ။ နနခိုင် ဘယ်လိုကြားသိ မှတ်သားထားသလဲဆိုတာ နောက်များမှ သူ မေးမြန်းစုံစမ်းကြည့်ရလိမ့်မည်။

"အသားအနာမခံပါနဲ့ ဇင်ယော်ရယ်၊ အသည်းအနာခံနိုင်မှ သတ္တိရှိတာ"

သူမစကားအဆုံးတွင် နနခိုင်က ခစ်ကနဲ ရယ်၏။

"ငါ ဂဝ္ထုထဲမှာ ဖတ်ဖူးတာ ပြောတာ"

ဇင်ယော်သည် ဖော်ရွေပွင့်လင်းသော နနခိုင်ကို ခင်မင်နှစ်လိုစပြုသည်။

"နင်က ဂဝ္ထုဖတ်သလား"

"ဖတ်တာပေါ့၊ ကဗျာလည်း ကြိုက်တယ်"

"အလဲ့"

ဇင်ယော့်အာမေဋိတ်သံကို နနခိုင်က သူ့ကို ပြက်ရယ်ပြုသည် ထင်မှတ်ကာ မျက်စောင်းထိုးသည်။

"ငါ ကဗျာတွေ ကူးထားတယ်။ စာမျက်နှာ တရာ့ခြောက်ဆယ်နဲ့ တစ်အုပ်ပြည့်တော့မယ် သိလား။ မြန်မာရော၊ အင်္ဂလိပ်ရော အစုံပဲ။ မင်းနဲ့ခင်လာမှ ငါ ပြမယ်"

ဇင်ယော် ပြုံးရယ်မိသည်။

"အခု မခင်သေးဘူးလား"

"ခုတွေ့ ခုခင် ဘယ်ဖြစ်မလဲ။ နောက်တော့ ခင်လာမှာပေါ့"

ဇင်ယော် ခေါင်းညိတ်လက်ခံလိုက်လေသည်။ သူ ပေါင်းသင်းနေကျ သူငယ်ချင်းများနှင့်မတူ မူကွဲပြားသော နနခိုင်နှင့် ခင်မင်လာလိမ့်မည်ဟု သူ နှစ်ခြိုက်စွာ မျှော်လင့်သည်။

"နနခိုင် နင်တို့အိမ်မှာ ယောကျ်ားလေးတွေ များသလား"

နနခိုင် ခေါင်းခါယမ်းသည်။

"ယောက်ျားဆို ငါ့အဖေပဲ ရှိတာပေါ့။ ဘာဖြစ်လို့လဲ"

"နင် စကားပြောတာ မင်းနဲ့ငါနဲ့ ပြောလို့ပါ။ နင့်ကြည့်ရတာ ယောက်ျားလျာနဲ့လည်း မတူပါဘူး"

နနခိုင်က ဆံပင်တွေကို လက်နှင့်အသာသိမ်းကာ ကျောလယ်သို့ ပို့ရင်း ရယ်မောနေသည်။

"မင်းနဲ့ငါနဲ့ ပြောရတာ သဘောကျလို့ပါ။ ငါ့စိတ်ထင် ခန့်ညားသလိုပဲ။ နားထောင်လို့လဲ ကောင်းတယ်"

"ငါ့နားထဲတော့ တစ်မျိုးကြီးပဲ"

နနခိုင်က ပြုံးစစ ပုခုံးတွန့်သည်။

"ငါနဲ့ခင်လာရင် မင်း နားယဉ်လာမှာပေါ့"

"ဟုတ်မှာပေါ့လေ"

ဇင်ယော်က သူ့နံဘေးသို့ ဖျတ်ကနဲကြွေကျလာသော စက္ကူပန်းတစ်ပွင့်ကို လှမ်းကောက်မည်အပြု သူ့လက်က တစစ်စစ် ထိုးနာသည်။

"အလာလာ.. အလာ.. ကျွတ်.. ကျွတ်.."

နနခိုင် အပြုံးပျောက်ပြယ်ကာ စိတ်မကောင်းဖြစ်သွားသည်။

"မင်း တော်တော်မိုက်တာပဲကွာ။ အလကား အနာခံလို့"

သူကိုယ်တိုင် နာကျင်ခံစားရသလို ရှုံ့ရှုံ့မဲ့မဲ့ဖြစ်နေရင်း အပြစ်တင်နေသည်။

"ဆေးမင်ကြောင်ထိုးတာ အပ်မသန့်ရင် ရောဂါပိုးတွေ ဝင်တတ်တယ်။ ပြည်တည်နိုင်တယ်။ မေးခိုင်ပိုး ဝင်နိုင်တယ်။ အသားဂါ အသည်းရောင် ဖြစ်နိုင်တယ်။ ခု မင်းလက်ကြီးတွေ ရောင်ကိုင်းနေတာကတော့ အသေအချာပဲ"

သူ့လက်သူကြည့်ရင်း မငြင်းဆန်နိုင်ပဲ ရှိနေလေသည်။

"မင်း ထပြန်မသွားနဲ့ဦး။ ငါ ဒေါ်အေးနှစ်ကြီးနဲ့ ဆေးပေးခိုင်းလိုက်မယ်။ တက်ထရာဆိုက်ကလင်းရယ်၊ ပါရာစီတမောရယ်၊ စီးမို့စ်ရယ် သုံးလေးရက်သောက်လိုက်ရင် အိုကေပဲ။ ငါက ခဏနေ ပြန်မှာ။ ဆေးသောက်နည်းပါ ရေးပေးလိုက်မယ်။ သောကြာနေ့မှ လာခဲ့တော့မယ်။ အဲဒီနေ့ကျ ဒီနေရာမှာ စောင့်နေပေါ့။ ဒီအချိန်လိုပဲ ညနေပေါ့"

နနခိုင်က သူမဘာသာ အစီအစဉ်ဆွဲရင်း ဇင်ယော့်ကို ထားရစ်ကာ လှည့်ထွက်သွားသည်။ ရေကန်ဘောင် ကွယ်နေသဖြင့် သူမကို သူ မမြင်ရ။ မတ်တတ်ရပ်ပြီး ကြည့်ရမလား စဉ်းစားသေးသော်လည်း တကယ်တမ်းတော့ သူ အကောင်အထည် မဖော်နိုင်ပါ။

နုနုခိုင် ဆေးပေးခိုင်းမှာပဲဟု သူ သေချာနေသည်။ သူ့ကို ဂရုစိုက်မည့်သူ တစ်ဦးတစ်ယောက်တော့ ဤ ကမ္ဘာလောကကြီးမှာ ရှိနေသေးသည် ဆိုသော အသိက သူ့အား မာန်တက်ကြွစေသည်။

နေပူကျဲမှာ ကွင်းတီးခေါင်တွေဖြတ်သန်းပြီး ရောက်လာ တွေ့ဆုံသော မိတ်ဆွေသစ်သည် ယခု ဆေးယူဖို့ တစ်ဖန် ထွက်ခွာသွားပြန်ပါပြီ။ ဆေးပေးခိုင်းလိုက်ဦးမည်ဟု ပြောဆိုမှာကြားသွားသည်မို့ သူ စောင့်ဆိုင်းနေရလိမ့် မည်။ ဒေါ်အေးနစ်ကြီးကတော့ အံ့သြနေမှာ အမှန်ပဲဟု သူ အတွေးနှင့် ပြုံးနေသည်။

ဇင်ယော်သည် ဖူးယောင်နေသော သူ့လက်ခုံတွေကို ငုံ့ကြည့်ရင်း ဘာကြောင့်များ သည်ဆေးမင်ကြောင် တွေကို ငါ ထိုးမိပါလိမ့် ဟု သူ့ကိုယ်သူ ရှုပ်ထွေးစွာ ဆန်းစစ်ကြည့်နေမိသည်။

တစ်ခါတစ်ရံ သူ ကျောင်းနေမပျော်ပါ။ သူ စာတော်သောကြောင့် ကျောင်းအုပ်ကြီးမှအစ ဆရာ၊ ဆရာမ တွေက ဝိုင်းဝန်း ဂရုစိုက်ကြသည်။ ဒါကို သူ သဘောကျသည်။ သူ ငိုင်ငေးတွေဝေနေလျှင် လည်းကောင်း၊ သူ ကျောင်းမတတ်လျှင်လည်းကောင်း အရေးတယူ မေးမြန်းကြသည်။ သူ စိတ်ကျဉ်းကျပ် ရှုပ်ထွေးပြန်လေသည်။

အိမ်မှာလည်း မနေချင်၊ ကျောင်းမှာလည်း မပျော်ပိုက်သော အချိန်တွေမှာ သူ မြို့ပတ်ရထား တစ်ပတ်ပြီး တစ်ပတ် လှည့်ပတ် စီးနင်းလိုက်ပါသည်။

တစ်ခါတစ်ရံ လက်မှတ်ဂယ်သည်။ တစ်ခါတစ်ရံလည်း လက်မှတ်ဖိုးမရှိ။ ရှိသည့်တိုင် စိတ်ကူးရမှ လက်မှတ် ဂယ်သည်။

တစ်နေ့က အမေ့ထံမှ ဂါဆိုသင်္ကန်းကပ်လှူပွဲအတွက် ပိုက်ဆံတောင်းသည်။ အမေက နောက်မှယူ၊ မရှိဘူး ဟု ဆောင့်ကြီးအောင့်ကြီး ပြော၏။ ဒါကိုပဲ သူ့မှာ ဂမ်းနည်းဒေါသဖြစ်မဆုံး။

စိတ်လေလေ ထုံပေပေနှင့် ကျောင်းမတတ်ဘဲ ရထားလျှောက်စီးရင်း အချိန်ဖြုံးသည်။ သုံးရက်အရမှာ ရထားပေါ် လက်မှတ်စစ်နှင့်တိုးသည်။ လက်မှတ်စစ်ရှောင်ရင်း ရထားပေါ်မှဆင်းခဲ့ရာ သမိုင်းဘူတာတစ်ပိုက် ယောင်ခြောက်ဆယ်ဖြစ်နေလေသည်။

မထူးပါဘူးဟု လျှောက်ရင်းလျှောက်ရင်း ကျိုက်ဝိုင်းဘုရားပွဲဈေးတန်းသို့ ရောက်သွားသည်။ စိတ်ကူးပေါက် ကာ အဲသည် ဆေးမင်ကြောင် ဂင်ထိုးခဲ့မိသည်။

ဆေးမင်ကြောင်တွေကို လူကြီးတွေမမြင်အောင် သည်နေ့အထိပဲ သူ ကွယ်ဝှက်ထားနိုင်သည်။

သူ သုံးရက်တိတိ ကျောင်းပြေးကြောင်း တိုင်စာက သည်နံနက်မှာ အိမ်ရောက်လာသည်။ စိမ်ပြေနပြေ ဆုံးမနေသော သူ့ပထွေးကြီးကို သမားတော်ကြီး နင်းနားတစ်ထောက် ပေါက်ရောက်ကြားသိလျက် တားမြစ်လိုက် မှပဲ သူ တင်ပါးနှင့်ကြိမ်လုံး ကင်းလွတ်ပြတ်စဲသွားနိုင်ခဲ့လေသည်။

ကနေ့ စနေနေ့။

ကျောင်းပိတ်သည်။

တန်လာနေ့ ကျောင်းဖွင့်လျှင် ကျောင်းအတတ်မှာ သူ ဘာကြောင့် ကျောင်းပြေးသလဲ ထုချေရဦးမည်။ အေးစက်စက် ထုံပေပေ ကောင်ကလေးဟု ဆရာမတွေက သူ့ကို အားမလိုအားမရ ဖြစ်ကြသည်။

ဆေးမင်ကြောင်တွေကို ပိုင်းအုံစစ်ဆေးပြီး ဆုံးမပြစ်တင်ကြဦးတော့မည်။

ဆေးမင်ကြောင်။

နုနုခိုင်အလိုအရ တတ်တူး။

ဇင်ယော်က လက်ခုံတွေကိုငေးကြည့်ရင်း နုနုခိုင်တစ်ယောက် ဖျတ်ခနဲဆို ရောက်ရှိလာပြီး သူ့ကို အကျွမ်းတဝင် ဆက်ဆံခဲ့သည်ကို ယခု ပြန်တွေးချိန်မှာပင်လျှင် မယုံနိုင်အောင် အံ့သြနေမိသေးသည်။

အလင်းပျပျ မြင်ပြီဆိုတော့ စင်ရော်ငယ်သည် အတောင်ပံတွေ သန်စွမ်းလှုပ်ရှားလာသည်။ အမှောင်ထုကို ထွင်းဖေါက်ပျံသန်းချင်လာသည်။

ထိုမှစ၍ မီးရှူးတန်ဆောင်အလင်းရောင် ဖြစ်မှန်းမသိ ဖြစ်လာခဲ့သော နုနုခိုင်။

နုနုခိုင် မပါဝင်ဘဲ ဇင်ယော်ဆိုသော လူတစ်ယောက်သည် ဘယ်လိုမှ ပြည့်စုံနိုင်မှာ မဟုတ်ပါကလား။

* * * * * *

# အိမ်ထောင်ဦးစီး ဦးသိန်းစိုး

သူသာရှိနေလျှင် နမအငယ်ဆုံး ခင်ငယ်ထွေး ရေနစ်သည်ကို ဖခင်ကြီး ရေထဲဆင်းဆယ်ရမှာ မဟုတ်။

ဟိုက်.. ဟိုကောင် သိန်းစိုးကို အပါခေါ်မလာမိတာ နာတာပဲဆိုသော စကားသည် ဖခင်ကြီး ရေထဲမဆင်းမီ နောက်ဆုံးအာမေဍိတ်ပြု တမ်းတသွားသော စကားဖြစ်သည်ဟု အားလုံးက သူ့ကို တိုင်တည်ပြောပြကြလေသည်။

သိန်းစိုးက ရေကူးပြိုင်ပွဲတွေမှာ ဆုယူနေကျ။ တိုင်းနှင့်ပြည်နယ် ပွဲစဉ်တွေမှာလည်း ပါဝင် ဆင်နွှဲနေကျ။

ဖခင်ကြီး ရေနစ်သေဆုံးသွားရခြင်းသည် သူတို့မိသားစုအတွက် အားထားမှီခိုရာ မြင်းမိုရ်တောင်ကြီး ထက်ပိုင်းပြုတ်ကျ ပြိုလဲသွားခြင်းပင် ဖြစ်တော့၏။

အသက်လေးဆယ်ကျော် အရွယ်ကောင်းတုန်း စီးပွားတက်တုန်း ဖြုန်းစားကြီး ကွယ်လွန်သွားသောအခါ ထိကပ်နီးစပ်သော ပတ်ဝန်းကျင်တစ်ခွင်လုံး တုန်လှုပ်အံ့သြသွားခဲ့ကြရသည်။

သင်္ကြန်အတက်နေ့ မိသားစု ပျော်ပွဲစား ထွက်ကြစဉ်က သိန်းစိုး လိုက်ပါမသွားဘဲ အပေါင်းအသင်းများနှင့် ကားစုငှားကာ ပဲခူးဘက်သို့ ရေပက်ခံထွက်ခဲ့သည်။

သားရှိရင် အဖေကြီး သည်လိုအဖြစ်ဆိုးရရှာမှ မဟုတ်ဘူး ဆိုသော မိခင်ကြီး၏ ငိုကြွေးတောင့်တသံသည် သိန်းစိုးအား ထိခိုက်ကြေကွဲစေခဲ့သည်။

ရက်လည်ပြီး နောက်တစ်နေ့မှစ၍ ကြီးမားလှသော တိုက်အိမ်ကြီးသည် သိသိသာသာ တိတ်ဆိတ်ခြောက်သွေ့သွားတော့သည်။

သားသမီးခြောက်ယောက်၊ တပည့်တပန်း သုံးလေးယောက်နှင့် သိုက်သိုက်ဝန်းဝန်း ညှော်စောင့်မပြတ် စည်ကားမြဲဖြစ်ပါလျက် ယခုအခါ အိမ်ထောင်ဦးစီး လျှော့ပါးသွားသည်၏နောက်ဂယ် မယုံကြည်နိုင်လောက်အောင် သုတိမင်္ဂလာ ကင်းမဲ့သွားခဲ့သည်။

ဆွေမျိုးသားခြင်းများသည် လည်းကောင်း၊ အသိမိတ်ဆွေ သင်္ဂဟများသည်လည်းကောင်း၊ သူတို့ရပ်ရွာ၊ သူတို့လုပ်ငန်းဆောင်တာ အသီးသီးသို့ ပြန်လည်ခြေချကြရပေမည်။

အမေနှင့် သားသမီးခြောက်ယောက်တို့သည် အပေါ်ထပ် ခန်းမဆောင်ကြီးအလယ် ဖိတ်ဖိတ်တောက်ပြောင်လက်အောင် တိုက်ချွတ်ထားသော လျှာထိုးကြမ်းပြင်ပေါ်၌ သင်ဖြူးဖျာပင် မခင်းကျင်းနိုင်အားပဲ အသည်းငယ်စွာ စုဝေးနေခဲ့ကြလေ၏။

အငယ်မလေး ခင်ငယ်ထွေးသည် ကိုသိန်းစိုး၏ ပေါင်ပေါ်ထိုင်ကာ ဆံပင်ဂါဂါထွေးထွေးနှင့် ကျွဲကော်ရုပ်ကလေးကို ပိုက်ထွေးချော့သိပ်နေခဲ့သည်။

တံတားပေါ်မှ လိမ့်ကျသွားသော သူမကို ဆယ်ယူဖို့ ကြိုးစားရင်း ဖခင်ကြီး ရေနစ်သေဆုံးရသည်ဟု ဆိုဆို့နင့်နင့် မခံစားတတ်ရှာသေး။ ဖေကြီး ဘယ်သွားတာလဲ တစ်ခွန်းမေးကာ ခရီးသွားတယ် ပြောရုံနှင့် ယုံကြည်စွာပင် မေ့ပျောက်နေလေသည်။ ကုန်ကြမ်းရှာဖွေစုဆောင်းရင်း မကြာခဏ ခရီးထွက်နေကြမို့ ဖခင်ကို မမြင်မတွေ့သည်ကို မျက်စိဆာခြင်း မရှိတတ်သေး။

"အမေတို့ ဘာလုပ်ကြမလဲ အစိုး"

အမေက မျက်လုံးကြီး ကလယ်ကလယ်နှင့် သူ့ကို အားကိုးတကြီး မေးမြန်းလိုက်သံမှာ သူ့နားထဲ စွဲမြဲနေပြန်တော့သည်။

ရိုးသားသော အမေ။

အတန်းပညာ မစုံလင်သော အမေ။

ဆယ့်ခြောက်နှစ်သမီးအရွယ်တွင် မိဘပေးစားသော ခင်ပွန်းကို လက်ထပ်ကာ သျှောင်နောက် ဆံထုံးပါခဲ့သည်။

ပိုက်ဆံကို အဖေရှာမယ်။ အဖေ မတတ်ခဲ့တဲ့ အတန်းပညာကို သားသမီးတွေ ရအောင်ယူကြဟု အဖေ တဖွဖွ ပြောသည်။

ငယ်ငယ်က ချချာလွန်းသောကြောင့် သိန်းစိုး ကျောင်းနေနောက်ကျသည်။

ယခု အသက်နှစ်ဆယ့်တစ်နှစ်မှာပင် ဆယ်တန်းမအောင်သေး။

တစ်နှစ်ကျော် နှစ်နှစ်နီးပါးကွာသော အငယ်သုံးယောက်မှာ ပုံမှန်အတန်းရသောကြောင့် သူ့အောက်လိုင်စိုးသည် ကောလိပ်ကျောင်းသား ဖြစ်နေခဲ့ပြီ။ ခင်မူမူက ကိုးတန်း၊ ဟန်စိုးက ဆယ်တန်း အသီးသီး ရောက်နေပြီ။

မည်သို့ဖြစ်စေ သူသာလျှင် သားကြီးသြရသ။

"အငယ်တွေအားလုံး ကျောင်းဆက်တတ်ပါစေ အမေ။ အဖေ့အလုပ်တွေ ကျွန်တော် လုပ်ပါ့မယ်"

"အစ်ကို လုပ်တတ်လို့လား"

ခင်မူမူက ပကတိရိုးစင်းစွာ မေးမြန်းလျှင်မူ မျက်လုံးတစ်ချက်စွေကြည့်၏။

"လုပ်ရင်း တတ်လာမှာပေါ့"

ဆေးပေါ့လိပ်ကလေးဖွာရင်း ငြိမ်သက်နေသော အမေက ခေါင်းညိတ်ထောက်ခံသည်။

"ဒါပေါ့၊ လုပ်ရင်း တတ်လာမှာပေါ့"

အမေသည် ဘဲဥပုံမျက်နှာနှင့် သန့်စွမ်းနက်မှောင်သော ဆံပင်တွေကို နစ်ပတ်လျှိုဆံထုံး တင်းတင်း ထုံးဖွဲ့ထားသည်။ ဂါရွှေသော အသား၊ သေးသွယ်ပုပျပ်သော ကိုယ်ဟန်နှင့် အမေသည် အေးဆေးရိုးအလွန်းလှသည်။

သိန်းစိုးက အမေနှင့်အတူဆုံးသားမို့ ကြီးပွားမည့်နိမိတ် ကောက်ကြသည်။ အမေ့ထက်ပိုပြီး ကျားကျား လျားလျား ရှိတာတစ်ခုသာ အဖေ့ဘက်နွယ်လေသည်။

အမေ အားထားလောက်အောင်ပင် သူသည် အငယ်တွေအပေါ် သြဇာကိုက်သည်။

"အခုနေတော့ အဖေ့မန်နေဂျာကြီး ဦးလှတင်ကိုပဲ ဦးဆောင်ခိုင်းပြီး ကျွန်တော် လေ့လာရမှာပေ့ါ အမေ။ စိတ်ပါရင် မကြာခင် တတ်ကျွမ်းလာမှာပါပဲ"

"သား ဦးဆောင်နိုင်မယ်ဆိုတာ အမေ ယုံပါတယ်ကွယ်"

သူ့မှာ ဟန်လုပ်ကာ စစ်သူကြီးလုပ်နေရသော်လည်း ရှေ့ရေးတွေးတော ပူပန်နေမိသည်။ ဤမျှ ထုကြီး ထည်ကြီး အမွေအနှစ်တွေ ချန်ထားခဲ့လျက်နှင့် အငယ်တွေ လူလားမြောက်အောင် သူ မစွမ်းဆောင်နိုင်လျှင် သားကြီးတာဝန် ဘယ်မှာ ကျေပွန်နိုင်ပါ့မလဲ။

"ကိုကိုကြီး"

ရင်ခွင်ထဲမှ ခင်ငယ်ထွေးက သူ့မေးဖျားကို အသာဆွဲကိုင်သည်။

"ဟေ့.. ဘာလဲ အငယ်မလေးရေ"

"ကိုကိုကြီးက ဘာလို့ ဟင်း.. ဟင်း.. နဲ့ အသက်ရှူထုတ်နေတာလဲဟင်"

နို့ညှာမ ခင်မြထွေးက ဟာသတွေ့သလို ခွက်ထိုးခွက်လန် ရယ်လိုက်သည်။

"သက်ပြင်းချတာဟဲ့၊ ဘာမှမသိဘဲနဲ့.. ဟွန်း"

ခင်မူမူက မျက်စောင်းခဲကာ ဟန့်တားသည်။

"နို့ညှာမ၊ တိတ်တိတ်နေစမ်း၊ လူကြီးတွေ ဆွေးနွေးနေတာ မနှောင့်ယှက်နဲ့"

ကိုသိန်းစိုးက အငယ်မ၏ ဆံပင်တွေကို အသာအယာ ပွတ်သပ်ပေးပြီး နစ်သိမ့်လိုက်သလို နို့ညှာမ ခင်မြထွေးကိုလည်း ပြုံးပြုံး ချော့မော့လိုက်ရလေသည်။

"မိသားစုဆွေးနွေးပွဲဆိုတာ ဆိုက်စုံ၊ အရွယ်စုံ၊ စိတ်ကူးစုံ ပါရတာပေ့ါကွာ"

ညီငယ်ဟန်စိုး၏ပေါင်ပေါ်တွင် အကြီးကောင် လှိုင်စိုးက မှီအုံးကျောဆန့်ကာ နေသည်။

ဟန်စိုးသည် စကားပိုင်းတွင် ပါဝင်ဆွေးနွေးခြင်းမရှိဘဲ အားလပ်နေသော ပေါင်တစ်ဖက်ကို လက်ဖဝါး အသာပုတ်ခတ်ကာ စိတ်တွင်းမှ တေးသီချင်း ညည်းဆို စည်းချက်လိုက်နေသည်။

သင်းတို့ကလေးတွေ ပူပန်ကြောင့်ကြ မရှိကြသည်ကို ကိုသိန်းစိုးက စိတ်သက်သာရာ ရနေသေးသည်။

ဖခင်ကြီးနေရာမှ သူ စွမ်းစွမ်းတမံ ဦးဆောင်သွားလိမ့်မည်ဟု မိသားစု အားကိုးမျှော်လင့်နေသည့်အတိုင်း ဖြစ်လာစေရတော့မည်။

အင်းစိမ်ဈေးရှေ့ စတိုးဆိုင်မှ မဂင်းနကို ရိုးတိုးရိတ်တိတ် သူ သတိရသည်။

သူငယ်ချင်းတွေက မဂင်းနကို သူလိုက်လျှင် ရကိုရမှာ သေချာသည်ဟု ပုံအောလောင်းကြေးထပ်ထားကြသည်။

သင်္ကြန်အတတ်နေ့တုန်းက သူငယ်ခြင်းတစ်တွေ အတင့်ရဲစွာ ပိန္နဲကုန်း မဂင်းနတို့အိမ်အထိသွားပြီး ရေပက်ခွင့် တောင်းကြသေးသည်။

မဂင်းနက သူ့ကို မျက်လုံးတစ်ဂင့် ပင့်သက်တစ်ရှိုက်ဖြင့် ပြုံးကြည့်ကြိုဆိုကာ အသာတကြည် ရေလောင်းခံလေသည်။ ဟင်.. ရေခဲရေတွေနဲ့.. တဲ့။

ကြမ္မာငင်ခဲ့သောနေ့ပေမို့ ထိုအဖြစ်ဆိုးမဆိုက်မီက ကြည်နူးမှုတွေဟာ ယခု သူ့ကို ရင်ခုန်စေနိုင်စွမ်း မရှိတော့ပါ။

အဖေ့ လက်စလက်နတွေကို ရှာဖွေဖော်တတ်ဖို့ ထိန်းသိမ်းကြပ်မတ်ဖို့ ဒါတွေသာပဲ သူ့အတွက် အရေးကြီးနေချေတော့သည်။

"ရပ်ကွက်လူကြီးတွေမေးလို့ အိမ်ထောင်ဦးစီးနာမည်ကို သားနာမည်ပဲ ပေးလိုက်တယ်နော်"

အမေ အသိပေးသည်ကို သူ အငေးသား နားထောင်နေခဲ့ပေသည်။

* * * * * *

# ထွန်းအောင်လတ် (ခေါ်) အီဗရာဟင်
# (သို့မဟုတ်)
# တစ်မိပေါက်တစ်ယောက် စုန်းပြူး။

ကန်တော်ကလေးမှာပဲ ထွန်းအောင်လတ် မွေးဖွားကြီးပြင်းလာခဲ့သည်။

သူနေခဲ့သောကျောင်းကလည်း ကန်တော်ကလေးမှာပဲ တည်ရှိသည်။ ကျောင်းနေပျော်မှ စာတော်သည် ဆိုသော စကားသည် သူ့ကို ဆန့်ကျင်ဖီလာထောက်ခံသည်။ သူက ကျောင်းမှာမပျော်ပါ။ ကျောင်းတတ်ရခြင်းသည် သူ့အတွက် ပြင်းပြစွာသော ဝေဒနာဝဋ်ဆင်းရဲကြီး ဖြစ်နေသည်။ နောက်ဆက်တွဲ မလွဲမသွေဖြစ်စဉ်အရ သူ စာညံ့တော့၏။ တစ်တန်းကို နှစ်နှစ်ပုံမှန်နေသည်။ နောက်ဆုံးအဆင့်ကို အပြောင်းအလဲမရှိ ရယူထားသည်။

ခြောက်တန်းရောက်သော် သူ လူပျိုဖားဖား ဖြစ်နေလေပြီ။ အသက် တစ်ဆယ့်ခြောက်နှစ်တင်းတင်းပြည့်နေပြီ။ ကျောင်းစာသာမတတ် ရှိရမည်။ မဟုတ်တမ်းတရားတော့ သူ အတော်စုံလင်နေပြီ။

ဆယ်နှစ်သားကတည်းက အဖေ့ဆေးပေ့ါလိပ်တိုတွေ ကောက်ပြီး တံခါးကြားပန်းခြံနံဘေးတွေမှာ ဖွာတတ်သည်။ နောက်တစ်ဆင့်က ဆေးခြောက်၊ သူငယ်ချင်းတစ်စု ကျောင်းစည်းရိုးကြားမှ ခိုးထွက်ပြီး ဖဆပလ တိုက်ခန်းတွေကြား လှေခါးအောက်တွေမှာ ခိုကာ ဆေးခြောက်ရှူသည်။ ဘာရယ်မဟုတ် အစကတော့ အပျော်။ နောက်တော့ အဲသည်အပျော်ကို သူ တတ်မက်လာလေသည်။ ဘောလုံးစမ်းကြည့်ကွဟု တင်မင်းက ဆွယ်သည်။ အဲသည် တင်မင်းကား ဂန်ထမ်းမိဘများ ပြောင်းရွှေ့ရာ မူဆယ်ဘက်ကို ပါသွားလေပြီ။ ဘောလုံးတော့ သူ မကြိုက်၊ သူကြိုက်တာက အဖြူ၊ အဖြူမှုန့်လေးတွေကို လက်နှင့်ပွတ်ချေပြီး ရှိုက်သွင်းလိုက်လျှင် လောကကြီးသည် နေချင့်စဖွယ် အဆင်ပြေသွားသည်။

အဖြူကိုသူစွဲအောင် ဓာတ်သွင်းပေးသူကလည်း တင်မင်းပဲဖြစ်သည်။ တိုက်လှေကားအောက်တွေမှာပင် တင်မင်းက သူ့လက်မောင်းသွေးကြောထဲသို့ အဖြူမှုန့်ရေဖျော်ပြီး ဆေးထိုးပိုက်နှင့် သွင်းပေးဖူးသည်။

"ဆေးထိုးပိုက် မင်း ဘယ်ကရတာလဲ တင်မင်း"

"ပိုက်ဆံရှိ ဘာမဆိုရတယ်ကွ"

တင်မင်း၏ဖခင်က အကောက်ခွန်အရာရှိပေမို့ တင်မင်းတို့ညီအကို ပိုက်ဆံရှိသည်။ မြိုးမြိုးမြက်မြက် သုံးစွဲရက်ရောသည်။ အီဗရာဟင်မိဘတွေ လက်ထဲမှာ မြင်ရခဲသော အုပ်လိုက်ငွေစက္ကူကျပ်ချွတ်တွေကို မကြာခဏ တင်မင်းတို့ ကိုင်သုံးသည်။

တင်မင်းက သူ့လက်မောင်းသူ သားရေကြိုးရစ်သိုင်းကာ သွေးကြောထောင်လာပြီး ဆေးထိုးအပ် တစ်ချီသွင်းရုံနှင့် ပိုက်ထဲ သွေးလိုက်လာစေနိုင်သည်။ အာဂ တင်မင်းပေပဲ။

အဲ.. ထွန်းအောင်လတ်၏ လက်မောင်းမှာတော့ အကြောရှာရင်း မောင်တင်မင်း အခက်ကြုံလေသည်။ သူ့အစ်ကိုကြီးပင်လျှင် အတော်ညည်းတွားကာ လက်ဖျားခါလေသည်။

"ဟေ့ကောင်.. မင်းလက်က တယ်ကညာစစ်တာကိုးကွ၊ အကြော လုံးဝမပေါ်ဘူး"

"ကြိုးတင်းတင်းစည်းပါကွ၊ ရမှာပါ" ဟု တင်မင်းက ဆို၏။ ထွန်းအောင်လတ်က လက်သီးအသားကုန် ဆုပ်ကာ သွေးကြောပေါ်လာအောင် ကြိုးစားသည်။

တင်မင်းသည်လည်း လက်ခုံမှာရာလိုက်၊ တံတောင်ဆစ်ကွေးမှာ လက်ညှိုးထိပ်ဖြင့် စမ်းသပ်လိုက်၊ သုံးယောက်သား ချွေးပြန်ကျလေသည်။

ပထမဆုံး အကြောဆေး အတွေ့အကြုံအတွက် အပ်ပေါက်ရာ ငါးချက်တိတိ ရင်းနှီးလိုက်ရသည်။

"နာတယ်ကွ၊ ငါ့ဘာသာရှူတာပဲ ကောင်းပါတယ်"

"ငါတို့ ပြောင်းရတော့မှာ။ ငါမရှိရင် မင်း ရှူဖို့ ဘယ်သူ့ဒကာခံမလဲ။ ဗီလင်ရဖို့ရှူရတာ အရင်းအနှီးများတယ်။ မင်း တတ်နိုင်မှာ မဟုတ်ဘူး။ ထိုးတာက နည်းနည်းနဲ့ ထိရောက်တယ်။ မင်းဆိုကြည့်၊ တစ်ထုပ်ဆို အလောတော်ပဲ မဟုတ်လား။ ဆယ့်ငါးကျပ်နဲ့ အလုပ်ဖြစ်တယ်။ ရှူနေရင် မင်းစံချိန်အတိုင်းဆို တစ်နေ့တစ်ဖုံမှ အိုကေတယ်ကွ။ ဒီတော့ ဒုတ်တင်နိုင်ဖို့ပဲ စိတ်ကူးမှဖြစ်မယ်"

ဆေးထိုးတာကို အတန်းဖော်တွေ မရိပ်မိအောင် သူတို့က ဒုတ်တင်သည်ဟု စကားပုက်ဖြင့်ပြောသည်။

မှတ်မှတ်ရရ အကြောထဲသို့ သုံးလေးခါထက် ပိုမသွင်းဖြစ်လိုက်။ တစ်ခေါက် ဆေးဝင်ဖို့အရေး အပ် လေးငါးခါစီထက် မနည်း အထိုးအဆွခံရသည်။ အရသာနှင့် နာကျင်မှု၊ ရယူခြင်းထက် ပေးဆပ်ရတာ များလွန်း နေသည်။

တင်မင်း ပြောင်းသွားပြီးနောက်ပိုင်း သူ့စိတ်တိုင်းကျ အမှုန့်ပွတ်ရှူ၍သာ ကျေနပ်နေတော့သည်။ ရလျှင် ရှူ၊ မရလျှင်လည်း တတမ်းတတ နေလိုက်ရုံပါပဲ။

ဆေးသုံးဖော်နှစ်ယောက် ရှိနေသော်လည်း သူကောင်းသားတွေက ထွန်းအောင်လတ်၏ အကြောထဲ ဆေးသွင်းပေးဖို့ အပင်ပန်းခံ အကျိုးဆောင်ရန် စိတ်ဝင်တစားမရှိကြ။ သည်ကောင်တွေက ကိုယ့်အကြော ကိုယ်ပြန်ထိုးနိုင်သော အရည်အသွေးမရှိကြဘဲ တစ်ယောက်တစ်ပြန် ပံ့ပိုးကူညီနေရင်း အလုပ်ပိုနေရသေးသည်။ ပြီးတော့ ဆေးသုံးပြီးလျှင် မှောင်ရိပ်ချောင်ကြားခိုကာ မှိန်းနေချင်သည်။

ထွန်းအောင်လတ်က လူတစ်မျိုး။ ဆေးရှိန်ရလေ လန်းဆန်းသွက်လက်လေနှင့် ကန်တော်ကြီးစောင်း တစ်ပတ် လျှောက်လျှောက်နေတတ်သည်။ ကျောင်းတတ်ချိန် အိမ်မှထွက်၊ ကျောင်းမှလစ်လျှင် လစ်သလိုပြေး၊ အိမ်သို့ အချိန်မှန် ပုံမှန်ပြန်။

ဆရာမတွေဟာ အတော်ကြီးကို ဒုက္ခပေးသည်။ အိမ်လိုက်တာ၊ တိုင်စာပို့တာ၊ အားပါး.. အဖေ နားပန်ကျင်း ပစ်တာ တစ်ခါတည်း ဘယ်ဘက်နားထဲက သွေးထွက်ပြီး ရောင်ကိုင်းကာ နားလေးသွားတော့သည်။

သို့တိုင် ထွန်းအောင်လတ်ကတော့ အကျင့်ပြင်မရ။ စိပ်တာနှင့်ကျဲတာပဲ ကွာပြီး ကျောင်းလစ်တာ လစ်တာ ပါပဲ။

ဟိုနှစ်ကောင် မိုးဒီနှင့် စိန်ဒုံးကို ရဲက လေ့ကားအောက်မှ ကုပ်သွားစဉ်က ထွန်းအောင်လတ်သည် ကန်တော်ကြီးစောင်းတစ်ပတ် လျှောက်နေဆဲ ဖြစ်သည်။ သင်းတို့ မဖော်သောကြောင့် သူ့နောက် ရဲက

လိုက်မလာကြ။ သူ့ဖခင် ဦးမာမွတ်ကတော့ ရိပ်မိလေသည်။ တတွဲတွဲ နေနေကျတွေ ဆေးသမားဆိုမှတော့ သူ့သားလည်း မကင်းဘူး တွက်ဆတတ်သည်။

"ဘီဗရာဟင်.. မင်းဘာသာ ဆေးဖြတ်မလား။ ငါ ဖြတ်ပေးရမလား။ ဒါမှမဟုတ် စိတ်ရောဂါအထူးကုဆေးရုံ သွားဖြတ်မလား၊ တစ်ခုရွေး"

"ကျွန်တော် ဖြတ်ပါ့မယ်"

သားငါးယောက်မွေးထားသော ဦးမာမွတ်သည် အားလုံးကို တင်းတင်းကြပ်ကြပ် အုပ်ချုပ်သည်။ အငယ်ဆုံး ထွန်းအောင်လတ်ကိုလည်း မျက်နှာသာမပေး။ စည်းကမ်းဥပဒေ လျှော့ပေါ့ခြင်းမရှိ။

"ပထမအရစ်အနေနဲ့ မင်း ကုလားကျောင်းသွားနေ၊ ဟိုကောင်တွေပြန်လာရင် မင်းနဲ့အတူ မတွေ့ရစေနဲ့"

ထွန်းအောင်လတ် မျက်ရည်တောက်တောက်ကျရင်း ငြင်းဆန်တောင်းပန်သည်။ အမေနှင့် အစ်မကြီးမှာ သူ့ကို သနားသော်လည်း ဖခင်ကြီးထံ အယူခံမဝင်ရဲကြရှာပါ။

ကုလားကျောင်းပို့ခံရခြင်းမှာ သူ့အတွက် ငရဲကျသလောက်ကို အဖြစ်ဆိုးမည်ဟု သူ ထင်သည်။

သူ့ဖခင်၏အစ်ကို သူ့ဘကြီးသည် စည်းကမ်းကို ဗလကောင်းကောင်း လက်သံပြောင်စွာ ရိုက်မောင်း ပုတ်မောင်း ဂက်အူရစ်လေ့ရှိသည်။ သူ့အစ်ကိုဝမ်းကွဲသုံးယောက်မှာ ဘကြီး၏ တစ်သွေးတစ်သံတစ်မိန့် အောက်မှာ အားလုံး ပြားပြားဝပ်။ သူ့ဖခင်ကိုယ်တိုင်ပင် ဘကြီးသြဇာကိုက်မှတော့ အထွေအထူး ဖွဲ့နွဲ့စရာ မရှိပြီ။

သူ ငိုယိုနေသောအခါ သူ့ဖခင်က အတန်ငယ် တွေဝေသေးသည်။ သို့သော် -

"အစ်ကို့ကိုပါ ပြောပြီးနေပြီ။ ပို့မှ ဖြစ်မယ်"

ဟု အယူခံ ပလပ်လိုက်တော့သည်။

ဆေးမရှူရသောကြောင့် သူ နေမထိထိုင်မသာ ယင်းထခြင်း မရှိလှပါ။ ယင်းထမနေအားတာလည်း ပါမည်။ ယင်းမထရဲတာလည်း ပါမည်။ အတန်ငယ် ဟိုကယား၊ သည်ကယား၊ နှာရည်ယို ကိုက်ခဲသည်ကို ဘကြီးသားငယ် ကိုကာစင်က ဘာမီတွန်တိုက်သည်။ ကိုးတက်ဘလက်လည်း တိုက်သည်။ ဟိုလိုသည်လိုနှင့် သူလည်း ဘိန်းဖြူ မှုန့်တွေ ဆေးခြောက်တွေနှင့် ယာယီပြတ်ခဲ့ရပြန်တော့သည်။

ကုလားကျောင်းတွင် ကျောင်းနေရသောအခါ အတန်းထဲတွင် မျက်နှာစိမ်းနေရုံမက အသက်အရွယ်ကလည်း ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်မို့ ကြီးကောင်ဝင်နေပြီ။ ကြောင်တတ်တတ် ငေါင်စင်းစင်းဖြစ်နေသော သူသည် သူ့လို ကျောင်းသားအသစ်တစ်ယောက်နှင့် နောက်ဆုံးထိုင်ခုံတန်းတွင်ထိုင်ရင်း စကားစမြည် ပြောဆိုဖြစ်သည်။

"ကျောင်းပြောင်းလာတာလား"

"ဟုတ်တယ်"

"ဘယ်ကပြောင်းလာတာလဲ"

"အင်းစိန်"

"ဩော်.. နီးနီးလေးပဲ။ ကျောင်းပြောင်းလာတာလား"

"မဟုတ်ပါဘူး၊ ကျွန်တော်တို့ အိမ်ပြောင်းလာတာပါ"

ဇင်ယော်ဟု သူသိမှတ်ရသော ချာတိတ်သည် စကားပြောတာ အေးစက်စက် တုံးတိတိနှင့် စိတ်ပါလက်ပါ ရှိလှပုံမရ။ ခပ်ငိုင်ငိုင် ခပ်ငြိမ်ငြိမ်နှင့် တစ်ယောက်တည်း ဘာသာနေတတ်ကြောင်း သူ သတိထားမိသည်။

ထွန်းအောင်လတ်ကတော့ အဖော်မင်လေသည်။ သူ့ထက် ငယ်ရွယ်ပြီး အေးဆေးသော သည်ကောင်လေးကို မုန့်ဂယ်ကျွေးလိုက်၊ ဗလာစာအုပ်လိုနေလျှင် ထုတ်ပေးလိုက်နှင့် တိုတောင်းသောအချိန်အတွင်းမှာပင် သူ လိုအပ်နေသော အဖော်ကောင်းတစ်ယောက် ရရှိလာလေသည်။

အစ်ကိုဂမ်းကွဲ ဟူစိန်က ပြောပြသည်။

"ဇင်ယော့်အမေက မခင်နွဲ့တဲ့။ ငါတို့ဆိုင် မျက်စောင်းထိုး ဖွဲ့တာယာကွန်ပေါင်းဆိုင်ရှင်ကြီးနဲ့ ယူလိုက်တာ မကြာသေးဘူး။ အင်းစိန်မှာ အရင်အိမ်ထောင်ရှိတယ်တဲ့။ ဆရာဂန်တဲ့"

လူပြောသူပြောနှင့်မှ အင်းစိန်မှာ ကျန်ရစ်သူသည် ပထွေးဖြစ်နေပြီး ဇင်ယော့်အဖေအရင်း ဆရာဂန် ကွယ်လွန်ခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း တစ်စတစ်စ သိလာရတော့သည်။

"အစ်ကို့နာမယ်က ဘာလို့ ထွန်းအောင်လတ် ဖြစ်နေတာလဲ"

ဇင်ယော်က သူ့ကို စိတ်ဝင်စားလာပြီဟု သူ ဂမ်းသာမိသည်။

ဇင်ယော် ကျေနပ်လာက်သောအဖြေကို သူ ပေးချင်သည်။

"မင်းက ဘယ်လိုထင်လို့လဲ ဇင်ယော်ရ"

သူတို့ ဆွေမျိုးတစ်စုလုံး ကုလားတွေချည်းဖြစ်ပါလျက် သူက မြန်မာနာမည်လှလှ မှည့်ယူထားခြင်းကို ဇင်ယော် နားထောင့်နေသလား သူ ယူဆနေမိခဲ့သည်။

တကယ်တမ်းကျတော့-

"အစ်ကိုက ညီအစ်ကိုထဲမှာ အငယ်ဆုံးဆို"

"အေးလေ"

"ဘာလို့ လတ်ဖြစ်နေရတာလဲ"

သည်တော့ ထွန်းအောင်လတ် သဘောပေါက်သွားသည်။

"ငါ့ဘာသာ ကြိုက်လို့မှည့်လိုက်တာပါကွာ။ မင်းလို အဓိပ္ပာယ်တွေဘာတွေ မစဉ်းစားမိပါဘူး"

ထွန်းအောင်လတ်က အသားမည်းမည်း၊ လုံးလုံးကျစ်ကျစ်၊ ဆံပင်ကောက်ကောက် ချိုချိုရွှင်ရွှင် လူပျိုပေါက်။

ဇင်ယော်က ပိန်ပိန်သွယ်သွယ် ဖြူဖြူဖျော့ဖျော့ကလေး။ အတန်းနောက်ဆုံးတန်း ထောင့်အစွန်မှာ ငြိမ်ငြိမ်ကုပ်ကုပ် နေချင်သည်။ အတွေးနယ်ချဲ့နေတတ်သော မျက်လုံးနက်နက်တွေသာလျှင် လူကြီးနှင့်တူသော လက္ခဏာရှိလျက် ခြုံငုံလိုက်လျှင်တော့ပီဘိ ကလေး။

"မင်းနာမည်ကျတော့ ဘာလို့ ဇင်ယော်ဖြစ်ရတာလဲကွ"

ဇင်ယော် ပြုံးယောင်ပြုသည်။

"ကျွန်တော်က အင်္ဂါသား၊ နေ့နံနဲ့မှည့်တာ"

နေ့နံတွေဘာတွေ ထွန်းအောင်လတ် မသိ။ စိတ်လည်း မဝင်စားပါ။

"ကျွန်တော့်အဖေနာမယ်က လင်းယုန်။ အဖေက ဗုဒ္ဓဟူးသား"

"သြော်.. မင်းအဖေ.."

အင်းစိန်တွင်ရှိသော အရက်သမားကြီးကို ရည်ညွှန်းသည်ဟု ပထမ ထင်မှတ်လိုက်သေးသည်။

ချက်ချင်းပင် ကွယ်လွန်ပြီးသော ဖခင်ရင်းဆရာဂန်ကို ရည်ရွယ်ကြောင်း အမှတ်ရကာ ဟန်မပျက် စကားတစ်ပိုင်းတစ်စ ရပ်တန့်လိုက်ရလေသည်။

အရွယ်မတူ၊ လူမျိုးမတူ၊ ကိုးကွယ်သည့်ဘာသာ ကွဲပြားစေကာမူ သူနှင့်ဇင်ယော် ပေါင်းသင်းဖြစ်သည်။

ကုလားကျောင်းတွင် ဘကြီး၏ တင်းကျပ်သော စည်းကမ်းအောက် ပြားပြားမှောက်ရခြင်းသည်လည်းကောင်း၊ ကျောင်းအသစ်မှာ မျက်နှာသစ်တွေကြား ကြီးကောင်ကြီးမား ကြောင်စီစီ စာညံ့နေရခြင်းသည်လည်းကောင်း ထွန်းအောင်လတ်ကို မပျော်မွေ့အောင် နောက်တုံ့ဆွဲနေသော အကြောင်းအရာများ ဖြစ်ပေသည်။

ဇင်ယော်၏ အထူးခြားဆုံးသော ဂုဏ်ပုဒ်မှာ သင်္ချာတော်ခြင်း ဖြစ်သည်။

သင်္ချာဆရာမက ကျောက်သင်ပုန်းကြီးပေါ်မှာ ပုစ္ဆာတွေချရေးပြီး နာရီဂက်မကြာမီမှာပင် ဇင်ယော်က အဖြေထုတ်ပြီး ဖြစ်နေတတ်သည်။ ထွန်းအောင်လတ်မှာဖြင့် အမြီးကူးခေါင်းကူးနှင့် အထိုင်မကျ၊ အစရှာမတွေ့နိုင်သေး။

"တစ်ပုဒ်ခြားကူး" ဟု ဇင်ယော်က သင်ညာပေးသည်။

ထွန်းအောင်လတ်ကလည်း ကျေနပ်သည်။

သူ အကုန်မှန်နေလည်း ဆရာမက ယုံကြည်မှာမှ မဟုတ်ပေဘဲ။ တစ်ပုဒ်ခြား မှန်တာတောင် အခေါက်ရေများလာလျှင် ဆရာမ သံသယဝင်နိုင်သေးသည်။

ယင်းသို့ဆိုလျှင် အကြောင်းအမျိုးမျိုး ဆက်စပ်ပက်သက်ကာ ထွန်းအောင်လတ်သည် ဇင်ယော့်အပေါ် ညီငယ်တစ်ဦးပမာ တွယ်တာ ခင်မင်စပြုလေ၏။

* * * * * *

# အေမီသင်း

သင်းသင်းအေးသည် စီးကရက်တဖွာဖွာနှင့် စကားသွက်သွက် ချိုသာသော မာမီကြွယ်၏ နှုပ်ခမ်းနီတျာတျာတွေ လှုပ်ရှားဖွင့်ပိတ်ပုံကို မျက်တောင်မခတ် ပါးစပ်အဟောင်းသား ငေးကြည့်နေသည်။

"ကျွန်မက စိတ်ချရမယ့် မိန်းကလေးနှစ်ယောက် ထပ်ရတာနဲ့ ဆိုင်ဖွင့်ရုံပဲ ညီမရဲ့။ စတိုးဆိုင်ကြီး ဆိုတော့ လိုက်ဖက်ညီထွေအောင် သမီးချောတွေ ရှာရဖွေရတာ မောလိုက်တာကို မပြောနဲ့တော့"

မာမီကြွယ်နှင့် အဆက်အသွယ်လုပ်ပေးသူက ကျောက်ပွဲစား ဒေါ်ရှုတင် ဖြစ်သည်။ တိုက်ကြီးမှကို ဟီးနေတာပဲ အရီရယ်။ သူနဲ့ သူ့တူမနှစ်ယောက်ပဲနေတာ။ ခြံကျယ်ဂန်းကျယ် အမြဲတစေ သော့ခတ်ထားတာ။ ခလုပ်ကလေးနှိပ်မှ အပေါ်ထပ်ပြတင်းကနေ ဆီးကြည့်ပြီး လူရင်းမှ ဂင်းတံခါးဖွင့်ပေးတာ စသည်ဖြင့် ဒေါ်ရှုတင်က မစားရဂမန်း ပြောဟောဖေါက်သည်ချလျှင် သင်းသင်းအေး၏ မွေးသမိခင် ဒေါ်ရီသာမက တစိမိသားစုလုံး ပိုင်းအုံ နားထောင် ငေးမောကြရသည်။

အခု မာမီကြွယ်ကိုယ်တိုင် ကိုရိုလာအဖြူကြီးစီးပြီး အခန့်သား ရောက်ရှိလာပြန်တော့ သင်းသင်းအေးတို့ တတွေမှာ ခြေမကိုင်မိလက်မကိုင်မိ တန်တန်ရာရာ သားသားနားနား ညှော်ဂတ်မပြုနိုင်တာကို အားနာမဆုံး ဖြစ်ကြရသည်။

"ရော့.. အရီ၊ နည်းတယ်များတယ် မအောက်မေ့နဲ့။ ကံစပ်လို့ ခုလို စီးပွားဖက်တွေ ဖြစ်လာရတယ် အောက်မေ့။ လောလောဆယ် ဒါ ယူထားဦး။ နောက်ပိုင်း အလုပ်အဆင်ပြေရင် ပြေသလို ရွှေပင်နားတော့ ရွှေကျေး ဖြစ်စေရမပေါ့"

အညိုရောင်စက္ကူအိပ်နှင့် ထုပ်ပိုးထားသော ငွေသည် သုံးထောင်ရှိမည်ဟု ဒေါ်ရှုတင်က ကြိုတင်သတင်းပို့ ထားသည်။ ဖခင်ဖြစ်သူ လက်သမားဆရာ ငြမ်းပေါ်မှကျပြီး နားနေလိုက်ရသည့် နောက်ပိုင်း သည်လို ထောင်ဂဏန်းပိုက်ဆံ မကိုင်ရတာ နှစ်နှင့်ချီနေပေပြီ။

"အဂတ်တွေ ယူမနေပါနဲ့တော့ သမီးရယ်။ အငယ်တွေ ဂတ်ဖို့ ထားစမ်းပါ။ စတိုးဆိုင်ဖွင့်ဖို့ အဂတ်တွေ ရာနဲ့ချီပြီး ဂယ်ထားတယ်။ သမီးအတွက် ငါးစုံရွေး။ အို.. ငါးစုံလုပ်မနေပါဘူး။ တစ်ပတ်စာ ခုနစ်စုံရွေး။ အဲ.. ဒီလ အတွက်ပေါ့"

တစ်အိမ်လုံး ရှိစုမဲ့စု အဂတ်အစားတွေထဲမှ ကောင်းနိုးရာရာ ဆန်ခါတင် ရွေးချယ်ထုပ်သိမ်းထားသော အဂတ်အိတ်ကို စိတ်လက်ပေါ့ပါးစွာ ပြန်လည်တွန်းပို့ စွန့်လွှတ်ထားခဲ့တော့သည်။

"တစ်လတစ်ခါ နောက်ဆုံး တနင်္ဂနွေတွေမှာ မရှုတင်နဲ့ ငွေအပို့လွှတ်မယ်နော် အရီ။ ဒါကတော့ စည်းကမ်း အရပါ။ ကြားထဲ အကြောင်းကိစ္စကြီးငယ်ရှိရင် မရှုတင်ကိုသာ လွှတ်လိုက်။ သူကတော့ တံခါးမရှိ ဓားမရှိပဲ"

ဒေါ်ရှုတင်အပြောအရ ကိုရိုလာဟု သိထားသော အဖြူရောင် ဆလွန်းကားကြီး၏ နောက်ခန်းတွင် မာမီကြွယ် နှင့်အတူ လိုက်ပါသွားရသောအခါ အိမ်နီးနားချင်းတွေ မြင်မှ မြင်တွေ့ကြပါလေစဟု သင်းသင်းအေးက မျက်လုံး ကလေး စွေစောင်း အကဲခတ်ရသေးသည်။

နံဘေးနံဘေးအိမ်တွေမှ တစေ့တစောင်းရော၊ ပေါ်ပေါ်တင်တင်ပါ စပ်စုလေ့လာနေကြတာ မြင်ရတော့မှ သင်းသင်းအေး ဘဂင်ကျသွားတော့သည်။

ရန်ကုန်သို့ အကြိမ်ကြိမ်ကူးသန်းရောက်ရှိနေကျ ဖြစ်ပါသည်။ သို့သော် သည်လို ကိုရိုလာဆလွန်းနှင့် သွားရခြင်းမှာ ဒါ ပထမဆုံး ဖြစ်သည်။

ရန်ကုန်နှင့်ပဲခူး ဖေးဖေးလံလံခရီးလည်း မဟုတ်တာမို့ မိသားစုက ပူပူပန်ပန် လွမ်းလွမ်းဆွေးဆွေး မကျန်ရစ်ပါ။

ရယ်ရယ်မောမော အပြန်အလှန်ပင် လက်ပြနှုတ်ဆက်လိုက်ကြသေးသည်။

ကျဉ်းမြောင်း၍ ချိုင့်ခွက်ထူထပ်သော လမ်းကြားကလေးကို သင်းသင်းအေး ကျောခိုင်းစွန့်ခွာသည်။

လိုင်းကားပေါ်မှ မြင်တွေ့နေကျ လမ်းဘေးရှုခင်းတွေသည် ကိုရိုလာပေါ်မှ ကြည့်ရှုငေးမောလိုက်တော့ ပိုကဲ လှပစိမ်းစိုကာနေသည်။

အချိန်ကိုက်ပါပဲ။ အိမ်လည်းရောက်၊ ဧည့်သည်တွေလည်း ရောက်မှာနဲ့ဟု မာမီကြွယ်ပြောသော ဧည့်သည်တွေမှာ ဖဲရိုက်ဖော်တွေဖြစ်ကြောင်း သိရခြင်းသည် သင်းသင်းအေးအဖို့ အတွေ့အကြုံ အသစ်တွေထဲမှ တစ်ခု ဖြစ်သည်။

မာမီကြွယ်က ကိုရိုလာမောင်းသူကို ငွေအထပ်လိုက် ရှင်းပေးလိုက်တာဟာလည်း အတွေ့အကြုံသစ်ပဲ မဟုတ်လား။ သမီးက မာမ့်ကားပိုင်မှတ်နေတာဟု ပြောမိသောအခါ မာမီကြွယ်က ဘာလို့ လေးငါးသိန်း မြုပ်နှံထားမလဲ သမီးရယ်။ ခုလို တစ်ခါစီး တစ်ထောင်၊ ထောင့်ငါးရာ အကုန်ခံလိုက်ရင် ကိစ္စပြီးပြီဟု ရှင်းပြ၏။

မာမ့်တူမနှစ်ယောက်ဆိုသည်မှာ သွေးမတော်သားမစပ်ကြောင်း တစ်စစ သိလာရပြန်သည်။ စတိုးဆိုင် ဘယ်တော့ဖွင့်မလဲ အစ်မဟု သင်းသင်းအေးက မေးသောအခါ သူမတို့နှစ်ယောက်က ဟာသတွေ့သလို အချင်းချင်းတို့ဆိတ်ရင်း ခွက်ထိုးခွက်လန် ရယ်မောကြသည်။

သင်းသင်းအေး ရောက်သောညမှာ သူမတို့အိပ်ခန်းသို့ မာမီကြွယ် ရောက်လာသည်။

အခန်းထဲသို့ မာမီကြွယ် ဝင်လာသောအခါ သင်းသင်းအေးတစ်ယောက်သာ လူးလဲထထိုင်ပြီး အစ်မကြီး တွေကတော့ ပိုးလိုးပက်လက် ကျောဆန့်မြဲ ဆန့်နေသည်။

"သူ့နာမည်ကို ဘယ်လိုပြောင်းရင် ကောင်းမလဲလို့ ငါ စဉ်းစားနေတာ။ အေမီသင်းဆိုရင် မကောင်းဘူးလား"

"ဇာတ်မင်းသမီး ကျနေတာပဲ"

"ဟဲ့.. အဲဒါ ခေတ်စားတာပေါ့"

မာမီကြွယ် ရွေးချယ်ပြီးစီးလျှင် ဘယ်လိုမှ ကန့်ကွက်နိုင်မှာ မဟုတ်။

"တရုတ်မ.. ထလေ၊ ပြင်ဆင်ချေတော့။ နင့်ဘာဘူ ကိုးနာရီ လာခေါ်မယ်လို့ ငါပြောထားလျက်နဲ့"

"ခဏနုပ်ပါရစေဦး မာမီရာ။ ဘာဘူမှတ်ဆိတ် စူးလွန်းလို့ ညစ်ရတဲ့အထဲ" ဟု အစ်မချောက ချွဲချွဲပစ်ပစ် ပြောသည်။

"ကောင်မ၊ ဘာဘူ့အိတ်ထဲပါသမျှ နှိုက်လို့ရတာကျတော့ကော"

"ဘာဘူက ပါးသွားပြီ မာမီကြွယ်ရဲ့။ အရင်လို အထပ်လိုက် ယူမလာတော့ဘူး"

ညကြီးမင်းကြီး အစ်မချောကို ဆလွန်းကား အမည်းကြီးနှင့် လာခေါ်သွားတာ။ ဂေလီဂေလင်းမှာ နွမ်းနွမ်းကျေကျေ ပြန်ရောက်လာပြီး ရေတဗွမ်းဗွမ်းချိုးကာ ခြေပစ်လက်ပစ် အိပ်မောကျသွားတာ။ ကုလားကြီးဟာ စိတ်သွားတိုင်း ကိုယ်မပါပါဘူး။ သူ့စိတ်သွားတာ ငါလိုက်ပို့ပေးနေရတာနဲ့ သောက်ကျိုးနည်း လေးဖက်ပစ်ကရော။

အေမီသင်းတစ်ဖြစ်လဲ သင်းသင်းအေးသည် ဤမျှ နားထူနားထိုင်းမဟုတ်။

မာမီကြွယ် ရွှန်းရွှန်းဝေပို့ချခဲ့သော စတိုးဆိုင်တရားထက် ထူးထွေရှုပ်ပွေသော အဖြစ်သနစ်တွေရှိနေကြောင်း နာရီတိုင်း၊ အချိန်တိုင်းမှ ပိုပြီးသိမြင်လာသည်။

သည်နေအိမ်ကြီးတွင် လစဉ် သောင်းကျော်ကြေးငွေ လခပေးပြီး ငှားရမ်းနေထိုင်နိုင်လောက်အောင် မာမီကြွယ် ဘယ်လိုဂင်ငွေမျိုးတွေ ရှိနေသလဲဟု သင်းသင်းအေး အနံ့ခံမိစပြုသည်။

"သမီး အေမီ၊ ဆံပင်ပုံသွင်းခေဦး။ နင့်အစ်မကြီးနဲ့ လိုက်သွား၊ ရော့.. ပိုက်ဆံ၊ နည်းနည်းတိုပစ်လိုက်အေ။ ငယ်တုန်း ဖြတ်ရတာ၊ ဖြတ်သာ ဖြတ်ပစ်"

အေမီသင်းမဖြစ်ခင် ပဲခူးသူဘဝကတည်းက ဆရာ၊ ဆရာမများ မျက်စိနောက်လောက်အောင် အလှပြင် သလောက် ဆတ်စလူးခါသောကြောင့် ကျောင်းမှာ နာမည်ကြီးစာရင်းဝင်ခဲ့သည်။ နာမည်ပျက်စာရင်းဆိုလျှင် ပိုမှန်မှာပါပဲ။

မိဘ တတ်နိုင်တာထက် သူမ ဂတ်ချင်စားချင်တာတွေက အစဉ်ပိုကဲနေသောကြောင့် အိမ်မှာ အမြဲအစဉ် ပြဿနာတတ်နေလေ့ရှိ၏။

မာမီကြွယ်က သူမလိုအပ်သော အဂတ်အထည် အသစ်အဆန်းတွေ ဆင်ပြင်ပေးသည်။ အလှအပ အမွှေး အကြိုင် အလုံးစုံ ခြယ်သပေးသည်။

အစ်မချောတို့၊ အစ်မဖြူပြာတို့ကို တရုတ်တွေ၊ ကုလားတွေ၊ မြန်မာတွေ ကားတဂီဂီ လိုမ့်ဝင်လာပြီး ခေါ်ထုတ်သွားကြတာ။ နွမ်းဖတ်ပြီး ပြန်ရောက်လာတာ နေ့မရွေး ညမရွေး။

အေမီသင်း သဘောပေါက်နေပါပြီ။

အေမီသင်းအလှည့် ဘယ်တော့လဲ။

ငွေစက္ကူတွေ၊ စားကောင်းသောက်ဖွယ်တွေက အေမီသင်းကို မြူဆွယ်ချော့ခေါ်သည်။

အစ်မတွေ ညည်းညူသော ဖောက်သည်တွေ၏ သောင်းကျန်းမှုတွေ၊ အာပုတ်စော်နံတာတွေ၊ အနိဖတ်တွေ အားလုံးဟာ ရယ်စရာ၊ ပြုံးစရာသဖွယ် သေးငယ်မှေးမှိန်သွားခဲ့သည်။

တိုက်ကြီးပေါ်မှ ကားနင့်လိုက်သွားရသည်။ နေပူစပ်ခါး မသွားရဘဲ ရာပေါင်းအတော်များများ ရရှိသည်။

သည်လို သက်တောင့်သက်သာအလုပ်မျိုးကို အရိုးများသလေး ချေးခါးသလေး ရွေးချယ်ခါချမနေချင်ပါ။

အေမီသင်းကတော့ ဘာဘူကြီးမုတ်ဆိတ် စူးချင်စူးပါလိမ့်စေတော့။ တရုတ်ကြီးအာပုတ် နံချင် နံပါလိမ့်စေတော့။ ငွေစက္ကူအတွက် ရက်ရက်ရောရောပဲ ရှေ့သို့တိုးသွားတော့မည်။

* * * * * *

# သံယောဇဉ်နှောင် နုနိုင်ဖွဲ့သောကြောင့်

နုနုခိုင်သည် မိန်းမစီးစက်ဘီးကလေးကို ရေကန်ပေါင်နံဘေးတွင်ရပ်ကာ ဒေါက်ထောက်ထားလိုက်လေသည်။

ခါတိုင်းစောင့်နေကျ စက္ကူပန်းပင်တစ်ပိုက်မှာ ဇင်ယော်ကို မတွေ့သဖြင့် သူမ၏ ကျဲပါးပါးမွဲခြောက်ခြောက် မျက်ခုံးကလေးတွေ တွန့်ရှုံ့သွားသည်။

ခုတလော သူတို့တတွေ အနေဝေးနေကြသည်။ နုနုခိုင်က အင်းစိန်တွင် ကျောင်းနေသူ။ နေ့ခင်းကျောင်း တတ်ရပြီး နံနက်ပိုင်းတွေမှာ ပိုင်းကျူရှင်တတ်ရသည်။ နံနက်ခြောက်နာရီ အိပ်ရာထပြီး ခြောက်နာရီလေးဆယ်မှာ အိမ်ကထွက်၊ ခုနစ်နာရီကတည်းက တစ်ချိန်ပြီးတစ်ချိန် ကူးသန်းပြေးလွှားနေလိုက်ရသည်မှာ ဆယ့်တစ်နာရီ ဆယ်ငါးမှာမှ ကျောင်းကိုရောက်၊ ထမင်းဘူးဖွင့်စား၊ ခဏတစ်ဖြုတ် ခြေဆန့်လက်ဆန့် အပန်းဖြေ၊ ဆယ့်နှစ်နာရီ ဆယ့်ငါးဆို ကျောင်းခေါ်လေပြီ။ ကျောင်းဆင်းချိန်သည် ညနေ ငါးနာရီဆယ့်ငါး ဖြစ်သည်။ အိမ်ပြန်ရောက် ရေမိုးချိုး၊ စာကြည့်။ အဲသည်လိုနှင့် ကျောင်းဖွင့်ရက်အားလုံး ကုန်ဆုံးသွားတာပါပဲ။

ကျောင်းပိတ်ရက်တွေ ကျပြန်တော့ကော။ စာသင်ကျောင်းသာပိတ်ပြီး ကျူရှင်တွေ ရှိမြဲရှိနေတာမို့ တစ်နံနက်ခင်းမှ နားရသည် မရှိ။

သည်ကနေ့ ဆုံနိုင်ကြဖို့ အရေး ကြိုတင်ချိန်းဆိုထားလိုက်ရသည်မှာ ပြီးခဲ့သော ကဆုန်လပြည့်နေ့ ကတည်းက ခုဆို နှစ်လရှိပဲရှိတော့မည်။

မိုးမရွာတာကို ကျေးဇူးတင်နေရသည်။ ရွာမလို အုံ့မှိုင်းမှိုင်းပေမယ့် တစ်ချက်တစ်ချက်တော့လည်း တိမ်ညို တိမ်လိပ်တွေကြားမှ နေမင်းပြူထွက်ကာ မျက်နှာပြတတ်သေးသည်။

နုနုခိုင်က အင်းစိန်မှ တောက်လျှောက် စက်ဘီးစီးလာသည်။ ကျူရှင်တွေအပြီးမှာ အိမ်ပြန်ထမင်းစား၊ ပြီးသည်နှင့် မိုးကာအကျႌလေး ကောက်ယူ၊ တစ်ချိုးတည်း သုတ်ခြေတင်ခဲ့တာပါပဲ။

ဇင်ယော်က လှိုင် အ-ထ-က မှာ ကျောင်းနေသည်။ ကျူရှင်လည်း ယူတာမဟုတ်။ သည်တော့ သူ့မှာ အချိန်ပိုတွေ ရှိသည်။ သည်နေရာဟောင်းဘက်သို့ ပြန်ရောက်လာကြတိုင်း ဇင်ယော်ကသာ အရင်ဦးအောင် စောင့်ဆိုင်းနေကျ အစဉ်အလာဖြစ်နေပါပြီ။

သည်တစ်ကြိမ် ဘာကြောင့်များ မရောက်လာသေးပါလိမ့်။

အဆုတ်ရောဂါကု ဆေးရုံကြီးဘက်သို့သွားသော မြေနီလမ်းဘက်တွင် လူသွားလူလာက ခပ်ကျဲကျဲ ရှိနေသည်မို့ လူပြတ်လှသည် မဟုတ်။

သို့သော် နုနုခိုင်တစ်ယောက်တည်း သူ့ကိုစောင့်နေရမည် ဆိုပါလျှင် စိတ်မလုံခြုံဖြစ်စရာပေါ့။

နုနုခိုင်က သက်ပြင်းကလေး မှုတ်ထုတ်ရင်း စက်ဘီးကယ်ရီယာမှာ ညှပ်ထားသောစာအုပ်ကို ဆွဲထုတ်ယူသည်။ စာအုပ်အပေါ်အုပ်ထားသော မိုးကာကိုမူ ပြန်လည်ပြီး ညှပ်မြဲညှပ်ထား၏။

စာအုပ်ကြားတွင် အသင့်ဆောင်ထားမြဲ ကြွပ်ကြွပ်အိတ်တစ်ခု ခေါက်လျက်သား ညှပ်ထားလေသည်။

နနခိုင်သည် စွန်းထွက်နေသော ကန်ပေါင်အရိပ်တွင် ကြွပ်ကြွပ်အိတ်ကလေးချကာ ခြေဆင်းပြီး ထိုင်ချလိုက်လေသည်။

မိုးဦးကျပေမယ့် ကန်ပေါင်ရင်းပတ်လည်မှာ ကွန်ကရစ်ခင်းထားသောကြောင့် မြက်မရှိပေ။

နနခိုင်သည် စိမ်းစိုအုပ်ဆိုင်းနေသော စက္ကူပန်းပင်ကို ငေးကြည့်၏။

ပြုပြင်သူကင်းမဲ့သောကြောင့် ကိုင်းတွေက ဟိုမှသည်မှ ထိုးထောင်ရှည်ထွက်ကာ တချို့လည်း မြေပြင်သို့ ကိုင်းညွှတ်ကိုင်းကျနေကြသည်။ အရွက်စိမ်းတွေကြားမှာ ဆူးရှည်တွေက ပုန်းလျှိုးကွယ်လျှိုး ချောင်းမြောင်းနေလေသည်။

ပန်းပွင့်ချိန်ဆိုလျှင် အဖြူ၊ ပန်းရောင်၊ အနီ၊ ပန်းခရမ်း၊ တစ်ပင်တည်းမှာ ရောင်စုံဖူးပွင့်ရုံမက အချို့အပွင့်တွေများဆို နှစ်ရောင်စပ်နေသေးသည်။ မျိုးစပ်ထားသော အပင်ဟု ဇင်ယော်က ပြောပြဖူး၏။

နနခိုင်က လက်ထဲမှ ကဗျာစာအုပ်ကလေးကို ဖွင့်လိုက်သည်။

ကဗျာစာအုပ်ပလေး။ ၁၉၅၆ ခုနှစ်၊ ဩဂုတ်လကတည်းက ရိုက်နှိပ်ထုတ်ဝေခဲ့သော စာအုပ်ဖြစ်ရကား စက္ကူတွေ မဖြူနိုင်တော့ပဲ ဝါညစ်ညစ်ဖြစ်နေပြီ။ ဦးကြော့နှင့် တောင်တွင်းစာဆို ကဗျာများ။

နနခိုင်က ကဗျာစာအုပ်ကို လှန်လှောဖတ်ရှု၏။ တစ်ယောက်တည်းမို့ စိတ်ရှိလက်ရှိ သံနေသံထားနှင့် ဖတ်၏။

"ယဉ်မရိုင်း၊ အင်တိုင်းရယ်တဲ့ ခပ်ဆန်ဆန်၊ လူမရောက်၊ ဂူကျောက်ဆောင်တောင်ဂတုံးမှာ၊ စုရုံးကာ သူတို့ ပေါက်ရာကြ၊ အညှောက်ကြူကြူ မွှေးရာဘု၊ အခေါက်ဖြူဖြူကလေးရယ်နှင့်၊ ကျေးငှက်ပျော်စံ၊ ဇလပ်ဂါ၊ ခတ္တာ ခပါတဲ့၊ သာတန်ဆောင်၊ ဂါခေါင်လတွင်မှ ပွင့်ဖြိုးကြအချိန်မှာ ဂသန္တလေချိုဖြိုးဖြန်း"

"ယဉ်မဆုံးနိုင်ဘု၊ ခြင်ပုန်းတွေကိုက်တာလည်း ဖုပိန့်ကုန်ပြီခိုင်"

ဇင်ယော်သည် ရေကန်ပေါင်၏ ကျိုးပဲ့နေသော အုတ်များကိုနင်းကာ နနခိုင်ကို အပေါ်စီးမှ ဘွားကနဲ ခါးကိုင်း၍ကြည့်လေ၏။

"မင်း ရေကန်ထဲ ဘာဆင်းကောက်နေတာလဲ ဇင်ယော်"

"ဖားကောက်တယ် ထင်လို့လား"

ဇင်ယော်က နနခိုင်နှင့်ဝေးရာထောင့်ဘက် ခြေစမ်းနင်းလျှောက်သွားလျက် ရေကန်ပေါင်နှုပ်ခမ်းပေါ် လွှားကနဲ ခုန်တတ်သွားသည်။

"စာအုပ်လေး ဘောပင်ကလေး ကျလို့များလားလို့ပါ"

ပုဆိုးပြင်ဝတ်ပြီးမှ နနခိုင်ရှိရာသို့ ပြန်လျှောက်လာသည်။ ပြီးတော့ သူ့ရာဘာဖိနပ်ကို ချွတ်ကာ ဖင်ခုထိုင်၏။

သူ့ဖိနပ်တွေ အမြီးပါးပြီး တစ်ခြမ်းစောင့်နိမ့်လျက် အတွင်းသားအနီရောင်က အဖြူစင်းကြားမှ ထွင်းဖေါက် ပေါ်ထွက်နေပေသည်။

သည်တစ်ခါလာလျှင် ဖိနပ်တစ်ရန်ဂယ်လာပေးမည်ဟု နနခိုင် တေးမှတ်ထားလိုက်လေသည်။

ဇင်ယော်တို့သားအမိတွေ ကုလားကျောင်းဘက် ပြောင်းသွားပြီးကတည်းက တွေ့ဆုံဖို့ ပိုပြီး အလှမ်းဝေး သွားခဲ့သည်။

တစ်လတစ်ကြိမ် နှစ်လတစ်ကြိမ်လောက် သည်နေရာလေးမှာ ပြန်ချိန်းတွေ့ဖြစ်ကြသည်မှာ အများအမြင်အရ တော့ သမီးရည်းစား ချိန်းသလိုပါပဲ။

တကယ့်တကယ်ဆိုလျှင် သူတို့ တွယ်တာကြသည်။ သူတို့ သံယောဇင်ကြီးကြသည်။ သူတို့ ပြောစကား တွေဟာ ကြားလူတစ်ယောက်မကြားအောင် လျှို့ဝှက်ထားစရာ ပါဂင်လေ့မရှိ။ တစ်ခုပဲ ပြောစရာရှိတာက တစ်သွေးတစ်သံတည်းကျအောင် ပါဂင်ရောနှောနိုင်မည့် အပေါင်းအသင်းသည် သူတို့တွင် မရှိ။

ဇင်ယော်နှင့်အတွဲများသော ထွန်းအောင်လတ်ကို နနခိုင်က အဝေးအမြင်နှင့်ပင် မျက်စိမတည့်ပဲ ဖြစ်နေသည်။

ဇင်ယော့်အပေါင်းအသင်းများနှင့်ပက်သက်ပြီး နနခိုင်က စိုးရိမ်တကြီး သတိပေးလေ့ရှိသည့်အထဲတွင် ထွန်းအောင်လတ်သည် အစဉ်သဖြင့် နနခိုင်၏ပစ်မှတ် ဖြစ်ခဲ့လေသည်။ ဇင်ယော်က ထွန်းအောင်လတ်ကို သံယောဇင်ကြီးခြင်းသည်ပင်လျှင် နနခိုင် ပူပန်စရာ အဓိက ဖြစ်နေလေ၏။

"ဒီမှာကြည့်ပါအုံး ခိုင်၊ တကယ့်ကို အပိန့်တွေထလာတာ"

ဇင်ယော်က သူ့ရှပ်လက်ရှည်ကိုဆွဲတင်ကာ လက်ရုံးတွေကို လှည့်ပတ်ပြသနေသည်။

"ဟုတ်ပါရဲ့ဟယ်.. အင်ပြင်ထသလား အောက်မေ့ရတယ်။ မကုတ်နဲ့လေ။ ကုတ်ရင် ပိုပြီး အပိမ့်ကြီးလာမှာ။ ပွဲရွဲ့ပြီး အနာတွေ ဖြစ်မှာဟဲ့"

"မကုတ်လို့ ဒီလောက်ယားတာ"

"မကုတ်နဲ့၊ ငါ ပြမယ်"

နနခိုင်က ဇင်ယော့်လက်ကိုဆွဲကာ လက်ဖျံမှ နီမြန်းသော အဖုအပိန့်တွေကို လက်သည်းနှင့် ထိုးဆိတ်၏။ လက်သည်းရာကလေးတွေ အစင်းအစင်း ထင်ရစ်လေသည်။

"မင်းကလည်း ကလေးမဟုတ်၊ သူငယ်မဟုတ် ဆတ်ဆတ်ဆော့ဆော့ ဘာဆင်းလုပ်ရတာလဲ"

"ပုန်းတာလေ"

"ပုန်းတာ"

"နင်ရှာမလားလို့ ပုန်းနေတာပေါ့။ ခုတော့ ငါ့တစ်ကိုယ်လုံးသာ ခြင်တွတ်ရော၊ နင်က ယဉ်မဆုံးတွေ ခြင်ပုန်းတွေ လျှောက်ရွတ်နေတယ်"

နုနုခိုင် ဟက်ဟက်ပက်ပက် ရယ်မောတော့သည်။

"အဲဒါ ဦးကြော့ရေးတဲ့ လေးချိုး ဇင်ယော်ရဲ့။ ဒဟတ်ပန်းဖွဲ့တဲ့။ ငါဖြင့် ဒဟတ်ပန်း မမြင်ဖူးဘူး။ မင်းကောဟင်"

"စက္ကူပန်းပဲ မြင်ဖူးတယ်"

"ဒဟတ်ပန်းကလည်း မမွေးဘူးတဲ့။ သူ့ကဗျာထဲမှာ ပါတယ်။ ဒါပေမယ့် စက္ကူပန်းလိုတော့ ရောင်စုံ မပွင့်ဘူး ထင်တယ်"

"စက္ကူပန်းလည်း အဖြူသတ်သတ် အရောင်သတ်သတ် ပါဟာ။ ခုမှ မျိုးစပ်ထားလို့ တစ်ပင်တည်းမှာ ရောင်စုံ ပွင့်တာပါ"

နုနုခိုင်က ဇင်ယော့်လက်ကို လွှတ်လိုက်သည်။

"မင့်အပိမ့်တွေ မင်းဘာသာဆိတ်၊ တအားလည်း မဆိတ်နဲ့ဦး။ ပဲ့ကုန်ဦးမယ်။ ဒီမှာ နားထောင်၊ ငါ့ကဗျာက မဆုံးသေးဘူး"

နုနုခိုင်သည် ပိတ်သွားသော ကဗျာစာအုပ်ကို ပြန်ဖွင့်ရှာဖွေနေရသေးသည်။

"ယဉ်မဆုံးနိုင်ဘု၊ ပင်လုံးကုန်ခိုင်ညှာတံမတော့ နံ့သာကျုံ ဂါဖန်နှောပါလို့ ယဉ်တမူ မြင်သူမောလိုက်တဲ့ လောကခါတ်ခန်းမှာလ ပြောစမှတ်ဆန်းပေရဲ့ တောဒဟတ်ပန်း"

နုနုခိုင် သံနေသံထားနှင့် ရွတ်ဆိုနေသည်ကို ဇင်ယော်က ပြုံးဖြဲဖြဲ နားသောတဆင်နေရသည်။

"ကဗျာကလေးက ကောင်းသားပဲနော်"

"အင်း..."

"လူမရောက်သူမရောက်နေရာမှ ပွင့်နေရှာတာတဲ့"

"ဒီစက္ကူပန်းလိုပေါ့"

"ဒီပန်းနားကို လူရောက်ပါတယ်ဟာ။ မင်းနဲ့ငါဟာ လူတွေပေါ့"

ဇင်ယော်က အလိုမကျသလို ခေါင်းခါသည်။

"ဘာ ခေါင်းခါတာလဲ။ ဘာလဲ၊ တို့တွေက လူမဟုတ်လို့လား"

"ငါ ခေါင်းခါတာက တခြားပါဟာ၊ နင့်ကို မေတ္တာရပ်ခံချင်တာ တစ်ခုရှိလို့ပါ"

"ဘာလဲ"

"ငါ့ကို မင်း.. မင်း... နဲ့ မပြောပါနဲ့လား နုခိုင်ရာ၊ တင်မျိုးကြီးပဲ"

"အံမာ.. စတွေ့စကတည်းက ဒီလိုပဲပြောလာတဲ့ဟာများ"

"အဲဒီတုံးက ကလေးဟ"

"အခုတော့ကော"

"အခု လူကြီးတွေ ဖြစ်ကြပြီလေ"

နနခိုင်က ခါးကိုင်းပြီး ဇင်ယော့်မျက်နှာကို မျက်နှာချင်းဆိုင် စေ့စေ့ကြည့်ကာ ပြက်ချော်ချော် ခေါင်း တညိတ်ညိတ် ပြု၏။

"ပုတ်ခဲ့.. ပုတ်ခဲ့၊ ချွန်မ အများကြီး စဉ်းစားပါဦးမယ်"

"စဉ်းစား.. စဉ်းစား၊ သိပ်အရေးကြီးနေတာ"

ဘာမှလည်းမဟုတ်၊ ဘာအဓိပ္ပါယ်မှလည်း မရှိပါဘဲ နှစ်ယောက်သား ဟားတိုက်ရယ်မောနေကြတော့သည်။

နနခိုင်က ခြေဆင်းထိုင်နေရာမှ ဒူးနှစ်ဖက်ထောင်ကာ လက်များဖြင့် သိုင်းယှက်လိုက်သည်။

"ဇင်ယော်၊ ခုနက ငါ ဒဟတ်ပန်းကဗျာ ရွတ်နေတုန်းက နဘေထပ်လိုက်တာ ဘာတဲ့၊ ယဉ်မဆုံးနိုင်ဘု ဆိုတာကိုလေ၊ ခြင်ပုန်းတွေကိုက်တာလည်း ဖုပိန့်ကုန်ပြီခိုင်တဲ့။ ဟုတ်တယ် မဟုတ်လားဟင်"

ဇင်ယော်သည် နနခိုင်နည်းတူ ဒူးနှစ်ချောင်းကိုထောင်ကာ လက်များဖြင့် ယှက်သန်းထားရင်း မယုံသင်္ကာ ကြည့်သည်။

"ဟား.. ဟား.. ကာရန်နဲ့ နဘေနဲ့။ တို့ ဘာသွားသတိရသလဲ သိလား။ ဘုန်းကြီးနဲ့ သူ့ဖိုးသူတော်အကြောင်း ကြားဖူးလားဟင်"

"ဟင့်အင်း"

"ရှေးရှေးတုန်းက ကဗျာဝါသနာပါတဲ့ ဘုန်းကြီးတစ်ပါး ရှိတယ်တဲ့။ သူက ဘာလေးမဆို ကာရန်ရှာ နဘေထပ်နဲ့ ကဗျာစပ်ဖို့ပဲ အားထုတ်နေတာတဲ့"

ဇင်ယော်က မချိုမချဉ်ပြုံးရင်း နနခိုင်ကို မျက်တောင်မခတ် စိုက်စိုက်ငေးငေး ကြည့်နေသည်။

"တစ်နေ့တော့ သူက ရိုးမြင့်ရွက်ရှည်လို့ ထပ်ခါထပ်ခါ ရွတ်ရင်း လိုက်ဖက်မယ့်ကာရန် ရှာနေသတဲ့။ အဲဒီတုန်း သူ့တပည့် ဖိုးသူတော်က မလှမ်းမကမ်းကနေ မရိုးမရွဖြစ်လာပြီး တိုးတင်းကျက်သရေလို့ အော်လိုက်သတဲ့။ အဲဒီမှာတင် ဆရာတော်ဟာ သူ့တပည့်ကျော်ကြီးကို အရမ်းသဘောကျသွားတော့သတဲ့။ မင်း ဘယ်ဆိုးလို့လဲကွ။ ကဗျာဉာဏ် မခေပါလား ပေါ့"

ဇင်ယော် မျက်နှာပိုးမသေ။ တစ်ခွန်းတစ်ပါဒမှလည်း ပါဝင်ဆွေးနွေးခြင်း မရှိ။

ပြောရင်း နနခိုင်မှာ တစ်စုံတစ်ရာ ပေါ့ရွှတ်ရွှတ် လစ်ဟာလိုအပ်နေသလို ခံစားရလေသည်။ သို့သော် မတတ်နိုင်။ ပြောမိလက်စရင်း ပိုပြီးအသက်ဝင်အောင် ကြိုးစား၍ ပြောရတော့၏။

"ဆရာတော်က ကဲ.. ဆက်စမ်းပါဦး လို့ အားပေးတိုက်တွန်းလိုက်တယ်။ ဖိုးသူတော် အခက်ကြုံပါရော။ သူက ကဗျာဆရာမှ မဟုတ်တာ။ ဘာဉာဏ်မှ မထွက်တော့ဘူးပေါ့။ ဒါပေမယ့် ဆရာတော်ကို ကြောက်တော့ ဖျစ်ညှစ်ပြီး ထွက်ရတော့မှာလေ။ သူကိုကလည်း နောက်နောက်ရွှတ်ရွှတ်သမား။ အရဲကိုးပြီး ဘယ်လိုဆက်လိုက်သလဲ ဆိုတော့ ဂိုးဂွင့်ဂွက်ဂွေ တဲ့"

ဇင်ယော်ပြုံးရယ်ဖို့ နနခိုင် မျှော်လင့်သည်။ သို့တစေ ဘသားချောက မျက်နှာပေး အပြောင်းအလဲ မရှိ။ မျက်တောင်ပင် မခတ်ဘဲ တင်းခံထားလေသည်။

နနခိုင် အားလျော့ချင်လာသည်။ ခက်တာက စမိလက်စ အဆုံးပဲ သတ်ရတော့မှာ။ သူမအပြောအဆို ကိုက ဟာသဉာဏ်မရှင် မပိုင်မနိုင် ဖြစ်နေသလားနှင့် စိတ်ပျက်လက်ပျက်နှင့်ပင်။

"ဘုန်းကြီးက ဒေါပွသွားပြီး ပုန်းကန် ထရပ်လိုက်တယ် ဆိုရင်ပဲ ဖိုးသူတော် ဘာပြောကောင်းမလဲ လေ့ကားကနေ ပြေးဆင်းတာ တလိမ့်ခေါက်ကွေး ကျပါလေရော"

နနခိုင်သည် ဇင်ယော် ပြုံးရယ်ရဲ့လား အကဲခတ်မနေတော့ပဲ ပုံပြင်အဆုံးသတ်ဖို့သာ ခပ်မြန်မြန် တက်သုတ်နှင်သည်။

"ဘုန်းတော်ကြီးက လှေကားထိပ်က လှမ်းကြည့်လိုက်တော့ ဖိုးသူတော်ဟာ ကျောင်းအောက်မှာ စီထားတဲ့ စဥ့်အိုးတွေကြား ရောက်နေတယ်တဲ့။ အဲဒီကနေ အိုးဖြင့်ဖက်နေလို့ လှမ်းအော်လိုက်ပြန်ရော တဲ့"

"အင်း.. မှတ်မိပြီ။ ကျိုးရင်ဖြင့် ခက်ရချေရဲ့ဘုရား လို့ ထပ်ဆင့်အော်တော့မှပဲ ဘုန်းတော်ကြီးပြုံးလာပြီး ဒီကောင် ကဗျာဉာဏ်တော့ အရှိသား ဆိုပြီး.."

"စိတ်ပုတ်တဲ့ ဇင်ယော်၊ သွား"

နနခိုင်က ဇင်ယော့်ကျောပြင်ကို အုန်းကနဲ ထုထောင်းလိုက်တော့သည်။

"ကြားဖူးရင်လည်း ကြားဖူးတယ် ပြောပါလား။ လူကို အရူးလုပ်နေတယ်"

"အဆုံးသတ်ကာနီးမှ သတိရလို့ပါ ခိုင်ရယ်"

နနခိုင်သည် ဘယ်လက်ကို အုပ်မိုးဆုပ်ကိုင်ထားသော ဇင်ယော့်ညာဘက်လက်ခုံကို အမှတ်မထင် လှမ်းကြည့်မိသည်။ L နှင့် Y၊ ပြီးတော့ ခုနစ်သင်္ကေတဖြစ်ရာ ဇကာလေး။

ဇင်ယော်သည် နနခိုင်၏ မျက်လုံးရွေ့လျားမှုကို ချက်ချင်း ရိပ်မိကာ သူ့ညာဘက်လက်ခုံကို ဘယ်လက်ခုံနှင့် ပြောင်းအုပ်ရင်း မမြင်သာအောင် အနေအထား ပြုပြင်လိုက်သည်။

သို့သော် အဲသည်ဘက်မှာထိုးထားသော မေမေဆိုသည့် စာလုံးတွေကို နနခိုင် သတိမရဘဲ ရှိနိုင်ပါ့မလား။

"အမေနေကောင်းရဲ့လား ဇင်ယော်"

ဇင်ယော် မပြုံးတော့။

နနခိုင်ကိုလည်း မကြည့်တော့ပဲ စိမ်းစိုသော စက္ကူပန်းပင်၏ အရွက်အခက်တွေကို တစ်လှည့်၊ ရွှံ့ဗွက်အလူးလူး ဘောလုံးကန်နေကြသော ကလေးသူငယ်များရှိရာ ဘောလုံးကွင်းဘက်ဆီ တစ်လှည့် ငေးကြည့်ကာ နေ၏။

"တစ်နေ့က အဒေါ်မခင်နွဲ့နဲ့ ခင်ဇော်ကို တစ်ဂိတ်ဘက်မှာတွေ့တယ်။ အနွေးထည်ကြီးဂုတ်လို့၊ နားထင်မှာလည်း ဆေးပလာစတာ တစ်ဖက်တစ်ချက်ကပ်လို့။ အဲဒါကြောင့် မေးတာပါ"

ဇင်ယော် ပုခုံးတစ်ချက်တွန့်သည်။

"သူ့အဖေဆီလာတာ ဖြစ်မှာပေ့ါ"

"အေးပါ၊ ဟုတ်ပါတယ်။ ငါတို့သားအဖက ဆေးရုံက ပြန်လာတာ။ သူ့တွေ့တော့ လှမ်းပဲလက်ပြလိုက်တယ်။ နှုပ်ဆက်နေပြန်ရင် သူက ဖေဖေ့ကို မတွေ့ချင်နေမှာစိုးလို့ပါ"

ဦးကျင်ပုက်သည် ဤဆေးရုံမှ အငြိမ်းစားယူသွားပြီးစေကာမူ မကြာခဏ ရောက်ရောက်လာပြီး ငွေချေးငှားခြင်း၊ တောင်းရမ်းခြင်းတို့ကို လူစေ့အောင် လှည့်ပတ်ဆောင်ရွက်သည်။ ဦးလှိုင်မြင့်ကို ကြောက်သည့် ကြားကပင် လက်အုပ်ချီကာချီကာ အသပြာ မကြွေမချင်း တညှိညှိလုပ်နေမြဲ ဖြစ်၏။

ဦးကျင်ပုက်အကြောင်းကိုတော့ နနခိုင်က ဇင်ယော်သိအောင် ပြောပြမနေချင်တော့ပါ။

"အမေက တစ်ယောက်မွေးဦးမှာ"

ဇင်ယော်က ကွန်ကရစ်အပဲ့တစ်စကို ကောက်ပြီး မြေပြင်ရုပ်တိုက်ပြစ်ရင်း တီးတိုးပြောသည်။

နနခိုင်မှာ မေးရိုးပြုတ်ကျတော့မလို ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ဇင်ယော်က သူမကို ကြည့်မနေတော့သည့်အတွက်သာ တစ်ဆိတ် တော်သေးတော့လျက် ကပျာကသီ အမူအရာပြင်ဆင်လိုက်ရလေ၏။

"တို့က ဒေါက်တာလင်းယုန်ရဲ့သား။ ခင်ဇော်က ဦးကျင်ပုက်ရဲ့သား ချီးနားကလေး။ အခုတစ်ယောက်ကတော့ ဦးမောင်အေးရဲ့ကလေး။ မွတ်စ်ကပြားကလေးပေ့ါဟာ"

အသက်မပါ အေးစက်စက်ပြောပုံကိုက လိုက်စားလောင်မြိုက်သော အတိုင်းအတာကို မှန်းဆကြည့်နိုင်လေသည်။

"ဇင်ယော် စာတွေလိုက်နိုင်ရဲ့လား။ ကျက်ရဲ့လား"

ဆယ်တန်းဆိုတာ ယနေ့ပညာရေးစနစ်၏ အခက်ခဲဆုံး အတားအဆီးပင် ဖြစ်သည်။ သည်အတားအဆီးကို ကျော်လွှားနိုင်လျှင် ရှေ့ဆက်ရမည့်ခရီးသည် နီးကပ်ချောမွေ့သွားလေပြီ။

"အောင်ကြမှ ဖြစ်မှာနော်။ လုံးဂမပေ့ါနဲ့"

ဇင်ယော်က မျက်လုံးစွေကြည့်သည်။ သူ့နဖူးပေါ် ခပ်ရိုင်းရိုင်းဂဲကျနေသော ဆံပင်တွေကို ခေါင်းဆတ်ပြီး ဘေးဘက်ရောက်အောင် ကြိုးစားသည်။ သူ့ဆံပင်တွေကတော့ နဖူးပြင်ပေါ်သို့သာ ပြန်လည်ဂဲကျလာပြန်လေ၏။

"ခိုင့်အတွက်သာ အရေးကြီးတာပါ"

"ဘယ်ဟုတ်မလဲ၊ နှစ်ယောက်စလုံးအတွက် အရေးကြီးတာပေါ့ ဇင်ယော်ရဲ့"

"ကဲ.. ပြော၊ တို့အတွက် ဘာများအရေးကြီးစရာရှိလို့လဲ"

"ဆေးကျောင်း မတက်ချင်ဘူးလားဟင်"

နုနုခိုင်က ခပ်ဆိုင်းဆိုင်း မေးမြန်းသည်။

"ဟင့်အင်း"

ဇင်ယော်က မြန်မြန်ပြတ်ပြတ်။

"ဇင်ယော်ကလဲကွာ"

"အရင့်အရင်လည်း နုနုခိုင် မေးဖူးပြီ။ တို့ ဖြေဖူးပြီ။ နံပတ်တစ် တာဝေးခရီးအတွက် တို့မှာ အာမခံချက် မရှိဘူး။ နံပတ်နှစ် တို့ ဂါသနာမပါဘူး"

နုနုခိုင် မျက်နှာမကောင်းလှပဲ ခပ်တွေတွေစဉ်းစားနေသည်။

"ဆယ်တန်းအောင်ရင် ဘယ်လိုင်းလိုက်မလဲဟင်"

"ဘယ်လိုင်းမှ မလိုက်ဘူး"

နုနုခိုင် မျက်မှောင် ကြုတ်လာသည်။

"ဇင်ယော် ဘယ်လိုဖြစ်နေတာလဲ။ တို့ အကောင်းမေးနေတာ။ လေးလေးနက်နက် ဖြေစမ်းပါ"

နုနုခိုင်၏အသံလည်း မာလာသည်။

ဇင်ယော် မျက်လုံးတစ်ဘက်ပင့်ရင်း အတန်ငယ်ပျော့ပျောင်းလာသော မျက်နှာပေးနှင့် နုနုခိုင်ဘက် လှည့်လာသည်။

"တို့ တက္ကသိုလ်တက်ဖို့ မမျှော်လင့်ထားဘူး နုခိုင်။ အလုပ်ခွင်ထဲဝင်ဖို့ အခြေအနေအရပ်ရပ်က တောင်းဆို နေကြတယ်။ နုခိုင် သိသားနဲ့ကွာ။ ငါ့ကို ဦးမောင်အေးက မကြည်ဖြူပါဘူး။ ငါတို့ညီအစ်ကို အလုပ်လုပ်ရမယ်"

ဇင်ယော်ဘက်မှ လေသံပျော့ရှုံနှင့် နုနုခိုင် မငိုရုံတစ်မယ် မျက်နှာညှိုးကျသွားတော့၏။

"ဇင်ယော်က လူတော်ပါ။ လူတော်တစ်ယောက် စာလုံးဂ ဆက်မသင်ဘူးဆိုတာကတော့ မဖြစ်ထိုက်ပါဘူး။ အနည်းဆုံး စာပေးစာယူတော့ တက်ပေါ့ ဇင်ယော်ရယ်"

ဇင်ယော်က သူ့ဟန်အတိုင်း ပြုံးယောင်ပြုရင်း မျက်လုံးတွေက ခနိုးခနဲ့ သရော်သည်။ သူ့နှုပ်ခမ်း ဘယ်ဘက်စွန်းက မဲ့သယောင်မို့လည်း ပိုပြီး မထီမဲ့မြင်ဟန် ပေါက်လေသည်။

"ဘွဲ့မရရင် လူရာမဝင်တော့ဘူးလား ခိုင်"

သည်မေးခွန်းသည် အတိအလင်း အဓိပ္ပါယ်ဖွင့်ဆိုချက်ထက် ပိုပြီး လျှို့ဝှက်နက်ရှိုင်းသည်။

နနခိုင်ကတော့ အသက်ဆိုင်ဆုံးသူတစ်ဦးအဖြစ် ခံစားသဘောပေါက်ရပါသည်။

"ဘွဲ့ရတယ်ဆိုတာ ခြေတစ်လှမ်းပါပဲ ဇင်ယော်ရယ်။ ခရီးတစ်ခုကို သွားရမယ့်အခါမှာ ခြေတစ်လှမ်းကြောင့် ပိုပြီး ခရီးတွင်မယ်။ အပန်းလည်းမကြီးဘူးဆိုရင် ဘာလို့ မသွားပဲနေမလဲ ဇင်ယော်ရဲ့။ အလုပ်တစ်ဖက်ကလုပ်ရင်း တစ်ဖက်က ဘွဲ့ယူသွားကြတဲ့လူတွေ တစ်ပုံကြီး။ အခက်အခဲရှိတာတွေကို တို့ ကူညီမယ်ဆိုတာလည်း သိနေသားနဲ့။ ဘာမကျေနပ်နေတာလဲ။ ဘာ စိတ်တိုနေတာလဲ"

ချော့ချော့မော့မော့ နှစ်သိမ့်နေတော့ ဇင်ယော် အားနာလာဟန်ရှိသည်။ လက်နှစ်ဖက်ဖြန့်ကာ တစ်စုံတစ်ရာ ရှင်းပြမလို ပြုပြီးနောက် လက်ပြန်ချလျက် ပခုံးတွန့်သည်။

"ဆယ်တန်းလည်း မဖြေကြသေးပါဘူး နခိုင်ရယ်။ ဒါတွေ နောက်မှ ဆွေးနွေးကြရအောင်"

နခိုင် ခေါင်းခါယမ်းရင်း ဟင်းကနဲ သက်ပြင်းချသည်။

"နခိုင် စက်ဘီးရှေ့က ခြင်းထဲမှာ အာလူးကြော်ထုပ်တွေ တွေ့တယ်။ တို့ သွားယူလိုက်မယ်နော်"

နနခိုင် အဖြေမပေး။ မျက်မှောင်ကြုတ် နှုတ်ခမ်းစေ့ကာသာ တွေဝေနေတော့သည်။

"ခိုင် တို့ အောင်အောင် ဖြေမှာပါကွာ။ စာပေးစာယူလည်း တက်မယ်။ ဘွဲ့တစ်ခုယူမယ်။ ခိုင် စိတ်တိုင်းကျစေ ရမယ်။ ကဲ.. မျက်နှာကြီး စူမထားနဲ့တော့"

သည်တော့မှ နနခိုင် ပြုံးလာသည်။

နေရာမှခုန်ထကာ စက်ဘီးဆီ အပြေးသွားလျက် အာလူးကြော်ထုပ်၊ ကုလားပဲကြော်ထုပ်တွေ ယူလာသည်။

"သူ့အတွက်လည်း စိတ်ပူရသေးတယ်။ အဆင်ပြေအောင်ကို မပြောချင်ဘူး၊ ဟွန်း.."

အာလူးကြော်ထုပ် ဖောက်ပြီးပေးသည်ကို တစ်ချပ်နှိုက်ယူရင်း ဇင်ယော်ကလည်း နနခိုင်နှင့်အတူ ရောယောင် ပြုံးနေတော့သည်။

"ဘယ်သူမဆို အခက်အခဲတွေ၊ ပြဿနာတွေ ရှိကြတာချည်းပဲ ဇင်ယော်။ အနည်းနဲ့အများ ကွာတော့ ကွာတာပေါ့။ ကဗျာလေးတစ်ပိုဒ် ရှိတယ်လေ။ လမင်းကွယ်သွားတာကိုချည်း တမ်းတ ငိုရှိုက်နေရင် ကြယ်ကလေး တွေ လင်းနေတာကို မမြင်ရတော့ပဲ ဆုံးရှုံးသွားမှာပေါ့တဲ့"

ဇင်ယော် ခေါင်းခါသည်။

"ကြယ်ကလေးတွေ ကွယ်သွားတာကိုချည်း တမ်းတငိုရှိုက်နေရင် လမင်းကြီးထွန်းလင်းနေတာကို မမြင်ရ တော့ဘဲ ဆုံးရှုံးသွားမှာပေါ့"

"ဘယ်မှာလဲ လမင်းကြီး"

"ရေကန်ပေါင်နားမှာ"

တိုးတိတ်လွန်းသည်။ သို့သော် နနရိုင် ကြားရလေသည်။

* * * * * *

# နေခြည်ဖြာဆမ်း လန်းစွင့်စဉ်

"ဇင်ယော် ဦးမောင်အေး ဘယ်သွားသလဲ"

အမေက နှစ်ထပ်ပျဉ်ထောင်အိမ် လှေကားထိပ်မှ ဆီးပြီးမေးသည်။

ကိုယ်ဝန်အရင့်အမာနှင့်မို့ မြန်မာခါးတိုအင်္ကျီသည် ရင်ခေါင်းတက်နေသည်။ အမေ့ဆံပင် အတိုအစတွေကလည်း ခြောက်သွေ့ ဖွာလန်နေ၏။ ပါးချောင်နားချောင် ကျနေသည်မှာ မွေးဖွားကာနီး လစေ့သောကြောင့်ဖြစ်သည်ဟု ဒေါ်အေးနှစ်ကြီးက ဇင်ယော်ကို ပြောပြ ဆရာလုပ်သွားသေးသည်။

"ထုံးစံအတိုင်းပေ့ါ အမေ"

"အဲဒီသေနာကြီးကတော့လေ ချဲနဲ့ပဲ နှစ်ပါးသွားနေတော့တာပဲ။ ဘယ်နေ့ အကုပ်ခံရဦးမယ် မသိဘူး"

သူ့မိခင်သည် လင်တစ်ယောက်ယူ၊ ကလေးတစ်ယောက်မွေးနှင့် ယခုလည်း ဦးမောင်အေးနှင့် တစ်ယောက်မွေးပြန်ဦးတော့မည်။

ဆေးထိုးဆေးစားတာပဲ။ သည်ကြားထဲကကို ကြံဖန်ရှိသွားတာပဲ အဒေါ်ရဲ့ဟု သူ့မိခင်က ဒေါ်အေးနှစ်ကို ညည်းညူဖြေရှင်းနေသံ ကြားသည်။

သူ့အဖေတုန်းက ဆေးရုံအလုပ်သာ စိတ်ဝင်တစားရှိပြီး အပြင်ဆေးကုခန်းမှာ အပိုဝင်ငွေ မရှာခဲ့ဘူးဟု သူကြားဖူးသည်။ ဆရာဝန်ကတော်ဆိုသောဂုဏ် ရှိခဲ့သော်လည်း အမေ မချမ်းသာခဲ့။

ဦးကျင်ပုက်ကျပြန်တော့ ရသမျှ အရည်ဖျော်ပစ်ပြန်သည်။

ဆရာဝန်ကတော်ကျမှ ကွန်ပေါင်ဒါမိန်းမ ဖြစ်ရမလားလည်း ဇင်ယော် အပြစ်မတစ်ချင်ပါ။ အမေ့မျိုးရိုးကိုကလည်း လက်လုပ်လက်စား ကုန်စိမ်းရောင်းဈေးသည်တစ်ဦး၏ သမီးမျှသာပဲ မဟုတ်လား။

ဦးကျင်ပုက်၏လက်မှ ဦးမောင်အေးလက်သို့ အမေ ထွက်ပြေးခိုလှုံသွားသည်ကိုမူ ဇင်ယော် ရှက်သည်။ ရဲတိုင်ကာ အမှုဖွင့်တာတွေနှင့် ကျော်မကောင်းကြားမကောင်း သတင်းတွေကို ဇင်ယော် ရင်မဆိုင်နိုင်ခဲ့။

ခုတော့လည်း ဦးမောင်အေး၏ မိသားစုအဖြစ် ကုလားကျောင်းတွင် အခြေကျနေပါပြီ။

"ဆိုင်မှာဘယ်သူရှိလဲ ဇင်ယော်"

"ဦးလေးတူတွေ ရှိပါတယ်"

"နင်က ဘယ်သွားမလို့လဲ"

"ကျွန်တော် အောင်စာရင်း သွားကြည့်မလို့"

အမေ့မျက်နှာ ဝင်းပသွားလျက် -

"အေး.. အေး၊ မြန်မြန် ပြန်လာနော်။ ငါ့လာပြောအုံး"

ဦးမောင်အေး၏ တာယာအရောင်းဆိုင်တွင် ဇင်ယော်သည် ငွေကိုင်စာရေးသဘောမျှသာ အလုပ်ရှိသည်။

ပထမအချက်အနေနှင့် ဇင်ယော်ကို ဦးမောင်အေးက ငွေကြေးအံဆွဲသော့ကို ယုံယုံကြည်ကြည် အပ်နှံလေသည်။ ဆရာဂန်လင်းယုန်၏သားဆိုသော ဂုဏ်သိက္ခာကို အမြဲအစဉ် ဇင်ယော် ဂုဏ်ယူထိန်းသိမ်းခြင်းကြောင့် အယုံအကြည် ခံယူရခြင်း ဖြစ်လေသည်။ ဒုတိယအချက်အနေနှင့် ဇင်ယော်သည် အပြောအဆို၊ အနေအထိုင် သိမ်သိမ်မွေ့မွေ့ရှိသည်နှင့်အမျှ အလေးအပင် အကြမ်းပတမ်းမရ။ ဖအေ့သွေးလေဟု အမေက မေးတင့်ငေါ့ငေါ့ ကဲ့ရဲ့သလိုနှင့် တကယ်တော့ ဂုဏ်ယူသည်။

"ကျွန်မက လက်ကြောမတင်းဘူး။ စာလည်းမတတ်ဘူးလေ။ ရုပ်ပြပြီး လင်ရာစားရတာပေါ့" ဟု အမေက သူမ၏ အပေါင်းအသင်းတွေအား နောက်သလိုလို၊ အတည်လိုလို ပြောတတ်လေသည်။

ရုပ်ပြပြီး လင်ရှာခဲ့သမျှထဲမှာ အမေသည် အဖေ့ကို တကယ်ချစ်ကြိုက်ခဲ့ပြီး အထင်တကြီး တန်ဖိုးထားခဲ့မှာပါ ဟု ဇင်ယော် တွက်ဆသည်။

"နင် သွားရင်းလာရင်း ဦးမောင်အေးတွေ့လည်း ပြန်လွှတ်လိုက်ဦး၊ သိလား။ ငါ့ဗိုက်ထဲ သရိုးသရီနဲ့၊ ဒီနေ့များ မွေးမလားပဲ"

အမေ အေးအေးဆေးဆေးပြောသော်လည်း ဇင်ယော် ပူပန်မိသည်။

တာယာဆိုင်သို့ဝင်ခါနီး ဦးမောင်အေး၏တူတွေကို အသေအချာ အမှာပါးခဲ့ရသေးသည်။ ဦးမောင်အေး ဆိုင်ရောက်ရောက်ချင်း အိမ်ပြန်ပါ။ အရေးကြီးသည်ဟု မှာခဲ့သည်။ အမေ ဗိုက်နာနေသည် ဟုတော့ သူ မပြောချင်။

လှိုင်အထက်တန်းကျောင်းတွင် လူတွေ ကျိတ်ကျိတ်တိုးနေသည်။ အောင်စာရင်းတွေ ဆွဲမဆုတ်ဖို့ တာဝန်ရှိ သူတွေက စောင့်ကြည့်ကြပ်မတ်နေရသည်။ မအောင်၍ဆုတ်သည်။ နောက်ပြောင်ချင်၍ ဆုတ်သည်။ အကျိုးမဲ့ အဖျက်အမှောင့်လုပ်ငန်းကလည်း လစ်လျှင်လစ်သလို နေရာယူချင်သေးသည်။

အောင်စာရင်းကြည့်သူတွေထဲမှာ ထွန်းအောင်လတ် ပါဝင်နေသည်ကတော့ အတော်ကလေး ဆန်းကြယ်သည်။ သူမှ စာမေးပွဲ မဖြေထားတာ။ ခုထိ ရှစ်တန်းမအောင်နိုင်ဘဲ ယက်ကန်ယက်ကန် ကျန်ခဲ့တာ ကလား။

"ဇင်ယော်.. မင်း သချ်ာဂုဏ်ထူးနဲ့ အောင်တယ်ကွ။ ငါ့ကို မနက်စာကျွေး"

"မပါဘူးဗျ"

"မင်း မပါရင် ငါကျွေးမယ်ကွာ။ လာ.. ဒေင် သွားမလား"

"အင်းစိန်လား"

"အင်းလေ၊ ဒေင်ဆိုရင် အင်းစိန်ပေါ့"

ဇင်ယော်သည် အောင်စာရင်းမထွက်ခင်ကတည်းကလည်း နနခိုင် ဂုဏ်ထူးဘယ်နှစ်ခု ရပါမလဲ မှန်းဆနေသည်။ ယနေ့ အောင်စာရင်းထွက်မည် ဆိုပြန်တော့ ပိုပြီး သတိရနေသည်။

အင်းစိန်အမှတ်(၁) အထက်တန်းကျောင်းသို့သွားပြီး နနခိုင်၏ အောင်စာရင်းကို အရဲကိုးကြည့်ရမည်ဟု သူအားယူနေခဲ့သည်။

မမျှော်လင့်ဘဲ ထွန်းအောင်လတ်၏ ဒေင်အကြံအစည်က ဇင်ယော်ကို ကူညီလိုက်လေသည်။

အမှတ်ရှစ်ဘတ်စ်ကားစီးကာ နှစ်ယောက်သား အင်းစိန်သို့ ခရီးနှင်ကြသည်။ ကျောင်းသားတွေ၊ ဆွေမျိုးမိတ်သင်္ဂဟတွေ အားလုံး၏ပါးစပ်ဖျားတွင် စာမေးပွဲအောင်စာရင်းသာ ရေပန်းစားနေတော့၏။

ဇင်ယော်က ဘတ်စ်ကားပေါ်တွင် မိုးတိုးမတ်တတ် တန်းကို ကိုင်တွယ်အားပြု ရပ်နေဆဲ ဖြစ်သည်။

ထိုင်ခုံတွေမှာ နေသားသကျထိုင်နေကြသော ခရီးသွားတွေ၏ ဦးခေါင်းပေါ်မှ စီးမိုးကာ လမ်းတစ်လျှောက် ကားအသွားအလာတွေ၊ လမ်းဘေးလျှောက်သွားနေသူတွေ၊ တိုက်တာဆိုင်ခန်းတွေကို သူ မြင်တွေ့နေနိုင်သည်။

အောင်စာရင်းသွားကြည့်လျှင် နနခိုင်နှင့် တွေ့ကောင်းတွေ့လိမ့်မည်ဟု ဇင်ယော် အားခဲထားခဲ့ပေသည်။

အမှတ်ရှစ်လိုင်းကားဘေးမှ ဘောက်စ်ဂက်ဝွန်း အဖြူကလေး ဂီးကနဲဖြတ်သန်းသွားသောအခါ ဇင်ယော် အသဲနှလုံး လွင့်စဉ်သွားသလား အောက်မေ့ရသည်။

ကားမောင်းသွားသူက သမားတော်ကြီး ဦးလှိုင်မြင့်၊ သူ့နဘေးတွင် နနခိုင်က လက်ဝါးနှစ်ဖက်လှည့်ကာ စောင်းကာ ရယ်မောကာ ပြောဆိုသွားသည်။ သားအဖနှစ်ယောက်စလုံး ရွှင်ပြရယ်မောလျက် ရှိကြလေသည်။

ယနေ့ တနင်္ဂနွေ။ သူတို့သားအဖ တစ်နေရာရာ သွားရောက်ပျော်ပွဲဆင်ဖို့ အစီအစဉ်ရှိပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် နနခိုင်က ထူးထူးချွန်ချွန်အောင်မြင်ဖို့ အလားအလာကောင်းပြီးသား မဟုတ်လား။

"ဟေ့ကောင်.. ညာချိုးလေကွာ။ ဒေင်ပါဆို"

"နေပါဦး၊ ငါ ကျောင်းဘက် သွားပါရစေဦး"

"ဘာ သွားလုပ်ဦးမလို့လဲ"

"ရောက်တော့ သိမှာပေါ့ကွာ"

ထွန်းအောင်လတ်က ဤမျှအထိတော့ ထုံထုံအအ မဟုတ်။

"ဟုတ်သားပဲ၊ မင်း သူငယ်ချင်းမလေး ဂုဏ်ထူးဘယ်နှစ်ခု ထွက်သလဲ သွားကြည့်ရဦးမှာပဲ"

ဇင်ယော် မျက်လုံးစွေကြည့်ရုံမှအပ တစ်စုံတစ်ရာ ဖြောင့်ချက်မပေး။

"မင်း ချိန်းထားသလား"

"မချိန်းထားပါဘူး"

ထွန်းအောင်လတ် မယုံကြည်လျှင်သာ ရှိရမည်။ ဇင်ယော်က နနခိုင်၏အောင်စာရင်းကို သူကကြည့်မည် ဟု မချိန်းဆိုထားတာ အမှန်ပဲဖြစ်သည်။

ကျောင်းဂင်းတံခါးဆီသို့ လျှောက်လာကြစဉ် သူတို့နည်းတူ အောင်စာရင်းရှိရာသို့ ရှေးရှုနေသူ လူငယ်လူရွယ်တွေ စုစု စုစု လှမ်းမြင်နေရသည်။

"ဟော့ကောင်.. နနခိုင် သရီးဒီကွ"

အင်းစိန်မှာ ကျောင်းအတူတတ်ခဲ့ဖူးသော သူငယ်ချင်းတစ်ယောက်သ သတင်းပေးသည်။

"နင် အောင်တယ်မဟုတ်လား ဟင်၊ ဒီ ပါလား"

ဇင်ယော်က စပ်စုလာသောသူငယ်ချင်းကို လက်ညှိုးတစ်ချောင်းထောင်ပြီး အဖြေပေးသည်။

"သူ အောင်လို့သာ နနခိုင်ရဲ့အောင်စာရင်း လာကြည့်တာပေါ့ဟ။ မဟုတ်ရင် ဘယ်လိုလုပ် မျက်နှာပြောင်တိုက်ပြီး လာမလဲ"

ထွန်းအောင်လတ်ကတော့ သူ ဖြေမထားသော စာမေးပွဲစာရင်း လာကြည့်ရာတွင် ငါ့ဘာသာ မျက်နှာပြောင်တာ ဘာဖြစ်သလဲ ဆိုသော သဘောလည်းမရှိ၊ သတိလည်းမထားဖြစ်ဘဲ အမှုမဲ့အမှတ်မဲ့ သက်တောင့်သက်သာ ရှိနေသည်။

ဇင်ယော်ကား မှုန်ကုပ်ကုပ်နှင့် နှုပ်ဆိတ်နေလေသည်။

"ရဲစခန်းက ကပ်လျက်ပါပဲလား"

"ရဲစခန်းကနေ ထုတ်၊ တရားရုံးသွား၊ တရားရုံးက အပြစ်ချ၊ လမ်းကူးပြီး ထောင်ထဲရောက်တာပေါ့"

ဇင်ယော်က မြို့ပြအနေအထားကို ခပ်ထေ့ထေ့ ရှင်းပြသည်။

သူ မကြည်လင်နေကြောင်း ရိပ်မိနေသော ထွန်းအောင်လတ်က ဇင်ယော့်အဖြစ်ကို ကျိတ်ပြုံးချင်လာသည်။

ထိုအခိုက်မှာပင် ကားတစ်စီးက သူတို့နံဘေးတွင် ထိုးရပ်သွားသည်။ ရုတ်တရက် ဘရိတ်ဖမ်းထိုးဆိုက်လိုက် တာမို့ လန့်ဖျက်သွားကြရလေသည်။

စိတ်တိုလွယ်သော ထွန်းအောင်လတ် ဆတ်ကနဲ လှည့်အကြည့်တွင် ဆဲရေးသံထွက်မသွားမီ ဇင်ယော်က စိုးရိမ်တကြီး လက်ကုတ်ဆွဲသည်။

"ဇင်ယော်.. မင့်အောင်စာရင်း ကြည့်ခဲ့ပြီးပြီ။ မင်းတို့အိမ် လိုက်သွားတော့ ပြန်မလာသေးဘူးတဲ့။ ဒီရောက်နေမှာပဲဆိုပြီး ငါတို့သားအဖ ပြန်လာတာ"

အဖြူရောင် ဗောက်စ်ဂက်ဂွန်းကားရှေ့ခန်းတံခါးဖွင့်ပြီး ဆင်းလာသော နနခိုင်သည် နှင်းပန်းပွင့်ခက်ကလေး သဖွယ် ဖြူဖြူစင်စင် သွယ်သွယ်လျလျ မြင့်မားတင့်တယ်သည်။

အဖြူဆွတ်ဆွတ် ပိုးစစ်ပျော့ဘလောက်စ် လက်ရှည်သည် ခန္ဓာတွင် မထိသလိုထိသလို ပျောင်းအိလျက် တင်ပါးကို ဖုံးအုပ်ထားသည်။ စံပယ်ပွင့်တွေလိုလို၊ ဖွန်ပွင့်တွေလိုလို အဖြူရောင် ပန်းပွင့်သေးသေးကလေးတွေ မြစိမ်းနအောက်ခံတွင် ကြဲပက်ထားသည်။

ဇင်ယော်၏ မှုန်မှိုင်းမှိုင်းမျက်လုံးတွေ ကြည်လည်ရွှန်းလဲ့လာသည်။

ချိန်းမထားသော်လည်း ချိန်းစရာမလိုအပ်ဘူးဟု သူ ယူဆထားခဲ့သည်။ နနခိုင်၏ အောင်စာရင်းကို သူ လာကြည့်လိမ့်မည်ဟု နနခိုင် သိပြီးဖြစ်ရပေမှာ မဟုတ်လား။

စောစောတုန်းကဆိုလျှင် နနခိုင်က ကိုယ်ပိုင်ကားနှင့် ဆန့်ကျင်ရာသို့ ဦးတည်သွားနေစဉ် ဇင်ယော်သည် ဘတ်စ်ကားပေါ်မှ အလှမ်းမမှီနိုင်သည့်အဖြစ်ကို ရင်နင့်အားငယ်ခဲ့ရသည်။

ခုတော့တစ်ဖန် နနခိုင်သည် သူ့ရှေ့မှောက် မြေပြင်ပေါ်မှာ လက်ကမ်းကြိုဆိုနေပြန်ပါပြီ။

"အိမ်မှာ မုန့်ဟင်းခါးချက်ထားတယ်။ ညှပ်ခေါက်ဆွဲလည်း ရှိပါတယ်။ နင်က ညှပ်ခေါက်ဆွဲကြိုက်တယ်လို့ ဒေါ်ဟလီမာကို ငါ ပြောထားတာ"

ဇင်ယော်က ကားစက်မသတ်ဘဲ စောင့်နေသော သမားတော်ကြီးဦးလှိုင်မြင့်ကို အကဲခတ်သလို မျက်လုံး ဝင့်ကြည့်မိသည်။

သမားတော်ကြီးက ပြုံး၍ ခေါင်းဆတ်ပြကာ ကွန်ဂရက်ကျူလေးရှင်း မောင်ဇင်ယော် ဟု ဂုဏ်တင် ချီးမွမ်းသည်။

ကျေးဇူးတင်ပါတယ်အန်ကယ်ဟု သူက တိုးတိတ်စွာတုံ့ပြန်သည်။ သူ့ကြိုးစားအောင်မြင်မှုကို အသိအမှတ် ပြုသောကြောင့် ကျေးဇူးတင်သည်။ သူ့ကို နေအိမ်သို့လိုက်ပါခွင့်ပြုသောကြောင့်လည်း ကျေးဇူးတင်ရပေသည်။

ကမ္ဘာလောကကြီးသည် ပြာလဲ့သောကောင်းကင်အောက်တွင် အရာခပ်သိမ်း တောက်ပကြည်လင်နေသည် ဟု ဇင်ယော် ပျော်မွေ့စွာ မှတ်ချက်ချမိ၏။

"မင်းသူငယ်ချင်းကိုလည်း ခေါ်လေ"

နနခိုင်က နောက်ခန်းတံခါးဖွင့်ပေးပြီး ဇင်ယော်ကို ညွှန်ကြားသည်။

ထွန်းအောင်လတ်မှာ ဇင်ယော်ပါသွားလျှင် သူတစ်ယောက်တည်း ကုလားကျောင်းပြန်ရမလား၊ မင်္ဂလာ တောင်ညွန့်ဘက်မှ သူငယ်ချင်းဟောင်းတွေပဲ သွားပြန်ရှာဖွေရမလား ဂဝေခွဲမရဖြစ်နေသည်။

နနခိုင်၏ ဖိတ်ခေါ်ချက်ကို ဂမ်းပန်းတသာ ကြားလိုက်ရသည်၏အဆုံးတွင် ဇင်ယော့်ထံမှ အတည်ပြုချက် ရယူသည့်သည် မယူမှတ်တော့ပဲ ဖွင့်ထားသောတံခါးမှ ထွန်းအောင်လတ် စွေ့ကနဲဆို ကားထဲဝင်ရောက်သွား တော့၏။

ဇင်ယော်သည် ဦးလှိုင်မြင့်၏ကားကို သည်တစ်ကြိမ် ပထမဆုံး စီးရဖူးခြင်း ဖြစ်၏။

ဇင်ယော်အပေါ် နုနုခိုင် ခင်မင်နှစ်လိုကြောင်းကို ဦးလှိုင်မြင့် မသိမဟုတ်။ သိခဲ့သည်။ နုနုခိုင်၏ အလိုမှန်သမျှ နည်းလမ်းအကျနိုင်ဆုံး လိုက်လျောဖြည့်ဆည်းပေးချင်သည်။ တစ်ဦးတည်းသောသမီး မိတဆိုးလေး၏ဘဝတွင် ခလုတ်ကန်သင်း အတားအဆီး ကြုံဆုံရမှာကို မျက်စိဒေါက်ထောက် ကြည့်ရှုဖယ်ရှားပစ်ဖို့ သူ အစဉ်သတိရှိ၏။

ဇင်ယော်ကို ဆရာဂန်တစ်ဦး၏သားအဖြစ် သူ လက်ခံနိုင်ခဲ့သည်။ သူ သိခဲ့ဖူးသော လူအေးလူကန့်လန့် လင်းယုန်သည် မထင်မရှား လက်လုပ်လက်စား မိန်းကလေးတစ်ဦးနှင့် အမှတ်မထင် အိမ်ထောင်ကျသွားခြင်း သည် မဆန်းကြယ်လှသော ဖြစ်ရိုးဖြစ်စဉ် တစ်ခုဟု သူ လျစ်လျူရှုခဲ့သည်။ အနီဆရာဂန် လင်းယုန်သည် လောကကို စောစီးစွာ စွန့်ခွာသွားသောအခါ ဇင်ယော်ကို ထားရစ်ခဲ့သည်။

ဆရာဂန်လင်းယုန်ဘက်ပိုင်းမှသာ သူ တန်ဖိုးထားလက်ခံနိုင်ခဲ့သော ဇင်ယော်နှင့်မှ သူ့သမီး နုနုခိုင်က နှစ်ရှည်လများ သက်ဆိုင်ခင်တွယ်လာခဲ့ပေသည်။

တစ်စုံတစ်ခုသော အတိုင်းအတာအထိ ခိုင်မြဲသော ထို သံယောဇဉ်ကို သူ အသိအမှတ် မပြုချင်၍ မရတော့ပါ။

ဇနီးဖြစ်သူ မပုံမရဲ ရှိုးတိုးတိတ်ဆိတ် တွက်ဆချက်မှာ ဇင်ယော်ကလေးလည်း ဆယ်တန်းအောင်ဖို့ သေချာ သလောက်ပဲနော် ကိုကို။ ဒါမှလည်း အခြေခံနိုင်သွားပြီ ပြောနိုင်မှာပဲ တဲ့။

သူ တုံ့ပြန်ဆွေးနွေးခြင်းမရှိသော်လည်း ဇင်ယော် အောင်မြင်ပါ့မလား သူ စိုးထင့်နေမိကြောင်း မငြင်းနိုင်။

ဘယ်သူ အောင်တယ်၊ ကျတယ်၊ ဒီဘယ်နှစ်ခုပါတယ်။ မှန်းသလောက်မပါလို့ ဟီးချပိတာ ဘာညာ သူတို့ သူငယ်ချင်းတွေအကြောင်း နုနုခိုင်က နောက်ခန်းဘက် စောင်းလှည့်ကာ ရေပက်မဝင် ပြောသည်။ ဇင်ယော်က အလိုက်သင့်အလျားသင့် စကားထောက်ရင်း ဦးလှိုင်မြင့်ရှေ့မှောက်တွင် ဆင်ခြင်ထိန်းကွပ်ကာ နေသည်။

ရှေ့ ဘာဖြစ်လာမည်ဟု မည်သို့မျှ မသေချာနိုင်သေးစေကာမူ သူ့ကို ယခင်ကထက် ဦးလှိုင်မြင့်က ပိုမို လက်ခံလာပြီဆိုတာအထိတော့ ဇင်ယော် သိနိုင်သည်။

မည်မျှ အလှမ်းကွာဝေးစေကာမူ နုနုခိုင်သည် သူ့မျှော်လင့်ချက်တွေ တိတ်တခိုး ထားမိစေခဲ့သည်။

ဦးကျင်ပုက်၏နေအိမ်တွင် ဇင်ယော်တို့ညီအစ်ကိုကို ထားရစ်ပြီး ဦးမောင်အေးနောက်သို့ အမေ ကောက်ကောက်ပါအောင် လိုက်ပြေးသွားစဉ်က နုနုခိုင်သာ မဖျောင်းဖျဘူးဆိုလျှင် ဇင်ယော် ရက်ကြောက် ကြေကွဲစွာ ထွက်ပြေးလေလွင့်သွားမှာ မလွဲ။

"ဦးကျင်ပုက်က ရိုက်နှက်စွပ်စွဲနေတော့ ဖြေရှင်းမရတဲ့အတူတူ ဖွတ်နှစ်လိုက်တာဖြစ်မှာပါ ဇင်ယော်။ မင်းအမေကိုကလည်း လင်ကံဆိုးပါတယ်။ မင့်အဖေက သေ၊ ဦးကျင်ပုက်ကျပြန်တော့ အသက်ကကြီး၊ အရက်က မူးလာရင် သွေးဆိုး၊ ဖြစ်လာမှတော့ ခေါင်းအေးအေးထားပြီး ရင်ဆိုင်စမ်းပါ။ ငါလည်း ပိုင်းစဉ်းစားပေးမှာပေါ့။ ငါ ကူညီနိုင်တာအားလုံး ကူညီမယ်။ မင့်ဘက်မှာ ငါရှိတယ်ဆိုတာ မမေ့နဲ့"

သူတို့တွေဆုံစဉ်က ပန်းခြံဟောင်းကြီးသည် ယခုအခါမှာတော့ ပြုပြင်ထားပြီမို့ ပန်းပေါင်းစုံ တင့်မောဝေဆာ နေပြန်သည်။ ဟောင်းပျက်ခြောက်သွေ့သည့် ထိုပန်းခြံရေကန်နံဘေးတွင် နုနုခိုင်က သူ့ကို ဆီမန်းမန်းသလို တတွတ်တွတ် အားပေးခဲ့သည်ကို သူ မမေ့နိုင်ပါ။

တစ်ဖက်မှလည်း ဦးကျင်ပုက်ကြီး မသောင်းကျန်းရအောင် ဦးလှိုင်မြင့်က အမိန့်အာဏာဖြင့် ထိန်းချုပ်ထားပေးခဲ့တာမို့ ဇင်ယော်သည် အဘိုးလာမခေါ်မီ ကြားကာလတွင် အသားမနာဘဲ ပင်ပန်းငြိုငြင်စွာ ပထွေးဟောင်းနှင့် တစ်မိုးအောက် အတူနေခဲ့ရလေသည်။

ယခု ဇင်ယော်တို့တစ်တွေ ဦးမောင်အေး၏အရိပ်ကို မှီခိုနေကြရပြန်ပါပြီ။

တစ်နေ့နေ့မှာတော့ သူစိမ်းယောကျ်ားတစ်ယောက်ယောက်ကို အမေ မမှီခိုရအောင် သူ စွမ်းဆောင်လာနိုင်ရမည်ဟု ဇင်ယော် အားတင်းပြင်ဆင်လေ၏။

နနခိုင်တို့နေအိမ်သို့ ကုန်းမြင့်ကလေးကို ကွေ့ပတ်တက်သွားရသည်။ လမ်းသစ်လမ်း၏ ညာဘက် အတွင်းကျကျ အတော်ချိုးကွေ့ဝင်ရလေသည်။

လူပျိုပေါက်အရွယ်မှစပြီး သည်နေရာတစ်ဝိုက်သို့ ဇင်ယော် ချေဦးမလှည့်ခဲ့ပါ။

နနခိုင်ကိုလူပျိုလှည့်သည်ဟု အစွပ်စွဲခံရမှာ သူ စိုးရိမ်ခဲ့သည်။ နနခိုင် မနစ်နာစေလိုတာရယ်၊ အခင်မင် မပျက်ပြားစေချင်တာရယ်၊ ပြီးတော့ မတန်မရာမှန်းရွယ်လေသည် အပြောမခံချင်သော မာနတွေလည်း ပါဝင်ပေမည်။ မမှန်းဘူးလား၊ မရည်ရွယ်ဘူးလားဆိုပြန်လျှင် ဇင်ယော် ဝန်ခံရန် ခက်ခဲပြန်ဦးတော့မှာပါ။

"ဇင်ယော်.. မင်းသူငယ်ချင်းလည်း ခေါ်နော်"

နနခိုင်နှင့် ထွန်းအောင်လတ်သည် မျက်နှာစိမ်းများ မဟုတ်ကြ။ ဇင်ယော်အနီးတွင် မကြာခဏ တွေ့မြင်နေကျ ထွန်းအောင်လတ်ကို နနခိုင် မျက်မှန်းတန်းမိနေတာ ကြပါပြီ။

"ဟုတ်ကဲ့၊ အိမ်ရောက်မှတော့ သူမခေါ်လည်း ကျွန်တော် လိုက်မှဖြစ်တော့မှာ"

နနခိုင် သဘောကျစွာ ရယ်မောသည်။ သူ့ကို မိတ်ဆွေဖြစ်သင့်နေတာ ကြာခဲ့ပါပြီ။

နနခိုင် ဝန်ခံရမည်ဆိုလျှင် ထွန်းအောင်လတ်အပေါ် အမြင်မကြည်လင်နိုင်ခဲ့။

ထွန်းအောင်လတ်နှင့် ပေါင်းသင်းနေသည့်အတွက် ဇင်ယော်ကို နနခိုင် စိတ်ပူသည်။ ထွန်းအောင်လတ်နှင့် ဇင်ယော်ဟာ ဘယ်လိုမှ မတူညီနိုင်သော လူစားတွေပါ။ အေးဆေးပြီး ငယ်ရွယ်သော ဇင်ယော့်အပေါ် ထွန်းအောင်လတ် လွှမ်းမိုးပဲ့ကိုင်သွားမှာ စိုးရိမ်သည်။

သဘောကောင်းပါတယ် ခိုင်ရဲ့။ စိတ်တိုတတ်တာ တစ်ခုပဲ။ ဒါလည်း ခွင့်လွှတ်နိုင်လောက်တဲ့ အပြစ်ပါဟု ဇင်ယော်က ဖြေရှင်းနှစ်သိမ့်သည်။

တော်ကြာ မင်းကို မဟုတ်တာတွေ သင်ပေးနေရင်ကောဟု တစ်စွန်းတစ်စ ဖွင့်ဟသောအခါ ဇင်ယော်က ဘယ်လို မဟုတ်တာတွေလဲဟု မေးသည်။ သူကကြီးတော့ မဟုတ်တာတွေသင်ပေးရင် ဆိုပြီး နနခိုင် စကားလုံး ရှာမရ။ ရည်းစားသနာကိစ္စ၊ အထူးသဖြင့် မိန်းမကိစ္စ၊ လူပျိုသိုး ထွန်းအောင်လတ်၏ ထီမထင် ပေကပ်ကပ် လူပုံစံနှင့် မျက်နှာပေးသည် နနခိုင်အထင် ပြာပွေမှာပဲ ထင်သည်။ ဇင်ယော်ကို သိမ်းသွင်းသင်ပြနေမှုဖြင့်။

ဇင်ယော်က သူမကို သတိလက်လွတ် ငေးကြည့်ရင်း သူသင်စရာ မလိုပါဘူးဟာ။ ခိုင့်ကို လူမှန်းသိစကတည်းက တို့တွေခွဲတာဟု မပွင့်တပွင့် ပြောခဲ့၏။ သူ့မှာ ခိုင်ရှိနေသည်။ ဒါပါပဲ။

အဲဒါ ကိုးတန်းနှစ်က။

နနခိုင် ရှက်ပြုံးပြုံးရင်း ကျေနပ်သွားခဲ့လေသည်။ နနခိုင် ဘာကိုစိတ်ပူသလဲ ဇင်ယော် နားလည်သည်။ ပြီးတာပါပဲ။

ဇင်ယော့်ဘ၀ သာယာစိုပြည်ရေး အခက်အလက် ဂေဂေဆာဆာနှင့် အညွန့်တလူလူ တက်လာရေးသည် နနခိုင်အတွက် အရေးအကြီးဆုံး အလေးနက်ဆုံး တာဝန်တစ်ရပ် ဖြစ်နေသည်။ သူမကိုယ်တိုင်က လိုလိုချင်ချင် ခံယူထားသော တာဝန် ဖြစ်လေ၏။

ဦးကျင်ပုက်ရိုက်နက်သည့်ဒဏ်နှင့် ပန်းခြံပေါင်းကြီးတွင် ခိုအောင်းနာကျင်သေသော ကောင်ကလေးကို ယနေ့ထက်တိုင် ခုတွေး ခုမြင်ယောင်၏။ ဇင်ယော်အတွက် သူမ မရှိ၍မဖြစ်။

ယနေ့ ဇင်ယော်သည် တည်ကြည်ပျို့မျစ်သော လူပျိုလူရွယ်တစ်ယောက် ဖြစ်နေခဲ့ပါပြီ။ ယနေ့ အခြေခံပညာ အထက်တန်းစာမေးပွဲကိုပင် သချ်ာဂုဏ်ထူးနှင့် အောင်မြင်ခဲ့ပြီပဲ။

သို့တိုင် နနခိုင်၏ရင်ထဲတွင် ပန်းခြံပေါင်းမှာ ခိုအောင်းနာကျင်နေသော ကောင်ကလေးသည် ပျောက်ကွယ်၍မသွား။ အဘယ်ကြောင့်ဆိုသော် ယင်းကောင်ကလေး၏ အတွင်းစိတ်ဒဏ်ရာ လုံးလုံးလျားလျား ပျောက်ကင်းမသွားသေးကြောင်း နနခိုင် ရိပ်မိနေပေသည်။

နနခိုင်က သူတို့နှစ်ယောက်ကို ဧည့်ခန်းထဲသို့ ဦးဆောင်ခေါ်သွားသည်။

ဇင်ယော် ရောက်ဖူးသမျှ နေအိမ်တွေထဲမှာ နနခိုင်တို့နေအိမ်သည် အခမ်းနားဆုံး အခံ့ညားဆုံး ဖြစ်သည်။ ပြောရမည်ဆိုလျှင် သူ့အပေါင်းအသင်းတွေထဲမှာ ဤမျှ အခြေမြင့်အနေမြင့်သောသူလည်း မရှိဖူးပါ။ သည်ထက် ငွေကြေးချမ်းသာလျှင် ချမ်းသာမည်။ သည်ထက် ကောင်းကောင်းဝတ်ပြီး သည်ထက် ကောင်းကောင်းစားလျှင်သာ ရှိရမည်။ သည်လို အဆင့်မြင့်မြင့်နေတတ်သူ မရှိ။

ဒါဟာ နေအိမ်ချည်းသက်သက် ဆုံးဖြတ်ပြီး မှတ်ချက်ချနိုင်သည် မဟုတ်ရပါ။

နနခိုင်သည်လည်းကောင်း၊ ဒေါက်တာဦးလှိုင်မြင့်သည် လည်းကောင်း အကျင့်သိက္ခာရှိစွာ ပြောဆိုပြုမူကြသူများ ဖြစ်သည်။ ဟန်ဆောင်မှု ပကာသနတွေမပါ၊ ပစ္စည်းဥစ္စာ ဓနလိုမ့်လှိုင်း ဂါကြွားမှုတွေ သူတို့ထံမှ မကြားရစဖူး။ ရိုးစင်းသော မျက်လုံးများနှင့် ထက်မြက်ဆင်ခြင်သော အရိပ်အသွင် အဆင်အပြင်များက သူတို့ သားအဖကို ပိုပြီး အခြေမြင့် အနေမြင့်စေသည်။

သူတို့နေအိမ်သည်လည်း အနီ ရိုးစင်းမှု၊ ထက်မြက်မှုတွေ လွှမ်းခြုံအုပ်ဆိုင်းထားခြင်းဖြင့် ဤမျှ ကျက်သရေ ရှိနေခြင်း ဖြစ်ပေမည်။

"အခုမှပဲ ဆာလာလိုက်တာ၊ စောစောတုန်းကတော့ ကော်ဖီတောင် မသောက်နိုင်ဘူး။ အောင်စာရင်းတွေ မမြင်ရမချင်း မစားနိုင် မသောက်နိုင် ရင်ပြည့်ရင်ကယ်နေတာ" ဟု နနခိုင်က ပြောသည်။

အောင်စာရင်းတွေဆိုသော ဇဟုပုစ်ကိန်းကို ဇင်ယော်မှာ ငြိမ့်ညောင်းအေးမြသော ဂီတသံအလား နားမှာ စွဲစိမ့်စီးဝင်သည်။ နနခိုင်တို့ အင်းစိန်မှအောင်စာရင်း၊ ဇင်ယော်တို့ လှိုင်မြို့နယ်အောင်စာရင်း၊ အောင်စာရင်းတွေ။

ဇင်ယော် ပျော်သည်။

နနခိုင်နှင့် တွေ့တိုင်းတွေ့တိုင်း အနည်းနှင့်အများ သူ ပျော်ရွှင်သည်ချည်း ဖြစ်သည်။

ဧည့်ခန်းမှာ ပါကေးခင်းထားပြီး ပါလစ်တင်ထားသောကြောင့် မနင်းရက်စရာ ဖိတ်ဖိတ်လက်နေသည်။ ဧည့်ခံဆိုဖာကြီးတွေမှာ ဇင်ယော်တို့ထိုင်လိုက်လျှင် အိသွား၏။

ဧည့်ခန်းထောင့်မှာ စန္ဒယားကို သူတို့နှစ်ယောက် နီးနီးကပ်ကပ် မမြင်ဖူးပဲ ထူးဆန်းနေကြပြန်သည်။

နနခိုင်က "ခဏထိုင်ကြဦးနော်" ဆိုကာ ကာဆီးထားသောလိုက်ကာကို ဘေးဖယ်ပြီး ထမင်းစားခန်းသို့ ဝင်သွားသည်။ ခိုင်ကျည်သော အုတ်နံရံတွင် တံခါးပေါက်နှစ်ပြန်စာကျယ်ဝန်းသော ဝင်ပေါက်နားတွင် တံခါးရွက်မထားပဲ ထူထဲလေးပင်သော ကီမိုနိုသား မိုးပြာရောင်ဖြင့် ကာဆီးထားသည်။

ထွန်းအောင်လတ်မှာ နံရံတွင်ချိတ်ထားသော ပန်းချီကားများကို တအံ့တသြ ငေးမောနေသည်။

စန္ဒယားရှေ့နံရံတွင် ချိတ်ဆွဲထားသော ပန်းချီကားသည် သူ့မျက်လုံးမှမထွက်နိုင်အောင် စွဲလမ်းလျက် မမှိတ်မသုန် စူးစိုက်ကြည့်သည်။

"အဲဒါ ဘယ်သူ့ပုံလဲ ဇင်ယော်"

ဇင်ယော်သည် တီးတိုးမေးမြန်းသော ထွန်းအောင်လတ်ကို တအံ့တသြကြည့်မိပြီးမှ ပန်းချီကားပင် မြင်ဖူးဟန် မတူသော သူငယ်ချင်းအဖြစ်ကို နားလည်စွာ ပြုံးမိသည်။

"ပန်းချီဆရာက တစ်ယောက်ယောက်ကို ကြည့်ဆွဲထားတာပေါ့ကွာ"

"လူအတိုင်းပဲနော်။ သိပ်တူတာပဲ"

"လူကြည့်ဆွဲမှာပေါ့ကွ"

"ဘာလို့ ချိတ်ထားတာလဲ"

"အဲဒီအဖိုးကြီး တယောထိုးနေတာ ဘယ်လောက် အသက်ပါသလဲ။ အသက်ဝင် ရသမြောက်လွန်းလို့ ချိတ်ထားတာပေါ့ကွ"

ထွန်းအောင်လတ် မျက်မှောင်တွန့်သည်။ တစ်စုံတစ်ရာ မှတ်ချက်မချဖြစ်သော်လည်း သူသာဆိုလျှင် အခြားရှခင်းပုံ၊ စေတီပုထိုးပုံတွေ ချိတ်ဆွဲမည် စိတ်ကူးသည်။

ခြေသံများကြားရကာ အခန်းထဲမှ နနခိုင်နှင့်အတူ အမျိုးသမီးကြီးတစ်ယောက် ထွက်ပေါ်လာသည်။

နနခိုင်၏မိထွေးဖြစ်ကြောင်း ဇင်ယော်သာမက ထွန်းအောင်လတ်ပင် မြင်ဖူးတွေ့ဖူး၏။

"သားအောင်တယ်လို့ သမီးပြောပြတော့ အန်တီဖြင့် ဂမ်းသာလိုက်တာကွယ်။ ဘဂခရီးတစ်ထောက်တော့ ပေါက်ရောက်သွားပြီ ပေါ့ကွယ်"

ဒေါ်သန္တာကို ကျောခိုင်းထိုင်နေသော ထွန်းအောင်လတ်၏ မချိုမချဉ်အပြုံးကို ဇင်ယော် တွေ့မြင်ရိပ်စားမိသည်။ သားဆိုသော အခေါ်အဝေါ် အသုံးအစွဲကို ငနဲသား အထအန ကောက်နေတာပါ။

သူကိုယ်တိုင်လည်း နားဝင်ပြီမ့်ညောင်း သာယာတာ အမှန်ပါ။

"သား ညုပ်ခေါက်ဆွဲကြိုက်တတ်တယ်လို့ နနခိုင် ပြောလို့ အန်တီတို့ သေချာပြင်ဆင်ထားတယ်ကွဲ့။ ဟင်းရည်ကျအောင်လည်း တစ်မနက်လုံး တည်ထားတာ။ ပူပူနွေးနွေးကလေး စားကြရအောင်နော်။ လာ.."

ဇင်ယော်သည် သူ ငယ်စဉ်ကတည်းက လူတိုင်းအပေါ် သိမ်သိမ်မွေ့မွေ့ ဆက်ဆံ နေရာပေးတတ်သော ဦးလှိုင်မြင့်ကိုတော့ တစ်သက်လုံး လေးစားအထင်ကြီးခဲ့ပြီးသား ဖြစ်သည်။ ယခု ဒေါ်သန္တာနှင့် ဆုံတွေ့ဆက်ဆံရပြန်သောအခါ ကြင်နာယဉ်ကျေးသော အကြည့်အရှု အပြောအဆိုတွေကို အမှတ်ထား သတိပြုမိရပြန်သည်။

သူတို့ ဝိုင်းထိုင်ကြသော ထမင်းစားပွဲဝိုင်းသည် ပန်းနုရောင် ဖော်မီကာအုပ်ထားသည်။ အလိုရှိသလို စားပွဲအလယ်ဝိုင်း လှည့်ပြောင်းကာ စားသောက်ဖွယ်ရာတွေ ထည့်ယူနိုင်သည်။

"သမီးရေ၊ လိုတာရှိရင် ဒေါ်ဟလီမာကို ပြောနော်။ ဒေါ်လေး စောင့်ပြီး လိုက်ပွဲလိုက်နေရင် သမီးသူငယ်ချင်းတွေ ကျဉ်းကျပ်မှာစိုးလို့"

ဒေါ်သန္တာက သူ့ပုခုံးကို အသာပုတ်ကာ -

"အဂနော် သား၊ လုံးဂ အားမနာရဘူး"

ဟု တရင်းတနှီး လောကွတ်ပြုသွားသည်။

ဇင်ယော့်ပန်းကန်ထဲသို့ နနခိုင်က လှီးထားသော ဘူးသီးကြော်များ ထည့်ပေးသည်။ ဘူးသီးကြော်ကြိုက်မှန်းလည်း နနခိုင် သိလေသည်။ အနီးသိပြီးသားအချက်ကိုပင် ဇင်ယော်သည် တစိမ့်စိမ့် ကြည်နူးကာနေ၏။

"အီဗရာ.. အဲ.. ဆောရီးနော်။ ထွန်းအောင်လတ်က ဘာအကြော်ထည့်မလဲဟင်"

ထွန်းအောင်လတ်က လက်ကာသည်။

"ရတယ် နနခိုင်၊ ကျွန်တော်က အားမနာတတ်ဘူး။ ကြိုက်သလို အဂစားမှာ"

"အိုကေ.. အိုကေ"

ထွန်းအောင်လတ်က ဒါတွင် စကားမရပ်ဘဲ ထွန့်လိုက်သေးသည်။

"ကျွန်တော့်ကိုလည်း အားမနာနဲ့။ ပြောစရာရှိ ပြော၊ ခေါ်ချင်သလိုခေါ်၊ အီဗရာဟင်ပဲခေါ်ခေါ်၊ ထွန်းအောင်လတ်ပဲခေါ်ခေါ် လုံးဂ အားမနာနဲ့"

ထွန်းအောင်လတ် အရောဝင်ခါမှပဲ နနခိုင် အားတုံ့အားနာ ရယ်မောသည်။

"ထွန်းအောင်လတ်ပဲ ခေါ်ပါ့မယ်ဟယ်၊ ကြိုက်လို့ ပြောင်းထားတဲ့နာမည်ကို ခေါ်ရမှာပေါ့"

"ကြိုက်လို့တော့ ပြောင်းတာပဲ။ ခက်တာက အီဗရာဟင် ပျောက်ကိုမပျောက်ဘူး။ အဖေပေးတဲ့ နာမည်မို့လား မသိပါဘူး"

ဇင်ယော်သည် မုန့်ဟင်းခါးကို ခေါင်းငုံ့စားနေရင်း သူ့သူငယ်ချင်းနှစ်ယောက်အကြောင်း စဉ်းစားနေမိသည်။

နနခိုင်ဘက်မှ နားလည်ကြင်နာမှုအားဖြင့် သူနှင့် နနခိုင်တို့ ခင်မင်လာကြသည်။

သူ့ဘက်မှ နားလည်ကြင်နာမှုအားဖြင့် သူနှင့်ထွန်းအောင်လတ် ခင်မင်လာကြသည်။

သူ့ကို ပင်တိုင်ထားပြီး မိတ်ဆွေများဟု သတ်မှတ်နိုင်သော သူ့သူငယ်ချင်းနှစ်ယောက်ကတော့ အစစအရာရာ အတွေးအခေါ် အသိုင်းအဝိုင်း အနေအထား ကွာခြားလွန်းလှသည်။

ဒါတွေဟာ ပင်တိုင်ဖြစ်သော သူကိုက ပုံသဏ္ဍာန်မမှန်တာပဲ ဖြစ်လိမ့်မည်။ အခြေအနေ အဖြစ်အပျက်တွေကို တွေးဆနေရင်း သူ့မျက်လုံး၊ သူ့အာရုံတွင် နနခိုင်၏ ပြောဟန်ဆိုဟန်၊ လှုပ်ရှားဟန် အရိပ်သဏ္ဍာန်အားလုံး ထင်ဟပ်နေလေသည်။

သူ့အဖို့ နနခိုင်ဆိုသော ရတနာကို ထားစရာမရှိလောက်အောင်ကို မြတ်နိုးလွန်းနေသည်။

သူ့အတွေ့အကြုံ၊ သူ ကြားဖူးနားဝရှိသလောက် အဆင်ပြေ ငြိမ်းချမ်းလှသည် ဆိုနိုင်သော မိသားစုအလယ်တွင် ယခုအခါ သူ ဝင်ဆံ့နိုင်နေလေပြီ။ သူ့ဘဝသည် နနခိုင်တို့အလယ်တွင် ဦးမော့ထူထောင်နေလေပြီ။

သူ့ဖခင် စောစီးစွာ ကွယ်လွန်သွားခဲ့ခြင်းသည်လည်းကောင်း၊ သူ့ပထွေးကိုသာ မိခင်ဖြစ်သူ အားပြုရှင်သန်ခဲ့ခြင်းသည် လည်းကောင်း တစ်စတစ်စ မေးမှိန်သွားလိမ့်မည်။ ဒါတွေ ဘာကြောင့် ဆက်လက်အရိပ်ထိုးနေနိုင်မှာတဲ့လဲ။

သူက စားပွဲအလယ်ပိုင်းကို လက်ဆန့်ရွှေ့လိုက်သည်။ သူ့ကို အရိပ်တကြည့်ကြည့်နေဟန်ရှိသော နနခိုင် ပျာပျာသလဲ ဖြစ်သွားသည်။

"နံနံပင် ထည့်မလားဟင်။ ငါ ထည့်ပေးမယ်"

မျက်နှာချင်းဆိုင်မှ ထွန်းအောင်လတ်၏နှုပ်ခမ်းတွင် ပြုံးယောင်သမ်းသွားသည်ကို သူ ဖျတ်ကနဲ မြင်တွေ့သည်။ ကျေနပ် နှစ်သိမ့်သော အပြုံး။

နံနံပင်ထည့်ပေးနေသော နနခိုင်၏ လက်ချောင်းကလေးတွေကို ငေးကြည့်ရင်း ဇင်ယော့်ရင်ထဲတွင် ကြည်နူးမှုတွေ တသိမ့်သိမ့် လှုပ်ရှား လှိုင်းခတ်နေလေ၏။

"ဇင်ယော်.. ငါ စာပိုဒ်လေးတစ်ခု ကူးထားတယ်။ လက်ရေးလှလှနဲ့ ရေးပေးပါဦး။ တယ်လီဂရပ်ဖ်ကြီးကို အားကိုးပါရစေနော်"

နနခိုင်က ခပ်သောသောခပ်ရွှင်ရွှင် ပြောသည်။

"မရေးလည်း မဖြစ်ဘူးလေ။ ထန်းပင်တက်ကောင်းတဲ့ လက်မှတ် ရထားပြီပဲ။ ရေးရမှာပေါ့"

နုနုခိုင်သည် မုန့်ဟင်းခါးဖတ်ကို မဆိုစလောက်သာထည့်ကာ ဘူးသီးကြော်နှင့် မန္တလေးပဲကြော် နိုင်နိုင်ထည့်ပြီး မုန့်ဟင်းရည် ရွှဲရွှဲဆမ်းစားသည်။ ဟင်းရည်ကိုသာ နှစ်ပြန်သုံးပြန်ထည့်လျက် အခြားအဆာကို ဘာမှ မတို့မထိတော့။

"သူငယ်ချင်းနှစ်ယောက် စားရစ်ဦးနော်။ အဲဒီစာပိုဒ်ကလေး သွားယူဦးမယ်"

လိုက်ပွဲစောင့်ထည့်နေသော ဒေါ်ဟလီမာက "စားပြီးမှသွားပါလား ခိုင်၊ မုန့်ဖတ်တွေ ပွကုန်မယ်" ဟု တားမြစ်သေးသည်။

"ခိုင့်ပန်းကန်ထဲမှာ ပွစရာမုန့်ဖတ်မှ မရှိတော့တာ"

ဟု ပြောပြောဆိုဆို နုနုခိုင်က နေရာမှထသွားသည်။

"အဲဒီကောင်မလေးဟာ အစားအသောက် မက်မက်မောမောလဲ မရှိဘူး။ စာအုပ်ပဲ။ ဒါပဲ"

နုနုခိုင် ပြန်ရောက်လာသောအခါ စာရွက်တစ်ခု ပါလာလေသည်။

"စားရင်းနားထောင်ကြနော်။ တို့ ဖတ်ပြမယ်"

နုနုခိုင်က သူတို့သုံးယောက်ထဲမှာတော့ အင်္ဂလိပ်စာအခြေအနေ အကောင်းဆုံး ဖြစ်ပေမည်။ လေယူလေသိမ်း အဖြတ်အတောက် ဌာနကရိုဏ်းကျအောင် ဖတ်နိုင်ပြောနိုင်လေသည်။

> *We cannot all be famous or be listed in "Who's Who." But every person great or small has important work to do. For seldom do we realize the importance of small deeds, or to what degree of greatness unnoticed kindness leads.*

"ရေးတဲ့အမျိုးသမီးနာမည်က Helen Steiner Rice တဲ့"

"တစ်လက်စတည်း ဘာသာပြန်ပြလိုက်ပါလား မနုနုခိုင်၊ ကျွန်တော် နားလည်လိုက်တာ great နဲ့ small ကြီးတာနဲ့ ငယ်တာ၊ အဲဒါပဲ ရှိလို့ပါ"

နုနုခိုင်က လှောင်သရော်ခြင်းကင်းစွာ ရယ်မောလိုက်လျောသည်။

"လူတိုင်းတော့ မကျော်ကြားနိုင်ပါဘူး။ သူဘယ်သူလဲ ဆိုတဲ့ စာရင်းထဲလည်း ပါနိုင်မယ် မဟုတ်ဘူးပေါ့။ ဒါပေမယ့် မည်သူမဆို ကြီးငယ်မဟူ အရေးကြီးလုပ်ငန်း တာဝန်ကိုယ်စီ ရှိတာချည်းပါ။ ဘာလို့လဲဆိုတော့ အသေးအဖွဲ လုပ်ရပ်ကလေးတွေ၊ အမှတ်မထင် ကြင်နာမှုကလေး ပေးအပ်လိုက်မိတာတွေဟာ ဘယ်လောက် ကြီးကြီးကျယ်ကျယ် အတိုင်းအတာအထိ ခရီးပေါက်တယ်ဆိုတာ ကျွန်မတို့တစ်တွေ သတိမပြုခဲ့မိလို့ပါ"

"အင်း.. အဲဒါ ခိုင်နဲ့ သိပ်လိုက်တာပဲ"

သည်မှတ်ချက်ပေးသူက ဒေါ်ဟလီမာ ဖြစ်နေလေသည်။

"အံမယ်.. အံမယ်.. အဒေါ်က ဘာတွေ အဓိပ္ပါယ်ကောက်နေတာလဲ"

ဒေါ်ဟလီမာသည် နနခိုင်၏ပန်းကန်ထဲသို့ ငှက်ပျောအူဖတ်ကလေးတွေ ရွေးထည့်ပေးသည်။

"ခိုင်က လူတွေကို လိုက်သနားနေ၊ လိုက်ကူညီချင်နေတာပဲ။ အဲဒါ သူ အမှတ်တမဲ့လုပ်သွားပေမယ့် သူ ဂရုစိုက်လိုက်မိတဲ့လူတွေက သိပ်ကျေးဇူးတင်တာ သားတို့ရဲ့"

"ဟား.. ဟား.. အဒေါ်၊ ဧည့်သည်တွေကို ထည့်ပေးဦး၊ ခိုင်တော့ ရှက်သွားပြီကွာ"

နနခိုင်က ရယ်ကာမောကာပင် စာရွက်ကလေးခေါက်ပြီး ဇင်ယော့်လက်ထဲ ကမ်းပေးလိုက်လေသည်။

အလှနိုင်ဆုံးလှအောင် ရောမစာလုံးတွေနှင့် ရောင်စုံခြယ်ရေးသားထားမည်ဟု ဇင်ယော် တေးမှတ်ထားလိုက်လေသည်။

* * * * * *

# ငယ်ငယ်တုန်းက ချစ်ရေစင်

ဆေးတက္ကသိုလ်(၂)၏ စားသောက်ဆိုင်သည် နေ့လည် အတန်းနားချိန်ဖြစ်သောကြောင့် ကျောင်းသူ ကျောင်းသား စည်ပင်လျက် ရှိနေသည်။

ဇင်ယော်သည် ထိုင်နေကျ ထောင့်စွန်းစားပွဲတွင် စားသောက်ဆိုင်ကောင်တာကို ကျောပေးထိုင်ကာ ပွင့်နေသော ပြတင်းမှန်မှတစ်ဆင့် ဆိုင်ထဲဝင်ရောက်လာသူများကို စောင့်ကြည့်ရင်း နုနုခိုင်ကို မျှော်နေ၏။

နုနုခိုင်သည် ဒုတိယနှစ်ဆေးကျောင်းသူ ဖြစ်လာသည့်တိုင် အပြင်အဆင် ထူးကဲပြောင်းလဲလာသည် မရှိ။ မပြောင်းလဲဆိုမှ ဆံပင်ရှည်တွေကို ခါးသို့တိုင် ဖြန့်ချထားတာလည်း အရင်အတိုင်းသာပဲ ဖြစ်သည်။

ပထမနှစ်တုန်းက ဇင်ယော်ကို ဆေးကျောင်းသို့ချိန်းဆိုလေ့ မရှိသေးပါ။ တစ်ခါတစ်ရံ လမ်းသစ်နေအိမ်သို့ အလည်ခေါ်သည်။ အများအားဖြင့် စော်ဘွားကြီးကားဂိတ်တွင် နာရီဝက်လောက်ရပ်ပြီး စကားပြောနိုင်သည်။ နုနုခိုင် ကျောင်းပြန်ချိန်နှင့် ဇင်ယော် အလုပ်ပါးချိန်သည် အံဝင်ခွင်ကျနေတာမို့ သူတို့ တစ်ပတ်တစ်ကြိမ် နှစ်ကြိမ်တော့ ပုံမှန်ဆုံတွေ့နိုင်ခဲ့ကြလေသည်။

ဒုတိယနှစ် ဆေးကျောင်းသူဖြစ်လာသောအခါတော့ နုနုခိုင်က သူမ လိုချင်သော မှတ်စုတွေကို မကြာခဏ မိတ္တူကူးခိုင်း၊ လာပို့ခိုင်းနှင့် ဇင်ယော်တစ်ယောက် အဆောင်ရောက်လိုက်၊ စားသောက်ဆိုင်ရောက်လိုက် အတော် ချောင်းပေါက်ခဲ့တော့သည်။

"ခိုင်ရေ.. ခိုင်ရဲ့၊ စောင့်ရတာ အပင်ပေါက်တော့မယ်"

ပြတင်းမှန်သို့ ခိုင့်သဏ္ဍာန် ထင်ဟပ်လာစဉ်မှာပင် တံခါးပေါက်ခန်းမှ ပြောင်ချော်ချော် စူးရှရှအသံ ထွက်ပေါ် လာလျက် တဟိဟိရယ်သံတွေ သဲ့သဲ့ ထပ်ကြပ်လိုက်လာလေသည်။

သည်ဆိုင်သို့ နုနုခိုင် ချိန်းဆိုလိုက်သည်မှာ နေ့ခင်းဆယ့်နှစ်နာရီ ဖြစ်သည်။

ဇင်ယော်က ဆယ်မိနစ်စောပြီး ရောက်နေကာ စာအုပ်တစ်အုပ် ဖတ်ရှုဟန်ပြုနေခဲ့လေသည်။

သည်စာအုပ်သည်လည်း နုနုခိုင် ရှာခိုင်းထားသောစာအုပ်ပင် ဖြစ်သည်။ မဟာဂီတပေါင်းချုပ်တဲ့။ နုနုခိုင် သီချင်းဆိုဂါသနာပါသည်ဟု သိမထားသဖြင့် အံ့ဩသလိုတော့ ဖြစ်မိသည်။ ခက်တာက နုနုခိုင်သည် စာပိုးပိုထိုးကာ ဂဏ္ဍုတကုပ်ကုပ်ရေးသည်။ သည်လောက် အပယ်ခံရတာ် မလုံလောက်သေးဘူးဟု ဇင်ယော် ထေ့ငေါ့လည်း နုနုခိုင် မဖြုံ။ ဩော်.. သည် မဟာဂီတပေါင်းချုပ်ထဲကလည်း သူလိုချင်သော စာပိုဒ်တွေ ကူးယူဦးမှာ ထင်ပါရဲ့။

"စာအုပ်ရလာလား၊ ဂမ်းသာလိုက်တာ"

နုနုခိုင်သည် သူငယ်ချင်းတွေစားပွဲသို့ ဟန်လုပ်၍ပင် ဝင်မနေပဲ ဇင်ယော်ထံ တန်းတန်းမတ်မတ် လျှောက်လာသည်။ သူ့နံဘေးထိုင်ခုံတွင် ဝင်ထိုင်ကာ သူ့လက်ထဲမှစာအုပ်ကို လှမ်းယူ၏။

ပြီးတော့ လေသံနိမ့်ပြီး -

"ဟိုကောင်တွေ သူ့ကိုလောင်နေကြတယ် မဟုတ်လားဟင်၊ အလကား သရဲမတွေ"

"တို့ကလည်း တကယ်ကို အပင်ပေါက်မလောက် ထိုင်စောင့်နေရတာကို"

"နုနိုင်မှ ပရက်တီကယ်မပြီးတာ၊ အပြီးဖြတ်ပြီး ထွက်လာရင် အမှတ်လျော့သွားမှာပေါ့"

ဇင်ယော်သည် နုနိုင်၏ အရှိုးစင်းဆုံး ဖြေရှင်းချက်ကို အသာတကြည်ပင် လက်ခံလိုက်သည်။

"သူ ဘာစားမလဲဟင်၊ ခေါက်ဆွဲကြော် စားမလား၊ နိုင်က မြူစွမ်ကြော်စားမယ်၊ မှာလိုက်မယ်နော်"

နုနိုင်က လည်ပြန်စောင်းငဲ့လျက် စားပွဲထိုးကလေးကို ခပ်ကျယ်ကျယ် အော်မှာသည်။

သည်နှစ်ထဲမှာ နုနိုင်သည် သူ့ကို မင်းငါ မပြောတော့ပဲ နိုင်နှင့်သူ ဖြစ်လာသည်။

နုနိုင်၏ ပြောင်သလင်းခါနေသော မျက်နှာကလေးကို သူ မပံ့မရဲ ငေးကြည့်မိသည်။ နုနိုင်၏ အပေါင်းအသင်းတွေ စောင့်ကြည့်လှောင်ပြောင်နေဦးမလား ပူပန်ကာ မျက်လုံးလွှဲဖယ်လိုက်ပြန်လေသည်။

"ဒီတစ်ခါ မြို့ထဲရောက်ရင် နုနိုင်ကို ဒါလေးတွေ ပလတ်စတစ်လောင်းပေးပါလား။ နိုင့်လက်ရေးကြီးနဲ့ မဟုတ်ဘူးလေ။ သူက Roman Letter တွေ အလှအပ အတွန့်အတွန့်တွေ ရေးတတ်တယ်။ ရေးပြီးမှ ပလတ်စတစ်လောင်း၊ ဒီတစ်ခုကို စာရွက်အပြာနဲ့ ကူးပေး။ ဒါကိုတော့ ထင်းရှူးပင်ကြီးတွေ ဆွဲပေးပေါ့။ ဖတ်ကြည့်ပါဦး"

ထင်းရှူးပင်ကြီးတွေ ဆွဲပေးပါဆိုသော စာရွက်ကို သူ အရင်ဖြန့်ကြည့်သည်။ နုနိုင်၏ လက်ရေး ကျဲတောက်တောက် ယိုင်နဲ့နဲ့ကလေးတွေသည် စာတစ်လုံးချင်း ပီသညီညာလေသည်။

*I remember, I remember*  
*The fir trees dark and high;*  
*U used to think their slender tops*  
*Were close against the sky;*  
*It was a childhood ignorance,*  
*But now 'tis little joy*  
*To know I'm further off from Heaven*  
*Than when I was a boy*

*Thomas Hood*

"အဲဒါ ဘာအဓိပ္ပါယ်လဲ နုနိုင်"

"နိုင် ပြောပြမယ်"

သတိရနေမိပါတယ်။ မြင့်မားခေါင်သီတဲ့ ထင်းရှူးပင်ကြီးတွေရဲ့ သွယ်ချွန်းနေတဲ့ထိပ်ဖျားဟာ မိုးကောင်းကင်နဲ့ ထိကပ်နေမယ်လို့ ထင်တွေးခဲ့ဖူးတာကိုပေါ့။

မသိနားမလည်တဲ့ ကလေးငယ်ကလေးတစ်ယောက်ရဲ့ အတွေးငယ်ကလေးပါပဲ။

ဒါပေမယ့်…

အခုတော့လေ ကောင်းကင်ဘုံနဲ့ ဝေးကြီးပါလားဆိုတဲ့ အသိတရားဟာ ကလေးဘဝတုန်းကထက်ပိုပြီး ပျော်စရာနည်းပါးလွန်းပါတော့တယ်။

"ကဲ.. မကောင်းဘူးလားဟင်။ ငယ်ငယ်တုန်းက ထင်တာက ဒီသစ်ပင်ထိပ်ဖျားဟာ မိုးကောင်းကင်ကြီးနဲ့ ထိနေတယ်ပေါ့။ သစ်ပင်တက်နိုင်ရင် လှေကားနဲ့ပဲဖြစ်ဖြစ်ပေါ့နော်။ အဲဒါဆို ကောင်းကင်ဘုံကို ရောက်မှာပဲပေါ့။ ကလေးပီပီ ကလေးလိုတွေးတာပေါ့ကွယ်။ ဒါပေမယ့် လူကြီးဖြစ်လာတော့ သူထင်သလို ကောင်းကင်ဘုံကို ရောက်ဖို့ မလွယ်ဘူးဆိုတာ နားလည်လာတာပေါ့။ ရောက်နိုင်တယ် ထင်ခဲ့တာကမှ တစ်ဆိတ် တော်သေးတာပေါ့။ မရောက်နိုင်အောင်ကို အမြင့်ကြီးမြင့်ပြီး အဝေးကြီးဝေးတယ်ဆိုတာကို နားလည်ရတာ ဘယ်မှာပျော်စရာ ရှိပါတော့မလဲ"

ဇင်ယော်သည် နနခိုင်၏ ကဗျာစာရွက်ကို ဘေးချလိုက်သည်။ ဘာမှ ထင်မြင်ချက်မပေး။ ကလေး တစ်ယောက်၏ စိတ်ကူးကို ဖွဲ့နွဲ့ထားတာပဲဟုသာ အကြမ်းဖျင်း ကောက်ယူလိုက်တော့၏။

"ဒီစာရွက်ကကော"

"ဒါကတော့ စကားပိုဒ်ကလေးတွေကို သဘောကျလို့ နခိုင် ကူးထားတာ။ ဖတ်ကြည့်ပါဦး"

*Nature does not demant that we perfect*
*It requires only that we grow.*

ဇင်ယော်သည် မျက်နှာအနည်းငယ်ရှုံ့မဲ့လျက် မသိမသာ ခေါင်းခါသည်။

"ဒါကကော ဘာအဓိပ္ပါယ်လဲ နခိုင်"

နနခိုင်သည် စိတ်အားထက်သန်စွာ စာတစ်လုံးချင်း လက်ညှိုးထောက်ပြ ရှင်းလင်း၏။

"သဘာဝတရားကြီးဟာ ကျွန်ုပ်တို့လူသားတွေကို ပြီးပြည့်စုံဖို့ မတောင်းဆိုပါဘူးတဲ့။ ကွန်ုပ်တို့ ကြီးပြင်း လာဖို့ကိုသာ လိုလားပါတယ်တဲ့။ ခိုင် ယူဆတာကတော့ အရွယ်အလိုက် ထိုက်သင့်သလို ကြီးပြင်းရင့်ကျက်လာရ မှာပေါ့နော်"

စာသင်ခန်းထဲမှာ မငြီးမငွေ့ အစွမ်းကုန်အားထုတ်လာပြီးသကာလ သည်လို စာတိုပေစတွေနှင့် လုံးထွေး ကျေနပ်နေပြန်သော နနခိုင်၏ လုပ်ရပ်အပြုအမူမှန်သမျှ ဇင်ယော်က အထင်တကြီး အမြတ်တနိုး ရှိနေသည်။

"နခိုင်ခေါင်းထဲမှာ ဆေးစာတွေရယ်၊ ဒီလို အတွေးအခေါ်အနုပညာစာတွေရယ် ဘယ်လိုရောနှောထားသလဲ လို့ စဉ်းစားနေမိတယ်"

နနခိုင်သည် စားပွဲထိုးကလေး လာချပေးသော ခေါက်ဆွဲကြော်ပန်းကန်ကို ဇင်ယော့်ရှေ့သို့ နေရာတကျ ပြုပြင်ပေးသည်။ သူမရှေ့မှာ မြူစွမ်ကြော်ပန်းကန်ပြားကို အရေးမထားနိုင်သေး။

"ယုယလိုက်တာနော်။ မေးဖစ်.. နင် မျက်စိမနောက်ဘူးလားဟေ"

"ဟင့်အင်း.. အားတောင်ကျသေး။ သူများတကာတွေများ ကောင်းစားနေလိုက်ကြတာဟယ်"

စွာသော နနခိုင်က ကိုယ်တစ်ခြမ်းစောင်းလှည့်ကာ သူမ၏ သူငယ်ချင်းတွေကို ရင်ဆိုင်သည်။

"ကိုယ့်ဘာသာ ကြင်နာစရာလူမို့ ကြင်နာတာနော်။ မနာလို မရှုဆိတ် ဖြစ်မနေကြနဲ့။ ရှာချေကြပါလား"

သူငယ်ချင်းအုပ်စုက ခိုးခိုးခွက်ခွက် ရယ်ပြန်တော့သည်။

"နခိုင်ရယ်၊ ငါတို့မှ မရှာတတ်တာ။ နင်ကတော်တယ်။ ဒီတစ်ယောက် တို့ကိုပေးလိုက်၊ နင် ထပ်ရှာ"

နနခိုင်က ပြုံးစစနှင့် ဇင်ယော်ကိုကြည့်သည်။

ဇင်ယော့်မျက်နှာသည် ခရမ်းချဉ်သီးမှည့်ပမာ ရဲတွတ်နေတော့၏။ နနခိုင် ကမ်းပေးနေသော တူနှစ်ချောင်းကို တော်တော်နှင့် မယူနိုင်ဘဲ လက်တွေ ဆုတ်ဆိုင်းနေသည်။

လှမ်းယူလိုက်ပြန်တော့ တစ်ချောင်းလွတ်ကျသည်။ တူကလည်း ရက်စက်လိုက်ပုံများ စားပွဲဖေါ်မီကာနှင့် ထပ်ကနဲခတ်ကာ သမံတလင်းပေါ် ဒေါက်ကနဲ ပြုတ်ကျသွားပြန်၏။

နနခိုင်၏ သူငယ်ချင်းတစ်အုပ်လုံး အုန်းကနဲ ပွဲကျသွားလိုက်သည်မှာ အခြားစားပွဲတွေကပင် လှည့်ကြည့် စူးစမ်းယူရသည်အထိ။

နနခိုင်သည်လည်း ရယ်ချင်စိတ်ကို မလုံမခြုံ ဖုံးဖိထားရသော မျက်နှာ စပ်ဖြဲဖြဲနှင့်။

"ရှာနိုင်ဘူးဟေ့၊ ဒီတစ်ယောက်က ငါ့ဖို့ မူပိုင်"

ကြမ်းပေါ်မှတူကို ဇင်ယော် ကောက်ကိုင်၍မရဘဲ အလွဲလွဲ အချော်ချော် ဖြစ်နေသည်။ နနခိုင်ကပဲ ထပ်ကနဲ ကောက်ကာ စားပွဲထောင့်သို့ ပို့ထားလိုက်၏။

ပြီးတော့ တူတစ်ချောင်းအသစ်ယူကာ ဇင်ယော့်ပန်းကန်မှာ တင်ပေးသည်။

သူ မူပျက်တာကြောင့် နခိုင်ကို အားနာမိပြန်လျက် မျက်လွှာတစ်ချက် ပင့်ကြည့်သည်။ နနခိုင်က ဂရုမစိုက်နဲ့ ဆိုသော အမူအရာဖြင့် ခေါင်းခါရမ်းရင်း အပြုံးကလေးဖြင့် အားပေးနေသည်။

"ဟေ့.. ခိုင်.. ချစ်သလားဟင်"

တစ်ဖက်စားပွဲဆီမှ သံသေးသံကြောင် ပေါ်လာပြန်သည်။

ကြည့်စမ်း၊ ရဲတင်းလိုက်တာ။ မေးရဲလိုက်တာ။ အဲသည် သူငယ်ချင်းတွေကြောင့် အခက်ပဲ။

ဇင်ယော်သည် နနခိုင် သည်တစ်ခါတော့ ရှက်ဒေါသဖြစ်တော့မှာပဲ ထင်မှတ်လျက် အတန်ငယ် စိုးရိမ်သွားမိသည်။

ဘယ်တစ်ယောက်ဆိုတာ ဇင်ယော် အသံမကျက်မိ။ ဝိုင်းအုံထိုင်နေကြသော သုံးလေးယောက်၏ အသံတွေကို ဇင်ယော် သတ်သတ်မှတ်မှတ် မခွဲခြားတတ်သေး။

နုနိုင်ကတော့ အသံရှင်မခင်ဌေးကို မျက်လုံးပြူးပြ၊ အံကြိတ်ပြသည်။

"ချစ်တယ်ဟဲ့၊ ချစ်တယ်" ဟုလည်း ကျယ်ကျယ်လောင်လောင် ပြောသည်။

ဇင်ယော်သည် ပါးစပ်အဟောင်းသား ဖြစ်မသွားအောင် မနည်းကြီး သတိထားလိုက်ရသည်။

သူငယ်ချင်းတစ်စု ကြေနပ်ပွဲကျနေဆဲဂယ် နုနိုင်က နှုပ်ခမ်းထော်ကာ မျက်စောင်းခဲသည်။

ပြီးတော့ -

"စားလေ၊ အလကားကောင်တွေ၊ ဂရုစိုက်မနေနဲ့"

သူ့တဒင်္ဂအမြင်မှာ နုနိုင်တစ်ယောက် ရှက်ရိပ်ကလေးသမ်းနေသည်ဟု ထင်မှတ်သည်။

"ကျူရှင်တတ်ရဲ့လား"

စီးပွားရေးဘွဲ့အတွက် စာပေးစာယူတတ်နေသော ဇင်ယော်၏ ပညာရေးကိုလည်း နုနိုင် ဆော်ဩနေသေးသည်။

"ငါးနာရီမှပါ၊ စံရိပ်ငြိမ်တွင်ပဲဟာ၊ နီးပါတယ်"

"အိမ်ပြန်ဦးမှာလား"

"ခဏဝင်ပြီး စာအုပ်ယူရုံပါပဲ"

သူ အပြန်မှာ နုနိုင်က ကားဂိတ်လိုက်ပို့သေးသည်။

"ကိုးလာပြီ ဇင်ယော်၊ အဲဒီကားချောင်တယ်။ လိုက်သွားတော့"

ကားပေါ်မတတ်မီ ဆင်းသူတွေကို စောင့်ရသေးသည်။

"တကယ်ပဲလား နုနိုင်"

"ဘာကိုလဲ"

"ကင်တင်းတုန်းက သူငယ်ချင်းတွေကို ပြောတာလေ။ ချစ်တယ်ဆိုတာ"

စပယ်ယာက တစ်ယောက်ပြီးတစ်ယောက် ဘတ်စ်ကားပေါ်သို့ ထိုးသိပ်တင်နေပေပြီ။ နုနိုင်က သွားဖွေးဖွေးကလေးတွေပေါ်အောင် ရယ်မောရင်း ဇင်ယော့်ကျောကုန်းမှတွန်းကာ ကားတံခါးပေါက်ဆီ အရောက်ပို့သည်။

"ဘာမဟုတ်စရာရှိလဲ။ ဒါ ငယ်ငယ်ကတည်းက ကြာလှပြီပဲ၊ ကဲ.. သွားတော့"

ဇင်ယော် ထပ်ကွန့် ထပ်သေချာချင်သေးသည်။

သို့တစေ ကားဘီးလိမ့်စပြုနေပြီး စပယ်ယာကလည်း သူ့ကျောကို တွန်းထိုးတင်နေပြီ။

နောက်တစ်ခါမှပဲ။

ဇင်ယော်သည် ပတ်ဂန်းကျင်နှင့် ကင်းကွာမေ့လျော့လျက် တိမ်လိုင်းတွေကြားမှာ လွန့်မြူးအိပ်မက် နေတော့သည်။

နနခိုင်သည်လည်း ထင်းရှူးပင်ကြီးတွေ၏ ထိပ်ဖျားတွေသည် မိုးကောင်းကင်နှင့် ထိကပ်လျက်ရှိသည်ဟု မသိစိတ်က ယုံကြည်ထင်မှတ်နေဆဲ ဖြစ်ပေမည်။

* * * * * *

# မော်ရုံတောမှာ မိန်းမောခြင်း

ခေတ်ရေစီးကြောင်းအတိုင်း မျှောလိုက်လာရင်း သိန်းစိုး စီးပွားရေးအမြင်ကျယ်လာသည်။ အလုပ်စမ်းသပ်ရင်း ဆုံးခဲ့ရှုံးခဲ့တာတွေကို ပြန်ပြောင်းတသမနေတော့။ ထို့ထက် အဆနှစ်ဆယ်မက ရင်းနှီးမြုပ်နှံထားနိုင်သော အခြေအနေတွင် သိန်းစိုး စိတ်အေးချမ်းစ ပြုသည်။

ဖခင်၏ လက်ငုပ်လက်ရင်းလုပ်ငန်းသည် တိုက်ဆောက်၊ တံတားထိုးသောအခါသမယတွင် တရိပ်ရိပ်တိုးတက်တွင်ကျယ်နေတော့သည်။

"သန့်သန့်ကလေးပါကွ၊ ထင်ရက်စရာကို မရှိဘူး။ မင်း ကြွေမသွားရင် ပြောချင်တိုင်းပြော။ ဘယ်လောက်လောင်းကြေးထပ်မလဲ။ ငါ အဲဒီအထိ သေချာနေတာ"

"ဒါလောက်သဘောကျရင် မင်းပဲ ချည်ထားပါလား။ ဘာလို့ ငါ့လက်ထဲ ထိုးသိပ်ထည့်ပေးနေတာလဲ"

သိန်းစိုးက တံဆိပ်နက် ဂီစကီနှစ်ပက်ဆို ရေချိန်ကိုက်ပြီး လက်နှစ်လုံးသာကျန်တော့သည်ကို တစ်ကျိုက်ချင်း မြို့လိုက်၊ အမြည်းဂါးလိုက်နှင့် ဇိမ်ခံနေ၏။

သူ့စီးပွားဖက် အစုရှယ်ရာဂင် သန်းကြည်သည် ဂက်အူချောင်းတစ်ဖက်ကို ခက်ရင်းခွကလေးနှင့်ထိုးယူကာ ပါးစပ်ထဲ ထိုးသွင်းလျက်မှ အလျင်မပြတ် ဆွယ်တရားဟောမြဲဟောနေသည်။

"မင်းကောင်မက လစဉ်ပုံမှန် နှစ်သောင်းပေးရတယ်ကွ။ ကြားဖြတ်ခုတ်ချင်လို့ မရဘူး။ ငါကလည်း နှစ်ထောင်သုံးထောင် ရံဖန်ရံခါ တတ်နိုင်ပေမယ့် အဲသည်လောက် တရင်းတနှီးတော့ မကပ်နိုင်သေးဘူး လေကွာ"

"မချူသာသည့် ဇတ်လမ်းလား"

"အဲဒါ အဓိကပေါ့။ ဒီတော့ရင် ငါ့အဖို့ရာ လက်လီစိပ်ပဲ တတ်နိုင်တယ်။ ပြီးတော့ ငါက တစ်ခါတစ်ယောက် မရိုးမအီမှ"

"ဒါဟာ ဒါပါပဲကွာ၊ ပြီးပြီးရောပေါ့ကွ"

"မင်း အတော်ခက်ပါလား။ ကြက်သားစားလိုက်၊ ပုဇွန်စားလိုက်၊ ဟင်းခွက်စုံလေ ကောင်းလေ သိရဲ့လား"

သိန်းစိုး မယစ်သေး၊ မရီသေး။ ရွှင်မြူးတက်ကြွလာတာတော့ သေချာသည်။

ဂီစကီကလည်း တက်ကြွစေသည်။

ယနေ့ ဆိုက်တစ်ခုမှရှင်းလိုက်သော ငွေတွေကလည်း သိန်းနှင့်ချီပြီး ရွှင်မြူးစေသည်။

နှစ်သောင်းဆိုတာ ဘာရှိတာမှတ်လို့။

"ဘာတဲ့၊ ငါ့ကောင်မနာမည်က"

သန်းကြည်၏ ပုဇွန်ထုပ်မျက်လုံးကြီး ပြူးထွက်လာသည်။ သူ့နှုပ်ခမ်းကြီးက ထော်လော်ကန့်လန့် ပြဲထွက်လာ၏။

"ဟင်.. မြန်လှချည်လား၊ မင်းကောင်မ ဖြစ်သွားပြီလား"

သိန်းစိုးသည် သူ၏ မျက်လုံးအစ်အစ်တွေ အရေးအစင်းသာ ထင်ရစ်အောင် နစ်နစ်မြိုက်မြိုက် ရယ်မောလိုက်လေသည်။

သူ၏ရယ်သံသည် ပျော်ပွဲစားရုံ၏ မြူးကြွသော တီးလုံးနှင့် သီချင်းသံတွေကြားမှာ မည်သူမျှ သတိမထားမိလိုက်အောင် ငုပ်လျှိုးတိုးညှင်းနေလေသည်။

"မင်းပဲ ခုနက ငါ့ကောင်မဆို"

သန်းကြည် ဇဝေဇဝါ မျက်တောင်စဉ်းပြီး စဉ်းစားရင်း ဦးနှောက်တွေပါ ရီလာ၏။

သူကတော့ ရေချိန်ဟိုဘက်ကမှတ်တိုင် လွန်နေခဲ့ပြီ။

သိန်းစိုး၏ဆင်ခြေကို သူ စိတ်ခွဲသုံးသပ်မနေချင်တော့။ လက်ပတ်နာရီကလည်း ကိုးနာရီဆယ့်ငါးမှာ ပြနေပြီ။ အချိန်သည် တန်ဖိုးရှိ၏။

"ပြောမိရင်လည်း ပြောမိမှာပဲလေ။ ကဲ.. မင်းကောင်မဆိုရင်ဖြင့်လည်း.. သွားကြစို့ရဲ့"

"ဟာ.. အချိန်းအချက်မရှိပဲ အလုပ်ဖြစ်ပါ့မလား"

"မပြောနိုင်ဘူး၊ အဲဒီ မာမီကြွယ်ကြီးက ငါနဲ့ သိပ်ပြေလည်တာတော့ အမှန်ပဲ။ အေမီသင်း ဗေးကင့် ဖြစ်မဖြစ်သာ အရေးကြီးတယ်။ တစ်နေ့က တွေ့ခဲ့တုန်းက.."

"ဩော်.. ငါ့ကော်မက အေမီသင်းတဲ့လား"

သန်းကြည်က အင်မတန်မှ နားက လေးလေဟန်၊ ပုစွန်မျက်လုံးကြီးများ ပြူး၊ နှုပ်ခမ်းထူးကြီး မဲ့ပြုပြန်သည်။

"လုပ်ငန်းရှင်ကြီး ဘီရှင်းတော့၊ လုပ်.. လုပ်.."

ကုက္ကိုင်းလမ်းဆုံ လွန်လာသောအခါတွင်မှ ယခုလာသော ခရီးစဉ်ကို သိန်းစိုး အလေးအနက် သုံးသပ်စပြု၏။

"ဒီည ပြန်မအိပ်ဘူးလို့ အမေ့ကို မပြောခဲ့ဘူးကွ"

"ဟ.. သေတော့မှာပဲ။ တစ်နေရာကနေ လှမ်းဖုန်းဆက်လိုက်ပေါ့ကွ။ ပဲခူးကို ငွေလိုက်ယူရမယ်။ ပြီးတာပဲ"

"အဲဒီ မာမီကြွယ့်မှာ နေရာရှိပါဦးမလား"

"ရှိတယ်၊ ရှိတယ်၊ ဖုန်းကောက်လှည့်ပြီး အကြောင်းကြားလိုက်တာပဲ။ ဘာကားနံပတ် ဘယ်လောက် ပြီးပြီ။ ဟိုကျ ကားဂိုထောင်ထဲ လိမ့်ဝင်သွား။ ဘယ်သူမှမရှိဘူး။ အိပ်ရာခန်းနားနဲ့ စားသောက်စရာ အသင့်စောင့်နေမယ်။ အိမ်စောင့်လည်း သော့ပေးပြီး ရှောင်သွားတာပဲ"

"ငါ့ကောင်မက ပေးကင့်ဖြစ်ဦးမှကို"

"တခြားကောင်မပေါ့ကွာ။ မာမီကြွယ့်မှာ ပုံမှန် သုံးလေးယောက်လောက်ရှိတယ်။ တစ်ညအိပ်တော့ တစ်ယောက်တော့ ရမှာပေါ့။ ကံကောင်းရင် နှစ်ယောက်ရမှာပေါ့။ ငါတို့နှစ်ယောက်စလုံး အိုကေမှာ စိုပြေနိုင်တာပေါ့"

"တစ်ယောက်ပဲရရင် မင်းပဲ ထုတ်သွားလိုက်၊ ငါ့အမေ မျှော်နေမယ့်အတူတူ ငါက အိမ်ပြန်မယ်"

သန်းကြည်က ကားနောက်မှီကို လုံးလုံးလျားလျား အားပြုဝိုက်စင်းနေရာမှ မချင့်မရဲ ဟွန်းကနဲ ကဲ့ရဲ့ ဆန့်ကျင်သံပြုသည်။

သိန်းစိုးက ကိုရိုလာစူပါရှဖ် စတီယာရင်ကို ကျင်လည်စွာ ထိန်းလျက် လီဗာနင်း၍ အိပ်ပဲ့အိပ်ပဲ့သွားနေသော လေးဘီးကလေးကို ကျော်တတ်လိုက်လေသည်။

"ညာချိုးရမှာလား၊ ကြိုပြော"

"အေး.. ညာဘက်ချိုး၊ ပြီးရင် စထရိတ်ဂေးလမ်းဆုံးရင် အေမီသင်း တွေ့လိမ့်မယ်"

"မင်းပဲ လခစားပြောပြီး သူ့ဖောက်သည်နဲ့သူ ချုပ်ထားရင်ကော"

"တစ်လလုံး ခေါ်ထားပဲ့မလားကွ။ အများအားဖြင့် သူ့ဖောက်သည်တွေက ဖားကန့်ဘက်၊ မန္တလေး၊ လားရှိုးဘက်က ဆင်းလာကြတာ။ ကူးချည်သန်းချည်ရယ်။ တိုက်ခန်းမှာ တစ်ယောက်တည်း ဘယ်သွားနေမလဲ။ မာမီကြွယ်ဆီ ပြန်ရောက်နေတတ်တာပေါ့"

မာမီကြွယ်၏ ပုံစံ တစ်မျိုး။ သူမ၏နေအိမ်တွင် အလုပ်မလုပ်။ နေရာတွေ အသင့်ချိတ်ထားသည်။ ဖြစ်နိုင်လျှင် တယ်လီဖုန်း အချိန်းအချက် ကြိုလုပ်ထား။ အားလုံး အဆင်ပြေစေရမည်။

"ဟုတ်ပြီလေ၊ ဖူးစာဆုံရင်လည်း မြင်ရရွေးရတာပေါ့"

"မင်း ကြိုက်မှာပါကွာ။ ထင်ရက်စရာကို မရှိဘူးဆိုမှပဲ"

"လုပ်ကိုင်စားသောက်နေတာ ကြာပြီလား"

"ကြာလှ တစ်နှစ်ပေါ့။ သန့်သန့်ကလေး"

"လာပြန်ပြီ သန့်သန့်ကလေး၊ ဟို လေပြေအေးအုပ်စုလို ဖြစ်နေဦးမယ်။ အသစ်ကလေးတွေ ဆိုလို့ ရောက်သွားပါတယ်။ တောင်ကြီးဘက်က တစ်ဆိုင်းသိမ်းပြီး ဆင်းလာတာနဲ့ တိုးနေတယ်"

"ဟေ.. အေး.. အေး..၊ အဲဒီအုပ်စု အခု မကွေးဘက် ရောက်သွားကြပြန်ပြီ။ ပဲမျိုးစုံအောင်မောင်းနဲ့ တိုးလို့ သူ့ကောင်မက အစ်ကိုနော်.. လျှောက်ပြီး အာမချောင်နေနဲ့ဦးလို့ နှုပ်ပိတ်သေးသတဲ့"

အငြိမ့်တွေ၊ ဇာတ်ပွဲတွေ နယ်လှည့်ဖျော်ဖြေသည့်အလား သူတို့လုပ်ငန်းခွင်ကလည်း ဟောင်းလျှင် ခြေရာ ဖျောက်ခဲ့ပြီး နောက်တစ်နေရာမှာ အသစ်ကလေးတွေအဖြစ် အသွင်ပြောင်းကြပြန်သည်။ သုံးလ အလွန်ပဲ။ တစ်ခါ ထပ်ရွှေ့။

သန်းကြည်ကြီး၏ သန့်သန့်ကလေးကို သိန်းစိုး မယုံချင်လှ။ ဘယ်နှစ်မြို့ ပြောင်းပြီးသော သန့်သန့်ကလေး တွေလဲ။

သိန်းစိုးသည် ဤကိစ္စမျိုးတွင် လိုက်လိုက်စားစား မရှိလှ။ သည်ကောင် သန်းကြည်ကြီးနှင့် တွေ့ပြီးမှသာ လေးငါးဆယ်ကြိမ်လောက် တွေ့ကြုံဖူးလာရသည်။

အရင့်အရင်နှစ်တွေကဆို စီးပွားရေးဘက်မှာ အလူးအလဲ လုံးချာလည်လိုက်နေခဲ့ရတာကလည်း တစ်ကြောင်း ဖြစ်သည်။

အငယ်ငါးယောက်၏ တာဝန်တွေကလည်း သူ့ခေါင်းပေါ် စုပြုံနေခဲ့သည်။ စားဝတ်နေရေး၊ ပညာရေး။

ခြောက်သည်ပဲပြောပြော၊ ဘယ်လိုပဲ မခံချင်အောင်နှောက်နှောက် သူကတော့ ထွေထွေရာရာ အချိန်မပေး နိုင်ခဲ့ပါ။

အသက်သုံးဆယ်ကျော်ခါမှပဲ...။

သိန်းစိုး ပြုံးမိ၏။

လှိုင်စိုးက ကလေးနှစ်ယောက် ရနေပြီ။ ပြည်တွင်းအခွန်ဦးစီးဌာနတွင် ဦးစီးမှူးလည်း ဖြစ်နေခဲ့ပြီ။

ဟိုအကောင် ဟန်စိုးကလည်း စက်မှု(၁)မှာ အငယ်တန်းအရာရှိဖြစ်လျက် စက်ရုံမှူး၏သမီးနှင့်ပင် နှစ်သက် ကြည်ဖြူနေကြပြီ။ ကလေးမ ဘွဲ့ရသည်နှင့် စေ့စပ်ကြောင်းလမ်းပေးရတော့မည်။

ခင်မူမူပင်လျှင် စောစောစီးစီး အိမ်ထောင်လျက်သားကျလျက် သူမ၏စတိုးဆိုင်မှာ အခြေတကျ စိတ်ဝင်တစား ရှိနေပြီ။ ယောက်ျားကို စိတ်ပူလွန်း စိတ်မချလွန်းတာကြောင့် အမေဒေါ်ယုက တိုးတိုးကြိတ်ကြိတ် ဆုံးမသွန်သင်နေရသည်။ ဘာမှလည်း မကြား၊ ဘာမှ မလုပ်ရသေးခင် ညည်းက ဘီလူးထွက် ထွက်မနေနဲ့ မိမူ။ ဖြစ်လာရင်တောင် အချိုသတ်ဆွဲယူရသေးတာ ဘာညာ။

အမေ့ခမျာ တိုင်ပင်အားကိုးစရာ သည်သားကြီးကိုပဲ မင့်နမက တစ်ဆိတ်ရှိ လုပ်ရဲလုပ်ကြည့်။ ဓားနဲ့မွှေမယ် လုပ်နေပေမယ့် တကယ်တော့ သူ့လင်သူ သိပ်ချစ်တာဟု ရယ်ဟဟ ပြောပြသေးသည်။

တစ်ဦးတည်းသော ယောက်ဖကလေးက ခြေပြိမ်ဖော်ရသောကြောင့် အိမ်ထောင်အကျစောသော နမငယ် အတွက် သူ စိတ်အေးရသည်။ ယောက်ဖအုပ်တောင့်သောကြောင့် ကိုယ်ရှိန်သတ်ထားခြင်း မဟုတ်ဘဲ မောင်ထိုက်ကိုယ်တိုင်ကိုက ထိန်းသိမ်းဆင်ခြင်နိုင်စွမ်း ရှိသောကြောင့်လည်း ပွေပွေရှုပ်ရှုပ် ပြဿနာ မကြားရတာ ဖြစ်မည်။

ခုတော့ ခင်မြတွေက ကိုးတန်း၊ ခင်ငယ်ထွေးက ခုနစ်တန်း။ သည်နှစ်ယောက်ပဲ ပူပန်စရာ ရှိတော့သည်။

သည်အချိန်မှာမှ သူသည် တင်းကျပ်ကျဉ်းမြောင်းလှသော အနှောင်အဖွဲ့တွေကြားမှ ခြေဆန့်ဖြစ်ခြင်း ဖြစ်လေသည်။

ဒါတောင် မရှောင်သာသော လမ်းမြှောင်ကြားမှာ ညီတွေ၊ မျက်နှာသိတွေနှင့် ပက်ပင်းဆုံမိမှာ သူ သိပ် သတိထားသည်။ လူပျိုကြီးပေပဲဟု ခွင့်လွှတ်နိုင်စရာ ရှိသည့်တိုင် သူ မျက်နှာမပြောင်ပံ့။

အဓိက အရေးကြီးသောအချက်မှာ ကာလသားရောဂါကို သူ သိပ်ကြောက်သည်။

သည်အရွယ်ရောက်သည့်တိုင် လိင်ကိစ္စ အတွေ့အကြုံ နည်းပါးခြင်းသည် အာသာပြင်းပြ မရှိလှတာအပြင် ရောဂါကြောက်တာကလည်း အတော်ကြီး တာသွားသည်။

ဟေ့.. ဖြစ်ခါမှ ပင်နီဆလင်၊ ဂျင်တာမိုင်စင်၊ ကာနာမိုင်စင်၊ ထရိုဗစ်စင် ရှိသမျှဆေးတွေ အကုန်ချပစ်မယ်။ စိတ်ထလာရင် မရှောင်နိုင်ဘူးဟု သန်းကြည်က ကြွေးကြော်သည်။ သည်မောင့်စိတ်ကလည်း တော်တော်ပဲ ထနိုင်လွန်း။

မြိန့်မြိန့်ကြီးမှိန်းနေသော သန်းကြည်ကို စောင်းငဲ့ကြည့်ရင်း သိန်းစိုး ပြုံးမိသည်။

ဘယ်သို့ဖြစ်စေ သည်ကောင်ကြီးသည် သူ့ကို နားအလည်နိုင်ဆုံး၊ အပေးအယူအမျှဆုံး မိတ်ဆွေကြီး ဖြစ်သည်။

"အဲဒီလို ဇိမ်ခံလွန်းလို့လည်း မင်းဗိုက်ကြီး တစ်တောင်လောက်ရွဲနေတာ။ ထစမ်းပါဦး၊ မင်းရဲ့လမ်း ဆုံးတော့မယ်ကွ"

"အေး.. အေး.."

ပြုံးတူးပြတဲ ဘေးဘီကြည့်သည်။

"ရှေ့နားက ဘယ်ဘက်ချိုး"

"ဟ.. မင်းလမ်းက ကျိုးတိုးကျဲတဲလမ်း၊ ဒီဘက်လည်း ကွင်းချည်းပဲ"

"ခက်ပါပြီ၊ ဇိမ်အိမ်ပါဆိုမှ သီးသီးသန့်သန့် လူခြေမထူထပ်မယ့်နေရာမှာ ရှိရတာပေါ့ကွ"

ဂင်းနင့်ခြံနင့် နစ်ထပ်တိုက်အိမ်တစ်ခုရှေ့တွင် ကားရပ်အေးပြီး ဟွန်းနစ်ချက်တီးဟု ညွှန်ကြားသည်။ ခဏ နားပြီး နောက်တစ်ချက်တီး။ တော်ပြီ၊ အဲဒါ မာမီကြွယ်နဲ့ သဘောထားပဲ။

"နောက်လည်း မှတ်ထား၊ မင်းက ချောင်းပေါက်ဦးမယ့်အကောင်"

ကားတံခါးဖွင့်ကာ သန်းကြည် အောက်ဆင်းရပ်သည်။

အပေါ်ထပ်မီးလင်းလာပြီး ပြတင်းမှန်တွင် အမျိုးသမီးဂဂ အရိပ်သဏ္ဍာန်တစ်ခု ထင်ဟပ်လာ၏။

"မာမီကြွယ်ရေ၊ ကျွန်တော်ပါ"

ခေတ္တ စူးစိုက်လေ့လာပြီးနောက် လက်ထောင်ပြကာ စောင့်ပါအချက်ပြပြီး ပြတင်းမှ ပျောက်ကွယ်သွားသည်။ ထိုမှုမက မီးရောင်ပါ ပျောက်သွားတော့၏။

အဲသည်၏နောက် စက္ကန့်အနည်းငယ်အကြာတွင် ကားဂိုဒေါင် တံခါးနစ်ရွက် ပွင့်လာလေသည်။

ပမာဆိုရလျှင် ငုံနေသော ပန်းထပ်လွှာတွေ ပွင့်အာလျက် ထုံပျံ့ချိုအီသော ဂတ်မှုန်သသည့် ပန်းဂတ်ဆံကလေးကို တမ်းမက်စွာ မြင်တွေ့လိုက်ရသလို ရှိမည်ဟု သိန်းစိုးတစ်ယောက် နနဖတ်ဖတ် မတွေးစဖူး တွေးဆလိုက်ဖိုလိုက်မိသည်။

"ဂင်းတံခါး လာဖွင့်နေပြီ။ စက်နှိုးလေကွာ။ ဟော့ကောင် မီးမထိုးနဲ့။ သေတော့မှာပဲ"

အမှတ်မဲ့ ကားမီးဖွင့်မိသည်ခဏ ယမင်းပျိုသည် မျက်နှာကို လက်ဖျံနှင့်အုပ်ကွယ်ရင်း ဂင်းတံခါးအကွယ်သို့ ချဉ်းကပ်တိမ်းရှောင်လိုက်လေ၏။

"ငှါကောင်မက တယ်မိတာပဲကွာ"

သန်းကြည်က သိန်းစိုးကို ပြုံးပြုံးပြပြ လှည့်ကြည့်သည်။

"အေမီသင်းမှန်း မင်း ဘယ်လိုလုပ်သိလဲ"

"ဒီထက်မိတာ ရှိနိုင်မှာမှမဟုတ်ဘဲ၊ သူပဲ ဖြစ်ရမှာပေါ့"

"ဟွန်း.. ဟွန်း.. တော်တော်ရက်စက်သဟေ့"

ကားဂိုဒေါင်သည် အိမ်မကြီးနှင့် တစ်ဆက်တည်းဖြစ်သည်။ ကားအတွင်းရောက်သည်နှင့် ဂိုထောင်အဂင်ပေါက်ကို ယမင်းပျို အေမီက ပိတ်ပြီးသွားလေပြီ။

ကားတံခါးဖွင့်ပြီး ဆင်းလာသော သိန်းစိုးနှင့် အေမီသင်း နီးကပ်စွာ ရင်ဆိုင်ရပ်မိကြသည်။

"အေမီရေ.. ညည်းမှညည်းပဲတဲ့ဟေ့၊ အေမီသင်းရရင် ရ၊ မရရင် ဘာမှမလိုချင်ဘူးဆိုပဲ"

သည်စကားလုံးတွေကို သူ မပြောထားပါ။ သို့သော် ယခု သန်းကြည် ပြောလိုက်တာကိုလည်း သူ ကန့်ကွက်စရာ မရှိပါ။

အေမီက သူ့ကို စူးစူးရှရှကြည့်ကာ ညို့ညို့ဆွဲဆွဲ ပြုံးရယ်လိုက်လေသည်။

"ရရမှာပေါ့၊ မာမီနဲ့ စကားပြောလေ။ ဒါပေမယ့် ကိုကို့ဆီက အေမီ မုန့်ဖိုးသတ်သတ်တောင်းမှာနော်"

စောစောက သန်းကြည်ပြောထားသော နှုန်းထားတွေကိုပင် သူ အပြန်အလှန် စိစစ်တွက်ထုတ်ထားသည်။ အခုတစ်ခါ မုန့်ဖိုး ဆိုပါလား။

သိန်းစိုး တွန့်ဆုတ်သွားဆဲ သန်းကြည်က အသံအောကြီးနှင့် -

"ရမယ်၊ နင့်ကောင်က ဘော်ဇာဟဲ့ အေမီ၊ လက်မလွှတ်စေနဲ့"

"ဒါဖြင့် အမိအရ ဖမ်းထားရမှာပေါ့၊ နော်.. ကိုကို၊ ဘော်ဇာထက် အရေးကြီးတာက ကိုကို ချောတယ်၊ ဖြောင့်တယ်။ ဟင်း.. ဟင်း.. ကယ်ဇင်ကော့စနာအတိုင်းပဲ့နော့"

သိန်းစိုး အရည်ပျော်ဆင်းသွားတော့သည်။

ဟင်း.. ဓားမပဲ့ပဲ့။

* * * * * *

kyit

# ငှက်သွင်ပျံကြွ မတက်သောင်

ဇင်ယော်သည် လမ်းသစ်လမ်းအတိုင်း ဖြည်းဖြည်းချင်း လျှောက်လာခဲ့သည်။

ညနေရုံးဆင်းချိန်မို့ ကားနှင့်ဆိုက်ကား အသွားအလာ များပြားရှုပ်ထွေးကာနေသည်။ ကျောင်းလွှတ်ကာစမို့ လမ်းတစ်လျှောက်လည်း ကျောင်းစိမ်းကလေးတွေ စိုပြည်လျက်ရှိနေလေသည်။

နနခိုင်ကို တွေ့ရှိသာဖြင့် ဆေးတက္ကသိုလ်(၂)ဘက်မှာ ပိုပြီး လွတ်လပ်သည်။ ဒါမှမဟုတ် ဓော်ဘွားကြီးကုန်း ကားဂိတ်မှာ စောင့်၊ တစ်ခါတစ်ရံလည်း သူက မြောက်ဥက္ကလာဆေးရုံသို့တိုင် လိုက်ပါ တွေ့ဆုံတတ်သေးသည်။

သည်ကနေ့မှာ နနခိုင်ကို တွေ့ဆုံရရုံနှင့် မပြီး။ ဦးလှိုင်မြင့်အား အကျိုးအကြောင်း အစီရင်ခံတင်ပြရဦးမည်။

အဖြူရောင်ဆေးသုတ်ထားသော သစ်သားဂင်းတံခါးသည် နေသားတကျ ပွင့်ဟနေလေသည်။ လက်ယာဘက်တံခါးရွက်ထိပ်တွင် ဒေါက်တာဦးလှိုင်မြင့် (M.B.,B.S; M.R.C.P; D.T.C.T) ဆိုသော ဆိုင်းဘုတ်ကလေးကို သပ်သပ်ရပ်ရပ် ချိတ်ဆွဲထားလေ၏။

မြေနီလမ်းကလေးအတိုင်း ခြေလှမ်းမှန်မှန် လျှောက်လာခဲ့သည်။

ဆယ်တန်းအောင်စာရင်း ထွက်သောနေ့မှစ၍ နနခိုင်တို့နေအိမ်သို့ သူ အကြိမ်ကြိမ် လမ်းပေါက်ခဲ့သည်။

သည်တစ်ခါလာရသည်မှာ သူ့ကိုယ်သူ အယုံကြည်ဆုံး၊ စိတ်အချဆုံး၊ တက်တက်ကြွကြွ အခိုင်မာဆုံးပင် ဖြစ်တော့၏။

နနခိုင်တို့တိုက် အပေါ်ထပ်ဂရံတာတွင် နနခိုင် ရပ်နေသည်ကို အတော်ဝေးဝေးဆီမှ သူ လှမ်းမြင်ရသည်။

နနခိုင်သည် ဂရန်တာလက်တန်းပေါ်တွင် တံတောင်နှစ်ဖက် ထောက်ကာ ခါးကလေးကိုင်းလျက် သူ့ကို ပြုံးပြုံးကလေး စောင့်ကြိုနေသည်။

ငယ်ငယ်တုန်းက စိတ်ကူးယဉ်ခဲ့သလို နနခိုင်အတွက် ပန်းတစ်စည်းကို သူ အမှန်ပဲ ယူခဲ့ချင်ပါသည်။ သူ ရှက်မနေဘူးဆိုလျှင်၊ သူ မျက်နှာပြောင်ပံ့လျှင်ပေါ့။

စောပါသေးတယ်လေ။ နနခိုင် ဘွဲ့ရမှ၊ နခိုင် အလုပ်ဝင်မှ၊ အဲသည်နေ့ကျလျှင်တော့ သူ မလွဲမသွေ နှင်းဆီပန်းစည်း ကိုင်ပြီး ရှိမီယိုလို သည်ဂရန်တာအောက်မှ ချစ်ကြောင်းဖွဲ့နွဲ့ ကျူးရင့်ပါလိမ့်မည်။

ဇင်ယော်က နနခိုင်အား လက်မထောင်ကာ အဆင်ပြေ ချောမောခဲ့ကြောင်း သင်္ကေတပြသည်။

နနခိုင် မြူးကြွစွာပြုံးရယ်လျက် သူ့ကို ခဏလေးဆိုသောဘော လက်ပြပြီး ဂရန်တာမှ လှစ်ခနဲ ပျောက်ကွယ်သွားတော့သည်။

ဆင်ဝင်အောက်သို့ ဇင်ယော် ရောက်ရှိလာချိန်တွင် နနခိုင်က အိမ်ရှေ့တံခါးဝသို့ အပြေးထွက်ပေါ်လာသည်။

"ဖေဖေလည်းရှိတယ် မောင်။ သူ့မိတ်ဆွေနဲ့ တွေ့ခဲ့ဆုံခဲ့ပုံ မိုးလေဝသကလေး ကြားချင်ပုံ ရတယ်"

ဦးလှိုင်မြင့် အငြိမ်းစားယူပြီးခဲ့လေပြီ။ သည်အချိန်ပိုင်းတွေမှာ မနေတတ်မထိုင်တတ် လစ်ဟာနေလျက် သူ ဘယ်နေရာမှာများ အသုံးတည့်ပါသေးသလဲဆိုတာ စူးစမ်းလေ့လာနေတတ်သည်။

"ညှော့ခန်းမှာပဲ ထိုင်ကြစို့နော်။ ဖေဖေကိုယ်တိုင် ပြောခဲ့ပြီးပြီ၊ တော်နေ ဆင်းလာလိမ့်မယ်"

နုနုခိုင်သည် စာမေးပွဲကြီးနီးကပ်လာပြီမို့ တော်တော်ကလေး အချိန်ပေးပြီး စာကျက်နေရသည်။ တစ်ခါတစ်ရံ လည်း အမျိုးသမီးအဆောင်တွင် တစ်ပတ်ဆယ်ရက်သွားနေကာ သူငယ်ချင်းအုပ်စုနှင့်အတူ ဆွေးနွေးကျက်မှတ် သည်။ တစ်ခါတစ်ရံကျပြန်တော့ ဂင်းလှဆိုသော သူငယ်ချင်းမနှင့် အခြားတစ်ယောက်နှစ်ယောက်ကို အိမ်ခေါ်လာ ပြီး စာစုကျက်ကြပြန်သည်။

နုနုခိုင်နှင့်သူ အခုတလော တွေ့ရခဲ့ပါသည်။

"မောင်ဇင်ယော်၊ ဘယ်နှယ့်လဲကွ။ ဦးတင်ထွဋ်နဲ့ တွေ့ခဲ့သလား"

ဦးလှိုင်မြင့် အပေါ်ထပ်မှ ဆင်းလာသည်။ ဟာဂေယံရုပ်ကို အပြင်ထုတ်ဂတ်ဆင်ကာ ပါးစောင်မှာ ဆေးတံ ခဲထားသည်။ အရင်က ယင်းသို့ဆေးတံနှင့်မတွေ့စဖူး။ ယခုမှ ဆေးလိပ်ဖြတ်ပြီး အာသာပြေ ဆေးတံပြောင်းခြင်း ဖြစ်သည်ဟု နုနုခိုင် ရှင်းပြဖူးသည်။ ယောက်ျားတွေဟာ အစွဲအလမ်းတစ်ခုကို ဖြတ်တောက်ဖို့ နောက်တစ်ခု အစားထိုးတတ်ကြပုံရသည်ဟု သူမက ကောက်ချက်ချ၏။

သူက ဇင်ယော်နှင့် မျက်နှာချင်းဆိုင် ညှော့ခံကုလားထိုင်တွင် ဂင်ထိုင်လိုက်လေသည်။

"တွေ့ခဲ့ပါတယ် ဦး၊ ဆေးစစ်ရာမှာ ကျွန်တော် နလုံးခုံသံ မြန်လွန်းနေတဲ့အတွက် ဆေးရုံကြီးမှာစစ်ဆေးဖို့ လာရတာပါလို့ ပြောပြီး ကျွန်တော့်နာမည်ကို ပြောလိုက်ပါတယ်။ ဖော်ဖော်ရွေရွေပါပဲ။ ဦး.. နေကောင်းရဲ့လား။ သူ့အိမ် လာလည်ပါဦး ပြောလိုက်ပါ၊ ဘာညာနဲ့ တရင်းတနှီး ဆက်ဆံပါတယ်။ ပြီးတော့ ကျွန်တော့်ကို စမ်းသပ် စစ်ဆေးပါတယ်"

"အဲဒီတော့.."

"နလုံးခုံသံက ပုံမှန်ပဲတဲ့။ သွေးပေါင်ချိန်လည်း ကောင်းပါတယ်တဲ့။ ပြီးတော့ ကျွန်တော့်ကို ဓာတ်မှန် ရိုက်ခိုင်းတယ်။ သွေးစစ်ခိုင်းတယ်။ အဲဒါတွေက ဒီနေ့မှသွားပြီး တစ်ခါ ဦးတင်ထွဋ်ကို ပြန်ပြရတယ်။ အားလုံး ကောင်းပါတယ်တဲ့။ ကျွန်တော် ရုံးချုပ်ကို သွားပို့လိုက်ပါပြီ"

"အားလုံး အိုကေသွားပြီပေ့ါ"

"ဟုတ်ကဲ့ခင်ဗျ၊ ထင်ပါတယ်"

ဦးလှိုင်မြင့် သဘောကျစွာ ရယ်မောနေသည်။

သူသည် အသားဖြူဖြူ၊ ပိန်ပိန်ရှည်ရှည် ရွှေကိုင်းမျက်မှန်ကလေးနှင့် အေးချမ်းငြိမ်သက်ဟန် ရှိသည်။ ဘဝတွင် သူ့အလုပ်သူ စိတ်ဝင်တစားလုပ်ပြီး သူ့မိသားစုနှင့် အေးအေးချမ်းချမ်း နေထိုင်သွားရရုံနှင့် ပြီးပြည့်စုံမည့် လူစားမျိုး ဖြစ်ပေမည်။

"နယ်လွှတ်ချင် လွှတ်နေဦးမှာပဲထင်တယ် ငါ့တူရဲ့"

"အလုပ်ရရင်ပဲ မနည်းအဆင်ချောလှနေပါပြီ ဦးရယ်။ နယ်လွှတ်လည်း သွားရမှာပေါ့"

နနခိုင်သည် သူမ၏ဖခင်နံဘေးတွင် ဝင်ထိုင်ကာ ဖခင်၏လက်မောင်းကို ဖက်တွယ်ရင်း သူ့ကို ပြုံးလဲ့လဲ့ကြည့်ကာနေသည်။

နနခိုင်၏ ရှည်လျားသော ဆံပင်တွေသည် ပခုံးမှ စုသိမ်းကာ ရင်ဘတ်ပေါ် ဝဲဖြာကျနေသည်။ သူမ၏ ပုံစံအတိုင်း မလိမ်းမခြယ် မျက်နှာပြောင်တင်းတင်းနှင့်ပင်လျက် လန်းလန်းဆန်းဆန်း ကျက်သရေပြည့်နေသည်။

ရုပ်ရည်ချင်းဆင်တူလှသော သားအဖနစ်ယောက် ယှဉ်ကြည့်ခါမှ ကွာဟချက်ကို ဇင်ယော် သတိပြုမိ၏။

နနခိုင်၏ စူးရှသောမျက်ဝန်းတွေသည် တစ်စုံတစ်ရာကို သတ်သတ်မှတ်မှတ် လိုချင်တပ်မက်မိလျှင် မရမနေ အားသွန်စူးစိုက် ကြိုးပမ်းသွားမည့်ဖွဲ့ကို ဖော်ပြနေသည်။ သူမ၏ ခိုင်မာသော မေးရိုးတွေက ဇင်ယော့်မှန်းဆချက်ကို အထောက်အကူ ပြုနေလေသည်။

အဲသည် ပြင်းပြသောစိတ်ဓါတ်သည်ပင် အလိုမပြည့်လျှင် ထိရှနာကျင်စေတတ်ပြီး တစ်ဖန် အဲသည်စိတ်ဓါတ် ကပဲ နာကျင်မှုကို မာနနှင့်ဖုံးကွယ်ထားတတ်စေသော တန်ခိုးစွမ်းအင် ပေးအပ်ထားမည် ထင်ပါ၏။ ဒါပေမယ့် ခိုင်ရယ်၊ မောင်ကတော့ ခိုင် မနာကျင်စေရအောင် အစွမ်းကုန် ကာကွယ်စောင့်ရှောက်နေမှာပါ။

"သမီး.. ဆေးသောက်ပြီးပြီလား"

ဦးလှိုင်မြင့်က နနခိုင်၏ပခုံးကို အသာအယာ သိုင်းဖက်ပြီး စုံစမ်းမေးမြန်းသည်။

"သောက်မလို့ပဲ ဖေဖေ"

မဖြေချင့်ဖြေချင် မပွင့်တပွင့်ဖြေရင်း ဇင်ယော်ကို မလုံမလဲ မျက်လုံးဝင့်ကြည့်သည်။

"သွားသောက်ချေ.. သွား၊ မောင်ဇင်ယော်အတွက် ကော်ဖီဖြစ်ဖြစ် တစ်ခုခုလဲ ယူခဲ့တာပေါ့"

"မှာထားပြီးပြီ ဖေဖေရဲ့။ ဟော.. လာပြီ"

အိမ်ဖော်အဒေါ်ကြီး ဒေါ်ဟလီမာသည် လင်ပန်းကလေး သယ်မပြီး ဧည့်ခန်းထဲ ဝင်လာလေသည်။ သူမ၏ ညိုမှောင်သော အသားအရေ၊ ဆီရွှဲရွှဲလိမ်းပြီး ပြောင်ရှင်းအောင် ဖြီးသင်ထားသော ဆံပင်နက်နက်တို့ကြောင့် သူမ၏ နာခေါင်းတစ်ဖက်မှ ရွှေကွင်းကလေးက ပို၍ထင်ရှားစွာ တဝင်းဝင်းလက်နေလေ၏။

"ဒေါ်ဟလီမာရေ၊ နနခိုင်အတွက် တစ်ခွက်သွားယူလိုက်ပါဦးဗျာ။ သူ ဆေးသောက်ရအောင်လို့ပါ"

ဦးလှိုင်မြင့်က ပြောပြောဆိုဆို နနခိုင်၏လက်မောင်းအိုးကို ဆွဲမကာ နေရာမှ ထစေသည်။

"ဆေးသောက်မပေါ့နဲ့ သမီးရဲ့။ အဆစ်မရောင်တာ ကြာလှရှိမှ အခုတစ်ခေါက် ပြန်ဖြစ်နေတာ။ သမီး ဂရုမစိုက်ရင် ပိုဆိုးလာနိုင်တယ်"

နနခိုင်သည် သူမတွင် ဝေဒနာတစ်စုံတစ်ခု ရှိရတာကိုပဲ ရှက်ဖွယ်ဖြစ်ရပ်တစ်ခုပမာ ရှက်အမ်းအမ်းနှင့် ဧည့်ခန်းထဲမှ ထွက်ခွာသွားလေသည်။

"သူ ဆယ်နှစ်သမီးလောက်တုန်းက အဆစ်တွေ ရောင်လိုက်ကိုက်လိုက်တာ နလုံးလည်းထိမယ်တွက်ပြီး တော်တော် စိတ်ပူလိုက်ရတာပေါ့။ ဒါပေမယ့် အဆစ်နဲ့ပဲ ပြီးသွားတယ်။ ကာကွယ်ဆေး တစ်နှစ်လောက်ပဲ အထိုးခံတယ်။ နောက်ပိုင်း ဆေးပဲတိုက်ရတယ် မောင်ဇင်ယော်ရဲ့။ သူ့အသားနာမှာ တော်တော်ကြောက်တာပဲ"

နနခိုင်က ညည်းညည်းညူညူမရှိတာကို သူမကိုယ်သူမ ဘယ်လိုဒုက္ခသောကမှမရှိသလို နေတတ်၏။ သူတစ်ပါး၏ ဒုက္ခသောကကိုသာ ဂေမျှဖြေရှင်းပေးနေချင်သူပါ။

သြော်.. သူ့ခမျာ အဆစ်ရောင်တတ်သတဲ့လား။ ဟုတ်တိုင်းမှန်ရာကို ဂန်ခံရလျှင် နနခိုင် နာကျင်ခံစားရတာကိုသာ သနားကြင်နာနေမိလျက် စိုးရိမ်ခြင်းတော့ မရှိလှပါ။ သမားတော်ကြီး၏ သမီး ဆရာဂန်ဖြစ်လုနီးဆဲဆဲ နနခိုင်တွင် ကျမ်းမာရေးနှင့်ပက်သက်ပြီး ထိထိခိုက်ခိုက်မရှိနိုင်ဘူးဟု ဇင်ယော်က ခပ်ပိန်းပိန်း တွေးထင်နေလေသည်။

နနခိုင် ပြန်ရောက်လာသောအခါ သူမ၏လက်ဖဝါးတွင် ဆေးတောင့်ကလေးတစ်တောင့် ပါလာသည်။

ပါးစပ်ထဲပစ်ထည့်ပြီး ဒေါ်ဟလီမာ လာပို့သွားသော ကော်ဖီကို တရှိန်ထိုးမော့လိုက်၏။ ပြီးတော့ ရှုံ့ရှုံ့မဲ့မဲ့ လုပ်နေလေသည်။

သူ့သမီး ဆေးသောက်ပြီးမှပင် စိတ်ချလက်ချရှိတော့သလို ဦးလှိုင်မြင့် ခြံထဲဆင်းသွားသည်။

"ခိုင်သာမရှိရင် ခုလောက်ရှိ မောင်ဟာ လေထိုးကျွတ်ဖာ အလုပ်သမားဘဝမှာပဲ ရှိတော့မှာပဲနော်"

"ခိုင်နဲ့ မတွေ့ရင်လား"

နနခိုင်က ပြောင်ချော်ချော်မျက်နှာပေးနှင့် မေးခွန်းထုတ်သည်။

"ဆိုပါတော့၊ အဲဒီသဘောပေါ့"

"အဲဒီအတိုင်းပေါ့ မောင်၊ ခိုင် ရှိတော့ရှိပါရစေ။ တော်ကြာ မရှိရရင် လူဖြစ်မလာတဲ့သဘော သက်ရောက်သွားမှာပေါ့"

"ခိုင်ကလဲကွာ"

နနခိုင်သည် ဇင်ယော်ကို တစိမ့်စိမ့်ကြည့်ကာ ပြုံးနေသည်။ ကြာတော့ ဇင်ယော် မနေတတ်မထိုင်တတ် ဖြစ်လာသည်။

"ခိုင် ဘာတွေစဉ်းစားနေတာလဲ"

နနခိုင်က လက်ကလေးနှစ်ဖက် မြှောက်တင်ဆန့်တန်းလျက် ခေါင်းကလေးနောက်ပစ်ပြီး ရွှင်ရွှင်မြူးမြူး ရယ်မောလိုက်လေသည်။

"အရင်ဆယ်နှစ်တုန်းက မောင့်ကိုတွေ့ကတည်းက တစ်နေ့ ဒီလိုအရာရှိကြီး ဖြစ်လာနိုင်တယ်လို့ ခိုင် ယုံကြည်ဆုတောင်းခဲ့တယ်။ အခု အိပ်မက်တွေ တကယ်ဖြစ်လာပြီနော်"

ဇင်ယော် ပြုံးပြီး ခေါင်းညိတ်သည်။

"အဲဒါကြောင့် ပြောတာပေါ့ ခိုင်၊ ခိုင်နဲ့သာမတွေ့ရင်"

ဇင်ယော်က ခိုင်သာမရှိရင်ဆိုသော စကားလုံး အသုံးအနှုန်း ပြုပြင်လိုက်တာမို့ နုနုခိုင် သဘောခွေ့ကာ အသံ ထွက်အောင်ပင် ရယ်နေတော့သည်။

"မောင့်မေမေလည်း စိတ်ချမ်းသာမှာပဲနော်"

"မပြောတတ်ဘူး ခိုင်၊ သေချာတာကတော့ တစ်အိမ်တက်ဆင်း လှည့်ပတ်ကြွားနေလို့ မောင် ရှက်နေရတယ်"

နုနုခိုင်၏ရယ်သံ မစဲနိုင်တော့တာကြောင့် ထင်ရဲ့။ ဒေါ်သန္တာပင် ထမင်းစားခန်းဆီမှ ခန်းဆီးလှစ်ကာ တစေ့ တစောင်း ကြည့်ရှုရသည်အထိ။

"အဒေါ့်အကြောင်းပြောမှ သတိရတယ်။ မာလာရီအတွက် ခိုင် မွေးနေ့လက်ဆောင် ဂယ်ထားသေးတယ် သိလား။ ဂါဂန်ကလေးပဲ။ အထပ်ထပ်ချုပ်ထားတာ လှလွန်းလို့။ ခိုင်က ဂတ်ရမယ့်အရွယ် မဟုတ်တော့ဘူး ဆိုတော့ ဂတ်နိုင်မယ့်လူစဉ်းစားတာ မာလာရီမှ မာလာရီပဲ။ တော်မှာအမှန်ပဲ မောင်။ ဖစ်ဆိုက်ပဲဖြစ်မှာ။ ဂင်းလှတို့ အဒေါ်ဆိုင်မှာ တွေ့လာတာ"

နုနုခိုင်က သူ့မိသားစုအတွက် လိုအပ်သလို သတိရတတ်သည့်အတွက် သူ အားနာမနေတော့ပါ။ လူတကာ ဘာလိုအပ်သလဲ ဖြည့်ဆည်းချင်နေမှတော့ သူမ၏ ပို၍တန်ဖိုးထားသော တစ်ခြမ်းတစ်ဂက်အတွက် သူမ စေတနာ ပိုကဲနေတာကို ဘယ်လိုပိတ်ပင်နိုင်ပါ့မလဲ။

"မာလာရီ ပြောတယ်၊ တစ်နေ့က သူ ဈေးကအပြန် ခိုင့်ကားကလေး ဖြတ်သွားတာ တွေ့လိုက်တယ်တဲ့"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ခိုင် လက်ပြခဲ့တယ်။ ဂင်းလှကို ပြန်ပို့ရတော့ သမိုင်းဘူတာရုံလမ်းအတိုင်း ကွေ့သွားရတယ်လေ။ အမယ်လေး.. ဘုရားပွဲစနေတော့ နေ့ခင်းတောင် အတော်စည်တာ။ ညနေဆို ခိုင် မောင်းတတ်မှာ မဟုတ်တော့ဘူးလေ မောင်ရဲ့။ မြန်မြန်သွား မြန်မြန်ပြန်လေ။ အပြန်ကျတော့ တစ်ခါ မေးဗစ်တို့၊ ခင်ငွေးတို့ကို မရမ်းကုန်းဘက် လှည့်ပို့ရပြန်ရော။ အပြန် ပြည်လမ်းဘက်ကပဲ ပြန်လိုက်တော့တယ်"

ရေပက်မဂင် ပြောနေရာမှ ရုတ်တရက် သတိရသလို ပြူးတူးပြတဲနှင့် -

"ဟယ်.. မောင်၊ အဲဒီနေ့ကလေ မောင့်အချစ်ကြီးကိုလည်း တွေ့ခဲ့သေးတယ်တော့"

ဇင်ယော် နားထွေးသွားသည်။

"ဘယ်က ဘာကြီးလဲ ခိုင်ရဲ့"

"ဟို.. မောင့်သူငယ်ချင်းကြီးလေကွာ။ အီဗရာထွန်းအောင်လတ်"

"အဲဒီလိုလုပ်ပါ ခိုင်ရယ်။ မထိတ်သာ မလန့်သာနဲ့"

"မောင်က ခိုင့်ကိုလန့်တယ်လား"

"ဒါပေါ့၊ လန့်ရမှာပေါ့"

"မဟုတ်တာ မလုပ်ရင်တော့ မလန့်ရပါဘူး"

"မဟုတ်တာဆိုတော့ ဘာတွေလဲ ခိုင်"

နနခိုင်က မျက်လုံးပြူးပြ ခြိမ်းခြောက်သည်။

"ခဏခဏ ဘယ်နှစ်ခါ ပြောရမလဲဟင်။ ဆေးလိပ်သောက်တာ၊ အရက်သောက်တာ၊ ဆေးခြောက်ရှူတာ၊ ဘိန်းဖြူရှူတာ၊ အဆိုးဆုံးကတော့.."

"ပြော.. အဆိုးဆုံးကတော့"

"မြာပွေတာပေါ့၊ ကဲ.."

ဇင်ယော် ရီတီတီ မျက်လုံးမှေးကြည့်ကာ မချိုမချဉ်ပြုံးလျက် ခေါင်းညိတ်နာခံသည်။

"မပွေပါဘူးခိုင်ရယ်၊ တစ်ယောက်ဆိုတစ်ယောက်"

နနခိုင်က နှုပ်ခမ်းကလေး မဲ့ကာရွဲ့ကာ မယုံကြည်ဟန် လုပ်ပြသည်။

"တစ်ပြည်တစ်ရွာသွားလို့ အနေကြာများရင်ကွယ်၊ အိမ်ထောင်ရေးမှာ နဖူးစာရွာလည်၊ မီးဂေးချိတ်သဖွယ် ဂေးတိုင်းမေ့လွယ်"

နနခိုင်က သီချင်းတစ်ပုဒ်ညည်းပြကာ မေးကလေးဆတ်ပြီး ဘယ့်နှယ်ရှိစ စူးစမ်းသည်။

ဇင်ယော် သဘောခွေ့ကာနေသည်။ သည်လောက် နှစ်ရှည်လများ ရင်းနှီးလာသည်မှာ နနခိုင် သီချင်းဆိုတာ တစ်ခါမှ မကြားစဖူးခဲ့။ အင်း.. အသံကောင်းတာ၊ မကောင်းတာ အပထား။ သူတော့ နားဆင်မဂနိုင်တာ အမှန်ပင်။

"မောင်က နယ်ရောက်ချင်မှ ရောက်မှာပါ ခိုင်ရယ်"

"ဒါပေမယ့် ရောက်ချင်လည်း ရောက်မှာ မောင်ရဲ့"

"မေ့လွယ်တဲ့သူဟာ ဂေးမှမေ့မှာ မဟုတ်ပါဘူး ခိုင်ရယ်။ လှေခါးသုံးထစ်ဆင်းရုံနဲ့ မေ့တတ်တာပဲဆို"

နနခိုင် ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ဒါလည်း ဟုတ်ပြန်တာပဲ"

"တချို့ဆို တစ်အိမ်ထည်းနေရင်းတောင် ဟိုဘက်ခန်းနဲ့ ဒီဘက်ခန်း မေ့လွယ်တက်ကြသေးတယ် ဆိုလား"

"အဲဒါကတော့ အတော်လူမဆန်တဲ့ ကိစ္စမျိုးတွေပါ မောင်ရာ။ ဘာပဲဖြစ်ဖြစ် မောင်ပြောတာ မှန်ပါတယ်။ နီးတာဂေးတာကို ခရီးမိုင်တိုင်နဲ့ မတိုင်းထွာနိုင်ပါဘူးနော်။ အချစ်မိုင်တိုင်နဲ့ပဲ တိုင်းတာကြည့်ရတော့မှာပဲ"

"အလဲ့.. ခိုင်က စကားတတ်လှချည်လား။ အချစ်မိုင်တိုင် ဆိုပါလား"

နနခိုင်က ခါးဆန့်ကာ မရှိသောကော်လာကို ထောင်ဟန်ပြုလျက် လည်တိုင်မော့ထားသည်။

ဇင်ယော် အသံမထွက်အောင် ကျိတ်ရယ်နေလေသည်။

ဒေါ်ဟလီမာသည် နနခိုင်နှင့်ဇင်ယော်သို့ စကားဝိုင်းဆီသို့ ပြောင်းဖူးပြုတ်ကို အစေ့ခြွေပြီးကြော်ထားသော သွားရည်စာတစ်ပန်းကန် လာပို့လေသည်။

ဒေါ်ဟလီမာ ပြန်လှည့်သွား၍မှ ခန်းဆီးမရောက်တရောက် မှာပင် နနခိုင်က -

"အဲဒါ ဒေါ်လေးက ပရိယာယ်နဲ့ ခိုင်တို့ကို သတိထား စောင့်ကြပ်နေတာ သိလား" ဟု တီးတိုးပြောသည်။

တစ်ဖန် ပြောင်းဖူးပြုတ်ကြော်တစ်ဇွန်းကို ခပ်ကာ ခါးကိုင်းပြီး ဇင်ယော့်ရှေ့သို့ ထိုးပေးသည်။ ဇင်ယော် ပါးစပ်ဟတော့ အသာအယာ လှမ်းခွံ့၏။

ဇင်ယော်မှာ မျက်လုံးကို ထမင်းစားခန်းဘက် စွေကြည့်ရင်း ကျီးလန့်စာစားနှင့် ပြောင်းဖူးစေ့အချို့ ပေါင်ပေါ်ရော ကြမ်းပေါ်ပါ ဖိတ်စဉ်ကျကုန်လေ၏။

"ထားလိုက် မောင်၊ ရတယ်။ နောက်မှ ဒေါ်ဟလီမာ သိမ်းလိမ့်မယ်။ ခိုင် တစ်ခု ပြောပြဦးမလို့"

"ဘာပြောမလို့လဲ၊ ပြောလေ"

"Rock Hudson ရော့ခ် ဟတ်ဆန်လေ အေအိုင်ဒီအက်စ်ဖြစ်ပြီး သေပြီတဲ့ဆရာ။ ခိုင်သိပ်ကြိုက်တဲ့မင်းသား သိလား။ သူ့ကို အဲလစ်ဇဘက်တေလာက လိုက်ကြိုက်တာတောင် ပြန်မကြိုက်ခဲ့ဘူးတဲ့။ လက်စသတ်တော့ သူက အခြောက်ကြီးကိုး"

"ဟာ.. ဟုတ်လား၊ အခြောက်တဲ့လား"

"သူ့ကို စာစောင်တွေမှာ ရေးတာပဲလေ၊ လိင်တူဆက်ဆံသူ (Homosexual) တွေမှာ အဲဒီ အေအိုင်ဒီအက်စ် ဖြစ်တော့ သူလည်း ဖြစ်သွားရှာတာပေါ့"

"ဟာ.. သွားပါပြီကွာ၊ မောင်လည်း အဲဒီမင်းသားကြီးရဲ့ ဘော်ဒီကို အရမ်းအားကျတာ။ ဟာ.. အဲဒီလောက် ဗလတောင့်တောင့် ယောကျ်ားရင့်မကြီးက အခြောက်တဲ့လား။ ဒုက္ခပဲ။ နောက်နောင် သူပါတဲ့ကားတွေကြည့်ရင် သူ့နေရာမှာ မောင့်ကိုယ်မောင် ဘယ်လိုလုပ် ဈာန်သွင်းရပါတော့မလဲ"

နနခိုင်က ပြောင်းဖူးစေ့တစ်စေ့နှင့် လှမ်းပေါက်သဖြင့် ဇင်ယော် ရှောင်သည့်တိမ်းသည့် ကြားမှပင် ရင်ဘတ်ကို ထိမှန်သွားသေးသည်။

"အဲဒီ အေအိုင်ဒီအက်စ်ဆိုတာ ဘာကြောင့်ဖြစ်တာလဲ ခိုင်"

"ဗိုင်းရပ်ပိုးကြောင့် ဖြစ်တာတဲ့"

"အရင်က မကြားဖူးပါဘူး"

"အင်းလေ.. ခိုင်လည်း ခုတလောလေ့မှ ဖတ်ဖူးလာရတာပါ။ အနောက်မှာတော့ ၁၉၈၁ ခုနှစ်ကတည်းက တွေ့နေပြီဆိုတာပဲ။ အခြောက်တွေမှာ ဖြစ်တာဆိုတော့ သဘာဂမဟုတ်တဲ့ အပြုအမူတွေကြောင့် ဘုရားသခင်က ဒဏ်ခတ်တာလို့ အယူအဆထုတ်တာတွေလည်း ရှိသတဲ့"

ဇင်ယော်သည် နနခိုင်ပြောနေသော ရုပ်ရှင်မင်းသားနှင့် သူ၏ ရောဂါအကြောင်းကို စိတ်မဝင်စားလှပါ။

ခိုင်နှင့် နောက်တစ်ကြိမ် ဘယ်တော့ဆုံနိုင်ဦးမလဲ။ ဘယ်မှာ ဆုံကြမလဲ။ ဒါပဲ သူ စဉ်းစားကြံဆကာနေသည်။

နနခိုင်၏ ရည်ရွယ်ချက်အရ သူမ ကျောင်းပြီးလျှင် လက်ထပ်နိုင်ကြမည် ဖြစ်သည်။

ပထမဆုံးရသောလခနှင့် ခိုင့်အတွက်ရည်ရွယ်ပြီး လက်ထပ်လက်စွပ်ကလေး လုပ်ထားဖို့ စိတ်ကူးရသည်။ အင်း.. ခုခေတ် ရွှေဈေးနှင့်ဆိုလျှင် တစ်လခနှင့် မရနိုင်ဘူးထင်သည်။ ဘယ်တတ်နိုင်မလဲ၊ နှစ်လခလောက်တော့။

"အဲလစ်ဇဘက်တေလာက အေအိုင်ဒီအက်စ်ဝေဒနာရှင်တွေအတွက် ဆေးရှာဖို့ လှူ့ဆော်စည်းရုံးနေတယ်တဲ့ မောင်ရဲ့။ ရော့ခ်ဟတ်ဆန်အပေါ်ထားခဲ့တဲ့ သံယောဇင်တွေက လစ်ကို တွန်းအားပေးနေတာပေါ့ မောင်။ မင်းသမီးက ဒီလိုဆိုတော့ မဆိုးလှပါဘူးနော်"

"ဒါပေါ့၊ မဆိုးပါဘူး"

ပတ်ကျေျတမ်းကျေ စကားခွန်းထောက်ရင်းက နနခိုင် အောင်စာရင်းထွက်မည့်ရက်မှာ သူ ရန်ကုန်မှာ ရှိနေနိုင်ပါ့မလား စိုးရိမ်ကြောင့်ကြနေမိလေသည်။

* * * * * *

# ဒသလိုလူ မျက်နှာများသည်

နေ့ခင်းနစ်ချက်ထိုးသည်နှင့် နနခိုင်က အလုပ်တွေလွှဲခဲ့တော့သည်။ အဆောင်ပြန်ပြီး အနားယူချင်လှပါပြီ။

သို့သော် တစ်ပတ်တစ်ရက်တော့ နနခိုင် အိမ်ပြန်နေကျ။ သည်အပတ် အိမ်ပြန်ရသည်ကို နနခိုင် လုံးဝ မပျော်မွေ့ခဲ့ပါ။

ဒေါ်သန္တာနှင့် တွေ့ဆုံရသမျှ အစစအရာရာ နနခိုင် စိတ်မောစရာချည်းသာ ဖြစ်နေသည်။ ပထမ စိတ်မော ရသည်က ဒေါ်လေး၏ ကျမ်းမာရေးကိစ္စ။

"ကင်ဆာလား ခိုင်၊ သမီးဖေဖေက မဟုတ်ဘူးပဲ ငြင်းနေတယ်။ ဒေါ်လေး စိတ်ခိုင်ပါတယ် ခိုင်ရဲ့" နှင့် တကျည်ကျည် မေးမြန်းကာနေသည်။

ကင်ဆာ မဟုတ်ပါ။ သို့သော် သားအိမ်လည်တိုင် ကလာပ်စည်းတွေက ပုံမှန်မဟုတ်တော့ပဲ Dysplasia (သင်္ကာန်ပျက်) ဖြစ်နေကြတာမို့ အချိန်မရွေး ကင်ဆာအဖြစ် ကူးပြောင်းသွားနိုင်သည်။ ကြိုတင်ကာကွယ်သည့် အနေနှင့် သားအိမ်ထုတ်လိုက်ဖို့ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီးက အကြံပြုတိုက်တွန်းခြင်း ဖြစ်လေသည်။

"ဒေါ်လေး ခံနိုင်ရည်ရှိမှန်း ခိုင်တို့သားအဖ သိထားသားပဲ ဒေါ်လေးရယ်။ ဘာလို့ ညာနေရမှာလဲ။ အရှိအတိုင်း ချပြရှင်းပြနေတာပါ။ ဒီမှာလေ အသားစဖြတ်စ စစ်ဆေးတွေ့ရှိချက် ရေးထားတာ။ ဒေါ်လေးကိုယ်တိုင် ဖတ်ကြည့်။ ဒေါ်လေး အင်္ဂလိပ်စာတတ်နေတာပဲဥစ္စာ၊ ဘယ်သူက ညာလို့ရမှာမို့လဲ"

ဒေါ်လေးအတွက် စိတ်မောရသည် ဆိုစေဦးတော့ အလွန်အမင်း မပူပန်လှပါ။ အသက်အန္တရယ် စိုးရိမ်ရ လောက်အောင် ဝေဒနာ မပြင်းထန်ပါ။

ဒေါ်လေး စာရေးအကြောင်းကြားသောကြောင့် ခွင့်ယူရောက်ရှိလာသော ဒေါ်လေး၏ အချစ်ဆုံးသူငယ်ချင်း ဒေါ်ထားထားထံမှ ကြားသိရသော သတင်းစကားတွေကသာ နနခိုင်ကို နေမထိထိုင်မသာ အပူလုံးကြွ နာကျင်စေ တာပါ။

"အင်း.. ဦးဇင်ယော်လို ခိုင်နဲ့ လက်ထပ်မဲ့သူနဲ့ကျမှ၊ ဘုရား.. ဘုရား.. ဖြစ်မှဖြစ်ရလေ"

အဲသည် ဘုရားတသံကို သူတို့သူငယ်ချင်းနစ်ယောက် စကားပြောဆိုနေကြသော ခုံတန်းကလေးဆီမှ နနခိုင် ကြားလိုက်ရတာပါ။

မဟုတ်လျှင် သူမ၏ကွယ်ရာမှာသာ ပြောဆိုနေကြရင်း တော်တော်နှင့် သူမနားထဲ ရောက်လာမှာမဟုတ်။

ခုတော့ ဒေါ်သန္တာထံသို့ စာအုပ်ဗီရိုသော့ ဘယ်မှာထားသလဲ သွားမေးရင်း တည့်တည့်ကြီး တိုးတော့သည်။ ကြားပြီးတာ ပြောမိသူ အနေမခက်ရအောင် ပြန်ဆုတ်ရှောင်ပုန်း၍ မဖြစ်နိုင်ပဲ နနခိုင်တစ်ကိုယ်လုံး မြင်ကွင်းသို့ ရောက်နေခဲ့သည်။

ဒေါ်ထားထားခမျာ အားတုံ့အားနာ မျက်နှာအပျက်ပျက် ဖြစ်သွားရှာသည်။

"ဇင်ယော်နဲ့ကျမှ ဘာတွေဘယ်လိုဖြစ်နေလို့လဲ အန်တီထား"

ခိုင်က တတ်နိုင်သလောက် အသံမှန်အောင် ထိန်းပြီးမေး၏။

"ခိုင်က လူကြီးတစ်ယောက်လိုပါပဲ ထားရဲ့။ နားလည်ချိန်ဆတတ်ပါတယ်။ မျက်နှာစုံညီ ပြောပြလိုက်ပါ။ ကိုယ်တို့ ဝိုင်းဖွဲ့ချင့်ချိန်ကြရအောင်"

ခုံတန်းရှည်တွင် ဒေါ်သန္တာက အလယ်မှာ၊ ခိုင်နှင့် ဒေါ်ထားထားက ဘေးတစ်ဖက်တစ်ချက်စီမှာ။

မိတ္ထီလာမြို့နယ် ဘုရားကြီးကျေးရွာအုပ်စု၏ တစ်ခုတည်းသော အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထားထားသည် သူမ၏ကျောင်းမှ သိုးမည်းကလေးဖြစ်သော မီးမီးအကြောင်းကို စုံစုံလင်လင် ပြောပြလေသည်။ ဇင်ယော် ပြောပြဖူးသောကြောင့် သူ ငှားရမ်းနေထိုင်သောအိမ်တွင် မီးမီးဆိုသောကောင်မလေး ရှိကြောင်းတော့ နနခိုင် သိထားပါရဲ့။ အမှတ်မထင် ပေါ့ပေါ့တွက်ထားခဲ့မိသော လစ်ဟာချက်ကလေးပေ့ါလေ။

"ကလေးမဟာ ကျောင်းတုန်းက အဆိုအက ပျော်ပွဲရွှင်ပွဲဆိုရင် အားထားရတယ်။ စာကျတော့ အတော်တွန်းတင်ပေးတာတောင် တစ်တန်းနှစ်နှစ်နေနေကျ။ သူတို့အိမ်မှာ မောင်ဇင်ယော်က ငှားနေတာ။ နေလည်းနေ၊ ထမင်းလည်းစားပေ့ါ။ သူတို့အိမ်မှာ မြို့ရောက်လာတဲ့ အရာရှိကလေးတွေ ငှားနေကြတာ အစဉ်အလာ ဖြစ်နေပြီ။ သူ့အစ်မနှစ်ယောက်လည်း အဲဒီလို အရာရှိလူပျိုတွေနဲ့ ညားညားသွားကြတာပဲ။ မီးမီးကလည်း မြို့က ကာလသားတွေကြားမှာ ရေပန်းစားခိုက်၊ ဇင်ယော်ကလည်း မြို့ရောက်လာခိုက်၊ အင်း.."

လက်စသေတ်တော့ မောင်ဟာ သူ့အိမ်ရှင်သမီးနှင့် သတင်းကြီးနေတာပါလား။

ဒေါ်ထားထားသည် ဒေါ်သန္တာကို မျက်မှန်ထူအောက်မှ မချင့်မရဲ စိုက်ကြည့်သည်။

"အစကတည်းက မင်းက ရှင်းရှင်းပြောထားရင် အဲဒီအိမ်မှာတောင် မနေစေဘူး။ မသကာ ကိုယ့်အိမ် ခေါ်ထားရုံပဲ။ ကိုယ်နဲ့ ကိုယ့်အမေကြီးရယ်၊ ကိုယ့်တူလေးရယ်ပဲ ရှိတာ။ အင်း.. ကိုယ်ပြန်ရင် မင်း စာရေးပေးလိုက်ပြီး အိမ်ရွှေ့တန် ရွှေ့ခိုင်းထားစေချင်တယ်။ ဒါမျိုးက မလောင်ခင်တားပါမှ"

ဒေါ်ထားထား၏အဆိုအရ မီးမီးဆိုသော ကလေးမသည် ကျောင်းဆက်မတတ်တော့ပဲ စိတ်လေနေပုံရသည် ဆို၏။ အရာရှိကလေး ဇင်ယော်ကို မီးမီး ကျနေ၊ ချိန်နေသည်ကိုလည်း တစ်မြို့လုံးက ပြောကြဆိုကြသည်မှာ မရိုးနိုင်အောင်ပင် ဖြစ်သည်တဲ့။

မိခင်မရှိကတည်းက စောင့်ရှောက်လာသော အဒေါ်ဖြစ်သူကို သည်တစ်ကြိမ် နနခိုင် ကျေးဇူးအတင်ဆုံးပါပဲ။

နနခိုင် သိချင်မေးချင်လွန်း၍ လည်ချောင်းဂမှာ ကျလိကျလိ ဖြစ်မတတ်နှင့် မထွက်ပံ့နေသည်ကို ဒေါ်သန္တာက လေအေးကလေးနှင့် မေးခွန်းထုတ်လေသည်။

"ကလေးမဘက်က ချိန်နေတယ် ပြောကြတာတော့ ဟုတ်ပါပြီ ထားရယ်။ အရေးကြီးတာက မောင်ဇင်ယော့် အခြေအနေကကော ဘယ်လိုလဲ"

ဒေါ်ထားထား ခေတ္တတုံ့ဆိုင်းနေပြီးမှ ဖူးကနဲ သက်ပြင်းမှုတ်ထုတ်သည်။

"လူတွေကတော့ ဖြစ်နေကြတယ် ပြောတာပေါ့ သန္တာ။ မောင်တွေအစ်ကိုတွေက ဦးဇင်ယော့်အခန်းမှာ ပက်ပင်းမိတယ် ပြောကြတာပဲ။ ဘယ်အထိ မှန်တယ်၊ ဘယ်အထိ ချဲ့ကားတယ်ဆိုတာကတော့ ကာယကံရှင်မှ သိမှာပဲ။ ကိုယ့်သဘောကတော့ကွယ် ဒီပြန်ခေါ်၊ အတိအလင်းမေး၊ ရှင်းတယ်ဆိုရင် တစ်ခါတည်းသာ လက်ထပ်ပေးထားလိုက်တော့"

"အို.. အန်တီထား၊ အဲဒီလို လက်ထပ်ပြီး အပိုင်ချုပ်မှ စိတ်ချရမယ့်လူမျိုးကို ခိုင် ဘာလို့ယူရမှာလဲ"

နုနုခိုင်က ခပ်ဆတ်ဆတ်ကလေး ကန့်ကွက်သည်။

ဒေါ်ထားထား အံ့သြစွာ လှည့်ကြည့်၏။

"ဒါမှလည်း အဲဒီကလေးမ ရှေ့မတိုးရဲတော့မှာပေါ့ ခိုင်ရဲ့။ ခိုင်တို့က နဂိုရည်ရွယ်ထားပြီးသားဥစ္စာ။ ဒီကလေးမ ကြားဖင်လာလို့တော့ အပျက်ခံနိုင်ရိုးလား"

"ဟင့်အင်း.. အန်တီထား၊ သူက ကြားဖင်လာခွင့်ပေးမှတော့ ပျက်တာကပဲ ပိုကောင်းမှာပါ"

မနေ့က အိမ်မှာဆို ညအိပ်ဖို့ နုနုခိုင် အတော်ကြီးအားမွေးရသည်။

ဘာမှန်းမသိရသေးခင် စိတ်တိုသည်။ ဂမ်းနည်းသည်။

ခုတင်ခေါင်းရင်း ဘုရားပုံတော်အောက်တွင် ချိတ်ဆွဲထားသည့် ဖင်ယော့်လက်ရာ မှန်ပေါင်သွင်းထားသော ခဲပန်းချီကားကိုပင် မရှုဆိတ်နိုင်ပဲ ဖြုတ်ပြီး အဝတ်ဗီရိုထဲထည့်ကာ သော့ပိတ်ထားလိုက်ရသည်။ အဲဒါတောင်မှ မြင်ယောင်ထင်ယောင် ဒေါသထွက်သည်။ နာကျင်စူးနစ်သည်။

သို့တစေ ဆေးရုံရောက်သည်နှင့် နံနက်ရှစ်နာရီမှ နေ့ခင်းနှစ်နာရီထိ တာဝန်ကျဦးမှာမို့ နုနုခိုင် အိပ်ပျော်မှ ဖြစ်မည်။ ဆေးရုံသို့ အချိန်မှီရောက်အောင် နံနက်စောစောနိုးဖို့ လိုအပ်နေပြန်သည်။

လာခဲ့၊ ဒီဇက်တစ်ပြား။ ခါတိုင်း ဒေါ်လေးကိုတိုက်နေကျ ဒိုင်ယာဇီပင်ဆေးတစ်ပြားကို နုနုခိုင်က ပါးစပ်ထဲ ပစ်သွင်းခဲ့ရသည်။

ဆေးကျောင်းသူဘဝကတည်းက ဒက်ဆီဒရိန်းသောက်လိုက်၊ ဒိုင်ယာဇီပင်သောက်လိုက်နှင့် အိပ်ချိန်နှင့် အိပ်ရန်ကို ဆေးအထောက်အကူရယူ ပြင်ဆင်နေကျမို့ နုနုခိုင်အတွက် ဒီဇက်ဆိုတာ မဆန်းကြယ်လှပါ။

ဆန်းကြယ်တာက သည်တစ်ခါပဲ စိတ်ဆင်းရဲပင်ပန်းလှသောကြောင့် ဒီဇက် သောက်လိုက်ရတာပါ။

သံယောဇဉ်၊ မာနနှင့် သံသယကြီးတွေ စုချည်တုတ်နှောင်ခြင်းဖြင့် တင်းကျပ်နာကျင်မှုကို ဒီဇက်သောက်ပြီး နုနုခိုင် ဖြေဖျောက်အိပ်စက်နိုင်ခဲ့ပါလေ၏။

ယင်းသို့ အကွက်ချစီစဉ်နိုင်ခဲ့တာမို့ နံနက်က တည်တည်ငြိမ်ငြိမ် လန်းလန်းဆန်းဆန်း ဆေးရုံသို့ ပြန်ခဲ့နိုင်သည်။ ဖခင်ထံမှ တောင်းယူလာသော တစ်ပတ်ရစ်အဝတ်နစ်စုံကိုပင် ရေခဲတိုက် အလုပ်သမားကြီးအား ခေါ်ပေးလိုက်နိုင်သေးသည်။

နံနက်ရှစ်နာရီမှ နေ့ခင်းနှစ်နာရီအထိ ဂျူတီဂင်၊ အူအတက်ရောင်သော လူနာတစ်ဦးကို ခွဲစိတ်ဆရာဂန် ခွဲစိတ်စဉ် ကူညီပေး။

အဆောင်ရောက်လျှင် အဂတ်ပင် အနိုင်နိုင်လဲလှယ်ရလျက် ခြေကုန်လက်ပန်းကျစွာ အိပ်ရာပေါ် ဗိုင်းဗိုင်းလဲ ကျသွားတော့သည်။ နုနုခိုင်စိတ်ထင် ငါးမိနစ်လောက်ပဲ အိပ်လိုက်ရသည် ထင်သည်။

"ထဦး နုခိုင်၊ ဧည့်သည် လာတယ်"

ဂင်းလှ လာနှိုးတော့ "နေပါဦးကွာ၊ ခဏ အိပ်ပါရစေဦး" ဟု စောင်းလှည့် ကျောခိုင်းလိုက်သေးသည်။

"လေးနာရီခွဲပြီ အကောင်ရဲ့။ ဧည့်သည် ရောက်နေပါတယ် ဆိုမှ"

"အင်း.. ဘယ်က ဧည့်သည်လဲ"

"မီးမီးတဲ့၊ မင်းကို တွေ့ချင်လို့ဆိုတာပဲ"

သရဲသဘက် တွေ့လိုက်ရသလို နုနုခိုင်မျက်လုံး ပြူးကျယ်ပိုင်းစက်လျက် ထိတ်လန့်တကြား ပုန်းကန် ထထိုင်သည်။

"မီးမီး"

"အေး. ခပ်ငယ်ငယ်ကလေးပဲ။ ဆံပင်တိုကလေးနဲ့"

"ဒုက္ခပါပဲ၊ ဘယ်မှာလဲ"

ရှူးဟု ဂင်းလှက ဟန့်တားပြီး အခန်းပြင်သို့ လက်မညွှန်ပြသည်။

ထိုအခိုက်မှာပင် တံခါးရွက် ပွင့်ဟလာလေသည်။ ဆံပင်တိုနှင့် တီရှပ်အနက်၊ ထဘီပန်းရောင်နှင့် ကလေးမ တစ်ယောက်သည် မဖိတ်ခေါ်ပဲ အခန်းထဲသို့ ဂင်ရောက်လာခဲ့လေသည်။

ကျဉ်းသောမျက်ခုံးတွေကို ကာချယ်ဖြင့် ရေးဆွဲချယ်သထားသလို မျက်ခုံးပါးပါးတွေကိုလည်း ဆေးအညိုက ကူထားလေ၏။ မိတ်ကပ်တင်ထားသဖြင့် မျက်နှာကလေး မှုန်ညက်နေသော်လည်း နှုတ်ခမ်းထူထူကလေးကျတော့ သဘာဂအတိုင်း ဖူးအိနေလေသည်။ အပြင်အဆင်တတ်ပြီး ငယ်နုလေတော့ ကြည့်ကောင်းနေတာ အမှန်ပါပဲ။ ရိုးသားသော အညာသူတစ်ယောက်တော့ မဟုတ်ပါဘူးဟု နုနုခိုင်က မနာလိုစွာ တစ်ဆင့်နိမ့် တွေးလိုက်မိလေ၏။

"မမနုခိုင် မဟုတ်လားဟင်၊ ဓါတ်ပုံထဲမှာတော့ မြင်ဖူးပါတယ်"

နုနုခိုင် အာစေးမိနေသည်။

ဓါတ်ပုံတဲ့။ သူမ၏ဓါတ်ပုံကို မီးမီးက ဘယ်က တွေ့ဖူးရမှာလဲ။ ဇင်ယော်ဆီကတွေ့တာ ဖြစ်မှာပါ။

နုနုခိုင် ခံပြင်းရှုံ့မှုန်းစွာ အံကျိတ်မိလေသည်။

နေပါဦး။

မီးမီးဆိုတိုင်း ဇင်ယော့်မီးမီး၊ အဲ.. ဇင်ယော်နှင့် ဆက်နွယ်နေသော မီးမီး၊ အို.. ဘာလို့ လျှော့တွက်နေရမှာလဲ။ ဇင်ယော့်မီးမီးပဲပေါ့။ အဲသည် မီးမီးပါပဲလို့ တစ်ထစ်ချ သေချာနိုင်ပါမလား။

နနခိုင်က သံသယထားသင့်သည် ယူဆရင်းနှင့်ပင် တခြားမီးမီး မဖြစ်နိုင်မှန်း သေချာသည်။ အပ်ကျမတ်ကျ သိကိုသိနေပါပြီ။

ရင်ထဲ တဒိတ်ဒိတ်ခုန်ကာ တုန်ယင်လှုပ်ရှားလွန်းသဖြင့် နေရာမှ မရွေ့လျားပံ့ပဲ ခုတင်ပေါ်မှာ ငုတ်တုတ်ထိုင်နေရသည်။

မီးမီးကသာ စာကြည့်စားပွဲရှေ့မှ ထိုင်ခုံတွင် ခွင့်မတောင်းပဲ ပိုင်ပိုင်နိုင်နိုင် ဂင်ထိုင်လေသည်။

အခန်းထဲလည်း ဂင်လာသည်။

ကုလားထိုင်မှာလည်း ထိုင်နေသည်။

တော်တော့်ကို ရဲတင်းတဲ့မိန်းကလေးပါပဲလားဟု ကြိုတင်မှန်းဆချက်တွေနှင့်အတူ နနခိုင် အထင်အမြင်သေးသိမ်စွာ စိုက်ကြည့်နေမိတော့သည်။

ထိုမိန်းကလေးနောက်ဘက်ရှိ စားပွဲပေါ် အမြတ်တနိုး တင်ထားသော ဇင်ယော့်လွှဖေါက်ပန်းချီကို ချိုးဖဲ့ပစ်လိုက်ချင်တော့၏။

ဂင်းလှသည် မီးမီးဆိုသော ကလေးမကို ဘာမသိညာမသိ အားတုံ့အားနာ ငေးကြည့်နေခဲ့သည်။

ဂင်းလှက နနခိုင်ထက်ပိုပြီး နှုပ်စောင်းလျှာစောင်းထက်သူ၊ သွက်သူပါ။ အကြောင်းရင်းဇာစ်မြစ် သိမထားသောကြောင့်သာ ဤမျှ ငြိမ်သက်လက်ခံနေတာပါ။

"မနေ့က ညရထားနဲ့ မီးမီး ရန်ကုန်ရောက်လာတယ် မမခိုင်။ မိုးလင်းလင်းချင်း လာချင်တာ။ တယ်လီဖုံးနံပတ် ရှာရ၊ မမရှိမယ့်နေရာ စုံစမ်းရနဲ့ ခုမှ ထွက်လာရတယ်"

နနခိုင်သည် မျက်လုံးအကြောင်သား ငေးစိုက်ကြည့်နေဆဲ ဖြစ်သည်။ မီးမီးဆိုသော လူသတ္တဂါသည် နနခိုင်၏ စံနှုန်းတွေထဲမှာ မပါဂင်သော တသီးတခြားလူတစ်မျိုး ဖြစ်နေခဲ့သည်။

"မီးမီး ဘာကြောင့် မမနဲ့တွေ့ချင်တယ်ဆိုတာ မမ ရိပ်မိချင် ရိပ်မိမယ်။ ဘာပဲဖြစ်ဖြစ် မီးမီးက ပြောရမှာပါပဲ။ ပြောပြမှလည်း ရှင်းသွားမှာပေါ့နော်"

ဂင်းလှက စိတ်ရှုတ်ထွေးနေသောမျက်နှာဖြင့် နနခိုင်ကို လှည့်ကြည့်လေ့လာသည်။

နနခိုင်ကတော့ တုံ့ပြန်ဆက်သွယ်မှုလည်း မပြု။ စောစောက အမူအယာကိုလည်း ပြောင်းလဲခြင်းမပြု။ အကြောင်တိုက်သာ စိုက်ကြည့်မြဲ ကြည့်နေသည်။

သူတစ်ပါးခွင်ထဲသို့ တစ်ကိုယ်တော်ရောက်ရှိနေသူ တစ်ယောက်အနေနှင့် ကြိုဆိုမှုကင်းသော သည်လိုအခြေအနေမျိုးမှာ တခြားလူတစ်ယောက်အဖို့ ကြောင်အမ်းတွန့်ဆုတ်နေနိုင်တာ အမှန်ပင်။

ယခုမူ မီးမီးက သက်တောင့်သက်သာပင် နနခိုင်ကို မျက်လုံးချင်းဆိုင်ကြည့်သည်။ ကြည်ကြည်သာသာ မျက်နှာထားပြီး စကားကိုလည်း သွေးအေးယဉ်ကျေးစွာ ပြောဆိုသည်။

တစ်ခုပဲရှိတာက သူမ၏စကားတွေသည် နနခိုင်၏ အသည်းနှလုံးကို ဓါးတုံးတုံးနှင့် ဖိကာ လှီးဖြတ်နေသည့်နှယ် နာကျင်အောင့်သက် ခံရခက်လှတော့သည်။

"မရောက်ဖူးတဲ့နေရာကို စုံစမ်းပြီး ရောက်လာရုံမက မတွေ့ဖူးတဲ့ မမခိုင်ဆီလည်း အရဲစွန့်ပြီး လာတွေ့တယ်ဆိုတာ မမခိုင် မှန်းဆနိုင်မှာပါ။ မီးမီးတစ်ယောက်တည်း အတွက်ချည်းတော့လည်း မဟုတ်ဘူးပေါ့လေ။ မမခိုင်ကိုယ်တိုင်အတွက်လည်း မီးမီး ထင်တာထက် ပိုပြီးအရေးကြီးနေနိုင်တာပါပဲ။ ဘာလို့လဲဆိုတော့ ဒီပြဿနာဟာ ကိုကိုနဲ့ လုံးဝသက်ဆိုင်နေတယ် မမ"

"ဘယ်က ကိုကိုလဲ"

မအောင့်နိုင်ဘဲ လွှတ်ကနဲမေးမြန်းမိသူသည် ဘယ်သောအခါမှ နနခိုင် မဖြစ်နိုင်ပါ။

အဲဒါ ဂင်းလှ၏အသံ။

မေးမိပြီးခါမှ ဦးနှောက်နည်းသော သိုးတစ်ကောင်ပမာ နနခိုင်ကို ပြူးကြောင်ကြောင် လှည့်ကြည့်သည်။

"ဦးဇင်ယော်ပါ မမ၊ သူနဲ့မီးမီး ဖြစ်နေကြပါတယ်"

"ဟောတော့၊ မြတ်စွာဘုရား ကယ်တော်မူပါ"

နနခိုင်သည် ဂင်းလှ၏ အာမေဋိတ်သံအတွက် စိတ်အနှောင့်အယှက်ဖြစ်လှစွာ စူးစူးရှရှ စောင်းကြည့်၏။

ဂင်းလှ ငြိမ်ကုပ်သွားတော့သည်။

"မီးမီးက တောမြို့သူ။ အပ်ကျတာကအစ တစ်မြို့လုံးသိကြတယ်။ မီးမီးရဲ့နာမည်ဟာ လူတကာတံတွေးခွက်မှာ ပက်လက်မျောရမယ့် အခြေအနေ ဆိုက်သွားနိုင်ပါတယ်။ မမခိုင်ရဲ့ အဆုံးအဖြတ်ဟာ မီးမီးရဲ့ အရှက်၊ မီးမီးရဲ့ဘဝပါ"

စားပွဲပေါ်တင်ထားသော မီးမီးလက်နံဘေးမှ ပန်းချီကားက နနခိုင်ကို လှောင်ပြုံးနေသလိုပင်။

နနခိုင်၏ ခံပြင်းနာကျင်မှုသည် မျက်နှာမှာ အရိပ်ထင်လောက်အောင်ကို အရှိန်အဟုန် ပြင်းထန်သည်။

နနခိုင်က အောက်နှုပ်ခမ်းအတွင်းသားကို သွားနှင့် ဖိကိုက်ထားလိုက်သည်မှာ ငန်ကျိကျိသွေးစပင် စို့စိမ့်လာတော့၏။

"မမခိုင်က ဆရာဝန်ပါ။ ဆွေဂုဏ်မျိုးဂုဏ် ကျောထောက်နောက်ခံ တောင့်တင်းတဲ့သူပါ။ ပြီးတော့လည်း ရန်ကုန်လို ကျယ်ပြန့်တဲ့အသိုင်းအဝိုင်းထဲမှာ တစ်ယောက်ကနှစ်ယောက် ပြောင်းသွားလည်း အမှတ်တမဲ့ ပြီးပျောက်သွားတတ်တာပါပဲ"

"ကျွန်မက ဘာလုပ်ပေးစေချင်လို့လဲ မမီးမီး"

ပင်ကိုအက်ရှရှအသံသည် မောလည်းမော၊ ကျယ်လောင်မာကျော၍လည်း နေသည်။

"မမခိုင် နောက်ဆုတ်ပေးပါ"

"ဟင်.. ဒီလိုတမ်းတော့ ဘယ်ရမလဲ"

ဒါလည်း နနခိုင် မဟုတ်။

ဂင်းလှ ရှူးရှူးရှဲရှဲ အသံမြှင့်ပြီး ကန့်ကွက်လိုက်တာပါ။

သို့သော် နနခိုင်က သူငယ်ချင်း၏လက်မောင်းကို အသာဆွဲပြီး ဟန့်တားလိုက်လေသည်။

"ဒါက ဇင်ယော်နဲ့ကျွန်မ ဖြေရှင်းရမယ့်ကိစ္စပါ။ မမီးမီး ပြောစရာကုန်ရင် ပြန်နိုင်ပါပြီ"

မီးမီး၏ အသာစီးမှ တည်ငြိမ်သေချာမှုတွေ လျှပ်တပြက် လျော့နည်းသွားလျက် မျက်နှာပျက်သွားခဲ့သည်။

"မီးမီး အနူးအညွတ် တောင်းပန်ပါတယ် မမခိုင်။ မမခိုင် ငဲ့ညှာဖို့ မီးမီး တောင်းပန်ပါရစေ။ တောင်းပန်တယ်ပဲ ပြောပြော၊ တောင်းဆိုတယ်ပဲပြောပြော မီးမီးလာရတဲ့ အကြောင်းအရင်းက"

"ကျွန်မနဲ့ဇင်ယော် ဖြေရှင်းရမှာပါ။ ကျွန်မ ပြောစရာကုန်ပါပြီနော်။ ကျေးဇူးပြုပြီး အခုပဲပြန်ပါတော့"

ဂင်းလှက နေရာမှထရပ်သည်။

"အလုပ်သင်ဆရာဂန် အဆောင်မှာ သူစိမ်းဧည့်သည် ကြာကြာလက်ခံထားခွင့်မရှိဘူး မမီးမီး။ ခိုင်က ရှင့်ကို အမျိုးသမီးကောင်း ပီပီသသ လက်ခံတွေ့ဆုံပြီးပြီလေ။ ရှင် ပြောချင်တာပြောရပြီးပြီပဲ။ ရှင် ပြန်တော့ပေါ့"

ဂင်းလှ၏ အမူအရာမှာ တစ်စုံတစ်ရာကို ကြံရွယ်ပိုင်းဖြတ်ပြီးဟန်ပြနေသည်။ မီးမီးမပြန်လျှင် ဆွဲထုတ်မှာလား၊ အစောင့်အလုပ်သမားကို သွားခေါ်မှာလား။ တစ်ခုခုတော့ လုပ်ကိုလုပ်တော့မည့်ပုံ ပေါ်နေသည်။

နနခိုင်နည်းတူ မီးမီးလည်း ရိပ်မိဟန်ရှိလေသည်။

"မီးမီးကိုလက်ခံစကားပြောတဲ့အတွက် ကျေးဇူးတင်ပါတယ် မမခိုင်။ ဒီအစ်မပြောသလို မမခိုင်ဟာ အမျိုးသမီးကောင်းတစ်ဦး ဆိုတော့ မီးမီးမနစ်နာအောင် ဆုံးဖြတ်ပေးလိမ့်မယ်လို့ မျှော်လင့်နေပါ့မယ်"

မီးမီးသည် နနခိုင်တို့အခန်းတံခါးကို ဆွဲဖွင့်ကာ ကျော့ရှင်းစွာပင် ထွက်ခွာသွားတော့သည်။

နနခိုင်က အခန်းအုတ်နံရံကို ကျောမှီကာ နားထင်နှစ်ဖက်ကို လက်ဖဝါးများနှင့်အုပ်ကာ ဖိညှပ်ထားလိုက်ရသည်။ နားထင်တွေမှာ သွေးကြောတွေ အထပ်ထပ်ပေါက်ကွဲမတတ် ခုန်ပျံနေလေ၏။

"အဲဒီမိန်းမ အတော်လူပါးဝတာပဲ။ တောက်.."

ဂင်းလှက စားပွဲမျက်နှာပြင်ကို ဖြန်းကနဲရိုက်ကာ ကြိတ်မနိုင်ခဲမရ ဒေါသထွက်နေသည်။

နနခိုင်က ခေါင်းအထပ်ထပ်ခါယမ်းရင်း မျက်လုံးတွေ တင်းကြပ်စွာမှတ်ထားမိလေသည်။

ဂင်းလှ သိမထားတာတွေ ရှိသေးသည်။

ဒေါ်ထားထားထံမှ နနခိုင် ကြားလာတာတွေကို ဘယ်လိုကောက်ချက်ချရမလဲ မဝေခွဲနိုင်သေးခင်မှာ ခုလို မီးမီးက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာသည်။

"အရာရှိလူပျိုကလေးဆိုတော့ ကောင်မဘက်ကတော့ ရည်ရွယ်မှာပေါ့။ အခြေအမြစ်မရှိတဲ့ သိက္ခာချစကား တွေကိုများ ဟွန်း"

"တော်ပါတော့ ဂင်းလှရယ်။ ကိုယ် ခေါင်းကိုက်လွန်းလို့ပါနော်။ ခဏတော့ နားနေပါရစေဦး"

ဂင်းလှ ငြိမ်သက်သွားသည်။

နနခိုင်လည်း မလှုပ်မယှက် နံရံကိုမှီကာ ငြိမ်သက်နေတော့သည်။

သြော်.. မီးမီးရယ်၊ ကျွန်မမှာ အဆောင်အယောင် ပကာသနတွေ ဝန်းရံထားလို့မို့ ကဲ့ရဲ့သဂြိုဟ်စကားတင်း ဆိုတာတွေကို ခံနိုင်ရည်ရှိတယ် ထား။ ကျွန်မ အသည်းကွဲတတ်တယ်။ ကျွန်မ ချစ်တတ်ခဲ့တော့ ကျွန်မ အသဲကွဲတတ်ပါတယ်။

* * * * * *

# ငယ်စာရင်းဖျက်သောအခါ

နနခိုင်၏ ရိုးစင်းသော မျက်နှာကလေးသည် ဇင်ယော်ဘဝ လမ်းကြောင်းတစ်လျှောက် မှော်လင့်ချက် မီးရှူးတန်ဆောင်ပင် ဖြစ်သည်။

ပြုံးမည်၊ မျက်မှောင်ချီမည်၊ မျက်ရည်ဝဲမည်၊ သုန်မှုန်မည်။ မည်သို့ပင်ဖြစ်စေ ခြုံငုံလိုက်လျှင် ရိုးစင်းမှုဖြင့် ကျက်သရေရှိသော တင့်တင့်တယ်တယ် မိန်းကလေးသည် ဇင်ယော်ခရီးဆက်ရန် ခွန်အားကို ပေးဝေ ဆောင်ကျဉ်းသူ ဖြစ်လေသည်။

အဲသည် နနခိုင်။

တွေ့ဦးစက အောင်ဆန်းအဆုတ်ရောဂါကုဆေးရုံမှ သမားတော်ကြီး ဦးလှိုင်မြင့်၏ တဦးတည်းသော သမီးကလေး နနခိုင်။

ယခု မောင့်အချစ်ဦး နနခိုင်။

မောင်နဲ့ခိုင်ဟာ ရည်မှန်းချက်တွေ ခိုင်မာပြည့်စုံပြီးတဲ့ တစ်နေ့မှာ အသက်ထက်ဆုံး ပျော်ရွှင်စွာ နေထိုင်သွားကြလေသတည်း ဆိုပြီး နတ်သမီးပုံပြင်ကို အဆုံးသတ်လိုက်ကြရုံပဲ ရှိတော့သတဲ့။

နခိုင် ဆေးကျောင်းတတ်ခဲ့သည်။

ဆေးပညာဆိုတာ မြတ်နိုးတဲ့သူတွေပဲ သင်ကြားသင့်တဲ့ပညာမျိုး မောင်ရဲ့။ မြတ်မြတ်နိုးနိုး အသုံးမချတတ်ရင် တန်ဖိုးမရှိတော့ဘူး။ ဂုဏ်တုဂုဏ်ပြိုင်ယှဉ်ထားတဲ့ ဘွဲ့ကတော့ နားလည်တဲ့လူရဲ့ အမြင်အရ ရွှေရည်စိမ် ပါပဲ မောင်ရာ ဆိုသော စကားမျိုးတွေ ပြောတတ်သည်။

စာအုပ်မှန်သမျှ အကုန်ဖတ်ဖို့ အချိန်မပေးနိုင်တော့ဘူး မောင်။ အချိန်က မလုံလောက်တော့ဘူးဟု ညည်းတွားကာ စာအုပ်ရွေးဖတ်စပြုသည့် နနခိုင်က စစ်ကိုင်းဦးဖိုးသင်းတို့၊ ဒဂုန်ခင်ခင်လေးတို့ကို စွဲလမ်းတတ်ပြန်ပြီး သိပ္ပံမောင်ဝကို အုံချီးကျင်နာမဆုံးအောင် ရှိနေတတ်ပြန်သည်။ တစ်ဖန် မက်ခ်တွိန်း၏ ရွှန်းပြက်သရော်ရင်း မဆုံးနိုင်သော အတွေးစတွေ ထားရစ်ခဲ့ပုံကို တစ်ကွက်ချင်း ပြောပြဖွဲ့နွဲ့နေတတ်သေး၏။ ကြိုက်နှစ်သက်သော စာပိုဒ်တွေ၊ ကဗျာတွေ၊ သီချင်းစာသားတွေကို ကူးလိုက်ရသည်မှာလည်း သူမမှာ ဘယ်သောအခါမှ ပြီးပြည့်စုံသည် မရှိ။

ချစ်သော နနခိုင်နှင့်ပက်သက်ပြီး ဇင်ယော် ကောက်ချက်ချမိသည်မှာ နနခိုင်သည် လူတွေကို စိတ်ဝင်တစား အဆင်ပြေအောင် အမျိုးမျိုးကြံဆ ကူညီချင်လှသူပေပဲ။

ဆေးကျောင်းသူကလေးမှသည် အလုပ်သင်ဆရာဝန်အဖြစ် အသွင်တစ်ဆင့် တိုးမြှင့်ပြောင်းလဲလာသော အခါ နနခိုင်သည် ဇင်ယော်နှင့်ပက်သက်သော ဘဝကဏ္ဍအတွက် ပို၍အားစိုက်စီစဉ်လာတော့သည်။

ဇင်ယော်က အိုးအိမ်တွင်အလုပ်ဝင်ပြီးနောက် သင်တန်းတက်လိုက်ရသေးသည်။ အဲသည်နောက်မှ တာဝန်ကျရာ အညာ မိတ္ထီလာမြို့အနီး ဘုရားကြီးတိုက်နယ်သို့ သွားရောက်ရလေသည်။

နုနုခိုင်သည် အခု မောင်သွားနှင့်ပေါ့။ ခိုင် အလုပ်ရတော့ လိုက်လာခဲ့မှာပေါ့။ ဒါမှမဟုတ် နောက်တစ်နေရာမှာ ဆုံကြမှာပေါ့နော်ဟု အပီပြောသည်။

တက်နိုင်သလောက် မျှတချင်ပါတယ် မောင်ရာ။ ဒါပေမယ့် လက်ရှိဖြစ်ပျက်နေတဲ့ အမှန်တရားကိုလည်း မျက်ခြည်ပြတ်လို့ မဖြစ်ဘူးမောင်ရဲ့ဟုပြောပြီး နုနုခိုင် ရယ်မောနေသည်ကို ဇင်ယော် သတိရသည်။

သူ အရာရှိဖြစ်အောင် နုနုခိုင် ကြိုးစားခဲ့ရပြီးသည့်နောက် သူမကိုယ်တိုင် အလုပ်လျှောက်လျှင် မြို့ကြီးတစ်မြို့မှာ ရချင်သည်။ ယင်းမြို့ကြီးသို့ ဇင်ယော်လည်း ပြောင်းရွှေ့ရအောင် နုနုခိုင် အစီအစဉ်ချသည်။ မလုံမလဲစိတ်မသန့်လည်း ဖြစ်နေခဲ့သည်။

ရန်ကုန်၊ မန္တလေးလို မြို့ကြီးပြကြီးရောက်အောင် မကြိုးစားဘူးကွာ။ နယ်စွန်နယ်ဖျား မဲဇာတောင်ခြေ မသွားရရုံလောက်ပဲနော။

ထိုစဉ်ကတော့ ဇင်ယော်သည် နုနုခိုင် မျှတမှန်ကန်ချင်နေပြီး ရနိုင်သည့် အခွင့်အရေးအားလုံး လက်လွှတ်လိုက်ရလောက်အောင်လည်း သူရဲကောင်းမဆန်ပဲ့နှင့် မချင့်မရဲ အစီအစဉ်လုပ်နေပုံကို တစိမ့်စိမ့် ငေးကြည့်ကျေနပ်နေခဲ့သည်။

မြို့တစ်မြို့မှာ တူနှစ်ကိုယ်တိုင်းပြည် သွားရောက်တည်ဆောက်နိုင်သော တစ်နေ့တွင် ခိုင်ပြောသောနတ်သမီးပုံပြင် ဇာတ်သိမ်းနိုင်ကြမည်။

ထိုတစ်နေ့သည် ဘယ်လောက် နီးကပ်နေပြီလဲ။

အလွန်ဆုံး နောက်တစ်နှစ်ပေါ့မောင်ဟု နုနုခိုင်က အတိအကျ အခိုင်အမာ ပြောခဲ့သည်။

ကြည့်စမ်းပါဦး။

ဤမျှ နီးကပ်သေချာပြီးခါမှ နတ်သမီးပုံပြင်ဟာ ဘယ်လိုဇာတ်ဆင်ကာ ဘက်လိုလှည့်ကွက်တွေ၊ ဆိုင်းချက်တွေ ဆင်ယင်လျက် ချောက်ချားကြေကွဲဖွယ် ဇာတ်သိမ်းသွားလိုက်ပါလိမ့်မလဲ။

ကြိမ်စကြာနှင့် ရိုက်နက်လိုက်သလို ဇင်ယော် လူးလိမ့်ခံစားရလျက် အပြေးရောက်ရှိလာစေသောစာကိုနုနုခိုင်က ပြတ်တောက်စိမ်းကားစွာ ရေးရက်ခဲ့သည်။

မောင်နဲ့မီးမီးကိစ္စကို မောင်ပြောသမျှ၊ မောင်အသိပေးသမျှ ခိုင် လက်ခံခဲ့တယ်။ မောင့်ကို ခိုင် ယုံကြည်ခဲ့ပါတယ်။

၁၈၊ ဧပြီတုံးက မီးမီးဆိုတဲ့ကလေးမ ရောက်လာတယ်။ ခိုင် နောက်ဆုတ်ပေးပါတဲ့။

မြို့ငယ်လေးတစ်ခုမှာ အရာရှိကလေးနဲ့ အိမ်ရှင်ကလေးမအဖြစ်တွေက ဖုံးမနိုင်ဖိမရ ဖြစ်နေမှာပဲ။

ခိုင်ဟာ ဇင်ယော့်သူငယ်ချင်းလို့သာ ထားလိုက်ပါ။

ချစ်ခဲ့ကြဖူးတယ်ဆိုတဲ့ စာမျက်နှာတွေကို ဆုတ်ပစ်၊ လွှင့်ပစ်လိုက်ကြပါစို့။

ရှောင်တခွင်ခွင့်တင်ကာ ရန်ကုန်သို့ ကြံ့ရာမီရာရထားဖြင့် သူ စုန်ဆင်းခဲ့သည်။

မနေ့ညနေ မှောင်ရီတရောတွင် သူ ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိခဲ့လေသည်။

နနခိုင်ရှိရာ မြောက်ဥက္ကလာပဆေးရုံကြီးသို့ သူ အားချင်း သွားရောက်သည်။

ခိုင် ခွဲစိတ်ခန်းဝင်နေတယ် ကိုဇင်ယော်။ မနက်ဖြန်မှ လာပါလားဟု ခိုင့်အခန်းဖေါ် ဒေါက်တာဝင်းလှက ဆိုသည်။

ဝင်းလှ၏အကြည့်တွေသည် တရင်းတနှီးမရှိတော့ပဲ မကျေနပ်သလို၊ အံ့သြသလိုနှင့် ဇင်ယော် မလုံမခြုံ ခံစားရစေသည်။

မနက်ဖြန် ဘယ်အချိန်လာရမလဲဟု စုံစမ်းသောအခါ ဒေါက်တာဝင်းလှ အဖြေမပေးတတ်ပြန်ပေ။

"ညနေပိုင်းဂျူတီတွေ ဒီနေ့ပြီးပြီ။ နက်ဖြန် ညဂျူတီဝင်ရမယ်။ ဒါပေမယ့် သူငယ်ချင်းတစ်ယောက်ရဲ့ ဂျူတီ ဝင်ပေးမယ် ပြောသလားလို့။ အဲဒါဆို မနက်ပိုင်းလည်း မအားဘူး"

နနခိုင်က သူ့ကို တာဝန်ချိန်ဇယား ပေးထားခဲ့သည်။ တာဝန်ချိန်မှာပဲ ဆယ့်ငါးမိနစ်လောက်တော့ သူနှင့် စကားပြောနိုင်ကောင်းသည်။ သို့တစေ တစ်သက်တစ်ခါ မှတ်လောက်အောင် ဖြတ်တောက်ရေးသားခဲ့သော နနခိုင်၏ စာနှင့်ပက်သက်၍ သည်ထက်ကြာကြာ အချိန်ရမှ ဖြစ်လိမ့်မည်။

မှာစရာရှိရင် မှာခဲ့မလား။ ကျွန်မ ပြောပေးပါ့မယ်ဆိုသော ဒေါက်တာဝင်းလှ၏ စကားတွေကို သူက သူ့ကို နှစ်သိမ့်ချွေးသိပ်နေတာလား ထင်မှတ်မိပြန်သည်။

သူနှင့် ပြတ်စဲပြီ၊ မပတ်သက်တော့ပြီဟု နနခိုင်က ဒေါက်တာဝင်းလှကို အသိပေးထားသလားလည်း သူ မမှန်းဆတတ်။ နနခိုင်သည် တစ်ခါတစ်ရံ ပွင့်လင်းပြီး တစ်ခါတစ်ရံတော့ လျှို့ပုက်သိပ်သည်းနေတက်ပြန်သည်။

ရိုးစင်းသည်ဟု သူ အစဉ်တစိုက် သိမှတ်ထားခဲ့သော နနခိုင်ကို တကယ်တော့ သူ နားမလည်နိုင်ပါလားဟု ဤမျှ အကြာကြီးကြာမြင့်ခဲ့ပြီးခါမှ သူ ရိတ်စားမိလာလေ၏။

ကျွန်တော် စာရေးခဲ့ရင် ဖြစ်မလားဟူသော သူ့တောင်းဆိုချက်အရ ဝင်းလှက စာရွက်ရော၊ စာအိပ်ပါ ထုတ်ပေးသည်။

ကြားစကားတွေကြောင့် ခိုင်နဲ့မောင် မဝေးပါရစေနဲ့ ခိုင်။

နက်ဖြန်ညနေလေးနာရီ မောင် စောင့်နေမယ်။

တွေ့ဦးစနေရာမှာပဲ ခိုင် မရောက်မချင်း စောင့်နေပါရစေ။

ဆယ်တန်းအောင်မြင်ကြပြီးကတည်းက ချေဦးမလှည့်ဖြစ်ခဲ့တာမို့ ထိုစဉ်က ဇင်ယော်စောင့်နေမည့် နေရာသည် ဘယ်လိုအခြေအနေရှိနေပြီလဲ သူကိုယ်တိုင် မမှန်းဆတတ်ခဲ့ပါ။ ပျက်ယွင်းလိုက်၊ ပြုပြင်လိုက်နှင့် အခုကော ဘယ်လိုရှိနေမှာပါလိမ့်ဟု နောက်မှပဲ တွေးမိတော့သည်။

တန်ခူးနေကလည်း ညနေသုံးနာရီခွဲမှာ ခြစ်ခြစ်တောက်ပူပြင်းလှသည်။ ကြိုကြိုတင်တင် ရောက်နှင့်အောင် ရှိစုမဲ့စု အရိပ်ကျိုးကျဲကလေးမှာပင် သူ ခိုနားရပ်တန့်ကာ နုနုခိုင်လာမည့်လမ်းဆီသို့ မျှော်မှန်းစောင့်ဆိုင်း နေရလေသည်။

သေချာနေမိသေးတာက သူမ မလာမချင်း စောင့်နေမည်ဟု တိုးလျှိုးရင်း ခြိမ်းခြောက်ထားသော သူ့ကို သူမ လာတွေ့ကို တွေ့ရလိမ့်မည်။ ချစ်သူရည်းစားအဖြစ်မှ စွန့်ပစ်လိုက်တာတောင်မှပဲ သူငယ်ချင်းအဖြစ် ဆက်လက် အသိအမှတ်ပြုဦးမှာပါဟု ခိုင်က အတိအလင်း ရေးလိုက်သားပဲ မဟုတ်လား။

စက္ကူပန်းပင်သည် မြင့်မားသော်လည်း အုပ်အုပ်ဆိုင်းဆိုင်း မရှိလှ။ ရေမရသော ကန္တာရပန်းပွင့်တို့သည် အဆုပ်အဆုပ် ပွင့်လန်းနေနိုင်သလို ခြောက်သွေ့ညှိုးရော်နေတာတွေ မနည်းလှ။ မြေပေါ်မှာလည်း ဖိတ်ဖိတ်စဉ်စဉ် ကြွေကြွေလွင့်လွင့်။

ထိုင်လိုက်ထလိုက် သူ ဂနာမငြိမ်ပါ။

လှုသူပြတ်လတ်သော သည်နေရာသို့ သူ ချိန်းမိတာ မှားနေသလားဟု သူ့ဘာသာ ဇဝေဇဝါ ဖြစ်နေမိသည်။

သူတို့ငယ်စဉ်က တွေ့ဆုံစကားပြောရာနေရာတွေမို့ စိမ်းစိမ်းဖယ်ဖယ်မရှိတာတော့ အမှန်ပင်။ လူတွေသာ ပြောင်းလဲသွားကြလျက် သည်ခြေသည်ရေကတော့ ဟိုတုန်းကလိုပါပဲ။

တစ်ဂိတ်မှတ်တိုင်တွင် ဆင်းလိုက်သောအခါမှာပင် ဟော့.. မင်း ခင်နွဲ့သားမဟုတ်လားကွဲ့ဟု ထိပ်ပြောင်ပြောင်၊ အသားမည်းမည်း၊ မျက်ခုံးထူထူ ဦးလေးကြီးတစ်ယောက်က သူ့လက်မောင်းကို ဖမ်းဆွဲပြီး မေးမြန်းနှုတ်ဆက်သေးသည်။

ခင်နွဲ့ပေါ်မလာတာ ကြာပြီ။ နေကောင်းရဲ့လား။ အငယ်တွေကော မင်းလိုမှ ပညာကျိုးစားရဲ့လား။ မင်း အရာရှိဖြစ်နေပြီဆို။ အေး.. အေး.. လိမ္မာပါကွယ်။

အဲဒါတွေပြီးလျှင် နောက်ဆက်တွဲ လိုက်လာနိုင်သေးသည်မှာ ဦးကျင်ပုက် မမာသည့်အကြောင်း၊ အမေ့တူ လိုင်းကားမောင်းရင်း ခရီးသည် လိမ့်ကျသေဆုံးသဖြင့် ထောင်ကျသွားသည့်အကြောင်း၊ လက်ရှိပထွေး ဦးမောင်အေး၏ ကျေးဇူးတွေ ဇင်ယော်တို့အပေါ်မှာ ကြီးမားကြောင်း။

ဇင်ယော်သည် သူ မဆွေးနွေးလိုသော သတိမရလိုသော အကြောင်းအရာများနှင့် ကင်းဝေးအောင် ဤဒေသ သို့ လာရောက်ခဲ့လှသည်။

စော်ဘွားကြီးကုန်းတွင် သူ စောင့်ဆိုင်းနေခိုက် တစ်ခါတစ်ရံ နုနုခိုင်၏ ကားသံကြားလျက်နှင့် သူက အပြေး သွားပြီး ခရီးဦးမကြိုဆိုသည်လည်း ရှိ။ ကားကြီးနဲ့ဆိုတော့ မောင်နဲ့ အလှမ်းဝေးလွန်းတာ သတိပေးသလိုပဲ ခိုင်ရယ် ဟု ဖြေရှင်းညည်းတွားမိလျှင် နုနုခိုင်က ဟာသတစ်ခု ကြားရသလို ဟက်ဟက်ပက်ပက် ရယ်မောပယ်ချသည်။ ဘတ်စ်ကားကို အတူအားပြု သွားလာနေကြသော အချိန်တွေမှာမှ သူတို့ ပိုပြီးကျွမ်းဝင်သည်ဟု သူကပြောလျှင် နုနုခိုင် လက်မခံပါ။

ယနေ့လည်း နုနုခိုင် ကားနှင့်လာမှာပဲဟု သူက ကားသံကိုသာ နားစွင့်နေသည်။ ခိုင်တို့ကားမှာ အရင် ဘောက်စ်ဂက်ဂွန်းအဖြူကလေး မဟုတ်တော့။ ပက်ပလစ်ကာအဖြူကလေး စီးနေကြသည်။

သူ တွက်ဆထားသည်က ခိုင်သည် ဆေးရုံမှ အင်းစိန်သို့ ပြန်လာပြီး အိမ်ခဏဝင်မည်။ အိမ်မှ ကားဝင်ယူပြီး တစ်ဂိတ်သို့ ဆက်မည်။

အများစု ညှိုးရော်သော စက္ကူပန်းရုံနံဘေးတွင် ရနိုင်သလောက် အရိပ်မှာ ကပ်သီးကပ်သတ် သူ ထိုင်ချရင်း ခိုင့်ကို သည်နေရာမှ ချိန်းမိပလေဟု အားနာမဆုံးအောင် ရှိနေမိသည်။ မတတ်နိုင်တော့။ အချိန်ပိုင်းအတွင်းမှာ ခိုင် ရောက်ရှိလာချေတော့မည်။

သူသည် ကြံရာမရ သွေးရူးသွေးတန်း ဖြစ်နေပါပြီ။

ပြတ်တောက်သွားတော့မည်ဟု စိုးရိမ်နေရသော ခိုင့်သံယောဇဉ်ကြိုးတွေ ပြန်ဆက်ချည်ဖို့ အားကိုးအားထား အဖြစ် အတိတ်က ထားရှိခဲ့သည့် အကြင်နာတွေ၊ မေတ္တာတွေကို သူ ပြန်လည်နှိုးဆွပေးချင်သည်။

ဘယ်အထိ သူ့စိတ်တွေ လွင့်ပျံပျက်ပြားနေသလဲဆိုလျှင် သူ ဤမျှ အမျှော်ကြီးမျှော်နေ စောင့်နေသော နနခိုင်တစ်ယောက် သူ့နံဘေးသို့ တိတ်ဆိတ်စွာ ရောက်ရှိလာသည်ကို သူ မသိလိုက်။

သူ့လက်ထဲမှ စီးကရက် တိုလွန်းမက တိုကာ အသားတွေ အပူလောင်လုဆဲကျမှပင် -

"ခိုင် ရောက်နေပြီ မောင်"

ခုန်ထမိမတတ် သူ လန့်ဖြတ်လှုပ်ရှားသွားသည်။

ခိုင့်ကိုကြည့်လိုက်သော သူ့မျက်လုံးတွေသည် ညက အိပ်မပျော်ထားသောကြောင့် အနားမရထားပဲ သွေးကြောမျှင်တွေ ယှက်သန်းနီကြင်နေသည်။

စီးကရက်တိုကို မြေတွင်ထိုးသိပ်ပြီး မီးငြိမ်းသတ်သည်။

"ခိုင် ကားနဲ့လာမယ် ထင်နေတာ"

စောစောက တောက်လျှောက် ကားလမ်းဆီ မျှော်ကြည့်နေမိတာ မှန်သော်လည်း လောလောဆယ် သူသည် ကားလမ်းဘက်လည်း မျက်လုံးရောက်မနေ။ ခိုင် ရောက်လာတာကိုလည်း မမြင်။ သူ ဘယ်ဘက်ငေးပြီး ဘာတွေးနေမိမှန်း သူ့ကိုယ်သူလည်း စဉ်းစားမရနိုင်တော့။

"ဒေါ်လေး နေမကောင်းလို့ ဖေဖေက အိုဂျီဆေးခန်း သွားသွားပြနေရတယ်။ ခိုင် ဘတ်စ်နဲ့ပဲ လာလိုက်တယ်"

"ဥက္ကလာကနေ တောက်လျှောက် ဘတ်စ်နဲ့ပဲလား"

"အိမ်မဝင်ခဲ့ဘူးလေ၊ ဂေါက်ကွင်းဘူတာအထိ ရထားစီးတယ်။ ပြီးမှာ ဘတ်စ်ဆက်စီးလာတယ်"

ဇင်ယော်က သူ ခုထိုင်နေသော လှည်းဘီးသားရေဖိနပ်နှစ်ဖက်ကို ခိုင်ထိုင်ဖို့ တိုးရွှေ့ပေးသည်။

"ရတယ် မောင်၊ ခိုင့်မှာ ကြွပ်ကြွပ်အိတ် ပါတယ်"

ဘယ်လောက် စနစ်ကျလိုက်တဲ့ ခိုင်လဲကွယ်။

ပခုံးသိုင်းအိတ်အပြင်ကန့်ထဲမှာ အစိမ်းရောင် ကြွပ်ကြွပ်အိတ် အခေါက်ကလေးကို ဟိုတုန်းကလိုပင် ထုတ်ကာ ဖြန့်ပြီး သူ့နံဘေးတွင် နေရာချထားသည်။ သစ်ရွက်စိမ်းရောင်ကို လက်တံတောင်ဆစ်ဖုံးအောင် ဝတ်ဆင်ထားသည်။ ယောကျ်ားပတ်နာရီကို သံမဏိကြိုးကြီးနှင့် ပတ်ထားပြီး လက်သည်းတုံးတိထားသည့် လက်ကလေး၏ လှုပ်ရှားပုံကို ဇင်ယော်က ငေးငိုင်ကြည့်နေသည်။

သူ့နံဘေးမှာ အရင်ကလို မပြောင်းမလဲ မတွန့်မဆုတ် ဝင်ထိုင်လိုက်သော နုနုခိုင်သည် သူ့အပေါ် မပြောင်းလဲနိုင်သေးပါဘူးဟု မသိသားဆိုးရွားလှစွာ သူ တွက်ဆအားတက်ချင်ပြန်သည်။

"ဒေါ်လေး ဘာဖြစ်လို့လဲ ခိုင်"

သူ့ကို သားဟုခေါ်လေ့ရှိသော်လည်း မယုံသင်္ကာရှိပုံရသည့် ခိုင့်မိထွေးကို သူ မခင်မင်ပါ။

"ဒေါ်လေးကို သားအိမ်ထုတ်ဖို့ ရက်ချိန်းသွားယူကြတာ"

"ဟင်..."

"သားအိမ်ကင်ဆာ ဖြစ်လာမှာစိုးရလို့ပါ။ သူ့သားအိမ်အသားတွေက သိပ် စိတ်မချရတော့ဘူးလေ"

ဇင်ယော် စိတ်မကောင်းဖြစ်သွားကာ အတန်ကြာ ငေးငိုင်နေ၏။

သူမသည် ပခုံးသိုင်းအိတ်ကို ဖစ်ဖွင့်ပြီး ကလင်းနက်ထုပ်ကို ဆွဲထုတ်သည်။ ပြီးတော့ နဖူးစ၊ နာခေါင်းဖျားတို့ကို ကလင်းနက် စက္ကူပါးဖြင့် တို့ကာတို့ကာ ချွေးသိပ်စေသည်။

သူမ၏အိတ်သည် အလျားတစ်တောင်ခန့် ရှည်လျားလျက် တစ်ထွာမကကျယ်ပြန့်ပြီး ထီး၊ နားကြပ်၊ ဘီး၊ နေ့စဉ်မှတ်တမ်းအပြင် အခြားစာအုပ်စာတမ်းတွေ ပြည့်သိပ်နေအောင် ထည့်ထားလေ့ရှိသည်။ သည်တစ်ကြိမ် ဂျူတီကုတ်ဖွေးဖွေးကို သယ်ယူလာတော့ဟန် မတူ။ ဆေးရုံသို့ ညရှစ်နာရီ ဂျူတီဝင်ရသည်ဖြစ်စေ၊ မဝင်ရသည် ဖြစ်စေ အလုပ်သင်ဆရာဝန်များအဆောင်သို့ နုနုခိုင် ပြန်ဝင်ရဦးမည်ဟု ဇင်ယော် မှန်းဆနိုင်လေသည်။

ပူအိုက်သော နေရှိန်အောက်တွင် နုနုခိုင်သည် ဒူးနှစ်ဖက်ပြေပြေထောင်ကာ ခြေနှစ်ဖက်စုစင်းပြီး လက်နှစ်ဖက် ယှက်တင်လျက် သက်တောင့်သက်သာ ထိုင်နေသည်။ သူတို့နှစ်ယောက်ကြားမှာ ဘာပြဿနာမှ ရှိမနေသလို မှင်သေလှသည့် ခိုင်။ ဟန်ဆောင်ကောင်းသည့် ခိုင်။ ခိုင် တကယ်ပဲ မခံစားရဘူးတဲ့လား။ သူ မယုံပါ။ ခိုင် ထိရှလွယ်ကြောင်း သူ သိပ်ကိုသိထားပါ၏။

ဘေးတိုက်မြင်နေရသော နုနုခိုင်၏မျက်နှာကလေးသည် နဖူးပြင်ပြန့်ပြူး၍ နှာသီးဖျားကော့သယောင် ဖူးမောက်သည်။ အထက်နှုပ်ခမ်းဖျားကလေးကို မဆိုစလောက် ထူအိသော အောက်နှုပ်ခမ်းက ထိမ်းကွပ် တင်းစေ၏။ မေးစေ့ချွန်ချွန်ကလေးကိုတော့ သူက မကြာခဏ ဖွဖွကိုင်မော့ကာ ဝင်းဖန့်သောမျက်နှာကို ဘယ်သောအခါမှာမှ စေ့စေ့ကြည့်မဝနိုင်ခဲ့။

ခိုင် ဘာမှမခံစားရဘူးဟု ဇင်ယော် လုံးဝမယူဆနိုင်ပါ။ အကောက်အကွေ့ အပြင်အဆင်မရှိသော ကလစ် အနက်ဖြင့် လည်ကုတ်တွင် တဖြောင့်တည်းစုစည်းထားသော မဟူရာသွေးဆံပင်ရှည်က ခိုင့်ခါးသို့တိုင် စင်းစင်း ကျနေသည်။

မျက်သားပြာပြီး မျက်ဆံညိုရင့်သော ဇာဒံသီးသဏ္ဍာန်မျက်လုံးကလေးတွေဟာ မျက်တောင်စင်းကလေးတွေ အုပ်မိုးလျက် ဘယ်ဆီငေးပြီး ဘာတွေ တွေးဆဆင်ခြင်နေပါလိမ့်မလဲ။

ဇင်ယော်မှာ မတည်မငြိမ် ရင်တဒိတ်ဒိတ်အခုန်မြန်လျက် စကားစရှာနေသည်။

ခိုင် မကြိုက်သောကြောင့် စီးကရက် ယူဆောင်မလာခဲ့။ လမ်းမနံဘေး ကွမ်းယာဆိုင်မှ တစ်လိပ် ဝယ်ယူလာပြီး စိတ်ရှုပ်ထွေးစွာ ဖွာရှိုက်မိတာ ယခု ဘာမှမကြာသေးခင် သူ့ပါးစပ်တွေ ချဉ်လာသည်။ သူ့အာခေါင်တွေ ခြောက်သွေ့အက်ကွဲလာ၏။

"ကျေးဇူးတင်ပါတယ် ခိုင်"

ပြောထွက်သည့် စကားလုံးတွေကျပြန်တော့ အဆီအငေါ် မတည့်လှပြန်ပေ။

မှုန်နံ့သာမရှိသလောက် ပြောင်ရှင်းသော ဂင်းဖန့်ဖန့်နုဖူးပြင်ကို အနားသတ်ထားသည့် နုနုခိုင်၏ မွဲခြောက်ကျဲပါးသော မျက်ခုံးကလေးတွေ မြင့်တက်သွားသည်။ သရော်ချင်တာလား ခိုင်ရယ်။

မျက်လုံးညိုကလေးတွေမှာ လှော်သရော်ရိပ်ကလေးများ တစ်စွန်းတစ်စ ယှက်သန်းလေမလား သူ ရှာဖွေကြည့်မိသည်။

အေးစက်တည်ငြိမ်ခြင်းကိုသာ သူ မြင်တွေ့လေ၏။

"ခိုင် လာပါ့မလားလို့ မောင် စိတ်ပူနေတာ"

ခိုင် ရောက်လာချိန်မှာ ခိုင်မနှစ်သက်သော စီးကရက်ကို အစီခံထိအောင် သောက်လက်စ ပက်ပင်းတွေ့ပြီးပြီ။ ကျေးဇူးတင်သည်ဟု ကပေါက်တိကပေါက်ချာ ပြောထွက်မိပြီးပြီ။

"မောင်က ကြားစကားတွေကို ခိုင် ယုံတတ်တယ် ထင်နေမှာစိုးလို့ပါ"

မောင်ဟု ခေါ်ဖော်ရသေးသည်ဟု တွယ်မိတွယ်ရာ ကောက်ရိုးမျှင်ကို ဖမ်းဆွဲယူရင်း သူ အားတင်းသည်။

"ခိုင့်ကို မီးမီးက ဘာတွေပြောသွားသလဲ ခိုင်"

အထူးသတိထားပြီး စကားလုံးရွေးချယ်သည့်ကြားက ခိုင့်နှုတ်ခမ်းလေး တွန့်ကနဲ မဲ့ရွဲ့သွားစေသောကြောင့် ဇင်ယော် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရပြန်သည်။

"သူ ဘာပြောသွားသလဲဆိုတာ အရေးမကြီးပါဘူး။ မောင် ဘာလုပ်ခဲ့သလဲဆိုတာပဲ မောင် စဉ်းစား"

ခိုင်သည် စောစောက ဇင်ယော် ပစ်ချမီးသတ်ထားသော စီးကရက်တိုမှ မီးခိုးငွေ့ကလေး ထနေသည်ကို ဇင်ယော် ဖိငြိမ်းသော အုတ်ခဲ့စနှင့်ပင် ကောက်ယူဖိသတ်သည်။

"ဒီလာရင် ဂနာမငြိမ်လွန်းလို့ မောင် လမ်းထိပ်က ဝယ်သောက်မိတာ ခိုင်။ ဒီတစ်လိပ်ထဲပါ။ ခိုင့်ကိုစောင့်ရင်း"

"ခိုင် လေးနာရီမထိုးခင် ငါးမိနစ်မှာ ရောက်ပါတယ်"

ချိန်းထားချိန်ထက် ငါးမိနစ်စောပြီး လာပါသည်ဟု ခိုင်က ဆိုလိုဟန်ရှိ၏။

"ဟုတ်ပါတယ်။ ဒီဘက်က ကားတွေပြတ်လွန်းလို့ မောင် ကြိုရောက်အောင် စောလာတာ"

မောင်ဟာ တစ်ခုမဟုတ်တစ်ခု အကြောင်းရှာ ဆင်ခြေပေးနေတတ်တာပဲ။ မောင် လုပ်ချင်လို့လုပ်တယ်၊ မပြောရဲရင် ဘာမှမပြောနဲ့ပေါ့ဟု ခိုင်က စိတ်မရှည်စွာ ငေါက်ဆတ်ဆတ် ပြောတတ်သည်။

အခုလည်း အဲသလိုတွေးနေမှာပဲဟု ဇင်ယော် သိနေသည်။ ဘာမှ မပြောတော့တာဟာ ဥပေက္ခာပြုလိုက်တာပဲ ဖြစ်မည်ဟု ဇင်ယော့်ရင်မှာ နာကျင်လေ၏။

ခိုင်က နာရီကို ကြည့်သည်။

သူလည်း ရောယောင်ကြည့်မိ၏။

လေးနာရီ ဆယ်မိနစ်။ ထင်သလောက် မကြာသေးပါဘူး ခိုင်ရယ်။ ခိုင့်မှာ အချိန်ပိုမရှိဘူးဆိုတာ မောင် နားလည်ပါတယ်။ ပြီးတော့ သည်လောက် တတန်တက ခရီးဝေးကြီး မြို့ပတ်ရထားမစီးခင် ဆေးရုံကနေ ခိုင် လမ်းလျှောက်ရသေးတယ်။ ရထားကဆင်းတော့ ကားမှတ်တိုင်အထိ လျှောက်၊ အခုတစ်ခါ လမ်းမကနေ နေပူကျဲမှာ ထီးမပါဘဲ။ အင်းလေ.. ဒါတွေပြောနေရမယ့်အချိန် မဟုတ်ဘူး။ ခိုင့်မှာ အချိန်မရှိဘူး။ သူ့ဘာသူ ခေါင်းခါပယ်ချလိုက်လေ၏။

"သူတို့အိမ်မှာ လူပျိုအရာရှိတွေ ငှားနေကြတာ အစဉ်အလာ ဖြစ်နေတာပါ ခိုင်။ အရင်လူက အပြောင်းအရွှေ့မှာ မောင့်ကို မိတ်ဆက်ပေးခဲ့တာပါ"

"မောင် ပြောဖူးပါတယ်"

အေးစက်သော ခိုင့်လေသံသည် ပြောမနေပါနဲ့တော့ဟု ကန့်ကွက်လိုက်သလို ခံစားရစေသည်။

"သူတို့အိမ်မှာငှားနေပြီး သူတို့ထမင်းဆိုင်မှာ လခပေးစားတာ မောင်မှ ထူးကဲတဲ့အပြုအမူ မဟုတ်ဘူးဆိုတာ ခိုင် သိစေချင်လို့ပါ"

"အင်းလေ.. ပြောဖူးသားပဲ မဟုတ်လား"

ဇင်ယော် အားမလိုအားမရ လက်တစ်ဖက် ပေ့ယမ်းငြင်းဆိုစဉ် ငိုက်ကျနေသော စက္ကူပန်းပင်တစ်ကိုင်းနှင့် ရိုက်ခတ်မိသည်။ ဆူးခြစ်ရှရုံနှင့်ပင် ဖြန်းကနဲ ပူစပ်လေသည်။

"မဟုတ်သေးဘူး ခိုင်၊ မောင်ပြောတာကို ခိုင် နားထောင်တာပဲ ရှိတယ်။ ပြန်မမေးဘူး။ ပြန်မငြင်းဘူး"

ခိုင့်နှုတ်ခမ်းလေး တွန့်သွားသည်ဟု သူ ထင်သည်။ ခိုင် ညှတ်ပျောင်းလာအောင် ဆွဲဆောင်ဖို့ မလွယ်ကူကြောင်း သေချာသထက် သေချာကာ သူ ဆောက်တည်ရာ မရနိုင်တော့။

"ကောင်မလေးဟာ မောင့်ကိုမျှော်လင့်နေရင် သူ့အမှားပဲ။ မောင် သူ့ကို တစ်ခါမှ မရည်ရွယ်ဘူး။ မစဉ်းစားခဲ့ဘူး"

"ဒါ မောင့်အခွင့်အရေးပေါ့။ သူ့ဘက်ကလည်း သူ မျှော်လင့်ချင် မျှော်လင့်မှာပေါ့။ သူ့အခွင့်အရေးပေါ့"

ခိုင်က သူမနှင့် လုံးဂမသက်ဆိုင် မပတ်သက်သော အမှုအခင်းတစ်ခုအပေါ် ဂေဖန်ချက်ပေးသလို ပြုမူနေသည်။

"သူ့တစ်ဖက်သက်စွပ်စွဲချက်တွေအပေါ် မူတည်ပြီး ခိုင် ဆုံးဖြတ်လို့ ဘယ်ဖြစ်မလဲ ခိုင်"

ခိုင်သည် ဒူးပေါ်တံတောင်ထောက်ကာ လက်ခေါက်ပေါ်တွင် မေးတင်ပြီး သူ့ကို စောင်းငဲ့ကြည့်လိုက်သည်။

ညိုမောင်းသောမျက်လုံးတွေသည် စူးစူးရှရှ ရဲပုံ့လွန်းလှပေသည်။ စိတ်ကူးယဉ်ပြီး နူးညံ့နေသော အချိန်တွေနှင့် ပြတ်သားပြီး ရက်စက်ခက်ထန်နေသော အချိန်တွေကို ချိန်စက်ကြည့်ရလျှင် ဘယ်ဘက်က အလေးသာမလဲ ဆိုတာ သူ အဆုံးဖြတ်ရခက်ခဲလွန်းနေသည်။

"မီးမီးအပြောကြောင့်ချည်းမဟုတ်မှန်း မောင် သိပါတယ်"

"ဒေါ်လေးသူငယ်ချင်း အန်တီထားရဲ့ အာဘော်တွေ အများကြီးပါနေတာလည်း မောင် သိပါတယ်။ ဒေါ်ထားထား ရန်ကုန်လာတုန်းက ဒေါ်သန္တာ့ဆီ တည်းခိုတယ်ဆိုတာ မောင် ကြားရပါတယ်"

"အန်တီထားဟာ လူတကာ့အတင်းအဖျင်းကို ခရေစေ့တွင်းကျ လေ့လာနေတဲ့ မိန်းမစားတော့ မဟုတ်ဘူး ဆိုတာလည်း မောင် သိဖို့လိုတယ်"

ဇင်ယော် အောင့်သွားသည်။

နနခိုင်ပြောသလိုပင် ဒေါ်ထားထားသည် မြို့လူထု လေးစားချစ်ခင်ကြသော အထက်တန်းကျောင်းအုပ် ဆရာမကြီး ဖြစ်သည်။ မြို့၏ တစ်ခုတည်းသော အထက်တန်းကျောင်းမှ ပညာတတ်၍ ထွန်းပေါက်သော မျိုးဆက်သစ်ကို မွေးထုတ်ပေးရာ ကျောင်းတော်ကြီးအဖြစ် နေရာထားအားကိုးခြင်း၌ သူမ ဂုဏ်ယူသည်။

မီးမီးနှင့်ပက်သက်သော ဒေါ်ထားထား၏ မှတ်ချက်ကို ဇင်ယော် မှန်းဆနိုင်ပါသည်။ ဇင်ယော်၏ အရေးတကြီး ပြဿနာမှာ ယင်းကလေးမနှင့်သူ ဘယ်လိုမှ မပက်သက်ရကြောင်း ထုချေရေးပင် ဖြစ်လေ၏။

ဦးလှိုင်မြင့်သည် သူ့အပေါ် သံယောဇဉ်ရှိတာမှန်သော်လည်း နနခိုင်၏ ဘဂခရီးဖော်အဖြစ်အထိ စိတ်တုံးတုံးချ ယုံကြည်စိတ်ချနိုင်ခြင်း မရှိလှဘူးဆိုတာ နနခိုင်က သူ့ကို အတိအလင်း အသိပေးသလို သူကိုယ်တိုင်လည်း ရိပ်စားမိခဲ့ပါသည်။ သူ့ကိုယ်သူ အာမခံချက်ပေးဖို့ ဆက်လက်ကြိုးစားရမည်ဟု သူသိသည်။ သည်ကြားထဲမှာမှ ဘာကြောင့် မီးမီးက ဂင်နှောင့်ရပါသလဲ။

"ဒေါ်ထားထားရဲ့ ဂုဏ်သိက္ခာကို မောင် လေးစားပါတယ် ခိုင်ရဲ့။ ဒါပေမယ့် မလိုတမာ အပုတ်ချကြတာတွေကို အဖြစ်မှန်လို့ ထင်ပြီး သူတင်ပြတာပဲလို့ ခိုင် တစ်ဖက်လှည့် စဉ်းစားပေးသင့်ပါတယ်"

"မလိုတမာ အပုတ်ချတာတွေ ပါချင်ပါမယ်။ သေချာတာက ဟုတ်လို့ကျော်တာပဲ ဖြစ်ရမယ်.. မောင်"

"ကဲ.. ထားပါ ခိုင်၊ ဘယ်အတိုင်းအတာအထိ ဟုတ်သလဲ ဆိုတာကော မစဉ်းစားတော့ဘူးလား"

နနခိုင်က မျက်မှောင်တွန့်ကာ စိတ်မရှည်သလို စူးစိုက်ကြည့်သည်။ ရောက်လာကတည်းက မျက်နှာသေနှင့် အေးစက်လွန်းစွာသော ခိုင်သည် သိသိသာသာ တင်းမာလာလေသည်။

"မောင်တို့နှစ်ယောက်ကို ပက်ပင်းမိပါတယ် ဆိုတာထက် ဘယ်လောက်ပိုပြီး တိကျရဦးမလဲ။ ရဲစစ်ချက်လို ကွင်းကွင်းကွက်ကွက် ဖော်ပြနေရဦးမှာလား"

"အဲဒီလိုပဲ မောင် ဖြေရှင်းချင်တာ ခိုင်။ မောင့်အခန်းထဲမှာ မဟုတ်ဘူး။ မောင်နဲ့သူ ဘာမှမဖြစ်ဘူး"

"မောင့်အခန်း၊ သူ့အခန်းဆိုတာ ခွဲခြားပြနေဖို့ လိုသေးလို့လား"

လက်ပတ်နာရီ တစ်ကြိမ်ကြည့်ပြန်သည်။ ဒါတွေဟာ အကျိုးမဲ့ အချိန်ကုန်ခမ်းစေသည့် သဘော။

"အမှန်အတိုင်း မောင် ပြောပါရစေ ခိုင်။ ဒေါ်ထားထားထက် မောင့်ကိုပိုပြီး ယုံကြည်နိုင်ဦးမယ်လို့ မောင် မျှော်လင့်ပါရစေ။ ဖြစ်ခဲ့သမျှ နားထောင်ပါ ခိုင်ရယ်"

ခိုင်သည် မျက်နှာလွှဲကာ ရှေ့တူရှုသို့ ငေးကြည့်နေသည်။

ပင်စင်စားရုံးအုပ်ကြီးအိမ်တွင် ငှားရမ်းနေထိုင်သည့်အကြောင်း၊ ထမင်းလခပေးစားသည့်အကြောင်းတွေကို သူ တစ်ချီထပ်လောင်း မပြောတော့ပါ။

"မီးမီး လိုက်လျှောလွှန်းလာတော့ မောင် အတော်ရှောင်ပါတယ်။ တတ်နိုင်သမျှ နှစ်ယောက်ချင်း မဆုံမိအောင် သတိထားတယ်။ အထူးသဖြင့် မောင့်မှာ ခိုင်ရှိတယ်ဆိုတာ အားလုံးသိအောင် ကြေငြာထားပြီးသား"

ခိုင်က မတုန်မလှုပ် ငြိမ်သက်နေသည်။

ဇင်ယော် ပိုပြီးစိတ်ပူလာ၏။

အမှန်ကို သူ ဝန်မခံသရွေ့ သူ သိပ့ုက်ဖုံးဖိထားတာတွေရှိကြောင်း ခိုင် ရိပ်မိနေမှာပဲဟု သူ မလုံမခြုံ ဖြစ်လာသည်။

"ခိုင်ရယ်၊ အရာရှိဖြစ်လာတဲ့အချိန်မှာ စိတ်ပင်ပန်းဆင်းရဲစရာ ဘယ်တော့မှ ထပ်ပြီး ရင်ဆိုင်ရတော့မှာ မဟုတ်ဘူးလို့ မောင် ထင်သွားတယ်။ မောင့်အမှားပေါ့ ခိုင်၊ မောင် အောက်ခြေလွတ်တာပါပဲ"

တစ်သက်လုံးက သူ့အားငယ်မှု၊ သူ့မှားယွင်းမှု၊ သူ့ဆုံးရှုံးမှုမှန်သမျှ ခိုင်က တည့်မတ်ပဲ့ပြင်ပေးခဲ့သည်။ ဖေးမလက်တွဲ ခေါ်ယူခဲ့သည်။

ယခု တုဏှိဘာဝေ ဥပေက္ခာပြုရက်လေပြီလား။

"မောင် အထင်ကြီးခံရတယ်။ နေရာပေးခံရတယ်။ မောင့်တစ်သက် မကြုံစဖူး ထူးထူးကဲကဲ အရာရှိဘဝမှာ မောင် သာယာပေါ့ဆမိတယ် ခိုင်။ သတိထားရမယ်ဆိုတဲ့အသိ ရှိပေမယ့် သတိလက်လွတ်ခဲ့တယ် ခိုင်ရယ်"

ခိုင့်မျက်တောင်တစ်ဖင့်မှာ သူ ထိတ်ထိတ်ပျာပျာ လက်ကာသည်။

"မဟုတ်ဖူး ခိုင်၊ မြို့ကစွပ်စွဲသလို မဟုတ်ခဲ့ပါဘူး။ တကယ်တော့ ဘာမဟုတ်တာလေးကိုပဲ ပုံကြီးချဲ့ကြတာ ပါကွာ"

အဲသည် ဘာမဟုတ်တာလေး ဆိုတာကို ပြောပြဖို့ သူ အထူးဆွံ့အထစ်ငေါ့ကာနေသည်။ သူ့ကိုယ်သူ အားမလိုအားမရ ဖြစ်ရပြန်လေသည်။

"အဲဒီညနေက မောင့်အထက်အရာရှိအိမ်မှာ လုပ်ငန်းကိစ္စ ဆွေးဆွေးနွေးနွေးနဲ့ ဘီယာတစ်ပူးသောက်တယ်။ ဘီယာဆိုတာ မူးတဲ့အမျိုးအစားမဟုတ်မှန်း ခိုင် အသိပါကွာ။ မောင် အိမ်ပြန်ရောက်တာလည်း အင်္ဂလိပ်သီချင်း လာနေတုန်းပဲ ရှိပါသေးတယ်။ ဒါလောက် ညဥ့်နက်သန်းခေါင် မဟုတ်ပါဘူး။ ဒါပေမယ့် တစ်မိသားစုလုံး အိပ်နေကြပြီ။ မအိပ်သေးတောင်မှ အားလုံး အပေါ်ထပ်မှာ ငြိမ်သက်နေကြပြီ"

အဲသည်ညက မိုးက ဖွဲဖွဲစွေရွာနေတာမို့ အိပ်ရာထဲ ကွေးကောင်း ကွေးနေကြပေမည်။ ခိုင်နှင့် အကြည့်ချင်း ဆိုင်ကာ သည်တစ်ခါ သူ သက်ပြင်းချအလှည့် ဖြစ်လေသည်။

"မီးမီးတစ်ယောက်တည်း မောင့်ကို စောင့်နေတာ"

သူ့ဘာသာ ကပျာကယာ စကားပြင်ဆင်သည်။

"မောင့်ကို တံခါးဖွင့်ပေးဖို့ စောင့်နေတာ"

မဆိုစလောက် ဆိုင်းငံ့သွားလျက် -

"ထမင်းပွဲလည်း ပြင်ပေးဖို့ပေါ့လေ။ အဲဒါ သူတို့အလုပ်ဆိုတော့"

ဒါကို ဖြေရှင်းနေဖို့ မလိုပါဘူး ထင်ပါသည်။ ဘာကြောင့်များ သူ ဖြေရှင်းနေမိပြန်ပါလိမ့်။ ဒုက္ခပါပဲ။

ခိုင်က တစ်ခုခု ဂင်ရောက်ဆွေးနွေးလျှင် သည်ထက်ပိုပြီး အဆင်ချောလာနိုင်စရာ ရှိသည်။

"မောင့်ကို အိမ်တံခါးဖွင့်ပေးတယ်။ သူ အောက်ထပ်မှာ စာကျက်ရင်း စောင့်နေတာတဲ့။ သူက ဆယ်တန်း၊ အပြင်ဖြေမလို့၊ ဆယ်တန်းနှစ်ခါသုံးခါကျပြီးသားပေါ့လေ။ မောင်က ကျေးဇူးပဲလို့ ပြောလိုက်တယ်။ မီးမီး သွားအိပ်ချေတော့လို့ ပြောလိုက်တယ်"

မီးမီးသည် တံခါးပိတ်ပြီး တံခါးရွက်ကိုမှီကာ သူ့ကို မကျေမချမ်း စိုက်ကြည့်နေခဲ့သည်။

"ထမင်းစောင့်ကျွေးဦးမှာလို့ပြောတော့ မောင်က ရတယ် မီးမီး၊ ငါ့ဘာသာ ခပ်စားလိုက်ပါ့မယ်လို့ ပြောတယ်။ ပြီးတော့ သူ အပေါ်ထပ် တက်သွားလိုက်မယ်ပဲ မှတ်နေတာ။ မောင့်အခန်း တံခါးသော့ကို ဖွင့်ပြီး အဝတ်လဲဖို့ ဂင်လိုက်တယ်။ မောင် အခန်းဂမှာ မီးခလုပ်စမ်းတုန်းပဲ ရှိသေးတယ်။ သူ မောင့်အခန်းထဲ လိုက်ဂင်လာတာပဲ"

ခိုင့်မျက်နှာကို သူ စေ့စေ့မကြည့်ဂံ့တော့ပဲ မျက်လွှာချရင်း ပင့်သက်ရှိုက်မိသည်။ သူ့အခန်းထဲမှာ မဟုတ်ပါဘူး ပြင်ရင်းကပဲ ယခု အခန်းဂမှာ မီးခလုပ်ဖွင့်တာတွေ ပါကုန်ပါရောလား။ ရှေ့နောက်မညီ၊ အမြီးအမောက် မတည့်။

"စာမေးပွဲကျလို့ သူ့အဖေ ဆူတာဆဲတာ တစ်နေ့လုံးပဲတဲ့။ သူ့အဖေအိပ်တော့မှ သူ အခန်းအောင်းရာက ထွက်လာတာတဲ့။ အဖေရိုက်ထားတာ ကြည့်ပါဦးဆိုပြီး မောင့်အနား ကပ်လာတယ်။ နေဦး.. ငါ မီးဖွင့်ဦးမယ် ပြောနေတုန်းမှာပဲ သူက မောင့်ရင်ခွင်ထဲ တိုးဂင်လာတယ်။ ငိုလည်းငိုတယ်"

ခိုင် ခေါင်းခါယမ်းရင်း လက်ကာတားမြစ်၏။

"တော်ပါတော့ မောင်၊ ခိုင် နားလည်ပါပြီ။ အဲဒီနောက် သူ့မောင်တွေ၊ အစ်ကိုတွေ ရောက်လာတယ်။ မောင်တို့ကို ပက်ပင်းပါ ဖမ်းမိတယ်။ ခိုင် သိပြီးပြီ။ ခဏခဏ ထပ်ခါတလဲလဲ မကြားပါရစေနဲ့"

ခိုင်က ခပ်ဆတ်ဆတ်ကလေး ပြောသည်။

"မဟုတ်ဘူး၊ ပက်ပင်းပါ ဖမ်းမိရအောင် မောင်တို့ ဘာမှမဖြစ်ဖူး ခိုင်"

သူက အလောတကြီး ဖြေရှင်းသည်။ သူ့အသံမှာ ခိုင် မကြားမသိလိုက်ရမှာစိုးပြီး အတန်ငယ် ကျယ်လောင်သွားသည်။

"ဘာမှမဖြစ်ဘဲနဲ့ ဒီလောက်တောင်ပဲ တစ်မြို့လုံး ဟိုးလေးတကျော် ဖြစ်သွားနိုင်သတဲ့လား"

ဇင်ယော် မျက်နှာနီကာ နဖူးဂမှာ ချွေးစို့လာသည်။ သူ လက်ဆစ်တွေကို ချိုးရင်း တရားသူကြီးရှေ့မှောက်ရောက်သော တရားခံပမာ ဆင်ခြေလဲဖို့ ကြိုးစား၏။

"သူ့ကို မောင် ချော့မိတာ မှန်ပါတယ် ခိုင်။ ထမင်းစားခန်းထဲကို ပြန်ထွက်ဖို့လည်း သတိပေးပါတယ်။ ဒါပေမယ့် သူက မောင့်ကိုဖက်ထားတယ်။ သူ့လက်တွေကို တွန်းဖယ်ပစ်ရင်း မောင် အခန်းပြင်ထွက်ဖို့ ကြိုးစားတယ်"

ဇင်ယော်သည် သူ ယစ်မူးမေ့လျော့ခဲ့သည့် ထိုတဒင်္ဂကို ဖြစ်နိုင်လျှင် ခဲဖျက်နှင့် ဖွဖွဖျက်ကာ အစဖျောက်ပစ်ချင်မိလေသည်။

မီးမီးက သူ့ပါးပြင်ကို ရှိုက်နမ်းစဉ်သူ ဘာကြောင့်မင်တတ်မိနေခဲ့ပါသလဲ။ ပြန်နမ်းမိကြောင်းဝန်ခံဖို့ ဘာကြောင့် သူ တွန့်ဆုတ်နေခဲ့ပါသလဲ။

သူက ခိုင့်မျက်နှာကို ရင်ဆိုင်ကြည့်ပြီး ရဲရဲပွင့်ပွင့်ဝန်ခံဖို့ ကြိုးစားသော်လည်း မွေးယူသောသတ္တိသည် လမ်းခုလတ်မှာပင် ပျောက်ဆုံးလျက် သူ့အသံသည် လည်ချောင်းထဲမှာပင် ပြတ်တောက်တိမ်ဝင် သွားလေ၏။

ခိုင့်နှုတ်ခမ်းကလေးတွေ တင်းတင်းပိပိစေ့ထားလျက် မေးဖျားကလေး ပင့်တင်ထားသည်။ မေးရိုးကလေး တင်းလာအောင် ခိုင် အံကြိတ်ထားလိုက်သည်ကို သူ တွေ့မြင်နေရ၏။

ခိုင့်လက်ကလေးကိုကိုင်ပြီး သူ တောင်းပန်ချင်သည်။ တကယ်တမ်းတော့ ဘယ်မှာ တို့ပွဲ့ထိပွဲ့တော့မှာလဲ။ သူသည် အပြစ်ရှိသော လူ့ဘာလန် ဖြစ်နေပြီ။

"ပြောမရတဲ့အဆုံး မီးမီးကို တွန်းဖယ်ပစ်လိုက်တယ်။ မောင်လည်း အခန်းအပြင်ရောက်ရော မီးမီးရဲ့အစ်ကိုနဲ့ မောင်လည်း လှေကားရင်းကို ရောက်လာရော"

နမ်းမိတာကလွဲပြီး ကာယကံမြောက် ဘာမှ မလွန်ကျူးမိပါကြောင်း သူ ရှင်းပြချင်သည်။ သူ ဝန်ခံချက်ပေးလျှင် ခိုင်က ခွင့်လွှတ်ပါ့မလား သူ မသေချာပေ။

ဒါ အကုန်ပဲ။ ဒါ အမှန်ပဲ။

သူ့ကို ခိုင် ယုံကြည်ခဲ့ဖူးသည်။

အားပေးနှစ်သိမ့်ခဲ့ဖူးသည်။

သည်တစ်ခါကောဟင်။

သည်တစ်ကြိမ်ကော။

ဒါကလေးဟာ ဇင်ယော်ဘဝ အချိုးအကွေ့ အဆစ်အကောက်တစ်ခု ဖြစ်သည်။

ခိုင် ဘယ်လိုလဲ။

ခိုင့်ဆုံးဖြတ်ချက်ကို ပြင်ပါဦးလား ခိုင်။

မျက်တောင်မှုမခတ်နိုင်ဘဲ ခိုင့်မျက်နှာမှာ ဘယ်လိုအမူအရာ၊ အပြောင်းအလဲ ရှိမလဲ ဇင်ယော် ရှာဖွေမိသည်။

အချည်းနှီးပါပဲ။

ဇင်ယော် ရှုးသွပ်ပြေးလွှားတော့မတတ် ပြင်းပြင်းထန်ထန် ခံစားလိုက်ရသည်။

"မောင် ပြောစရာရှိတာ ကုန်ပြီမဟုတ်လား"

ဇင်ယော် ငေးငိုင်နေသည်။

"ပြောပြီးရင် ခိုင် ပြန်ရုံပဲရှိတော့တယ်"

သူ လန့်ဖြတ်ကာ ဆတ်ကနဲ တုန်သွားသည်။

"ခိုင်ရယ်၊ မောင်ဟာ မီးမီးနဲ့ ဘယ်လိုမှ မသက်ဆိုင်ပါဘူး။ မောင် ကျိန်ပြောနိုင်ပါတယ် ခိုင်ရယ်"

"ကျိန်တွယ်တယ်ဆိုတာ ပျော့ညံ့လွန်းတဲ့သူတွေရဲ့ အလုပ်၊ ကျိန်တွယ်ပြောလေ မသေချာလေ"

"ဒါဆိုလည်း မောင် မကျိန်ဘဲပြောပါ့မယ်။ မောင်နဲ့ အဲဒီကောင်မလေး အရင်ကလည်း မပတ်သက်ဘူး။ နောက်နောင်လည်း ဘယ်တော့မှ မပတ်သက်နိုင်ဘူး။ မောင့်မှာ ခိုင်တစ်ယောက်တည်း"

ဇင်ယော်သည် အဖြူဆွတ်ဆွတ် ရှပ်အင်္ကျီကြယ်သီးတွေကို တုန်ယင်သော လက်ချောင်းများဖြင့် ဖြုတ်ပစ်သည်။ ဘယ်ဘက် ရှေ့ခြမ်းကို နံဘေးသို့ စုသိမ်းလိုက်ပြီး ခိုင့်ဘက် ရင်ကော့ပြ၏။

ဘယ်ဘက်ရင်အုံ နှလုံးသားတည်ရှိရာနေရာတွင် ဆေးပညာစာအုပ်တွေမှာ တွေ့မြင်ရလေ့ရှိသော နှလုံးသားပုံ ဆေးမင်ကြောင် ရေးဆွဲထားသည်။ နှလုံးသားတွင် စိုက်ဝင်နေသော ဓါးမြှောင်အသွားတွင် ခိုင်ဟု ထင်းထင်းကြီး ရေးခြယ်ထား၏။ ဓါးချက်ဒဏ်ရာမှ စီးကျသော သွေးစက်များကို အနီရဲရဲ ခြယ်ထားလေ၏။

ခိုင်သည် မချိတင်ကဲ လှုတ်ကနဲ အာမေဋိတ်သံ ပြုပြီးခါမှ နှုတ်လမ်းနစ်လှှာကို လက်ခုံနှင့်ပိတ်ဆို့ရင်း ဇင်ယော်ကို မျက်လုံးအကြောင်သား ငေးကြည့်သည်။ စက်နှင့် တပေါက်ပေါက်ထိုးခဲ့သည်ဟုဆိုလျှင် ခိုင် ဘယ်လို ဝေဖန်ပြစ်တင်မှာလဲ။

"မောင့်မှာ ခိုင်တစ်ယောက်တည်းပါ ခိုင်"

ဇင်ယော်သည် ချုံးပွဲချငိုကြွေးတော့မတတ် တုန်ခိုက်ကြေကွဲစွာ ရေရွတ်နေလေ၏။

ခိုင်သည် ဇင်ယော်ကို ကြောင်ငေးကြည့်လျက်မှပင် ဘေးတိုက် ရွှေ့ခွာသွားသည်။

လေအဟုန့်တွင် ခိုင် ခုထိုင်ထားခဲ့သော အစိမ်းရောင် ကြွပ်ကြွပ်အိတ်သည် ပေါ့ပါးလျှင်မြန်စွာ ရွှေ့လျား လွင့်ပါသွားသည်။ သို့သော် နှစ်ယောက်သား အမှတ်မထားနိုင်ကြပဲ တစ်ဦးကိုတစ်ဦးသာ ကြောင်ငေးစိုက်ကြည့် နေကြလေသည်။

အရင်ဆုံး ထိမ်းသိမ်းဆည်တံ့လိုက်နိုင်သူမှာ ခိုင်ပင် ဖြစ်၏။

"မောင်ဟာ အင်မတန် ရှုံးနမ်းတဲ့အလုပ်တွေ လုပ်တတ်တာပဲကိုး"

"တက်တူးထိုးတာ ခိုင် မကြိုက်ဘူး။ မောင် မထိုးပါဘူး။ အဲဒီတစ်ခါပဲ ခိုင်။ ဆယ်တန်းအောင်ပြီး တက္ကသိုလ် မတတ်နိုင်တော့ စိတ်ညစ်ညစ်နဲ့ ထိုးမိတယ်"

"စိတ်ညစ်တယ်လို့ မောင် အကြောင်းပြတာပေါ့။ ပျော်တယ်၊ စိတ်ညစ်တယ်၊ စိတ်ဆိုးတယ်၊ ဂမ်းနည်းတယ်၊ တစ်ခုခု အကြောင်းပြပြီး လုပ်ချင်တာလုပ်တာပဲ။ အဲဒါ လူပျော့လူညံ့တွေရဲ့ စရိုက်ပဲ"

"ဟုတ်တယ် ထားပါ၊ မောင်ဟာ လူပျော့လူညံ့ပါ။ ဒါပေမယ့် မောင် ခိုင့်ကိုချစ်တယ်"

ဆေးမင်ကြောင်ထိုးထားသော နလုံးသားကို ထိုးစိုက်နေသည့် ဓါးသွားပေါ်မှ ခိုင်ကို သူ့လက်ဖဝါးနှင့် ဖိအုပ် ဖမ်းဆုတ်ထားလိုက်၏။

ခိုင်သည် နှုတ်ခမ်းကလေးတစ်ချက်မဲ့ကာ ဟင်းကနဲ နာကျင်ကြေကွဲစွာ ညည်းတွားလိုက်လေသည်။

"အချစ်နဲ့ အထင်သေးမှုနဲ့ ဒွန်တွဲပြီး ခိုင်က မဆုံးဖြတ်တတ်ဘူး မောင်"

ခိုင့်ထံမှ အဆိပ်လူးမြှားနှင့် ပစ်ခွင်းလိုက်သည့်ပမာ သူသည် နောက်ဘက်သို့ ယိမ်းယိုင်သွားခဲ့သည်။

"မောင့်ကို အထင်သေးတယ်လို့ ခိုင် ဆိုချင်သလား"

ညိုမောင်းသော ခိုင့်မျက်ဆန်တွေသည် နာကြည်းရိပ် တဖိတ်ဖိတ်တောက်ပကာ မြစိမ်းရောင် ယှက်သန်း လာသည်။

"ဟုတ်တယ်"

အေးစက်သော စကားလုံးများကို ခိုင်က မြိန်ရည်ယှက်ရည် မာမာကျောကျော ပြောထွက်ရက်ပါလေ၏။

"ကြားစကားကြောင့် မဟုတ်ဘူးဆိုတာ မောင် ရှင်းရှင်းလင်းလင်းသိစေဖို့ ခိုင် ရောက်လာတယ်။ ခိုင်ကိုယ်တိုင်က မောင့်ကို မယုံကြည်တော့ဘူး။ အထင်မကြီးတော့ဘူး။ ခိုင်ဟာ မောင့်ရဲ့ ငယ်သူငယ်ချင်းလို့ပဲ မှတ်ထားရစ်တော့။ ခိုင် ပြန်တော့မယ်"

ခိုင် နေရာမှထကာ သူမ၏ထမီကို အတွန့်အခေါက် ဆွဲဆန့်ပြင်ဆင်သည်အထိ ပြီးပါပြီစာတမ်းထိုးသွားသည့် ဇတ်သိမ်းကို သူ လက်မခံနိုင်သေး။

"မောင် ကျူးလွန်မိတဲ့အမှားဟာ ဒီအထိပဲ အပြစ်ကြီးလေးသလား ခိုင်။ ယောကျ်ားအများစု မကင်းကြတဲ့ လမ်းချော်မှုမျိုးကနေ မောင် လွတ်အောင် ရုန်းထွက်ခဲ့တယ်ဆိုတာ ခိုင် မယုံကြည်ဘူးလား။ အသိအမှတ်ပြု မပေးနိုင်ဘူးလား"

"ခိုင်က ယောကျ်ားအများစုကို စိတ်မဝင်စားခဲ့ဘူး"

ခိုင်သည် မျက်လုံးစိမ်းများဖြင့် သူ့ကို စိုက်ကြည့်သည်။

"မီးခိုးထွက်လာတဲ့နေရာမှာ လောင်မြိုက်နေတာ တစ်ခုခုတော့ ရှိကိုရှိရမယ် မောင်။ ခိုင် အတတ်နိုင်ဆုံး လိုက်လျောတယ်။ နားထောင်ပေးတယ်။ မောင် ကျေနပ်ရစ်ပါတော့"

"နေပါဦး ခိုင်၊ မောင် ဘာလုပ်ရမလဲ။ ခိုင် ခိုင်းစမ်းပါ။ အပြစ်တင်စမ်းပါ။ ဘာပဲဖြစ်ဖြစ် တစ်ခုခုတော့"

ဇင်ယော်အသံ ပြတ်တောက်သွားသည်။

ပူပန်စိုးရိမ်ထားသည့်အတိုင်း ဘဂလေနီကြမ်းသည် အဆုံးစွန် ပြင်းပြစွာ မွှေနှောက်တိုက်ခတ်ခဲ့ပြီမို့ သူ့ဦးနှောက်တွေ၊ အသည်းနှလုံးတွေ သွက်သွက်ခါ ယိမ်းပျက်ကြေမွစ ပြုလေပြီ။

ခိုင် ခြေလှမ်းပြင်နေပါပြီ။

ခိုင် တကယ်ပင် အပြီးအပိုင် ခွာသွားတော့မည်ဟု သူ့မှာ တုန်လှုပ်ခြင်းကြီးစွာ သိမှတ်လိုက်ရလေ၏။

"ခိုင် အထင်လွဲသွားလို့ပဲဖြစ်ဖြစ်၊ လူတွေကပိုင်းပြီး ဖိနှိပ်စွပ်စွဲကြလို့ပဲဖြစ်ဖြစ် မီးမီးကို မောင် ဘယ်တော့မှ ယူမှာမဟုတ်ဘူး ခိုင်"

ခိုင့်မျက်ခုံး မွဲမွဲတန်းတန်းကလေးတစ်ဖက် မသိမသာ မြင့်တက်သွားသည်။ လှောင်လိုက်တာလား ခိုင်။

"မောင့်အခွင့်အရေးပဲလေ။ မောင့်ဘာသာ ဆုံးဖြတ်ရမှာပါ"

သူ အံ့ခဲမိ၏။

"တို့ သွားတော့မယ်"

ချစ်သောခိုင်က နှုတ်ဆက်နေပါပြီ။

ချစ်သူဘဂ ထာဝရနှုတ်ဆက်ခြင်း ဖြစ်ပေသည်။

နောက်နောင် တွေ့ဆုံကြလျှင် ဇင်ယော်ဟုခေါ်မည်။ ကိုဇင်ယော်ဟု ခေါ်ချင် ခေါ်ဦးမည်။ တို့ကဟု သူမကိုယ် သူမ ရည်ညွှန်းလိမ့်မည်လား မသိနိုင်ပါ။

သူစိမ်းတွေဖြစ်ကြသည်ဟု ပဏာမ အစချီနေပြီကော။

ထားပါလေ။

သူငယ်ချင်းတွေမျှသာ ဖြစ်ပါသည်ဟု စည်းကို ညွှန်ပြနေပါပြီကော။

"ခိုင်"

အက်ကွဲခြောက်သွေ့သော လည်ချောင်းထဲတွင် သူ့အသံ ပျောက်ဆုံးနေသည်။ ပြန်လှည့်လာမှာ မဟုတ်တော့ဘူးဟု နားလည်နေလေသည်။ သူ့မှာ တားမြစ်ရန် အခွင့်မသာခဲ့။

နေကျပေပြီ။

ကားလမ်းမကြီးရောက်အောင် ခိုင်တစ်ယောက်တည်း လျှောက်သွားရမှာ သူ ကြောင့်ကြသည်။

ခိုင် ပင်ပန်းအောင် ဘာကြောင့်များ သည်နေရာအထိ မိုက်မိုက်မဲမဲ ချိန်းဆိုခေါ်ယူမိပါသလဲ။

အရာခပ်သိမ်း အချည်းနှီးဆုံးရှုံးခဲ့ကြပြီ။

သူ လိုက်ပို့တာကို ခိုင် လက်ခံတော့မည်မဟုတ်။

သူသည် သည်နေရာမှာ တစ်ကိုယ်တည်း အားငယ်ချောက်ချားလျက် ကျန်ရစ်ခဲ့သည်။

သူ့ကို ခိုင် ထားရစ်ခဲ့လေပြီ။

ကမ္ဘာလောကကြီးတွင် သူသည် အဆမတန် သေးငယ်မှုန်မွှားသွား၏။ သူ၏ ပင်ကိုမူလ စွမ်းအားမဲ့ အခြေအနေသို့ ရုတ်ခြည်း ပြောင်းလဲသွား၏။

မကျေချမ်းစွာ တက်ခတ်မိသည်။

အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်း၊ မျှော်လင့်ခြင်းတို့ဖြင့် လှမ်းလျှောက်နေခိုက် သူ့ဘဝခရီး၏ လမ်းပြ အလင်းရောင်ကို ခိုင်နှင့်အတူ ကွယ်ပျောက်ချုပ်ငြိမ်းသွားစေခဲ့သော မိစ္ဆာနတ်ဆိုး၏ စွမ်းဆောင်ချက်ကို သူ ငြိုးတေးမိ၏။

ကြေကွဲမှုတွေသည် မျက်ရည်ခန်းခြောက်သည်အထိ ပူလောင်ပြင်းပြလျက် အတွင်းကြွေ ကျွမ်းမြိုက်စေ၏။

ပန်းခြံပေါင်းတွင် တစ်ကိုယ်တည်းနေခိုက် လေရူးအဟုန့် စက္ကူပန်းခြောက်အပွင့်တွေ တဖြုတ်ဖြုတ် ကြွေကျလာပြန်သည်။

ဇင်ယော်နှင့် ပန်းကြွေပွင့်ခြောက်များ။

မျက်မှောက်အခြေအနေကို ရင်ဆိုင်နိုင်စွမ်း မရှိတော့သောအခါ သူသည် မခံမရပ်နိုင်အောင် နာကျင်တင်းကျပ်သော ဘယ်ဘက်ရင်အုံကို ဖိအုပ်ရင်း ကြာမြင့်စွာ လွန်ခဲ့ပြီးသောရက်များဆီသို့သာ အာရုံလွင့်စင်ပျံ့ပြေးသွားခဲ့လေတော့၏။

* * * * * *

# ယောယုဂသို့ မခွဲမခွာ

ထွန်းအောင်လတ်သည် မြေတွင် သားရေပြားခင်းကာ ပက်လက်အိပ်ပြီး ကိုရီလာဂတ်စ်ကတ်မှ မူလီများကို တစ်ခုချင်း စိတ်ရှည်လက်ရှည် ထုတ်နေသည်။ အထိုင်နိမ့်သော ဆလွန်းကားကို ချိုင့်ခွက်ခလုတ်ကံသင်း ထူပြောသောလမ်းတွင် မဆင်မခြင် မောင်းနှင်ပြီး ဂမ်းပေါက်၍ အင်ဂျင်ဆီတစ်စက်တစ်ပေါက်မကျန်တော့မှ ဂပ်ရှော့က ချိန်းနှင့် သွားဆွဲယူလာရသည်။ ခဲရာခဲဆစ် ကားအောက်ပင်ဖြတ်ပြီး ဂတ်စ်ကတ်ကို ဂဟေဆော် အပေါက်ဖာဖို့ ဂယ်ရင်းဆိုင်သို့ ပို့ခိုင်းရဦးမည်။

အကူခေါ်ထားသော တပည့်ကလေးတွေက လက်သစ်တွေမို့ ဘာတစ်ခုမှ စိတ်ချလက်ချ လွှတ်မထားနိုင်။ သည်မူလီဖြုတ်ဖို့လောက်တောင် အားမကိုးရ။ ထွန်းအောင်လတ်မှာ စိတ်တိုတောင်းနေရလေ၏။

"သောက်ရေးထဲ၊ ဘာလဲကွ"

သူ့ခြေထောက်ကို တစ်စုံတစ်ယောက်က ဆွဲသောကြောင့် ဒေါပွပွနှင့် ဆောင့်ကန်ပစ်လိုက်သည်။

"တယ် ရမ်းကားတဲ့ အီဗရာဟင်ပါလား။ ထွက်ခဲ့စမ်းဗျာ"

ဂမ်းပန်းတသာနှင့် လည်ကိုစောင်းငဲ့ပြီး အသံလာရာသို့ ရှာဖွေသည်။

ကတ္တီပါသည်းကြိုးအနက် ဖွေးနနေသောခြေခုံတွင် ထင်းလျက် အင်းမဆင် မီးခိုးရောင်ရင့်ရင့်ပုဆိုး စသည် သစ်သစ်လွင်လွင် အဆင်ပြေနေ၏။

"အရာရှိကြီးကိုး၊ ပျောက်တော်မူနေလိုက်တာ၊ တစ်ပိုင်းနှစ်ပိုင်း မကျွေးခိုင်းပါဘူးကွာ။ မျက်ခွက်လေးများ လာပြဦးမှပေါ့"

"လာပြတယ်ဗျ၊ ခင်ဗျားက ဘယ်သွားကလေရိုက်လေမှန်းမှ မသိဘဲ"

ထွန်းအောင်လတ်ခေါ် အီဗရာဟင်သည် ကားဘော်ဒီအောက်မှ တိုးထွက်လာလေသည်။

ဆီချေးအလူးလူးနှင့် မက္ကင်းနစ်ဂတ်စုံကို ဂတ်ဆင်ထားသော အီဗရာဟင်သည် ညစ်ထေးပေကျံနေသည့် ကြားမှပင် ကျားကျားလျားလျား ကြွက်သားအဖုအထစ်တွေနှင့် ကြံ့ခိုင်လှသည်။

"အား.. ပန်းချီကားချပ်တွေ အပြည့်ပါပဲလား" ဟု ရေရွတ်ရင်း ပန်းချီကြိုက်သော နနခိုင်ကို ဖင်ယော် သတိတရ ပြုံးမဲ့မိ၏။

ပင့်လိပ်တင်ထားသော အကျီဘောင်းဘီတွေအောက်မှ တစ်ပိုင်းတစ်ပျက် တွေ့မြင်နေရသော ထွန်းအောင်လတ်၏ လက်ဖျံ ခြေသလုံးတွေမှာ ဆေးမင်ကြောင်အနက်စင်းတွေ၊ အစက်အပြောက်တွေက မလစ်မလပ် နေရာအနှံ့အပြား နေရာယူထားကြသည်။

မျက်စိနောက်မည်ဆိုလျှင် နောက်ကျိဖွယ်ရာဖြစ်ပြီး စိတ်ဝင်တစား လေ့လာကြည့်မည် ဆိုပါလျှင်လည်း တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် ခင်းကျင်းပြသသွားသော ဇာတ်သဘင်တစ်ခုပမာ ကြည့်ရှုမှတ်သား ခံစားရလိမ့်မည်။ ဘယ်သို့ဖြင့်စေ နနခိုင်ကတော့ ရှုံ့မှုန်းမှာပဲ ထင်ပါရဲ့။

"ဘယ်တုန်းက လာလို့တုန်း"

"မိုးအကုန်တုန်းကလေဗျာ၊ ရန်ကုန်ကို အလုပ်ပြ ဆင်းလာရင်း ခင်ဗျားကို လာရှာသေးတယ်"

အီဗရာဟင်က ကောက်ကွေးပြီး ဦးရေမှာ ချွေးနှင့်ကပ်နေသော ဆံပင်တွေကြားသို့ လက်ချောင်းထိုးဖွရင်း ကျေနပ်စွာ ရယ်မောလိုက်၏။ မည်းမှောင်ပြီး ဆီနှင့်ချွေးနှင့် လိမ်းပြောင်နေသော အသားရောင်ကြောင့် ဖြူဖွေးညီညာပြီး ကြီးမားသောသွားတွေသည် သွားတိုက်ဆေးကြော်ငြာအလား ထင်းကနဲ ပေါ်လာလေသည်။

"ငှါ့အမျိုးတွေက ငါဘယ်သွားတယ် မပြောဘူးလား"

"ခရီးသွားတယ်လို့ ခင်ဗျားဘကြီးက ပြောတယ်၊ မျက်နှာကလည်း မကြည်သာပါဘူး။ တစ်ခါ ခင်ဗျားအဖေနဲ့ တွေ့ပြန်တော့ ဒေါ်ကြီးမောကြီးနဲ့ အဲဒီကောင် ငှါ့သားမဟုတ်ဘူး။ သူ့အကြောင်း မေးလည်း မမေးနဲ့၊ ပြောလည်း မပြောနဲ့တဲ့။ အချိန်မရတာနဲ့ တခြားလည်း လှည့်ပတ်မစုံစမ်းနိုင်ပါဘူးဗျာ"

အီဗရာဟင် တပြုံးပြုံး သဘောကျနေသည်။ သူ့ထံ လာရောက်စုံစမ်းဖော်ရသည့်အတွက်လည်း သဘောကျသည်။ လာရောက် စုံစမ်းသော သူငယ်ချင်း၏ ပြန်တန်းဝင်အရာရှိအဖြစ်ကိုလည်း ဂုဏ်ယူသဘောကျသည်။

"ခဏစောင့်ကွာ၊ အဝတ်ကောက်လဲလိုက်ဦးမယ်။ အရာရှိကြီးနဲ့အတူ လက်ဖက်ရည်ဆိုင် ထိုင်မှာဆိုတော့ ငါ စုတ်ပြတ်နေလို့ မဖြစ်သေးဘူး"

"ရပါတယ်ဗျာ၊ ခင်ဗျားမှာလည်း အလုပ်တွေနဲ့"

"ဟော့ကောင်.. တွေ့ချင်လို့လာတာ မဟုတ်ဘူးလား။ ပြောစရာတွေ ဆွေးနွေးစရာတွေကော မရှိကြရဘူးလား"

"ကဲပါ.. ကဲပါ၊ သွားလဲချေ၊ သွား"

အီဗရာဟင် ညွှန်ပြခဲ့သော နစ်လုံးဆင့်တာယာပုံပေါ်တွင် ဇင်ယော် ထိုင်စောင့်နေရစ်၏။

အီဗရာဟင်ကို သည်တစ်ခေါက် သူ့ဖခင်၏နေအိမ်တွင် ပြန်တွေ့ရသည့်အတွက် ဇင်ယော် ဂမ်းသာရသေးသည်။ လာသာလာရ ရှိမှရှိပါ့မလား မသေမချာ ဖြစ်နေခဲ့ရသည်။

အီဗရာဟင်၏အစ်ကို အလီနှင့် ကူဖော်လောင်ဖက် ချာတိတ်တစ်ယောက်မှာ ကာဘာရိုက်တာ ဖြုတ်ဆေးသူနှင့် အင်ဂျင်ပိုင်ဖောက်ထုတ်သူနှင့် ကားကိုယ်စီ အလုပ်ရှုပ်နေကြသည်။ ချာတိတ်တွေမှာ ဆယ့်လေးငါးနှစ်ထက် မပိုသေးသော ကလေးသာသာ အရွယ်တွေ။ သူတို့အားလုံးပင် ဇင်ယော်ကို စိတ်ဝင်စားချိန် မရ။ ဧည့်လည်း မခံပေ။

ယခင် နှစ်နှစ်သုံးနှစ်လောက်တုန်းကအထိ သူလည်း ဦးမောင်အေး၏ တာယာဆိုင်တွင် တာယာကွန်ပေါင်း အရောင်းအဝယ် လုပ်ခဲ့ရဖူးသည်။ ပထွေးကြီး၏ စေ့စပ်မှုအောက်မှာ စာလည်းသင်၊ အသက်မွေးဝမ်းကျောင်း ပညာလည်း ရခဲ့ပါရဲ့။

"ဟော့ကောင်တွေ.. ကားအောက်မှာ ငါ ဖြုတ်ထားလက်စတွေ ရှိတယ်။ နေရာမရွေ့စေနဲ့ကွ၊ ကြားလား"

အီဗရာဟင်သည် အနီရောင်ရုပ်လက်တိုနှင့် ဂျင်းဘောင်းဘီနှင့် အသွင်ပြောင်းပြီး ထွန်းအောင်လတ် လုပ်လာလေသည်။

"ထ.. သူငယ်ချင်း၊ လက်ဖက်ရည်ဆိုင် သွားမယ်"

သူ့ကျောပြင်ကို ပုတ်ပြီး လှုံ့ဆော်လိုက်သောကြောင့် ဇင်ယော် နေရာမှထသည်။

ထွန်းအောင်လတ်သည် ဆယ်တန်းမှ ကျော်လွန်မလာနိုင်ခဲ့သော်လည်း ဖခင်ကြီး ဦးမာမွတ်လက်ရာကို တုပနိုင်လောက်အောင် ကားပြင်ခြင်းအတတ်ပညာတွင် ကျွမ်းကျင်နေပြီ ဖြစ်လေသည်။

အစ်ကိုတွေသည် အလုပ်တွင် ဖင်မြဲသည်။ သို့သော်ငြားလည်း သူတို့မို့ ကိုင်လိုက်လျှင် သေသေသပ်သပ် မရှိတာကြောင့် အဘိုးကြီး လိုက်မကြည့်ဘဲ ဘယ်အခါမှ မပြီး။ အဲသည်လို သူတို့ ပေါ့လျော့ရုပ်ပျာတတ် သောကြောင့် အီဗရာဟင်ကို အဘိုးကြီးခမျာ အောင့်သီးအောင့်သက် ပေးချင်သည်ထက်ပို၍ နေရာပေးရ လေသည်။ အီဗရာဟင်ကား ယခုပုံစံအတိုင်း လုပ်သလောက် သေချာသည်။ မလုပ်ချင်လျှင် လှည့်မကြည့်စတမ်း စိတ်ကူးတည့်ရာ စိုင်းသွားပြန်တော့တာ။

ထွန်းအောင်လတ်သည် ကြယ်သီးတစ်လုံးမှမတတ်ဘဲ ရင်ဘတ် ဟင်းလင်းဖွင့်ထားသည်။ သူ့ရင်ဘတ်တွင် အမွှေးအမှင်မရှိသောကြောင့် ကျားလျားခုံထည်စေရန်အလို့ငှာ ပါးပျဉ်းထောင်ထားသော မြွေနဂါးပုံ ဆေးမင်ကြောင် ထိုးထားရသည်ဟု သူက ဆင်ခြေပေးသည်။ တရှူးထိုး ထင်ရာစိုင်းတတ်သော စရိုက်ကလည်း ရှိပြန်ရကား သူ့ဆေးမင်ကြောင်ရုပ်နှင့် သူ လိုက်ဖက်လှသေးတော့သည်။ မာန်စွယ်တပြင်းပြင်း ပါးပျဉ်း တထောင်ထောင်တွင် နဂါးမျက်လုံးတွေကို အနီရောင် စုတ်ထိုးထားပြန်တော့ အသက်ဝင် ဟန်ပါလွန်းလှသည်။

သည်မြွေနဂါးကို နှစ်ယောက်သား ရွှေတိဂုံဘုရားပွဲဈေးတန်း အတူလျှောက်ကြစဉ်က စိတ်တူသဘောတူ ဝင်ရောက်ထိုးနှံခဲ့ကြခြင်း ဖြစ်သည်။ ထွန်းအောင်လတ်က နေရာလပ်မှန်သမျှဖြည့်ဖို့ ကြုံသလို စိတ်ကူးထိုးနှံသည်။ ဇင်ယော်က ခိုင် ဆေးကျောင်းတတ်ဖို့ တာစူပြင်ဆင်နေစဉ် သူကတော့ စာပေးစာယူတတ်ရင်း တာယာဆိုင် အလုပ်ဝင်နေရသည့် ဘဝကို အားငယ်နာကျည်းရင်း စိတ်ရှုပေါက်ပြီး ထိုးနှံသည်က သူ့နှလုံးသားထက်အွေ လယ်တွင် "ခိုင်"။

"နေစမ်းပါဦး၊ ခင်ဗျားက ဘယ်ကို ခရီးသွားနေတာလဲဗျ၊ ကျွန်တော်ထင်တာက ခင်ဗျား မိန်းမခိုးပြေးသွား သလားလို့"

"ထောင်ကျနေတယ်လေကွာ"

"မဦးမချွတ်ဗျာ"

"ဟုတ်တယ်ကွ၊ ဆယ်လပဲ ကြာခဲ့တယ်။ မဟုတ်ရင် ရှစ်နှစ်ချထားတာ။ ရောကောသောကော ပြန်လွတ်လာလို့ တော်သေးတာပေါ့"

"ဟွန်း.. ခင်ဗျားက ဘာကိစ္စ ထောင်ကျရတာတုံး"

ထွန်းအောင်လတ်က သူ့လက်မောင်းသူ ဆေးထိုးဟန်ပြသည်။

"ဟာဗျာ"

"အဲဒီနေ့က ငါက ရှူရှိုက်ရှူတာပါ။ အဖွဲ့တွေအတွက် ပိုက်သယ်လာတုံး မိတာ။ ဆီးစစ်တော့ ဆီးကျတယ်"

ထွန်းအောင်လတ်က လက်ဖက်ရည်ဆိုင်ထဲ ဂင်သည်နှင့် ဆိုင်ထိုင်ကုလားကလေးအား ရှယ်နှစ်ခွက်ဟု မှာသည်။ ကက်ဆက်တိုးလိုက်ဦးကွ။ ညံ့နေတာပဲဟု သြဇာပြသည်။

သူ့ရပ်ကွက်မို့ သူ တွင်ကျယ်နေလေသည်။

"ခင်ဗျားက အဖွဲ့ဟောင်းတွေနဲ့ ပြန်ပေါင်းနေတာကိုး"

"အစ်ကိုဂမ်းကွဲတွေနဲ့ အဆင်မပြေတော့ ဒီပြန်လာနေရတယ်။ ဒီနေတော့ ပြန်ပေါင်းမိတော့တာပေါ့"

"ဆေးလုပ်ရင် ဒုက္ခဖြစ်မယ်ဆိုတာ သိသားနဲ့ဗျာ"

"ငါ့ဘာသာဆို မဖြစ်ပါဘူး။ ယင်းထနေတဲ့ တစ်ကောင်ကို ဆေးထိုးထိုးပေးနေရတာနဲ့ လက်ထဲ ပစ္စည်း မိသွားတာကွ။ ဆေးကျလို့ ဆေးသုံးမှုနဲ့ ရှစ်နှစ်။ မဟုတ်ရင် ရောင်းဝယ်မှုနဲ့ ဆယ့်လေးနှစ် ကျသွားနိုင်တယ်"

"ခင်ဗျားက ထိုးပေးတယ်"

ဇင်ယော် တအံ့တသြမေးသည်။

ထွန်းအောင်လတ်က မဖြေချင့်ဖြေချင် ခေါင်းဆတ်သည်။

"ငါ့ကိစ္စ ထားစမ်းပါကွာ။ ခိုးပြေးစရာ မိန်းမလည်း မရှိဘူး။ ထောင်လည်း လွတ်လာပြီ။ ပြီးပြီ။ မင်းကကော အခုတစ်ခေါက်လည်း အလုပ်ပြုပြီး ရန်ကုန်ဆင်းလာတာပဲလား"

ဇင်ယော် မျက်နှာအံ့မှိုင်းသွားသည်။

"မင်း ရောက်လာကတည်းက ပါးချောင်နားချောင်နဲ့ ဘာဖြစ်နေတာလဲ ဇင်ယော်။ နေမကောင်းဘူးလား"

"အင်း"

"တုတ်ကွေးလား"

"အချစ်နာ"

ထွန်းအောင်လတ် ပါးစပ်ဟနေသည်။

ဇင်ယော်က စားပွဲပေါ်တင်ထားသည့် စီးကရက်တစ်ပန်းကန်ပြားမှ ဇင်ဖင်းတစ်လိပ် ကောက်ယူသည်။

ထွန်းအောင်လတ်က အလိုက်သသိ ဓါတ်ငွေ့မီးခြစ် ထုတ်ယူမီးညှိပေး၏။

"ဆရာဂုဏ်မနဲ့ အထာမကြည်ဘူးလား"

ဇင်ယော်သည် ထွန်းအောင်လတ်ကို မကြည့်။ ဘယ်ကိုမှလည်း ရေရေရာရာ အာရုံမရောက်ဘဲ စီးကရက်ကိုသာ သဲသဲမဲမဲ ဖွာရှိုက်နေသည်။

"မင်းလည်း အရာရှိဖြစ်ပြီ။ မင်းဆရာဂုဏ်မလည်း ဘွဲ့ရပြီ။ မင်းတို့ ငယ်ကြတော့တာမှ မဟုတ်ဘဲကွာ။ အလကား ပြဿနာရှာမနေကြနဲ့။ လက်ထပ်လိုက်ကြပါတော့လား"

ဇင်ယော် ပုခုံးတစ်ချက်တွန့်သည်။ တစ်စုံတစ်ရာ တုံ့ပြန်ဆွေးနွေးခြင်း မရှိ။

"မင်းကို ဆရာဂုဏ်မက သံယောဇင်ကြီးလွန်းလို့ သူ့အိမ်က အထိုက်အလျောက် ဆက်ဆံလာခဲ့တာ မင်းလည်း အသိ၊ အခု အဲဒီ အဆင့်ကွာဟမှုဟာ ညှိနှိုင်းလို့ရနိုင်လောက်အောင်ကို နီးကပ်သွားပြီပဲကွ"

ဇင်ယော် အသံအက်အက်ဖြင့် ဟက်ကနဲ တစ်ချက်ရယ်၏။

"ငါပြောတဲ့အထဲမှာ အမှားပါသွားသလား"

"အဲဒီလိုလည်း မဟုတ်ပါဘူးဗျာ"

"ဒါဖြင့် ဘယ်လိုလဲကွ၊ ရှင်းရှင်းပြောစမ်းပါ"

"အင်း.. ရှင်းလိုက်သမှ သူ့ဘက်ကမပြောနဲ့၊ သူကိုယ်တိုင်တောင် မရှိတော့လောက်အောင် ရှင်းသွားပြီ အကိုရ"

ထွန်းအောင်လတ် နားမလည်နိုင်ဘဲ ခေါင်းတပြင်းပြင်း ကုတ်သည်။

"သူက ဘယ်လိုမရှိတော့တာလဲ"

"ကျွန်တော့်ကို အဆက်ဖြတ်လိုက်တာပေါ့ဗျာ"

"ဟာ.. မဖြစ်နိုင်တာ"

"ဖြစ်နိုင်လို့ ဖြစ်ခဲ့ပြီပဲ။ သူဟာ ကျွန်တော့်သူငယ်ချင်းပါတဲ့။ သူ့ကို သူငယ်ချင်းလိုပဲ သဘောထားရမယ်ပေါ့ဗျာ။ သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင် ဆိုတဲ့ဂတ္တု ကြားဖူးလား"

ထွန်းအောင်လတ် အူကြောင်ကြောင်ဖြစ်နေသည်။ ဘာ ဂတ္တုလဲ။ သူက ဂတ္တုနေနေသာသာ ရုပ်ပြလောက်၊ ကာတွန်းလောက်ကိုပင် လှန်လှောကြည့်လေ့ရှိသူ မဟုတ်။

"ခိုင်က ပြောင်းပြန်။ ဟင်း.. ဟင်း.. ခိုင်က သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်တဲ့။ တက္ကသိုလ်ဘုန်းနိုင်ရဲ့ ခိုင်ကို ခိုင့်မောင်က သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်။ ဟား.. ဟား.. ဘာတွေဖြစ်ကုန်ပြီလဲ အစ်ကိုရာ"

ထွန်းအောင်လတ် ကတုန်ကယင် ဖြစ်လာသည်။

သူ အထင်ကြီးသောသူတစ်ယောက်ကို လက်ညှိုးထိုးပြပါ ဆိုလျှင် ဇင်ယော်ကိုပဲ ပြရမည် ဖြစ်သည်။

အထင်ကြီးသည်။ ခင်မင်သည်။ ဇင်ယော်အတွက် သူ တတ်နိုင်တာရှိလျှင် ကူညီချင်သည်။ ဇင်ယော် သွန်သင်ဆုံးမလျှင် နာခံသည်။ ဇင်ယော်နှင့် အဆက်ပြတ်နေခိုက် ဆေးဘက်ပြန်လှည့်တာကို ဖုံးဖိထားသည်။ ဇင်ယော် မသိစေချင်ဘူးထင်လျှင် လုံးဝ မမေးမြန်း မစုံစမ်းဘဲ မသိချင်ဟန်ဆောင်နေသည်။

နုနုခိုင်နှင့် ဇင်ယော်၏ သာမာန်ထက်ပိုလွန်သော သံယောဇဉ်တွေကို တွေ့ဦးစကတည်းက သူ ရိပ်မိခဲ့သည်။ ဘယ်ဘက်ရင်အုံတွင် ဇင်ယော်က ခိုင်ဟု ဆေးမင်ထိုးနှံစဉ်ကတော့ တစ်သက်စာ အသေချာဆုံးပါပဲ။

သူ တန်ဖိုးထားသော ဇင်ယော်၏ ပြဿနာသည် သူ့ပြဿနာထက်ပင် ပို၍ အရေးတကြီး အလေးအနက် သူ့ကို ခံစားလှုပ်ရှားစေလေသည်။

"ငါ ဦးနှောက်နည်းတာ မှန်တယ် ဇင်ယော်၊ ဒါပေမယ့် ငါ ခံစားတတ်တယ်။ မင်းကို မင်းဆရာဝန်မက တော်ရုံ ပြစ်ချက်နဲ့တော့ ပြတ်ပြတ်တောက်တောက် လုပ်ရက်မှာ မဟုတ်ဘူးကွာ။ ငါ လောင်းရဲတယ်။ မင်း ဘာလုပ်မိ သလဲ။ ငါ့ကိုဖွင့်ပြော၊ မင်း ဂန်ခံ"

သူ့တွင် ကြိတ်မှိတ်မျိုသိပ်ထားရသော ဝေဒနာဖိစီးပြီး ရင်ပေါက်ကွဲထွက်တော့မတတ် တင်းကျပ်လှနေပါပြီ။

ထွန်းအောင်လတ်ကိုမှ ဖွင့်မပြောလျှင် တခြားပြောစရာ သူ့မှာ ဘယ်သူ ရှိပါတော့မလဲ။ ခိုင် စွန့်ခွာသွားပြီး မှတော့ ထွန်းအောင်လတ်မှတစ်ပါး အခြားဘယ်သူ ကျန်ရစ်တော့မလဲ။

ပင်စင်စား ရုံးအုပ်ကြီးအကြောင်း၊ ထမင်းလခပေးစားသည့် အရာရှိလူပျိုတွေထဲမှ သမီးပျိုတွေနှင့် ချစ်ကြ ကြိုက်ကြ ခွာပြကြ၊ ညားကြသည့် အစဉ်အလာတွေရှိဖူးကြောင်း၊ ယခုလက်ရှိ ဆယ်တန်းအကြိမ်ကြိမ်ကျနေသော သမီးပျိုတစ်ယောက် ရှိသေးကြောင်း၊ အဲဒါတွေ ထွန်းအောင်လတ် သိပြီးသား။ သူ ပြောပြဖူးပြီးသား။ မင်းက ရုပ်ရည်လေး သနရှုပနဲ့ လူကလည်း မလှုပ်တလှုပ် မြုံစိစိနဲ့ ဖမ်းထည့်လိုက်လို့ ကွိကနဲမိပြန်ဦးမယ်နော်ဟု ထွန်းအောင်လတ်ကပင် သတိပေးခဲ့ဖူးသေးသည်။ ခိုင်ရှိသားပဲဟု ဇင်ယော်က ယတိပြတ် တုံ့ပြန်အာမခံခဲ့ လေသည်။

"ဖက်နမ်းမိတယ် ဟုတ်လား၊ ဒါတင်ပဲလား"

သူ့ပြဿနာကို ထွန်းအောင်လတ်က အတိအကျ စစ်ချက်ရယူသည်။

"ဒါတင်ပဲ"

"ဒါလောက်နဲ့ လူသိရှင်ကြား ဖြစ်ရမလားကွာ"

"သူ့အစ်ကိုတွေမောင်တွေက ချက်ချင်း ရပ်ကွက်လူကြီးခေါ်၊ ဘာခေါ်နဲ့ လူသိအောင် လုပ်တာကိုး"

"မိန်းကလေးရှင်ဆိုတာ ဖုံးမနိုင်ဖိမရမှ လူသိခံကြတာပါ။ အေးလေ.. မင်းကျတော့ အခြေအနေက တစ်မျိုး ပေါ့။ မင်းက အရာရှိ လူပျိုကိုး"

နှစ်ယောက်သား ခေတ္တ ငြိမ်သက်နေကြသည်။

တအောင့်အကြာတွင် ထွန်းအောင်လတ် အကြံရသည်။

"ဟော့ကောင်.. ဘာဖြစ်ဖြစ်ကွာ၊ နမ်းမိရုံနဲ့ မယူနိုင်ဘူး ငြင်းရုံပေါ့။ နောက်ဆုံး နမ်းမိတာ အဲဒီကောင်မလေးပဲ သိတာ၊ ပြောင်သာငြင်း၊ ပြီးတာပဲ။ ဘယ်သူက ဘာလုပ်နိုင်မှာလဲ"

ဇင်ယော် မချိပြုံးနှင့် ခေါင်းခါသည်။

"ကျွန်တော့်အထက်လူကြီးကတော်နဲ့ မီးမီးအမေက သိပ် ရင်းနှီးတာ။ အဘွားကြီးရဲ့ စီးပွားရေးကို မီးမီး မိဘတွေက နာမည်ခံ လုပ်ပေးနေတာ"

ထွန်းအောင်လတ် ငိုင်ကျသွားသည်။

"အင်း.. အကျပ်ကိုင်တာပါပဲလား"

"ဟုတ်တယ်၊ အဘွားကြီးက ကျွန်တော့်ကို ခေါ်ပြောတယ်။ မိန်းကလေးရှင်ကိုယ်စား သူ တောင်းပန်ပါရစေ တဲ့။ မြို့လူထု တံတွေးခွက်ထဲ ပက်လက်မမျောပါရစေနဲ့တဲ့"

ထွန်းအောင်လတ် တရှူးရှဲရှဲ ဒေါသထွက်ကာနေသည်။

"အပိုင်ချည်တာပါပဲလား၊ အတော်ရဲတင်းတဲ့ ကလေးမပဲ"

ဇင်ယော်သည် တစိမ့်စိမ့်တွေးလေ တမြည့်မြည့်နနာကြည်းလေမို့ သူ့ကိုယ်စား တိုင်းထွာဆဲရေးပေးသော သူငယ်ချင်းကို အားကိုးတကြီး တိုင်တည်နေမိတော့သည်။

"မင်းကလည်း တကယ့်ရာဇဝတ်အိုးကိုမှ တုတ်နဲ့သွားကလိမိတာကိုး ဇင်ယော်ရယ်"

"ကျွန်တော်ကိုက အူပါတယ်"

"ဟုတ်တယ်ကွ၊ ဒီလောက် သတိထားတယ် ဆိုတဲ့ကြားက မင်း ဘာလို့ သူ့ကို ဖက်နမ်းမိရတာလဲ"

ဇင်ယော်သည် ဦးနှောက်နည်းသော သိုးတစ်ကောင်ပမာ ထွန်းအောင်လတ်ကို ငေးကြောင်ကြောင် ကြည့်နေ၏။

"မင်း သာယာနေပါတယ်ကွာ။ အဲဒါကြောင့် ဖက်နမ်းမိတာ"

ဇင်ယော် မျက်နှာနီသွားသည်။

တပြိုင်နက်မှာပင် သူ့အဖြစ်သူ ကွင်းကွင်းကွက်ကွက် သဲသဲကွဲကွဲ သဘောပေါက်သွားခဲ့၏။

"ကာယကံ၊ ဝစီကံ မင်း ရှောင်ခဲ့တယ်။ ဒါ ငါ လက်ခံပါတယ်။ ဒါပေမယ့် မနောကံအရ မင်း သာယာနေခဲ့တယ်။ ကောင်မလေးက သူ့မြို့မှာ ပေါ်ပြူလာ၊ ပညာကလေး လူနေမှုအဆင့်အတန်းကလေးက မဆိုး၊ ကြည့်ပျော်ရှုပျော် ရုပ်ရည်ရူပကာကို ဆွဲဆောင်မှုရှိအောင် ပြင်ဆင်ဂတ်စားတတ်တယ်"

"ခင်ဗျား တွေ့ဖူးလို့လား"

"မင်းပြောတာတွေကို ငါ မှတ်ထားတာပေါ့။ အဲဒီကောင်မလေ အရေးပေးတာကို စိတ်ဝင်တစား အားကျတဲ့ လူငယ်တွေကြားမှာ မင်း ဘဝင်လေဟပ်နေတယ် မဟုတ်လား"

ဒါတွေဟာ ထွန်းအောင်လတ်က သူ့ကို ဝေဖန်ပြစ်တင်နေခြင်းမဟုတ်ဘဲ ဖြစ်ပျက်ခဲ့သမျှကို ဆန်းစစ် အဖြေရှာနေခြင်းဖြစ်သည်ဟု ဇင်ယော် ခံယူသည်။

ဇင်ယော်ဆိုသောလူကို အဝေးမှာထားပြီး ထွန်းအောင်လတ်က လက်ညှိုးညွှန်ပြ သုံးသပ်စဉ် သူကလည်း နံဘေးမှ ဆင်ခြင်လက်ခံနေလေ၏။

"ခိုင် ရှိနေလို့သာ။ ခိုင်သာမရှိရင် မင်းက သူ့ကိုပြင်းမှာမဟုတ်ဘူး ဆိုတဲ့ မျှော်လင့်ချက်တွေ မင်းပေးခဲ့မှာ သေချာပါတယ်ကွာ"

"အဲဒီအထိတော့ လုံးဝမဟုတ်ဘူး ကိုအီဗရာ၊ လုံးဝမဟုတ်ဘူး"

"တမင်တကာမဟုတ်ပေမယ့် ဟိုက မျှော်လင့်အောင်၊ ထင်ယောင်ထင်မှားဖြစ်အောင် မင်း အမူအယာ ပြခဲ့ မှာပါပဲ။ ယောကျ်ားတို့မာယာပေါ့ကွာ"

"မဖြစ်နိုင်တာတွေ ကိုအီဗရာရယ်"

"ဖြစ်နိုင်လို့ ဟိုက ရဲတင်းပြီး အပိုင်ကြံတာ မင်း ခံလိုက်ရပြီပဲ။ ငါက မျှမျှတတ စဉ်းစားကြည့်တာပါ။ မိန်းမပေါ့ ကလေး ဖြစ်ချင်ဖြစ်မယ်။ မိန်းမပျက်မှ မဟုတ်တာ။ ဒါပေမယ့် မင်းပါမယ်ထင်လို့ ငင်ကြည့်တာပေါ့ကွ"

ဇင်ယော် ခေါင်းခါသည်။

"ခိုင် မပါဝင်ခဲ့ရင် ငါ့အသည်းနှလုံး ခံစားချက်တွေ တစ်မျိုးတစ်မည် ဖြစ်ကောင်းဖြစ်မယ်လို့ ကျွန်တော် တစ်ခါမှကို မတွေးဖူးဘူး ကိုအီဗရာ။ ဘာလို့လဲဆိုတော့ ခိုင် မပါဝင်ခဲ့ပဲနဲ့ ကျွန်တော့်ဘဝဟာ လမ်းဘေးအမှိုက်ပုံ၊ ဒိုက်ပုံထဲမှာ ဆွေးမြည့်ပုတ်သိုးနေပြီးပြီဗျ"

"အဲဒါ ငါ မပြင်းပါဘူး။ မီးမီးကလည်း သူ့ဘက်သူ သာသာထိုးထိုးတွက်တာနဲ့ မင်းကလည်း မာယာ များမိတာနဲ့၊ အဟဲ.. လေမှောက်သွားတဲ့အကြောင်း ပြောတာပါ"

ဇင်ယော် ငြိမ်သက်သွားသည်။

အရာရှိဖြစ်လာချိန်တွင် ကိုယ်စိတ်နှလုံး ပင်ပန်းဆင်းရဲခြင်းတို့ကို နောက်ထပ်တစ်ဖန် ပြန်လည်ရင်ဆိုင်ရဖွယ် မရှိနိုင်တော့ဘူးဟု လုံးဝဥဿုံ ယုံကြည်စိတ်ချသွားခဲ့သည်။

အဲဒါ သူ့အမှား။ သူ အောက်မေ့ချေလွတ်မှု၏ အစပင် ဖြစ်မည်။ တစ်နည်းအားဖြင့် ပုထုဇင်ဆန်လွန်းခဲ့မိ လေသည်။

ဆန့်ကျင်ဘက်လိင်ကို သူ စိတ်ဝင်စားချိန် နည်းပါးခဲ့သည်။ မိန်းမတွေက သူ့ကို စိတ်ဝင်စားမှု ရှိမရှိလည်း အရေးမကြီးနိုင်ခဲ့ဘဲ မလုံခြုံသော သူ့ဘဝကို သူ ဖာထေးဆေးခြယ်လာခဲ့ရသည်။

ခိုင်က သီးခြားပါ။

ခိုင့်ကို ဆန့်ကျင်ဘက်လိင်ဆိုတာထက် သူ့အလင်းရောင်၊ သူ့ပွဲကိုင်ရှင်မအဖြစ် အားထားကိုးကွယ်လာခဲ့တာပါ။ ခိုင်သည် သူ့ဘဝ၊ သူ့အလှ၊ သူ့ကဗျာ၊ သူ့မျှော်လင့်ချက် အားလုံးပင် ဖြစ်လေ၏။

သို့စဉ်လျက် သူ အထင်သေးပေါ့ဆမိသော ယစ်မူးမှု တစ်စုံတစ်ရာသည် အရာခပ်သိမ်း ကပြောင်းကပြန် သွက်ခါပြိုလဲသွားစေနိုင်ခဲ့ပြီ။

"ခိုင့်မိထွေးဟာ ခိုင့်အဒေါ်ရင်းလည်း ဖြစ်နေတော့ကာ ခိုင့်ရှေ့ရေးကို ပူပန်သက်ဆိုင်မယ်ဆိုတာ လက်မခံလို့မဖြစ်ဘူး။ တစ်ခါ သူ့မိတ်ဆွေ ကျောင်းအုပ်ဆရာမကြီးဆိုတာ မြို့ရဲ့လေးစားမှုကို ရယူနိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦး"

ဇင်ယော် ငိုင်နေသည်။

"မင်းတို့မြို့က မင်းကို စွပ်စွဲပြီ။ ခိုင့်မိထွေးကလည်း နားဂင်ပြီ။ ခိုင်ကိုယ်တိုင်ကိုက နားဂင်သွားပြီ"

"ဟုတ်တယ်၊ ခိုင် နားဂင်သွားပြီ"

"မင်းကကော မင်းလှိုမိတဲ့လက်ကို အနှုတ်ခက်နေပြီ"

ဇင်ယော် စိတ်မရှည်နိုင်တော့ဘဲ စားပွဲကို လက်ဖါးနှင့်တစ်ချက် ပုတ်လိုက်သည်။

"ပြီးခဲ့တာတွေ ထားဗျာ။ အခု ကျွန်တော် ဘာဆက်လုပ်ရမလဲဆိုတာ စဉ်းစားရမယ်ဗျ"

ထွန်းအောင်လတ် နာတစ်ချက်ချေဆတ်သည်။ ဟိုက ယားသလို သည်က ကိုက်ခဲသလို နေမထိထိုင်မသာ ဖြစ်လာသည်။ အင်း.. အလုပ်ကများ၊ အဖေကမလစ်နှင့် အမှန်တော့ သည်အချိန်မတိုင်မီ သူ ဆေးမှုန့်ထွက်ရှာထားဖို့ လိုအပ်နေပေသည်။ သူ ယင်းထလာပြီ။ သူ့သွေးက တောင်းဆိုပြီ။

"စဉ်းစားလေ၊ မင်း ဆုံးဖြတ်ရမှာပဲ၊ မင်း ရင်ဆိုင်ရမှာ၊ မဟုတ်ဘူးလား"

"သေချာတာက အဲဒီလို အကျပ်ကိုင်ပြီး ယူခိုင်းတိုင်း ကျွန်တော် မယူနိုင်ဘူး"

"မင်း ပြတ်သွားမှာပေါ့"

"ပြတ်ပါစေဗျာ"

"မမိုက်စမ်းပါနဲ့ သူငယ်ချင်းရာ၊ ယူစေချင်ယူလိုက်၊ ပြီးတော့ ကွာပစ်လိုက်ပေါ့"

"ခိုင်ကကော"

"အေး.. ဟုတ်သားပဲ၊ ဒါပေမယ့်.."

ထွန်းအောင်လတ်က ဇင်ယော်ကို အားတုံ့အားနာ စိုက်ကြည့်နေသည်။

"မင်း ခိုင့်ကို ထပ်ရှင်းပြနိုင်မယ် ထင်လို့လား"

ဇင်ယော် မျက်နှာမည်းမှောင်သွားသည်။

"မထူးတဲ့အတူ အဲဒီသေမင်းငင်မလေးကို ယူလိုက်။ မပေါင်းချင်ကွာလိုက်။ မကွာပေးလည်း ဘာအရေးလဲ။ မိန်းမပဲကွာ။ လည်ပတ်လို့ကတော့ ကြိုက်သလောက် ယူလိုက်ရုံပဲကွ"

ရည်းစားတစ်ယောက်ပင် မထားဖူးသော ထွန်းအောင်လတ်၏ စကားကို ဇင်ယော် လျစ်လျူရှုထားလိုက်ပြီး သူ့ရှေ့လုပ်ငန်းစဉ်ကိုသာ သူ့ဘာသာ ရွေးချယ်ဆုံးဖြတ်နေသည်။

စားပွဲပေါ်တင်ထားသော ထွန်းအောင်လတ်၏ ညာလက်ဖျံမှ စာတမ်းကို စိုက်ကြည့်နေမိရင်း ဇင်ယော် သက်ပြင်းသက်မ ချမိ၏။

**ဘဝမှာ အနေတတ် မကျေနပ်စရာ မရှိဘူး။**

သူ စိတ်တိုင်းကျ တောင်းဆိုထိုးနှံထားသော စာတမ်းအတိုင်း ထွန်းအောင်လတ်ကတော့ သူ့ဘဝမှာ သူ ကျေနပ်နေသည် ဆိုရပေမည်။

"ကျွန်တော် မပြန်တော့ဘူး"

ထွန်းအောင်လတ်သည် ဆေးမှုန့်ရနိုင်သော လမ်းထောင့်ကွမ်းယာဆိုင်ဆီသို့ မက်မက်မောမော ငေးကြည့်နေရာမှ ဆွဲလှုပ်လိုက်သလို တုန်ခါသွားပြီး ဇင်ယော့်ကို အလန့်တကြား လှည့်ကြည့်သည်။

"အလုပ်ပြုတ်ချင် ပြုတ်ပါစေတော့ဗျာ။ ကျွန်တော် မယူနိုင်ဘူး။ ခိုင်မှမရှိတဲ့နောက် ဘာမှ တန်ဖိုး မရှိတော့ဘူး။ ဒီမှာ ကိုအီဗရာ"

"ဟေ"

"ခင်ဗျား အလုပ်မြန်မြန်သိမ်းဗျာ။ ကျွန်တော်နဲ့ ကုလားကျောင်း လိုက်ခဲ့စမ်းပါ"

"မင်းပထွေးကြီးက ငါ့ကို ယုံကြည်တာ မဟုတ်ဘူးကွ"

"ခင်ဗျားအိမ်မှာလည်း ကျွန်တော့်အတွက် နေရာရှိတာမှ မဟုတ်တာ"

"ရပါတယ်ကွာ၊ မြွေးဆီ သွားကြတာပေါ့။ စမ်းချောင်းတင်ပဲကွ"

"ကျွန်တော် မူးအောင်သောက်ပြီး လောကကြီးကို မေ့ထားလိုက်မယ်ဗျာ"

"အေးပါ ငါ့ညီရယ်။ မင်း ဘာလုပ်ချင်သလဲ။ ငါ တတ်နိုင်တာ အကုန်လုပ်ပေးမယ်"

ထွန်းအောင်လတ်သည် ဇင်ယော့်ကို တစ်ယောက်တည်းလွှတ်ထား၍မဖြစ်ကြောင်း သဘောပေါက်သည်။ ကျားနာတစ်ကောင်ပမာ ထင်ရာစိုင်းသွားမှာ စိုးရသည်။

ပြီးတော့လည်း သူ့ဆရာဂန်မနှင့် ဇာတ်သိမ်းသွားပြီဟု ထွန်းအောင်လတ် လက်မခံနိုင်သေး။

သူငယ်ချင်းအရာရှိက အလုပ်ကို မိုက်မိုက်ကန်းကန်း စွန့်လွှတ်ပစ်လိုက်ဖို့လည်း သူ ခွင့်မပြုနိုင်သေး။

"မင်းဟာ ငါ့အချစ်ဆုံးသူငယ်ချင်းကွ။ မင်း စိတ်ချမ်းသာအောင် ငါ ကူညီရမယ်။ မင်း ဘာလုပ်ချင်သလဲ။ ဘာ ဖြစ်ချင်သလဲ။ ငါ အတတ်နိုင်ဆုံး ကူညီမယ်"

"လောလောဆယ် ကျွန်တော် ဒီလောကကြီးကို မေ့ပစ်ဖို့ပဲ"

"ကောင်းပြီ၊ ထ.. သွားကြစို့"

ထွန်းအောင်လတ်၏ ဇာတိ ပြလာသည်။

အလုပ်တွင် စေ့စပ်သည်။ သေချာသည်။ သို့သော် သူ့စိတ်ကူး၊ သူ့အတွေးအခေါ်အရ ဇင်ယော်စိတ်ချမ်းသာအောင် ဆောင်ရွက်ရမည်မို့ မြဒွေးနေထိုင်ရာ စမ်းချောင်းသို့ ဦးတည်သွားတော့သည်။

ဦးမာမွတ်တို့၊ အလီတို့ တမျှော်မျှော်ကျိန်ဆဲရေးရင်းနှင့် နေဂင်ကားမိုးစုပ်စုပ်ချုပ်ချိန်တွင် သူငယ်ချင်းတွေမှာ မြဒွေးနှင့်အတူ ဒုတ်တင်နေကြလေပြီ။ အချစ်ဆုံးသူငယ်ချင်းကို အချစ်နာကုပေးနေရတာဟု ထွန်းအောင်လတ်က လှိုက်လှဲစွာ ရှင်းပြနေလေ၏။

* * * * * *

# ယုံစားသူ အပြစ်ရှိ၏

"ခိုင် အစောကြီး ပြန်ရောက်လာသားပဲ"

တကျွီကျွီအသံပြုပြီး ပွင့်အာလာသော တံခါးဆီသို့ စောင်းငဲ့ကြည့်စဉ် မကြည်မလင် ဝင်ရောက်လာသော နနခိုင်ကို ဂင်းလု တွေ့မြင်ရလေသည်။

ကော်ရစ်ဒါမီးသည် ဂင်းလုတို့အခန်းမီးထက် အားနည်းသောကြောင့် မီးတန်းက အပြင်သို့ ထိုးထွက်ဖြာကျနေသည်။

ရှောက်သီးသုတ်ရန် ဂေါ်ဖီရိတ်ရိတ် လှီးနေလက်စ ဓါးပါးကို ဂင်းလုက စဉ်းတုံးပြားနံဘေးသို့ အသာအယာချပြီး လက်သုတ်ပဝါ ဆွဲယူကာ လက်သုတ်လိုက်သည်။

နနခိုင် တွေ့ဆုံဖြေရှင်းလာမည့် ပြဿနာနှင့်ပက်သက်၍ အကောင်းဘက်မှ ရှုမြင်ဆွေးနွေးနှစ်သိမ့်ပေးမှ သူငယ်ချင်းကောင်း ပီသမည်ဟု ဂင်းလု ကြိုတင်တွေးဆထားခဲ့သည်။

ဂင်းလုကိုကြည့်နေသော နနခိုင်၏ မျက်လုံးတွေသည် ဂင်းလုကို တွေ့မြင်ပုံမရ။ ဘာကိုမှလည်း တွေ့ရှိပုံမပေါ်ပဲ ဟေးလွင့်ပျောက်ဆုံးသွားသော အရာတစ်ခုကို ကြွေမေ့တသနေသည်နှင့်သာ သဏ္ဍာန်တူညီတော့၏။

"မင်းအပြန် မှောင်မှာပဲလို့ ကိုယ် ထင်နေတာ"

ခိုင်သည် ကုတင်ဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားပြီး ပခုံးသိုင်းအိတ်ကို ခေါင်းအုံးနံဘေးသို့ ပစ်ချလိုက်သည်။

"ဟေး.. ခိုင်၊ မင်း ဘယ်လိုဖြစ်လာတာလဲ"

ခိုင်သည် ဘလောက်စ်နိုပ်ကြယ်စေ့တွေ ဆွဲဖြုတ်ကာ ထဘီရင်ရှားလိုက်လေသည်။

"သံသရာမရှည်ရအောင် ငယ်စာရင်းဖျက်ခဲ့တယ်လေ"

ပေါ့တီးပေါ့ဆဖြစ်အောင် ပြောလိုက်ရသော စကားလုံးများအတွက် ကိုယ့်ဘာသာ ရင်နင့်တစ်ဆို့သွားရလေသည်။

ခိုင့်နည်းတူ ဂင်းလုလည်း မျက်နှာအပျက်ပျက် စိတ်မကောင်း ဖြစ်သွားခဲ့လေ၏။

"ကိုဇင်ယော်ကို မင်း အဆက်အသွယ်ဖြတ်လိုက်ပြီပေါ့"

ဂင်းလုသည် ခိုင့်အနီးသို့ သွက်သွက်လျှောက်လာပြီး စာကြည့်စာပွဲရှေ့ ကုလားထိုင်တွင် ထိုင်ချလိုက်သည်။

ခိုင့်မျက်နှာကို တစောင်းသာ မြင်ရလေသည်။ မျက်လုံးကလေးတွေ ရီဝေကာ နှုတ်ခမ်းတင်းတင်းစေ့လျက် မေးကြောကလေး ထောင်နေတာကို ကြည့်ပြီး စိတ်နသောဂင်းလု ငိုချင်လာ၏။

"အစကတည်းက ဖြတ်ပြီးပြီ ပြောသားပဲ။ သူက ကြားစကားကြောင့် ထင်နေတယ်။ ဒါကြောင့် တေ့တေ့ဆိုင်ဆိုင် ဖြေရှင်းလိုက်ရတာပါ"

ခိုင်သည် အင်္ကျီ၊ ဘရာစီယာ အားလုံး ကုတင်ပေါ် ပစ်တင်သည်။ ခြင်ထောင်တန်းပေါ် လွှားထားသော မျက်နှာသုတ်တဘက်ကို ဆွဲယူပြီး ပခုံးပေါ် ခြုံသိုင်းသည်။

"သူ ရှင်းပြချင်တယ်ဆို"

"အင်းလေ"

"ရှင်းပြသလား"

နနခိုင် ခေါင်းညိတ်၏။

"အဲဒီတော့"

"ဘာထူးမှာလဲ။ ကိုယ် စဉ်းစားပြီးမှ ဆုံးဖြတ်တာ။ ဘာမှ ပြင်စရာမရှိပါဘူး"

နနခိုင်သည် ဖြစ်နိုင်လျှင် ဂင်းလှ၏မေးခွန်းတွေကို အဖြေပေးမနေချင်တော့။

"ဒါပေမယ့် ခိုင်ရယ်၊ အဲဒီမီးမီးဟာ ရဲတင်းလွန်းပါတယ်။ တွေ့ကတည်းက သိတယ်။ ကိုယ် ပြောသားပဲ။ မင်းကို လာတွေ့ရဲတယ် ဆိုကတည်းက"

"အကြောင်းရှိလို့ ရဲတင်းတာပေါ့ ဂင်းလှရယ်"

"သူ ရဲတင်းတိုင်း တည်ဆောက်ပြီးသား အစီအစဉ်တွေ ဖျက်ပစ်ဖို့ မတန်ပါဘူးကွာ"

"ဖြစ်လာပြီပဲ၊ ဘာတတ်နိုင်မှာလဲ"

ဂင်းလှသည် နနခိုင်ကို အားမလိုအားမရ ငေးကြည့်နေသည်။

"ငါသာဆိုရင် ငါ့ချစ်သူက မပါဘဲနဲ့တော့ ဘယ်လိုပဲ လာစွပ်စွဲပါစေ၊ မစွန့်လွှတ်နိုင်ဘူး"

"သူ ပါလို့သာ ဒီလို ကျော်မကောင်း ကြားမကောင်း ဖြစ်တာပေါ့ကွ"

"နီး.. နီး.. ခိုင်၊ ယူက ဆရာဂန်မဟုတ်သလို ပြောရက်လိုက်တာ။ ဇင်ယော်ဖြစ်ရတာက ဦးနောက်ရဲ့ ဆင်ခြင်ထိန်းချုပ်မှုအရ ခဏကလေး သတိလက်လွတ်သွားတာပါ။ ဒါပေမယ့် ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့တာမှ မဟုတ်တာ။ မင်း နားလည်သင့်ပါတယ်"

"အဲဒါ သူ့အပြောပါ။ ကိုယ်တို့မြင်ရလို့လား"

နနခိုင်က နှုတ်ခမ်းကလေး မဲ့ပစ်လိုက်ရင်း ခုတင်ကိုကျောခိုင်းကာ အခန်းတံခါးဆီသို့ လျှောက်သွားသည်။

"နေပါဦး ခိုင်ရဲ့၊ ကိုယ်ပြောတာ မင်း နားထောင်ဦး၊ ယောကျ်ားတွေအတွက် ခန္ဓာအထိအတွေ့ဆိုတာ ပြီးပြီးရောပဲတဲ့ကွ၊ ဒါကို ပြစ်မှုလို့လဲ မထင်ဘူး။ အာသာပြေရင် ထားပစ်ခဲ့တာပဲတဲ့။ ဘာမှ စွဲစွဲလမ်းလမ်းမရှိဘူးလို့ ပြောတယ်။ အချစ်က တခြား၊ ဆန္ဒကတခြား သီးခြားစီထားတတ်ကြတယ်တဲ့"

နုနုခိုင်က တံခါးကိုဆွဲဖွင့်ကာ အခန်းပြင်သို့ထွက်သည်။ တံခါးရွက်ကို ပြန်မစေ့မီ မထီတရီမျက်နှာလေးဖြင့် -

"ခွန်ရီက အဲဒီလိုပြောသလား။ မင်းကလည်း လက်ခံတယ်ဆိုတော့ မင်းတို့ အဆင်ပြေတာပေါ့။ ဒါပေမယ့် ကိုယ်က မင်းမှ မဟုတ်တာ"

ခွန်ရီသည် ဂင်းလု၏ချစ်သူ ဖြစ်လေသည်။

"မင်းက မိန်းမဆန်လွန်းမနေဘူးလား ခိုင်။ နည်းနည်းမှ မဂေမျှနိုင်အောင်ကို အူတိုလွန်းတော့တာပဲ"

ဂင်းလု လိုက်အော်လိုက်သော ဂေဖန်စကားသည် နုနုခိုင်၏ ရက်ဒေါသကို ဆွလိုက်၊ ကလိလိုက်သလို ဖြစ်နေသည်။

တံခါးရွက်ကို ကိုင်ထားပြီး ဂင်းလုကို စူးစူးရဲရဲ စိုက်ကြည့်ကာ အသက်ရှူမြန်လာသည်။

ပြောမိပြီးသည်နှင့် ချက်ချင်းနောင်တရကာ ဂင်းလုက နဖူးပေါ်လက်တင် ဂန်ချသည်။

"ဆောရီး ခိုင်၊ ကိုယ် သိပ်လွန်သွားတယ်။ ကိုယ် သိပ်ရိုင်းတာပဲကွယ်"

ဂင်းလုသည် ဖြူဖတ်ဖြူရော်ဖြစ်နေသော ခိုင့်မျက်နှာကိုကြည့်ပြီး စိတ်မကောင်းဖြစ်၍ မဆုံးနိုင်တော့။ လွှတ်ကနဲ ထွက်သွားမိသော သူမ၏စကားဖြင့် နုနုခိုင်ကို ဉာဏ်မျှအထိ ထိုးနက်တိုက်ခိုက်လိုက်ဖို့ လုံးဂမရည်ရွယ်ပါ။

"မပျက်သင့်ဘဲ ပျက်ရမယ့် မင်းတို့အချစ်အိမ်ကလေးကို နမြောလွန်းလို့ ကိုယ် မဆင်ခြင်လိုက်တာပါ ခိုင်ရယ်။ မင်း သိပ်စိတ်ဆိုးသွားပြီ။ ကိုယ် သိပ်လွန်သွားပါတယ်ကွယ်"

ဂင်းလု၏ အညွတ်အနူး တောင်းပန်မှုအောက်တွင် နုနုခိုင်၏ ဒေါသမာန်စွယ် ကျိုးကျသွားခဲ့၏။

မှေးမှိန်သွားသော မျက်လုံးအိမ်တွင် မျက်ရည်ပေ့အိုင်ပြည့်လျှံလာသည်။

"မင်း မလွန်ပါဘူး ဂင်းလု။ မှန်တာပြောတာ မလွန်ပါဘူး။ ဟုတ်ပါတယ်။ ကိုယ် သိပ်အူတိုတာပဲ။ ခုမှ ကိုယ့်ကိုယ်ကို ဆန်းစစ်ကြည့်မိတယ်။ နည်းနည်းမှ မဂေမျှနိုင်အောင်ကိုဘဲ ကိုယ် အူတိုပါတယ်"

"ခိုင်ရယ်"

"ဒီမှာ ဂင်းလု၊ မင်းပြောသလိုဘဲ ကိုယ်ဟာ ဆရာဂန်မတစ်ယောက်ပါ။ ကိုယ့်မမြင်ကွယ်ရာမှာ သူ သွေးသား ဆန္ဒ မလွန်ဆန်နိုင်လို့ ကြက်ဆီ သွားချင်သွား။ ကိုယ် မစဉ်းစားဘဲ လျစ်လျူရှုထားမှာပါ။ ကိုယ် ပြန်မကြား နိုင်အောင် ပိပိရိရိရှိဖို့တော့ လိုတာပေါ့။ အဲ.. ခုလို စည်းဖေါက်ဖျက်တဲ့ဘက်တောင် ကျော်လာပြီး ကိုယ်မှတစ်ပါး အခြားစင်ပြိုင် ရှိသေးတယ်လို့ ပြန်ကြားရစေတာကတော့ ကိုယ့်သိက္ခာ၊ ကိုယ့်မာနကို သိပ်ထိခိုက်လိုက်ပြီ။ ဖောင်း ထိသွားပြီ"

ခိုင့်အသံမှာ ဒေါသထက် နမြောကြေကွဲမှုတွေ လွှမ်းခြုံအက်ကွဲနေသလိုပင်။

"လူတွေမှာ ကိုယ်ယုံကြည်ထားတဲ့ Norms တွေ ရှိကြတယ် ဂင်းလှ။ ကိုယ့်စံနဲ့ကိုယ်၊ ကိုယ့်မှတ်ကျောက်နဲ့ ကိုယ်ပဲ။ ဇင်ယော်ဟာ ကိုယ့်စံနဲ့ လုံးဝကွဲသွားပြီ။ ကိုယ် လိုက်မဆယ်တော့ဘူး။ သူ မျောချင်တဲ့ဆီ မျောသွားပါစေတော့"

ပြဿနာကို အေးဆေးစွာ ရင်ဆိုင်ဖြေရှင်းတတ်သည်ဟု ဂင်းလှ အထင်ကြီးရမြဲ ခိုင်တစ်ယောက်ခမျာ ယခုတော့ မျက်ရည်စီးမကျလာအောင် မျက်တောင်တဖျတ်ဖျတ်ခတ်ရင်း လည်ကို မော့ထားနေရရှာပါပြီ။ အို.. သူငယ်ချင်းရယ်။

"တစ်သက်လုံးပဲ သူ့ဘက်က ကိုယ်ရပ်ခဲ့တယ်။ သူ့ကို မထိပါးရအောင် ကိုယ် ကာဆီးပေးခဲ့တယ်။ ဖေဖေ့ သံသယကို ကိုယ်အာမခံခဲ့တယ်။ အခု ကိုယ် ဘယ်လောက်ရှက်ရသလဲ။ ဖေဖေက ကိုယ့်ကိုကြည့်ရင် ငါ့ကို လှောင်နေတဲ့ မျက်လုံးတွေလားမသိဘူးနဲ့ ကိုယ် ရင်မဆိုင်ဂုံ့ဘူး။ သူများတွေကို ရှက်တာထက် ဖေဖေ့ကို ရှက်တာက ပိုတယ် ဂင်းလှရဲ့။ ကိုယ် အမွှမ်းတင်တာတွေ၊ ကိုယ် ဂါကြွားတာတွေ ကိုယ့်ဘာသာ ပြန်ကြားယောင်ပြီး သိပ်ရှက်တာပဲ။ အားလုံး ကိုယ့်အပြစ်တွေပါပဲကွယ်"

ဂင်းလှသည် ခိုင့်ကို စိုးရိမ်သနားလှစွာ ပွေ့ဖက်ဖေးမထားလိုက်ချင်လျက် နေရာမှထသည်။

"ဟုတ်ပါတယ်ကွာ၊ ကိုယ်ဟာ အူတိုမျိုးပဲ။ ဒါပေမယ့် ဇင်ယော်ကလည်း ပျော့ညံ့လွန်းပါတယ်။ ပြီးတော့ ကိုယ်ထင်နေသလို ကိုယ်ဟာ သူ့အတွက် အရေးမှမကြီးတာပဲ"

ဂင်းလှ ငြင်းဆန်လိုသေးသော်လည်း နနခိုင်က တံခါးရွက်ကို ဆွဲစေ့ထားခဲ့လေပြီ။ ရှိပါစေဦး၊ အဆိပ်တက်တုန်း လွှတ်ထားဦးမှပါလေ။ တော်ကြာ အဆိပ်ရှိန်လျော့လာတော့မှပဲ အေးအေးဆေးဆေး ဖျောင်းဖျ စည်းရုံးယူရတော့မှာပါပဲ။

ကိုဇင်ယော် ရှင့်ဘက်က ကျွန်မ နားလည်ခုခံပေးနေတဲ့အတွက် ကျွန်မကို ရှင် ကျေးဇူးတင်သင့်တယ်ဟု ဂင်းလှက တစ်ကိုယ်တည်း မေးငေါ့စိတ်ကူးနေသည်။

ဇင်ယော်က နည်းနည်းမှ စိတ်မခိုင်ပါဘူးကွယ်ဟု ရင်ထဲမှာ ငိုညည်းရင်း နနခိုင် ရေချိုးခန်းဆီသို့ စက်ရုပ်တစ်ရုပ်သဖွယ် သိမှတ်မှုကင်းမဲ့စွာ လျှောက်သွားသည်။

စီးကျလာသော မျက်ရည်သည် ဇင်ယော် နမ်းရှိုက်ဖူးသော ပါးပြင်ကို သန့်စင်ဆေးကြောပေးနေသည်။

နနခိုင်က မျက်ရည်စကို လက်ဖမိုးဖြင့် ကြမ်းတမ်းစွာ ပွတ်သပ်ပစ်ရင်း ရင်ထဲလှိုက်ခါနေလေသည်။

အဆမတန် ကြိတ်ခဲအောင့်အီးထားသည့်ကြားမှ ရှိုက်သံတွေ ရုန်းကန်တိုးထွက်လာသည်။

ငိုရှိုက်သံကို ဖုံးဖိအုပ်ဆိုင်းမိစေတော့ဟု ရေဘုံဘိုင်ခေါင်းကို ဂိတ်ဆုံးလှည့်ဖွင့်လိုက်ရသည်။

သည့်တစ်ကြိမ်ကလေးတော့ ကုသိုလ်ကံက သူမဘက်မှာ ဖေးမထောက်ကူပြန်လေသည်ဟု နနခိုင် မလိုတမာ တွေးမိချေသည်။

ရေလုံးကြီးကတော့ ဘာမှနားမလည်နိုင်ရှာဘဲ ပေါကနဲ ဖြာထွက်လာလျက် ကွန်ကရစ်ခင်းပေါ်သို့ အလုံးအရင်းနှင့် တပုန်းပုန်း အသံပြုထိုးဆင်းသွားခဲ့လေ၏။

* * * * * *

# ကြင်ဘက်ရှာ အခါမလင့်

*အစ်ကိုရေ..*

*ညီတို့ဆီမှာ ကလေးတွေပညာရေးက အားမရစရာပဲဗျာ။ ညီက အိမ်ကပ်ရတယ်မရှိ။ အစ်ကို့နမကလည်း အငယ်တွေနဲ့ မအားပါဘူး။*

*သမီးကြီးက ဒီနှစ် နှစ်တန်းကျတယ်။ သားက ဒီနှစ် ကျောင်းထားရတော့မယ်။*

*အဲဒီနှစ်ယောက်ကို အမေနဲ့အစ်ကို ကြည့်ပေးပါလား။ ရွှေ့လ ကျွန်တော် လာပို့မယ်။*

အဲသည်တုံးက သည်လိုစာရေးပို့လိုက်လျှင် သူ့ဘက်က တာဝန်ကုန်ပြီ ယူမှတ်လေဟန် လှိုင်စိုးသည် တစ်လပင် မဆိုင်းငံ့တော့ဘဲ နှစ်ပတ်ကြာမှာ သားနှင့်သမီးကို လက်ဆွဲပြီး ရောက်ချလာ၏။

"မင်းကသာ ထားချင်နေ၊ မင်းကလေးတွေက နေပါ့မလား လှိုင်စိုးရ။ ငါတို့နဲ့ကလည်း တစ်နှစ်နေလို့ တစ်ခါတွေ့ရတာမဟုတ်တော့ စိမ်းမနေဘူးလား"

"နေပါတယ် အစ်ကိုရာ၊ ချီးကျရာပျော်တဲ့ကောင်တွေ။ မယုံစောင့်ကြည့်ပေါ့"

"ဟုတ်မှလည်းလုပ်ပါကွာ။ တော်ကြာ မင်း ဖလမ်းအထိ ငါ လိုက်မပို့ရစေနဲ့"

"လောင်းကြေးထပ်ရင် အစ်ကို ရှုံးသွားမယ်နော်"

ဟုတ်လည်း ဟုတ်ပါရဲ့။

ဘွားအေက အရိပ်ကြည့်၊ ခင်ငယ်ထွေးနှင့် လုံးထွေးလည်ပတ်ရင်း သူတို့အဖေပြန်တော့ ကြော့ကြော့ကသာ တာ့တာလက်ပြဖော်ရလျက် အငယ်ကောင်တေဇာကတော့ ဗီဒီယိုဂိမ်းကစားရင်း လှည့်ကြည့်ဖော်ပင် မရ။

ကြော့ကြော့ပင် တစ်နှစ်တစ်တန်းတက်ကာ လေးတန်းရောက်နေပြီ။

ခုတော့လည်း သည်နှစ်ယောက်ရှိမှ အိမ်စိုပြည်သည်။

ကိုသိန်းစိုးမှာ အိမ်မြင်မှာ စိတ်လွတ်လက်လွတ် မနေနိုင်ဘဲ အနုံ့သြစရာကောင်းလောက်အောင်ပင် သံယောဇဉ်တွေ တုံ့ဆွဲသည်။

"ဟား.. ကလေးနဲ့ လူပျိုပါလားဗျို့"

"အေးကွာ၊ တူတော်မောင်က ညနေမှောင်စပျိုးရင် အိမ်ရှေ့လေ့ကားထစ်ထွက်ထိုင်ပြီး ငါ့ကို မျှော်တော့တာပဲ။ ဘွားအေက သင်ထားသလားတောင် အောက်မေ့မိသေးတယ်။ မဟုတ်ဘူးကွ။ ငါနဲ့ ညစာစားပြီး ငါနဲ့ ဗီဒီယိုဂိမ်းကစား၊ ငါနဲ့အိပ်ရမှ"

ကိုသိန်းစိုးကို သဘောကျစွာကြည့်ပြီး သန်းကြည် ပြုံးနေမိသည်။

"အဲဒါကြောင့် အေမီသင်းကပြောတာ၊ ရှင်တို့လူကြီးကို အသစ်ရှာပေးထားသလား။ ကျွန်မဆီ ပေါ်မလာတော့ဘူးတဲ့"

သူနှင့် အေမီသင်း အဆက်အသွယ်ပြတ်နေသည်မှာ နှစ်နှစ်ခန့်ရှိပေပြီ။

သန်းကြည်က ခုတလော ရွှေပြည်သာဘက်တွင် ဆိုက်တွေ ရထားသဖြင့် မြို့ထဲဘက် ခြေဦးမလှည့်အား။ သို့ပေသည့် သူက အဲသည်ဘက်မှာ အတော်ကို အားထုတ်လိုက်စားသည်။ ဈေး သက်သာတယ်ကွ။ ဆိုက်ထဲ ခေါ်သွင်းလိုက်၊ ပြန်ပို့လိုက်၊ ဒရိုင်ဘာကို ခိုင်းလိုက်ရုံပဲ မြန်ရေယှက်ရေ ပြောသည်။

"သန့်ဇင်ဆို လပေးငှားရတာကွ။ တစ်ပတ်တစ်ခါတောင် မရောက်ဖြစ်ဘူး။ ကြားထဲမှာလည်း မာမီကြွယ် အိမ်ပြောင်းတာနဲ့ အခန်းပြန်အပ်တာနဲ့ အကြောင်းကြောင်း တိုက်ဆိုင်သွားတာ"

သိန်းစိုးက သန်းကြည်လောက် အဲသည်ဘက် စိတ်အားမသန်ပေ။ အေမီမတိုင်ခင် ရောက်ဖူးပေါက်ဖူး တွေ့ကြုံဖူးသည်မှာ လက်နှစ်ဖက်ပင် ချိုးရေ၍မပြည့်။ ပြီးတော့လည်း မူးမူးယစ်ယစ်နှင့် တချို့အမျိုးသမီးတွေ၏ မျက်နှာကို လမ်းတွေ့လျှင်ပင် မမှတ်မိချင်ပေ။ အဲသည် အမျိုးသမီးတွေကလည်း ယောကျ်ားတွေလိုတာပေးပြီး ငွေရလျှင် လှည့်ကြည့်တော့တာ မဟုတ်။

"ကလေးဖအေဖြစ်ကတည်းက အေမီနဲ့ ဆက်ဆံရေးကျဲသွားတယ် ပြောပါတော့"

"အနှစ်ချုပ်ကတော့ အဲဒါပဲပေ့ါကွာ။ ဟိုစိတ်ဒီစိတ်တွေ မထားအားအောင်ပါပဲ"

"မင်းဟာမက ပြောတယ်ကွ။ ရှင့်လူကြီးက ကျွန်မကို လပေးငှားတယ်ဆိုပြီး ရိက္ခာလာမယူတော့ ကျွန်မလည်း ဝတ်တာပေ့ါတဲ့။ ဟား.. ဟား.."

သိန်းစိုးသည် သန်းကြည်နှင့်အတူ ရောနှောမရယ်နိုင်ပဲ နားထဲတွင် ကိုးလိုးကန့်လန့် ဖြစ်နေသည်။ သူသည် စကား ပေ့ါရိုင်းရိုင်း ပြောလေ့မရှိ။ ပြီးတော့ အေမီသင်းကို ကြေးစားဆိုသော်လည်း သိကျွမ်းလာတာ ကြာမြင့်တော့ အထိုက်အလျှောက် ခင်တွယ်အားနာလေသည်။ ဂတ္တုတွေထဲကလို အရာရာခွင့်လွှတ်ပြီး ယူပစ်လိုက်တာမျိုး အထိတော့ သူ ရူးမိုက်မှာမဟုတ်။ အဲသည်လောက်လည်း သူ မနုံချာသေး။ အပေးအယူမျှတသော ဖောက်သည် စီးပွားဖက်တစ်ယောက်လို သဘောဆန်ဆန် သူ မျှတစဉ်းစားတာပဲ ရှိလေသည်။

"အေမီသင်းဟာ ရုပ်ကလေးလှပြီး ပီယဂါစာ ပြောတတ်သလောက် တစ်ချီတစ်ချီ ဗွေဖေါက်တယ်ကွ"

"ခင်နေတော့လည်း ပေါက်တတ်ကရ တစ်တစ်ခွခွ ပြောတာပေ့ါကွာ၊ ဘာရယ်ညာရယ် မဟုတ်ပါဘူး"

"ဒါပေမယ့် အဲဒီလို အပြောကြမ်းတာမျိုးကျ ငါ့နားထဲ ကန့်လန့်ဖြစ်ဖြစ်သွားတယ်။ သူလာတဲ့ မျိုးနွယ်ဇာတိ ပြတာပဲလို့ သတိထားမိသွားပြန်ရော"

သန်းကြည်က တဟဲဟဲရယ်ရင်း ဂီစကီပုလင်းကို လှမ်းဆွဲသည်။ သိန်းစိုးက ကောက်ယူလောင်းငှဲ့ပေးရ၏။

"ဒီပုလင်းရှင်းပြီးရင် ပြန်ကြရအောင်။ ငါ့တူတော်မောင် မျှော်နေတော့မယ်"

"အေးပါ၊ ငါလည်း ဒရိုင်ဘာလာရင် ပြန်မှာပါ။ မင်းကို အားကျတာနဲ့ ကောင်မတစ်ကောင် လခပေး ထားတယ်။ ငယ်ငယ်ကလေးကွ။ ဂေါက်ရိုက်သွားရင်း အဆက်အသွယ်ရသွားတာ။ အလုပ်ရှာပေးပါချည်း ပူဆာ တာပဲ။ ငါ့ဆိုက်က မန်နေဂျာကြီးကို ပြောထားရတယ်။ စက်ရုံဖွင့်တာနဲ့ အလုပ်ရမှာပါ"

"စမောဆွဲတာလား"

"အလုပ်ရှာပေးပြီး ပြီးပြီပေါ့ကွာ။ ငါက အပြောင်းအလဲ ကြိုက်တယ်။ သူ့ကို လခနဲ့ ငှားထားပေမယ့် နောက်ထပ်တစ်ယောက် ခေါ်ချင်ခေါ်တာပဲ"

"မင်း သိပ်မသောင်းကျန်းနဲ့။ ဘယ်နှစ်ခါ ကျိုးပြီးပြီလဲ။ အဲဒါလည်း မမှတ်ဘဲကိုး"

"အေးကွ၊ အဲဒါတော့လန့်တယ်။ ဘာတဲ့ ခုတလော ခေတ်စားလာတဲ့ရောဂါ"

"အေ အိုင် ဒီ အက်စ်"

"အေး.. ဟုတ်ပ့ါ၊ ကာတွန်းလည်း အေအိုင်ဒီအက်စ်၊ ဆိုင်းဘုတ်လည်း အေအိုင်ဒီအက်စ်၊ ဂနိတို့ ဆစ်ဖလစ်တို့ ကုလို့ရရင် အဲဒါကတော့ ဘာလို့ ကုမရရမှာလဲ။ ခုတော့ ကုရာနတ္တိ ဆေးမရှိဆိုပဲ"

"ဆေးမတွေ့သေးလို့ပေါ့ကွာ။ ဒါက လောလောလတ်လတ် ပေါ်လာတဲ့ ရောဂါအသစ်ကိုး။ ဆေးရှာရဦး မှာပေါ့။ နောက်တော့ တွေ့ချင်တွေ့မှာပေါ့။ ဆေးမတွေ့ သေကြဦးမှာပေါ့"

"အဲဒါကြောက်လို့ မင်း ဆင်ခြင်တာလား"

"မဟုတ်ပါဘူးကွာ။ ငါ မအားလို့ပါ။ ပြီးတော့ တေဇာကလေးဟာ ငါ့အချုပ်အနှောင်ပဲ။ ကလေး မျှော်နေမယ် ဆိုတဲ့အသိဟာ ငါ့ကို အိမ်ပြန်ရောက်အောင်ချည်း တွန်းတွန်းပို့နေတာ"

သန်းကြည်က ဂီစကီခွက်ကို တစ်စက်မကျန် မော့သောက်ပစ်လိုက်သည်။

သိန်းစိုးသည် ရုပ်အကျီအိပ်ကပ်ထဲမှ ကွမ်းယာထုပ်ကို ဖြေနေလေသည်။

"အဲဒီတော့ကာ ငါ့နမ်းပြီး အရက်စော်နံတယ်လို့ အော်တတ်တယ်ကွ။ အဘွားကြီးက မသိဟန် ဆောင်ပေမယ့် အငယ်မ ခင်ငယ်ထွေးကတော့ လက်ခုပ်လက်ဝါးတီးပြီး အားရနေတာ"

သန်းကြည် ခေါင်းတညိတ်ညိတ် ပြုံးနေသည်။

သိန်းစိုးနှင့် စီးပွားရေး တွဲဖက်ညီသလောက် စရိုက်သဘာဝချင်းတော့ ကွာဟလေသည်။ သူက ဖဲရိုက်မည်။ ချဲထိုးမည်။ အရက်သောက်မည်။ မိန်းမလိုက်မည်။ လူသိတာ မသိတာ သိပ်ဂရုမစိုက်။ ကိုယ်ရှာပြီး ကိုယ်ဖြုံးတာ ဘယ်သူ့ ထိခိုက်မှာလိုက်လို့။

"အေမီသင်းနဲ့ မတွေ့တော့ တခြား ကြားကားကလေးဘာလေး ဖြတ်ခုတ်နေသလားဟင်"

"တော်ပါကွာ။ ဒီကိစ္စတွေကို မင်းတစ်ယောက်တည်းပဲ သိတာပါ။ သူများအမြင်မှာ ငါဟာ ဘုန်းကြီး လောက်ကို အာသဝေါကင်းတာ။ အခြောက်ထင်ချင် ထင်ကြဦးမှာ"

"မင်း နေနိုင်တယ်နော်။ ငါ စဉ်းစားလို့မရဘူး။ ငါဖြင့် အဲဒီကိစ္စ မနီးနှောရရင် သွေးကဆူ၊ စိတ်ကတို"

"မင်းနဲ့ ဒီဂရီချင်းကွာလို့ ဖြစ်မှာပေါ့"

"တက်စထရွန် ထိုးမလား။ ငါ့ဆရာဝန်ဆီလိုက်ခဲ့ပြီး ဆွေးနွေးရအောင်"

"ဟော့.. အအေးပိုင်းဇုန်၊ အပူပိုင်းဇုန်၊ သမပိုင်းဇုန် ရာသီဥတုချင်း မတူတဲ့နေရာတွေမှာ နေတဲ့လူတွေ သူ့ဘာသာသူ အဆင်ပြေ အချိုးတည့်တယ်ကွ။ မင်းလောက် မထတိုင်း သေနေတယ်လို့ လုံးဝမထင်နဲ့။ သူ့ဘာသာ လိုအပ်သလို အလုပ်ဖြစ်တယ်။ တော်ပြီကွာ၊ မင်းနဲ့ ပြောရဆိုရတာ ကိုယ့်ကိုယ်ကို မသတီတော့ဘူး"

သိန်းစိုးသည် ဂီစကီကြောင့်မျက်နှာမနီပဲ ယခု သန်းကြည် တောပြောတောင်ပြောလုပ်ခါမှ ရေပ်ဆီလောင်းချသလို ရဲတွတ်ပူရှိန်းလာတော့သည်။

"အေး.. ဟုတ်ပါတယ်ကွာ။ အေမီသင်းက ပြောပါတယ်။ ရှင့်လူကြီးက ရောက်လာရင်တော့ ပြည့်စုံပါတယ်တဲ့။ နေစိမ့်တာသာ.."

"ဟာ.. ခက်တော့တာပဲ ကိုသန်းကြည်။ မင်း တခြားစကား ပြောစမ်းပါ။ ဒါမှမဟုတ် ရော့.. ကုန်အောင်သောက်၊ ပြန်မယ်"

သိန်းစိုး ဂီစကီပွဲသိမ်း လောင်းထည့်ပေးနေစဉ် သန်းကြည်က အမြည်းတစ်ဖတ် ခက်ရင်းနှင့် ထိုးယူနေသည်။

"ကောင်မလေး တော်တော်ပိန်သွားတယ်။ ဒီအလုပ် လုပ်တာ ရှိလှ သုံးနှစ်ပေါ့။ ဖောက်သည်တွေကလည်း များတော့ ရောဂါရနေပြီလား မသိဘူး။ သူကတော့ သွေးမှန်မှန်စစ်တယ်၊ ဘာပိုးမှမရှိဘူးချည်း ပြောတာပဲ"

အေမီသင်းအကြောင်း သည်အထိသိနေတော့ သူနှင့်ကင်းကွာနေသော နှစ်တွေမှာ သန်းကြည်နှင့် ကင်းမှ ကင်းပါလေစ အတွေးရောက်သည်။ သန်းကြည်က ဇိမ်နန်းတွေမှာ စိုစိုပြည်ပြည်မှန်သမျှ တစ်ယောက်မှ အလွတ်ခံတာ မဟုတ်။ ပြီးတော့လည်း သူ့ကို သစ္စာစောင့်သိနေစရာမှ မလိုကြတာပဲ။ အေမီသင်းက ကြေးစားပဲ ဥစ္စာ။

သည်အတွေးသည် ပထမအတွေးထက် သူ့ကိုပို၍ ထိုခိုက်ခံစားရစေသည်။ သူ ရောင်းသည်၊ ကိုယ် ဝယ်သည်။ ရောင်းသူဝယ်သူ အသံတူပဲ မဟုတ်ပေဘူးလား။ ကြေးစားတော့ မှန်ပါရဲ့။ ကြေးစားမှန်းလည်း သူ သိပါရဲ့။ သို့သော် ကြေးစားဆိုသော သတ်မှတ်ချက်သည် ချိုးနိမ့်ရင့်သီးလွန်းသည်ဟု သူ ယူဆအားနာလေသည်။

"မင်းညီ အငယ်ကောင်နဲ့ ဗိုလ်အောင်ကျော်လမ်းမှာ ဆုံလိုက်သေးတယ်ကွ"

"ဟန်စိုးလား"

"အေး.. အမယ်.. စပရင်တာကြီးနဲ့၊ ယောက္ခမကားပါ ပြောတာပဲ။ ကားလဲဖို့ လာကြည့်တာတဲ့"

"ကြာပြီ ထင်တယ်"

"နှစ်လသုံးလ ရှိရောပေါ့။ မပြောဘူးလား"

"ကြာကြာလည်း စကားပြောဖြစ်ကြတယ် မရှိပါဘူးကွာ။ သူ အိမ်လာရင် ငါမရှိတာ များတယ်။ ဘာဖြစ်လို့လဲ"

"ဪ.. မင်းအဘွားကြီးက မင်းကို အိမ်ထောင်ချပေးချင်နေပြီ ပြောတယ်"

သိန်းစိုး ပြုံးနေသည်။

"ကြာပါပြီ။ အငယ်တွေ လွတ်ကုန်ပြီဆိုတော့ ငါ အနစ်နာခံ ကြည့်ရှုခဲ့ရတာဆိုပြီး သိပ် နေရာချပေးချင်နေတယ်"

"တွေ့ကော တွေ့ပြီလား"

"မင်းက တွေ့သမျှမိန်းမကို ဖက်အိပ်ဖို့စဉ်းစားသလို ငါ့အမေကလည်း တွေ့သမျှအပျိုကို သားနဲ့ပေးစားဖို့ စဉ်းစားနေပုံ ရတယ်"

"ခွေးကောင်၊ ကြံကြံဖန်ဖန် နှိုင်းတတ်ပလေတယ်ကွာ"

သန်းကြည်က စားပွဲထိုးကို အချက်ပြကာ ငွေရှင်းဖို့ တောင်းဆိုသည်။

"ဘာလဲ၊ အဖွားကြီးက သူ့သားလူပျိုကြီးကို သိပ်ဟိုင်းသွားမှာ စိုးသလား၊ လူပျို အိုတယ်မရှိဘူးလို့ ပြောလိုက်ကွာ။ မိန်းမလက်ရှိတောင်မှပဲ ဟော့.. ဒီမှာ၊ ဒါသာရှိ"

သန်းကြည်က လက်ညှိုး၊ လက်မ ပိုင်းပြကာ လက်ညှိုးကွေးချည်ဆန့်ချည် ခေါ်ယူဟန် လုပ်ပြသည်။

"ရပါလိမ့်မယ်၊ ကြက်သန့်သန့်တွေ"

သန်းကြည် ပြိုင်မငြင်းဘဲ စားပွဲထိုးကို ငွေထုတ်ရှင်းသည်။ ပိုငွေ နှစ်ဆယ့်ရှစ်ကျပ်ကို ဗန်းကလေးနှင့် တင်ပြီး ပြန်ပေးတော့ လက်ဟန်ပြကာ ယူသွားစေသည်။ ဘောက်ဆူး။ သူသာဆိုလျှင် ဆယ့်ငါးကျပ်တော့ ပြန်ယူထားလိုက်မှာပဲဟု သိန်းစိုး ကြားဂင် နမြောနေသည်။

အလကား လူပျိုကြီး၊ သိပ် စေ့စပ်တယ်၊ သွား.. စသည်ဖြင့် အေမီသင်း စိတ်ကောက်တတ်တာ သတိရပြန်သည်။ အတော်တွက်ချက်ပြီး အကုန်ခံထားရတာမို့ အပိုဘောက်ဆူးတွေ၊ မုန့်ဖိုးတွေ သူ စိစစ်တွန့်ဆုတ်မြဲ ဖြစ်လေသည်။ ကိုကို မျှတပါတယ်ကွာဟု သူက အေးစက်စက်နှင့် တင်းခံနေမြဲပင်တည်း။ သမ္မာအာဇီဝ မျှမျှတတ ရှာဖွေထားရလေတော့ ပိုးခနဲပက်ခနဲ ဖြန့်ကျဲမပစ်နိုင်တာ ခွင့်လွှတ် အေမီ။

"အမေက ကြောင့်ကြတာပါ။ ငါ့ဘာသာ တူ၊ တူမတွေနဲ့ စိတ်ချမ်းသာနေပါတယ်"

"အဖော်ရှိစေချင်မှာပေ့ါကွ။ ဆိုးတိုင်ပင် ကောင်းတိုင်ပင်"

"သူ့နေရာနဲ့သူ လိုအပ်သလို ရှိကြပါတယ်ကွ"

သန်းကြည်ကို အနိုင်ငြင်းပြီး တင်းနိုင်ပြတ်နိုင်စေကာမူ မိခင်ကြီးနှင့်ကျတော့ သိန်းစိုး အရှုံးပေးရမလို ဖြစ်နေသည်။ သိန်းစိုးကို အိမ်ထောင်ချရေးပြဿနာသည် ဒေါ်ယုအတွက် အဓိကအရေး ဖြစ်ပေသည်။

သန်းကြည်နှင့် လမ်းခွဲပြီး အလုံဘက်ပြန်လာစဉ် အေမီသင်းနှင့် ပြန်ချိတ်ရလျှင် ကောင်းမလား စဉ်းစားသည်။ ကင်းကွာနေသော ကြားကာလမှာ အေမီတစ်ယောက် ရောဂါဘယ ကင်းရှင်းနေပါ့မလား စဉ်းစားရသေး၏။ အေမီသင်းထက် ငယ်တာ၊ သန့်တာကလေးပဲ ရှာလျှင် ကောင်းမလားဟု တွေးဝေပြန်သည်။ သို့တစေ

အေမီနှင့်တွေ့ပြီး သည်မှာဘက်ပိုင်းတွင် အဲသည်လောကနှင့် ပိုပြီး ကင်းရှင်းသည်။ တခြားအဆက်အသွယ်လည်း ရှာမနေချင်။ မာမီကြွယ့်အိမ် သွားလိုက်သည်နှင့် အေမီလားဟေ့ဟု အဆင်သင့် စီစဉ်ပေးပြီးသား။

ဒါတွေဟာ တစ်ယောက်တည်းကားမောင်းနေရင်း ခေတ္တခဏ စိတ်လေလွင့်ခြင်းသာ ဖြစ်လေသည်။

သိန်းစိုးတို့နေအိမ်သည် သီတာရှပ်ရှင်ရုံနှင့် အလှမ်းမဝေးလှ။ လမ်းမအတိုင်း မောင်းလာပြီး လမ်းသွယ်ထဲသို့ လက်ယာကပ် ချိုးကွေ့ဝင်လိုက်လျှင် ခုနစ်အိမ်မြောက် ဖြစ်သည်။ ဖျက်ရရွှေ့ရသော ရပ်ကွက်တွေထဲ ပါမသွားဘဲ ခြံဝင်းကိုယ်စီ သတ်သတ်မှတ်မှတ် ရှိနေရစ်ဆဲ ဖြစ်သည်။ သူတို့ခြံမြေသည် ဖခင်ကြီး ဆုံးသွားပြီးနောက် ခွဲခြမ်း စိတ်ဖြာ ရောင်းချလိုက်သည်မှာ ယခုအခါ အိမ်နှင့်မြေ လှုပ်သာလှည့်သာလေးပဲ ရှိနေတော့၏။ ဝင်းတံခါး ဆင်းဖွင့် လိုက်ပြီး ကားကို အိမ်နံဘေးကပ်လျက် ဂိုထောင်ထဲသို့ မောင်းသွင်းရုံသာပါပဲ။

ညဆယ်နာရီမတိုင်မီ အိမ်အရောက်ပြန်ရတာ အကျင့်ပါနေပြီမို့ ယခုလည်း သူ တကူးတက အနစ်နာ မခံရပါ။ ထိုမျှမက သူ့တူတော်မောင်ကို ထမင်းစားမစောင့်ဖို့ မှာထားခဲ့စေကာမူ ဗီဒီယိုဂိမ်း ကစားကြဖို့ သူကိုယ်တိုင်က စိတ်ပါလက်ပါ အိမ်ရောက်ချင်နေသည်။

ကားသံကြား၍ အိမ်ဘေးတံခါးဖွင့်ပေးသော ဒေါ်ယုသည် သားဖြစ်သူ မမူးမရှူး ဟန်မပျက်ပြန်လာမြဲ တွေ့ရမှ စိတ်အေးသွားဟန် အိမ်ထဲလှည့်ဝင်နှင့်သည်။

သိန်းစိုးက အိမ်တံခါးပြန်ပိတ်ရင်း တူတော်မောင် တေဇာ၏ အရိပ်အရောင်ကို မျက်လုံးဝေ့ဂဲ ရှာဖွေသည်။

"အိပ်ပြီကွယ့်၊ ဘဘကြီးလည်း မလာသေးဘူး။ ရည်းစားနဲ့ လျှောက်လည်နေလား မသိဘူးတဲ့။ ဘယ်က တတ်လာတယ်မသိ ရွှတ်မြည်နေတာ။ ခဏအိပ်ဦးမယ်ဆိုပြီး သူ့ဘာသာ ခုတင်ပေါ် ရောက်သွားတာပဲ"

သိန်းစိုး သဘောကျစွာ ရယ်နေသည်။

"ဘယ်ကတတ်ရမလဲ အမေရာ။ အမေ့သမီး ဖြစ်မှာပေါ့။ ကလေးကို ပေါက်တတ်ကရ သိပ်သင်တာပဲ။ တစ်နေ့ကလည်း ဗယာကြော်သည် ကုလားမကြီးကို အဆစ်တောင်းပုံက ကျွန်တော့်ဘဘကြီးနဲ့ ပေးစားမယ်နော် တဲ့။ အဘွားကြီး ရယ်လိုက်တာ။ မင်းတူတော့ကွယ် ကောင်မလေးတွေကို သွားပြောမှဖြင့် အခက်တဲ့"

အမေသည် အပေါ်ထပ် ပြန်တက်မသွားသေးဘဲ ထမင်းစားခန်း ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်သည်။

"ဦးတင်မောင် အခြေအနေ မကောင်းဘူးကွယ်"

"သတိမရဘူးလား"

"မောနေရာက အခု ချွဲသံတဟဲဟဲနဲ့ အမောဖေါက်နေပြီ။ နေ့ကူးမယ် မထင်ပါဘူး"

"ဒေါ်ခင်ပိုင်း သွားစောင့်နေသလား"

"အေးကွယ့်၊ သားအမိနှစ်ယောက်စလုံးပေါ့။ အိမ်ကို သူ့တူလင်မယား လာစောင့်ပေးနေတယ်။ မင့်နမ အငယ်တွေလည်း မြင့်မြင့်ချိုနဲ့ အဖော်ရအောင် လိုက်သွားလေရဲ့"

ဦးတင်မောင်သည် ပင်စင်စား အထက်တန်းကျောင်းအုပ်ဆရာကြီး ဖြစ်ပြီး ဆံပင်ဖြူဖြူ၊ မျက်မှန်ထူထူ၊ ဗိုက်ပူပူရွှဲရွှဲနှင့် သီးသီးခြားခြား တည်တည်ခံ့ခံ့ကြီး နေတတ်သလောက် ဇနီးသည် ဒေါ်ခင်ပိုင်းက ရယ်ရယ်ရွှင်ရွှင် ဖော်ဖော်ရွေရွေ ဆက်ဆံဟင်ဆံ့လေ၏။

ပင်စင်မယူခင်ကလေးကမှ သိန်းစိုးတို့ ခွဲရောင်းသော မြေကွက်ကို ဝယ်ယူအခြေချလာကြသည်။ ကျောင်းဆရာပီပီ ခြစ်ခြစ်ကုတ်ကုတ် စုဆောင်းငွေကလေးနှင့် သုံးပင်နှစ်ခန်း မြေစိုက်ပျဉ်ထောင်သွပ်မိုး အိမ်ကလေး ဆောက်ထားသည်။

ကုန်ဈေးနှုန်း ကြီးမြင့်လာသော ခေတ်ကြီးတွင် ဦးတင်မောင် အင်္ဂလိပ်တော်ပြီး အသင်အပြ ကောင်းသောကြောင့် သင်တန်းအဆင့်အဆင့်ခွဲပြီး ပေးဝေပို့ချရင်း မိသားစု အသက်ရှုချောင်နိုင်ကြသည်။

ပညာရှိ သတိဖြစ်ခဲ။

ဦးတင်မောင်သည် သူ့တွင် သွေးတိုးရောဂါရှိမှန်း သိပါလျက် မှန်မှန်စစ်ဆေးမှုခံယူရန် မေ့လျော့ပျက်ကွက် ခဲ့သည်။ တစ်ခါမှလည်း ဒုက္ခပေးခဲ့သည် မရှိဘဲ ဖြစ်လည်းဖြစ်၊ ကိုယ်တစ်ခြမ်းသေ၊ ပါးတွေ ပါးစပ်တွေ ရွဲ့ပြီး စကား မပြောနိုင်တော့ပဲ ဆေးရုံ အားချင်းပို့ကြရသည်။

ညဦးနက်သန်းခေါင် ထဖြစ်တာမို့ အိမ်မှာရှိနေသော သိန်းစိုးကပင် အိမ်မှကားနှင့် လိုက်ပို့ရသည်။

ယနေ့ပါဆို သုံးရက်။

ဦးနှောက်သွေးကြောပြတ်သည်ဟု ဆရာဝန်တွေက ပြောသည်။ ဖြစ်စက သတိရှိသေးလျက် မျက်ရည်တွေ ကျသည်။ တစ်စစ သတိလစ် မိန်းမောသွားလိုက်သည်မှာ မျှော်လင့်ချက်မရှိတော့သလောက် ဖြစ်သွားပြီပဲ။

"ကျွန်တော် သွားလိုက်ဦးမှ ထင်တယ်"

"သား.. အိပ်လိုက်ဦးလေ၊ ကိစ္စဖြစ်လာရင် သားပဲ ဦးဆောင်ဦးရွက် စီစဉ်ရ ပြေးလွှားရဦးမှာ မဟုတ်လား။ နားလို့ရတုန်း နားထားလိုက်"

"သားအမိ အားငယ်နေမှာ စိုးလို့ပါ"

သိန်းစိုးက စေတနာအရင်းခံနှင့် ပူပန်လိုက်တာပါပဲ။ အိမ်နီးနားချင်းတွေ၏ သာရေးနာရေးဆို သူ မပါမပြီး ဖြစ်လျက် ထန်းပင်တတ်ကောင်းသောလက်မှတ် ရထားလိုက်သည်မှ လူပျိုကြီးသက်တမ်း တစ်လျှောက်လုံးပဲ မဟုတ်ပေဘူးလား။

"အေးကွယ်၊ ကိုတင်မောင်တော့ မြင့်မြင့်ချိုကလေးအတွက် နောက်ဆံတင်းနေရှာမှာပဲ။ အမေ သနားတယ် ကွယ်"

မြင့်မြင့်ချိုကလေးက အငယ်မ ခင်ငယ်ထွေးနှင့် နို့ညှာမ ခင်မြဆွေကြား တစ်နှစ်လောက်ပဲ ကွာဟသည်။

အဖေလောက်လည်း မတည်၊ အမေလောက်လည်း မသွက်ဘဲ ထက်ထက်မြက်မြက် ချက်ချက်ချာချာ ကလေး ဖြစ်သည်။ ခင်ငယ်ထွေးနှင့်မခြား သူ့လက်ပေါ် ကြီးလာသည်ဆိုလည်း မမှား။

ဟော.. အခု သူ့တူနှင့်တူမကို တစ်ဖန် မြင့်မြင့်ချိုက စေတနာ့ဂုန်ထမ်း ကျူရှင်ပေးနေပြန်သည်။ လခမယူတာ မို့ ညီမတွေအတွက် ဘာပဲဖြစ်ဖြစ် မြင့်မြင့်ချိုအတွက်လည်း အမှတ်တရ ပါလာရမြဲ ဖြစ်သည်။

သူ သဘောရိုးသားကြောင်း သေချာပါသည်။

အခု ဒေါ်ယု၏အကြည့်တွင် တစ်စုံတစ်ခုသော ထူးခြားမှုတွေ ပါဝင်နေတာ ဘာအဓိပ္ပါယ်ပါလိမ့်။

"မြင့်မြင့်ချိုကလေးက အသက်နှစ်ဆယ်၊ စတုတ္ထနှစ်လည်း ရောက်နေပါပြီ။ အိမ်ထောင်မှု ကိစ္စအားလုံး မခင်ပိုင်း လွှဲထားနိုင်တာကွယ့်"

အမေနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်ထိုင်ရင်း သိန်းစိုးက ပြုံးတူးကြောင်တောင် ကြည့်မိသည်။

"ဦးတင်မောင် ဘာလို့ နောက်ဆံတင်းမှာလဲ အမေရဲ့။ အမေ ပြောသလိုပဲ ကောင်မလေးက လိမ္မာရေးချား ရှိသားပဲ ဥစ္စာ။ အရင် ရောက်တဲ့လူ အရင်ခွဲသွားရမှာကတော့ သင်္ခါရတရားတွေပဲ အမေရာ"

"ဒါပေမယ့် သားရယ်၊ မြင့်မြင့်ချိုကလေးက ရုပ်ရည်ကလေးက သနားကမား၊ ချစ်မွေးရှိတယ် သားရဲ့။ ဟိုကဒီက မျက်စိကျတော့ စိတ်ပူပန်ရာပေမှာပေါ့"

သိန်းစိုး မျက်လုံးပိတ်အောင်၊ ဖက်လန်အောင် ခွက်ထိုးခွက်လန် ရယ်တော့သည်။

"ကြိုက်တဲ့သူရှိတော့ စွံသွားရင် အားကိုးမရပေဘူးလားဗျာ။ နှစ်ဆယ်ဆိုတာ ငယ်လှတာမှ မဟုတ်ဘဲ။ ဘွဲ့ရရင် သင့်တော်တဲ့လူနဲ့ အိမ်ထောင်ရက်သား ချပေးလိုက် ပြီးတာပဲ"

ဒေါ်ယု ပြုံးသည်။ သူမလိုချင်သော အကွက်ထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်လာသော သိန်းစိုး၏စကားကို သူမ ဝမ်းပန်းတသာ ကြိုဆိုလေသည်။

"သင့်တော်တဲ့လူတွေရင် ကောင်းတာပေါ့။ ခုခေတ်ကြီးက အပေါ်ယံ ကလိမ်ကကျစ်တွေ များဘိသနဲ့။ မဟုတ်တာနဲ့တိုးရင် ကိုယ်ကျိုးနည်းပါရော"

သိန်းစိုးသည် သူ့နှမတွေအတွက် အဲသည်လိုပဲ သူ စိတ်ပူကြောင့်ကြနေကျမို့ အမေ့ကို လွန်သည် မဆိုသာပေ။

"သားတစ်ယောက်တည်း အငယ်တွေအတွက် အနစ်နာခံပြီး နေလာတာတွေကို အမေ သနားတယ်။ မခင်ပိုင်းတို့ကလည်း မြင့်မြင့်ချိုကလေးကို အားကိုးရမယ့်သူလက်ထဲ စိတ်ချလက်ချ အပ်ချင်တယ်။ အမေချင်း စကားညှိနေကြတာတော့ ကြာပါပြီလေ။ ကိုတင်မောင် ရုတ်တရက်ဖြစ်လိမ့်မယ် မထင်ကြတော့ရင် မြင့်မြင့်ချိုလေး ကျောင်းပြီးမှပဲ..."

"ဗျာ.. ဗျာ.. အမေပြောတာ ကျွန်တော် နားမလည်ဘူး။ ကျွန်တော်က ဘာအနစ်နာခံနေလို့လဲ။ ပြီးတော့ ကျွန်တော်နဲ့ ကောင်မလေးနဲ့ ဘာဆိုင်လို့လဲ အမေရ"

ဒေါ်ယုက ဆေးပေါ့လိပ်ကလေးဖွာပြီး ခေါင်းကလေး တညိတ်ညိတ် ပြုံးသည်။

"ဆိုင်ပါသကော သားရယ်၊ အမေတို့ဟာ နှစ်အိမ်ထောင် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ နေလာကြတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိပ်ထဲဖိတ်မှ ကောင်းမယ်ဆိုပြီး သားနဲ့ မြင့်မြင့်ချိုကလေးကို သဘောကျတယ် သားရဲ့"

အမေ့အမူမရာ ထူးခြားပါသည် သူ ရိပ်မိသော်လည်း သည်ကိစ္စတော့ ယောင်မှားပြီးတောင် မတွေးထင်ခဲ့။

ခုတော့ သူ့မှာ မျက်နှာတွေပူပူနှင့် ဘယ်ဘက် ဘက်လို လှည့်ဂုတ်ရမှန်းမသိအောင်ကျွန်ဖြမရ ယောက်ယက်ခတ်သွားသည်။

"ဟာ.. အမေတို့ကဗျာ။ တောက်တီးတောက်တဲ့၊ ဒီအရွယ်ကလေးနဲ့ ကျွန်တော်နဲ့။ ပြီးတော့ ငယ်ငယ်ကတည်းက ကျွန်တော် ချီပိုးထိန်းကျောင်းလာတာ။ ဟာ.. ကြံကြီးစည်ရာတွေဗျာ"

ဒေါ်ယု ရယ်မောသောအလှည့် ဖြစ်နေတော့သည်။

"သားပဲ ခုတွင်ကပြောတော့ နှစ်ဆယ်ဆိုတာ ငယ်လှတာမှ မဟုတ်ဘဲဆို"

"ဟာ.. သူ့ဘာသာသူတော့ ဟုတ်တာပေါ့ဗျာ။ ကျွန်တော့်အရွယ်ကြီးနဲ့"

"ယောကျ်ား မောင်ပဥ္စင်း၊ မိန်းမ ပုခက်တွင်း ဆိုရိုးရှိတယ် သားရဲ့။ အမေက အဲဒီအထိလည်း ကွာတာမကြိုက်ပါဘူး။ အကြိုက်ချင်း၊ အတွေးအခေါ်ချင်း ကွာဟပြီး အဆင်မပြေ ဖြစ်တတ်တယ်။ အခုဟာက သားကလည်း သုံးဆယ်တောင် ရှိသေးတယ် မထင်ရပါဘူး။ ပျော်ပျော်ပါးပါး လူငယ်လိုလည်း နေတတ်ပါတယ်။ မြင့်မြင့်ချိုကျပြန်တော့ အသက်ထက်ပိုပြီးတောင် တည်တည်ငြိမ်ငြိမ် ရှိပြန်ရော။ အသက်ဆယ့်လေးနှစ်ကွာတယ်လို့ ထင်စရာမရှိအောင်ပဲ"

"ဟာ.. ဒါပေမယ့် ကွာတော့ကွာတာ အမှန်ပဲ။ ပြီးတော့လည်း ကိုယ့်နှမလေးလိုဟာ"

ဒေါ်ယု ရယ်ချင်စိတ်တွေ အလိပ်လိပ်တက်နေသည်ကို ကြိုးစားထိမ်းသိမ်းနေရသည်။

"တဟာဟာနဲ့ ဒီလောက်လည်း ခေါင်းရှုပ်မနေပါနဲ့ သားရယ်။ အေးအေးဆေးဆေး စဉ်းစားဦးပေါ့။ ဒါမျိုးက အလွယ်ဆုံးဖြတ်လို့ရတာ မဟုတ်ဘူးလေ"

"အလွယ်လည်းမဖြစ်၊ အခက်လဲမဖြစ်၊ မဖြစ်နိုင်တာချည်းကို အမေတို့မို့ စိတ်ကူးတတ်ပါပေရဲ့။ ဟူး.."

သိန်းစိုး ခေါင်းတခါခါနှင့် တမင်းစားခန်းမှသည် ရေချိုးခန်းဘက်ဆီသို့အသွား တံခါးအောက်ခြေကိုပင် ခလုပ်တိုက်ကာ လဲတော့မလို ဟပ်ထိုးဖြစ်သွားသည်။

ဒေါ်ယုက သောက်ပလုပ်တုတ်ဟု အထိတ်တလန့် ယောင်ယမ်းရွတ်ဆိုမိသည်တွင် သိန်းစိုးသည် ပို၍ မြန်မြန်ဆန်ဆန် သုတ်ခြေတင်ကာ ရေချိုးသန့်စင်ခန်းတံခါးကို ဒုန်းကနဲ အသံမြည်အောင် အယောင်ယောင်အမှားမှား တွန်းပိတ်သွားတော့၏။

သား လူပျိုကြီး၏အဖြစ်ကို ဒေါ်ယု တစိမ့်စိမ့်ပြုံးရင်း နေရာမှထကာ ဧည့်ခန်းတံခါးတွေ၊ ပြတင်းတွေဘက် ပေ့ဂဲစစ်ဆေးကြည့်ပြီးမှ လှေကားအတိုင်း အပေါ်ထပ်သို့ တက်သွားတော့၏။

ထိုညအဖို့ သိန်းစိုး အိပ်ကောင်းခြင်း မအိပ်ရတော့။ မြင့်မြင့်ချိုကလေး၏ မျက်နှာကို မြင်ယောင်လာလိုက်၊ ဖွတ်မိုန်ငြင်းဆန် ဖျောက်ဖျက်လိုက်၊ တအောင့်နေ အမေ့အစီအစဉ်တွေ ကြားယောင်လာလိုက်၊ ဖွတ်မိုတ်ခေါင်းခါ ငြင်းပယ်လိုက်။ အေမီသင်းကို အစားထိုးကြည့်သည်။ ဒါတော့ မတူနိုင်ပါ။ အေမီသင်းက ဟိုသင်း ကြေးစား။ အားနာပါရဲ့။ ဒါပေမယ့် အဲဒါ အမှန်တရားပဲ။ သည်တော့ကာ မနိုင်းကောင်းမနိုင်းအပ်တာ။ မြင့်မြင့်ချိုအပေါ် စော်ကားမိသလို စိတ်မကောင်းပင် ဖြစ်မိသေးတော့သည်။

ဟင်.. ငါဟာ မြင့်မြင့်ချိုအပေါ် နေ့ချင်းညချင်း စိတ်တွေ ပြောင်းလဲဖောက်ပြန်လာပြီလား။ မဟုတ်နိုင်ပါဘူး။ စိတ်တခု ရုပ်ကိုးဆယ်။ တယ်ပြီး အမျိုးမျိုး ထွေပြားတတ်တာပဲ။

သိန်းစိုးက ညအိပ်ရာမဝင်မီ ပဌန်းပုတီးကို အနည်းဆုံး သုံးပတ်ရအောင် စိပ်နေကျ။ သည်တစ်ခါတော့ အာရုံမရလွန်းသည့်အတူတူ ပောတုပစ္စယောကို တစ်ခေါက်နှင့် မြန်မြန်ဖြတ်လိုက်ရသည်။ ပုဆိန်ပေါက် ဦးချပြီး သကာလ စောင်ခေါင်းမြီးခြုံကွေးကာ မျက်လုံးကလေးနှင့် နှာခေါင်းကလေးပဲ ဖော်ထားသည်။

နံဘေးတွင် ပိုးလိုးပက်လက် အိပ်ပျော်နေသော တူကလေးကို ကြည့်ရင်း မမြင်နိုင်အောင်အထိ ဦးနောက်တွေ ဆူဝေနေလိုက်ပုံများ သိန်းစိုးမှာ မိမိကိုယ်ကိုမိမိပင် ရက်နိုးမိရတော့၏။

* * * * * *

# ယိုယွင်းနောက်ဆုံး ရှိပေလိမ့်

ဆီးကျင်သည်။ ညောင်းကျသည်။ ဆီးကျင်လိုက်သမှ တစ်စက်လောက်ထွက်ဖို့အရေး အေမီသင်း မျက်ရည်တောက်တောက် ကျလေသည်။

"မဂိုလမ်း သွားလေ။ ဆရာလော တစ်ခါထိုးပါပဲအေ့" ဟု မာမီကြွယ်က ဖဲဝိုင်းမှ ခဏတဖြုတ်ထလာပြီး ညွှန်ကြားသည်။

"ဆီးချည်းပဲ သွားချင်နေတာ မာမီကြွယ်ရဲ့။ ထိုးထိုးပြီးလည်း အောင့်တယ်။ ဆီးချုပ်လိုက်ရင် နေသာသွားမလား မသိဘူး"

မာမီကြွယ်သည် အိမ်နေအခြယ်အသမျှသာရှိသေးသော ဆေးနီထူပိန်းပိန်းနှုတ်ခမ်းကို မဲ့ရွဲ့ကာ ဖိုင့်အိတွဲရွဲသော ပေါင်လည်ရောက်နေသည့် တင်ပါးဆုံကြီး တယမ်းယမ်းနှင့် လှည့်ထွက်သွားသည်။

"ဆီးသွားချင်နေတာ ဆီးများလို့မဟုတ်ဘူးလို့ အရင်တခါ ညည်းကို ဆရာလောက ပြောသားပဲ။ ညည်းရဲ့ ဆီးပြွန်ရောင်နေလို့ပါ ဆိုတာ။ ဆေးသွားထိုးစမ်းပါအေ"

"မဂိုလမ်းထဲအထိ ဘတ်စ်နဲ့ မသွားနိုင်ဘူး မာမီကြွယ်ရဲ့။ အေမီ အရမ်း ဆီးထိုးပြီးအောင့်တယ်"

"ကားငှားသွားစရာရှိရင် ငှားသွားပေါ့။ ကျုပ်တော့ ငွေမျှော်ဖဲနဲ့ချူတာ ဒီမနက်ခင်းတွင် သုံးထောင် အကြွေး ထပ်တင်နေပြီ"

အေမီသင်းသည် အိမ်သာရေချိုးခန်း တွဲထားသည့် အခန်းအုတ်နံရံ အပြင်ဘက် တံခါးဘေးတွင် ခွေးခြေ ဆွဲပြီး ငုတ်တုတ်ထိုင်နေသည်။ လက်နှစ်ဖက်ကို ဆီးခုံပေါ် အသာမှေးတင်ကာ ရှုံ့ရှုံ့မဲ့မဲ့ မှိုင်ခန်း ဖွင့်နေသည်။

သည်အလုပ်နှင့် ဂင်ငွေလမ်းဖြောင့်တာ မှန်ပါရဲ့။ တစ်လတစ်လ အေမီအတွက် မကျန်ဘူးဆို ရှစ်ထောင် တစ်သောင်း ပြေးမလွတ်ခဲ့။ အမေတို့ကို တစ်လလျှင် တစ်ထောင်မျိုး၊ သုံးထောင်မျိုး ပေးကမ်းထောက်ပံ့နိုင်တာ လည်း မဆိုးလှ။ အေမီ ငယ်သူငယ်ချင်းတွေထဲမှာ ဘယ်သူက အေမီလောက် အိမ်ကို ပြန်ထောက်နိုင်တာ မို့လဲ။

ခက်တာက အေမီသင်းနှင့် အကြွေး ဘယ်လိုမှ မကင်းနိုင်။ အလှအပပစ္စည်း လာပြသူတွေကို မာမီကြွယ် ဆက်သွယ်ထားသည်မှာ သုံးလေးယောက်ထက်မနည်း။ တစ်ယောက်တစ်ခေါက် လာလိုက်လျှင် တစ်လလောက် ဂင်ထားသမျှ တက်တက်စင်ပြောင်ရုံမက ကြွေးက ထောင်သောင်းနှင့်ချီ၍ တင်ပြန်သည်။

မာမီကြွယ်ထံမှ ငွေနည်းနည်းတောင်းမိလျှင် ညည်းတွားသံ၊ ဆူပွက်သံ၊ ရွက်ဖက်သရဖျာယ်သံတွေဟာ အေမီသင်း ထမသွားမချင်း မရပ်မနားတော့။ ဒါဟာ အေမီသင်းတစ်ယောက်သာမက တစ်အုပ်စုလုံး အပေါ်မှာ တပြေးညီ ဆက်ဆံမှုပဲ ဖြစ်သည်။ သီးသီးခြားခြား မတရားလုပ်မနေဘဲ အားလုံးကိုပဲ အညီအမျှ ခေါင်းပုံဖြတ် လေသည်။

"ငါယူတာချည်း ကြည့်မနေကြနဲ့လေ။ သည်လို အိမ်ခြေယာခြေ အခြေတကျနဲ့ ညည်းတို့ ခဲပေါက် မခံရအောင် ငါ စိုက်ထုတ်ထားရတာ။ ပေါင်းသင်းထားရတာ"

အရင်ရပ်ကွက်တုန်းက အဆင်မပြေတော့ တက်ဖမ်းလိုက်သည်မှာ မာမီကြွယ်နှင့် အပေါင်းအပါတစ်စု ဖဲဝိုင်းတွင် လက်ပူးလက်ကြပ် ဖမ်းမိပြီး မာမီကြွယ်ကိုယ်တိုင် အချုပ်ထဲ ရမန်ကြီးတစ်ပတ် ကျသွားသည်။ ကုန်လိုက်သမှ သောက်သောက်လဲ။ မာမီကြွယ်လည်ပင်းမှ သုံးဘတ်ကြိုးကြီးပင်လျှင် တစ်ရပ်ကွက်ပြောင်းပြီးချိန်တွင် ရွှေရည်စိမ် အုန်းဆံကြိုး တဖြစ်လဲသွားခဲ့လေသည်။

လွန်ခဲ့သော လေးငါးနှစ်တုံးက အေမီကို သမီး၊ သမီးနှင့် ဖူးဖူးမှုတ်ခဲ့သလို ယခုလည်း အသစ်ကလေး နနုထွတ်ထွတ်ကလေး နှစ်ယောက် ရထားတာ မာမီကြွယ် အရေးသယ်နေပြန်ပါပြီ။ ဆွိရေ၊ ယမင်းရေနှင့်။

အေမီကို လပေးအော်ဒါငှားထားသူ မရှိ။ ကြုံသလိုခေါ်တတ်သော ဖောက်သည်တွေ နည်းပါးသွားသလို ကြေးလည်း ကျလာခဲ့လေပြီ။

ခုတလော ဂနိကြောင့် ဆီးလမ်းကြောင်းရောင်လိုက်၊ ဆေးကုလိုက် ပျောက်လိုက်နှင့် အကင်းမသေနိုင်လိုက်သည်မှာ အေမီ အမြတ်တနိုး စုဆောင်းဂယ်ယူထားသော ယိုးဒယားဘတ်ဂတ် လက်စွပ်ငါးကွင်းဆင့်ပင် မဂိုလမ်း ရွှေကျိုတွေထံ ရောက်ရှိသွားခဲ့ပြီ။ ကျိုလိုက်ပြီလား၊ အရောင်တင်ပြီး ရွှေဆိုင်ပေါ် ခင်းကြင်းပြသထားပြီလား။

သည်ကြားထဲ အဖေက လက်သမား။ လွှဆွဲရင်း သူ့ခြေထောက် သူ ထိရှမိပြီး ဆေးရုံတင်ထားရသေးသည်။ လာခဲ့ နောက်ထပ်ကြွေး ထောင့်လေးရာ။

ဆီးသွားချင်ပြန်လာသည်။

အိမ်သာထဲဝင်ပြီး ကမုတ်ပေါ်ထိုင်ပြန်လည်း ထွက်တာလည်း မဟုတ်။ ဒုက္ခပါပဲ။ ပင်နီဆလင်လည်း မတိုး၊ တာရာမိုင်စင်လည်း မတိုး။

ရှန်ကာဖြစ်တုန်းက ပင်နီဆလင်အဆီထိုးပြီး ကောင်းသွားသည်။ တစ်ခါ တစ်ကိုယ်လုံး အသားတွေ အနီဖု ထွက်သဖြင့် သွေးစစ်သောအခါ အဲဒါလည်း ဆစ်ဖလစ်ပဲဟု ပြောသည်။ ထိုးဦးဟဲ့ ပင်နီဆလင်။

အစိုးရဖွင့်ထားသော ကျမ်းမာရေးဝန်ကြီးဌာန လက်အောက် ကာလသားရောဂါကုဌာနသို့ သွားရ ကောင်းမလား စဉ်းစားရမည့်အချိန် ရောက်နေပါပြီ။

ဆရာလောကို အေမီတို့က ဒေါက်တာလောဘဟု ကွယ်ရာတွင် နာမည်တပ်ထားကြသည်။ တစ်ချီ သွားပြလျှင် သုံးရာအောက် တစ်ခါမှ မလျော့။

"မချော နော့ထရီဘင်စင် ထိုးရတော့မယ် ထင်တယ်။ တစ်လုံးရှစ်ရာတော့ ကျမှာပဲ။ တစ်ခါထိုး နှစ်ပတ်နား၊ နောက် တစ်ခါနား၊ နောက် တစ်ခါထိုး၊ ထရီဘင်စင်မှမရရင် ကိုယ်လည်း မကုတတ်တော့ဘူး"

တရုတ်မဆို မာမီကြွယ်ထံမှ အလုပ်ထွက်သွားခဲ့သည်မှာ ကြာလှခဲ့ပြီဖြစ်ပြီး အဆီအသားခြောက်ခန်းပြီ။ အင်မတန် အလျင်စလို ဖျတ်လတ်နေသူတွေလောက်နှင့်ပဲ အလုပ်ဖြစ်ပြီးရော ခေါ်သွားလေ့ရှိတော့သည်တဲ့။ ဈေးကလည်း ကျသွားလိုက်တာ တစ်နေ့လုံး တစ်အုပ်လုံးကိုမှ သုံးလေးငါးရာ။ ဟွန်း..။

အေမီကကော။

သုံးလခံဆေးတွေထိုးရင်း အဆီတွေက မလိုရောလိုရော အစ်ထွက်လာသည်။ နဂို ဖြူဖြူသွယ်သွယ် ကလေးဟာ ခုတော့ဖြင့် ဘဲဥပေါ့။ အဖြစ်ဆိုးတာက ပါးတွေဖေါင်းလာပြီး မေးနှစ်ဆင့် ဖြစ်လာသည်။ တစ်နေ့က လိုင်းကားပေါ်တွင် အဒေါ်ကြီး သည်ထက်နည်းနည်းကျုံ့ထားလို့ မရတော့ဘူးလားဟု စပယ်ယာက နောက်ထပ် ခရီးသည်ထိုင်ရအောင် ရွှေ့ခိုင်းသည်။ ဒေါသဖြစ်ဖြစ်နှင့် ရုန့်ရင်းစွာ ဆဲရေးပစ်လိုက်မိသည်။ ကြည့်ပါဦးတော်.. အဒေါ်ကြီးတဲ့။ ကာလနာတိုက်နယ်။

ခက်တာပဲ။ အဂတ်ဖိုးလည်း မလျော့နိုင်။ အစားဖိုးလည်း မလျော့နိုင်။ အစိတ်မပြည့်သေးခင် သွေးတိုး ရှိပြန်သည်။ ကျောက်ကပ်မကောင်းလို့ဖြစ်မယ်ဟု ဒေါက်တာလောက ခန့်မှန်း၏။

သည်အလုပ် လုပ်စားလာတာ ရှိလှ ငါးနှစ်ခြောက်နှစ်။ အေမီ ဤမျှဂဖိုင့်ပြီး အဆီတွဲလာရမလား။ ဆစ်ဖလစ်ရော၊ ဂနိုရော ကာလသားရောဂါ စုံတကာစေ့ရတော့မလား။

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း လှည့်ပတ်ပြောင်းရွှေ့ပြီး အသစ်ကလေးလုပ်လာတာ ကြာတော့ ပုံပန်းကြည့်ပြီး ဘယ်သူကမှ မယုံကြည်ချင်တော့။

မာမီကြွယ် လူလျှော့ချင်သည့်စာရင်းထဲမှာ အေမီလည်း ပါလာပြီဟု သိရသည်။

ဆီးတိုးသဖြင့် သဲ့သဲ့ညည်းရင်း မည်သူကများ သူမကို အရေးတယူ ဂရုပြုမိမှာပါလိမ့်နှင့် ဘေးဘီ စောင်းငဲ့ကြည့်မိသည်။ သည်တော့မှလည်း မီးဖိုဆောင်တံခါးဂမှ ကိုယ်တစ်ခြမ်း အိမ်ပြင်ထွက်ပြီး အိမ်နောက် ခြံစည်းရိုး အပြင်သို့ ထမင်းချက်၊ လျှော်ဖွတ်၊ မီးပူတိုက် ဥသုံလုပ်သော ဒေါ်တင်ညွန့်ကြီးကို အေမီ သတိ ထားမိ၏။

တစ်စုံတစ်ရာကို သူမ အလိုမကျစွာ ရွတ်မည်နေလေသည်။ အေမီသင်း နားစွင့်ကြည့်မိသည်။

"ကျောင်းအပ်တာကပဲ ညည်းတို့သုံးယောက် ငါးရာကျော်သွားပြီ။ အလှူငါးဆယ်စီဆိုတော့ တစ်ရာ့ငါးဆယ်။ အဲဒါကလေး ဆိုင်းထားပါပြောတာ မရဘူး။ ရှိတဲ့လူက လှူနိုင်တာပေါ့။ ဒီမှာ ရှေ့တစ်လခ ကြိုယူထားတာတောင် မလောက်ငှ ဖင်ပြဲနေပြီ"

"မီးလည်း ပြောတာပဲ။ ဆရာမက စာအုပ်တွေရောက်ရင် မရဘဲ နောက်ကျနေမှာစိုးလို့တဲ့။ အခုတောင် နှစ်ဆယ့်နှစ်ကျပ် လိုနေတာ ဆရာမ စိုက်ပေးထားတာ"

"နင့်ဆရာမက ဘယ်နှစ်ရက် စိုက်မှာမို့လဲ"

"ဒီနေ့ခင်း ပြန်ပေးရမယ်"

"အဲဒါများ ရေးကြီးခွင်ကျယ် စကားထဲ ထည့်ပြောနေ"

အေမီသင်း ရိုးတိုးရိပ်တိပ် သဘောပေါက်လာသည်။ အပြင်မှ မမြင်ရအောင် သွပ်ဆူးကြိုးအတွင်းမှ ဂါးကပ် ကာဆီးထားသော ခြံစည်းရိုး၏ တစ်ဖက်မှ ကျောင်းစိမ်းဂတ် မိန်းကလေးတစ်ယောက်သဏ္ဌာန်ကို မှန်းဆ မြင်ယောင်သည်။

ဒေါ်တင်ညွှန့်၏ သမီးအကြီးသာ် အသက်ဆယ့်လေးငါးခြောက်နှစ် ရှိနေပါပြီ။ သည်နှစ် ကိုးတန်းတက်ရမည်ဟု ဒေါ်တင်ညွှန့် အဖန်တလဲလဲ ကြွားဝါလွန်းသောကြောင့် အေမီသင်းတို့ နားဂင်ထောင့်စွာ သတိထားမိနေသည်။

ဘာကြောင့် နားဂင်ထောင့်သလဲ ဆိုတာလဲ အေမီသင်းတို့ ကိုယ့်ဘာသာကိုယ် သိကြသေးသည်။ ကိုးတန်းမက ဆယ်တန်းပဲ အောင်အောင် အလုပ်လုပ်စားတော့ ဘယ်နှစ်ပြားရမှာမို့လဲဟု မဲ့မဲ့ရွဲ့ရွဲ့ ကဲ့ရဲ့မိကြသေးသည်။

သို့တစေ အေမီသင်းက ကိုရီလာ၊ ဆန်နီ၊ ဆလွန်းကားထည်လဲနှင့် လမ်းသွယ်မှထွက်ခွာစဉ် ဒေါ်တင်ညွှန့်၏သမီး အပါအဝင် ကျောင်းစိမ်းထဘီကလေးတွေနှင့် ကလေးမလေးတွေ ရယ်မောရွှင်ပြစွာ လမ်းလျှောက်သွားနေကြသည်ကို အပြင်မှ မမြင်သာအောင် စတစ်ကာအနက် ကပ်ထားသော ကားပြတင်းမှန်မှ မေ့မေ့လျော့လျော့ငေးမောဖူးပေါင်း မနည်းပါ။

အထူးသဖြင့် ခုလို ဂဖိုင့်အဆီပိတ်လာပြီး ကာလသားရောဂါ စွဲကပ်လာသောအချိန် ရောက်လာသောအခါ အဲသလို သန့်သန့်စင်စင် ဂုဏ်သိက္ခာရှိရှိ အလင်းရောင်ထဲမှ ထည်ဝါသော ဘဝတွေကို အားကျမက်မောလှသည်။

"ဇ" ကတော့ မပျောက်။ အဲသလို ဘဝမျိုးလည်း ရပြီး၊ အခုလို ငွေဖောဖောသီသီရလျှင် ဘယ်လောက်ကောင်းလိမ့်မလဲဟု လောဘတကြီး တွေတောမိစမြဲ။

ဒေါ်တင်ညွှန့်ကြီး၏သမီးလို ဖြစ်ချင်သလားဟု လွန်ခဲ့သော ငါးနှစ်ကများ မေးခဲ့လျှင် ဟွန်း.. အေမီသင်းခါးခါးသီးသီး ခေါင်းခါပစ်မှာပါ။ လွန်ခဲ့သော နှစ်နှစ်ကဆိုလျှင်ပင် ဒါဟာ စော်ကားနိမ့်ချသော မေးခွန်းဖြစ်သည်ဟု အေမီသင်း အံ့သြစွာ နာကြည်းခဲ့ဦးမှာ။

"ဒီအဂတ်တစ်စုံ ဖွတ်ပြီးရင် ငါ ပြန်လာခဲ့မယ်။ ဒေါ်ရှင်ဆီက တစ်ဆယ်တိုးနဲ့ ယူရမှာပေါ့။ ကဲ.. ပြန်နှင့်၊ ပြန်နှင့်။ နောက် ညည်းမလာနဲ့အေ။ အရပ်က တစ်မျိုးထင်ကုန်လိမ့်မယ်။ ကြွ၊ ကြွ"

ဒေါ်တင်ညွှန့်က နောက်ဆုံးဂါကျကို လေသံနိမ့်ပြီး တိုးတိုးပြောသည်။ သို့သော် အေမီသင်း ကြားလိုက်လေသည်။

မာမီကြွယ်က သည်အဖွားကြီး၏သမီးကို မျက်စိကျသည်။ ဒေါ်တင်ညွှန့်မှတစ်ဆင့် အဂတ်ဂယ်ပေး၊ မိတ်ကပ်ဘူးပေးနှင့် ဖြားယောင်းသည်။ ပစ္စည်းသာ ယူလျက် ဒေါ်တင်ညွှန့်သည် သမီးကို သည်အိမ်ရိပ်ပင် မနင်းစေရ။

ပြီးတော့လည်း လမ်းထွက်၍ ဆုံတွေ့လျှင် မာမီကြွယ် ပေးလိုက်သော အဂတ်အစား၊ အခြယ်အသကိုဒေါ်တင်ညွှန့်ကြီး၏ သမီးကိုယ်ပေါ်မှာ တစ်စွန်းတစ်စ မတွေ့ရ။ အိုနာမကြီး ရောင်းစားပစ်မှာပါဟု မာမီကြွယ်က မကျေမနပ် ပြောလေသည်။

ဒေါ်တင်ညွှန့် ရေချိုးခန်းထဲ ပြန်ရောက်သွားပြီး အဂတ်လျှော်ဖွတ်နေသည်။

ရုတ်တရက် တိုက်အိမ်နောက်ဖက် တဲစုငယ်မှ အော်ကြီးဟစ်ကျယ် ဆူညံသံတွေ ပွက်လောရိုက်သွားသည်။

"မယားငယ်မ၊ ညည်း အခုချက်ချင်း ဆင်းသွား။ ညည်းကြောင့် ကျုပ်တို့ ရှက်ရတယ်ဟဲ့ မယားငယ်မရဲ့"

အေမီသင်း၏ ဝေဒနာသည် ခဏတစ်ဖြုတ် လွင့်စင်ပြေးသွားလေသည်။ ထိုင်နေရာမှ ကုန်းကုန်းကွကွထကာ မီးဖိုဆောင်တံခါး ဆီမှ ခပ်ကွယ်ကွယ် ချောင်းမြောင်းသည်။

ကျူးကျော်ရပ်ကွက်အတွင်း သုံးလေးအိမ်အကွာမှာ စီစီလောင်လောင် ဖြစ်နေလေသည်။

အစတော့ တစ်ဖက်သက်ဖြစ်သည်။ မိန်းမကြီးတစ်ယောက်က ဒေါသတကြီး ဆဲဆိုနှင်ချနေသည်ကို တိုးတိုးတိတ်တိတ် ဖျောင်းဖျချော့မော့သံတွေ သဲ့သဲ့ကြားရသည်။

ရုပ်တရက် မခံမရပ်နိုင်ဟန် ဒေါသတကြီး ပွင့်ထွက်လာသော တုံ့ပြန်သံ စူးကနဲ ပေါ်ထွက်လာတော့၏။

"ဟင်.. ကျွန်မ မယားငယ်ခံလို့ အမေတို့ အိမ်ပြင်ဆောက်နိုင်တာ မဟုတ်လား။ ကျွန်မ မယားငယ်ခံလို့ ဒီလောက် ဂက်မွေးသလို ခွေးမွေးသလို တပြွတ်ပြွတ်မွေးထားတဲ့ ပါးစပ်ပေါက်တွေ ထမင်းနပ်မှန်တာ မဟုတ်ဘူးလား"

ဒေါ်တင်ညွန့်က အဂတ်လျှော်ရပ်ကာ အေမီသင်းနားလည်အောင် ရန်ပွဲအခြေအမြစ်ကို ရှင်းပြသည်။

"ကျွန်မပြောတဲ့ အရာရှိမယားငယ် ဆိုတာလေ။ ဂေါက်သီးကောက်လိုက်ရင်း မယားငယ် ဖြစ်သွားတာပေါ့။ ဈေးထဲမှာလည်း ဆိုင်ဂယ်ထားပေးတယ်။ ရွှေလည်းဆင်၊ အသုံးလည်းပေးသတော့။ ဒါပေမယ့် သူများနိမ်ဖို့ မချန်ဘူး။ နည်းနည်း အကြောမတည့်တာနဲ့ မအေက မယားငယ်မ၊ မယားငယ်မနဲ့ ထ, ထ ကလော်နေတာ"

"သူတို့ ကျေနပ်လို့ မယားငယ်လုပ်တာ မဟုတ်ဘူးလား" ဟု အေမီသင်းက မသိသားဆိုးရွားစွာ မေးသည်။

"အေမီရယ်၊ ကိုယ့်မြန်မာနိုင်ငံသားတွေကတော့ မရှိရင် ဆန်ကွဲကျိုသောက်မယ်။ သူများသားမယားမျက်ရည်ကျရမယ့် လင်လုတဲ့ကိစ္စမျိုးကို ဘယ်အားပေးပါ့မလဲ။ သူ့ဘာသာ ဖြစ်လာပြီးမှ သိရတော့ မတတ်သာလို့သာ မျိုချရ တစ်ဆို့ဆို့ကြီး ဖြစ်နေတော့တာပေါ့"

အင်း.. အဲသည်တစ်ယောက်က မယားငယ်၊ အေမီတို့က ဘာလဲ။ အေမီတို့က ကြေးစားပေါ့လေ။ အင်း.. ဒါလည်း သူများနာတပ်လျှင်လည်း ခါးသီး၊ ကိုယ့်ဘာသာလည်း ဂန်မခံချင်ဘဲ သိနေ။ ကဲ.. ကဲ.. အေမီတို့က ကြေးစား။ မတူသလို တူသလိုနှင့် တကယ်တမ်းတော့လည်း ကျက်သရေမင်္ဂလာ ယုတ်ညံ့သူတွေ ပါပဲလေ။ လူကြားသူကြား မတိုးတာဟာ ကျက်သရေမင်္ဂလာ ယုတ်ညံ့သူတွေ မဟုတ်လျှင် ဘာတွေတဲ့လဲ။ ကဲ...။

"မကျေနပ်ရင်လဲ သူ့ပေးစာကမ်းစာ မစားနဲ့ပေါ့။ အစကတည်းက နှင်ချထားပေါ့"

"ဒါကတော့ အေမီရယ်၊ ခုပဲ မာမာ အော်နေတာ မကြားဘူးလား၊ တပြွတ်ပြွတ်မွေးထားတာတွေနဲ့ စားမလောက်တော့ မငြင်းသာထားတာတွေ ရှိကုန်ရော"

အေမီသည် မယားငယ်မ၏ ခုခံစစ်တွင် ရှေ့မတိုးသာတော့ဟန်ရှိသော အဒေါ်ကြီး၏ ကြိမ်ရာမရ တတ်မတတ် ချက်မတတ် အော်ဟစ်ဒိုင်ယိုသံတွေကို နားမသက်သာစွာ ကြားနေရလေသည်။

"အဲဒီ အရာရှိကြီး ဆိုတာကကော ပေါ်တင်တွဲတာပဲလား"

"လာ လာ ခေါ်သွားတာပဲ။ ဒါပေမယ့် ပြောင်တွဲပုံ့မယ် မထင်ပါဘူး။ မယားကြီးက ထက်တယ်တဲ့။ တိုင်လိုက်ရင် ပြုတ်သွားမှာလို့ မာမာက ပြောတယ်"

"ဒေါ်တင်ညွန့်ကို ပြောတာလား"

"အိမ်ကကောင်မကိုပြောတာ။ မာမာက ရုစ်တန်းတဖုတ်ဖုတ်ကျနေတော့ အိမ်ကကောင်မက စာပြပြ ပေးတယ်။ အဲဒီကနေ အလုပ်ထွက်လုပ်ရာက ဟင်း.. ဟင်း.. သူ့မအေသမုတ်သလို မယားငယ်မ ဖြစ်သွားတော့ တာပေါ့ အေမီရယ်"

အေမီ မျက်နာရှုံ့ကျသွားသည်။

ဒေါ်တင်ညွန့်က ဘာများ ပြောမှားဆိုမှားရှိပါလိမ့် အတန်ငယ် တွန့်ရှုံ့ဆဲဂယ်...

"ဒေါ်တင်ညွန့်ကြီး၊ ဟိုဘက် တစ်ချက်လှည့်နေစမ်းပါဦး။ အေမီ ဆီးသွားချင်ပြန်ပြီ"

"ထွက်တာလည်း မဟုတ်ဘဲနဲ့ အေမီရယ်။ မဂိုလမ်းအထိ မသွားနိုင်လဲ လမ်းထိပ်ဆေးခန်းသာ သွားချေ စမ်းပါ"

"အို.. အဲဒီ ဆရာဂန်မလေးက ခပ်တုံးတုံးပါ။ အေမီ့ကို ဆာလ်ဖာတွေချည်း စွတ်တိုက်နေတယ်။ လုံးဂ မသက်သာဘူး။ မသွားပါဘူး"

"ဒါဖြင့်လည်း ညနေ မဂိုလမ်းသွားလေ။ ကျွန်မ အဖော်လိုက်ပို့မယ်။ ဒီလောက် ခံနေရတော့လည်း မကြည့်ရက်တော့ပါဘူး"

ဒေါ်တင်ညွန့်တွင် အရပ်သတင်း အိမ်သယ်လာပြီး သည်အိမ်သတင်း အရပ်ထဲပို့တတ်သည့် အကျင့်စရိုက် ရှိမှန်း သိလျက်နှင့်ပင် မာမီကြွယ်က မပစ်ပယ်နိုင်သကဲ့သို့ အေမီတို့အုပ်စု၏ လက်စွဲတော်လည်း ဖြစ်မြဲ ဖြစ်နေသေးသည်။

ကိုယ်ပေါင်းစိတ်ခွာ နေတတ်လျက် သူမ၏ သားသမီးတွေကို လုံးဂခေါ်မလာသော သဘောထားမှာ မခိုင်းရက်တာထက် ကျက်သရေယုတ်မှာ စိုးရိမ်တာ ဖြစ်ဖို့များသည်။

"ကောင်းပြီလေ၊ သုံးနာရီခွဲ လေးနာရီလောက် ထွက်ကြရအောင်"

အေမီသည် တစ်ကိုယ်လုံးတုန်ခါအောင် ညည်းတွားခံစားရပြီးမှ သွေးရောသော ဆီးတစ်စက် ထွက်သည်။

ကုန်းကုန်းကွကွနှင့် အပေါ်ဘက်သို့အလာ လှေကားမှာ သုံးခါလောက် ရပ်နားရသေးသည်။

နာကျင်မှုဝေဒနာသည် လူကို သိသိသာသာ ခြေကုန်လက်ပန်းကျစေတာပဲဟု အေမီ စိတ်ပျက်နွမ်းကျ နေမိသည်။

မာမီကြွယ်တို့ ဖဲဝိုင်းမှ အုန်းခနဲ ရယ်မောသံသည် အေမီ့နားထဲ ကြမ်းတမ်းစွာ ဆောင့်ဝင်သွား၏။

မာမီကြွယ့်နံဘေးမှာ ဆောင်ထားနေကျ ကြိုးမဲ့တယ်လီဖုန်းကလည်း နားကလောစရာ တတီတီ မည်လာသည်။

"ဟဲလို.. အောင်မယ်လေး.. အယ်လ်ကိုဗာ ဘယ်ကပေါ်လာပြန်တာလဲ။ အဟဲ.. ဟဲ။ တင်စားတာပါ ငါ့မောင်ရဲ့။ ဟုတ်ပြီ။ ဆောရီး.. ဆောရီး.. ကျမိုင်းကလေးပါ။ ကဲ... ဆို၊ ဩော်.. အကြောင်းမကြား ဘာမကြားနဲ့

ပါသွားပြီပေါ့ ငါ့မောင်ရယ်။ ကဲ.. ကဲ.. တစ်ရက်လောက်အောင့်ထား၊ မနက်ဖြန် စိတ်ချပါ။ ငါးထောင်ပါပဲ။ မဖြစ်လောက်ပါဘူးကွယ်။ မုန့်ဖိုးပေးသလောက်ဟာများ၊ အိုကေ.. အိုကေ..”

တယ်လီဖုန်း နဘေးချကာ မျက်စပစ်ကာ မဲ့မဲ့ရွဲ့ရွဲ့ပြောပြ၏။

“ဆွဲမှတဲ့လေ။ ကောင်မတော့ အကောင်လည်းပြန်ရော၊ ငွေလည်း သုံးလေးသောင်း ပိုက်ရော”

“ဆရာလောဆီလည်း ပြေးရော”

“ဒါတော့အေ၊ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်ရတာ ထည့်ပြောမနေစမ်းပါနဲ့။ ကျမ်းမာရေးဌာနက ကွန်ဒုံး သုံးပါ ဆိုပေမယ့် ငနဲသားက မသုံးရင် ဘာတတ်နိုင်မှာလည်းအေ့”

ငါးကြင်းကြီးသည် ဆီအိုးထဲတွင် ဆတ်ဆတ်လူးရင်း အကျက်လွန် အခြောက်လွန်သွားမည်ကို အေမီ မှန်းဆ ပင့်သက်ရှူမိလေတော့သည်။

ရုတ်တရက် ဆီးခံမှ ထိုးအောင့်ကာ ဆီးသွားချင်လာပြန်တော့သည်တွင် အေမီသည် ဆရာလောကို တမ်းတ ညည်းညူရင်း ပါးစပ်မှ ပြေရာပြေကြောင်း အယုတ္တအနတ္တ ဆဲရေးတိုင်းထွာနေမိသည်။

အစီအရီခင်းထားသော ဖျာတစ်ချပ်တွင် မွှေ့ရာခင်းပင် မပြင်ဆင်နိုင်၊ မဖြန့်မဆန့်နိုင်ဘဲ အေမီ ခွေခွေလေး လဲလျောင်းညည်းတွားနေရပြန်လေသည်။

ဖျတ်ကနဲဆို လူပျိုကြီးကိုသိန်းစိုးကို သတိရသည်။ သဘောတူ ပေးကမ်းပြီးသည့် တန်ကြေးငွေထက် တစ်ပြားတစ်ချပ် မပိုစွန်းလိုဘဲ စေးနဲတိကျသည်က သူ့ပြစ်ချက်။ အေမီ့အပေါ် ငွဲငွဲညှာညှာ ပြောဆိုဆက်ဆံတတ် တာက သူ့ကောင်းကွက်။

မာမီကြွယ် ဘယ်လို အမြီးနှုတ်၊ ခေါင်းနှုတ် ဖြတ်တောက်ယူပုံတွေကို အေမီ အပြောကောင်းလျှင် ကောင်းသလို မုန့်ဖိုးပဲဖိုး စွန့်ကြဲသွားတတ်တာလည်း ရှိရဲ့။

ခုလို အေမီ နေထိုင်မကောင်းဖြစ်နေကြောင်း သိလျှင် လူပျိုကြီးက ဆေးကုစရိတ်ကလေး ပေးချင်မှာပဲဟု အေမီ မျှော်လင့်ချက် ထားမိသည်။

အို.. လူပျိုကြီးပီပီ အသန့်ကလည်း ကြိုက်ဘိသနဲ့။ သူနှင့် ကင်းကွာနေချိန်အတွင်း အေမီဟာ ဂတ်လဲတော် အခါခါကျလျက် ရွှဲရော်နေပြီမှန်း သိလျှင်။

ခုပင်လျှင် အဆင့်နိမ့်လျောနေရသည့် အခြေအနေကို ခံပြင်းလှစွာ အေမီ စားကျက်ပြောင်းဖို့ ကြံစည်ထား ပါပြီ။

အိမ်ပြန်မည်။ အိမ်မှပင် အလုပ်ဆင်းတော့မည်။ တည်းခိုခန်းအဆက်အသွယ်နှစ်ခု ရထားသည်။ ဘိလည်း သုံးခုလောက် စဉ်းစားထားသည်။ ဒါမှမဟုတ် မိဘတွေကို ရန်ကုန်ဘက် ပြောင်းရွှေ့လာခိုင်းရမလား မသိ။

နပျိုစဉ်တောက်လျှောက် မာမီကြွယ့်လက်ထဲမှာ ကြာမြင့်ကုန်ဆုံးခဲ့တာကိုပဲ အေမီ နမြောမိလေသည်။

အေမီ သက်ပြင်းအခါခါချရင်း စုတ်သပ်ညည်းညူမိပြန်သည်။

ဆရာလောပဲ.. ဆရာလောမှပဲ ကယ်နိုင်မည့် ကိစ္စ။ ပါသလောက် ရှင်း၊ ကျန်တာ ခဏမှတ်ထားပေးနော် ဆရာ။

* * * * * *

# ဆေးလောကထဲ တဂဲလည်လည်

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ နှစ်သိမ့်ဆွေးနွေး မညာပေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ။

နေရာကား ကူးစက်ရောဂါကုဆေးရုံကြီး၏ စာသင်ခန်းမ ဖြစ်လေသည်။

ကမ္ဘာနှင့် မြန်မာနိုင်ငံတစ်လွှား ဖြစ်ပွားနေသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၏ အခြေအနေ (Situation of AIDS in the World and Myanmar ) ခေါင်းစဉ်ဖြင့် ကူးစက်ရောဂါ ထိန်းသိမ်းရေးဌာန ညွှန်မှူး ဦးအေးကြူက သင်တန်းအဖွင့် မိန့်မှာသည်။

အေ-အိုင်-ဒီ-အက်စ် ဆိုသော စာလုံးများမှာ Acquired Immunodeficiency Syndrome ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို ဆိုလိုရင်း ဖြစ်လေသည်။

ရောဂါပိုးများကို ခုခံတွန်းလှန်နိုင်သော လူသား၏ ကိုယ်ခံစွမ်းအားကို ပိုင်းရပ်စ်ပိုးတစ်မျိုးက တိုက်ခိုက် ဖျက်ဆီးပစ်လိုက်သောအခါ ထိုသူသည် ဝင်ရောက်လာသော အလွန်အားပျော့သည့် အခြားရောဂါပိုးတို့ကိုပင်လျှင် မခုခံနိုင်တော့ပဲ ဖြစ်ပေါ်လာသော ရောဂါဝေဒနာစုကို အလွယ်တကူ ရယူခံစားရလေသည်။

ဤသို့ လူ၏ ခုခံအားကျဆင်းစေသော ပိုင်းရပ်စ်ပိုး (Immunodeficiency Virus) ကို အတိုကောက် အိပ်ချ်အိုင်ဗွီ (HIV) ဟု ခေါ်လေသည်။ HIV I နှင့် HIV II အုပ်စုနှစ်မျိုး ရှိလေသည်။ အိပ်ချ်အိုင်ဗွီပိုးသည် ဦးနှောက်နှင့် အာရုံကြော ကလာပ်စည်းဆဲလ်များကို တိုက်ခိုက်ဖျက်ဆီးသည်။

အတိုချုံးမှတ်သားပါမူ ခုခံအား၏ ရှစ်ဆယ်ရာနှုန်းကို အိပ်ချ်အိုင်ဗွီပိုးက ဖျက်ဆီးနိုင်ပြီးသောအခါ ရောဂါမျိုးစုံ ဖိစီးလာသော အခြေအနေမှာ အေအိုင်ဒီအက်စ် ဖြစ်သည်။

နောက်ကျမှ ရောက်လာသောကြောင့် အတန်း၏ နောက်ဆုံးထောင့်ခုံတွင် နေရာရထားသော နနခိုင်သည် မမီလိုက်သော အချက်အလက်တချို့ကို နံဘေးထိုင်ခုံရှိ ပြည်သူ့ဆက်ဆံရေးမှူးထံမှ ကူးယူနေရလေ၏။

"နနခိုင် မဟုတ်လားဟင်"

သူမကို တအံ့တသြ လာရောက်နှုတ်ဆက်နေသူ ဘယ်သူဖြစ်နိုင်ပါလိမ့်ဟု နနခိုင် မျက်လွှာပင့်ကြည့်သည်။

"ဟယ်.. ဖုန်းမြင့်ကေ"

အလုပ်သင်ပြီးကတည်းက ကွဲကွာသွားကြသော ဆရာဝန်နှစ်ဦးသည် ဆေးရုံကြီးတစ်ရုံ၏ စာသင်ခန်းမတွင် ပြန်လည်ဆုံစည်းဖြစ်ကြသည် ဆိုပါက အဆန်းတကြယ် မဟုတ်သော ကိစ္စတစ်ရပ်ဟု ဆိုနိုင်ဖွယ်ရာ ရှိလေသည်။

နနခိုင် အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းရွက်စဉ်က လူနာဆောင်တွေမှာ အတူကျလာခဲ့သော ရှမ်းဂေါ်ရခါး ကပြားကလေး။

သူ့ဖခင်က လိမ္မော်ခင်းများစွာ ပိုင်ဆိုင်သောကြောင့် ဖောဖောသီသီ သုံးစွဲနိုင်သော ဆရာဝန်ကလေးအဖြစ် စန်းပွင့်ခဲ့လေသည်။ ငွေပေါသလောက် စာညံ့သည်။ နနခိုင်ကပဲ အစဉ်သဖြင့် ဖေးဖေးမမ ကူညီသင်ပြပေးရသည်။

ယူ့မှာသာ ဖင်ယော်မရှိရင် အိုင် အပြတ်ရိုတ်တယ်ကွာဟု နောက်သလိုလို ပြောင်သလိုလို ဖွင့်ပြောဖူးသည့် သူငယ်ချင်း။

"နေပါဦး ခိုင်ရယ်။ ဒီသင်တန်းကို ယူ ဘယ်လိုရောက်နေတာလဲ"

"ဂျီပီစက်ရှင်နဲ့ပါလာတာ။ ကိုယ် ဂျီပီဖြစ်နေတာတော့ ယူ ကြားတယ် မဟုတ်လား"

နနခိုင်က အစိုးရဝန်ထမ်းမဟုတ်သော အထွေထွေရောဂါကု ဆရာဝန်အဖြစ် ဤဆွေးနွေးပွဲတွင် ပါဝင်နေခြင်း ဖြစ်လေသည်။

"ကြားတယ်၊ ယူ ဘိုင်ဟွတ်ခ်အော်ဘိုင်ခရွတ်ခ်အင်စားဗစ်ကရက်ဇစ်နေရှင်း တင်သွားတာ အိုင် ကြားပါတယ်"

နနခိုင် ရှုံ့မဲ့ပစ်လိုက်သည်။ သို့သော်လည်း ဖုန်းမြင့်ကျော်၏ ကပြားသံလေးကို မကြားရတာကြာပြီမို့ နားမှာ ချိုမြသာယာလျက် ရှိနေလေ၏။ ဝန်ထမ်းအဖြစ်မှ တရားသဖြင့်လား၊ မတရားသဖြင့်လား မသိနိုင်သော နည်းလမ်းတွေသုံးပြီး နနခိုင်က နှုတ်ထွက်သွားခဲ့ပါသတဲ့လား။

"ယူက ပြောရော့မယ်။ အိုင်က တကယ့်ကို အဆစ်တွေရောင်ကိုင်းပြီး တစ်နှစ်လောက် နားနေလိုက်ရတာပါ ကွာ။ အေအက်အိုတီတာ ၂၅၀ တောင်ရှိတာ သိလား။ တကယ် မကျမ်းမာလိုက်တာပါကွာ"

အစိုးရအလုပ်လည်း ဝင်သည်။ ဖခင်ကြီး၏ အလေးအပင်ကို မယူပဲ တီးတိန်အထိလည်း တိုင်းပြည်တာဝန် ထမ်းခဲ့သည်။ အသည်းကွဲနာကို ထွက်ပြေးကုစားလိုသော သဘောလည်း ပါမည်ဟု စွပ်စွဲမည်ဆိုလျှင်လည်း နနခိုင် ဖြေရှင်းနေမှာမဟုတ်။

သို့တစေ လုပ်သက်နှစ်နှစ်အကြာ ငယ်ငယ်ကတည်းက အခွင့်သာသလို ပြန်ပေါ်တတ်သော အဆစ်ရောင် အဆစ်နာရောဂါ နှိပ်စက်လိုက်သည်မှာ သေမှာပဲထင်ပြီး ဆေးစာပြနှုတ်ထွက်ရသည်အထိ အခြေအနေ ဆိုးခဲ့ လေသည်။

မိထွေးက ကင်ဆာဖြစ်လာမှာ စိုးရိမ်သဖြင့် သားအိမ်ထုတ်ပြီးနောက် မှန်မှန်ဆေးကုပြသနေရသည်။ မိထွေးတော်ထက် နနခိုင်က အရင်ဦးပြီး လောကကြီးကို စွန့်ခွာသွားရတော့မည်ဟု ယူမှတ်ခဲ့သည်။ မိုးကုတ် တရားစဉ်တွေ နာကြားကာ ဖြစ်မျက်မှတ်၍ သံယောဇဉ်တွေ ဖြတ်တောက်ဖို့ ကြိုးစားခဲ့လေသည်။

အံ့ဩဖွယ်ကောင်းလောက်အောင်ပင် ဝေဒနာသည် သူမကို မေ့ပျောက်ထားရစ်ခဲ့ပြန်လေသည်။ ဘယ်အချိန် တစ်ချိန်ပြန် စခန်းထလာဦးမလဲ တွေးမနေတော့။ နောင်ခါလာ နောင်ခါရေး နနခိုင် သွေးအေးတတ်လေပြီ။

ဖခင်ကြီးက ပင်စင်ယူကာ ဆေးခန်းဖွင့်သည်။ သူ့ခမျာ အိုသောသမားအဖြစ် လူနာတွေအယ် မေးမှိန် နေလေသည်။ ဖခင်က နံနက်၊ နနခိုင်က ညနေပိုင်း ဆေးခန်းထိုင်ခဲ့ကြသည်။ ညနေ လူများတာက ဆေးခန်းတိုင်း ပါပဲ ဖေဖေရာဟု အားပေးကာ ဆေးခန်းတွင် ဖခင်ကြီး စာအုပ်ဖတ်ရင်း အချိန်ဖြုန်းဖို့ နနခိုင်ကပဲ ပုံမှန် စာအုပ် ငှားပေးရလေ့ ရှိလေသည်။

ဆေးခန်းနှင့်အိမ် စက်ရုပ်လို လှုပ်ရှားရင်း ငြီးငွေ့လာသောအခါ နုနုခိုင်က ဂျီပီစက်ရှင်အဖွဲ့ဝင်အဖြစ် လှုပ်ရှားနိုးကြားလာခဲ့လေသည်။

"ဘာလဲကွ၊ ဂျီပီစက်ရှင်ဆိုတာ။ အိုင် နားမလည်ပါလား"

"အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ငယ်လို့ မြန်မာလို ခေါ်တယ် ကေရဲ့။ အမ်အမ်အေရဲ့ အဖွဲ့ငယ် ဆယ့်နှစ်ခုအနက် တစ်ခုအပါအဝင်ပေါ့။ လူအင်အား အများဆုံးအဖွဲ့ငယ်ပေါ့။ နေပါဦး။ အမ်အမ်အေဆိုတာကော ယူ သိရဲ့လား"

"နိုး.. ဘာလဲ အဲဒါ"

"Myanmar Medical Association မြန်မာနိုင်ငံ ဆရာဝန်များ အသင်းပေါ့"

"ဩော်.. ဘီအမ်အေလား၊ ဟုတ်သားပဲ။ ဘားမားကနေ မြန်မာဖြစ်သွားပြီပေါ့"

ဖုန်းမြင့်ကေသည် ဆံပင်တွန့်တွန့်များကို ကုပ်ထောက်သည်အထိ ရှည်ရှည်ထားမြဲထားလျက် ဝင်းဖန့်သော အသားအရေသည် ရိုပ်သိမ်းထားသော နားသယ်စပ်နှင့် မေးစေ့တစ်ပြင်လုံး စိမ်းမြနေစေလေ၏။

မျက်တောင်ကော့ခြံရံသော မျက်လုံးညိုဖျော့ဖျော့တွေကို မှေးစင်းပြီး နုနုခိုင်ထိုင်နေသော ကုလားထိုင် စားပွဲခုံပေါ် လက်ထောက်ထားသောကြောင့် မျက်နှာခြင်း အတော်ကလေး နီးကပ်နေသည်။

"နေ့ခင်း ထမင်းစားချိန် ဘရိတ်ရှိတယ် ခိုင်၊ ကိုယ်နဲ့ ထမင်းအတူ လိုက်စားပါလား။ ကွဲနေတဲ့နှစ်တွေအတွင်း အတွေ့အကြုံ ရှင်းလင်းကြရအောင်"

ဖုန်းမြင့်ကေက အချိန်းအချက်လုပ်ပြီးနောက် သူ့နေရာသူ ပြန်၏။

သင်တန်းပို့ချမည့် ဒေါက်တာဦးမျိုးသက်ထွန်း ရောက်ရှိလာပြီ ဖြစ်သောကြောင့် သင်တန်းသားအားလုံး သူ့နေရာနှင့်သူ နေသားတကျ စောင့်ဆိုင်းငံ့လင့်နေကြပြီ ဖြစ်လေသည်။

"အဲဒါ နုနုခိုင် အချစ်ဟောင်းလား" ဟု ဒေါက်တာသန်းသန်းအောင်က မထိခလုပ်ထိခလုပ် စပ်စုသည်။

"ဘယ်ကလာ၊ သူငယ်ချင်းပါကွ။ ဖုန်းမြင့်ကေတဲ့။ သူလည်း ဆေး(၁)ကပေါ့။ မသိဘူးလား"

"ဟင့်အင်း.. သူ့နာမည်ကလည်း စီးကျောလိုက်တာ"

"ကြည့်စမ်း.. သူများသူငယ်ချင်းကို ကဲ့ရဲ့လိုက်တာ"

ဤ လေးရက်သင်တန်းမှာ တကယ်တော့ ကာလသားရောဂါနှင့် ပက်သက်သည့် ပြည်သူ့ဆက်ဆံရေး စုံစမ်းရေးမှူးများ၊ သူနာပြုများ၊ ကုသရေးဆိုင်ရာ လူမှုဆက်ဆံရေးလုပ်သားများနှင့် ပူးတွဲပြီး အထွေထွေရောဂါကု ဆရာဝန်ငါးဦးကို သင်တန်းပို့ချပေးနေခြင်း ဖြစ်သည်။ လူထုကြားသို့ ထွင်းဖောက်ဝင်ရောက်လျက် ဘောင်စည်းကမ်း နည်းပါးလွတ်လပ်သော ဆက်ဆံရေးကို ဂန်ထမ်းမဟုတ်သော အထွေထွေရောဂါကု ဆရာဝန်များက ရယူနိုင်မည် ဆိုသော မျှော်မှန်းချက်ဖြင့် ခေါ်ယူလေ့ကျင့်ပေးခြင်း ဖြစ်လေသည်။

စီမံချက်မန်နေဂျာဖြစ်သော ဦးမျိုးသက်ထွန်းက အေအိုင်ဒီအက်စ်ရောဂါ၏ သမိုင်းအစ၊ မြန်မာနိုင်ငံ၌ ဤရောဂါကို ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် နှစ်သိမ့်ဆွေးနွေးပညာပေးရခြင်း၏ အခန်းကဏ္ဍများအကြောင်း ပို့ချသွားသည်။

"အလုပ်လုပ်နိုင်တဲ့ အသက်အရွယ်ပိုင်းမှာ အဖြစ်များတဲ့ ကူးစက်ဝေဒနာ ဖြစ်တဲ့အတွက် အခု မတားဆီး မထိမ်းသိမ်းလိုက်နိုင်ဘူးဆိုရင် လာမယ့် အနှစ်နှစ်ဆယ်၊ အစိတ်အကြာမှာ တိုင်းပြည်စီးပွားရေးနဲ့ ကျမ်းမာရေး အခြေအနေဟာ အခုထက် အလွန်တရာမှ နက်ရှိုင်းစွာ ထိုးဆင်းနိမ့်ကျသွားမှာ ဖြစ်ပါတယ်"

ယခုအခါ စီးပွားရေးဦးမော့လာသော အိမ်နီးချင်းနိုင်ငံအချို့ကို အထင်ကြီးအားကျလျက် တံခါးဖွင့်ထားသော လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်လာသော သွင်းကုန်၊ တင်ပို့နိုင်သော ထွက်ကုန်များဖြင့် လူနေမှု အဆင့်အတန်း အခြေအနေ ကောင်းမွန်တိုးတက်လာဖို့ အားခဲမျှော်လင့်နေကြပေသည်။

"ဒီရောဂါဟာ မြန်မာပြည်မှာ အရင်တုန်းကမရှိခဲ့ဘဲ တစ်စစ တိုးဝင်ပျံ့နှံ့လာတဲ့ ပြည်ပသွင်းကုန်ကြီး Import ပါ။ သေချာပါတယ်။ အခု ပြည်တွင်းမှာပဲ ကုန်ကြမ်းလုံလောက်သွားပါပြီ။ နောက်ထပ်သွင်းကုန် မလိုတော့ပါဘူး"

အိပ်ချ်အိုင်ဗွီပိုးသည်

သွေး..

သုတ်ရည်..

မိန်းမကိုယ်မှထွက်သောအရည်..

တို့တွင် အများဆုံးပါဝင်သည်။

အိပ်ချ်အိုင်ဗွီပိုး ကူးစက်နိုင်သော လမ်းကြောင်းများမှာ -

(၁) အိပ်ချ်အိုင်ဗွီရောဂါပိုးရှိပြီးသူနှင့် လိင်တူလိင်ကွဲဆက်ဆံခြင်း။

(၂) ရောဂါပိုးပါရှိသော သွေးမှတစ်ဆင့် ကူးစက်ခြင်း။

(သွေးနှင့် သွေးမှပြုလုပ်သော ပစ္စည်းများ ပေးသွင်းမိခြင်း။) ၉ဝ ရာခိုင်နှုန်း ကူးစက်နိုင်သည်။

(၃) ရောဂါပိုးရှိသူ အသုံးပြုပြီးသော မသန့်ရှင်းသည့် ဆေးထိုးအပ်၊ ဆေးထိုးပြွန်နှင့် ခွဲစိတ်ကိရိယာများမှ တစ်ဆင့် ကူးစက်ခြင်း။ ပိုးသန့်စင်မထားသော ကိရိယာများဖြင့် သွေးကြောထဲသို့ မူးယစ်ဆေး ထိုးသွင်းခြင်း၊ နားဖောက်ခြင်း၊ ဆေးမင်ကြောင် ထိုးခြင်း၊ စုတ်ထိုးခြင်း၊ ဓာတ်အပ်စိုက်ခြင်းမှ ကူးစက်ခြင်း။

(၄) ရောဂါပိုးရှိသော ကိုယ်ဝန်ဆောင်မိခင်မှ ရင်သွေးငယ်သို့ ကူးစက်ခြင်း (၃၁-၄ဝ ရာခိုင်နှုန်း ကူးစက်နိုင်သည်။)

(၅) ရောဂါပိုးရှိသူ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများဖြင့် အစားထိုးကုသရာမှ ကူးစက်ခြင်း။

မှတ်ချက် ။ ။ အိပ်ချ်အိုင်ဗွီရှိသူ သုံးစွဲပြီး အပ်၊ ပိုက် စသည်တို့နှင့် မူးယစ်ဆေးထိုးသွင်းရာ၌ သွေးနှင့်အတူ အိပ်ချ်အိုင်ဗွီပိုး ပါဝင်သွားသည့်အတွက် ကူးစက်နှုန်းမြင့်မားသည်။

မူးယစ်ဆေးကြောင့် အိပ်ချ်အိုင်ဗွီပိုးရခြင်း မဟုတ်။ မူးယစ်ဆေးကြောင့် အေအိုင်ဒီအက်စ်ဖြစ်ခြင်း မဟုတ်။ ပိုးပါသောသွေး သွင်းခြင်းဖြင့် ကူးစက်ရောဂါပိုးရရန် ရာနှုန်းပြည့် သေချာသည်။

ပိုးပါသောသူ ထိုးပြီးသည့် သွေးစ စွန်းထင်းသော ဆေးထိုးအပ်မှတစ်ဆင့် ကူးစက်တတ်သလို ထိုသူ သုံးစွဲပြီးသော မုတ်ဆိတ်ရိတ်ဓား၊ သွားတိုက်တံတွေတွင်လည်း သူ့သွေး စွန်းထင်းနေခဲ့ပါလျှင် ထပ်ဆင့် သုံးစွဲမိသူအား ကူးစက်နိုင်သည်။ သွေးစွန်းထင်းသည် ဆိုရာ၌ မျက်စိနှင့်မမြင်နိုင်လောက်အောင် သေးငယ်သော ပမာဏသည်ပင်လျှင် ကူးစက်စေနိုင်စွမ်းလေသည်။

"မျက်ရည်နဲ့တံတွေးမှာလည်း အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး ပါဝင်ပါတယ်။ ဒါပေမယ့် လိင်၊ သွေးတို့နဲ့စာရင် မျက်ရည်ကနေတစ်ဆင့် ကူးစက်ခဲသလို တံတွေးကနေ ကူးစက်ဖို့လည်း ခဲယဉ်းပါတယ်"

"နို့ရည်မှာ အိပ်ချ်အိုင်ဗွီပိုးပါဝင်တဲ့ ပြဿနာကြောင့် နို့ချိုတိုက်ကျွေးတဲ့ မိခင်တွေကို အကြံပေးဆွေးနွေးဖို့ လိုအပ်ပါတယ်"

ဖြစ်သင့်သည်မှာ အိပ်ချ်အိုင်ဗွီပိုးရှိနေသော မိခင်သည် ခလေးငယ်ကို မိခင်နို့ မတိုက်ကျွေးတော့ပဲ နို့မှုန့် သာလျှင် အစားထိုးရမည် ဖြစ်ပေသည်။

"နို့မှုန့်ဟာ မိခင်နို့လောက်မကောင်းတာ မှန်တယ်။ ဈေးကြီးတယ်။ ဒါပေမယ့် ပိုးရှိနေတဲ့ မိခင်နို့ တိုက်ကျွေးမယ်ဆိုရင် ကလေးဆီ ပိုးကူးစက်နှုန်းဟာ ၁၀% ခန့် ရှိနေပါလိမ့်မယ်။ အကယ်၍ နို့မှုန့်ဖိုးမတတ်နိုင် လောက်အောင် ချို့တဲ့နွမ်းပါးတဲ့ မိခင်ဆိုရင်တော့"

ဦးမျိုးသက်ထွန်းက ခေတ္တ စကားရပ်တန့်ကာ မှတ်ယူသူ သင်တန်းသားတို့ စဉ်းစားဖို့ အချိန်ပေးသည်။

သူသည် အရပ်ထောင်ထောင်မောင်းမောင်း၊ အသားဖြူဖြူ၊ တည်ကြည်ထက်မြက်သော မျက်လုံးများကို ပိုင်ဆိုင်သည်။ စောစောစီးစီး ဆံပင်တွေ တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူဖွေးနေသည့်တိုင် လေးဆယ်ကျော်စွန်းစ ငယ်ရွယ်သေးသော မူဟန်သည် သူ၏ သိမ်မွေ့နူးညံ့ရုပ်ဆင်းသဏ္ဍာန်တွင် ထင်ဟပ်နေ၏။

"အာဟာရချို့တဲ့မှုကြောင့် ကလေးသူငယ်မှာ ဝေဒနာပေါင်းစုံကပ်ပြီး သေဆုံးစေနိုင်တဲ့အချက်ဟာ ပိုပြီးသေချာတဲ့ အနီးကပ်ရန်သူ ဖြစ်နေပါတယ်။ ပိုးကူးစက်မယ်၊ မကူးစက်ဘူး ဆိုတာကတော့ ကလေးရဲ့ကုသိုလ် ကလည်း ပါဝင်နေသေးတယ်"

ဦးမျိုးသက်ထွန်းက လက်နှစ်ဖက်ဖြန့်ကားပြီး ပခုံးတွန့်လိုက်သည်။ မနိုင်သေး၍ အလျှော့ပေးလိုက်ရသည့် သဘော။

"ဆရာတို့၊ ဆရာမတို့ မေးစရာရှိရင် မေးကြပါ။ ဒီနေရာမှာ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ဆွေးနွေး အဖြေရှာသွားကြမှ ကိုယ့်ဌာနပြန်ရောက်တဲ့အခါ ဆရာတို့ ကြုံတွေ့ရတဲ့ လူနာတွေနဲ့ သူတို့မိသားစုတွေကို နှစ်သိမ့်ဆွေးနွေး ပညာပေးနိုင်ကြမှာပါခင်ဗျ"

သူနာပြုဆရာမနှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် လက်တို့ကာ သူမေးကိုယ်မေး တွန်းထိုးလွှဲချနေကြသည်။

"မေးပါ၊ ဘာသိချင်လို့လဲ။ မေးသာမေးလိုက်။ ဆရာမတို့လိုပဲ အဲဒီမေးခွန်းကို အဖြေသိချင်နေ၊ စိတ်ဝင်စားနေတဲ့လူတွေ ရှိမှာပါ"

သူနာပြုဆရာမကလေးသည် အတန်ငယ် အားရှိသွားလျက် ခါးကလေး ရှေ့ကိုင်းပြီး အားယူသည်။

"မျက်ရည်တို့၊ တံတွေးတို့ကနေ ကူးစက်ဖို့ ခဲယဉ်းတယ်ဆိုတာ ဘာကြောင့်ပါလဲ ဆရာ"

"ဒါကတော့ ပိုးပါဝင်မှုနှုန်းထား နည်းပါးတာကတစ်ကြောင်း၊ မျက်စေ့ခွဲစိတ်ကုသရာမှာ ကိရိယာတွေကို သေချာပေါင်းတင် ပိုးသတ်ထားရင် ကူးစက်ဖို့ခက်ခဲမှာပါ။ ပြီးတော့ စဉ်းစားကြည့်လေ၊ အဲဒီမျက်ရည်ဟာ တခြားတစ်ယောက်ရဲ့ ထိခိုက်ရှနာဒဏ်ရာထဲကို ပိုးကူးစက်နိုင်လောက်အောင် လုံလုံလောက်လောက် ကျသွားဝင်သွားဖို့ ဆိုတာ အတော်မလွယ်တဲ့ကိစ္စ ဆိုပါတော့ဗျာ။ အသိမိတ်ဆွေတစ်ယောက်ရဲ့ လက်ကို ဓါးရှသွားပြီး၊ အရေပြားပေါက်ပြဲပြီး သွေးထွက်သံယိုဖြစ်နေပြီ။ အဲဒါကို အိပ်ချ်အိုင်ဗွီပိုးရှိနေတဲ့လူက သိပ်စိတ်ထိခိုက်လှုပ်ရှားပြီး ဒဏ်ရာကိုကြည့်ရင်း မျက်ရည်တွေ ဒလဟော ဒဏ်ရာပေါ်စီးကျမယ်ဆိုရင်တော့..."

သင်တန်းသားတို့ထံမှ ရယ်သံကြိုးကြား ပေါ်ထွက်လာလေသည်။

"တံတွေး.. အဲဒါနဲ့ပက်သက်လို့ စဉ်းစားကြမယ်ဆိုရင် ဖြစ်နိုင်တာက နှုတ်ခမ်းခြင်းစုပ်နမ်းရင်း သိပ်စိတ်ထလာပြီး သွေးထွက်အောင် ကိုက်လိုက်တာမျိုး၊ နှုတ်ခမ်းမဟုတ်လည်း အင်း.. ဖြစ်နိုင်တာ ပြောရတာပါ။ ဖြစ်နိုင်တာ.."

ဂါးကနဲ အတွေးပေါက်ရယ်မောလိုက်ကြသည်မှာ တော်တော်နှင့် အသံမစဲ။

စုံစမ်းရေးမှူးတစ်ယောက်က မူးယစ်ဆေးဂါးသုံးစွဲသူများအတွက် စိတ်ပူနေပြန်သည်။

"မူးယစ်ဆေးစွဲတဲ့သူတွေဟာ ဘယ်လိုနည်းနဲ့ အိပ်ချ်အိုင်ဗွီပိုး ရသလဲလို့ လူနာတွေက မေးကြပါတယ်။ အရိုးရှင်းဆုံး၊ အတိုတောင်းဆုံးနဲ့ နားလည်သွားအောင် ကျွန်တော် ဘယ်လိုရှင်းပြရပါမလဲ ဆရာ"

ဤမေးခွန်းကို ဦးမျိုးသက်ထွန်းက စိတ်ပါလက်ပါ ခေါင်းညိတ်ကြိုဆိုသည်။

"အဓိကကူးစက်စေတာက သွေး၊ သုတ်၊ မိန်းမကိုယ်မှထွက်သောအရည်လို့ ပြောပြီးပါပြီ။ မူးယစ်ဆေးကြောင့် ပိုးကူးစက်တာ မဟုတ်ပါဘူး။ သွေးမှ ကူးစက်ပါတယ်။ သေချာမပြုတ်ဘဲ၊ မပေါင်းဘဲ တစ်ယောက်ပြီးတစ်ယောက် အပ်တစ်ချောင်းတည်း၊ ဆေးထိုးပိုက် တစ်ခုတည်းနဲ့ မူးယစ်ဆေးထိုးကြရာမှ ပိုးဟာ တစ်ယောက်ရဲ့ သွေးမှာ ပါနေရင် ကျန်တဲ့လူတွေကို ကူးစက်ပါတယ်"

"အပ်တစ်ချောင်းကို ဝေမျှသုံးစွဲခြင်း မပြုဘူးဆိုရင်တော့ မကူးနိုင်ဘူးပေါ့နော် ဆရာ"

"မှန်ပါတယ်။ ဆေးထိုးအပ် သီးသန့်သုံးစွဲရင် မကူးစက်နိုင်ပါဘူး။ သူ့ဘာသာ မူးယစ်ဆေးလွန်လို့ ရှော့ခ်နဲ့သာ ကြွချင်ကြွမယ်။ အေအိုင်ဒီအက်စ်နဲ့ မကြွနိုင်ဘူးပေါ့ ခင်ဗျာ"

အမျိုးသမီးကြီးတစ်ယောက်မှာ ထိုသို့ ဆေးထိုးအပ် သီးခြားသုံးသည်ကိုပင် လက်မခံချင်ဘဲ ဖြစ်နေသည်။

"တစ်ခါသုံးအပ် ဆောင်ထားဖို့ ပညာပေးရင်း အိပ်ချ်အိုင်ဗွီပိုး မကူးစက်အောင် တားဆီးနိုင်တာကတော့ ဟုတ်ပါရဲ့။ ဆေးစွဲသူတွေကို နည်းကောင်းညွှန်ပြရာ ရောက်နေမလားလို့"

"မူးယစ်ဆေးစွဲမှုက မကူးစက်ပါဘူး။ ပြီးတော့ သုံးမယ့်သူတွေက နည်းလမ်းကောင်းကောင်း၊ မကောင်းကောင်း သုံးနေမှာပါ။ မကူးစက်ပါဘူး။ အိပ်ချ်အိုင်ဗွီပိုးက ကူးစက်တတ်တယ်။ ဒါကြောင့် သူ နစ်နာဆုံးရှုံးမှုတွေဟာ တစ်မူးမက တစ်ကျပ်သာနေပါတယ်"

"တစ်ဒေါ်လာ သာနေပါတယ်"

မကြားတကြား သင်တန်းထဲမှ အသံသဲ့သဲ့ကြောင့် ကာလနှင့်ဆီလျော်စွာ တဝါးဝါး ပွဲကြသွားကြ ပြန်လေသည်။

"ဟုတ်ပါတယ်ခင်ဗျာ။ တစ်ဒေါ်လာတောင် မကပါဘူးခင်ဗျာ။ အိပ်ချ်အိုင်ဗွီပိုး ရှိမရှိ ဓါတ်ခွဲရတဲ့စရိတ်ကို ငါးဒေါ်လာလောက် ကုန်ကြပါတယ်"

အဲဒါကိုပဲ စုံစမ်းရေးမှူးတစ်ယောက်က ဘဝင်မကျ ဖြစ်နေပြန်သည်။

"အထူးကုဆေးခန်းကြီးတွေမှာ အိပ်ချ်အိုင်ဗွီ စစ်ဆေးပေးနေပြီဆိုတာ ဟုတ်ပါသလား ဆရာ"

ဆရာ မဖြေမီမှာပင် တတ်သိကျွမ်းကျင်သူ ဆရာမတစ်ယောက်က "အေးရိပ်သာမှာ စစ်ပါတယ်။ တစ်ထောင့်ငါးရာ ကျသင့်ပါတယ်" ဟု နှုတ်သွက်လျှာသွက် ဝင်ဖြေသည်။

"မြတ်မေတ္တာတို့၊ မေခလာတို့မှာလည်း စစ်ဆေးနိုင်တယ်တဲ့" ဟု စုံစမ်းရေးမှူးတစ်ယောက်က ဝင်ပြောသည်။

သို့သော် ပေါ့စတစ်အဖြေကို နောက်ထပ် Elisa Wessern Blot နည်းများဖြင့် သေချာမှုရယူရဦးမည်။

သူ့ကိုတော့ နံဘေးမှ စုံစမ်းရေးမှူးက အလွတ်မပေး။

"ဘာလို့ အကုန်ခံနေသလဲဗျာ။ ခင်ဗျားကတော့ ပေါ့စတစ် (Positive) သေချာပါတယ်"

သူ့တွင် ပိုးရှိသည်ဟု နောက်ပြောင်လိုက်ခြင်း ဖြစ်သည်။

သူက အမှုမထားပဲ တဟဲဟဲရယ်မောနေတော့သည်။

"ဆရာတို့၊ ဆရာမတို့တာဝန်က မူးယစ်ဆေးရဲ့ ဆိုးကျိုးအာနိသင်တွေကို ထောက်ပြရပါမယ်။ ဒီကြားထဲက ပြောမရတဲ့သူတွေအတွက် တစ်ခါသုံးအပ် သို့မဟုတ် ကိုယ်ပိုင်သီးခြားအပ် အသုံးပြုဖို့ ပညာပေးရပါတယ်။ တစ်ဆင့်တစ်ဆင့် ကူးစက်မယ်ဆိုရင် အိပ်ချ်အိုင်ဗွီကို ကျွန်တော်တို့ တားမနိုင်ဆီးမရ ပြုကျလာမှာပေါ့ ခင်ဗျာ။ ကာကွယ်ဆေး၊ ကုသဆေး၊ ပိုးသတ်ဆေး မပေါ်ပေါက်သေးသရွေ့တော့ ကျွန်တော်တို့ တတ်နိုင်တာဟာ မကူးစက်အောင် တားဆီးဖို့အခြေအနေ ထိန်းသိမ်းထားဖို့ပဲ ရှိပါတယ်"

သည်ပိုင်းရပ်စ်ဟာ အတော် ပညာသားပါပါ ဒုက္ခပေးသည့် ဗိုင်းရပ်ပိုး ဖြစ်သည်။ လူတွင်ရှိသော ခုခံအား ဆိုင်ရာ CD Four Cell (ကလာပ်စည်း) တွင် ချည်းကပ်၍ ပုံမှားရိုက်ဝင်ရောက်ကာ ခုခံအားတွေ ဖျက်ဆီးပစ်

လိုက်သည်။ ပြီးတော့ နံဘေး သာမာန်ခုခံအား သွေးဖြူဥတွေက အတူတူချင်း တစ်ဖွဲ့တည်းသားခြင်း ထင်အောင် ရောထွေးလှည့်လည်နေလေ့ရှိသည်။

စစ်ရေးပရိယာယ် ကြွယ်လှသော စစ်ဘုရင်ကြီး အိပ်ချ်အိုင်ဗွီကို ထိပ်လန့်ရွံ့မုန်းခြင်းဖြင့် သင်တန်းသားတွေ ခေတ္တတွေးတော ငြိမ်သက်သွားကြသည်။

တိပ်ဆိပ်ခြင်းသည် သက်တမ်းတိုတောင်းလှသည်။

"လိင်မှုကိစ္စလည်း မအောင့်အည်းနိုင်၊ ရောဂါကိုလည်း ကြောက်တဲ့လူမျိုးကို ဘယ်လိုပညာပေးရမလဲ ဆရာ"

အချို့စုံစမ်းရေးမှူးတို့က လှောင်ပြောင်သော ရယ်သံသဲ့သဲ့ ထွက်လာသည်။

"ရာဘာစွပ်သုံးစွဲဖို့ ပညာပေးရမယ် ခင်ဗျ။ ကွန်ဒုံး (Condom) ပေါ့ ခင်ဗျာ။ အင်္ကျီအယ်လ် FL လို့ အများသိကြတာပေါ့။ သုံးပုံသုံးနည်း၊ စွပ်ပုံစွပ်နည်းလည်း သင်ပေးလိုက်ရလိမ့်မယ်။ အသုံးပြုပြီးတဲ့အခါ အလိုက်သင့် ဖြုတ်ယူ၊ အတွင်းက အရည်တွေ မဖိတ်စဉ်အောင် သေချာချည်ပြီး စိတ်ချရတဲ့ ကျင်းထဲပစ်ဖို့၊ မြေကြီးထဲမြှုပ်ပစ်ဖို့ စသည်ပေါ့ဗျာ။ ဒါတွေကို ရှေ့လာမယ့်သင်ခန်းစာတွေမှာ အသေးစိတ် ရှင်းပြမှာပါ"

သူသည် ကျီစယ်သောအပြုံးဖြင့် သင်တန်းကို ကြည့်သည်။

"လူနာကိုပဲ ပေးပေး၊ ချစ်တဲ့ခင်တဲ့ သက်ဆိုင်သူကိုပဲ ပေးပေး၊ ကိုယ်တိုင်ပဲ သုံးသုံး ပေါ့ဗျာ။ ဒီသင်တန်း အပြီးမှာ ဆရာတို့အားလုံးအတွက် ကျွန်တော်တို့က ကွန်ဒုံး ဆယ့်နှစ်ဒါဇင်စီ ပေးလိုက်ပါ့မယ်။ စာရင်း ပြန်ပြစရာ မလိုပါဘူး။ ယုံကြည်စိတ်ချစွာ ပေးလိုက်မှာပါ ခင်ဗျ"

တစ်ခုံကျော်မှ စုံစမ်းရေးမှူးက နံဘေးမှ စုံစမ်းရေးမှူးကလေးကို "အားလုံး တစ်ယောက်တည်း တာဝန်မယူလိုက်နဲ့ဦး" ဟု နောက်လိုက်သည်တွင် အသားဖြူဖြူမို့ မျက်နှာနီမြန်းပြီး "ဟာ.. ကျွန်တော် ဂါသနာမရှိပါဘူး ဆရာရယ်" နှင့် ကာကွယ်ငြင်းဆန်နေလေ၏။

ဦးမျိုးသက်ထွန်းက သင်တန်းကို ဆယ်မိနစ် အနားပေးပြီး ခေတ္တနားသည်။

ဖုန်းမြင့်ကေသည် သင်တန်းအပြင် ကော်ရစ်ဒါနံဘေးမှ ချိုးကွေ့ပြီး နနခိုင်အနီးသို့ ရောက်ရှိလာပြန်လေသည်။

"ကိုယ့်ကိုချည်းပဲ ယူ စုံစမ်းစစ်ဆေးနေတာပဲ။ အခု ယူ ဘယ်မှာလဲ။ ဘာလာလုပ်တာလဲ။ ဒီသင်တန်းဟာ သူနာပြုတွေရဲ့ ကာလသားရောဂါဆိုင်ရာ လူမှုဆက်ဆံရေး စုံစမ်းရေးမှူးတွေကို ပေးတဲ့ သင်တန်း။ ဆရာဝန် ဆိုလို့ ကိုယ်တို့ ဂျီပီစက်ရှင်က ငါးယောက်ပဲ ပါလာတာ"

"အိုင် မုံရွာကပြောင်းလာတာ၊ အိုင်တို့ဘက်မှာလည်း အိပ်ချ်အိုင်ဗွီကူးစက်မှုတွေ အများကြီး ရှိနေပြီကွ။ ဖားကန့် ဘာညာ အလုပ်သွားလုပ်ရင်း၊ ကူးသန်းရောင်းဝယ်ရင်း (ပြောင်းရွှေ့သွားလာနေတဲ့လူတွေ) mobile population မှာ (အန္တရာယ်ရှိနိုင်တဲ့အကြောင်း) risk factors တွေ ရှိတာပေါ့။ အိုင် စိတ်ဝင်စားလို့ ဦးမျိုးဆီ ခွင့်တောင်းပြီး လာတတ်တာပါ။ အိုင် ဒီနှစ် ပီဂျီအင်းထရင့် (ဘွဲ့လွန်ဆေးပညာသင်တန်းတတ်ရန် အရည်အချင်းစစ် စာမေးပွဲ) ဖြေထားတယ်။ မိုက်ကရိုဘိုင်အိုလောဂျီ (ပိုးမွှားဗေဒ) ကွ"

"ယူ ဘယ်ဆေးရုံမှာလဲ"

"လက်ပံကုန်းတိုက်နယ်ဆေးရုံ၊ ဒလနဲ့ ကွမ်းခြံကုန်း နယ်စပ်လောက်ပေါ့ကွာ"

"လက်ခုပ်ကုန်း မဟုတ်ဘူးလား"

"ဟေးတယ်။ ဒါပေမယ့် ယူသွားခြင်ရင် အိုင် လိုက်ပို့ပေးမှာပေါ့"

"ယူ မိန်းမရပြီလား"

"နိုး.. ယူ့ကို မရကတည်းက အိုင် လူပျိုကြီးပဲ လုပ်တော့မယ် ဆုံးဖြတ်ထားတာ"

နနခိုင်က မျက်စောင်းချတ်ရင်း ရယ်မောသည်။

"အတော်ပါပဲ။ ခုနက မန်နေဂျာကြီးပေးမယ့် ဆယ့်နှစ်ဒါဇင်နဲ့"

"အိုင်က လေ့လာသူပါကွာ။ အိုင် မရပါဘူး"

"ကောင်းပြီလေ၊ ကိုယ် ဝေမျှပါ့မယ်"

"ကျေးဇူးပါပဲ နနခိုင်ရာ"

ကဲ.. ဆေးပညာလောကမှ သူငယ်ချင်းနှစ်ယောက် ပြောစကားတွေသည် ပြင်ပလောကသားတွေ ကြားလျှင် နားဝင်ထောင့်နေနိုင်ပေသည်။

ဖုန်းမြင့်ကေ စာသင်ခန်းအပြင်ဘက် ကော်ရစ်ဒါ၏ လက်ယာဘက်သို့ လှည့်ကြည့်သည်။

"ဦးမျိုး ပြန်လာပြီကွ၊ အိုင့်နေရာ ပြန်လိုက်ဦးမယ်။ မပြန်ခင်.."

သူသည် တမင်တကာ ခါးကိုင်းကာ နှစ်ကိုယ်ကြား မပွံ့တပွံ့ မေးမြန်းရသလိုဟန်ပန်နှင့်...

"ယူကော အခုထိ တစ်ယောက်တည်းပဲလား" ဟု မေးသည်။

"ဒါပေါ့ကွာ၊ စွံမှမစွံပဲ"

တစ်ချက်လေချွန်ကာ ကာလသားကလေးတစ်ယောက် ဂမ်းမြောက်ဂမ်းသာ ဖြစ်သွားလေဟန် မြောက်ကြွမြောက်ကြွနှင့် သူ့နေရာသူ ပြန်သွားတော့သည်။ ကေက အဲသလို မဟုတ် အဟုတ်လုပ်တတ်၊ နောက်ပြောင်တတ်လေသည်။

နနခိုင် ပြုံးရယ်ပြီး ကျန်ရစ်သလို သန်းသန်းအောင်က နနခိုင်ကို အသာတွန်းကာ ကျီစယ်သည်။ နံဘေးခုံမှ စုံစမ်းရေးမှူးကလေးလည်း ပြုံးယောင်ပြုနေတော့သည်။

ဆက်လက် သင်တန်းပို့ချရာ၌ မြန်မာနိုင်ငံ၌ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ထိန်းသိမ်းမှုဆိုင်ရာ နှစ်သိမ့်အားပေး ပညာပေးမှု၏ ကဏ္ဍကို အကျယ်တဝင့် သုံးသပ်တင်ပြသွားသည်ကို နနခိုင်သည် စာရွက်တွင် အချက်အလက်တချို့ ကောက်နှုတ်တေးမှတ်သည်။

နောက်တစ်ချိန်မှာ မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော အေအိုင်ဒီအက်စ်ဝေဒနာ၏ ရောဂါလက္ခဏာများနှင့် ရောဂါဟု သတ်မှတ်ရန် စုံပြုအထောက်အထားများအကြောင်း ပို့ချပေးခြင်း ဖြစ်သည်။

"အိပ်ချ်အိုင်ဗွီပိုးဟာ ဗိုင်းရပ်စ် ဖြစ်တယ် ဆိုတာ ဆရာ၊ ဆရာမတို့ သိနေပါပြီ။ အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ဟာ ရီထရိုဗိုင်းရပ်စ် ဖြစ်တယ်။ သူက DNA ကို ပြန်လည်ပြောင်းလဲ ထုပ်လုပ်နိုင်နေပါတယ်။ ဒါကြောင့် Retrovirus လို့ ခေါ်တာပါ။ လူတစ်ယောက်ရဲ့ သွေးထဲရောက်ရှိသွားပြီးတဲ့နောက် အဲဒီလူရဲ့ ကလာပ်စည်းထဲကို ဝင်ရောက်သွားတဲ့ ဗိုင်းရပ်စ် DNA ဟာ လက်ခံရတဲ့လူ Host ရဲ့ ဒီအင်အေအဖြစ် အသွင်ပြောင်းပြီး ဟန်ဆောင် သွားတယ်။ အတွင်းမှာ ဗိုင်းရပ်စ်ရဲ့ ဒီအင်အေပဲ။ ဒါပေမယ့် ဥပမာဆောင်ပြရမယ် ဆိုရင်.."

သော့ခတ်ထားသော အိမ်တစ်အိမ်အတွင်းသို့ သော့တူအသုံးပြုပြီး ဝင်ရောက်လာသော မသမာသူတစ်ဦး နှင့် အလားသဏ္ဍာန် တူညီသည်။ သူသည် အိမ်ထဲသို့ဝင်၊ မိသားစုတွေ၏ အဝတ်အစားကို ဝတ်ဆင်ခြုံလွှမ်းကာ ပုံမှားရိုက် ဟန်ဆောင်ရောနှောနေလိုက်တော့သည်။ မိသားစုတစ်ဦးဟု ထင်ယောင်မှားကာ မသမာသူ၏ အတွင်း ဝင်ရောက် ခလောက်ဆန်မှုကို အသိမဲ့ ခံစားကြရလေတော့သည်။

ဤသင်တန်းတတ်ပါဆိုသော တာဝန်ပေးချက်အရ မင်းတိုင်းကျေ ရောက်ရှိနေရသော နနခိုင်သည် အိပ်ချ်အိုင်ဗွီကို ပထမဆုံးအကြိမ်အဖြစ် စိတ်ဝင်စားမိသည်။

အေအိုင်ဒီအက်စ်ရောဂါနှင့် ပက်သက်၍ အမှန်တော့ နနခိုင် ခါးသီးဆန့်ကျင်သည်။

မူးယစ်ဆေးစွဲသူတွေ၊ ရာဂရမ္မက် လွန်ကြူးသူတွေကို ဒဏ်ခတ်လိုက်ခြင်းသာ ဖြစ်သည်။ သင်းတို့ထိုက် သင်းတို့ကံ ဘာများ ကြောင့်ကျစရာ ရှိတာမှတ်လို့။ ဘေးလူတွေ အနေသာကြီးပါ ဆိုသော တစ်ယူသန်မှတ်ချက် ဖြင့် နနခိုင်၏ နှလုံးသားက မလိုလားစွာ ကျောခိုင်းထားခဲ့သည်။

"ကိုယ်ခန္ဓာထဲ အိပ်ချ်အိုင်ဗွီပိုး ရောက်ရှိပြီးနောက် ခြောက်လမှ ဆယ်နှစ်အတွင်း ရောဂါလက္ခဏာမပြဘဲ လူကောင်းပကတိပမာ လူအများကြား သွားလာလှုပ်ရှားနေနိုင်ပါတယ်။ ခင်ဗျားမှာလား။ ကျွန်တော့်မှာလား။ ဘယ်သူ့မှာရှိမလဲ သွေးဖောက်မစစ်ဘဲ ဘယ်လိုမှ မသိနိုင်ပါဘူး"

နနခိုင်ရှေ့ခုံမှ စုံစမ်းရေးမှူးကို သူ့နံဘေးမှ တစ်ယောက်က လက်ကုတ်ကာ -

"ခင်ဗျားမှာ ရှိနေနိုင်တယ်တဲ့ဗျ" ဟု နောက်ပြောင်နေသည်။

"အဲဒီလို ရောဂါလက္ခဏာပေါ်လာချိန် ကွာဟမှုဟာ ဘာကြောင့်လဲလို့ မေးစရာရှိနေပါတယ်"

"ပင်ကိုယ်ခုခံအားနည်းရင် အိပ်ချ်အိုင်ဗွီပိုးရဲ့ ဖျက်ဆီးမှုအတိုင်းအတာပမာဏ အမြန်ပြည့်မှီပြီး ရောဂါ လက္ခဏာ မြန်မြန်ပေါ်ပါမယ်"

"ဝင်လာတဲ့ ရောဂါပိုးပမာဏ အတိုင်းအဆများရင် များများ ဖြန့်ကျက်ပွားများ ဖျက်ဆီးနိုင်အား ရှိတာကြောင့် မြန်မြန် ရောဂါလက္ခဏာ ပေါ်လာပါမယ်"

"အိပ်ချ်အိုင်ဗွီ ဂမ်း၊ အိပ်ချ်အိုင်ဗွီ တူးရယ်လို့ မကွဲပြားဘဲ ရောဂါပိုးချင်း တူနေဦးတော့ တချို့ပိုးက ပိုပြီး Virulent ဖြစ်နေနိုင်ပါတယ်။ ပိုပြီး ဆိုးသွမ်းပြင်းထန်နေနိုင်တယ် ဆိုပါတော့။ အဲဒီအတွက်ကြောင့်လည်း ရောဂါ လက္ခဏာ ပေါ်လာချိန် ကွာခြားတတ်ပါတယ်။ အခု နှစ်ပိုင်းခွဲခြားပြနိုင်ပါပြီ။"

"အိပ်ချ်အိုင်ဗွီပိုး ရှိတယ်။ ရောဂါလက္ခဏာ မပြသေးဘူး။ အိပ်ချ်အိုင်ဗွီပိုး ရှိတယ်။ ရောဂါလက္ခဏာ ပေါ်လာပြီ။ အေအိုင်ဒီအက်စ်လို့ ခေါ်ဆိုသတ်မှတ်နိုင်တဲ့ ရောဂါလက္ခဏာတွေကို ဘယ်လိုခွဲခြား ပုံစံချကြမလဲ"

အဓိက လက္ခဏာများ -

၁။ သိသိသာသာ ပိန်ချုံးသွားမယ်။ တစ်လအတွင်း ကိုယ်အလေးချိန် သိသိသာသာ လျော့ကျသွားမယ်။ တစ်ဆယ်ရာနှုန်းလို့ သတ်မှတ်ပါတယ်။ ပိန်ကျသွားတယ်၊ သိသိသာသာ ပိန်ကျသွားတယ်ဆိုရင် ဆယ်ရာနှုန်း ပြည့်မှီမှာပါ။

၂။ တစ်လမက ဝမ်းပျက်ဝမ်းလျှောမယ်။ ရပ်သွားလိုက် ပြန်ဖြစ်လိုက်။

၃။ တစ်လမက ဖျားမယ်။ ကိုယ်ပူကျသွားလည်း တစ်ရက်နှစ်ရက်နေ ပြန်ဖျား။

သာမာန်လက္ခဏာများ -

၁။ တစ်လမက အဆက်မပြတ် ချောင်းဆိုးနေမယ်။ တီဘီရောဂါမဟုတ်ဘဲ ချောင်းဆိုးနေတာကို ဆိုလိုပါတယ်။ ဓာတ်မှန်မှာ တီဘီမတွေ့၊ သလိပ်မှာ တီဘီပိုးမတွေ့ဘဲနဲ့ကို ချောင်းဆိုးနေတာ။

၂။ တစ်ကိုယ်လုံး ယားယံပြီး အရေပြားရောင်ရမ်းမယ်။ ဂဲမဟုတ်ဘဲကို ယားယံနေမယ်။ ဂဲဆိုတာ သည်တိုင်းပြည်မှာက အများစုမှာ ဖောဖောသီသီ ရှိနေတတ်တာ။ သည်နေရာမှာ ဂဲကို မဆိုလိုပါဘူး။

၃။ အရေပြားပေါ်မှာ သွေးခြည်ဥသလို အနာတွေပေါ်မယ်။

၄။ မုက္ခရုပေါက်မယ်။

၅။ ဆင်ရေယုန် ပေါက်မယ်။

၆။ အကျိတ်တွေ ရောင်မယ်။

အဓိကလက္ခဏာနှစ်ခု၊ သာမာန်လက္ခဏာ တစ်ခု။

ဒါတွေတွေ့ရင် သံသယရှိရပါမယ်။ သွေးဖေါက်စစ်လို့ ပိုးတွေ့ရင်တော့ အေအိုင်ဒီအက်ဒ် သေချာသွားပြီပေါ့ ခင်ဗျာ"

"မေးစရာ ရှိကြပါသလား"

နုနုခိုင်က လက်တစ်ဖက်ဆန့်မြှောက်သည်။

"ဆရာ၊ ကျွန်မရဲ့ လူနာတစ်ယောက်ဟာ တီဘီပါပဲ။ သလိပ်စစ်တာ တီဘီပိုးတွေ့ပါတယ်။ ဓာတ်မှန်ကတော့ hilar nodes တွေ အကြီးကြီးပဲ။ apex မှာ မတွေ့ပါဘူး။ ဘယ်လိုဖြစ်ဖြစ် သူက တီဘီပဲ။ ဒါပေမယ့် သူ့လျှာနဲ့ အာခေါင်မှာ မှက္ခရုတွေချည်းပဲ"

"ဟုတ်ပြီ၊ ဟုတ်ကဲ့"

သမားတော်ကြီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း စိတ်ဝင်တစား ရှိနေသည်။

"သူ့ကို ကျွန်မက သာမာန် တီဘီရောဂါသည်လို့ပဲ သတ်မှတ်ထားနိုင်ပါ့မလား"

"တီဘီသမားကို အေအိုင်ဒီအက်စ်လို့ မသတ်မှတ်ပါဘူး။ သို့သော် ခုခံအားကျဆင်းနေတဲ့ လူတစ်ယောက်ကို တီဘီပိုးက အလွယ်တကူ ဝင်ရောက်လာနိုင်တယ်ဆိုတာ သတိထားရလိမ့်မယ်။ တီဘီဆိုရင် ဖျားမယ်၊ ပိန်မယ်၊ ချောင်းဆိုးမယ်။ ကျန်းသေပါတယ်။ အဲ.. ဒါပေမယ့် ပါးစပ်ဟခိုင်းကြည့်၊ သာမာန် တီဘီသမားမှာ မှက္ခရု မတွေ့ပါဘူး။ အာခေါင်မှာလျှာမှာ မှက္ခရုတွေလို့ကတော့ သေချာနေပြီ။ လောင်းသာ လောင်းချလိုက်တော့၊ တီဘီနဲ့ မှက္ခရု ဘာဆိုင်လို့တုံး"

ပရိုဂျက်တာနှင့် ဆလိုက်မှန်ချပ်များကို ပိတ်ကားပေါ်သို့ ထိုးပြရှင်းလင်းသည်။ Transparency (ရှင်းလင်းမြင်ကော်ပြားချပ်များ) မှတစ်ဆင့် မှတ်သင့်မှတ်ရာများကို တင်ပြပို့ချသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ရွေးချယ်စေလွှတ်လိုက်သောကြောင့် ဤ ခုခံအားကျဆင်းမှုကူးစက်ရောဂါ နှစ်သိမ့်ဆွေးနွေး အကြံပေးဆိုင်ရာ အခြေခံသင်တန်းသို့ နုနုခိုင် တတ်ရောက်လာခဲ့ရလျှက် အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်နှင့် နုနုခိုင် ဘယ်လိုမှ မနီးစပ်မပတ်သက်ဘူးဟုသာ သဘောပိုက်လျက် ဥပေက္ခာပြုထားခဲ့ လေသမျှ မမျှော်လင့်ပါဘဲလျက် နုနုခိုင်၏လူနာ ကိုပြုံးကြည်နှင့် အေအိုင်ဒီအက်စ် စပ်နွယ်နီးစပ်လာနေပါပြီကော။

နုနုခိုင် ငေးငိုင်သွားပြီးမှ အားယူပြုံးရသည်။

"သူက အသားအနာမခံနိုင်ဘူးဆိုပြီး Streptomycin ကို လုံးဝ ငြင်းဆန်တယ်။ ကုသမှုရအောင် သူ့ကို ကျွန်မ INHET B Rifampicin ရံဖန်ရံခါ အားဆေးထိုးပေးပေမယ့် အပ်တွေ ဆေးထိုးပိုက်တွေကို အမြဲတမ်း ကျွန်မ ဆူပွတ်အောင် ပြုတ်ပါတယ်"

ရိုက်မစစ်ရဘဲ ကာကွယ်လျောက်လဲနေသည့်အတွက် သင်တန်းတတ်ဖော် သန်းသန်းအောင်က နုနုခိုင်၏ လက်မောင်းကို မနာအောင် အသာဆိတ်ပြီး ကျီစယ်သည်။

"ဆရာမအနေနဲ့ လူနာကို သွေးဖောက်စစ်ဆေးဖြစ်အောင် ညှိနှိုင်းဆွေးနွေးကြည့်နိုင်ပါတယ်။ ဒီသင်တန်း ပြီးဆုံးတဲ့အခါမှာ ဆရာမ ဘယ်လိုဆောင်ရွက်မယ်ဆိုတာ ဆုံးဖြတ်ပြီးသား အသင့်ဖြစ်နေနိုင်ပါတယ်။ ကျွန်တော်တို့နဲ့ ညှိနှိုင်းနိုင်သလို Counselling Team နဲ့ ညှိနှိုင်းနိုင်ပါတယ်။ ကျွန်တော်တို့က ဆရာမဖြည့်ဖို့ ပုံစံစာရွက် ပေးလိုက်ပါ့မယ်"

နုနုခိုင်သည် သူမ၏လူနာ ကိုပြုံးကြည်ကို ဘယ်လိုမှ အိပ်ချ်အိုင်ဗွီပိုး ရရှိနိုင်မည့်သူအဖြစ် ပုံဖော်ကြည့်၍ မရနိုင်ဘဲ ရှိသည်။

ရိုးရိုးအေးအေး၊ တည်တည်ကြည်ကြည်၊ မိန်းမ နေမကောင်းဖြစ်လည်း အဖော်အဖြစ် ပါလာသည်။ တစ်ခါတစ်ရံ ကလေး နေမကောင်းတာကို မိန်းမ မအား၍ သူပဲ ချီပိုးလာသည်။

အခုတစ်ခေါက်လေးမှာမှ ယူပစ်လိုက်သလို ပိန်ချုံးချိနဲ့သွားပြီး တီဘီပေါ်လာတာ။

သည်ပုံသာဖြင့် အိပ်ချ်အိုင်ဗွီပိုးတွေ့ဖို့ အလားအလာ များနေပါပေါ့လား။

"တခြားမေးစရာ ရှိပါသလား၊ ရှိရင် မေးကြပါ။ မခြွင်းမချန် အကုန်မေးထားမှ ဒီဘာသာရပ်ကို ကျွမ်းကျင်သွားကြမှာပါ"

နနခိုင် မေးချင်လွန်းလှသဖြင့် နှုတ်ခမ်းက တလှုပ်လှုပ်ဖြစ်နေသည်။

သမားတော်ကြီး ဦးရဲမြ သတိထားမိကာ ခေါင်းဆတ် ခွင့်ပြု၏။

"ကျွန်မ ကပ်သတ်တာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီရောဂါကို ကုသဆေးမပြောနဲ့၊ ကာကွယ်ဆေးတောင် မတွေ့သေးဘဲနဲ့ ရောဂါရှင်တွေကို ဘာလို့ကုနေကြမှာလဲ"

ဆရာက ပြုံး၍ ခေါင်းညိတ်သည်။

"မကုရင် သူတို့ကို ဘယ်လိုဖော်ထုတ်မလဲ။ သူတို့ ကိုယ်ဖျောက်နေရင် သွေးကတစ်ဆင့်၊ sex ကတစ်ဆင့်၊ မိခင်က သန္ဓေသားကိုတစ်ဆင့် ဘယ်လောက် ကူးစက်လိုက်ကြမလဲ။ ကျွန်တော်တို့ ကာကွယ်တားဆီးရေး လုပ်ကြရမယ်။ သူတို့မှာ ကပ်ငြိနေတဲ့ တီဘီ၊ ဝမ်းလျှော၊ ကပ်ပါးရောဂါတို့ကို ကုပေးရင်း သူတို့ဆီက ရောဂါ သူများကို မကူးစက်အောင် ကျမ်းမာရေးပညာပေးရမယ်။ ပြီးတော့ အပြစ်ကင်းတဲ့သူ၊ အမှားကင်းတဲ့သူ ဘယ်မှာ ရှိမလဲဗျာ။ ဘူးပေါ်သလို ပေါ်လာတဲ့သူနဲ့ ကျိတ်မြုံနေတဲ့သူ အမှားကျူးလွန်တာချင်းတော့ အတူတူပဲ မဟုတ်လား။ ပိုင်းပယ်မဲ့အစား သူတို့ရဲ့ နောက်ဆုံးအချိန်ကို အေးအေးချမ်းချမ်း ကုန်ဆုံးခွင့်ပေးပြီး သိက္ခာရှိရှိ ကုန်ဆုံးသွားအောင် ကူညီသင့်ကြပါတယ်ဗျာ"

ဖြေကြားမှုများဖြင့် တက်တက်ကြွကြွ နိုးနိုးကြားကြား ကုန်ဆုံးသွားခဲ့သည်။

နေ့ခင်း ဆယ့်နှစ်နာရီ သုံးဆယ်။

ခန့်မှန်းလျာထားချက်ထက် လေးဆယ့်ငါးမိနစ် ပိုစွန်းသွားခဲ့၏။

"ဆရာတို့ စားသောက်ရေးအဆင်ပြေအောင် တစ်နာရီသုံးဆယ်မှပဲ ညနေပိုင်းသင်တန်း ပြန်စမှာ ဖြစ်ပါတယ်။ နေ့ခင်းမှာ အိပ်ငိုက်ပြေ လက်ဖက်ရည် တည်ခင်းဧည့်ခံဦးမယ့်အကြောင်း သတင်းကောင်း ပါးပါရစေ။ ဖွင့်ပွဲနေ့ အထိမ်းအမှတ်ပေါ့ ခင်ဗျာ"

ညနေပိုင်းသင်တန်းတွင် နှစ်သိမ့်ဆွေးနွေး အကြံပေးမှု ပို့ချချက်များကို ဦးဆွေမြင့်၊ ဦးမြတ်သူ၊ ဒေါ်အေးမြလွင်တို့ထံမှ ကြားနာဆွေးနွေးရမည်။

စာအုပ်တွေကို သိမ်းဆည်းရင်း သန်းသန်းအောင်က နောက်နေ့တွေ လက်ဖက်ရည်မတိုက်ဘူး ထင်တယ်နော်ဟု ထင်မြင်ချက် ပေးသည်။

"ဒါပေါ့၊ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ပေါ့"

နနခိုင်က ကျဲပါးသောမျက်ခုံးကလေးတွေ ရှုံ့တွန့်လျက် တစ်စုံတစ်ရာ အလိုမကျစွာ မျက်နှာမှုန်မှိုင်းနေသည်။

"လာ.. လာ.. မချော၊ အိုင်တို့ Woody House လိမ့်ကြရအောင်၊ အိုင့်မှာ ဒလိမ့်ပါတယ်"

ဖုန်းမြင့်ကေသည် နနခိုင်နံဘေးသို့ ဖျတ်ခနဲဆို ရောက်ရှိလာပြန်လျက် ပုခုံးတို့ပြီး လည်ကုတ်ကို အာငွေ့ပူနွေးသွားစေသည်အထိ နီးနီးကပ်ကပ် ခါးကိုင်းပြီးပြောသည်။

"အခု ယူ ဘာဒလိမ့်စီးနေလဲဟင်"

"ကရိုလာကွ၊ ဓအောက်မြိုက်နံပတ်ကြီးပါကွာ။ အင်ဂျင်ဟောင်းလို့ ငွေလည်း ထပ်မလိုက်နိုင်လို့ အိုင်ကုတ်ကတ်ပြီး စီးနေတာ"

"မဆိုးပါဘူးကွာ။ ကိုယ်လည်း ဓာတ်ဆီဖိုးမတတ်နိုင်လို့ ဘတ်စ်ကားနဲ့ပဲ အများအားဖြင့် လိမ့်နေရတာပါ"

ဖုန်းမြင့်ကေနှင့် နနခိုင် နီးကပ်ခင်မင်ကြသည်မှာ အဲသလို ရိုးသားမှုတွေကြောင့် အများကြီးပါဝင်နေသည်။ ဖုန်းမြင့်ကေ ပွင့်လင်းလွန်းသည်။ အရှိအရှိအတိုင်း အမှန် အမှန်အတိုင်း။

နနခိုင်က သင်တန်းအတူတက်ဖော် သန်းသန်းအောင်အား အပြုံးဖြင့် ဖိတ်ခေါ်သည်။

"လိုက်ခဲ့ပါလား၊ ယူ ပျင်းနေဦးမယ်"

အေးဆေးသော သန်းသန်းအောင်သည် ဖုန်းမြင့်ကေ၏ ပေါက်ကရလေးဆယ် စိတ်ကူးတည့်သလို ပြောဟောနေပုံတွေကို ခံနိုင်ရည် ရှိပုံမရ။

"ဟင့်အင်း.. ဒီမှာ သန်းထွန်းအောင်တို့ ရှိသားပဲ။ ပြီးတော့ ကျွန်မက မုန့်ပါလာတယ်"

ဆက်ခေါ်မနေတော့ပဲ နနခိုင်က ဖုန်းမြင့်ကေနောက် ကောက်ကောက်ကနဲပါလာသည်။

ကူးစက်ရောဂါကု ဆေးရုံဝင်းမှ ထွက်ခွာလာကြပြီး သိမ်ဖြူလမ်းအတိုင်း ကွေ့ဆင်းလာသည်။

"အိုင် အလေးအနက် ပြောရမယ်ဆိုရင်"

"ရပါတယ်။ ယူ့ဘာသာ လေးနက်နက် မနက်နက်"

"နနခိုင်ကတော့ကွာ၊ အိုင် သိချင်နေတာ တစ်ခုရှိတယ်ကွ"

ဖုန်းမြင့်ကေ ကားမောင်းမြန်လွန်းသဖြင့် နနခိုင် အသည်းတအေးအေး ဖြစ်နေသည်။

"ကားမောင်းတာကိုပဲ ယူ စိတ်ဝင်စားနေပါလား ကေရယ်"

"ရပါတယ်ကွ၊ အိုင့်ကို စိတ်ချစမ်းပါ"

ရုတ်တရက် မီးပွိုင့်ဂါသွားသဖြင့် ပွိုင့်အနီး ကပ်တော့ရောက်နေပြီဖြစ်သော ဖုန်းမြင့်ကေ ဒက်စတော့ ဘရိတ် ဖမ်းလိုက်ရသည်။ သတိထားသည့်ကြားမှ နနခိုင် ဟပ်ထိုးရှေ့စိုက်သွားကာ ဒက်ရှ်ဘုတ်နှင့် မျက်နှာမရိုက်မိအောင် အတော် သတိထားလိုက်ရလေသည်။

"ဆောရီး ခိုင်၊ နောက်တခါ မဖြစ်စေရပါဘူး"

"ထားပါတော့လေ၊ ရပါတယ်"

ဖုန်းမြင့်ကေ ရယ်ကျဲကျဲ လုပ်နေလေသည်။

"အိုင် မိတ္တီလာရောက်တာ ယူ သိလား"

"ကြားမိသလိုပဲ"

"နှစ်နှစ်ကြာခဲ့တယ်ကွ။ အဲဒီမှာနေတုန်း ဘုရားကြီးကို တိုက်နယ်ဆရာဂန်မရောက်လို့ သုံးလသွားနေလိုက်ရ သေးတယ်"

နနခိုင်၏အပြုံး ပျောက်ကွယ်သွားသည်။ အဟောင်းတွေ အသစ်ဖြစ်ကာ ချက်ချင်း ရင်မှာ တင်းကျပ်လာခဲ့သည်။

"ယူ့ ဇင်ယော်အကြောင်းကို ဘုရားကြီးက တသသ ပြောကြတုန်းပဲ ခိုင်"

နနခိုင်သည် ဖုန်းမြင့်ကေကို လှည့်မကြည့်။ အင်းအဲလည်း မလိုက်ပေ။

"အဲဒီမြို့လေးမှာ အတော်ကြီး ဟိုးလေးတကျော် ဖြစ်ခဲ့သမျှဟာ နောက်ဆုံးတော့ လူငယ်စုက ယူ့အပေါ် အချစ်ကြီးချစ်ရှာတဲ့ ဇင်ယော်ကိုပဲ အချစ်သမားကြီးအဖြစ် စံပြီးရိုးကြီးလို ကိုးကွယ်နေကြတော့တယ်"

နနခိုင်သည် သည်းမခံနိုင်တော့ဘဲ မျက်နှာသုန်မှုန်လာသည်။

"သူ့ကောင်မလေးက လင်ရလို့ ကလေးနှစ်ယောက်ရနေပြီတဲ့"

နနခိုင် ဆတ်ကနဲ လှည့်ကြည့်သည်။

"ယူ တစ်ဆိတ် ပါးစပ်ပိတ်ထားလိုက်ပါလား ကေ။ ကိုယ် အရမ်း နားကလောတယ်"

ဗိုလ်ချုပ်လမ်းပေါ် ဂီးကနဲ ချိုးကွေ့လိုက်ရင်း ဖုန်းမြင့်ကေက အမြန် စကားဆက်၏။

"ယူက ဇင်ယော်ကို ခွင့်မှမလွှတ်ဘဲ။ ဘာမဟုတ်တဲ့ကိစ္စကလေးကို ပုံကြီးချဲ့လို့ကွာ"

"Shut your big mouth" ဟု နနခိုင်က ဖုန်းမြင့်ကေပါးစပ်ကြီးကို ပိတ်ထားခိုင်းသည်။

"အလုပ်ကို စွန့်လွှတ်ပြီး ခြေရာဖျောက်သွားတဲ့ အချစ်သူရဲကောင်းကြီး ဇင်ယော်လိုတော့ အိုင့်မှာ သမိုင်းကြောင်း မရှိဘူးပေါ့ ခိုင်ရာ။ ဒါပေမယ့် အိုင့်နည်းအိုင့်ဟန်နဲ့"

"အရှုံးထမနေနဲ့လေ၊ ပူဒီးဟောက်စ်ကို ယူ လွှန်လာပြီ၊ သိရဲ့လား"

ဖုန်းမြင့်ကေ ပြန်ကြည့်ပြီး အပြစ်ရှိသူပမာ စပ်ဖြဲဖြဲ ပြုံးနေတော့သည်။

ဇင်ယော်ဆိုသော နာမည်ကို ပြန်ကြားရုံမျှနှင့်ပင် တုန်လှုပ်ကြေကွဲရကြောင်း နနခိုင် ဖုံးဖိရပါလေ၏။

* * * * * *

# မဆိုင်ချင်လည်း ဆိုင်မိသည်

နနခိုင်သည် သင်တန်းဆင်းပြီး တစ်ပတ်အကြာတွင် ကူးစက်ရောဂါကုဆေးရုံသို့ တစ်ခေါက် ပြန်လည်ရောက်ရှိလာရလေသည်။

အေအိုင်ဒီအက်စ်နဲ့သူနဲ့ ဘာမှ မသက်ဆိုင်နိုင်ဘူးဟု အမှတ်မဲ့နေခဲ့ပါလျက် အေအိုင်ဒီအက်စ်သည် သူမကို တစ်ရစ်ပြီးတစ်ရစ် ချည်ဖွဲ့လာခဲ့လေသည်။

ပထမ မြန်မာနိုင်ငံ ဆရာဂန်အသင်းမှ အထွေထွေရောဂါကု အဖွဲ့ဝင်တစ်ဦးအဖြစ် အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် နှစ်သိမ့်ဆွေးနွေး ပညာပေးသင်တန်း တက်ရောက်ရန် စေလွှတ်သည်။

ဒုတိယ သူမ၏ လက်ရင်းလူနာ ကိုပြုံးကြည်ကို နှစ်သိမ့်နားချ ဖျောင်းဖျပြီး ရောဂါပိုးစစ်ဆေးကြည့်ဖို့ ကူးစက်ရောဂါကုဆေးရုံသို့ စေလွှတ်သည်။

"ဒီစာရွက်သာ ပြလိုက် ကိုပြုံးကြည်၊ ရှင့်ကို သွေးဖောက်ယူထားပြီး ရက်ချိန်းပေးတဲ့နေ့ အဖြေသွားယူယုံပဲ"

ဟန်ဆောင်မှုအတတ်ပညာကိုလည်း ဆရာဂန်၏ ကုသမှုတွင် ထည့်သွင်းတတ်မြောက်ထားရလေသည်။

"ဒီလက္ခဏာတွေဟာ ကိုပြုံးကြည် မဆင်ခြင်ထားတာတွေ ရှိနေတယ်ဆိုတာ ညွှန်ပြနေပြီ။ လူနာအကြောင်း ဖုံးဖိလျှို့ဝှက်ပေးရမယ့်တာဝန် ကျွန်မတို့ဆရာဂန်တွေမှာ လုံးဝရှိပါတယ်။ ဒါဟာ လူများတွေသိဖို့ မဟုတ်ဘူး။ ကိုပြုံးကြည်ဇနီးတောင် မသိစေရပါဘူး။ ကုသရေးအတွက် ဆရာဂန်ကိုတော့ လူနာက ယုံကြည်ရလိမ့်မယ်နော်။ ကဲ.. ပြောပါ။ ယောကျ်ားအများစု မကင်းမှန်း ကျွန်မ နားလည်တယ်။ ကိုပြုံးကြည် ငြိစွန်းပတ်သက်လေ့ရှိသလား ဆိုတာသာ ပြော"

မျှော်မှန်းထားတာက လူပျိုတုန်းက၊ ဒါမှမဟုတ် ကျွန်တော်လည်း အပေါင်းအသင်းကခေါ်တာနဲ့ ဒါမျိုးလောက်သာ။

ခုတော့ ရိုးရိုးစင်းစင်း ဆရာဂန်အပေါ် တလေးတစား ဂန်ခံလိုက်ပုံက "ကျွန်တော် တလ လေးငါးဆယ်ခါ လောက်တော့၊ ဟုတ်ကဲ့၊ အသက်နှစ်ဆယ်လောက်ကတည်းက ဆိုတော့ အခု ကျွန်တော် အသက် သုံးဆယ့်လေးနှစ်။ ကြုံသလိုပါပဲ။ အငှေးပြေးကားမောင်းရင်း ညအိပ်ညနေ သွားတာတွေရှိတော့ ဘယ်သူ ဘယ်နေရာ သတ်သတ်မှတ်မှတ် မရှိပါဘူး။ ပြီးတော့ ဒါတွေ မဂေ မသိမဟုတ်ဘူး ခင်ဗျ။ သိတာလည်းရှိ၊ မသိတာလည်း ရှိ"

ဒါမျိုးတွေ သိပြီးကြားဖူးပြီးသားမို့ပဲ မဆန်းကြယ်သလိုလို အိုက်တင်ခံကာ ဟန်မပျက် နားထောင်နေရသော်လည်း စိတ်ထဲမှ မယုံကြည်နိုင်အောင် အံ့သြကာနေသည်။

ကားဆရာ၊ အလုပ် ပုံမှန်ကြိုးစားသည်။ မိသားစုကို ဂရုစိုက် အလေးထားသည်။ ကိုယ်နှုတ်အမူအယာ စောင့်စည်းတည်ကြည်သည်။ ဟယ်.. သူဟာ အတော် မိန်းမလိုက်စားပါလား။ သူ ပြောတာမို့ သာပဲ။ သူများဆီက သာ ကြားရင် နနခိုင် ဘယ် ယုံကြည်ပါ့မလဲ။ အခု သူ ပြောတာတောင် မလွှဲမကင်းသာ အံ့သြတယ်။

ကိုယ်ကျင့်သိက္ခာ မစောင့်စည်းသူတွေကို ခွင့်မလွှတ်တတ်သော ဗီဇစိတ်က ပါးပျဉ်းတထောင်ထောင် မာန်ဖီသည်။

အို.. ဒါပေမယ့်လေ။

ကိုပြုံးကြည်ဟာ သူမ၏လူနာ ဖြစ်နေသည်။ သူ မဆင်ခြင်ခဲ့သောကြောင့် နောက်ဆုံးပေါ်ဝေဒနာဆိုး ဆိုက်ရောက်ခဲ့ပြီ ဆိုပါစို့။ သူမ မျက်နှာလွှဲဖယ်ထားတော့မလား။

သူ့ဇနီးသည် မဝေသည်လည်း သူမ၏လူနာဖြစ်သည်။ ကူးစက်မနေဘူးဟု ဘယ်သူ ငြင်းရဲမလဲ။ သူ့ကလေး အကြီးနှစ်ယောက်က ငါးနှစ်၊ သုံးနှစ်။ မိန်းမ၏ ဗိုက်ထဲမှာက ကိုယ်ဝန်ခုနစ်လ။

အောင်မယ်လေး...။

နနခိုင် ခေါင်းနားပန်းကြီးရသည်။

ဆရာဦးရဲမြက လောင်းသာချလိုက်။ သေချာနေပြီတဲ့။

နနခိုင် မသေချာချင်။

ကိုပြုံးကြည်ကို သွေးစစ်ဖို့ တိုက်တွန်းရတာ မခဲယဉ်းပါ။ သူက ဆရာဝန်စကားကို တလေးတစား နာခံ ဆောင်ရွက်တတ်သူ ဖြစ်သည်။ ခဲယဉ်းနေသည်မှာ ဆေးရုံမသွားချင်တာပဲ ဖြစ်သည်။

"နေမကောင်းရင် ဒေါက်တာ့ဆီလာတာပဲ။ ဆေးရုံ မသွားဖူးဘူး။ သိပ်သွားခဲတာ။ တပည့် စပယ်ယာကလေး ကားပေါ်ကပြုတ်ကျတုန်းက ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာန ရောက်ဖူးတာပဲ ရှိတယ်။ ကျွန်တော် မသွားရဲဘူး"

ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့တဲ့။ ဆေးရုံရောက်အောင် ပို့ရတော့မည်။

"ဆေးရုံကို မနက်ရှစ်နာရီ အရောက်သွား။ ဂင်းထဲမဝင်ရဲရင် အဝင်ဝမှာစောင့်နေ။ ကျွန်မ လာခဲ့မယ်"

အဲဒါဟာ အေအိုင်ဒီအက်စ်မှ ကွင်းရှောင်နေ၍ မရနိုင်တော့ရုံမက အပတ်သက်ကြီး ပတ်သက်ရတော့မည့် လမ်းစပင် ဖြစ်လေသည်။

ညဂျူတီမထွက်မီ လူနာလှည့်ပတ်ကြည့်ရှုတော့မည့် အဆောင်တာဝန်ကျဆရာဝန် ဒေါ်ခင်ခင်နှင့် လက်မတင်ကလေး မီလိုက်သည်။

နနခိုင် သင်တန်းလာတက်စဉ် တွေ့ဆုံခဲ့ဖူးသဖြင့် ဒေါ်ခင်ခင်က နနခိုင်ကို မှတ်မိနေသည်။

လူနာကို ကြည့်ရှုစစ်ဆေးပြီးနောက် သွေးဖေါက်စစ်ဆေးရန် ဓါတ်ခွဲခန်းစစ်ဆေးလွှာပုံစံတွင် ဖြည့်စွက် လက်မှတ်ရေးထိုးပေးသည်။

"ကိုယ်တို့က NHL (အမျိုးသားဓါတ်ခွဲခန်း စစ်ဆေးရေးဌာန) ကို ဆယ်နာရီမထိုးခင် အရောက်ပို့ရတာ။ လူနာကို ဒီအချိန် ခေါ်လာတာ အများကြီးအဆင်ပြေတယ်"

ဟုတ်ပေသားပဲ။

ဆရာဝန် Round ကို လိုက်ကြပြီးလျှင် လူနာသစ် သို့မဟုတ် လူနာဟောင်းအား စစ်ဆေးခိုင်းသော ဓါတ်ခွဲအဖြေလွှာများအတွက် သွေးဖောက်ရင်း သူနာပြုတွေ အလုပ်များကြရပြီ။

နုနုခိုင်သည် သူမ၏လူနာ ကိုပြုံးကြည်ကို ပြန်လွှတ်လိုက်ပြီးနောက် လူနာတွေကို ဆရာဝန် လှည့်လည်စစ်ဆေး ကုသပေးသည့်နောက်သို့ လိုက်ပါသွားသည်။

သင်တန်းလာတက်စဉ်တုန်းက လူနာတွေကို ကိုယ်တိုင် ကြည့်ရှုလေ့လာနိုင်ကြောင်းဖြင့် ခွင့်ပြုချက်ရရှိခဲ့ပါရဲ့။ သက်ဆိုင်သည် မယူမှတ်ဘဲ အမှတ်မဲ့နေခဲ့မိသည်ဟု နုနုခိုင် ဝန်ခံခဲ့ပြီးပြီပဲလေ။

ကိုပြုံးကြည်နှင့် ထပ်တူထပ်မျှ လူနာမျိုးတော့ မတွေ့။ သူနှင့် ဆင်တူယိုးမှား ခံစားနေရသူတွေတော့ ရှိသည်။ ဝမ်းပျက်ဝမ်းလျှော ဒလဟောနှင့် မျက်တွင်းဟောက်ပက်ဖြစ်နေကာ သီးခြားအဆောင်မှာ ခုတင်ဖင်ပေါက်နှင့်ထားရသူလူနာသည် ခံတွင်းတွင် မှက္ခရုအပြည့် ရှိနေ၏။

ချောင်းဆိုးဖျားနာ လူနာများ။ အသည်းကျွမ်းနေသူများ။

အချို့လည်း အသားအရေ ပြည့်ပြည့်ဖြိုးဖြိုး သန်သန်စွမ်းစွမ်း ရှိနေသေးသည်။ ခုခံအားနည်းပါးမှုကြောင့် ကပ်ငြိနေသော ဝေဒနာတွေကို ကုသပေးပြီးသည့်သကာလ မကြာမီ ဆေးရုံမှဆင်းရတော့မည်။

"သူတို့ကို ဆေးရုံမဆင်းခင် ကိုယ်တို့က အဆောင် ၃ ဘက် လွှတ်ရတယ်။ ဒါမှ ကောင်ဆယ်လင်း ရမယ်။ ကိုယ်တို့ဆီ follow up မှန်မှန်လာဖို့ လိုတယ်လေ။ ခုခံအားနည်းနေတော့ အချိန်မရွေး ရောဂါကပ်နိုင်ထဖောက်နိုင်တာ"

စောစောစီးစီး ရောက်ရှိလာပြီး ကပ်ငြိသောဝေဒနာကို ခွာထုတ်ပေးနိုင်လျှင် လက်ကျန်ခုခံအားအဆောတလျှင် မြန်မြန်ဆန်ဆန် ကျဆင်းသွားမှာမဟုတ်။ ဒါဆိုလျှင် ထူထူထောင်ထောင် အသက်ရှင်နေဖို့ အချိန်ပိုပြီးကျန်မည်။

"ဒီအဆောင်ထဲက လူနာအားလုံး ပော့်စတစ်ချည်းပဲလား မမ"

"အများစုက ဟုတ်တယ်။ တချို့တော့ ရစ်ဖက်တာလည်း ရှိ၊ ဝေဒနာလက္ခဏာတွေကိုလည်း သံသယဖြစ်လို့ သွေးမစစ်ခင် မဏာမဆွေးနွေးမှု Pretest Counselling ဝင်ပြီး သွေးဖောက်ထားတုန်းပဲ။ ဒါပေမယ့် လက္ခဏာလည်း ပြနေတယ်။ မဆင်ခြင်ခဲ့တာလည်း ရှိနေရင် ပော့်စတစ်ထွက်ဖို့ များနေပါပြီ"

သည်ဆေးရုံသို့ နောက်တစ်ကြိမ်ရောက်ရှိလာစရာအကြောင်း ရှိလိမ့်ဦးမည်ဟု နုနုခိုင် မထင်မှတ်ပြန်ပေ။ သူမကိုယ်က မသက်ဆိုင်ချင်နေသောကြောင့်ပင် ဖြစ်လိမ့်မည်။

လူနာတစ်ယောက်ကတော့ ညက လည‌ကတည်းက သတိမကောင်းတော့ဘူးဟု ပြောပြသည်။ သွေးအန်၊ သွေးဝမ်းသွားနဲ့တဲ့။ ယခု gasping ရနေပြီ။ အသက်ငင်နေပြီတဲ့။ ဆွေမရှိမျိုးမရှိ pick up ပါပဲ။ ထိုနံနက် diagnosic သွေးဖောက်လိုက်သည်။ လက်မှာ အပ်ပေါက်ရာတွေတွေ့တာမို့ ဆေးသမားဖြစ်မည် မှန်းဆနိုင်လေသည်။ မူးယစ်ဆေးစွဲသူအချို့မှာ ကြွယ်ဝပိုလျှံသော အသိုင်းအဝိုင်းမှ ပေါက်ဖွားလာပြီး မြေတောင်မြှောက် ပြုပြင်လမ်းပြမှု မခိုင်ကျည်သောကြောင့် ပျက်စီးနေကြသည်ဟု နုနုခိုင် ထင်မှတ်နေသည်။

သည်အဆောင်တွင် တွေ့ရသလောက် အိပ်ချ်အိုင်ဗွီအများစုမှာ နွမ်းပါးချို့ငဲ့သူများသာ ဖြစ်သည်။ ပြီးတော့ မူးယစ်ဆေးဝါးကို အပ်တစ်ချောင်းဖြင့် သွေးကြောထဲ တစ်လှည့်စီ ထိုးသွင်းကြရင်း အိပ်ချ်အိုင်ဗွီ ကူးစက်ကြခြင်း ဖြစ်သည်။

သူတို့ ဘယ်လိုလုပ်ပြီး ဘိန်းဖြူဂယ်နိုင်ကြသလဲ။

နနခိုင် စိတ်ဝင်စားမိသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု တားဆီးရေးနှင့်ပက်သက်ပြီး နနခိုင် ဆောင်းပါးအချို့ ဖတ်ရှုဖူးသည်။ ဆေးပညာ ဂျာနယ်များ၊ ပညာရေး ဆောင်းပါးများစွာကို လူဘယ်နှစ်ယောက် ဖတ်ရှုကြပါသလဲ။ ဘယ်နှစ်ယောက် ဆင်ခြင်သွားနိုင်သလဲ။ အတိုင်းအတာတစ်ခုအထိ အကျိုးပြုလိုက်မှာတော့ သေချာပါရဲ့။ ယင်းအတိုင်းအတာသည် ဘယ်အထိ ရှည်လျားပေါက်ရောက်ပါသလဲ။

ဒေါ်ခင်ခင်ကို နှုတ်ဆက်ပြီး ကာလသားနှင့် အရေပြားရောဂါကုဌာနဘက်ရှိ တံခါးပေါက်ရှိရာသို့ လျှောက်လာခဲ့သည်။ သည်ဘက်က အမှတ် (၁) လိုင်းကားဂိတ်နှင့် ပိုနီးသည်။

ရုတ်တရက် ခေါင်းထဲသို့ အတွေးသစ်တစ်ခု ဒိန်းကနဲ ဆောင့်ဝင်လာသည်။

ကိုပြုံးကြည်၏ သွေးအဖြေကို သေချာအောင် သူမက နှစ်ပတ်ကြာမှ လာယူမည်။ ထိုအခါ သူ့သွေးမှာ ပိုးရှိကြောင်း အဖြေရပြီ ဆိုပါစို့။ သူ့ဇနီးသည် မဂေကို သွေးဖောက်စစ်ဆေးဖြစ်အောင် သူမ နှစ်သိမ့်ဆွေးနွေး ပညာပေးရမည်။ ပြီးတော့ သူမ၏ဗိုက်ထဲက ကလေး။ Vertical transmission “မိခင်မှ ကလေးသို့ ကူးစက်နှုန်း” သည် ရာနှုန်းသုံးဆယ်မှ လေးဆယ်အတွင်း ရှိနေနိုင်သည်။ မအေမှာ ပိုးရှိနေပြီဆိုပါစို့။ မွေးလာသောကလေးတွင် ပိုးပါမပါ တစ်နှစ်နှင့်ခြောက်ခကျော်မှ ကျိန်းသေ သိရှိနိုင်မည်။

သင်တန်းတုန်းက မမေးလိုက်မိသည်မှာ ဖခင်မှာ အိပ်ချ်အိုင်ဗွီပိုးရှိပြီး မိခင်မှာ ပိုးမရှိလျှင် ကလေးမှာ ပိုးပါလာ နိုင်ပါ့မလား။

ခြေလှမ်းစိပ်စိပ် လျှောက်လာသော ဒေါက်တာဒေါ်နီနီလှနှင့် ဆုံလေသည်။ သူမသည် ပုပုသေးသေး ခြေလှမ်းသွက်သွက်နှင့် ဖျတ်လတ်ကြည်ရွှင်သူကလေး ဖြစ်လေသည်။

စိတ်ထဲတွင် အုံကြွနေသောမေးခွန်းကို မျိုသိပ်မရနိုင်ပေ။

“ခိုင်ပါလား။ ဘာလာလုပ်တာလဲ”

“ကေ့စ်တစ်ခုရှိတာနဲ့ လာပို့တာပါ နီနီ၊ အစကတော့ အိပ်ချ်အိုင်ဗွီ မထင်ထားဘူးလေ။ အခု တွေးရင်းမြင်ရင်း ဟုတ်မှာပါပဲ။ သူ ဟုတ်နိုင်လေ ကိုယ် ဦးနှောက်တွေ ပူထူလာလေပဲ”

ဒေါ်နီနီလှက မျက်လုံးကလေးပိတ်အောင် တခစ်ခစ် ရယ်တော့သည်။

“ကျွန်မတို့တော့ ပူရင်းထူရင်း အခု ထုံစပြုလာပါပြီ ခိုင်”

"ကိုယ် သိချင်တာကလေ၊ ကိုယ့်လူနာက ပေါ့စတစ်ဖြစ်ပြီ ဆိုပါတော့။ သူ့မိန်းမမှာ မရှိဘူး။ negative ဆိုပါတော့။ မွေးလာမယ့်ဗိုက်ထဲက ကလေးမှာ ပိုးပါလာနိုင်ပါ့မလား"

"နနခိုင်ရဲ့၊ သူ့နက်ဂတစ်က window period နဲ့ မိနေရင်ကော။ သူ့မှာ လုံးဝမကူးစက်သေးလို့ကတော့ ကလေးဆီ ဘယ်လိုလုပ် ပိုးရောက်နိုင်ပါ့မလဲ"

နနခိုင် ခေါင်းတဆတ်ဆတ်ညိတ်ကာ "ကျေးဇူးပဲ နီနီရယ်၊ ကိုယ်လေ အရင်က အထိအတွေ့မရှိတာက တစ်ကြောင်း၊ စိတ်မဝင်စားလှတာက အဓိကပေါ့လေ။ ဒီရောဂါနဲ့ ပတ်သက်လို့ ဘာသိဘာသာပဲ။ ခုတော့"

နနခိုင် သက်ပြင်းချမိသည်။

မဆိုင်ချင်လည်း ဆိုင်၊ ဆိုင်ချင်လည်း ဆိုင်။

အကြောင်းကတော့ ရှင်းပါသည်။

သူမက ဆရာဝန်ဖြစ်နေသည်။

သူမ၏ လူနာတွေ၏ ဝေဒနာတွေကို ရေဆုံးမြေဆုံး အမြစ်လှန် ကုသပေးချင်နေသည်။ ပျောက်ကင်းအောင်၊ လူသက်သာအောင်၊ စိတ်သက်သာအောင် တတ်အားသရွေ့။

သူမ၏လူနာကို ဤပိုးသည် အနီးကပ်ခြောက်လှန့်နေပေပြီ။

တကယ်ဆို မြန်မာပြည်တွင် အိပ်ချ်အိုင်ဗွီပိုး ရောက်ရှိနေပါပြီ ဟု တပ်လှန့်ကတည်းက သူမနှင့် သက်ဆိုင်နေပြီပဲ။

ခွင့်လွှတ်ပါ မြန်မာပြည်ရယ်။

ကိုပြုံးကြည်သွေးအဖြေက နက်ဂတစ် (ပိုးမရှိ) ဖြစ်သည့်တိုင် အဲသည် ဝင်းဒိုးပီးရီးရောဒ်ကြီးကို သတိမူရလိမ့်ဦးမည်။

သွေးထဲမှာ ပိုးရှိပြီ ဆိုပါစို့။ ပိုးကို antigen ဟု သတ်မှတ်မည်။ ယင်းအင်တီဂျင် ရှိမရှိ စစ်ဆေးစမ်းသပ်နိုင်ပါသည်။ သို့သော် ထိုဓါတုဆေးက ဈေးကြီးလှသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေနှင့် သုံးနိုင်သည့် ဓါတုဆေးမှာ ယင်းပိုးကို တန်ပြန်ဖို့ လူ့ခန္ဓာကိုယ်မှ ထုတ်လုပ်သော antibody ရှိမရှိသာ ဖြစ်သည်။ ပိုးဝင်ချိန်မှ ယင်းအင်တီဘော်ဒီ စမ်းသပ်နိုင်၊ တွေ့ရှိနိုင်ချိန်သည် သုံးပတ်မှ သုံးလကြာပြီး ခြောက်လကိုးလအထိ စောင့်ကြည့်စစ်ဆေးနိုင်လေ စိတ်ချရလေ။ သတိပြုရမှာက စောင့်ကြည့်ကာလအတွင်း ပိုးဝင်နိုင်သော အမူအကျင့် တစ်စုံတစ်ရာ မပြုစွန်း မပြုလုပ်မိစေဖို့ပဲ ဖြစ်သည်။

ဟင်း.. ခက်တာပဲ။

သိပ်ခက်တာပါပဲ။

နနခိုင်သည် ခြိမ်းခြောက်နေသော အိပ်ချ်အိုင်ဗွီ၏ မထီမဲ့မြင် အပြုံးကို မြင်ယောင်အံခဲမိလေ၏။

နမ်းတစ်စေ့ပါပဲလေ။

ဒါပေမယ့် သူ့အတိုင်းအဆ တတ်နိုင်သလောက်တော့ ဆုံကပ်စာလေးပဲဖြစ်ဖြစ် ဘာလို့ ဆီမဖြစ်ရမှာလဲ။

နနခိုင်သည် နောက်နှစ်ပတ်ကြာလျှင် ဤဂေဟလံသော ဆေးရုံကြီးသို့ လိုင်းကားသုံးဆင့်စီးပြီး လာရောက်ဦးမည်ဟု မာန်တင်းကြံသည်နေလေ၏။

* * * * * *

# ဆုံမှတ်တစ်ခုတွင် တဒင်္ဂ

မခင်နွဲ့သည် အငယ်မကို နို့တိုက်ရင်း ပါးစပ်က ကွမ်းတမြုံ့မြုံ့ ဝါးနေသည်။ သမီး မာလာရီသည် မိခင်၏ လည်တိုင်နှင့် လက်ပြင်ကို နှိပ်ရင်းနှိပ်ရင်း မထိတထိနှင့် အားပျော့လာလေသည်။

"အမေ၊ မီး စာကျက်ဖို့ ဖျယောင်းတိုင် သွားဂယ်ရဦးမယ်"

"ကြောင်အိမ်ပေါ်မှာ နှစ်တိုင်တောင် ရှိပါသေးတယ်အေ့။ တစ်တိုင် သုံးကျပ် ပေးထားရတာ"

မခင်နွဲ့က ရင်ခွင်ထဲကသမီးကို မာလာရီလက်ထဲ ထိုးထည့်သည် အမှန်တော့ သုံးနှစ်ကျော်နေပြီကို နို့ပိန် ဆွဲနေတာပဲ ဖြစ်သည်။

"တစ်လှည့်ချီထားစမ်း၊ ငါ့ခါး ညောင်းချည့်လိုက်တာ။ ဟိုအဘိုးကြီးကလည်း ခုထိပဲ ပြန်မလာဘူး။ ဘယ်သွား အလေလိုက်နေမှန်း မသိပါဘူး"

"အမေကလဲ၊ အဖေ့အုံနာ ခေါ်လို့ပါဆို"

"ပုလင်းတူ ဘူးဆို့တွေပါအေ။ အခုတလော လေလံထီတဲ့။ ဖဲထက်စွဲတယ်။ ခုမှ ပိုဆိုးနေတယ်။ တစ်ခါထိုး လေးရာ့နှစ်ဆယ်၊ ဆယ်ခါ လေးထောင့်နှစ်ရာ"

"အရင်လက ပေါက်သားပဲ"

"အေးလေ၊ လူကြားတာက ငါးသောင်းရတယ်။ ခုနကပြောတဲ့ အရင်းအနီးတွေက လည်ပင်းခိုက်နေပြီပဲ"

မာလာရီ နှုတ်ခမ်းစူနေသည်။ မာလာရီအသက်က ဆယ့်ခြောက်နှစ်ပြည့်တော့မည်။ ပြောမည်ဆိုလျှင် တတိယအိမ်ထောင် ဦးမောင်အေးနဲ့ကျမှ မခင်နွဲ့သည် အိမ်ထောင်သက် မြဲလည်းမြဲပြီး သမီးလည်း သုံးယောက် ရသည်။ မာလာရီမွေးပြီး သားအိမ်ကျုံ့ဆေးစား၊ ကုပ်နှိပ်နှင့် ဆယ်နှစ်ကြာမှ အငယ်နှစ်ယောက် ထပ်ဆင့် ရရှိပြန်လေသည်။ မာလာရီက ဦးမောင်အေးဘက်နွယ်ကာ အသားဖြူစပ်စပ်၊ ပခုံးကျယ်ကျယ် ကိုယ်ပြားပြားနှင့် တုတ်တုတ်ခဲခဲ ရှိသည်။ အငယ်တွေက ဖအေနှင့် လုံးဝချွတ်စွပ်ပါပဲ။ နို့ညှာမက အခု ငါးတန်း၊ သူမ မီလာကတည်းက မာလာရီ ကျောင်းထွက်၏။ မနှစ်ကတော့ ရည်းစားထားကြည့်သည်။ စိတ်ရှုပ်ထွေးခိုက် လင်နောက် လိုက်ပြေးသည်။ အလကား ကလေပါ။ ဟီးနိုးတွေမှာ ဆေးကြော်ငြာ လိုက်ရောင်းသော အလုပ်ကိုပင် မှန်မှန် ဖောက်ချမလုပ်။

မာလာရီကို ဘယ်သူမှလိုက်မရှာ။

အစ်ကိုယ်ကြီးဇင်ယော်သာသိလျှင် မရှာဘဲနေမှာ မဟုတ်။ သို့သော် အဲသည်တစ်လောတုန်းက အစ်ကိုက တစ်ပတ်နေ၍မှ တစ်ကြိမ်ပြန်လာတာမဟုတ်ပေ။ သူ့ဘာသာ ဒေါ်လာပွဲစား၊ ကားပွဲစား လုပ်ရင်း သူငယ်ချင်းတွေ အိမ်မှာ အနေများသည်။ အစ်ကိုခင်ဇော်ကျတော့လည်း သူ့ကျောင်းနှင့်နီးရာ ဖေ့ကန်အဖိုးဆီမှာ အနေများသဖြင့် မာလာရီအကြောင်း မသိ။ ဦးကျင်ပုက်နည်းတူ ယမကာမှီဂဲတတ်ပြန်တော့ အနံ့မထွက်အောင် ရှောင်တာလည်း ပါနှင့် သူက မာလာရီတို့ကို မခင်ပါ။

နေစရာမရှိ၊ စားစရာမရှိ၊ လိုက်ပြေးသောယောက်ျား၏ နေအိမ်မှာ ကိုယ်ပိုင်အိပ်ခန်းတစ်ခုပင် ရကြတာမှ မဟုတ်တာ။

သည်ကြားထဲ သူ့တစ်မိသားစုလုံးကလဲ မာလာရီကို ဝိုင်းပြီး ငြူစူကြသည်။ ထမင်းစားမည့် ပါးစပ်တစ်ပေါက် တိုးလာတာမို့ လုံးဝမလိုလားနိုင်ကြ။

တစ်ပတ်အကြာ မာလာရီဘာသာ အိမ်ပြန်ရောက်လာသည်။ မခင်နွဲ့က တစ်ခွန်းနှစ်ခွန်း တိုင်းထွာဆဲရေးပြီး ဦးမောင်အေးကတော့ သူငယ်ချင်းနှင့် အလယ်လိုက်သွားသည်ဆိုတာပဲ ယုံကြည်နေတောသည်။ သူသည် မယားပါသားတွေကို မနှိပ်စက်သော်လည်း စိတ်ဝင်တစားမရှိရုံမက မျှမျှတတ သူ့သွေးတွေကိုလည်း အမှတ်မဲ့ပင်။

သို့နှင့်ပင် မာလာရီ လင်နောက်လိုက်ပြေးခြင်းသည် အမှတ်မထင် ပေါ့ပြက်ပြက် ပြီးဆုံးသွားခဲ့တော့၏။

ခုတော့လည်း အမေမွေးသောခလေးကို မာလာရီက ထိန်းရင်း နေ့စဉ် သံသရာပြန်ပြီး လည်ပတ် နေပြန်တော့၏။

“အစ်ကိုကြီးပြန်လာတယ် အမေ”

“ဘယ်မှာတုန်း”

“ဟိုဘက်ကွမ်းယာဆိုင်ရှေ့နားမှာ။ ဟော.. ဟော.. လမ်းဖြတ်လာပြီ။ လာနေပြီဗျို့”

မာလာရီက ပေါက်စမကို ခါးထစ်ခွင်ချီကာ လှေကားထစ်မှ အပြေးဆင်းသည်။ ကာတွန်းဖတ်နေသော နို့ညှာမ နော်ကူးမ လှမ်းခေါ်တာတောင် လှည့်မကြည့်တော့။

သူတို့ညီအစ်မ ခြံဝင်းဝအရောက်တွင် အစ်ကိုသည်လည်း လမ်းကြားထဲ အတော်ခရီးရောက်လာပေပြီ။

“အစ်ကို.. ခေါက်ဆွဲထုပ်တွေလား”

“အေးကွ၊ နန်းယုက ဝယ်လာတာ။ ဒီနေ့ အစ်ကိုအလုပ်ဖြစ်လာတယ်”

သူ့အလုပ်က ဒေါ်လာပွဲစားဖြစ်သည်။ ငါးမူးနှုန်း ဖြစ်စေကာမူ အရောင်းအဝယ်က ကားတစ်စီးစာ အလုပ်ဖြစ်လိုက်သောကြောင့် ကျပ်ငွေနှစ်ထောင်ကျော် အိပ်ထဲပါလာလေသည်။

တစ်ခါတစ်ရံလည်း ကားမှာတာ၊ ကားထုတ်တာကအစ သူ လိုက်လုပ်ပေးရသည့်အတွက် မြိုးမြိုးမြက်မြက် လေးငါးခြောက်ထောင် အိတ်ထဲရောက်လာတတ်သည်။

နေ့စဉ်မဝင်သည့်တိုင် ရှားပါးလှသည်မရှိ။ အဲသည် မရှားပါးတာကိုက သူ့ကို ဖျက်ဆီးနေတော့သည်။

“နေ့ခင်းတုန်းက ကိုအီဗရာ လာသေးတယ်”

ထွန်းအောင်လတ်က ဇင်ယော်ကို လုံးလုံးလျားလျား အမှီသဟဲပြုနေလေပြီ။ သည်ကောင့်အိမ်က သူ့ကို အကပ်မခံ။ သူ့မိသားစုအားလုံး တင်းမာနေကြတော့၏။

သူကလည်း သူပင်။

ဆေးစရိတ်များလာသောအခါ ဂပ်ရှော့မှာ ထွန်းအောင်လတ်ကို စိတ်မချရတော့။ ပစ္စည်းဖိုးတွေ၊ လက်ခတွေကို ရလျှင် ရသလို သူ့အိတ်ထဲထည့်လာသည်။ ဦးမာမွတ်သည် ကားပစ္စည်းဂယ်ဖို့ အသင့်ထုပ်ထားသော ငွေနှစ်သောင်းပျောက်ဆုံးသည့်နေ့မှာပင် ထွန်းအောင်လတ်ကို နှင်ချလိုက်တော့သည်။

ထွန်းအောင်လတ်တစ်ယောက် ဘကြီးရှိရာ ကုလားကျောင်းသို့ ရောက်ရှိလာလေသည်။ ညီအစ်ကို ဂမ်းကွဲတွေကလည်း ထွန်းအောင်လတ်ရောက်လာလျှင် ကြည်ကြည်သာသာ မရှိ။ မင်း ဆေးရုံတတ်ဖြတ်ရမယ် အီဗရာဟု အမိန့်ချမှတ်သည်။ မဟုတ်လျှင် ရဲလက်အပ်ရမှာပဲ ဆို၏။

ပြီးတော့ ဦးဒါဂိတ်က ဇင်ယော်ကို တိုင်တမ်းအပ်နှံသည်။ မင်းသူငယ်ချင်းကို ကြည့်ထိန်းဦးကွာ။ ငါ ခဏစောင့်ကြည့်မယ်။ ဆေးဖြတ်ရင်ဖြတ်။ မဖြတ်ရင် ရဲလက် အပ်ရတော့မှာပဲ။ ထောင်ထပ်ကျလည်း ကျပစေ။ အဲဒါမှ နောင်ကြဉ်မယ်ဟု ဆို၏။

ဇင်ယော်က ထွန်းအောင်လတ်ကို အိမ်ပေါ်တင်ထားချင်သည်။ သို့တစေ ဦးမောင်အေးက ထွန်းအောင်လတ်ကို လုံးဝ ကြည့်မရ။ လက်ကြောတင်းတဲ့ကောင်မှ မဟုတ်ဘဲ။ အလကား ဆေးသမားဟု စကားဟာဟ ပြောလေ့မရှိဘဲ ခပ်တန်းတန်းဆက်ဆံသည်။ သူကိုယ်တိုင် ချဲ၊ အရက်၊ ပွဲရှုတ်တာက တခြား၊ အလုပ်ကို အပတ်တကုတ် အားထုတ်သူ ဖြစ်ပေသည်။

သည်တော့ ထွန်းအောင်လတ်သည် ဇင်ယော့်ထောက်ပံ့ကြေးဖြင့် တပည့်ဖြစ်ခဲ့ဖူးသော မက္ကင်းနစ်တစ်ဦး နေအိမ်တွင် ကပ်ရပ်နေနေရလေသည်။

"ဘာမှာသွားသေးသလဲ"

"သူ ပုဇွန်တောင်မှာ ရှိမယ်တဲ့"

"ဟာကွာ.. ခုပဲ မြို့ထဲက ပြန်ရောက်လာတာ၊ တစ်ခေါက် ပြန်မထွက်ချင်တော့ဘူး"

"မထွက်နဲ့ပေ့ါ အစ်ကိုရဲ့"

မာလာရီက ခေါက်ဆွဲထုတ်တွေဆွဲပြီး ရှေ့မှသွားသည်။ ဇင်ယော်သည် မျက်မှောင်ကြုတ်ကာ စဉ်းစားချင့်ချိန်နေရသည်။ နို့ညှာမ အနားကပ်လာသဖြင့် လက်ကိုဆွဲပြီး လိုက်လာ၏။

"ခင်ဇော်လာမယ်ဆို၊ မလာသေးဘူးလား"

"လာတယ်၊ လာပြီးတော့ ဈေးဘက်သွားတယ်။ သူ့ဟာမနဲ့ ဈေးဂယ်ထွက်သတဲ့။ ပြန်မလာသေးဘူး"

ဇင်ယော်က မာလာရီကို မျက်လုံးစွေကြည့်ပြီး ပြုံးနေသည်။ ခင်ဇော်က သူ့ထက် အသက်ရှစ်နှစ်လောက် ငယ်သည်။ ခုမှ နှစ်ဆယ်မှာ တစ်နှစ်နှစ်နှစ် စွန်းသေးသည်။

သို့တစေ သည်ကောင် အေဂျီတီအိုင်ဆင်းတော့မှာမို့ ရှေ့ရေး ဖြောင့်ဖြူးသယောင် ရှိနေပေ၏။

ဦးကျင်ပုက်လို အသားဖြူပြီး ဦးကျင်ပုက်လို အရက်ကလေး တမြမြ နေချင်တတ်သော်လည်း ခင်ဇော်သည် သူ့ဘဂတက်လမ်းကို အတိုင်းအဆ မျှော်မှန်းကြိုးစားသည်။ ယခု မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၏ သမီးကလေးနှင့် အဆင်ပြေနေကာ သမီးရှင်ကတော်ကြီးကလည်း မီးစိမ်းပြသည်။

သူ့တုန်းကလို ခြေလှမ်းတစ်ချက်မှားရုံနှင့် ဘဂတစ်သက်တာ လမ်းချော်မသွားစေဖို့ ဇင်ယော်က ညီကို သတိပေးချင်သည်။ သူ့အသိစိတ်ဓာတ်နှင့်သူ ပဲ့ပြင်နိုင်ပါတယ်လေဟု စိတ်ချထားလိုက်ဖြစ်ပြန်လေ၏။

"ဇင်ယော် ဒီနေ့ အပြန်စောသားပဲ"

မိခင် ဒေါ်ခင်နွဲ့ ဂရန်တာမှ ဆီးပြောသည်။ လင်သုံးယောက်ပြောင်းခဲ့သော ဒေါ်ခင်နွဲ့သည် ကလေးငါးယောက် မွေးဖူးသည် မထင်ရအောင် နုပျိုကျစ်လစ်ဆဲ ရှိသေးသည်။ မထုံးမဖွဲ့ ပေ့ါပါးလွတ်လပ်စွာ ဖားလျားကျနေသော ဆံပင်တွေသည် အုပ်လုံးမကောင်းလျှင်သာ ရှိရမည်။ ဆံဖြူ ပါးရှားနေဆဲပင်။

"ခဏပြန်လာတာ အမေ၊ ကျွန်တော် ပြန်ထွက်ရလိမ့်ဦးမယ်။ အလုပ်တစ်ခု မပြတ်ခဲ့ဘူး"

ဇင်ယော်ပေးသော ငွေငါးရာကို အမေ ကြည်သာစွာယူသည်။ ဘယ်လိုရလာသလဲ မမေး။ သည်နေရာမှာတော့ ဦးမောင်အေးထံမှ ငွေကို လှမ်းယူသလိုပါပဲ။ အမေ့အတွက် ငွေစအချို့ သုံးစရာရှိလျှင် ပြီးစတမ်း။

မာလာရီက အစ်ကိုဖြစ်သူနောက်သို့ ကပ်လိုက်ပြီး တိုးတိုးမေးသည်။

"ကိုအီဗရာဆီ သွားမလို့လား အစ်ကို"

"ရောက်ချင်လည်း ရောက်မှာပေ့ါ"

အမှန်တော့ အီဗရာဟင်ထံသွားဖို့ ပြန်ထွက်တာပဲ ဖြစ်သည်။ တစ်နေ့လုံး ပင်ပန်းနွမ်းနယ်နေပြီမို့ သူ အားအင်ဖြည့်ဖို့ အချိန်တန်နေပြီ။ သူ့ဘာသာလည်း အလုပ်မဖြစ် မဟုတ်။ သူ၏ လက်မောင်းကို အီလတ်စတစ်ကြိုးစ ဆွဲချည်လိုက်လျှင် သူ့လက်ဖျံ၊ သူ့လက်ခုံ ဘယ်နေရာကြည့်မလဲ။ သွေးကြောတွေသည် ချောင်းတွေ၊ မြောင်းတွေ၊ ရေပိုက်တွေလို သွယ်တန်းဖြာခုံးထလာမြဲ ဖြစ်သည်။

သို့တစေ အီဗရာကို သူ ဆေးထိုးပေးဖို့လိုသည်။ သည်အကောင် ယောကျ်ားလက်မဟုတ်ဘိသကဲ့သို့ အသားအရေ ပြည့်တင်းပြီး အကြောရှာရခက်တိုင်း အမှုန့်ရှူ စီးကရက်ထဲထည့်သောက်နှင့် ဆေးစရိတ် အတော် ထောင်းလေသည်။

ဇင်ယော်ကတော့ လုပ်ငန်းကျွမ်းကျင်နေပြီ။ ဆေးထိုးပိုက်နှင့် ထိုးမလား။ မှုတ်ပိုက်သုံးရမလား။ ဘာနှင့် ဖြစ်ဖြစ် အလုပ်ဖြစ်ရုံမက အီဗရာဟင်သွေးကြောကိုပင် နှစ်ခါထက် ပိုမရှာရ။ နဂိုကမှ ဇင်ယော်အပေါ် သံယောဇဉ် ကြီးရသည့်အထဲ အစစ မှီခိုနေရသော ခုနေမှာတော့ တမ်းတမ်းစွဲနေတော့၏။

ဇင်ယော်က သူ့အခန်းထဲဝင်ကာ ရေမိုးချိုးသည်။ အပြင်တစ်ခေါက် ပြန်မထွက်မီ ဆေးတစ်ဖုံလောက် လုပ်လိုက်ချင်သည်။ လူက နေရထိုင်ရတာ ခြေကုန်လက်ပန်းကျသလို၊ ကိုင်ချင်ခဲချင်သလိုနှင့် နာမွှန်ချင် ချေဆတ်ချင်နေသည်။

မာလာရီတို့ ညီအစ်မတတွေ သူ့အခန်းမှမခွာဘဲ ခေါက်ဆွဲဂယ်လာပေးသော အစ်ကိုအပေါ် အချစ်ပိုနေ၊ အရိပ်ကြည့်နေကြလေသည်။ မောင်းနှင်ထုတ်လိုက်ရအောင်ကလည်း အခန်းတံခါး မရှိရသည့်အထဲ မီးအား မပြည့်ပဲ ပိုးစုန်းကျူးလောက် ပျပျအလင်းရောင်ပဲ ရှိ၏။ သူ စိတ်အလိုမကျသည်ကို ဖုံးဖိကာ အဂတ်အစား လဲလှယ်သည်။

"ခေါက်ဆွဲစားပြီးမှသွားနော် အစ်ကို၊ ကျွန်မ ပြင်လိုက်မယ်"

"နေပါစေ မာလာရီ၊ နောက်ကျလို့မဖြစ်ဘူး။ အလုပ်အချိန်းအချက်တွေ လွဲကုန်မယ်"

ဇင်ယော်က သေတ္တာသော့ဖွင့်ကာ ကားအရောင်းအဂယ် စာရွက်စာတမ်းအချို့ကို ထုတ်ယူပြီး လွယ်အိတ်ထဲ ထည့်သည်။ အဓိက သူ လိုအပ်သည်မှာ မျက်မှန်အိတ်အညိုလေး ဖြစ်သည်။ အိတ်ထဲတွင် မျက်မှန်ကိုင်း အနက်ကလေးကို စီးမိုးမြင်တွေ့သည်ပင်။

တကယ့်တကယ်က မှန်မပါ၊ မှန်ပေါင်သံကိုင်းလည်း မပါပေ။ ဒါမှ နှစ်စီစီဆေးထိုးဖန်ပိုက်ကို မှန်မှန်သုတ် ကတ္တီပါစနှင့် အုပ်ဆိုင်းထုပ်ပိုးထားစရာ နေရာရှိမည်။

ဖိုး ဆယ့်ငါးကျပ်တန်အထုတ်ကလေး ဆယ်ထုတ်ကို အိမ်သာသုံးစက္ကူပျော့နှင့် သေချာထုတ်ထားသည်။ တစ်ကြိမ်သုံးအပ် နံပတ်နှစ်ဆယ့်သုံးက နှစ်ချောင်းပါသည်။ ဒါတွေက ဂယ်ရမလွယ်လှ။ နေရာမရွေး၊ အချိန်မရွေး၊ အဖမ်းအဆီး ရှိနိုင်သည်။ လက်ဂယ် တွေ့ရှိပြန်လည်း တစ်မှောင့်။ ထောင်ထဲ ဆယ့်လေးနှစ်ဂင်သွားနိုင်၏။

ယခုနောက်ပိုင်း လမ်းဆုံလမ်းခွတွေမှာ အေအိုင်ဒီအက်စ်ရောဂါ ကြောက်စရာ၊ ကုရာနတ္ထိ ဆေးမရှိ ဆိုသော ပိုစတာကြီး ဟီးနေအောင် ထောင်ထားသတိပေးထားတာ တွေ့မြင်ရသည်။ သူသည် ခေတ်ပညာတတ် တစ်ယောက်အနေနှင့် ဤမျှ သတိပေးမှုဖြင့် ဆင်ခြင်ရတော့မည်။

အရင့်အရင်နှစ်တွေတုန်းကတော့ ထွန်းအောင်လတ်နှင့် အပ်တစ်ချောင်းတည်းကို တစ်လှည့်စီသုံးပြီး သွေးကြောထဲကို ဖိုးထိုးသွင်းခဲ့တာ အကြိမ်ကြိမ်ပင်။

အရင်က သူသည် ထွန်းအောင်လတ်နှင့်သာ ပူးတွဲသုံးစွဲခဲ့သည်။ ထွန်းအောင်လတ်ကတော့ သူ့အဖွဲ့ သူ့ အပေါင်းအသင်းတွေ လေးငါးယောက်နှင့် ဂေမျှသုံးစွဲခဲ့ရသော အစဉ်အလာ ရှိ၏။

သူ့သွေးကြောတွေ အရှာရခက်သောကြောင့် အကြိမ်နည်းလျှင်သာ ရှိရမည်။ အနာအကျင် မေ့လျော့လောက်လျှင် တစ်ကျော့ စိတ်ပြန်လည်ကာ ခြေမျက်စေ့ကြော၊ လည်ပင်းကြော မကျန်အောင် ကြိုးစားတတ်ပြန်၏။ အခုနောက်ပိုင်း မြဒွေးနှင့်လည်း အစဉ်တစိုက် တပူးတွဲတွဲ သုံးစွဲတတ်လာသည်။ မြဒွေးကလည်း ဇင်ယော်နည်းတူ ဆေးထိုးကျွမ်းကျင်လေသည်။

ထွန်းအောင်လတ်နှင့်သူ မတွေ့ဆုံဖြစ်တာ သုံးရက်လောက် ရှိနေပြီ။ သည်ငနဲသားသည် ဆေးပြတ်လည်း အပြင်းအထန် ယင်းထသည်မရှိပဲ ဆေးပေါ့လိပ်ဖွာပြီး နေနိုင်တတ်သည်။ သူ့ပြဿနာမှာ ထမင်းဖိုး၊ ဆေးလိပ်ဖိုးက အဓိကကျနေ၏။

ဇင်ယော်ကို မာလာရီက အိမ်ရှေ့လှေကားဂထိ လိုက်ပို့သည်။

"အမေကော"

"ဟိုဘက်အိမ် ကူးသွားမှာပေါ့။ ဒီည တီဗွီက မြန်မာကားကောင်းတယ် ပြောနေတာ သွားကြည့်ဖို့ အဖော်ညှိတာ ဖြစ်မယ်"

"ဘယ်သွားကြည့်မှာလဲ"

"လမ်းထိပ်တွင်ပါ။ သဘော်ဆေးဆိုင်မှာ ဂင်ကြေး တစ်ယောက်နှစ်ကျပ်လေ။ အမေ သွားနေကျ"

"နင်ကော မသွားဘူးလား"

"ဟင့်အင်း.. ဂါသနာမပါဘူး"

မာလာရီသည် အငယ်မလေးကို ပွေ့ချီလျက် ကျန်ရစ်ခဲ့သည်။

"မမကြီး တချင်းဖွင့်"

"အေး.. အေး.. ဖွင့်ပေးမယ်၊ ထုံချိုင်းလား"

"အုတ်ကဲ့၊ တုံရှင်း"

ဇင်ယော် အသံထွက်အောင်ရယ်မောရင်း လေ့ကားမှ ခပ်သွက်သွက်ဆင်းခဲ့သည်။

"တံခါးပိတ်ထားဦး မာလာရီ။ မှောင်နေပြီ"

"ဟုတ်ကဲ့ အစ်ကို"

အစ်ကိုလည်းသွား၊ မာလာရီတို့ညီအစ်မသုံးယောက်လည်း ကက်ဆက်ဖွင့်ထားပြီး ခေါက်ဆွဲကြော် စားကြတော့သည်။

အဖေ၊ အမေ၊ အစ်ကိုတွေမရှိလည်း မာလာရီ ဘယ်လိုမှ မနေ။ အစ်ကိုငယ် ခင်ဇော်က သူမတို့ကို အမှတ်မဲ့ နေသလို မာလာရီအတွက်လည်း သူရှိရှိ၊ မရှိရှိ ဘာမှထူးခြားသည် မဟုတ်။

အစ်ကိုမှာသလို အိမ်တံခါးပိတ်ထားဖို့လည်း စိတ်ကူးထဲ မရောက်။ ရပ်ကွက်ထဲမှာ ဤမျှ အိမ်ခြေ စိတ်ဘိသနဲ့၊ ဘာအန္တရာယ် ရှိနိုင်မှာမို့လဲဟု မာလာရီက ပေါ့သေးသေးပဲ လုစ်လျူရှုထား၏။ သူမသည် အမေလို မလုပသော်လည်း အမေနှင့် ထပ်တူထပ်မျှ ပေါ့ဆဆနိုင်လေ၏။

ဇင်ယော်သည် အင်းလေးလွယ်အိပ်အနက်လွယ်ကာ ကုလားကျောင်းမှတ်တိုင်ဘက်သို့ လျှောက်လာသည်။ နံပတ်ရှစ်ပဲရရ၊ လေးဆယ့်ရှစ်ပဲချောင်ချောင် မီရာကားနှင့် လိုက်သွားမည် စိတ်ကူးသည်။ သိမ်ကြီးဈေးရောက်မှပဲ သုံးဆယ့်နှစ်၊ သုံးဆယ့်သုံး ရရာပြောင်းစီးမည်။ ထွန်းအောင်လတ် မျှော်နေမည်ဟု သူ သိနေလေ၏။

ကားဂိတ်မရောက်မီ လေထိုးကျွတ်ဖာဆိုင်ရှေ့တွင် ဆန်နီနောက်ပွင့် အပြာတစ်စီး ရပ်ထားသည်။

ထိုကားနံဘေးမှ သူ ဖြတ်လျှောက်လာခဲ့၏။

"မနေ့ကတင် လေထိုးထားသေးတာ။ ဘယ့်နယ် ဒီလောက် ပြားချပ်သွားမှန်း မသိပါဘူး။ ကျွန်မဖြင့် တခြားကားတွေက ပြောမှ သိတယ်။ ကားမဆွဲပါဘူး၊ လေးသလိုကြီးပဲလို့ ထင်တော့ထင်သား။ မစဉ်းစားမိဘူး"

"အစ်မရဲ့ကားက ဘားပင် မလုံဘူး"

ဇင်ယော်အသည်းနှလုံးတွေသည် လွင့်စင်မတတ် ရင်ဂဒ္ဒ ဆောင့်ခုန်၏။

နခိုင်။

နခိုင်ရဲ့အသံပါ။ ရှတချိုသာသော အသံ။ သည်အသံဟာ ဘယ်တော့မှ မလွဲမှားနိုင်လောက်အောင် သူ့အာရုံတွင် စွဲမြဲကိန်းဝပ်နေပေသည်။

သူ့ခြေလှမ်းတွေ လုံးဂနီးပါးဆိုင်းငံ့လျက် ဆန်နီအပြာလေး၏တစ်ဖက် ပလက်ဖောင်းတွင်ရပ်ကာ ကားခေါင်းပေါ် လက်ထောက်ထားသော ဖြူသွယ်ဖြင့်မားသည့် အမျိုးသမီးကို မဂ့်မရဲ ကြည့်မိ၏။ မြင်တွေ့လိုက်ရမှာကို သူ တွန့်ဆုတ်သည်။ သို့သော် သည်လိုမြင်တွေ့လိုက်ရဖို့ထက် ပိုပြီးလိုလားတောင့်တစရာ ဘယ်လိုမှ ရှိနိုင်မှာမဟုတ်။

နနခိုင်၏မျက်နှာကလေးကို တစ်ဖန်ပြန်လည်၍ တွေ့မြင်လိုက်သည့် ခဏမှာ သူ ကြိုတင်ကြောက်လန့်နေသည့်အတိုင်း ရင်ထဲမှာ ဆုပ်ခြေထုနက်လိုက်သလို ပြင်းပြစွာ နာကျင်မိ၏။ တစ်ပြိုင်နက်မှာပင် ထိုအတွေ့အတွက် သူသည် အရာခပ်သိမ်း စွန့်လွှတ်ဆုံးရှုံးလိုက်ဖို့ အသင့်ရှိနေလောက်အောင် တန်ဖိုးထားမိပြန်သည်။

ဖြစ်နိုင်လျှင် သူ့ကို နနခိုင် သတိမထားလိုက်မိစေချင်ပါ။ ဘဝအခြေအနေချင်းက စလုံးရေစတုန်းကထက် အလှမ်းကွာဟသွားခဲ့ကြပြီ။ အဖြူရောင်နခိုင်နှင့် အနက်ရောင် ဇင်ယော်။

နနခိုင်က ဖျတ်လတ်မြဲ၊ နီးကြားမြဲမို့ သူ့ကို မမြင်မတွေ့ဘဲ ဘယ်နေပါ့မလဲ။ နနခိုင်တို့ ကားလဲထားကြောင်းသာ သိထားခဲ့လျှင် သူ ကြိုတင်ရှောင်လွှဲသွားနိုင်မည် ဖြစ်သည်။

သူ လှမ်းကြည့်မိသည့် တစ်ခဏမှာကိုပဲ ကားဘီးလေထိုးသည်ကို ကဲမိုးကြည့်နေသော နနခိုင်၏ မျက်လုံးတွေက ကားခုံနံဘေးမှ ဖြတ်သန်းသွားနေသည့် ဇင်ယော့်ထံ ရောက်ရှိ၏။

မျက်သားပြာ၍ မျက်ဆန်ညိုသော နနခိုင်၏ မျက်လုံးတွေဟာ ဖျတ်ကနဲ လင်းလိုက်၊ မှိန်လိုက် ခံစားချက်ရောင်စဉ်တွေ ဖြတ်သန်းသွားကြသည်။ ဂမ်းသာသွားတာလား၊ နာကျင်သွားတာလား၊ အံ့သြသွားတာလား၊ မုန်းတီးသွားတာလား။ အားလုံးပဲ ရောယှက်ပါဝင်နေမှာပင်။

ဇင်ယော်ကပဲ အရင် မျက်လုံးလွှဲလိုက်လေသည်။ နှုတ်ဆက်ပိုင်ခွင့် မရှိတော့သောသူတစ်ယောက် အနေနှင့် မတော်တဆ ဆုံစည်းမှုကို အရင်ဦးအောင်ပဲ လက်လွှတ်စွန့်ခွာခဲ့ရမှာပဲ မဟုတ်လား။

"ဇင်ယော်"

တုံ့ဆွဲလိုက်သည့်နယ် ဇင်ယော် ဟန်ပျက်စွာ ရပ်တန့်သွားသည်။ ကိုယ့်နားမှ ကိုယ် မယုံကြည်နိုင်ဘဲ လှည့်မကြည့်ပံ့။

"ဘယ်သွားမလို့လဲ ဇင်ယော်၊ ခိုင် မြို့ထဲရောက်မှာ။ လိုက်ခဲ့နိုင်ပါတယ်"

ယောက်ျားတွေ မငိုရကြောင်း အစဉ်အလာကို သူ မဖောက်ဖျက်ချင်သော်လည်း ဖြစ်နိုင်လျှင် လှိုက်ခါနေသော ရင်ကို မျက်ရည်ဖြင့် ဆေးကြောပက်ဖြန်းခွင့်ရလျှင် သက်သာမည်ဟု သူ ထင်နေသည်။ နခိုင် ခေါ်သည့်နောက် သူ လိုက်ချင်သည်။ ရသမျှအချိန်ကလေးမှာ သူ့အဖြစ်၊ သူ့အတွေ့အကြုံ၊ သူ့ဆုံးရှုံးမှု၊ သူ့ကြေကွဲမှုတွေကို အိတ်သွန်ဖာမှောက် ပြောပြချင်သည်။

မီးမီးကို မောင်မယူဘူး နခိုင်။ ကဲ့ရဲ့ပြစ်တင်မယ့်နေရာကို မောင် ကျောခိုင်းခဲ့တယ်။ မောင် အားလုံး စွန့်လွှတ်ပစ်လိုက်တယ်။ နခိုင်ပြောတဲ့ သတ္တိ မောင့်မှာမရှိဘူး။ မောင်ဟာ လူမိုက်ပဲ။

စက္ကန့်ပိုင်းလေးအတွင်း ပြောချင်သမျှတွေသည် အလုအယက် တိုးဝှေ့ကျော်နင်းကာ လည်ချောင်းဝမှာ ပိတ်ဆို့နေကြသည်။

"ဂင်စရာ ရှိသေးလို့ပါ"

သည်လိုပြောဖို့ သူ လုံးဝမရည်ရွယ်။ ခြောက်ကပ်တိုးတိတ်သောအသံကို သူ့ဘာသာပင် မမှတ်မိ။ သူ့စကားကို သူ ပြန်ရုပ်သိမ်းချင်သည်။ ဘယ်ဂင်စရာ ရှိတာမို့လဲ။ ဘာလို့ညာနေရမှာလဲ။ နခိုင်က ဖိတ်ခေါ်နေပြီပဲ။ သည်လို အခွင့်အရေးမျိုး နောက်တစ်ခါ ပြန်ရစရာ အကြောင်းမရှိ။ ကြုံတောင့်ကြုံခဲ။

နခိုင်တစ်ယောက် ပတ်ဘလစ်ကာအဖြူကလေးမောင်းပြီး ဖြတ်သန်းသွားသည်ကို သူက ဘတ်စ်ကားပေါ်မှ တစ်ကြိမ်လှမ်းတွေ့ဖူးသည်။

တစ်ကြိမ်တော့ နံပတ်ရှစ်ဟီးနိုးကြီး၏ နောက်ဆုံးထောင့်ခုံတွင်ထိုင်ပြီး စာတစ်အုပ် သဲသဲမဲမဲ ဖတ်နေသော နခိုင်ကို သူက ကုလားကျောင်းမှတ်တိုင်မှ တတ်လာပြီး တအောင့်အကြာ မမျှော်လင့်ဘဲ မြင်တွေ့သည်။

တကယ်ဆို နီးနီးကလေး။ နခိုင် ခေါင်းတစ်ချက်မော့ရုံ၊ မျက်လွှာတစ်ချက်ပင့်ရုံနှင့် မြင်တွေ့နိုင်သည့် အဂေးတွင် သူ ရှိနေခဲ့သည်။

သူသည် နခိုင်ပြောသော သတ္တိလား၊ မိုက်မဲမှုလား မသဲကွဲသော ဆုံးဖြတ်ချက်ဖြင့် သမိုင်းလမ်းဆုံတွင် ဆင်းနေခဲ့လေသည်။

သူ့ကို နခိုင် တွေ့မသွားတာကို သူ ရင်ပေါ့ပါးသွားသည်။ ကြေကွဲနာကျင်မှုတွေကတော့ သူ့ကို အော်ဟစ်ပေါက်ကွဲ ငိုကြွေးပစ်ချင်လောက်အောင် ထိပါးတိုက်ခိုက်ခဲ့ကြလေသည်။

ခုတော့ သူ့ကို နခိုင်က မြင်တွေ့သည်။ ကားနဲ့ လိုက်ခဲ့ပါ ဖိတ်ခေါ်သည်။ ဒါတွေမှာ နခိုင်ဘက်မှ သံယောဇင် အငွေ့အသက်တွေ ဖြစ်မည်ဟု ကိုယ့်ဘက်ကိုယ် ယက်မိလောက်အောင်တော့ ဇင်ယော် ဦးနှောက်မနည်းသေးပါ။ ကျေးဇူးတင်တယ် နခိုင်ဟု ပြောရမလား။ မောင်သွားတော့မယ်။ မဟုတ်သေး။ ငါသွားမယ် နခိုင်။ သူ့ဘာသာ စိစစ်ရွေးချယ်နေသော စကားလုံးတွေကို တစ်ခွန်းမှပြောထွက်ဖို့ သူ အားမထုတ်ပါ။ ပြောချင်တာပဲရှိသည်။ ဘာမှ မပြောတော့ဘူးဟု သူ တုံးတိနှုတ်ပိတ်နေခဲ့လေသည်။

သူ့နေရာနှင့် သူ့ရပ်ကွက်မို့ နုနုခိုင် မမြင်သာသောနေရာကို သူ ရှာတတ်သည်။ ကွမ်းယာဆိုင်တစ်ခု အနောက်ဘက် တံခါးပေါက်တွင် သူ ခိုဂင်ရပ်တန့်နေသည်။ ဆိုင်ရောင်းသော မူဆာကလေး ထုတ်ပေးသော စီးကရက်ကို ယူသည်။ နုနုခိုင်၏ကားကလေး ဘီးလိမ့်ထွက်ခွာသွားသည်ကို သူ ငေးကြည့်နေခဲ့လေသည်။

နုခိုင် ဘယ်သွားမှာလဲ သူ သိချင်လာသည်။ သူ မေးနိုင်ခွင့် ရရှိခဲ့သားပဲ။ နုခိုင် မဖြေဆိုဘဲမနေဘူးဆိုတာ သူ သိနေသားပဲ။ သူ ဘာကြောင့် မမေးခဲ့သလဲ။

သိတော့ကော ဘာထူးမှာလဲ။ ဘာမှမထူးတော့မယ့်အတူတူ မေးနေလည်း အပိုပါပဲလေ။

"အစ်ကိုဇင်ယော်၊ ဘာလုပ်နေတာလဲ"

"ဆေးတွေက မှိုနံ့ရတယ်ကွ။ ငါ နည်းနည်းဖောက်ထုတ်ပစ်တာ"

ဇင်ယော်၏ ရှည်သွယ်သောလက်ချောင်းများသည် စီးကရက်လိပ်ထဲမှ တိုဘက်ကိုးဆေးစတွေကို ကျွမ်းကျင်စွာ သဲ့ထုတ်နေသည်။ သူ၏လက်သန်း လက်သည်းခွံသည် စက္ကူပြတ်အတွင်းသို့ နှိုက်ထုတ်နိုင်လောက်အောင် ရှည်လျား၏။ တမင်တကာ အရှည်ထားပြီး သ.. ထားသော ပုံစံပင်။

"ဟာ.. အစ်ကို၊ အဲဒါ ဘာမှုန့်တွေလဲ"

ဇင်ယော်သည် တိုဘက်ကိုးစတွေကို ပလတ်စတစ်အိတ်လေးထဲမှ အဖြူရောင် နုညက်သော ဆေးမှုန့်များနှင့် သမပြီးမှ အိတ်ကလေးစောင်းကာ စက္ကူလိပ်ထဲ ပြန်သွင်းသည်။ ဘယ်အထိ ကျွမ်းကျင်နေသလဲဆိုလျှင် စောစောက စွန့်ပစ်လိုက်သော တိုဘက်ကိုးဆေး အနည်းငယ်မှအပ အလေအလွင့် အဆုံးအရှုံးမရှိ၊ ကွက်တိ ထိုးသိပ်ထည့်လိုက်နိုင်လေ၏။

"ပရိုကိုးမှုန့်တွေပါ၊ ငါ ခေါင်းခဲလို့"

"အအေးမိလို့လား အစ်ကို"

"အေး.. နေမကောင်းလို့ပေါ့ကွာ"

ကြိုးစဆွဲ မီးညှိဆဲဂယ် သူ၏ တင်းကျပ်နာကျင်သော နလုံးအိမ်သည် ကွဲအက်တော့မလို စူးရှထိုးနစ်နေ၏။

ခုလောက်ရှိ နုနုခိုင်၏ ကားကလေးသည် သမိုင်းသို့ရောက်နေလောက်ပေပြီ။ မီးပွိုင့်မိနေမှာလား။ မီးစိမ်းသွားပြီး ဘယ်ကို ခရီးဆက်မှာလဲ။ ကျိုက်ဝိုင်းဘုရားလမ်းဘက်လား။ လှည်းတမ်းဘက်ကိုပဲလား။

နုခိုင် သည်လို မှောင်ရီပိုးဂါးအချိန်ကြီးမှာ တစ်ယောက်တည်း ဘယ်ဆီများ..။ ဦးလှိုင်မြင့်တို့ကကော မတားမဆီး..။ ဘာကြောင့်..။

သိနိုင်ခွင့်ရှိပါလျက် ငြင်းပယ်ခဲ့သည်။ ငြင်းပယ်ခဲ့သည့်အတွက် နုခိုင် ဘယ်လောက်ထိခိုက်ခံစားရမည် မသိ။ သူမှာတော့ အလူးအလဲ စူးနစ်နာကျင်ရသည်။

စီးကရက်ကို ရှိုက်ရင်းရှုက်ရင်း သူ့ရင်ဘတ်တွင်းမှ ဒဏ်ရာ ပြန်လည်ငြိမ်ဂပ်စပြု၏။

အမေနှင့် ဦးကျင်ပုက်ကြီး ယူလိုက်ကြပြီဟု အဘွားတို့အချင်းချင်း ဆွေးနွေးဝေဖန်ကြစဉ် မသိနားမလည်သေးသော ကလေးတစ်ယောက်ဖြစ်သည့် သူသည် မလှမ်းမကမ်းတွင် ဂျင်ပေါက်ကစားနေခဲ့သည်။

တကယ်တော့ ရှစ်နှစ်သားအရွယ် သုံးတန်းကျောင်းသား ဇင်ယော်သည် အမေယောကျ်ားယူတာကို နမျောဂန်တိုတတ်နေပါပြီ။ ပြီးတော့ အမေ့ကို ကဲ့ရဲ့သဂြိုဟ်တာတွေ၊ အမေ့ဘက်မှ စာနာခွင့်လွှတ်တာတွေကိုလည်း သူ အကြမ်းဖျင်း နားလည်တတ်နေပါပြီ။

ပြီးတော့ ဦးကျင်ပုက်ကြီးနှင့် ယူလိုက်ပြီး သိပ်မကြာခင်မှာလည်း အမေ့ဗမ်း ပုံ့ပုံ့ပူလာတာ၊ ခင်ဇော်ကို မွေးဖွားလာတာ။ ဒါတွေလည်း သူ ကြားနေနားလည်နေခဲ့တာပါပဲ။

ဦးကျင်ပုက်ကြီးမဆုံးခင် ဦးမောင်အေးနောက် အမေလိုက်သွားစဉ်တုံးက ဇင်ယော် အလွန်တရာ မျက်နှာပူရ၊ ရှက်နိုးရသည်။ သူ့အသက် ဆယ့်လေးနှစ် လူပျိုပေါက်အရွယ်။ ဦးကျင်ပုက်ကြီး အရက်ချိုးကပ်တာတွေ၊ လက်သံပြောင်တာတွေကြောင့် သူလည်း မုန်းပါရဲ့။ သူ ဖြစ်စေချင်တာက အမေတို့လင်မယား တရားဂင် ကွာရှင်းလိုက်ဖို့ပါ။ ဒါဟာလည်း သည့်ထက်သည် သူအရွယ်ရလာမှ နောက်ကြောင်းပြန် ဆင်ခြင်မိတာတွေပါ။ ထိုစဉ်တုန်းကတော့ အဖြစ်အပျက်တွေကို မကျေနပ်တာပဲ သိသည်။ ဘယ်လိုဖြစ်သင့်သည် ဘာညာ မတွေးတတ်သေး။

အမေမရှိတော့ဘဲ သူသည် ဦးကျင်ပုက်ကြီးလက်မှာ နှစ်ရက်လောက် ကျန်ရစ်ရသေးသည်။ ဆရာဂန်ဆိုတဲ့ ခွေးမသားရဲ့ သွေး။ ထွီ.. သောက်သုံးမကျတဲ့ကောင် ခေါ်သွားကြ။ သူ့မအေနောက် လိုက်သွားပစေ။ ဆင်း.. ဆင်း..။

အမေ့ဘက်ကအဖိုးက သူ့ကိုလာခေါ်သွားတော့မှပင် သူ့ငရဲခန်း တစ်ဆိတ်စာလောက် လျော့နည်းခဲ့ရသည်။

"သမားတော်ကြီးရဲ့ သမီးကလေးဟာ မင်းကို အတော် သံယောဇင်ကြီးတာပဲကိုး။ မနက်တစ်ခေါက် ညတစ်ခေါက် တကျည်ကျည်လာပြောနေတာ။ ငါ့မလည်း သားမက်အိမ် ကပ်နေရတော့ ချိန်ဆနေရတယ် ဇင်ယော်ရယ်။ ဒီညနေတော့ သမားတော်ကြီး ကိုယ်တိုင်လာပြီး ငွေငါးရာပေးသွားတယ်။ ဒီတော့မှပဲ သားမက်ကို အတိအလင်း ဖွင့်ပြောပြီး မင်းတို့ကို ခေါ်နိုင်တာကွယ့်"

သူ ကံကောင်းသည်မှာ အမေ့နောက်ပိုင်း ဖြစ်ရပ်တွေ၊ လုပ်ရပ်တွေကို ချန်လှပ်ပြီး ဒေါက်တာလင်းယုန် ရှိတုန်းကဆိုရင်နှင့် အဘိုးက သူ့ဖခင်အမည်ကို ဂုဏ်တင်လေ့ရှိလေသည်။

နင့်အမေခမျာ အတန်းပညာကလည်း မတတ်။ စာလည်း မဖတ်တော့ အတွေးအခေါ် တိမ်တာပေါ့ဟယ်။ နင် စိတ်ဆိုးမနေပါနဲ့။ သူ့ဘဂရပ်တည်မှုအတွက် သူ့အလှကလေးဗန်းပြပြီး ရာဖွေကျွေးမွေးမယ့် လင်တစ်ယောက် ယူဖို့ပဲ သူ ရှိရှာတာ။ သနားပါတယ် ဟု နနခိုင်က ခွဲခြမ်းစိတ်ဖြာ သုံးသပ်သည်။

နနခိုင် ခွင့်လွှတ်သည့်အတွက် သူ မျက်နှာအပူ လျော့ပါးသည်။ နနခိုင်သည် သူ၏ သွေးတစ်ဂက်အခြေခံကို ခွင့်လွှတ်ပြီး အခြားတစ်ဂက်အခြေခံကိုသာ သိမှတ်ပေါင်းသင်းသည်။ သူ့စိတ်အနေအထားကို မြှင့်တင်ပေးသည့် နနခိုင်၏ အရိပ်ကျေးဇူး ကြီးမားလှပါပေသည်။

ဇင်ယော်သည် မျက်ရည်ဂဲလျက် ပင့်သက်ရှိုက်မိသည်။ သူ့စိတ်ဆန္ဒအတိုင်းဆိုလျှင် အိမ်ပြန်ပြီး အိပ်ယာထက်မှာ ကွေးကာ သောက်လက်စစီးကရက်ကို လက်စသတ်လိုက်ချင်တော့သည်။

ခုတော့ ထွန်းအောင်လတ်မျှော်နေမည့်အရေးက ရှိသေးသည်။

"အစ်ကို သွားတော့မလား"

"အေး"

စီးကရက်ကို မီးသတ်ကာ ရှပ်အကျီအိပ်ထဲ ထည့်သည်။

"ကျွန်တော့်ပေးခဲ့ပါလား အစ်ကိုရ။ ကားပေါ်မှာ ကြေကုန်မှာပဲဥစ္စာ"

"မင်း ငယ်ပါသေးတယ်ကွာ"

ဖင်ယော်သည် မူဆာကလေးကို ခေါင်းအသာပုတ်ကာ အိတ်ကပ်ထဲမှ ကျပ်တန်တစ်ရွက် ထုတ်ပေးလိုက်သည်။ မူဆာ ပြုံးသွားရင်း တပြိုင်နက်မှာပင် ဖင်ယော်ထံမှ စီးကရက်ကိုလည်း မေ့သွားတော့သည်။

သူသည် ကားဂိတ်ဆီသို့ ဂေါင်းငိုက်စိုက်ချပြီး လျှောက်လှမ်းလာသည်။ သူ့ရှေ့ တစ်ခေါ်အကွာလောက်မှာပင် ဦးမောင်အေး၏ တာယာကွန်ပေါင်းလုပ်ငန်းမှ ခြေလှမ်းမမှန်အောင် မူးယစ်ယိုင်ထိုးသူနှင့် တွဲကူဖေးမနိုင်သေးသူ နှစ်ယောက်ကို တွေ့ရသည်။

ကားမှတ်တိုင်တွင် ကြာကြာရပ်စောင့်နေစရာပင် မလိုလိုက်ဘဲ နံပတ်ရှစ်တစ်စီး ထိုးဆိုက်လာသည်။ ရန်ကုန်ထဲအပြန် ကားချောင်မြိမို့ သူ အေးအေးသက်သာ ကားပေါ်ရောက်သွားခဲ့သည်။

နနိုင် ဘယ်သွားလိုက်သလဲဆိုတာ သူ မစဉ်းစားတော့။ သူ သိနိုင်မှာမှမဟုတ်ဘဲ။ သူ သတိရနေတာက နနိုင်အတွက် သစ်သားဖေါက်ပန်းချီ ပုံဖော်ပေးခဲ့စဉ်က နနိုင် ဘယ်လောက် သဘောကျသလဲ ဆိုတာပါ။

စက္ကူပန်းပင်နှင့် ဝေနေကြွေနေသော စက္ကူပန်းရောင်စုံများ သူတို့နှစ်ယောက် တွေ့ဆုံခြင်း အမှတ်တရ လက်ဆောင်ပါ။

နနိုင်ရဲ့ စာကြည့်စားပွဲရှေ့မှာ ချိတ်ထားတယ်၊ သိလား။ မြတ်စွာဘုရား ဓမ္မစကြာဟောနေတဲ့ ပုံတော်ခါတ်ပုံ အောက်မှာ သူ့ခဲပန်းချီကလေး ချိတ်ထားတယ်။ တစ်နေ့ကျရင် မိုးကောင်းကင်ကြီးဆီကို တို့နှစ်ယောက် ရောက်သွားကြမှာနော်။ ထင်းရှူးပင်ကြီးတွေ ရှိသားပဲနော်။ နနိုင် စာကြည့်ရင်လည်း စားပွဲပေါ်က လွှပန်းဖောက် ပန်းချီကို မြင်ရင် စက္ကူပန်းပင်အောက်က သူ့ကို သတိရတယ်။ သိလား။

ခုတော့ ခဲပန်းချီကားကို ချိတ်ဆွဲထားသေးရဲ့လား နနိုင်။

ခုတော့ သစ်သားဖြတ်ပန်းချီကလေးကို စားပွဲပေါ် တင်ထားသေးရဲ့လား နနိုင်။ နနိုင် သဘောပါပဲလေ။

မသိနိုင်တာတွေ ဘာလို့ စဉ်းစားနေမှာလဲ။ သိနိုင်တာက သူ့လက်ဆောင်ကလေးတွေကို နနိုင် မြတ်နိုးခဲ့ဖူးသည် ဆိုတာပဲ မဟုတ်လား။

* * * * * *

# ပန်းကြွေပွင့် ပုံပြင်

တစ်ဆင့်ကြားရင် ပုံပြင်ပေါ့
ကိုယ်ကြုံလျှင် ကိုယ့်မှတ်တမ်းပါပဲ
မှန်းဆလို့ဖြင့် စာမတင်
လွမ်းတတ်သူ နောင်တွယ်ငြိလေသမို့
သိစေဖို့ပင်။

စက္ကူပန်းတွေတဲ့
ဝေလန်းဖြာရောင်စုံ အဆုပ်အဆုပ်တွေနဲ့
မိုးချုပ်ချုပ် မှောင်ချင်မှောင်
ငွေလရောင် လင်းချင်လင်း
လေညှင်းန သုန်ချင်သုန်
အမွှန်မောင် ရှိုင်းချင်ရှိုင်း
မုန်တိုင်းကြမ်း ထန်လည်းထန်
မြိုင်ကန္တာ ဆီးချင်ဆီး
လွင်တီးခေါင် ခြောက်ချင်ခြောက်
နေရောင်တောက် ပူလည်းပူ
သူကြိုက်ရာ သူယူသိမ်းပါလို့
သူတိမ်းတဲ့ဘက် သူပါချင်
စွဲချက်တင်သမျှ ရင်မှာမော။

အကြောင်းအကျိုးနဲ့ယှိုင်
အခါမတိုင်ခင် မနမ်းသာခဲ့
အညာခိုင်စဉ် အလွမ်းဖြာဖို့
ပြိုင်ယှဉ်ကာ နွမ်းငါရင့်ကြပြီ
ပန်းပွင့်ကြွေစော။

Heard second-hand, ‘tis a story,
Self-experienced, ‘tis a diary.
From conjectures,
This work’s nor born-
May you recognize
The bonds of a soul forlorn…

Bougainvillea…
Fresh blossoms in colourful clusters,
Defying the darkness of night,
Bathed by the moon’s silv’ry lusture,
Teased by the zephyr’s light,
Tossed by windswept rain
Or by the unruly storm
Forests posing as barriers, and plains
so araid, barren in form,
scorched by the sun’s blaze,
It learns to, where it will,
With guilt and sadness, my heart filled…

Caused and effect dissociated; weak
Before ‘twas time unkissed, Alas!
Whilst the stem’s strong, the future’s bleak
They’ve yellowed and aged en masse
These blossoms… prematurely withered…
and fallen…

*Translated by Zeyarthu*

# နုနုခိုင်တို့ စံပျော်ရာ

နုနုခိုင်သည် ဇင်ယော်ဘယ်ရောက်သွားသလဲ မရှာဖွေမိအောင် ကားထွက်မည့် လမ်းတစ်လျှောက်ဆီသို့သာ မျက်လုံးစုံ စူးစိုက်ထားခဲ့သည်။

သူသည် အရင်တုန်းကလိုပင် အေးချမ်းစိုပြည်လျက် ရှိနေပုံရသောကြောင့် နုနုခိုင် စိတ်အေးသွားသည်။

သူ ဘာလုပ်ကိုင်စားသောက်နေပါလိမ့်ဟု နုနုခိုင် သိချင်သည်။ အရာရှိဆိုသော အလုပ်တစ်ခုကို မိုက်ကန်းစွာ စွန့်ပစ်လိုက်သော ချစ်သူကို နုနုခိုင်လို လက်တွေ့ဆန်ချင်သော မိန်းမတစ်ယောက်အနေနှင့် အထူး စိတ်ပျက်လက်ပျက် ဖြစ်မိလေသည်။

အထင်သေးချင်းကြောင့် လက်တွဲမရနိုင်ပါဟု နုနုခိုင် ဆိုခဲ့ဖူးသည်။ လေးငါးခြောက်နှစ်လောက် အချိန်ကာလတွေ ရွေ့လျားသွားခဲ့သည့်တိုင် ဟိုတုန်းကခံယူချက်တွေသည် မပြောင်းလဲခဲ့ပါ။ ပျော့ညံ့ တွေဝေလွန်းသော သူ့ကို နုနုခိုင် အထင်သေးသည်။

တခြားတစ်ပါးသော မိန်းမတစ်ယောက်အပေါ် စိတ်ဖောက်လဲဖောက်ပြန် ရှိရပါမို့လားဟု သဝန်ကြောင်ခဲ့မိသော နုနုခိုင်သည် မိန်းမဆန်လွန်းသော သူမ၏အဖြစ်ကိုလည်း ရှက်နိုးနာကျင်နေဆဲပင် ဖြစ်လေသည်။

အထင်တကြီး ကိုးစားမြတ်နိုးမှုတွေကို ထောက်ထားပြီး တဆိတ် သူ ဆင်ခြင်သင့်သည်ဟု နုနုခိုင် စွဲမှတ်ယူဆနေသေးသည်။

နာကြည်းခြင်း၊ အထင်သေးခြင်းတို့ဖြင့် တစ်ဘဝစီ ကွာဝေးခဲ့ကြတာ ကြာပါပြီလေ။

တကယ် ဝေးပဲဝေးခဲ့ကြလို့လား။

ဇင်ယော့်ကို သတိမရလိုက်သောနေ့ ဆိုသည်မှာ နုနုခိုင်အဖို့ရာ တစ်ကြိမ်တစ်ခါမျှ မရှိ။ နေ့တိုင်း သတိရသည်။ တမ်းတနေတာ မဟုတ်ပါ။ လွမ်းဆွတ်နေတာ မဟုတ်ပါဟု နုနုခိုင်က အခိုင်အမာ ငြင်းချက်ထုတ်ချင် ထုတ်မည်း သတိရနေခဲ့တာကိုတော့ဖြင့် ဝန်ခံရပေမည်။

ကားမောင်းလာရင်း သက်ပြင်းရှိုက်မိသည်။ ဇင်ယော် မပါဝင်တော့သော ရေ့ရေးအစီအစဉ်များတွင် အချစ် ဆိုတာ ကွက်လပ်ဖြစ်ကျန်ရစ်ခဲ့လေသည်။

ဖေဖေက ကျီစယ်စကား ဆိုတတ်ပါရဲ့။

"အပျိုကြီးလုပ်ရတာ ပျင်းစရာကြီး နေမှာပါကွာ။ တစ်ယောက်ယောက်တော့ သမီး ရွေးကြည့်ပါဦး" တဲ့။

"တစ်ဖက်သက်ရွေးလို့ မဖြစ်ဘူး ဖေဖေ။ သမီး သဘောကျလောက်တဲ့လူတွေက သမီးကို မကြိုက်ကြဘူး" ဟု နုနုခိုင်က ပြန်လည်ရွှတ်နောက်လိုက်သည်။

နနခိုင်၏မိတ္ထွေး ဒေါ်သန္တာသည် ယနေ့ထက်တိုင် ထူထူထောင်ထောင် မာချာနေသေးသည်။ ခြောက်လ တစ်ကြိမ် သားဖွားမီးယပ်ဆရာဝန်ကြီးထံ ပြန်လည်ပြသ စစ်ဆေးရသည်မှအပ လူကောင်းပကတိ သန်သန် စွမ်းစွမ်း ရှိနေသည်။ နနခိုင်၏ ရှေ့ရေးနောက်ရေးကိုလည်း ရံဖန်ရံခါ တွေးတောအကြံပြုတတ်သေးသည်။

"နခိုင် ဖေဖေနဲ့ ဒေါ်လေးမရှိရင် နခိုင် အဖော်ရှိရစ်စေချင်တယ်" ဟု ပြော၏။

"အောင်မယ်လေး၊ နခိုင်အဖော်ဟာ နခိုင်ရဲ့ပညာပေါ့။ နခိုင်က ကိုယ့်အားကိုယ်ကိုးနေချင်တဲ့သူပါ။ လှည့်ကြည့်ငဲ့ကွက်နေရမယ့် သူတွေ မရှိချင်ပါဘူး" ဟု ပြတ်ပြတ်ခါခါ ငြင်းပယ်သည်။

အဖော်ဆိုတာ ရှာတိုင်းလည်း တွေ့တတ်တာမျိုး မဟုတ်ပါ။ ဒါကို ဒေါ်လေးတို့လည်း မသိတာမှ မဟုတ်တာ။ ရှာလည်းမရှာ၊ တွေ့လည်းမတွေ့တာကတော့ တွေ့ခဲ့ဖူးသောလူတစ်ယောက်နေရာမှာ အစားထိုးဖို့ မလွယ်ကူဘူး လေ။

မျက်နှာသစ်သည် အရင်လူနှင့် ထပ်တူထပ်မျှ တူညီနေရလိမ့်မည်ဟု ယူဆထားသည် မဟုတ်သော်လည်း အရင်တစ်ခါတုန်းကလို ရင်ခုန်စွဲငြိဖို့ လိုမှာပါ။

နနခိုင်၏ အသည်းနှလုံးကိုက ကြွပ်ဆတ်မာကြောသွားပြီလား။

ဒါလည်း မဖြစ်နိုင်သေး။

ဇင်ယော်နှင့် ခဏတစ်ဖြုတ် ပက်ပင်းတွေ့ဆုံလိုက်ရတာကလေးကိုတောင် ပစ္စက္ခကာလနှင့် ကင်းကွာပြီး နနခိုင် စိတ်တွေ လှိုင်းခတ်လှုပ်ရှားနေခဲ့ရပြီ မဟုတ်လား။

ဇင်ယော့်ကို မကျေနပ်တာ၊ မုန်းတီးတာထက် အဖြစ်အပျက်တွေကို မပြင်ဆင်မပြောင်းလဲလိုက်နိုင် သောကြောင့် လက်ခံကျင်လည်ခဲ့ရတာကို ပိုပြီး နနခိုင် ရင်နင့်နာကျင်ရပါသည်။

တန်ခိုးရှင်မဖြစ်အောင် ဖန်တီးလမ်းညွှန်ခွင့်တစ်ခု ရှိစမ်းပါရစေ။ မီးမီးဆိုသော ကောင်မလေးကို ဇင်ယော့် ဘဝထဲမှ ဆွဲနှုတ်ဖျောက်ဖျက်ပစ်လိုက်မည်။ ဒါဆို နနခိုင် မျှော်မှန်းတည်ဆောက်ခဲ့သော ချစ်ဗိမာန်ဟာ အခုတစ်ခါမှာ တစ်စစီ၊ တစ်မှုန့်စီ ပျက်သုဉ်းကြေမွသွားရမှာ မဟုတ်။

နောက်ကားမှ ဟွန်းတတီတီ အဆက်မပြတ်နှိပ်သံကြောင့် နနခိုင်သည် မျက်မှောက်အခြေအနေသို့ ရုတ်ချည်းပြန်လည်ရောက်ရှိလာရသည်။

မီးစိမ်းနေပြီပဲ။

ညာလက်မြှောက်ကာ တောင်းပန်သောသင်္ကေတ ပြလိုက်ရင်း ဂီယာသွင်းလိုက်ရသည်။

ဆန်နီအပြာကလေးသည် ဦးဂိစာရလမ်းအတိုင်း တဟုန်ထိုးပြေးလွှားကာ နနခိုင်ကို မင်္ဂလာတောင်ညွန့် အရောက် ပို့ဆောင်ပေးလေသည်။

မာကျူရီမီးတွေ အရိပ်ပြန့်ထင်ဟပ်သော ကန်တော်ကြီးရေပြင်သည် မဆီမဆိုင် နနခိုင်၏စိတ်နှလုံးကို ဆတိုး လေး၍ ကြေကွဲနေစေခဲ့၏။

မြန်မာနိုင်ငံ ဆရာဂန်အသင်း နှစ်ပတ်လည် အစည်းအဝေး ညစာစားပွဲ။

အနယ်နယ်အရပ်ရပ်မှ စုဝေးရောက်ရှိနေကြသောဆရာဂန်များ၏ ကားများသည် ဆရာဂန်အသင်းတိုက် ပရဂဏ်ထဲတွင် ရပ်နားစရာ နေရာမပေးနိုင်တော့သဖြင့် လမ်းဘေးတွေမှာ စီတန်းရပ်နားထားလိုက်သည်မှာ ကန်တော်ကြီးမြို့ပတ်လမ်းအနီးတိုင် နေရာလပ်မကျန်တော့။ နုနုခိုင်ကလည်း အလွန်အမင်း နောက်ကျနေသည်။ ဆေးခန်းမှ မကြည့်မဖြစ် လူနာအချို့ကို ကြည့်ရှုပေးပြီးမှ ဖြတ်ထွက်ရတာကြောင့် ဤညစာစားပွဲ စတင်မည့် ညခြောက်နာရီ အချိန်တုန်းကမှ အင်းစိန်လမ်းသစ်ရှိ ကိုယ်ပိုင်ဆေးခန်းရှေ့မှာ ရပ်ထားသော ဆန်နီပေါ် အပြေးအလွှား တတ်ရတာကလား။

ယာဉ်ထိန်းရဲ၏အကူအညီဖြင့် သိမ်ဖြူထောင့် မီးပွိုင့်ရောက်လုနီးပါး တစ်နေရာရာကို ခဲရာခဲဆစ်ရရှိသည်။

"ကား စိတ်ချထားခဲ့ ဆရာ၊ ကျွန်တော်တို့ ပွဲမပြီးမချင်း ရှိနေမှာပါ"

အထွေထွေရောဂါကု ဆရာဂန်များအဖွဲ့ အလုပ်အမှုဆောင် တစ်ယောက်အနေနှင့် ဤညစာစားပွဲ ဖြစ်မြောက်ရေးတွင် ဒေါ့ခ်ကြိုဆိုရေးကော်မတီထဲ ပါဂင် တာဂန်ယူထားရပါလျက် နုနုခိုင် အချိန်မီပင် ရောက်မလာဖြစ်။

နုနုခိုင်က ကိုယ်ပိုင်ဆေးကုခန်းမှ ဂင်ငွေတစ်ခုတည်းသာ ရှိသော အထွေထွေရောဂါကု ဆရာဂန်စစ်စစ် ဖြစ်သည်။ ဖခင်ကျွေးသော ထမင်းကို စားသောက်ပြီး ဖခင်တည်ဆောက်သော နေအိမ်တွင် အတူတကွ နေထိုင်သော်လည်း ကိုယ့်ဗာဟီရအသုံးစရိတ်ကို ဆေးခန်းဂင်ငွေမှသာ သုံးစွဲ၏။ ဆေးခန်းကို နုနုခိုင် လေးစားရသည်။

သံယောဇဉ်နှင့် သိက္ခာကို ရှေ့တန်းတင်ရမည့် ဟစ်ပိုခရေးတီး၏ ကျင့်ဂတ်သိက္ခာပုဒ်တွေကို စောင့်ထိန်းချင်သူလည်း ဖြစ်နေပြန်သည်။ အားထားရှာသော လူနာတွေကို နုနုခိုင် ဦးစားပေးရလေသည်။

ခုတော့ဖြင့် ပြာယီးပျာယာ။

အစ်မ နောက်ကျနေပြီဟု ဂိတ်တံခါးဆီမှ ဆီးကြိုကာ နှုတ်ဆက်ခြင်းတစ်ဂက်၊ အပြစ်တင်ခြင်းတစ်ပိုင်း ဒေါက်တာဂင်းနိုင်၏ အသံ ကြားရသည်။

နုနုခိုင်က ဂန်ကြေတမ်းကြေ လက်ပြရင်း မီးရောင်စုံ ထွန်းညှိသော ဆရာဂန်အသင်းတိုက် ပရဂဏ်အတွင်း အပြေးဂင်ခဲ့သည်။ ခန်းမဆောင်တွင် ဒေ့ပရိသတ် စုံညီသလောက် ရှိနေပေပြီ။

နခိုင် မလာတော့ဘူးမှတ်တာဟု ဒေါ်လှရီရီက အရိုးခံဖြင့် ပြောစဉ် မြစ်ကြီးနားမှရောက်ရှိလာသော နယ်ကိုယ်စားလှယ် ဓာတ်မှန်ပါရဂူ ဒေါက်တာစောပောဂေးက အဲသည်ကောင်မလေး ဂျီပီခုတ်နေတာ မမရဲ့။ မသိတာ လိုက်လို့… ဟွန်း.. နှင့် မဲ့မဲ့ရွဲ့ရွဲ့ ကျီစယ်လေ၏။

"ကျွန်မတို့လူစုတွေ မန်းထောင့်စွန်မှာ ရောက်နေကြပြီ နခိုင်" ဟု သန်းသန်းအောင်က လက်တို့ ပြောသွားသည်။

နောက်ကြစွာ ရောက်ရှိလာသော ခွဲစိတ်ပါရဂူကြီး ဦးမောင်မောင်ကျော်တို့ ဇနီးမောင်နှံကို ကြိုဆိုကာ နေရာထိုင်ခင်း နေသားတကျ ပို့ဆောင်ပေးပြီးသကာလ နုခိုင် အထိုက်အလျောက် တာဝန်ကျေပွန်သွားသယောင် ရှိသည်။ ဆရာဝန်အသင်း ခန်းမဆောင်နံဘေးမှ ထွက်ကာ မန်းဥယာဉ်စားသောက်ဆိုင်ဘက်သို့ နုနုခိုင် ချေလှမ်းစ ပြု၏။

"နုခိုင်.. ယူ့ကိုမတွေ့လို့ကွာ။ အိုင် လိုက်ရှာနေတာ လူတိုင်းရိပ်မိကုန်ပြီကွ"

စားပွဲဝိုင်းတစ်ဝိုင်းမှ လက်တစ်ဘက် ဆန့်ထွက်လာကာ နုနုခိုင် ဆက်မလျှောက်နိုင်အောင် ဟန့်တားလိုက်၏။

"ကေ"

"ဟုတ်ပ့ါ၊ အိုင်တို့ ဘွဲ့လွန်ကျောင်းသားတွေ အုပ်စုဖွဲ့ပြီး ရောက်နေကြတယ်။ ဂင်ကြေးငါးရာကြီးများတောင် ပေးထားရမှတော့ ဒင်နာမလာရင် ရှုံးသွားမှာပေ့ါ"

"ယူက တော်တော်စျေးတွက်တွက်နေတာပဲ။ နိုင်ငံခြားမှာ ဒီလို ကွန်ဖရင့်တစ်ခု တက်မယ်ဆိုရင် ဒေါ်လာ ထောင်နဲ့ချီပြီး အကုန်ခံရတယ် ယူရဲ့"

ဖုန်းမြင့်ကေ၏ နံဘေးမှ အတန်ငယ် ယစ်ထွေနေပြီဖြစ်သော ဆေးပညာမဟာသိပ္ပံ ကျောင်းသားတစ်ဦးက ဖုန်းဖြင့်ကေကို တစ်ပြန်စီးတားမြစ်သည်။

"မြန်မာနိုင်ငံ ဆရာဝန်အသင်းရဲ့ အလုပ်အမှုဆောင် အဖွဲ့ဝင်ကြီးကို မင်း ဟော့ဟော့ရမ်းရမ်းစကား သွားပြောမနေနဲ့ ဖုန်းမြင့်ကေ"

ခပ်ပေါက်ပေါက်ဖြစ်နေသော ဖုန်းမြင့်ကေက အားကျမခံပင် -

"ခိုင့်ကို အိုင် ဘယ်လောက်လေးစားသလဲဆိုတာ ခိုင် အသိဆုံးပဲ။ မဟုတ်ဘူးလား ခိုင်"

ဖုန်းမြင့်ကေက နုနုခိုင်ကို ဆလံသသည်။

သူ့လက်ရုပ်သိမ်းခိုက် နုနုခိုင်က ဆက်လျှောက်ဖို့ ဟန်ပြင်သည်တွင် သူက ချက်ချင်းပြန်လည် တားဆီးလိုက် ပြန်၏။

"ဘယ်သွားမလို့လဲ နုခိုင်။ လာပါကွာ။ အိုင့်နံဘေးမှာ ထိုင်စမ်းပါ။ ယူနဲ့မတွေ့တာ ဘယ်လောက် ကြာသွားပြီလဲ။ အိုင် အေအိုင်ဒီအက်စ်ဖြစ်နေတာတောင် ယူ မသိဘူး၊ မကြားဘူး မဟုတ်လား"

နုနုခိုင် မျက်မှောင်ကြုတ်ကာ ဖုန်းမြင့်ကေ၏နံဘေး လွတ်နေသောထိုင်ခုံတွင် ဖြည်းလေးစွာ ဝင်ထိုင်သည်။ စကားပေ့ါ ပြောတတ်လွန်းသော ဖုန်းမြင့်ကေကို မယုံကြည်နိုင်စွာ စူးစိုက်ကြည့်၏။

ဖုန်းမြင့်ကေက မချိုမချဉ် မျက်နှာချိုသွေးသည်။

"အိုင် Thesis (သီးဆစ်) တင်ဖို့ ခေါင်းစဉ်ရွေးလိုက်တာ AIDS ဖြစ်သွားတယ် နုခိုင်ရဲ့"

"ကေ... ယူ စကားကောင်းကောင်းပြောစမ်းပါ"

"အကောင်းပြောတာပါပဲ။ အိုင်က A Study of Tuberculosis Infestion in HIV Patients ဆိုတဲ့ခေါင်းစဉ် ရွေးမိသွားတယ်ကွာ"

နုနုခိုင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ဘုရား.. ဘုရား.. တကယ်ပြောနေတာလား"

ဖုန်းမြင့်ကေက မျက်လုံးကလေး ပေကလတ် ပေကလတ် လုပ်ပြီး ခေါင်းညိတ်ပြသည်။

"ယူ့သီးဆစ်အတွက် တီဘီလူနာ ဖြစ်ရမယ်။ ဘယ်လိုတီဘီလည်းဆိုရင် အိပ်ချ်အိုင်ဗွီရှိနေတဲ့ လူနာမှာ ဖြစ်တဲ့ တီဘီ"

"အဲဒီလူနာရဲ့ Clinical Manifestation နဲ့ Diagnosis Means သို့မဟုတ် Microbiological Aspects of TB ပေါ့ နုခိုင်ရာ"

"အလိုလေး... ကြောက်နေရပါလား ကေရယ်"

ကေက ဂမ်းနည်းကြေကွဲဟန် ခေါင်းခါယမ်းပြသည်။ သူ့မျက်လုံးတွေကမူ ပြောင်ချော်ချော် ရွှတ်ပြက်ပြက် ရွှန်းလက်၍နေ၏။

"အဲဒါဆိုရင် control (အထိမ်းအချုပ်) လိုမှာပေါ့နော်"

"ဘယ်လိုလုပ် ကွန်ထရိုးထားမလဲ။ သူတို့ဖြစ်နေတဲ့ တီဘီရဲ့အနအရင့်ကို အိုင်က တပြေးညီရမှာမှ မဟုတ်တာ"

"ဟင်.. ဒါဆို ယူက ဘယ်လို Drug Sensitivity (ဆေးတိုးမတိုး) သိနိုင်မှာလဲ"

"တပြေးညီ ထားနိုင်တာက စထရက်တိုမိုင်စင် ထိုးဆေးနဲ့ စားဆေးလေးမျိုးစလုံး တင်နိုင်တဲ့လူနာ ဖြစ်ရမယ်ဟာ။ ဆိုလိုတာက သူ့ကလီစာတွေ ကောင်းနေရမယ်"

"သူ့ Liver (အသည်း) ဘာညာ ကောင်းနေရမယ် ပြောပါ"

တစ်ဝိုင်းတည်း အတူထိုင်နေသူတွေ၏ အာရုံသည် သူတို့နှစ်ယောက်ထံမှ ဖယ်ကြဉ်ကာ နှစ်စုလောက်ကွဲပြီး စကားလက်ဆုံ ကျနေကြတော့သည်။

နုနုခိုင်နှင့် ဖုန်းမြင့်ကေတို့သည်သာ သူတို့ချင်း နားလည်ဆွေးနွေးနိုင်သော အေအိုင်ဒီအက်စ် ကျမ်းငယ် ပြုစုရေးတွင် စိတ်ဂင်တစား ရှိနေကြသည်။

"အဲဒီ ယူ့စာတမ်းကြီး ပြုစုဖို့ ဘယ်မှာ ကေ့စ်ယူမလဲ။ ဘာတွေ လုပ်မလဲ"

"လူနာအများဆုံး ရနိုင်တဲ့ နေရာကတော့ ကူးစက်ရောဂါကု ဆေးရုံပဲပေါ့ နုခိုင်ရာ။ အိုင် ဘာတွေလုပ်မလဲ။ ပထမဆုံး လုပ်ရမှာက အိုင်ပြုစုမယ့်ကျမ်းအတွက် supervisor (ကြီးကြပ်သူ) ဆီ ချဉ်းကပ်ရမယ်။ သူ လက်ခံမယ်လို့ မျှော်လင့်ရတာပဲ။ ပြီးမှ တစ်ခါ အိုင့်လူနာတွေရဲ့ Sputum for AFB (သလိပ်ပိုး) စစ်ဆေးဖို့ Lab

Technical (ဓာတ်ခွဲခန်းကျွမ်းကျင်သူ) တစ်ယောက်ယောက်ကို အကူအညီ တောင်းရမယ်။ ပြီးတော့ ESR၊ အဲဒီမှာ ပြဿနာရှိနိုင်တာက လူနာရဲ့သွေးကို ပိပက်နဲ့စုပ်ရမှာဆိုတော့ အိုင့်ကို ကူညီမယ့်သူ မရှိဘူး ထင်တယ်”

နုနိုင် စိတ်မောသွားသည်။

ကိုယ်တိုင် သင်တန်းတတ်ဖူး၊ လေ့လာမှတ်သားဖူးသောကြောင့် အေအိုင်ဒီအက်စ်ရောဂါ ဖြစ်စေတတ်သော အိပ်ချ်အိုင်ဗွီပိုး ကူးစက်စရာ နည်းလမ်း သီးခြားနည်းပါးကြောင်း နုနိုင် ယုံကြည်ပါသည်။ သို့တစေ အိပ်ချ်အိုင်ဗွီပိုး ပါဝင်သော သွေးတွေ၊ သလိပ်တွေကို ထိတွေ့လေ့လာရမည့်အလုပ်ကို ဘာကြောင့် ဖုန်းမြင့်ကေ ရွေးချယ်သလဲ စဉ်းစားမရနိုင်ဘဲ ရှိနေ၏။

“ခုမှသာ အိပ်ချ်အိုင်ဗွီဆိုတာ ရှိမှန်းသိပြီး ကြောက်နေကြတာပါကွာ။ ဒီအရင် အိုင်တို့ ဆေးရုံဆေးခန်းတွေမှာ စုတ်ပြတ်ကွဲပြဲတဲ့ ဒဏ်ရာတွေကို glove (လက်အိတ်) မပါ ဘာမပါ အမှတ်မထင် ပေါ့ပေါ့ဆဆ ချုပ်ရင်းလုပ်ရင်း ကိုယ့်လက်ကိုယ် အပ်စိုက်မိတာတွေဘာတွေ ရှိခဲ့တာပဲ”

နုနိုင် ပုခုံးတွန့်မိသည်။ ဖုန်းမြင့်ကေပြောတာ အမှန်ပဲ ဖြစ်သည်။ သည်ဒဏ်ရာလောက်တော့ လက်အိတ် မစွပ်တော့ပါဘူးလေဟု အိမ်ပြန်ချင်ဇော၊ အချိန်လုဇောနှင့် ပေါ့ဆခဲ့ပေါင်း မရေတွက်နိုင်။

သေသေချာချာ လိပ်ပြာသန့်နိုင်တာက နုနိုင်သည် အစကတည်းက လူနာကိုဆေးထိုးဖို့ အားမသန်။ ဆေးထိုးပြန်လည်း အပ်တွေပိုက်တွေ ဆူအောင်ပြုတ်ဖို့ လုံးဝ ဂရုစိုက် အလေးထားခဲ့သည်။ သူမ၏ ပယောဂကြောင့် ဆေးထိုးအပ်မှတစ်ဆင့် အသားဝါ အသည်းရောင်ပိုး မကူးစက်စေရဘူးဟု သူမ ရဲရဲကြီး အာမခံသည်။ ထိုအကျိုးကျေးဇူးသည် တစ်ဆင့်ဆက်နွယ်ကာ သူမကြောင့် လူနာအချင်းချင်း အိပ်ချ်အိုင်ဗွီပိုး မကူးစက်နိုင်ကြောင်း လိပ်ပြာသန့်နေလေ၏။ ယခု ပိုပြီးသတိထားမိသည်မှာ သူမ၏ဆေးခန်းတွင် မလိုအပ်ဘဲ လုံးဝ ဆေးမထိုးတော့ပါ။

“ဒါဆိုရင် ယူ ဆေးရုံ နေ့တိုင်းရောက်တော့မှာပေါ့နော်”

“နေ့တိုင်းတော့ မရောက်နိုင်ဘူး နုနိုင်ရ။ တစ်ပတ်တစ်ခါ နှစ်ခါ လူနာများရင် များသလိုပေါ့ကွာ။ အိုင်က လူနာ အနည်းဆုံး ငါးဆယ်လောက်တော့ ရအောင်ယူရမှာပဲ။ သလိပ် သုံးကြိမ်ကျ နှစ်ပတ်ခြားတစ်ခါ ယူနိုင်လောက်ပြီး လေးငါးခါလောက် အနည်းဆုံး ရနိုင်မှ သူတို့ ဆေးတိုးမတိုး အိုင် တင်ပြနိုင်မှာကိုး”

“သေသွားရင်ကော”

“ဖြစ်နိုင်ရင် နောက်ဆုံးအခြေအနေ ရောက်နေတဲ့ လူနာကို ရှောင်မှဖြစ်မှာပေါ့ကွာ။ မဟုတ်ရင် အိုင့် စာတမ်းတော်ကြီး ပြီးမှာ မဟုတ်ဘူး”

နုနိုင်က ဖုန်းမြင့်ကေ ကမ်းလင့်သော ပုဇွန်ကြော်ပန်းကန်မှ ပုဇွန်နှစ်ကောင်ကို ပန်းကန်ပြားထဲသို့ ထည့်သည်။

“အိုင်က ရေသတ္တဝါပဲ စားတာ။ ကုန်းသတ္တဝါ မစားဘူး”

“ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ယူ အစားပုတ်တယ်လို့ အိုင် မစွပ်စွဲပါဘူးကွာ။ ယူဒုံးမလား၊ ယူလေ”

နနခိုင်က ခေါင်းခါသည်။

"အိုင့်လူနာတစ်ယောက် ဆေးရုံတတ်နေတယ် ကေ။ တစ်ခါ တတ်ပြီးသား။ သူ့ကိုယ်သူ တီဘီပါပဲတဲ့။ အမှန်တော့ ခရိုင်တီးရီးယား ဂင်ပြီးသား။ တစ်လမက ဖျားတယ်။ တစ်ဂက်လောက် ပိန်သွားတယ်။ မှက္ခရုတွေ ပေါက်တယ်။ ကုလိုက်တော့ သက်သာသွားတာပေ့ါ။ အဲဒါကို သူ့ရောဂါသူ လက်မခံဘူး။ တီဘီပါပဲဆိုပြီး တစ်ခါ သက်သာလာတော့ ဆေးဖြတ်ထားပြန်ရော။ ပြန်သည်းလာမှ တစ်ခါ ဆေးရုံတတ်သွားပြန်တယ်။ ဒီတစ်ခါ သေချာ ကုပါတော့မယ် ပြောတာပဲ"

"သက်သာလာမလား"

"သက်သာနိုင်ပါသေးတယ်။ သူ့ကုသိုလ်ကံ ရှိသေးတယ်လေ"

နနခိုင်သည် ပုခုံးသိုင်းအိတ်ကို ဖွင့်ကာ ချစ်ပ်စာရွက်စာအုပ်နှင့် ဘောပင်ကို နှိုက်ခွတ် ဆွဲဖွင့်သည်။ ပြီးတော့ လက်ရေးသော့သော့ ချဲချဲနှင့် ခပ်သွက်သွက်ရေး၏။ ကိုပြုံးကြည်၊ အသက်သုံးဆယ့်ငါး။

"အဲဒါ ယူ ဆေးရုံရောက်ရင် ကြည့်ပေးစမ်းပါ မှာမလို့။ ဘယ်တော့သွားမှာလဲ"

"မန်းဒေး သွားဖြစ်မယ်ထင်တယ်"

"နာမည်နဲ့အသက် ရေးပေးထားမယ်နော်။ ယူ ဖျောက်မပစ်နဲ့ဦး၊ ရော့"

"အေးပါကွာ၊ ယူက တယ်ပြီး သံယောဇဉ်ကြီးတာကိုး"

ဖုန်းမြင့်ကေသည် နနခိုင်ပေးသော စာရွက်ကို ရှပ်အင်္ကျီအိတ်ကပ်ထဲ သေချာထည့်၏။

နနခိုင် ရှုံ့ရှုံ့မဲ့မဲ့ သက်ပြင်းချသည်။

"ဘယ့်နှယ်လုပ်မလဲ ကေ၊ အဲဒီရောဂါဟာ ကိုယ်နဲ့ဆိုင်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးခဲ့မိတာက ကြည့်စမ်းပါဦး။ တစ်စစနဲ့ ကိုယ့်ကို လုံးချည်ရစ်ပတ်လာတယ်။ ကိုယ့်လူနာမှာ ရောဂါဖြစ်တယ်။ သူ့မိုက်ပြစ်၊ သူ့မကောင်းမှုပဲလို့ ကိုယ် လှစ်လျူရှုလိုက်နိုင်တယ် ထား၊ သူ့မိန်းမကျတော့ ဟိုး ဟိုအရင်ကတည်းက သူ့ကို ယူထားမိတဲ့အတွက် ပေ့ါစတစ်ဖြစ်ရတယ်။ ပိုးတွေ့ရတယ်။ ဟော.. ဗိုက်ထဲကကလေး ပိုးပါမပါ ကိုယ် စောင့်ကြည့် ရဦးမယ်။ ကိုယ် ဘယ်လိုလုပ် မဆိုင်ချင်လို့ရပါတော့မလဲ ကေရယ်"

လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊ မိခင်မှ ကလေးသို့ ကူးစက်ခြင်းတို့နှင့် ပတ်သက်သော နနခိုင်၏ ညည်းချင်းကို ဖုန်းမြင့်ကေက စပါကလင်ပုလင်း လက်ထဲထည့်ပေးပြီး နှစ်သိမ့်လေသည်။

"ရာသီဥတုက အေးချမ်းပါရဲ့။ ယူ့ရင်ထဲမှာ သံယောဇဉ်တွေကြောင့် ပူပြင်းနေပြီ။ ရော့.. တစ်မြုံ့နှစ်မြုံ့ ငုံလိုက်ဦး နခိုင်ရယ်"

နောက်ရွှတ်သလို လုပ်နေသော်လည်း ဖုန်းမြင့်ကေ၏ ဂရုစိုက် ကြင်နာမှုကို နနခိုင် အသိအမှတ်ပြုရပေမည်။

"ကျေးဇူးပါပဲ"

မစပ်မဆိုင် ဇင်ယော်ကို ဖျတ်ခနဲ သတိရလိုက်သည်။ မငဲ့ညှာသလို၊ သစ္စာမဲ့သလို ဖြစ်သွားသလား ဆိုသော အတွေးကလေးက ရေးရေးမှိန်မှိန် ထင်ဟပ်၏။

ချက်ချင်းပင် ခါးခါးသီးသီး မဲ့ရွဲ့ပယ်ချပစ်လိုက်မိသည်။

နှစ်တွေ ဘယ်လောက်ကြာခဲ့ပြီလဲ။

ဘာများ သက်ဆိုင်ကြတော့တာမို့လဲ။ အပိုတွေ။

"ယူနဲ့ ပြန်ဆုံရလိမ့်မယ်လို့ အိုင် မမျှော်လင့်တာ ကြာပြီ နုခိုင်။ အခု ဘယ်လောက် မင်္ဂလာရှိလိုက်သလဲနော်"

နုနုခိုင် ယောင်ယမ်း ခေါင်းညိတ်သည်။

"မင်္ဂလာညချမ်းပါ နုခိုင်"

ဖုန်းမြင့်ကေက သူ့လက်ထဲမှ ဟိုင်နာကီ ဘီယာဘူးကို မြှောက်ကာ တိုင်တည်သည်။ နုနုခိုင်သည် စိတ်ထဲ ညစ်တေတေ ယစ်ထွေထွေနှင့်မို့ စပါကလင်ပုလင်းကိုပဲ တုံ့ပြန်မြှောက်လိုက်မိလေသည်။

ပန်းဥယျာဉ်၏ ရောင်စုံမီးလုံးများအောက်ဝယ် ငြိမ်သာတိုးတိတ်သော အနောက်တိုင်းတေးသံ တငြိမ့်ငြိမ့် လွင့်မျောဖြန့်ခြုံထားသည်။

"နောက်ထပ် ပြန်ဆုံကြသည့်အထိနော် နုခိုင်၊ Till we meet again"

နုနုခိုင်က ကြောင်စင်းစင်း ကြည့်ကာနေသည်။

မျက်လုံးရှေ့တွင် ဖုန်းမြင့်ကေက တည်တည်တံ့တံ့ ပြုံးနေသည်။ ဖုန်းမြင့်ကေကို နုနုခိုင်၏ မျက်လုံးတွေက သဲသဲကွဲကွဲ မတွေ့မြင်ပါ။

ရှိုးတိုးရိပ်တိပ် မှုန်မှိုင်းမှိုင်းနှင့်။ အို.. စပါကလင်က မူးတတ်ချင်လည်း မူးတတ်နေမှာပါလေ။

* * * * * *

# မဆိုင်ချင်လဲ ဆိုင်ခဲ့ပြီ

နောက်ထပ် ပြန်ဆုံကြသည့်အထိဟု ဖုန်းမြင့်ကေက တိုင်တည်တောင်းဆုပြုစဉ်က နနခိုင် တစ်စက်ကလေးမှ အလေးအနက် မထားခဲ့ပါ။ သို့တစေ သူတို့ပြန်ဆုံကြချိန်သည် မြန်ဆန်လွန်းလှသည်သော အခါ နနခိုင် အံ့သြမိလေ၏။

ကူးစက်ရောဂါကုဆေးရုံကြီး၏ မျက်နှာစာ တစ်ခုသော အခန်း၏ နံရံတွင် -

HIV / AIDS
Clinical Research Unit
DMR

ဆိုသော စာလုံးတွေကို ဆေးအဖြူဖြင့် ကျွန်းသားဆိုင်းဘုတ်ကလေးတွင် ရေးထိုးထားလေသည်။

မနေ့တစ်နေ့က နနခိုင်သည် မြန်မာနိုင်ငံဆရာဝန်အသင်းဝင် အထွေထွေရောဂါကု ဆရာဝန် တစ်ဦးမျှသာ ဖြစ်သည်။

ယနေ့ နနခိုင်သည်ကား ခုခံအားကျဆင်းမှု ကူးစက်ရောဂါ သုတေသနယူနစ်တွင် သုတေသနာဆရာဝန် ဆိုသော တာဝန်ကို လိုလားကြည်ဖြူစွာ ထမ်းဆောင်နေခဲ့ပါလေပြီ။

အလုပ်မစမီ နနခိုင်က စာရွက်အဖြူ ပြောင်ချောတစ်ခုကို အဖုံးထူကြားတွင် ညှပ်ထားရာမှ ထုတ်ယူသည်။ ပြီးတော့ ညက သူမ ကြိုးစားပမ်းစား လှပအောင် ကူးရေးလာသော ဆုတောင်းတစ်ခုကို ပြန်လှန်စိစစ် ဖတ်ရှုလေသည်။

Grant me the courage to realize my daily mistakes so that tomorrow I shall be able to see and understand in a better light that I could not comprehend in the dim light of yesterday.

Pryer by
Moses ben Maimon
(Mai morodes)

မှုန်ဝါးသော အလင်းရောင်တွင် ခွဲခြားမမြင်နိုင်ခဲ့သော်လည်း မနက်ဖြန် ပို၍အားကောင်းသော အလင်းရောင်တွင် မြင်တွေ့နားလည်နိုင်စိမ့်သောငှာ ကျွန်ုပ်၏ နေ့စဉ်အမှားများကို သတိပြုစေသော သတ္တိစွမ်းပကားကို ပေးသနားတော်မူပါ ဘုရား။

စာရွက်ကို ဗီရိုတံခါးတွင် ကော်နှင့်ကပ်ကာ ခပ်ခွာခွာကြည့်သည်။ စိတ်တွင် နှစ်လိုတွယ်ငြိလိုက်တိုင်း ကူးယူချင်တတ်သော ညာဉ်သည် ဘယ်အရွယ်ရောက်လာလာ ပပျောက်သွားခြင်း မရှိ။

စာကူးတိုင်းမှာ ကိုယ့်လက်ရေးကိုယ် စိတ်တိုင်းမကျတိုင်းမှာပဲ ရင်ထဲလစ်ဟာမိလျက်နှင့် မသိကျိုးကျွန် မေ့ပျောက်ထားသည်ဟု ဟန်ဆောင်မြဲဖြစ်လေသည်။

နနခိုင်က ကုလားထိုင်တွင် ဂင်ထိုင်ပြီးတော့ အလုပ်စရတော့၏။

သည်အခန်း သည်စားပွဲမှာ နနခိုင်က မှတ်စုမှတ်ရာတွေ ရေးချွတ်မှတ်သားစ ပြုနေသည်။ အပြင်ဘက် စကြံ့တွင် ရပ်ကာ တလွန့်လွန့်လှုပ်ရှားနေသော သစ်ရွက်စိမ်းရောင် ခန်းဆီးစများကြားမှ မယုံကြည်နိုင်စွာ ကွက်ကြည့်ကွက်ကြည့်လုပ်နေသော ဖုန်းမြင့်ကေကို သူမက တော်တော်နှင့် အမှုမထားမိပါ။

"ယူ ဘယ်လိုလုပ်ပြီး ဒီဆေးရုံရောက်နေတာလဲ နခိုင်၊ ယူ လာလည်နေတာလား"

သူ့အသံကြီး ပေါ်ထွက်လာတော့မှာပဲ ဖြည့်စွပ်လက်စ၊ ရေးလက်စ ရပ်တန့်သွားပြီး မျက်လွှာ ပင့်ကြည့်လိုက်ရ လေသည်။

"ဟယ်.. ကေပါလား၊ ဟုတ်သားပဲ၊ သီးဆစ်အတွက် လာမယ် ယူ ပြောထားသားပဲ။ ကိုယ် မေ့နေလိုက်တာ"

ဖုန်းမြင့်ကေသည် ထူးထူးခြားခြား နုံ့သာရောင်တိုက်ပုံအကျီနှင့် ညိုရွှေရောင် ရခိုင်ပုဆိုး ဂုတ်ဆင်ထားသည်။ ညိုမှောင်ပျော့ခွေသော သူ့ဆံပင်တွေကို ဆီသပြီး အကျဖြီးသင်ထားသေး၏။

နနခိုင် တစ်သက်နှင့်တစ်ကိုယ် တစ်ခါဖူးမှ ဖုန်းမြင့်ကေကို ကြည့်ကောင်းသည် မထင်မှတ်ခဲ့ဖူးပါ။

ဖုန်းမြင့်ကေဆိုလျှင် အနောက်တိုင်းဘက် ယိမ်းယိုင်သော ဂေါ်ရခါးစပ် လူပြောင်တစ်ယောက်အဖြစ်သာ နနခိုင် သတ်မှတ်ထားခဲ့သည်။ သည့်ထက်သည် အလွန်ဆုံးဆိုရလျှင် ဖုန်းမြင့်ကေသည် အလုပ်သင် ဆရာဂန် ဘဂတုန်းက ရင်းနှီးခင်မင်ခဲ့ကြသော တစ်ဆောင်တည်း အတူတာဂန်ကျ သူငယ်ချင်းတစ်ယောက် ဖြစ်သည်။

နနခိုင်အပေါ်၌ လည်းကောင်း၊ အခြားသော လုပ်ဖော်ကိုင်ဖက် မိန်းကလေးများအပေါ် လည်းကောင်း၊ ခင်မင်လာပြီဆိုမှဖြင့် သူက မထိတထိ အနှောင့်အသွားမလွတ်အောင် ကလိတတ်ရိတတ်သည်။ သူ့ကို ငြူစူငေါက်ငမ်းလိုက်လျှင် ဘာမှမသိသလို အပြစ်ကင်းမဲ့သည့် မျက်နှာသေကလေးနှင့် လွတ်အောင် ရှုန်းထွက်သွားတတ်ပြန်လေသည်။

"ရှင်းစမ်းပါဦး ခိုင်ရဲ့။ ဒီ သုတေသနယူနစ်ကို ယူ ဘယ်လိုလုပ် ရောက်နေတာလဲ။ လာပြီး ကူညီနေတာလား"

"ဒီသုတေသနယူနစ်မှာ ဆရာဂန်တစ်ယောက် လိုနေတုန်းမှာပဲ ကိုယ်ကလည်း ဒီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတယ်။ ကိုယ်ရောက်လာတာက ကိုယ့်လူနာကိစ္စပဲပေါ့။ ယူ့ကိုတောင် ကြည့်ပေးဖို့ ကိုယ် မှာသေးတယ်လေ"

"ရက်စ်.. ရက်စ်.. ကိုပြုံးကြည်၊ အိုင် မမေ့ပါဘူး ခိုင်ရာ၊ အိုင် အလုပ်လွှဲရ ဘာရနဲ့ ခုမှ ဆေးရုံကြီး ရောက်လာလို့ပါ"

"ဟုတ်ပါပြီလေ။ ယူ လာမကြည့်ဖြစ်ဘူးလို့ သူ့ဇနီးက ပြောပြတော့ ယူမေ့သွားတယ် ထင်မိတာပေါ့။ ဒါပေမယ့် သူ့ဇနီးက သမီးလေး မွေးလာပြန်တာနဲ့ ကိုယ် သွေးလာဖောက်ရတယ်။ ဘယ်နေမလဲ။ ပေါ့စတစ်ပဲ"

"အင်း.. vertical transmission (မိခင်မှသန္ဓေသားသို့ ကူးစက်ခြင်း) ပေါ့နော်။ အနာဂတ်အရေးတွေဟာ ရင်လေးစရာပဲကွာ"

"အမေဆီက အင်တီဘော်ဒီတွေ ပါလာတာလား၊ ဗိုင်းရပ်စ်တွေ တကယ်ကူးပြီလားတော့ စောင့်ကြည့်ရဦး မှာပေါ့။ ရှေ့လျှောက်ဆိုရင် အဲသလို လိင်မှတစ်ဆင့်ကူးတာတွေ ထိန်းမနိုင်သိမ်းမရ ပျံ့နှံ့လာမှာ စိုးရတယ်လေ။ ကာကွယ်နိုင်အောင် အစွမ်းကုန် ကြိုးစားကြရမှာပဲ"

"တစ်တပ်တစ်အား ကာကွယ်ဖို့ ကြိုးစားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီရောက်လာတာလား ခိုင်၊ ကွန်ဂရက်ကျူလေးရှင်း ခိုင်ရာ"

နုနုခိုင် ရှက်သွားသည်။

"မနောက်စမ်းပါနဲ့ ကေရယ်။ စိတ်ဝင်စားမယ့် ဆရာဝန်တစ်ယောက် အလောသုံးဆယ် လိုအပ်နေပါတယ် ဆိုတဲ့ သုတေသီရဲ့စကားကို ကိုယ် မကြားမနာဘဲ ဘယ်လိုမှ မဖြစ်တော့လို့ပါ။ ကိုယ် အလုပ်ဝင်နေတာ နှစ်ပတ်ရှိပြီ ကေရဲ့"

"မနောက်ပါဘူးကွာ။ စိတ်ဝင်စားမယ့်ဆရာဝန်၊ သက်ဆိုင်ပက်သက်တယ်လို့ ခံယူမယ့်ဆရာဝန်၊ အဲဒါ ယူပဲ ခိုင်"

နုနုခိုင် ခေါင်းညိတ်ဝန်ခံသည်။ ဝေဒနာရှင်တွေနှင့်အတူ သူတို့ ဆက်နွယ်နေသူတိုင်းကို နုနုခိုင်က သက်ညှာပက်သက်နေမိပါပြီ။

ဖုန်းမြင့်ကေသည် သူ့လက်ထဲမှ သားရေအိတ်အညိုကို စားပွဲပေါ်တင်လိုက်ပြီး ထိုင်ခုံဆွဲထိုင်လိုက် တော့သည်။

"ယူ့ကို ဒီနေရာမှာတွေ့လိုက်ရတာ ဘုရားသခင် ကျေးဇူးတော်ပဲ ခိုင်။ အိုင်လေ ဦးရဲမြင့်အလာ စောင့်နေတာ၊ ဟိုရပ်ဒီရပ်နဲ့ ခြေသလုံးကို တောင့်နေတာပဲကွာ"

"ယူ့ဘာသာ ဒုက္ခခံနေတာကိုး။ ကိုယ့်မတွေ့တော့လည်း အဆောင်ခနစ်ထဲ သွားထိုင်နေလိုက်ရင် ဆရာမ တွေက ယူ့ကို နှင်မထုတ်ပါဘူးကွာ"

"ဆရာအလာကို အိုင် စောင့်နေလို့ပါ။ ဒီရှေ့ကနေစောင့်ရင် ကားလာရင် မြင်ရတယ်ဆိုလို့။ ဆေးရုံအုပ်ကြီး ကိုတော့ ခွင့်တောင်းပြီးပြီ။ သမားတော်ကြီးကို ခွင့်တောင့်ဖို့ပဲ ကျန်တယ်"

"စားပွဲကနေပဲ စောင့်ပါကေရယ်။ ဆရာလာရင် တွေ့ပါတယ်။ ကိုယ်လဲ ရောင်းဒ်လိုက်ရမှာပါပဲ"

"မရောင်းဒ်ခင် ဆရာနဲ့ စကားပြောခွင့်ရမှဖြစ်မှာ ခိုင်ရဲ့"

"ပြောရမှာပါ။ ဆရာက သဘောကောင်းတယ်။ ပြီးတော့ လူနာတွေအပေါ်လည်း ကြင်ကြင်နာနာ ရှိတယ်။ သေရမယ့်လူနာတွေရဲ့ နောက်ဆုံးအချိန်တွေကို အေးအေးချမ်းချမ်း ဂုဏ်သိက္ခာရှိရှိ အဆုံးသတ်ခွင့် ရစေချင်တယ် တဲ့။ ကဲ.. ဘယ်လောက် ဆရာဝန်ပီသတဲ့ စိတ်သဘောထားလဲနော်"

ဖုန်းမြင့်ကေက နုနုခိုင်ကို ငေးကြည့်နေသည်။ မြောက်ဥက္ကလာဆေးရုံကြီးတွင် အလုပ်သင် အတူဆင်းကြစဉ် နုနုခိုင်နှင့် ငှက်တစ်ကောင်ဟု သူ ရွှတ်ပြက်ပြက် အောင့်သက်သက် ခေါ်မှည့်သိမှတ်ထားခဲ့သော ဇင့်ယော့်

အကြောင်းကို ဆွတ်ပျံ့လွမ်းမော ချစ်ပုံပြင်တစ်ပုဒ်အဖြစ် ရှုဒေါင့်အမျိုးမျိုးမှ သုံးသပ်ဖွဲ့နွဲ့ကြတာတွေကို သူ ကြားဖူးခဲ့သည်။

ဒါတွေ ကြာခဲ့ပြီပဲ။

ဒါတွေ ကျန်ရစ်ခဲ့ပြီပဲ။

ယခု သူ့ရှေ့မှောက်တွင် မှတ်တမ်းမှတ်ရာ တကုန်းကုန်း ရေးမှတ်နေသော နနခိုင်သည် ဇင်ယော်ဆိုသော သတ္တဂါနှင့် လုံးဝ မသက်ဆိုင်တော့ပါ။

သေရတော့မည့် လူနာတွေ၏ နောက်ဆုံးအချိန်တွေကို အေးအေးချမ်းချမ်း ဂုဏ်သိက္ခာရှိရှိ အဆုံးသတ်ခွင့်ရစေချင်သည် ဆိုသော သဘောထားစေတနာ၏ အလှအပကို ဦးညွတ်လေးစားနေသူ နနခိုင်ပါ။

"ယူ့လူနာအခြေအနေ ဘယ်လိုလဲ နနခိုင်"

"ဘယ်လူနာလဲ"

"ယူ ပြောပြောနေတာလေ။ ဆေးရုံကို ဒုတိယအကြိမ် ပြန်တက်နေတယ်ဆိုလား၊ ကွန်ဖရင့်ဒင်နာတုန်းက ပြောတာလေကွာ"

"သြော်.. ကိုပြုံးကြည်၊ ရှိတယ်၊ ရှိတယ်။ အခု သူ ဆင်းပြီ။ သူ့ကို ဆေးလေးမျိုး တင်ထားတာ။ ဂပ်ထဲရောက်ရင် တွေ့မှာပေါ့။ ပေါင်ချိန်လဲ တိုးလာတယ်"

"သူ ဘယ်လောက်အသက်ရှင်ဦးမယ် ထင်သလဲ နနခိုင်"

အားရပါးရ တက်ကြွစွာဖြေဆိုနေသော နနခိုင် နှုတ်ဆွံ့ငြိမ်သက်သွားလေသည်။ အတန်ကြာမှ ပခုံးတွန့်ကာ အားနည်းစွာ ပြုံးသည်။

"အမှန်တော့လေ ကိုပြုံးကြည်က ခရိုင်တီးရီးယား ဂင်ပြီးသား။ အေ့ဒ်စ်လို့ သတ်မှတ်ပြီးတဲ့အချိန်မှာ လူတစ်ယောက်ဟာ နှစ်နှစ်သုံးနှစ်ပဲ ရှင်နိုင်တော့မယ်လို့ ခန့်မှန်းရတယ်။ တစ်ခု သတိထားမိတာက ကိုယ်တို့ယုံကြည်တဲ့ ကုသိုလ်ကံအပေါ်မှာလည်း အများကြီး မူတည်မှာပေါ့လေ။ ပြီးတော့ ကိုယ့်ကျမ်းမာရေး ကိုယ်ဂရုစိုက် တတ်ဖို့ရယ်၊ စိတ်ဓါတ်ခိုင်မာဖို့လည်း သိပ်အရေးကြီးတယ်။ အင်း.. အရေးတကြီး ပါဂင်နေတဲ့ တစ်ချက်ကတော့ လေ ချမ်းသာတဲ့လူတွေဟာ ပိုပြီး အသက်ရှည်နိုင်ဖို့ အလားအလာ များတယ်ဆိုတာပဲ"

ဖုန်းမြင့်ကေက စားပွဲပေါ်လက်ထောက်ကာ စိတ်ဂင်တစား နားထောင်သည်။ လက်ခံဖို့ထက် ဆွေးနွေးဖို့ သူ ပိုပြီးအားသန်သည်။ သည်ဂေဒနာလမ်းကြောင်းဖက်သို့ ဦးတည်သုံးသပ်ကြရပြီဆိုတော့ကာ သည်ဂေဒနာ၏ ဇာစ်မြစ်ကို ထိုးကော်ရှာဖွေသလို ရှေ့လာမည့် အနာဂတ်ရေးကိုလည်း မျှော်တွေးကြံဆဖို့ လိုအပ်နေပြီဖြစ်လေသည်။

"ဆိုစမ်းပါဦး။ ယူပြောသလို ချမ်းသာကြွယ်ဂတဲ့လူနာ ဆိုပါစို့။ အိုင် ပြောနိုင်တာက သူ ဆေးဂယ်သောက်နိုင်မယ်၊ ကပ်တွယ်လာမယ့် တီဘီလို၊ မှက္ခရုလို Opprotunistic Infections (အခွင့်အရေးချောင်းနေတဲ့ ဂေဒနာ) တွေကို တိုက်ထုတ်နိုင်ရင် ခုခံအားကျဆင်းမှုနှုန်း ထိမ်းထားနိုင်မယ်။ ပြီးတော့လေ.."

"အစစ်ပေါ့ ကေရယ်။ ခုခံအားနည်းလို့ ဝင်လာတဲ့ရောဂါကိုလည်း ကုသနိုင်တယ်။ နေရာထိုင်ခင်း ကောင်းကောင်းမွန်မွန်မှာ နေထိုင်ပြီး အားဆေးတွေ၊ အာဟာရပြည့်စုံတဲ့ အစားအစာတွေလည်း စားသောက်နိုင်မယ် ဆိုရင် သူ့ခုခံအားဟာ ဆိုးဆိုးရွားရွား ပြိုဆင်းသွားစရာအကြောင်း နည်းပါးသွားပြီပေါ့"

ဘာသာစကားခြင်း တူညီပြီမို့ ကေနှင့် ပြန်လည်ဆုံစည်းကြရသည်ကို နနခိုင် ပထမဆုံးအဖြစ် လေးလေးစားစား တန်ဖိုးထားမိသည်။

"တကယ်တော့ ကေရယ်၊ ကိုယ်လေ ဒီနေရာကိုရောက်လာပြီး ဒီလူတွေကိုကြည့်ရှုဖို့ လုံးဝ စိတ်ကူးမရှိခဲ့ပါဘူး။ ခက်တာက သူတို့နဲ့ ဆက်စပ်ပက်သက်နေတဲ့ လူတွေက အများကြီး။ ဒီမှာကြည့်စမ်း ကေ၊ တစ်လောက ပြင်သစ်မြို့စားကြီး အယ်လ်ဘီနာနဲ့အတူ ကိုယ်တို့တိုင်းပြည်၊ ကိုယ်တို့စီမံချက်နယ်ပယ်ကို ဒေါက်တာပရာချွန် ဆိုတဲ့ ထိုင်းဆရာဝန်မကြီး ပါလာတယ်။ သူ့ဆေးရုံက ချိုင်မဲမှာ၊ ဇင်းမယ်မှာပေါ့ကွာ။ သူတို့ မြောက်ပိုင်းပြည်နယ်မှာ ကူးစက်ပျံ့နှံ့နေရုံ မကဘူး၊ ပေါက်ကွဲနေတာတဲ့"

"သူကိုယ်တိုင် ပြောသွားတာလား"

"ဒါပေါ့၊ မြောက်ဥက္ကလာဆေးရုံမှာရော၊ ကလေးဆေးရုံမှာပါ ဟောပြောပို့ချသွားတာ။ ကိုယ်တို့ လိုက်ပြီး သူ့ဆလိုက်တွေ ပရိုဂျက်တာ ထိုးပေးရတယ်။ အရမ်းစိတ်ဝင်စားဖို့ ကောင်းပြီး သူတို့တွေ့ရှိချက်နဲ့ ကိုယ်တို့ တွေ့ထားသိထားတာတွေ ညှိနှိုင်းချိန်ထိုးနိုင်တာပေါ့"

"သူတို့ဆီမှာ ဆက်စ်နဲ့ကူးတာ များသလား၊ ဆေးသမားတွေ အပ်အတူတူသုံးရင်း ကူးတာ များသလား"

"သိတဲ့အတိုင်းပဲပေါ့လေ။ ဆက်စ်ပေါ့။ သူတို့က သိပ် လွတ်လပ်ခွင့် များလွန်းတာကိုး။ ကိုယ်တို့တိုင်းပြည်လို ဘာသာရေး၊ လူမှုရေး၊ ဓလေ့ထုံးစံ အဆုံးအမအကွပ်အကဲတွေလည်း မရှိသလောက် မနိုင်မနင်း ဖြစ်သွားပြီပဲ"

နနခိုင်က စာရွက်လွတ်တစ်ခုပေါ်တွင် စက်ဝိုင်းသေးသေးနှစ်ခု ဆွဲလိုက်သည်။

"ဒီတစ်ဝိုင်းက ဆေးသမားအချင်းချင်း အိပ်ချ်အိုင်ဗွီကူးကြတာ၊ တစ်လှည့်စီထိုးကြ၊ ကူးကြ၊ သူတို့အုပ်စု သူတို့စက်ဝိုင်းဆိုရင် No Problem ပြဿနာမရှိဘူးပေါ့"

စက်ဝိုင်းတွင် နနခိုင်က မြားဦးတွေပြကာ သံသရာလည်ပြသည်။ ဖုန်းမြင့်ကေ ထိုင်းဆရာဝန်မကြီး၏ ပို့ချချက်ကို မကြားနာလိုက်ရလေသောကြောင့် မြန်မာဆရာဝန်မကလေး၏ တစ်ဆင့်ဖောက်သည်ချတာကိုပဲ နာယူနေရလေ၏။

"ဒီတစ်ဝိုင်းကတော့ အခြောက်၊ အဲ.. Homosexual တွေအချင်းချင်း ကူးစက်ကြတာ။ ဒါလည်း သူတို့ အသိုင်းအဝိုင်း သူတို့အုပ်စုပဲ ကူးနေကြရင် နီးပရော်ဘလမ်ပဲ။ ဟုတ်ပြီလား။ ကိုယ်တို့ဆီမှာ အခြောက်တွေ သူတို့ဆီလောက် မများဘူး။ သူတို့ဆီလောက် မသောင်းကျန်းပါဘူး"

နနခိုင်၏ ရှင်းလင်းချက်ကို သဘောကျမြဲကျမိရင်း ဖုန်းမြင့်ကေက ဟုတ်ဟု ခေါင်းဆတ်ထောက်ပေး၏။

"ပလုံပလုံက အဟင်း.. ပရော်ဘလမ်က ဘယ်မှာစသလဲ ဆိုတော့ ဆေးသမားဟာ ဆေးထိုးပြီးချည်း ငြိမ်မနေဘူး။ ဆက်စ် (လိင်မှုကိစ္စ) ပါတာတွေက မနည်းမနောဘူး။ ဟော.. အဲဒီမှာတင် သူတို့ရဲ့ Sexual Partner (လိင်ဆက်ဆံဘက်) ဆီ မြားထွက်မသွားပေဘူးလား"

"ဟုတ်"

"ယူနော်၊ မနောက်နဲ့"

"သဘောတူ ထောက်ခံတာပါကွာ။ ကဲ.. ဆက်စမ်းပါဦး"

"ခုတွင်က homo (လိင်တူဆက်ဆံသူ) တွေကလည်း အေးအေးမနေပြန်ဘဲ လိင်တူလိင်ကွဲဆက်ဆံရေး (bisexual) တွေ ပါနေကြပြန်ရော။ ဟော.. သူတို့စက်ဝိုင်းထဲက မြားတစ်ချောင်း ထွက်မလာပေဘူးလား။ အဲဒီ ပလုံပလုံဟာ ဟောဒီ လိင်ကွဲဆက်ဆံသူ (heterosexual) ယောက်ျားမိန်းမတွေထဲလည်း ကူးစက်လာရော ရောမ ရောမ စက်ဝိုင်းကြီးဟာ ကဲ... မြင်တဲ့အတိုင်း"

နုနုခိုင်က စာမျက်နှာပြည့်လုနီးပါး စက်ဝိုင်းကြီးကို ရေးခြစ်ကာ ယောက်ျားမိန်းမ လိင်သင်္ကေတများဖြင့် ဂန်းရုံ ခြယ်မှုန်းပြလိုက်လေသည်။

"အနောက်မှာတော့ ကွန်ဒုံး၊ ကွန်ဒုံး၊ စိတ်ချရအောင် ကွန်ဒုံးသုံးပါ။ အဲဒါပဲ အဓိက ပညာပေးနေကြတယ်။ ကိုယ်တို့ဆီမှာ ကျမ်းမာရေးအသိပညာ နည်းတယ်။ ကွန်ဒုံး ဖောဖောသီသီ ဖြန့်ဝေပေးဖို့ ငွေကြေးမပြည့်စုံဘူး။ ကွန်ဒုံးသုံးဖို့ ပညာပေးတိုက်တွန်းရင်း တစ်ဖက်တစ်လမ်းကနေ ကိုယ်တို့ အားစိုက်လုပ်ရမယ့် ကာကွယ်ရေးနဲ့ တားဆီးရေးလက်နက်နဲ့ ဗျူဟာကတော့ မိရိုးဖလာ ဘာသာတရား စောင့်ထိန်းမှု၊ စောင့်စည်းမှုတွေ ရှင်သန်လာရေးပဲ"

နုနုခိုင်ကို သည်တစ်ကြိမ်တော့ ဖုန်းမြင့်ကေ မထောက်ခံချင်။

"ယူက ကွန်ဒုံးဂါဒ မဖြန့်ချင်လို့ ဖြစ်မလား။ ယူ မိရိုးဖလာအရ အရင် ဘုရားလက်ထက်တော်ကတည်းက တောင်မှ Prostitute (ပြည့်တန်ဆာ) ပပျောက်ခဲ့လို့လား။ အမွပါလီဆိုတာ ဘာလဲ။ ပီပဲ မဟုတ်လား။ အမှန်အတိုင်း အရှိအတိုင်း ယူ လက်ခံလေကွာ"

နုနုခိုင် ခေတ္တ ငြိမ်ကျသွားသည်။

"ခက်တယ်နော်။ ယောကျ်ားတွေက လိင်မှုကိစ္စကို သဲသဲမဲမဲ လိုက်စားပြီး မိန်းမတွေကလည်း ဒီကိစ္စ အရင်းပြုပြီး စားဝတ်နေရေး ရှာဖွေကြတယ်"

ဖုန်းမြင့်ကေ အသံထွက်ရယ်မောနေစဉ် နုနုခိုင်က မကျေမချမ်း မှုန်ကုပ်ကာနေပေ၏။

နုနုခိုင်သည် ယောကျ်ားမိန်းမ သင်္ကေတများဖြင့် သူမ၏ ရောမစက်ဝိုင်းကြီးကို ခြယ်မှုန်းဆဲ ဖြစ်သည်။

"အခုခေတ်မှာ ပရော့စ်တီကျူလို့ မခေါ်တော့ဘူးဆိုပဲ။ ဘယ်လိုခေါ်လဲ ယူသိလား"

ဖုန်းမြင့်ကေ မချိုမချဉ်နှင့် -

"အိုင် သိသလောက်တော့ ကိုးဆယ်တန်တစ်ခေါက် မြင်သာအောင်ပြပြီး"

"ယူနော်၊ ကိုယ်က အကောင်းပြောမလို့ ဟာကို"

"ပြော.. ပြော..၊ အိုင်ပျော်လို့နောက်တာပါကွာ။ ဘယ်လိုခေါ်ရမလဲ ပြော"

"CSW တဲ့။ commercial sex worker အခကြေးငွေဖြင့် လိင်မှုကိစ္စ ဖျော်ဖြေရေးလုပ်သားပေါ့။ ဟိ.. ဟိ.. လုပ်သားတဲ့ကွာ၊ ကိုယ်ဖြင့် ကျမ်းမာရေးလုပ်သားတို့၊ ညစောင့်လုပ်သားတို့နဲ့ ရောထွေးကုန်တာပဲ။ တလောက UNICEF မှာ လုပ်တဲ့ Thompson Social Communication Workshop (အလုပ်ရုံဆွေးနွေးပွဲ) တုန်းကလေ ဆရာဂန်မတစ်ယောက်က စီအက်စ်ဒဗလျူကို အမှတ်မဲ့ အရှည်ရွတ်လိုက်တာ Community Sex Worker (ပြည်သူ့လိင်မှုဆက်ဆံရေး လုပ်သား) တဲ့။ တဟုန်းဟုန်းကို အူနာကုန်ကြတာပဲ သိလား"

သုတေသနယူနစ်ရှေ့မှ ဖြတ်သန်းသွားသော ခြေလှမ်းများကို နနခိုင် လှမ်းတွေ့လိုက်သည်။

"ဟော့.. ကေ၊ လိုက်သွားချေတော့။ ဘော့စ်လာပြီ။ သွား.. သွား.. လိုက်သွား၊ ကိုယ် စာရွက်စာတမ်းသိမ်းပြီး လိုက်ခဲ့မယ်"

ဖုန်းမြင့်ကေသည် နနခိုင်၏ နှိုးဆော်မှုအဆုံးတွင် တံခါးဂသို့ ရောက်နေပေပြီ။

သူက တစ်ခွန်းလှည့်မေးသည်။

"အိုင်ကိုယ်တိုင် သီးဆစ်လုပ်မယ်ကြံမှ ယူတို့ အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ဘက် ဦးလှည့်ရတာ ဆိုတော့ ယူလုပ်နေတဲ့ သုတေသနဆိုတာက ဘာလဲ။ ဘာအတွက်လဲ။ အိပ်ချ်အိုင်ဗွီဂမ်း၊ အိပ်ချ်အိုင်ဗွီတူး ရှိနေပြီးပြီ။ ဂမ်းလားတူးလား ခွဲခြားဖို့လား၊ သရီး ထပ်ရှာဖို့လား။ ဒါမှမဟုတ် ထိုင်းမှာစမ်းသပ်နေတဲ့ Vaccine (ကာကွယ်ဆေး) နဲ့ အပြိုင် မျိုးကွဲတစ်ခု ထုတ်လုပ်စမ်းသပ်ဖို့လား၊ ဒါမှမဟုတ် for complete cure လုံးဂကုသပျောက်ကင်းမယ့် ဆေးဂါးရှာဖွေ..."

နနခိုင် စိတ်တိုလာသည်။

"ကေနော်၊ ကိုယ့်ကို လှောင်ပြောင်မနေနဲ့။ ယူ့အလုပ် ယူ လုပ်ချေ၊ သွားတော့"

ဖုန်းမြင့်ကေ သွားတော့မှပင် နနခိုင်က သူမ ကောက်နှုတ်ရေးမှတ်ထားသော မှတ်တမ်းစာအုပ်ဆီသို့ အာရုံ ပြန်ပို့နိုင်သည်။

ကိုပြုံးကြည်.. ကိုပြုံးကြည်..။

မဂေထံသို့ လိင်မှုဆက်ဆံခြင်းမှတစ်ဆင့် ရောဂါပိုးကူးစက်သည်။

မဂေထံမှ သန္ဓေသားသို့ ကိုယ်ဂန်ဆောင်ခြင်းမှတစ်ဆင့် ပိုးကူးစက်နေသလား ဆိုတာ ကလေးတစ်နှစ်ခွဲ ကျော်မှ အတိအကျ ဆုံးဖြတ်နိုင်ပေမည်။

ဒါဟာ အနည်းဆုံး လူသားသုံးယောက်အတွင်း ကူးစက်မှုကိုသာ ဖော်ထုတ်နိုင်သေးသည်။

ကိုပြုံးကြည်ကို ကူးစက်စေသော ကြေးစားအမျိုးသမီးသည် အခြားအမျိုးသား ဘယ်နှစ်ယောက်အထိ ကူးစက် ပျံ့နှံ့စေခဲ့ပါပြီလဲ။ သင်းတို့မှတစ်ဆင့် အခြား အပြစ်မဲ့ အိမ်ရှင်မ ဘယ်နှစ်ယောက်ထံ ရောဂါပိုး ဖြန့်ဝေခဲ့ပါပြီလဲ။

မိန်းမလိုက်စားတတ်သော ကိုပြုံးကြည်ကော၊ သူ့ဇနီးမဂေအပြင် အခြားအမျိုးသမီး မည်ရွေ့မည်မျှ ရောဂါဖြန့်ဝေခဲ့ပါပြီလဲ။

ယင်းအမျိုးသမီးတွေ ကိုယ်ဝန်ဆောင်ရာမှတစ်ဆင့် ရသော ကလေးသူငယ် မည်မျှ အိပ်ချ်အိုင်ဗွီ ပါလာကြပြီလဲ။

နုနုခိုင် သက်ပြင်းတွင်တွင် ချမိတော့သည်။

* * * * * *

# အလှနေဝင် စောလိမ့်မည်

ခရေမသည် တဂီဂီပျံနေသော ခြင်တွေကို လက်နှင့်ခါယမ်းမောင်းနှင်ရင်း ဟင်းကနဲ သက်ပြင်းချမိသည်။

သင်းသင်းအေးမှသည် ယခု ခရေမ ဖြစ်နေပါပြီ။

အေမီသင်းဆိုသော နာမည်ကို သင်းသင်းအေး စွန့်ပယ်ခဲ့သည်။

မာမီကြွယ့်အိမ်မှလည်း ဆင်း၊ အေမီသင်းလည်း ပျောက်။

ခတော့ ခရေမ။

မာမီကြွယ်၏အိမ်တွင် အေမီသင်းက အိမ်သားတစ်ယောက်ပမာ ညှော်စာရင်းနှင့် နေလာလိုက်သည်မှာ လေးငါးနှစ်မက ကြာမြင့်ခဲ့၏။ အမှန်တော့ သင်းသင်းအေးက မနေချင်တော့ခြင်းသည် မာမီကြွယ့်ဆီမှသာ အရင်းခံသည်။

သမီး.. သမီးလေးနှင့် ဖူးဖူးမှုတ်ခဲ့သော အချိန်တွေသည် တစ်နှစ်ထက်တစ်နှစ် လျော့ပါးလျက် မာမီကြွယ့်ထံတွင် သမီးလေးအသစ်တွေ တစ်ယောက်ပြီးတစ်ယောက် ထွန်းပေါက်ခဲ့သည်။

အပေးအယူ မညီမျှ၍ မကျေမနပ် ထွက်သွားတာလည်း ရှိ။

အမယ်.. တစ်ယောက်များ အရှူးအမူး ချစ်ကြိုက်လှချည်ရဲ့နှင့် လက်မှတ်ထိုး လက်ထပ်ကာ အထက်အညာသို့ အပါခေါ်သွားသေးသည်။

အေမီသင်းကို ဖောက်သည်တွေက ရိုးအီရှောင်ဖယ်လာကြသည်နှင့်အမျှ မာမီကြွယ်၏ မကြည်သာမှုတွေ တစ်စတစ်စ ပိုလျှံလာသည်။

နောက်ဆုံး နေ့တွက်ရှင်းရာမှာ အားလုံးထက် အေမီသင်းကို နှုန်းလျှော့ပေးရာမှ အချင်းများကြရသည်။

ယခု ခရေမ အလုပ်ဆင်းသောနေရာသည် ရွှေပြည်သာမှ ကားနှစ်ဆင့်ပြောင်းလျှင် ရောက်သည်။ တံတားလေးလမ်းဆုံမှာ ဆင်း၊ ကားတစ်မှတ်တိုင်စာသာလောက် ကွေ့ချိုးဝင်သွားရုံသာပါပဲ။

အလုပ်ဌာန အပြောင်းအလဲ စိတ်မောလူမောနှင့် အစ်ထွက်နေသော အဆီထု အနည်းငယ် လျော့ကျသွားတာကတော့ ခရေမအတွက် အရှုံးထဲမှ အမြတ်ထွက်သည် ဆိုရလိမ့်မည်။

ခရေမ ဘာလုပ်နေသလဲဆိုတာ အမေ ရိပ်မိခဲ့တာ ကြာလှ ရှိနေမှပဲ။ သို့သော် လက်သမား အဖေ့လုပ်ခသည် တစ်နေ့တာစားဖို့စရိတ် မကာမိ။ အမေ မီးယပ်သွေးဆုံးကိုင်ကာ တရှောင်ရှောင် ဆေးခန်းတွေ ပြရသည်မှာ ဘယ်နေရာမှ ကြွေးမကျန်ရစ်တာ မရှိ။ ဘာတတ်နိုင်မှာလဲ။ ခရေမ ပြန်အပ်သောငွေကို လက်ခံသည်။ ဒါပဲပေါ့။

နံနက်တိုင်ဆို ခရေမက ဆံပင်တိုနှင့် မိတ်ကပ်နှင့် တီရှပ်ဂတ်ကာ ထဘီက ပေါင်တစ်ခြမ်းပေါ်ပေါ့။ ပလပ်စတစ်ခြင်းထဲသို့ ထမင်းဘူးနှင့် ရေပုလင်း၊ ခေါက်ထီး၊ ပိုက်ဆံအိတ် အကျထည့်ပြီး အိမ်မှထွက်သည်။ အလုပ်က အထည်ချုပ်ဖက်စက်မှာဟုပြောတော့ ဘယ်သူက လိုက်ချောင်းစစ်မှာမို့လဲ။

အလုပ်ဆင်းသည့်နေရာကိုတော့ အစ်ကိုကာလသားတစ်ချို့က ဂျက်ကာတဲ့။ ဘာဘဲခေါ်ခေါ် သူတို့လိုချင်တာကတော့ ခရေမတို့တွေပါပဲ။

အငယ်ကလေးတွေက အများသား။ တချို့များ လွယ်အိတ်ကလေးနှင့် တကယ့်ကျောင်းသူ အရွယ်ကလေးတွေ။ တယောက်များဆို ပညာတတ်ကလေးဆိုလား မာမီကြီးအပြော နားစွန်နားဖျား ကြားလိုက်ရသည်။ သူတို့တစ်တွေကို မာမီကြီးကပဲ ဆေးစောင့်သောက်ဦး၊ အရေပြားနှင့် ကာလသားရောဂါဌာန သွားပြဦး ညွှန်ကြား နေတာ။ တကယ့် ဆယ်ကျော်သက်ကလေးတွေချည်း။

ခရေမကလည်း အားကျမခံ အသက်လျှော့ပြီး နှစ်ဆယ်ပြော၊ နှစ်ဆယ့်တစ်ပြော။ တကယ်တော့ ခရေမ အသက်က နှစ်ဆယ့်ငါးနှစ် ရှိနေပါပြီ။

ဤမာမီကြီး၏ နေရာသည်လည်း မာမီကြွယ်လို ရွှေရောင်လွှမ်းသည့်ရပ်ကွက်မှ ပုံစံဟောင်း တစ်ထပ်တိုက်ပု ကလေး မဟုတ်သည့်တိုင် ဂင်းနှင့်ခြံနှင့် တိုက်ခံပျဉ်အိမ် သပ်သပ်ရပ်ရပ်ကြီးပါ။

အဲ.. ဓါတ်သိမှ မြေအောက်ဘံနန်းကို ရောက်မည်။ စတိုခန်းတံခါးကလေးဖွင့်ပြီး လှေကားထစ်တွေ နင်းပြီးသာ ဆင်းသွား။ ဆောင်ကြယ်အခန်းတွေ အစီအရီနှင့် အားလုံး ဆယ်ခန်းတိတိ။

ဧည့်သည်တွေ များသလားမမေးနှင့်။ ခရေမပင်လျှင် တစ်နေ့တစ်နေ့ အလုပ်လက်ခံရတာ ခုနစ်ယောက် ရှစ်ယောက်။ တစ်ခါတစ်လေ ဆယ်ယောက်။ သည်ထက်မတတ်နိုင်ပါဘူး ငြင်းယူရသည်။ အိမ်အပြန် ငွေငါးရာ ခြောက်ရာ။ တစ်ခါတစ်လေလည်း ရှစ်ရာတစ်ထောင်။ အပိုဆုကြေးကို ခါးကြားလိမ် ထည့်ပြန်နိုင်တာတွေလည်း ရှိရဲ့။

သို့ပေမယ့် အလကားပါပဲ။ ပြန်ဂယ်လိုက်ရတဲ့ မိတ်ကပ်၊ ရေမွှေး၊ ပေါင်ဒါ၊ အဂတ်အထည်တွေကလည်း သုံးရာမျိုး၊ ငါးရာမျိုး။ တစ်ခါတစ်ရံ ထောင်ဂဏန်းတောင် ခိုက်သေးရဲ့။

ပြီးတော့ ဆေးကုစရိတ်။

အင်း.. သည်နေ့အဖြစ်မျိုးကတော့ ခရေမတစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်သာ ကြုံဖူးဆုံဖူးရတာပါ။

အနာကြီးနာ အမုန်းကြီးမုန်းသော မာမီကြွယ်ကို သတိရ တမ်းတမိသော အဖြစ်။

ခါတိုင်းလိုပါပဲ။ ပါလာသောခြင်းတောင်းကို နေရာချ၊ ဖောက်သည် မရသေးမီ ကိုယ့်လိုပဲ အားလပ်နေသော ပိုးချည်နှင့် ဟေးလားဂါးလား စကားပေါ့တွေပြောနေ။

စီမံချက်ရှိသတဲ့။ ကန်တော်ကြီးစောင်းက တစ်အုပ်လုံး ပါသွားတာပဲတဲ့။ ဒါပေမယ့် ဒီလိုနဲ့ ပြီးသွားမှာပဲ ထင်ပါရဲ့။

ပိုးက အတွေ့အကြုံနည်းသေးသဖြင့် အဖမ်းအဆီးသတင်းကို ကြောက်လန့်နေလေရာ ခရေမကပဲ နှစ်သိမ့် ဖျောင်းဖျနေရသေးသည်။

ဖောက်သည်တွေကလည်း မခုတ်တတ်သောကြောင်တွေပမာ ကုတ်ချောင်းချောင်းရောက်လာသူနှင့် တချို့မှာ သူတို့၏ ဗထက်ချိုက်တွေ၊ အတွေ၊ တစ်ကကြီး၊ နှစ်ကကြီးတွေ ခပ်တည်တည် ထိုးဆိုက်လာတဲ့ကာ တိုက်ထဲဝင်ပြီးသကာလ တော်ကြာကျ ဟန်မပျက် ပြန်ထွက်ခွာသွားတာပါပဲ။

ခရေမတို့ မာမီကြီးကလည်း ပိုင်သလောက်ပိုင်တာပါပဲ။ ဘယ်နေရာမှာ ဘယ်လို မရက်ရောလိုက်မိတာလဲ။ ဒါမှမဟုတ် တစ်စုံတစ်ယောက်က အတော်ကြည့်မရအောင် မျက်စိစပါးမွေးစူးပြီး အတို့အထောင် လုပ်လိုက်လေ သလား။

သေချာတာကတော့ ထို့နေ့ခင်းက ပုန်းကန်ဆို အခန်းတံခါး ပွင့်သွားပြီး ခရေမတို့ ရုပ်ပျက်ဆင်းပျက် ဖုံးဖိလူးလဲ ထလိုက်ကြရတာပဲ ဖြစ်သည်။ ရဲသားသုံးလေးယောက်မှာမှ နယ်ထိန်းကလည်း ပါလာသေး။ ဒုလုံခြုံရေးမှူးကိုယ်တိုင် ဝင်စီးလိုက်သည်မှာ မာမီကြီးရော၊ အခြားလူတွေပါ အိမ်နောက်ဖေးမှ ဆင်းပြေးကြသည်။ ပက်ပင်းပါမိသူ ခရေမမှာတော့ ကိုယ့်မြို့နယ်ပြန်ပို့ပြီး အချုပ်ခံလိုက်ရသည်။ အာမခံတောင် ရမှာမဟုတ်ပါဘူးဟု အချုပ်ခန်းစောင့်သော ရဲမေထံမှ အားရှိစရာ ကြားသိရသည်။

"ညည်းတို့ကိုက ကောင်းရောင်းကောင်းဝယ်မှ မလုပ်စားကြဘဲ။ ခုတော့ ပုဒ်မပြည့် ၃(က)နဲ့ အမှုဖွင့်ထားပြီ။ ညည်းတော့ အထဲမှာ နှစ်နှစ်တော့ ကျတော့မှာပါပဲ"

"အာမခံပေးမယ့်လူရှိရင်တော့ ရနိုင်တယ်မဟုတ်လား အစ်မ"

"ပြောတတ်ဘူးလေ၊ စမ်းကြည့်ပေါ့"

ခရေမ မှိုင်ခန်းဖွင့်နေသည်။ အိမ်မှလူတွေ မှာဖို့ကလည်း အစ်ကိုတွေ အသိမခံပဲ့။ အမေက မမာ။ အဖေ့ကိုတော့ အလုပ်ပျက်ခံပြီး ခရေမကို လာတွေ့ခိုင်းဖို့ ဖြစ်နိုင်ပါ့မလား။

သြော်.. မကြံကောင်းမစည်ရာပဲ ပြောပြော လက်ဦးဖောက်သည်တွေထဲက တစ်ယောက်ဖြစ်သော ကိုသိန်းစိုးကြီးကို သတိရမိသည်။ သူသိလျှင် ငွေကြေးအနည်းငယ် ကူညီထောက်ပံ့ဖို့တော့ အားထားနိုင်မည်။ ခက်တာက သူ လူသိခံပဲ့ မခံပဲ့။

အချုပ်ခန်းသံတိုင်ကြားမှာ ခရေမ လက်လျှော့ရမလို ဖြစ်နေသည်။ ခရေမနှင့် ဘဂတူ အချုပ်ခံနေရသော အမျိုးသမီးသုံးယောက် ရှိသေးသည်။

"ဒါလေးတွေက မိဘလုပ်ကျွေးနေရရှာတာ" ဟု ကရင်မဂဂကြီးက ပြောပြသည်။

"ကျွန်မတို့က နေ့တိုင်းထွက်တာ မဟုတ်ဘူး။ တစ်ပတ်မှာ တစ်ခါနှစ်ခါပါ။ ညဘက် ကြည့်ထွက်ကြတာ။ မီးဖိုချောင်စရိတ်ကလေး ခုမိရုံပါပဲ အမိုးရယ်"

ဂုတ်ကာစားကာ မိတ်ကပ်မှမပျက်သေးသော ခရေမမှာ မကောင်းသောအလုပ်နှင့် အသက်မွေးတာချင်း အတူတူ သူမကပဲ ဂါသနာပါပြီး လုပ်စားသလို ဖြစ်နေသည်။ စေ့စေ့တွေးကြည့်ပြန်တော့လည်း အိမ်သို့ ပြန်ပေးနိုင်တာထက် သူမဘာသာ ဂုတ်စားလို့မှ မလုံလောက်တာက အဆမတန် ပိုကဲနေခဲ့လေသည်။

"အမိုးကလား၊ ကောင်မတစ်ကောင်ကို တစ်ခါနှစ်ခါ ဈေးအတူရောင်းရင်း တွေ့ဖူးသိဖူးတာပါအေ။ ကောင်မက နေမယ်ဆိုလို့ ငါက အိမ်တစ်အိမ်သွားပို့ပေးတယ်။ လမ်းစရိတ်ဆိုပြီး ငါးဆယ်ပဲရပါတယ်။ ကောင်မက နှစ်ရက်နေပြီး ငွေသုံးထောင် ခိုးပြေးသွားတော့ ငါ့အိမ်ကို ရဲက လာရှာရော။ ကောင်မ မတွေ့တော့ ငါ့ကိုဖမ်းရော။ အိမ်က ယောကျ်ားကလည်း ဆေးရုံတတ်နေ၊ ငါ ဘယ်လို ကြောင်းကြားရမှန်းတောင် မသိဘူးဝေ့"

လူတိုင်း ဒုက္ခကိုယ်စီပါပဲလားဟု ခရေမ တရားကျနေမိသည်။

ကောင်မလေးနှစ်ယောက်ကတော့ သည်မြို့နယ်အတွင်း လှုပ်ရှားပြီး ရဲစခန်းနားတစ်ဝိုက်မှာလည်း အဖမ်းခံရ တာမို့ လူကြုံမှာပြီး အိမ်ကို အကြောင်းကြားနိုင်သည်။

"ငါ့အိမ်ကလိုက်လာရင်တော့ ညည်းအိမ်ကိုလည်း အကြောင်းကြားပေးနိုင်မှာပါ။ နောက်မှပဲ လမ်းစရိတ် ပေးဖို့ ညည်းက မှာလိုက်ပေါ့"

ခရေမက အိမ်ကို အကြောင်းမကြားချင်။ အိမ်က ဘယ်လိုအကူအညီမှ ရမှာမဟုတ်ဘူးဟု သူမဘာသာ သေချာနေသည်။

"ကျွန်မဖောက်သည်ဟောင်းတစ်ယောက် ရှိတယ် အမိုးရဲ့။ အဲဒီ လူပျိုကြီးက သဘောကောင်းတယ်။ သူနဲ့ အဆက်အသွယ်ရရင် ကျွန်မကို ကူညီမှာ အမှန်ပဲ"

ကရင်မကြီးသည် ခရေမကို မျက်လုံးကြီးပြူးကြည့်ပြီး သူမ၏ ဖြိုးအိသောရင်ဘတ်ကြီးကို လက်ဝါး တစ်ဖက်နှင့် ဆတ်ကနဲရိုက်သည်။

"ကောင်မရယ်၊ ဒီအလုပ် လုပ်စားလာတာ အံ့ခွနေမှ ဒီလောက် အရူးထရသလား။ အကောင်တွေဟာ နင်တို့ဆီ ထတုန်းရွတုန်း ရောက်လာတာဟဲ့။ ပြန်သွားရင် လူသိမှာ ကြောက်လွန်းရှက်လွန်းလို့ ဖုံးကာဖိကာ ကြောင်သူတော် လုပ်နေတာချည်းပဲ။ တော်.. တော်၊ ညည်းအိမ်သာ ညည်းအကြောင်းကြား"

ကရင်မကြီးက မိဘကို လုပ်ကျွေးနေတာဟု သူမ အမှန်းတင်သော ကလေးမနှစ်ယောက်နှင့် စကားလက်ဆုံ ကျနေပြန်သည်။

ခရေမသည် သည်နေ့ နေ့တွက်မရခဲ့သည့်အတွက် ကျိတ်မနိုင်ခဲမရနှင့် စိတ်ထဲမှာ ဆဲရေးတိုင်းထွာ နေရသည်။

မာမီကြီးတော့ တစ်နည်းနည်းနှင့် လိုက်ချင်လိုက်ပေးမှာပဲလေ။ အင်း.. လိုက်ချင်မှလည်း လိုက်မှာပါပဲ။ သည်နေရာ သည်ရပ်ကွက်မှာ သူမ၏နေရာအခြေအနေ မလုံခြုံလျှင် နောက်တစ်နေရာ ရွှေ့ချင်ရွှေ့ရမှာမို့ အဲသည်ကိစ္စပဲ ဦးနှောက်စားနေမလား မပြောတတ်။

ထိုင်နေသောဖြာစုတ်မှ ကြမ်းပိုးကိုက်လိုက်သဖြင့် ဖင်မြောက်တက်သွားရင်း ယောင်ယမ်းဆဲရေးကာ လက်ဖဝါးနှင့် ဖြန်းကနဲရိုက်မိလေသည်။

ကရင်မကြီးက မျက်လုံးစွေကြည့်ပြီး -

"တော်ကြာတော့လည်း ထုံသွားမှာပါအေ။ ကြမ်းပိုးမကလို့ မြွေပွေးကိုက်တောင် သိတော့တာ မဟုတ်ဘူးအေ့"

ပြောရင်းဆိုရင်းမှာပင် လက်မောင်းကို ပွတ်သပ်လိုက်တော့ သွေးအီနေသော ခြင်တစ်ကောင် ကြေမွစိုစိပြီး ကပ်ပါလာပြန်သည်။

အသားတွေ နဘီသနဲ့။ ဟိုကဖု သည်ကပိန့်၊ အောင်မယ်လေး... ကယ်ကြပါဦးနော်။

* * * * * *

# ကြီးမှပေါက်သော ဂဏ်သက်ကလေး

"အစ်ကို.. ထိုင်ဦးနော်၊ တေဇာ့ကို ချို အဆိုင်းမင့်တစ်ခု ပေးထားတာ မပြီးတတ်သေးလို့ ခဏစောင့်လို့ ဖြစ်တယ် မဟုတ်လား အစ်ကို"

သူ့တူကလေးကို မြင့်မြင့်ချိုက အင်္ဂလိပ်စာ သင်ပေးနေသည်။

သိန်းစိုးတစ်လှည့်၊ ဒေါ်ယုတစ်လှည့် အကြိုအပို့လုပ်ကြ၏။

သိန်းစိုး အိမ်ပြန်အရောက်စောတာ ကြာပါပြီ။ တူကလေး တေဇာကို အပို့ထက် အကြိုကို သိန်းစိုး ပိုပြီး အာရုံ စူးစိုက်သည်။

တေဇာကို မြင့်မြင့်ချို လေ့ကျင့်ခန်းပေးထားလေ့ရှိသောကြောင့် သူတို့နှစ်ယောက် အေးအေးဆေးဆေး စကားပြောခွင့် ရလေသည်။ မြင့်မြင့်ချို၏မိခင်ကြီးကလည်း တေဇာကို တယ်လီဗေးရှင်း ဖွင့်ပြထားခြင်းဖြင့် သိန်းစိုးနှင့်မြင့်မြင့်ချို စကားပြောချိန်ရအောင် အချိန်ဆွဲထားပေးတတ်သည်။

ခုလိုညချမ်းမှာ ပူအိုက်ချင်းကို အကြောင်းပြပြီး သိန်းစိုးက အိမ်ထဲမဝင်ဘဲ အိမ်ရှေ့ ကွံကော်ရိပ်က ကွပ်ပျစ် မှာပဲ ထိုင်သည်။

မြင့်မြင့်ချိုက သူ့အတွက် ရေနွေးကြမ်းကလေး၊ မြေပဲလှော်ကလေး တည်ခင်းရင်း သူ့အနီးတွင် ဂင်ထိုင်ကာ ရောက်တတ်ရာရာ စကားစမြည် ပြောဆိုမြဲ ဖြစ်သည်။

သူတို့နှစ်ယောက်ကို နှစ်ဖက်လူကြီးမိဘ သဘောတူ ကျေနပ်ထားပြီးသားဆိုတော့ ဖွင့်ထားသောစာအုပ်ကြီး ဖြစ်နေပါပြီ။

သူတို့ကိုယ်တိုင်လည်း အလိုတူအလိုပါကြီး ဖြစ်နေပြီမို့ မြင့်မြင့်ချိုကျောင်းပြီးလျှင် လက်ထပ်လိုက်ကြရုံသာ ရှိတော့သည်။

"ချိုက အစ်ကို့ကို ချစ်တယ်လို့ တစ်ခါမှမပြောဘူး"

"လိုသေးလို့လား အစ်ကိုရဲ့"

"ကြားချင်တာပေ့ါ ချိုရာ။ အစ်ကိုက အသက်ကြီးတော့ တော်ကြာ ချို အားနာပါးနာ လက်ခံထားပြီးမှ စိတ်ကုန်ခန်းနေမှာ စိုးရိမ်တာကိုး"

မြင့်မြင့်ချိုက စကားတစ်ခွန်း ပြောသင့်မပြောသင့် ချိန်ဆနေသည်။ ကိုသိန်းစိုး၏ မျက်နှာကိုလည်း မျက်တောင်မခတ် စိုက်ကြည့်နေ၏။ ကိုသိန်းစိုးမှာ တကယ်တော့ အသက်သုံးဆယ့်ငါးနှစ် ကျော်နေပေပြီ။ အသားဖြူဖြူ လူပုံ သွယ်သွယ်ပျပ်ပျပ်မို့ ဤမျှ အသက်ရပြီ မထင်ရ။

မြင့်မြင့်ချိုက အသားလတ်လတ်၊ အရပ်အမောင်း မြင့်မားထွားကျိုင်းသည်။ အုပ်လုံးကောင်းသော ဆံပင်တွေကို လည်ကုပ်တွင် စုချည်ထား၏။ ထက်မြက်သော၊ စူးရှသော မျက်လုံးလေးတွေက ကိုသိန်းစိုးကို တစ်စုံတစ်ရာတောင်းဆိုရန် ပြင်ဆင်နေလေသည်။

ဘာမှန်းမသိသော်လည်း လေးနက်သော ပြဿနာတစ်ခုကို သူ ရင်ဆိုင်ရဖွယ်ရှိသည်ဟု ကိုသိန်းစိုး မှန်းဆမိလေသည်။

"ချို ဘာပြောမလို့လဲဟင်၊ ပြောပါ။ အစ်ကို ဘာလုပ်ပေးရမလဲ။ ဘာဖြစ်ချင်သလဲ။ ချို ပြောစရာရှိတယ်။ အစ်ကိုသိတယ်"

မြင့်မြင့်ချို ယဲ့ယဲ့ပြုံးသည်။ အားတုံ့အားနာ၊ သို့တစေ ပြတ်ပြတ်သားသား။ သည်ခြေလှမ်းကို လှမ်းမည်ဟု မြင့်မြင့်ချို ဆုံးဖြတ်ပြီးသား ဖြစ်နေဟန်တူလေ၏။

"ဟုတ်ကဲ့အစ်ကို၊ ချို ပြောစရာရှိတယ်၊ အဲဒါ ချီတုံချတုံ စဉ်းစားရင်း အတော်ကြာသွားပြီ"

သိန်းစိုး မျက်နှာပျက်သွား၏။ အမယ်လေး.. ငါ့ကို ငြင်းလိုက်တော့မှာလား။ ဟာ.. မဖြစ်နိုင်တာ။ ငြင်းမှဖြင့် အစကတည်းက.. အို.. ပြီးတော့လည်း လိုလိုလားလား ကြည်ကြည်သာသာ လက်ခံနေတာပဲ မဟုတ်လား။

သိန်းစိုး၏ ပူပင်ကြောင့်ကျမှုကို မြင့်မြင့်ချိုကလည်း ချက်ချင်း အကဲခတ်မိလေသည်။ ခေါင်းကလေး ခါယမ်းကာ သိန်းစိုး၏ အထင်အတွေးကို ပယ်ဖျက်၏။

"အစ်ကိုနဲ့ချို့ကို လူကြီးတွေ စီစဉ်တာနဲ့ပက်သက်ပြီး ချိုတို့နှစ်ယောက်စလုံး ငြင်းခွင့်ရှိလျက်နဲ့ မငြင်းကြဘူးနော်။ ဒါဆိုရင် ဘာများ စဉ်းစားစရာ လိုဦးမှာလဲလို့ မေးစရာနော်။ မဟုတ်ဘူးလား"

သိန်းစိုး စိတ်အေးသွားသည်။ တန်တော့ ဂါမဂင်ခင် လက်ထပ်ရေးကို ကလေးမ ရွှေ့ဆိုင်းချင်လေရော့လား။

"အစ်ကို့ကို ပြောစရာရှိမှန်းတော့ ရိပ်မိနေတယ် ချို။ ဘာဖြစ်မလဲ ဆိုတာသာ အစ်ကို မမှန်းဆတတ်နေတာ။ ဘာလို့ တုံ့ဆိုင်းတုံ့ဆိုင်းလုပ်နေတာလဲ။ ပြောပါ ချိုရဲ့"

"ချိုက အားနာလို့ပါ"

"အားနာလို့"

သိန်းစိုး သံယောင်လိုက်၏။

"အစ်ကို စိတ်ဆိုးမှာလည်း ချို သိပ်စိုးရိမ်တာပဲလေ။ ဒါပေမယ့် ချို့စိတ်ထဲမှာဖြစ်နေတဲ့ အစွဲအလမ်းကို ဖျောက်ပစ်ရှင်းပစ်နိုင်မှ ချိုနဲ့အစ်ကို့ဘဝရှေ့ရေး အဆင်ပြေသွားမှာ။ မဟုတ်ရင် ဘယ်လို ပျော်စရာ ဘယ်လို အလှအပတွေပဲ တွေးတွေး အဲဒီအစွဲကြီးက ခိုးကြောင်ခိုးပှက်ရောက်လာပြီး ချို့ကို စိတ်ဒုက္ခပေးတော့မှာပဲ အစ်ကိုရဲ့"

သိန်းစိုး နားရှုပ်နေသည်။

"ချိုက ဘာကိုစွဲနေလို့လဲ။ ဘာတွေ သံသယရှိနေတာလဲ။ အစ်ကို့မိသားစုနဲ့ ပက်သက်သလားဟင်"

"အစ်ကို့မိသားစုဟာ ချို့မိသားစုပါပဲ အစ်ကိုရယ်။ ဘယ်သူနဲ့မှ မပတ်သက်ဘူး။ အစ်ကိုနဲ့ပဲ ပက်သက်မယ်"

"အစ်ကိုနဲ့ပဲ"

"ဟုတ်တယ်။ အစ်ကိုနဲ့ပဲ"

"ရှင်းစမ်းပါဦး ချိုရယ်၊ အစ်ကို ဘာတွေလုပ်မိလို့လဲ"

မြင့်မြင့်ချို အားတုံ့အားနာ ပြုံးပြန်သည်။

"အစ်ကိုဟာ လူပျိုကြီးဘဝနဲ့ နေလာလိုက်တာ နှစ်ပေါင်းမနည်းခဲ့ဘူး မဟုတ်ဘူးလား။ အစ်ကို့အသဲနုလုံး ပြဿနာတွေ ဘာတွေ ရှိချင်လည်း ရှိခဲ့မယ်။ ဒါတွေ ချို အမှတ်မထားပါဘူး"

"မရှိရပါဘူး ချိုရယ်၊ ချို့ကို ဘယ်သူကများ.."

မြင့်မြင့်ချိုက လက်ကလေးကာပြီး တားမြစ်သည်။

"မရှိရှိရှိ အစ်ကို့ကိုယူဖို့ ဆုံးဖြတ်ထားပြီးသားပါ အစ်ကို၊ ပြီးခဲ့တာတွေကို ချိုကပြန်ပြီး တူးဆွဖော်ထုတ်နေမှာ မဟုတ်ပါဘူး"

သိန်းစိုး စိတ်အေးသွားသည်။ တကယ်လည်း သူ့မှာ ဘယ်လိုနှလုံးသားပြဿနာမျိုးမှ ကြီးကြီးကြယ်ကြယ် ရှိခဲ့သည်မဟုတ်။

အဖေမဆုံးခင်ကလေးက သူ မဂင်းနကို စိတ်ဂင်စားခဲ့ဖူးသည်မှာ သည်အသက်အရွယ်မှာ ပြန်တွေး ကြည့်တော့ ကလေးချစ်မျှသာ ပါပဲ။

ထိုစဉ်က သူ ဖွင့်ပြောဂုံ့ခဲ့လျှင် မဂင်းနက လက်ခံမှာပါဟု နမြောသလို၊ နောင်တရသလို ခံစားရတတ်တာ တွေဟာ အချိန်ကာလ တိုက်စား၍ လွင့်ပါးမှေးမှိန်ခဲ့သည်။ သူကိုယ်တိုင် မေ့တော့တော့ဖြစ်နေပြီ။ မဂင်းနကဖြင့် အိမ်ထောင်ရက်သားကျလျက် သားသမီးတွေ ပွားစီးနေခဲ့လေပြီ။

"ချိုက ရှေ့ရေးအတွက် တွေးနေတာပါ"

"ချို ဘာတွေတွေးနေသလဲ၊ ပြောလေ၊ အတူ တစ်ဘဂ တည်ဆောက်ရမှာများ ပြေလည်အောင် ညှိကြတာပေါ့"

မြင့်မြင့်ချိုက ဆွေးနွေးသောအပြုံးကလေးဖြင့် အနူးအညွတ် တောင်းဆိုသည်။

"ချိုက စာတွေဖတ်တော့လေ အမျိုးမျိုးတွေးတယ်။ တတ်နိုင်သလောက် အကောင်းဆုံး ပြင်ဆင်ချင်တယ်။ ဒီကောင်မလေး ပေါက်တတ်ကရ တွေးလှချည်လားလည်း အစ်ကို စိတ်မပျက်နဲ့ဦး။ ချိုက အိမ်ထောင်ဆိုရင် သားရေးသမီးရေးအထိ စဉ်းစားတာ"

ပြောရင်း မြင့်မြင့်ချိုက ရှက်ယောင် မျက်နာလွှဲသွားသည်။

သိန်းစိုး အသံမထွက်ဘဲ ရယ်မောနေသည်။ ခေတ်ပညာတတ် မိန်းကလေးတစ်ယောက်သည် စိတ်ကူးယဉ်ဖို့ထက် လက်တွေ့ဘဝကိုလည်း မှန်းဆတွက်ချက်ပေမှာပဲလေ။

"အစ်ကို နားလည်ပါပြီ။ ချိုက ကလေး ချက်ချင်းမလိုချင်သေးဘူးလို့ ပြောမလို့လား။ အစ်ကို့အသက် ဗထက်မြိုက် လိုက်နေပြီဆိုတာ မမေ့နဲ့နော်။ တော်ကြာ လူတွေက မြေးကလေးလား မေးကုန်ရင်ကော"

မြင့်မြင့်ချိုက သဘောကျစွာ ရယ်မောရင်း စကားပိုင်းသည် ပို၍ ရင်းနီးပွင့်လင်းလာ၏။

"ချိုကလေ အစ်ကို့ကို သွေးစစ်စေချင်တာ"

"ဘယ်လို"

"ချို ပြောပြီးပြီကော။ အရင်က အစ်ကို တစ်ကိုရေတစ်ကာယ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ချို ထားပစ်ခဲ့ပါတယ်။ ချိုနဲ့ ယူပြီးတဲ့နောက် ချိုနဲ့ပဲဆိုင်ပါတယ်။ ဒါပေမယ့် ချိုနဲ့ရတဲ့အခါ အစ်ကို့မှာ ကင်းကင်းစင်စင် ဖြစ်လာစေချင်တာ"

ဘုရား.. ဘုရား.. သည်ကောင်မလေးဟာ အရွယ်နှင့်မမျှအောင် အတွေးအခေါ် ရင့်ကျက်လှပါကလား။ သိန်းစိုး အတော်ဖြုံသွားသည်။

"အစ်ကိုဟာ သန်သန်စွမ်းစွမ်း လူပျိုလူရွယ်တစ်ယောက်၊ လွတ်လွတ်လပ်လပ် လူတစ်ယောက်၊ အစ်ကို ညီခဲ့စွန်းခဲ့ဖူးတာရှိရင် ဒါဟာ သဘာဝပဲတဲ့။ စာအုပ်တွေထဲမှာ ချို ဖတ်ဖူးတယ်။ ဒါကြောင့် ချိုက ဘောင်ခတ်ပြီး မေတ္တာရပ်ခံတာနော် အစ်ကို"

အမယ်လေး.. ကလေးမပြောပုံဆိုပုံတွေဟာ သူ့တစ်မျက်နှာလုံး ထူပူဖိန်းရှိန်းမြနေပါပေါ့လား။ ခက်တာက သူ မငြင်းဆန်နိုင်။ ငြင်းဆန်လိုက်မှ သူ့နေရာသူရှိနေမည့် သိက္ခာကလေး ကျဆင်းသွားရချည်ရဲ့။

"ဆိုတော့ကာ..."

အရေးထဲ အသံက လည်ချောင်းထဲ ကပ်ငြိအက်ရှိနေသေးသည်။

"ချို့သူငယ်ချင်းက အထူးကုဆေးခန်းမှာ သူနာပြု၊ သူကပြောတယ်။ အေးရိပ်သာတို့၊ မြတ်မေတ္တာတို့၊ မေခလာတို့မှာ အိပ်ချ်အိုင်ဗွီပိုး ရှိမရှိ စစ်ဆေးကြည့်နိုင်တယ်တဲ့။ တစ်ထောင့်ငါးရာ ပေးရတယ်တဲ့။ အစ်ကို တတ်နိုင်ပါတယ်"

သိန်းစိုး အံ့သြငေးမောကာနေသည်။ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ ဗွီဒီ၊ ဂနို။ ဒါတွေ ကြားဖူးနားဝ ရှိနေသည်။ မကြောက်ဘူးလား ဆိုတော့လည်း ကြောက်သည်။ သို့တစေ ဒါတွေ သူနှင့် ပက်သက်နိုင်မည် မထင်မှတ်ခဲ့။ သူ သတိထားပြီး ရှောင်ရှားခဲ့တာပဲလေ။ သူ့သက်တမ်းအရ သန့်သန့်တွေကိုသာ စျေးကြီးကြီးပေးပြီး အင်း.. ဆက်ဆံဖူးတာကလည်း သုံးလေးငါးခြောက်ယောက်။ ဒါပါပဲ။

"ဘယ်သူမှလည်း မသိနိုင်ပါဘူး။ ဟိုမှာ အစ်ကို့နာမည် ပေးချင်လဲရတယ်။ လွှဲပေးလည်း ဖြစ်တာပဲ။ အဲဒါကို ဘယ်ကိုမှ ထပ်ဆင့်ပေးပို့မှာလည်း မဟုတ်ဘူး။ အစ်ကိုတစ်ယောက်တည်း သိမယ့်ကိစ္စ"

သိန်းစိုး မသက်မသာ ဖြစ်လာသည်။

"အစ်ကို့မှာ အဲဒီပိုးတွေ ရှိနေမှာစိုးလို့လား ချို"

ချိုက သက်ပြင်းရှိုက်ရင်း တောင်းပန်သော မျက်လုံးကလေးများဖြင့် ငေးကြည့်နေသည်။

"မရှိဘူးဆိုတာ ချို သိရရင် ကောင်းတာပေါ့ အစ်ကိုရယ်"

သိန်းစိုး နှုတ်ခမ်းကိုက်ကာ ချိန်ဆစဉ်းစားသည်။

"ကဲ.. အစ်ကိုက စစ်ပြီးပြီလို့ ပြောပါပြီတဲ့။ မရှိဘူးလို့ ပြောပါပြီတဲ့။ ချို ယုံမလား"

စိန်ခေါ်တာပါပဲ။

မြင့်မြင့်ချိုက သိန်းစိုး၏မျက်လုံးတွေကို စေ့စေ့စိုက်ကြည့်ပြီး ယတိပြတ် ခေါင်းညိတ်၏။

"ယုံမှာပေါ့ အစ်ကို၊ ပြောမယ့်သူက အစ်ကိုပဲ။ ချို ဘာ မယုံစရာရှိသလဲ"

သိန်းစိုး ကျွမ်းပစ်လေပြီ။

သူ့ဂုဏ်သိက္ခာ။

ချိုက သူ့ကို ယုံကြည်သည်။

သည်နေရာမှာတွင် သူ ဆုံးဖြတ်ရတော့မည်။ သွေးစစ်ပြီးလျှင် ဓါတ်ခွဲခန်းအဖြေစာရွက်ကို ချို့လက်သို့ သူ အပ်နှံခြင်းဖြင့်သာ သူ့သိက္ခာ ထိန်းရတော့မည်။

"တခြား ကာလသားရောဂါပိုးတွေက ဆေးကုလို့ရတယ် အစ်ကို။ ကုသလိုက်ရင် မွေးဖွားလာမယ့် ကလေးတွေမှာ ရောဂါ ပါမလာနိုင်တော့ဘူး"

သိန်းစိုး ကြိုးစားပြီး ပြုံးရသည်။

"အိပ်ချ်အိုင်ဗွီပိုး ပါလာရင်တော့ ကုရာနတ္တိ ဆေးမရှိတော့ဘူး ဆိုပါတော့"

"ဆိုပါတော့ မဟုတ်ဘူး အစ်ကို။ လုံးဝသေချာတယ်။ ဆေးမရှိဘူး"

"ချိုက မွေးလာမယ့်ကလေးအတွက် စဉ်းစားနေတာလား"

"ဟုတ်တယ်၊ အိမ်ထောင်ကျရင် သားသမီးရမှာပဲ။ ချိုက လက်တွေ့ကျလွန်းနေတာ။ သိပ်တော့ ကြားမကောင်းဘူးပေါ့နော်။ ဒါပေမယ့် ချို စဉ်းစားတယ်။ ချို စိတ်ပူတယ် အစ်ကို"

"လူကြီးတွေ သဘောကျလို့ လက်ခံရမယ့်သူမဟုတ်ဘဲ ချို့အသည်းအသက်နဲ့ ရင်းပြီး ချစ်တဲ့သူ ဆိုရင်ကော ချို"

မြင့်မြင့်ချို သိန်းစိုး၏ ထေ့ငေါ့စကားကို အကင်းပါးစွာ နားလည်သည်။

"စောစောက အစ်ကိုမေးတာကို ချို ရှက်လို့မဖြေဘူး။ အခု ဖြေမယ်။ ချိုဟာ ကိုယ်တိုင်မချစ်မနှစ်သက်ဘဲနဲ့ အမေစီစဉ်သမျှ ခေါင်းညိတ်လက်ခံမယ့် မိန်းကလေးမှ မဟုတ်တာ"

သိန်းစိုးသည် ကွပ်ပျစ်ကို လက်ချောင်းထိပ်များဖြင့် အသာခေါက်ရင်း မြင့်မြင့်ချိုစကားကို နားစွင့်နေသည်။ သူ့ရင်လှိုက်ခုန်လာ၏။

"အစ်ကို့ကို ချို ချစ်ပါတယ်"

ချိုက တည်ညိမ်စွာပဲ ပြောသည်။

"ချစ်လို့ လက်ထပ်မယ့်လူအပေါ် ချို သံသယတွေ ပါမသွားချင်ဘူး အစ်ကို"

သိန်းစိုး ညွှတ်နူးချမ်းမြေ့သည်။ သူ သွေးစစ်မည်၊ မစစ်မည်ကိုမူ ချို့ကို အတိအကျ ကတိမပေးခဲ့။

ချိုကလည်း အတင်းအဓမ္မ မတောင်းဆိုပါ။

ဒါဟာ သူ့ဘာသာ ဆုံးဖြတ်ရမည့်ကိစ္စ။

ချို့မိခင်ကြီးက အိမ်ရှေ့ပြတင်းမှ လှမ်းကြည့်အကဲခတ်သည်။

ပါးနပ်သောချိုသည် ချက်ချင်း နေရာမှထ၏။

"တေဇာ ပြန်ချင်နေပြီထင်တယ် အစ်ကို။ အမေ ထိန်းထားလို့ ရတော့ဟန်မတူဘူး။ ချို အတန်းလွှတ်ပေးလိုက်ဦးမှ ဖြစ်မှာ"

"ဆရာမက တပည့်နားမနေဘဲ ဘာလုပ်နေတာလဲဟင်"

ချိုက မျက်စောင်းထိုးကာ မပွင့်တပွင့် ဖြေ၏။

"ရည်းစားနဲ့ စကားသွားပြောနေတာ"

သိန်းစိုးတစ်ယောက်တည်း ရယ်မောရင်း ကျန်ရစ်ခဲ့တော့၏။

* * * * * *

# ကျီးအာသီးနှင့် နိုင်းချင်သည်

ဇင်ယော်သည် ပင်နီဆလင်ပုလင်းထဲမှ ဆေးမှုန့်တစ်ဖုံစာကို မိုးရေပုလင်းထဲသို့ အသာအယာ လောင်းထည့်သည်။ မိုးရေက တရုတ်မှလာသည်။ တူးစီစီ။ ဆေးဆိုင်ကို ချော့မော့လှည့်ဖျားပြီး ဂယ်ရတာကြောင့် ဒါလေးသုံးလေးလုံးရဖို့ ငွေနယ်ဆယ် ကုန်ထားရသည်။

တစ်ခါသုံးအပ်ထပ်ဂယ်ဖို့ သူ ငွေတတ်နိုင်ပါသည်။ သို့သော် သူ့ကို ရောင်းတော့မှာမဟုတ်။ မယုံသင်္ကာ ဖြစ်လာပြီး ရဲကို တို့လိုက်မှာ စိုးရသေးသည်။ သုံးပြီးသား အပ်နှင့်ပိုက်ကို သူက ရေအေးအထပ်ထပ် စုပ်လိုက်၊ မှုတ်လိုက်နှင့်သာ သန့်စင်ရသည်။ သူ့ ကျမ်းမာရေး အသိပညာအရ ဖြစ်နိုင်လျှင် ရေနွေးနှင့် ပြုတ်ချင်ပါသည်။

သူက ဖိုးသမားဆိုတော့ အဲသလို စနစ်တကျ လုပ်ကိုင်နေဖို့ အခွင့်အရေး မရ။ ခိုးကြောင်ခိုးပုက် အိပ်ခန်းထဲမှာပဲ အလုပ်ဖြစ်ရသည်။ သည်လို ခိုးပုက်ဆေးထိုးနိုင်ဖို့ကိုပင် ရှစ်ပေခြောက်ပေ အခန်းကျဉ်းကလေး ကာရံပြီး တံခါးရွက်တပ်ဆင်နိုင်အောင် သူ့ ဘာသာ ငွေကုန်ကြေးကျခံထားရသည်။

ဇင်ယော်သည် ဆေးထိုးပိုက်တွင် မိုးရေနှင့်အဖြူ ဖျော်ထားပြီးသော ဆေးရေ စုပ်ယူဖြည့်တင်းသည်။ အဖြူသည် ရေထိသည်နှင့် ကြည်လင်ပျော်ဝင်သွားလေ၏။

"နခိုင်ရေ၊ နခိုင်လို ဆရာဝန်ဖြစ်မလာပေမယ့် ကိုယ်လည်း ဆေးသမားပါပဲကွာ။ ဟား.. ဟား.."

ဆေးသမား တကယ်ဆေးငြိပြီဆိုမှဖြင့် မိန်းမဆိုတာ ဘာညာ စိတ်မဝင်စားတော့ဘူးဟု အချို့က ဆိုသည်။ ဒါဟာ ဘောင်တစ်ခုအထိသာ မှန်ကန်ပါသည်။

ဇင်ယော့်ကိုယ်တွေ့၊ ဇင်ယော့်အပေါင်းအသင်းတွေအပေါ် တွေ့ရှိသုံးသပ်ချက်အရ ဆိုပါလျှင် -

ဆေးမှဆေး၊ ဆေးမရလျှင် တုန်ခိုက်ယင်းထပြီး ရူးသွပ်ခုန်ပေါက်နိုင်ရလောက်အောင် စွဲပြီ ဆိုလျှင်တော့ ဟုတ်ပါသည်။ အဲသည် ပုဂ္ဂိုလ်တွေ ကိုယ်နိုက်က ရံဖန်ရံခါ ဆေးဖြတ်ထားလျှင် (ဆေးရုံတတ်ပြီးတော့ပဲ ဖြတ်ဖြတ်၊ ဆေးမရနိုင်သောနေရာ ရောက်သွားပြီးပဲ ပြတ်ပြတ်) ဆေးနှင့်ဝေးကွာသောအခါ အစားထိုးစရာရှာကြပြီး မိန်းမ သို့မဟုတ် အရက်။

ထွန်းအောင်လတ်ဆိုသော ကောင်သည်ကား ပြောလျှင် မယုံနိုင်လောက်အောင် သည်ကနေ့အထိ မိန်းမ အထိအတွေ့ လုံးဝကင်းရှင်းသည်။ သည်အကောင် အခြောက်မဟုတ်ကြောင်း ဇင်ယော် လောင်းရဲပါသည်။ သို့တစေ လူမှန်းသိစကတည်းက ဆေးနှင့်ယဉ်ပါးလာကာ မိန်းမဆို ရွံသတဲ့။ အံ့သြစရာပါပဲ။ သို့သော် ဒါဟာ အမှန်တရားပဲ။

ဇင်ယော်ကတော့ အလုပ်ပြုတ်ပြီးကတည်းက တစ်နည်းအားဖြင့် မီးမီးရှိရာအရပ်သို့ သူ ပြန်မသွား ကတည်းက နနခိုင်နှင့် တစ်သက်တာ ဝေးခဲ့ပြီဟု လုံးဝလက်လျှော့လိုက်တော့သည်။

ထွန်းအောင်လတ်ဆီမှာ ခိုအောင်းတာပါပဲ။

သို့တစေ ထွန်းအောင်လတ်ကို ဆွယ်မရသော် မြွေးတို့က သူ့ကိုဆွယ်သည်။ သူတို့နှင့်အတူ ဇင်ယော် ရံဖန်ရံခါ ရောပါသွားတတ်သည်။

ဇင်ယော် ဆေးသုံးကြည့်သည်။

မိန်းမလည်း သုံးကြည့်သည်။

သည်နေရာမှာ လိုက်စားမှု အတိမ်အနက်က ပို၍ ဂိဂါဒ ကွဲပြားလာသည်။ မိန်းမသည် ဇင်ယော်၏ လိုအပ်ချက်ကို မဖြည့်ဆည်းပေးနိုင်ပါ။ ဆေးကတော့ သူ့အားငယ်မှု၊ ဆုံးရှုံးမှုတွေကို မေ့ပျောက်ပေ့ါလျော့စေ နိုင်သည်။

ဆေးမှိန်းနေခိုက် နုနုခိုင်ကို သတိရလျှင် သူ ငိုချင်ရှိုက်ချင် ပူဆွေးနာကျင်ချင်တာတွေ မရှိသလောက်ပါပဲ။ ဖြစ်ပျက်သမျှ ကံတရားပါပဲဟု သူ ဖြေသိမ့်လျှော့ဖြေသည်။

နုနုခိုင်၏အပြုံး၊ နုနုခိုင်၏ သွက်လက်ချက်ချာမှု၊ ပြီးတော့ နုနုခိုင်၏အချစ်။ ဘာပဲဖြစ်ဖြစ် နုနုခိုင်က သူ့ကို ချစ်သည်။ ချစ်သည် မဟုတ်တောင် ချစ်ခဲ့သည်လေ။

ဆေးပိုက်ကိုထောင်ကာ လေတွန်းထုတ်စဉ် သူ့တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထလျက် ရရှိတော့မည့် အာရုံကို တပ်မက်ပြင်းပြသည်။

ခြေသံရှုပ်ရှုပ်ကြားရပြီး အိမ် သိမ့်သိမ့်ခါသည်။

တစ်စုံတစ်ယောက် အပေါ်ထပ် တက်လာတာပဲဟူသော အသိသည် ဇင်ယော့်ကို တုံ့ဆိုင်းသွားအောင် မစွမ်းဆောင်နိုင်ပါ။ သည်လို အနှောင့်အယှက်တွေကို တစ်စုံတစ်ရာသော အတိုင်းအတာအထိ တားဆီးနိုင်အောင် သူ့အခန်းကို တံခါးတပ်ဆင်ထား၏။

သည်အချိန်ဆို သူ့အမေ၊ သို့မဟုတ် သူ့ညီမ မာလာရီ အပေါ်တက်အောက်ဆင်း အိမ်အလုပ်တစ်ခုခု လုပ်ကိုင်စီစဉ်နေကျပဲ မဟုတ်လား။

"အစ်ကိုရေ.. ဧည့်သည်ရောက်နေတယ်"

"မရှိဘူး ပြောလိုက်"

ဘာမှန်းမသိခင်ကတည်းက သူ့တွင် အဖြေအဆင်သင့် ရှိနှင့်သည်။ သူ့ ဘယ်လက်မောင်းကို မျှော့ကြိုးနှင့် စည်းနှောင်ကာ တံတောင်ကွေးချည်ဆန့်ချည် လက်သီးတင်းတင်းဆုတ်ပြီး သွေးကြော ထောင်ထလာအောင် ကြိုးပမ်းသည်။ သူ့သွေးကြောတွေက ရှာဖွေရ လွယ်ကူပေသည်။

"ကိုအီဗရာဟင် သွေးအန်လို့ အရှေ့ပိုင်းဆေးရုံ တင်ထားရတယ်တဲ့။ စိုးရိမ်ရတယ်တဲ့ အစ်ကို"

အီဗရာဟင်ဆိုသော အမည်ကတော့ သူ၏ ဆေးညှို့ချက်ကို ဖျက်ဆီးပစ်နိုင်လေသည်။

"ဘယ်သူ လာပြောတာလဲ"

"မသိဘူး အစ်ကို၊ ကားပါလာတယ်။ ဗိုက်ရွှဲရွှဲနဲ့ နှုတ်ခမ်းမွှေးနဲ့"

"အေး.. အေး.. ခဏ စောင့်ခိုင်းထားလိုက်"

မာလာရီ ခြေသံပျောက်သွားသည်အထိပင် စောင့်ဆိုင်းမနေဘဲ သူက သွေးကြောထဲသို့ အပ်စိုက်သည်။ သွေးအနည်းငယ် လိုက်လာကာ ဆေးရေနှင့် ရောယှက်သွားအောင် စောင့်ဆိုင်းပြီးမှ တစ်ထစ်ချင်း ဖြည်းဖြည်းခြင်း ထိုးသွင်းသည်။

အား… အီဗရာဟင်အတွက် စိတ်သောကရောက်တာကြောင့်ပဲလား မသိဘဲ ခါတိုင်းထိုးနေကြ သည်ပမာဏ ကိုပင် သူ မခံမရပ်နိုင်။ ဦးနှောက်ထဲမှာ တရိပ်ရိပ် မူးနောက်လျက် ရင်ထဲ တင်းကျပ်လာ၏။ ဘယ်လောက်ပဲ ဆေးစွဲစွဲ သူ သည်းမခံနိုင်တာကို ဆက်သွင်းဖို့ မကြိုးစား။ တတ်ထားသော အတန်းပညာသည် အသိနှင့် ဆင်ခြင်ဉာဏ်ကို ဖွံ့ဖြိုးစေသည်။

ဆေးထိုးအပ်ကို ဆွဲထုတ်ပြီး သုံးချိုးတစ်ချိုးလောက် ကျန်ရစ်သော သွေးနှင့်ဆေးနှင့် မိုးရေဒြပ်စုတို့ကို နမြော တသစွာ ကြည့်မိ၏။ ဟိုကောင်ကြီး မြဒွေး မြင်လျှင်တော့ "ဟေ့ကောင်၊ ငါ့ထိုးပေးလိုက်" ဟု အငမ်းမရ တောင်းဆိုမှာ အမှန်ပင်။

ကြာကြာ အချိန်မဆွဲနေနိုင်။

သွေးရောဆေးရော အားလုံးကို သူက ပြတင်းပေါက်မှ ထိုးပက်ထုတ်လိုက်သည်။ အိမ်အောက် ရွက်လှပင်ပေါ် တချို့၊ မြေကြီးပေါ်တစ်ဂက် လွင့်စင်စိမ့်ဝင်သွားကြတော့သည်။

ဇင်ယော်သည် သူ့ပစ္စည်း လက်နက်အစုံအလင် ရောထွေးကာ မျက်နှာသုတ်တဘက်ကလေးနှင့် ထုတ်နှောင်ပြီး သူ့ထင်းရှူးသေတ္တာပုံးထဲ ထည့်သည်။

ဖေဖေ့အမွေဟု နနခိုင်က အမွှမ်းတင်လေ့ရှိသော ပန်းဖောက်လှ လက်ကိုင်ကလေးကို နေရာတစ်ခြမ်း ထားကာ သူ၏ ဆိုးသွမ်းဖိမ်ခံပစ္စည်းထုပ်ကို တစ်ခြမ်းထားပြီး အပေါ်မှ နနခိုင်ပေးခဲ့ဖူးသော စာအုပ်တွေ၊ ပုဆိုးတွေ၊ အင်္ကျီ၊ လက်ကိုင်ပုဝါတွေ ထပ်ပြီး တင်ထားသည်။

သူ့အဝတ်သေတ္တာပေါ် ပစ်တင်ထားသော ပုဆိုးကို လဲလှယ်ကာ ချွတ်လိုက်သောပုဆိုးကို ပစ်တင် လိုက်သည်။ ရုပ်အင်္ကျီလက်တို ကောက်စွပ်ပြီး သူသည် ရင်ဘတ်ကြယ်သီး တပ်ဆင်လျက်နှင့်ပင် အောက်ထပ် ဆင်းလာခဲ့လေသည်။

မြဒွေးသည် မုတ်ဆိတ်ကျင်စွယ် မရိပ်မသိမ်း၊ နှုတ်ခမ်းမွှေးတွေ မညှပ်မသ ထူလပစ်နှင့် ဗွီဒီယိုသိုင်းကားထဲမှ လူမိုက်လိုလို မှုန်တေတေညှင်းသိုးသိုး ဖြစ်နေသည်။ မြဒွေးကား မူးယစ်ဆေးရယ်၊ အရက်ရယ်၊ မိန်းမရယ် လှည့်ပတ်သုံးစွဲနေသော စံနမူနာတစ်ဦးပင် ဖြစ်တော့၏။

ခုပဲ ကြည့်။

ဇင်ယော် လှေကားမှဆင်းလာသည်ကို တော်တော်နှင့် မမြင်ဘဲ လှမ်းထားသောအဝတ်တွေ သွေ့မသွေ့ စမ်းသပ်ရွေးချယ် ရုပ်သိမ်းနေသော မာလာရီ့ကို အခိုးထွက်တော့မတတ် ပူပြင်းသောမျက်လုံးကြီးတွေနှင့် ကသိုဏ်းရှုနေသည်။ ဇင်ယော့်ကို မြင်သောအခါမှာလည်း မြဒွေးက လုံးဝအမ်းမသွားပေ။

"ခင်ဗျားသူငယ်ချင်း ဆေးရုံတက်နေတာ တစ်ပတ်ရှိပြီ ကိုဇင်ယော်၊ သွေးအန်လို့ တင်လိုက်ရတယ်။ သူက ခင်ဗျားအလုပ်ပိုနေမယ်၊ သက်သာမှ အသိပေးမယ် ဆိုတာနဲ့ ကျွန်တော်တို့ အကြောင်းမကြားတာ။ အခုတော့.."

"အခု ဘယ်လိုဖြစ်နေလို့လဲ"

"ဒီကောင့်ကို ကူးစက်ရောဂါကုဆေးရုံကို ပြောင်းရွှေ့ရမယ်"

"ဘာဖြစ်လို့လဲ"

"ဒီကောင့်ရောဂါက အဆုတ်သွေးကြောတွေ ပွင့်ထွက်ပြီး သွေးတစ်ချိန်လုံး အန်နေတယ်။ သူ့ခါတ်မှန်မှာ လည်း အဆုတ်မှာ ရောဂါက ပျံ့နှံ့နေတာပဲတဲ့။ ဘာဆိုလားပဲဗျာ၊ ထားပါတော့၊ ပြီးတော့ သူ့ကို ကုထုံးက တစ်မျိုးပဲတဲ့။ သူ့မှာ အေအိုင်ဒီအက်စ်ပိုး တွေ့နေတယ်ဆိုပဲ"

ဇင်ယော် ကြက်သေ သေနေသည်။

ထွန်းအောင်လတ် ဆေးရုံတက်တာမှ တစ်ပတ်သာ ကြာသွား၏။ သူဖြင့် ခုမှပဲ သိရတော့သည်။ ဟုတ်မှာပေါ့။ သူနှင့် နောက်ဆုံးတွေ့ကြတာက ဆယ်ရက်လောက်ရှိလိမ့်ဦးမည်။ သည်ကောင် ဆေးပေါ့လိပ် အသောက်များလွန်းသည်ဟုပင် သူ သတိပေးခဲ့သေးတာကလား။

ခုတော့ အဆုတ်မှာ ဝေဒနာဆိုးဆိုးရွားရွား ဖြစ်နေတာထက် ပိုမိုဆိုးရွားသော ပြဿနာမှာ အေအိုင်ဒီအက်စ်ပိုး ရှိနေသတဲ့။

"နေပါဦး ကိုမြဒွေးရဲ့။ အေအိုင်ဒီအက်စ်ပိုး ရှိတယ်ဆိုတော့ သူက ဘယ်လိုဖြစ်နေသလဲ"

"မပြောတတ်ဘူးလေဗျာ။ သူတို့အချင်းချင်း ပြောတာဆိုတာ နားစွန်နားဖျားပါပဲ။ သေချာတာကတော့ ကျောက်ဆေးရုံကို ရွှေ့ရမယ်"

"ဘယ်က ကျောက်ဆေးရုံလဲ"

"ဟိုတုန်းက ကူးစက်ရောဂါကုဆေးရုံကို ခေါ်တာ၊ ကန်တော်ကလေးဆေးရုံလည်း ခေါ်တာပါပဲ။ အောင်ဆန်း အားကစားကွင်းနားကလေဗျာ"

"သူ့အိမ်က လာကြည့်ကြသလား"

ဇင်ယော် အစိုးရိမ်အပူပန်ဆုံး ပြဿနာပဲ ဖြစ်သည်။ ထင်သည့်အတိုင်း မြဒွေးက ခေါင်းခါသည်။

"အမေကြီးတစ်ယောက်ပဲ ခိုးကြောင်ခိုးဝှက် လာတယ်။ တစ်ခေါက်ပါပဲ။ အဘိုးကြီးက လုံးဝခွင့်မပြုဘူး"

"သူ့အစ်ကိုတွေကကော"

"အဘိုးကြီးသြဇာမှ မလွန်ဆန်နိုင်တာဗျာ။ ထွန်းအောင်လတ် ကိုယ်တိုင်ကလည်း အမြဲတမ်း ထော်လော် ကန့်လန့် လုပ်တော့ အကြီးတွေက ရွံ့ကြောက်ကြီး ဖြစ်နေတာ"

ဇင်ယော် ဟူးကနဲ သက်ပြင်းရှိုက်မိ၏။

"ခဏစောင့်ဗျာ၊ ကျွန်တော် ပိုက်ဆံနဲ့နဲ့ သွားယူလိုက်ဦးမယ်"

"ရတယ် ကိုဇင်ယော်၊ အေးအေးဆေးဆေး လုပ်ပါ။ ကျွန်တော် ကားယူလာတယ်။ ကိုဇင်ယော်ကို ခေါ်ပြီးရင် ဆေးရုံရွှေ့ကြမလို့ပဲ"

* * * * * *

# ချစ်ကြွေးရယ် ကျေပါနိုင်ပဲ

မြန်မာနိုင်ငံ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် အခြေအနေ

အိပ်ချ်အိုင်ဗွီပိုးရှိသူ စုစုပေါင်း (၈၁၉၁) (ဇွန်လ ၁၉၉၄)

အေအိုင်ဒီအက်စ်ရောဂါဖြစ်သူ စုစုပေါင်း - ၃၃၄ (ဇွန်လ ၁၉၉၄)

နနခိုင်သည် စာရင်းဇယားကို ဖိုင်တွဲတွင် ပူးတွဲထိန်းသိမ်းထားလိုက်သည်။ ပြီးတော့ ယနေ့စကားပြောရမည့် အမျိုးသမီးကို အခန်းထဲသို့ ဖိတ်ခေါ်လိုက်လေသည်။ သုတေသနဆိုင်ရာ ကိုယ်ရေးရာဇဝင် အချက်အလက်တွေလည်း မေးမြန်းရင်း၊ နှစ်သိမ့်ဆွေးနွေး အကြံလည်းပေးရင်း။

အမည်၊ အသက်၊ လူမျိုး၊ ဘာသာ၊ နေရပ်လိပ်စာ။ ဒါတွေကို အရင်အခေါက်တွေကတည်းက မေးမြန်းမှတ်သားပြီးပါပြီ။ သူမပြောသမျှ စိတ်ဝင်တစား နားထောင်၊ အေးအေးဆေးဆေး မေးမြန်းနှင့် စကားပိုင်း နွေးထွေးရင်းနှီးလာအောင် ပြုပြင်မွမ်းမံသွားလေသည်။ ဒါတွေဟာ တစ်ခေါက်နှစ်ခေါက် အလုပ်သဘော ဆက်ဆံ၍ မဖြစ်နိုင်ပါ။ ရင်းနှီးလာပါမှ ယုံစားအားထားလာပါမှ။

နနခိုင်သည် သူမ နှစ်သိမ့်ဆွေးနွေး ပညာပေးလျက်ရှိသော အမျိုးသမီးကို ကရုဏာသက်စွာ ငေးကြည့်နေမိသည်။ နှစ်သိမ့်ဆွေးနွေးဖို့ စိတ်ရှည်လက်ရှည် နားထောင်ရသည်။

မစမ်းပုံတဲ့။

အသားညိုညို၊ အရပ်မြင့်မြင့်သွယ်သွယ်နှင့် အသက်သုံးဆယ့်နှစ်နှစ်အရွယ် သားဖွားမီးယပ်ဆေးရုံကြီးမှ ဆင်းလာခါစ ဖြူဖတ်ဖြူရော် သွေးဆုတ်ချည့်နဲ့နေဆဲမှာပင် သင့်တင့်ပြေပြစ်သော ရုပ်ဆင်းရူပကာ ပိုင်ဆိုင်ကြောင်း သိသာနေသေးသည်။

ဒါလည်း လိင်မှုဆက်ဆံခြင်းလမ်းကြောင်းမှ ကူးစက်သော အေအိုင်ဒီအက်စ် ဝေဒနာရှင်ပါပဲ။

နှစ်သိမ့်ဆွေးနွေး ပညာပေးရေးအဖွဲ့(ဗဟို)မှ ဒေါက်တာ ဦးမြတ်သူတို့ ဒေါက်တာအေးမြလွင်တို့က ကုသရေးအတွက် ပေးပို့လိုက်သည်ကို ဤအဆောင်မှ သမားတော်များက ကြည့်ရှုစစ်ဆေး ကုသပေးနေသည်။

မကြာခဏ ဝမ်းလျှောဝမ်းပျက်သည်က နှစ်လ။ တငွေ့ငွေ့ ဖျားနာသည်ကလည်း တစ်လနှစ်လ။ လူကလည်း ပိန်ကျသွားတာမို့ အဓိကလက္ခဏာသုံးမျိုးစလုံး စုံခဲ့သည်။ အဲဒါတွေအတွက် ရန်ကုန်ဆေးရုံကြီးတွင် ကုသခံခဲ့ရ၏။

ထိုမှတစ်ဖန် ရာသီတစ်ကြိမ်လာလျှင် များပြားရက်ရှည်ရုံမက တစ်လနှစ်ခါဆင်း၊ သုံးခါဆင်းမို့ ဗဟိုသားဖွားမီးယပ်ဆေးရုံကြီးသို့ ရောက်ရှိခဲ့ရပြန်သည်။ နောက်ဆုံးတစ်ခေါက်မှာတော့ သူမ၏ ပါးစပ်တွင် မှက္ခရု ပေါက်သည်။ ဒါက သာမာန်လက္ခဏာတွေထဲမှ တစ်ခု။

အဓိက နှစ်ခု၊ သာမာန် တစ်ခု ရှိပြီး အိပ်ချ်အိုင်ဗွီပိုးရှိကြောင်း သွေးစစ်တွေ့ရှိပြီမို့ ဆုံးဖြတ်ရန်မှု ခရိုင်တီးရီးယား ဝင်နေပါပြီ။ အေအိုင်ဒီအက်စ် ဖြစ်နေပါပြီ။ တစ်နည်းအားဖြင့် CD4 အရေအတွက်သည် 200cu/mm သို့မဟုတ် ထို့ထက် လျော့နည်းနေပေတော့မည်။

မစမ်းပုံတွင် လက္ခဏာတွေ စုရုံမက ပိုလျှံနေပြီ။

ဤမျှ သွေးဆင်းနေခြင်းမှာ Ideopathic Thrombocytopenic Parpura ခေါ် သွေးခဲစေတတ်သော ကလာပ်စည်းတွေ နည်းလျော့သော သွေးမတိတ်လက္ခဏာ ဝင်လာသည်ဟု ယူဆရပေသည်။ သုံးလတားဆေး ထိုးနေကျ၊ ဆက်ထိုးသင့် မထိုးသင့် ချိန်ဆနေရလေ၏။

ထူးဆန်းသလောက် လေးစားဖွယ်ရာကောင်းလှသော မစမ်းပုံ၏ သဘောထားကလေးတွေကို စားပွဲနှင့် ကုလားထိုင်နှင့် အကျထိုင်ကာ မစမ်းပုံကို နှစ်သိမ့်ဆွေးနွေး ပညာပေးရသည့် နနခိုင်က တစ်ပြန်စီး နည်းနိသသယ ယူရမလို ဖြစ်နေသည်။

"သူက ရိုးသားပါတယ် ဒေါက်တာ။ အရက်မသောက်တတ်ဘူး။ တစ်ခါတစ်လေ ရှမ်းပြည်ဘက် တက်မှ ဆေးဖြစ်ငါးဖြစ်ကလေး မှီဝဲတာပဲ ရှိပါတယ်။ ကျွန်မရဲ့ အိမ်ထောင်သက် ဆယ့်လေးနှစ်မှာ ကုန်ကူးလို့ကျန်သမျှ မိသားစုအတွက် ဦးဆောင်သုံးစွဲတာပါပဲ။ ဟင့်အင်း.. အပျော်အပါး မလိုက်စားပါဘူး။ လူပျိုတုန်းကလည်း အဲဒီဘက်က ကင်းရှင်းပါတယ်။ သူက ရှက်တတ်ကြောက်တတ်တယ်။ ဣန္ဒြေသိက္ခာနဲ့ နေတတ်ပါတယ်"

နနခိုင်တို့က သံသယဖြစ်ဖွယ် တစ်စွန်းတစ်စကလေးတောင် ရေလာမြောင်းပေး မလုပ်ဖြစ်အောင် မစမ်းပုံက တစ်ထစ်ချ သေချာလေဟန် အခိုင်အမာပင် ပြောပြဖြေကြားမြဲဖြစ်သည်။

"မူးယစ်ဆေးဆို သူ ဝေးဝေးရှောင်တယ် ဒေါက်တာ။ ဥပဒေနဲ့ မလွတ်ကင်းတဲ့ အလုပ်မျိုး လုံးဝ မလုပ်ဘူး။ ထိုးဖို့ မပြောနဲ့၊ ရှူဖို့တောင် စိတ်မကူးပါဘူး"

ကဲ.. အပျော်အပါးလည်း မလိုက်၊ မူးယစ်ဆေးဝါးလည်း မသုံးစွဲဘူး ဆိုလျှင် သူမ၏ခင်ပွန်းတွင် အိပ်ချ်အိုင်ဗွီပိုး တွေ့ရှိနေသည်ကို သူမက ဘယ်လိုအကြောင်းအချက်နှင့် လက်ခံထားပါသလဲ။

"သူက နယ်စပ်ဘက် ကုန်ကူးရတော့ ငှက်ဖျားမိပြီး ဆေးရုံတတ်ရဖူးတယ်။ ဟုတ်ကဲ့၊ ကျွန်မနဲ့ အိမ်ထောင် မကျခင်ကဆိုတော့ ဆယ့်ငါးနှစ်လောက်တုန်းကပေါ့ ဒေါက်တာရယ်။ သွေးတစ်ပုလင်း သွင်းရတယ်တဲ့။ အဲဒီ သွေးကနေ ရောဂါပိုးပါလာတာ ဖြစ်မှာပဲလို့ ကျွန်မကို ဆရာဝန်ကြီးတွေက ထင်မြင်ချက် ပြောပြပါတယ်။ အဲဒါပဲ ဖြစ်စရာရှိတာပဲလေ။ ဟုတ်မှာပါ"

နနခိုင်သည် မစမ်းပုံ၏ အေးချမ်းခိုင်မာသော မျက်နှာကလေးကို ငေးကြည့်နေသည်။

တစ်နေ့ကပဲ နှစ်သိမ့်ဆွေးနွေးပညာပေးရေး (ဗဟို) မှ နနခိုင် ကြားနာရသည်မှာ မစမ်းပုံ၏ ခင်ပွန်းကို သူတို့ တွေ့ဆုံပြီးပါပြီတဲ့။ မိန်းမ၊ မူးယစ်ဆေး နှစ်မျိုးလုံး နံ့နံ့စပ်စပ် စုံလင်ကြောင်း ဝန်ခံသွားလျက် တစ်ခုပဲ ကတိ တောင်းသည်မှာ "ကျွန်တော့်မိန်းမက ကျွန်တော့်ကို သိပ်ယုံတယ်။ သူ့ကို အသိမပေးပါနဲ့ဗျာ" တဲ့။

ယောက်ျားထံမှ အိပ်ချ်အိုင်ဗွီပိုး ကူးစက်နေပြီဆိုတာ ကုသိုလ်ကံပေါ့ရှင်။ ကျွန်မ တရားနဲ့ဖြေပါတယ်ဟု ဖျော့တော့အားနည်းစွာ လက်ခံသည်။ သူမမှီဝဲဖို့ ဆေးဝါးများ ညွှန်ကြားသည်ကို လေးလေးစားစား လိုက်နာသည်။ နောက်ထပ် သားသမီးယူလျှင် ရောဂါပါလာဖို့ သုံးဆယ်မှ လေးဆယ်ရာနှုန်း သေချာနေတာမို့ သန္ဓေတားဆေး စားမလား၊ ထိုးမလား၊ ယောက်ျားကို ကွန်ဒုံးသုံးစေမလား ရွေးချယ်ရန် နည်းလမ်းညွှန်သောအခါမှာလည်း သုံးလတားဆေး မှန်မှန်ထိုးသည်။

အိပ်ရျအိုင်ဗွီပိုးရှိသောသွေးကို မလှူဖို့၊ ဆေးရုံဆေးခန်းတွေမှာ မလွှဲမကင်းသာ၍ ဆေးထိုးရလျှင် သူမတွင် ပိုးရှိကြောင်း လျှို့ဝှက်အသိပေးဖို့ ဒါတွေအားလုံး မစမ်းပုံ လိုက်နာသည်။

သူမကို နုနုခိုင် တွေ့ဆုံဆွေးနွေးတာ ငါးခါမကတော့။ တွေ့တိုင်း စကားပြောတိုင်းမှာပဲ စပ်ဟပ်ပါဝင်လာတာက သူမ၏ခင်ပွန်းသည် ရိုးသား၍ သစ္စာရှိသော လူရိုးလူကောင်းတစ်ယောက် ဖြစ်ကြောင်း။

"သူ့ဆီက ကျွန်မ ကူးပေမယ့် သူ့မှာ ရောဂါလက္ခဏာမပေါ်ခင် ကျွန်မက အရင်ခံစားရတာဟာ ကျွန်မရဲ့ နုဂိုခုခံအားကိုက နည်းလို့ ဖြစ်မှာပေါ့နော်။ ပြီးတော့လည်း ကျွန်မရဲ့ အတိတ်ဘဝက အကုသိုလ် ဝဋ်ကြွေးတွေ ဖိစီးလို့ ဖြစ်မှာပါပဲလေ"

ရစ်ဝဲသောမျက်ရည်ကို မျက်တောင်တဖျပ်ဖျပ်ခတ်ပြီး သိမ်းဆည်းနေသော မစမ်းပုံကို နုနုခိုင် နှစ်သိမ့်စရာပင် ရှာမရချင်။ သူမဘာသာ ဖြေသိမ့်လက်ခံနေရှာသားပဲ မဟုတ်လား။

"အိမ်နီးနားချင်းတွေက ကျွန်မတို့လင်မယားကို ပစ်ပယ်ထားတယ်ဆိုပါတော့ ဒေါက်တာ။ သူတို့ကို ကူးစက်မှာ သိပ်ကြောက်ကြတယ်။ ကျွန်မတို့ရဲ့ကလေးတွေကိုတော့ ကျွန်မရဲ့မိဘတွေရှိတဲ့ အညာကို ပို့ထားရပါတယ် ဒေါက်တာ။ တော်ကြာ သူတို့ပါ ဝိုင်းပယ်ခံနေရမှာကို စိုးလို့ပါ"

ကျမ်းမာရေးပညာပေးဖို့ အများကြီး လိုအပ်နေသေးသည်ကို နုနုခိုင်သာမက ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးစီမံချက်ဆိုင်ရာ တာဝန်ရှိသူတိုင်း မသိမဟုတ်။ သိရှိအားထုတ်နေကြသည်ပင်။ သွေး၊ လိင်ဆက်ဆံခြင်းတို့မှသာ အဓိက ကူးစက်တာမို့ ဒါတွေ အကာအကွယ်ယူတတ်လျှင် လုံခြုံကြောင်း ဘယ်လိုများ ထိထိရောက်ရောက် ရှင်းပြရပါ့မလဲ။

မသိနားမလည်မှု၊ အင်္ဂလိပ်လို IGNORANCE ကို ဘယ်လိုပြုပြင်ပြောင်းလဲကြမှာလဲ။

ဖျတ်ကနဲဆို မီးချောင်းမှိတ်သွား၏။ မီးအားနည်းတာလား၊ မီးပျက်တာလား။ နုနုခိုင်သည် လူနာများ၏ ကိုယ်ရေးရာဇဝင်နှင့် ရောဂါမှတ်တမ်းများကို နေသားတကျ စီစဉ်ရင်း မစမ်းပုံ ပြန်သွားသည်ကို ငေးကြည့်နေမိသည်။ မနီးမဝေး ခုံတန်းတွင် စောင့်ဆိုင်းနေရာမှ သူမနံဘေးမှ ကုပ်ချောင်းချောင်းလိုက်ပါသွားသော သူမ၏ ခင်ပွန်းကို အလိုလို မျက်မုန်းကျိုးလာမိတာကြောင့် ယင်းဒေါသမဓ္ဆရိယစိတ်တွေကို အတင်းမျိုချ ချိုးနှိမ်နေရလေသည်။

ပြတင်းခန်းဆီးစိမ်းစိမ်းက အလုံအခြုံ ကာဆီးနေသဖြင့် အခန်းထဲ အလင်းရောင် အဝင်နည်းနေသည်။

နုနုခိုင်သည် ထိုင်ခုံမှထသွားကာ တံခါးခန်းဆီးတွေ နံဘေးကပ်အောင် ချဲသည်။ တံခါးမှတစ်ဆင့် အပြင်သို့ မျက်လုံးအရောက်တွင် အဆောင်ခုနစ်နံဘေးမှာ ရပ်တန့်ပြီး တစ်စုံတစ်ရာ ငံ့လင့်စောင့်ဆိုင်းနေသော လူတစ်ယောက်ကို လှမ်းတွေ့သည်။

နုနုခိုင် အသက်ရှူရပ်တန့်သွားမတတ် ကြက်သေ သေနေတော့သည်။

သူ ဝတ်ဆင်နေကြအတိုင်း ရှပ်အဖြူလက်ရှည်ကို လက်ဖျံတစ်ဝက်အထိ ပင့်ခေါက်လျက် ရခိုင်ပုဆိုးခိုပြာရောင်ကို ခြေမျက်စိဖုံးလုနီးပါး ချပ်ချပ်ရပ်ရပ် ဆီးလျက်။

ဇင်ယော်...။

ထွန်းအောင်လတ်ကို လာကြည့်တာ မဟုတ်လားဟင်။ လာတော့မှာပဲဟု ထင်မြင်မျှော်လင့်လျက်လည်း နေသည်။ ဇင်ယော် ဘယ်မှာလဲဟု မေးမြန်းချင်ပါလျက် အမျက်သိုဆဲ နှလုံးသားက ရှောင်ဖယ်ငြင်းဆန်၏။

ပြတင်းဆီမှ ပြန်လှည့်လာပြီး သူမ၏ထိုင်ခုံတွင် စက်ရုပ်တစ်ရုပ်လို တောင့်တောင့်ကြီး ဝင်ထိုင်သည်။ ဘာဖြစ်ပြီး ဘာလုပ်ရမှန်း မသိဘဲ ယောင်ချာချာ ဖြစ်နေသည်။

ထွန်းအောင်လတ်သည် ချောင်းတဟွတ်ဟွတ်ဆိုးလျှင် လေမှုတစ်ဆင့် တီဘီပိုးတွေ ပျံ့လွင့်ကူးစက်နိုင်တာကြောင့် သူလို Open Case များနှင့်အတူ သီးသန့်ခန်းတွင် သီးခြားထားရသည်။ ဂမ်းလျှောသူတွေကိုလည်း တစ်ဆောင် သီးသန့်ထားရှိသည်။

အိပ်ချ်အိုင်ဗွီပိုးရှိသော ဝေဒနာရှင်အချို့မှာ တီဘီမရှိ၊ ရှိပြန်လျှင်လည်း အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်ခြင်း မရှိသော ဂမ်းဗိုက်တီဘီ၊ တီဘီကျိတ်၊ မီလယာရီတီဘီတို့သာ ဖြစ်လေရကား သူတို့ကို အခြား ဝေဒနာရှင်များနှင့် တစ်ဆောင်တည်း ထားနိုင်သည်။

အသည်းကြွပ်သူ၊ အသည်းရောင်သူ။ သည်ရောဂါ၏ လက္ခဏာတစ်ရပ်ဖြစ်သော အာရုံကြောထိခိုက်မှုပုံစံ အမျိုးမျိုးနှင့်လည်း ဆေးရုံတတ်နေကြသည်။

အိပ်ရာမှ မထနိုင်ပဲ လူနာစောင့်တစ်ယောက် စောင့်ကြပ်နေရသော ထွန်းအောင်လတ်သည် ဆရာဝန်များ လှည့်လည်စစ်ဆေးကြည့်ရှုလျှင် နှာခေါင်းစည်း တပ်ဆင်ထားသည်။ လက်ထောက်ဆရာဝန်များ၊ ကျွမ်းပြုစုရန် ရောက်ရှိနေသော ဘွဲ့လွန်မဟာကျောင်းသား ဆရာဝန်များနှင့် သူနာပြုတွေ၊ အမှုထမ်းတွေနှင့်အတူ နုနုခိုင်လည်း နှာခေါင်းစည်းကိုယ်စီ တပ်ဆင်ထားကြတာမို့ ခွဲခြားပြီး မမှတ်မိသာ။

ငယ်စဉ်ကပင် ထွန်းအောင်လတ်ကို နုနုခိုင် သဘောမတွေ့ခဲ့ပါ။ ဇင်ယော့်ကို မကောင်းသောအပြုအမူ အကျင့်အကြံတွေ သွေးဆောင်သင်ပြလေမလား စိတ်မှာ သံသယမကင်းခဲ့။ ဇင်ယော်က ခင်မင်၍သာ လိုက်လျော ဆက်ဆံရသော်လည်း နုနုခိုင်၏ မိတ်ဆွေသူငယ်ချင်းအဖြစ် လုံးဝ သတ်မှတ်၍မရ။

သို့သစေ ခုလို လူနာတစ်ဦးအဖြစ် တွေ့ဆုံရချိန်တွင် နုနုခိုင်က ခေါ်ပြောနှုတ်ဆက်သင့်သည်ဟု သူမ၏ ဦးနှောက်က ညွှန်ကြားသည်။ ခက်တာက ထွန်းအောင်လတ်သည်လည်းကောင်း၊ ထွန်းအောင်လတ်ကို လာရောက်ကြည့်ရှုသော နှုတ်ခမ်းမွှေးထူထူမည်းမည်း၊ ဗိုက်ရွဲရွဲ အမျိုးသားသည်လည်းကောင်း နုနုခိုင်နှင့် ဘယ်လိုမှ သဟဇာတ မဖြစ်နိုင်ပေ။

နုနုခိုင် မျက်စိပိတ်နားပိတ် နှုတ်ဆိတ်၍သာ နေလေသည်။

သမားတော်ကြီးတွေ၏ စမ်းသပ်တွေ့ရှိချက်၊ ဆေးကုသချက်၊ သွေးသလိပ် ဓါတ်မှန်စစ်ဆေးအဖြေရှာချက် အားလုံး နုနုခိုင် ရေးမှတ်သည်။ ဆောင်ရွက်သည်။ ထွန်းအောင်လတ်သည် ဆေးရုံရောက်လာတာ တစ်ပတ် ကျော်သည့်တိုင် သွေးအန်ဆဲ၊ သလိပ်ထဲ ပိုးပါဆဲပင် ဖြစ်သည်။

ပထမ လက်ထောက်ဆရာဂန် ဦးထွန်းလွင်ငြိမ်းအား အထွေထွေအလုပ်သမား ဦးလူလေးက တိုးတိုးတိပ်တိပ် သတင်းပို့သည်မှာ ထွန်းအောင်လတ်သည် အိပ်ရာမှသာ မထနိုင်တာ၊ အစာရေစာသာ မဂင်မစားတာ၊ ဆေးပေါ့လိပ်ကျတော့ တစ်နေ့ ဆယ်လိပ်မက သောက်နေသည်ဟူလို့။

သူ့ကို ဘယ်လိုပင် ရှင်းပြမဆုံးလည်း ပြန်မပြောနားမထောင်။ ကွယ်ရာမှာ ထင်ရာစိုင်းပြီး သွေးတဗွက်ဗွက်သာ အန်နေမြဲ။ ဤမျှ စိတ်ပျက်စရာကောင်းသော လူနာကို လာကြည့်မှာပဲဟု နုနုခိုင် မျှော်လင့်နေသော ဇင်ယော် ရောက်လာပါပကော။

ထွန်းအောင်လတ်လို ညှင်းဆိုးမဲ့ညစ်သော လူတစ်ယောက်ကို ဇင်ယော်လို သန့်ပြန့်ရည်မွန်သော လူတစ်ယောက် လာရောက်ကြည့်ရှုသည်ကို အများက အမြင်ဆန်းနေမှာပဲ ထင်သည်။

အနည်းဆုံး နုနုခိုင်က အံ့သြနေသည်။ ငယ်ငယ်တုန်းကတည်းက နားမလည်နိုင်ခဲ့သည်မှာ ယခုတိုင်လည်း အဆန်းတကြယ် ဖြစ်နေဆဲ။

ရင်ထဲတွင် ဆို့နစ်နာကျင်လာသည်။

အရင်နှစ်ပေါင်းများစွာတုန်းက ဝေဒနာသည် အသစ်ပြန်ဖြစ်ကာ ကျွမ်းမြိုက်လောင်စားလေ၏။

အေးလေ.. ဘယ်လိုမှ မတူနိုင်အောင် အသွင်အပြင် ကွာဟနေလည်း စိတ်အထာမတည်ကြည်တာ၊ မလေးနက်တာ၊ ပေါ့ပြက်တာတွေကတော့ တစ်နည်းတစ်ဖုံ တူညီနေကြမှာပါ။ ဒါကြောင့်လည်း သူတော်ခြင်းခြင်း သတင်းလွှေလွှေ ပေါင်းဖက်တွေ့ကြပေတာပေါ့။

ခေါင်းခါယမ်းကာ စိတ်ကို စုစည်းပြုပြင်သည်။

မျက်လွှာချပြီး ဖိုင်တွဲတစ်ခုကို ဖွင့်သည်။ ဒါက သူနေသန တာဂန်မဟုတ်။ ဒါက နှစ်သိမ့်ဆွေးနွေး အကြံပေး တာဂန်မှတ်တမ်း ဖြစ်သည်။

နေ့ခင်းအစည်းအဝေးတွင် တင်ပြဖို့ အဆင်သင့်မဖြစ်သေးသဖြင့် ပုံစံမှာ ဖြည့်စွက်ရေးသားရဦးမည်။

Client (အခက်ကြုံသူ) ၏ အမည် - ဒေါ်မွှေး

အသက် - ၅၅ နှစ်။

အလုပ်အကိုင် - အောက်တန်းစာရေး (စားသုံးသူသမဂ္ဂါယမ)

သူမ၏ ကိုယ်ရေးရာဇဝင်အကျဉ်းမှာ အသက်နှစ်ဆယ့်ရှစ်တွင် မုဆိုးမဖြစ်လျက် သားသုံးယောက် ကျန်ခဲ့သည်။ သားသုံးယောက်စလုံး ဆယ်တန်းအောင်သည်အထိ မောင်နှမအသိုင်းအဝိုင်း၏ ပံ့ပိုးစောင့်ရှောက်မှု ရယူပြုစု သင်ကြားပေးနိုင်ခဲ့သည်။ သို့သော် သားသုံးယောက်စလုံး ဖိုးသမားတွေ ဖြစ်ခဲ့လေသည်။ အကြီးက သင်္ဘောပြန်မတက်မီ ဆေးလက်ဂယ်တွေ့ရှိမှုနှင့် ဆေးအမှုဖြင့် ထောင်ကျနေသည်။ သားအလတ်က မူးယစ်ဆေး ထိုးရင်း ရှော့ခ်ရပြီး မနှစ်က ဆုံးသည်။ သားအငယ်ဆုံးက နှစ်နှစ်ခန့် အိမ်မှထွက်ခွာသွားပြီးနောက် မကြာမီကမှ ပြန်ရောက်လာရာ အိပ်ချ်အိုင်ဗွီပိုး စွဲကပ်နေခဲ့လေသည်။

သူမ၏ပြဿနာမှာ အိပ်ချ်အိုင်ဗွီပိုးရှိသော သားကို ယောက္ခမအသိုင်းအဝိုင်းကြားသို့ ပြန်မခေါ်ပုံခြင်း ဖြစ်သည်။

သူမကိုယ်တိုင် ရင်ဘတ်အောင့်ခြင်း၊ အိပ်မပျော်ခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်းတို့ ခံစားနေရသည်။

နှစ်သိမ့်ဆွေးနွေး အကြံပေးချက်များမှာ -

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (အေအိုင်ဒီအက်စ်) လူနာတစ်ဦးအား အိမ်တွင် ပြုစုနေရသော မိသားစုများအတွက် ပြုစုစောင့်ရှောက်ရေးလမ်းညွှန်စာအုပ် ပေးပြီး ဖတ်ရှုရှင်းပြနိုင်ရန်၊ ကိုယ်တိုင်ရှင်းပြ နှစ်သိမ့် ပေးနိုင်အောင် ဖြစ်နိုင်လျှင် အတူနေဆွေမျိုးများကို ခေါ်လာရန်။

သားက ဆေးရုံမှဆင်းနိုင်လာသောအခါ မိသားစုကိုးကွယ်သော ဘုန်းတော်ကြီးကျောင်းတွင် သင်္ကန်း ဆည်းမည် ပြောသည်ဆိုရာ ကျောင်းထိုင်ဆရာတော်နှင့် ညှိနှိုင်းပြီး ဆက်လက်ဆောင်ရွက်ရန်။ ဆောင်ရွက်ထား သည်ကို ဦးနောက်က စီစဉ်ချမှတ်ပေးသည့်အတိုင်း လက်က အဆက်မပြတ် ရေးချနေသည်။

နနခိုင်၏ စိတ်တွေကတော့ အဆောင်ခုနစ် အပြင်စကြံန်မှာ ရပ်နေသော ဇင်ယော်ကိုပဲ ပြေးပြေးကြည့်သည်။ သူတေသနယူနစ်ရှေ့မှ ခြေသံကြားတိုင်း ဇက်မော့ကာ သူပဲလား ခေါင်းထောင်စူးစမ်းချင်နေသည်။ သတိထားကာ စာရွက်ပေါ်မှာ မျက်လုံးစူးစိုက်ထားလျက်က စိတ်တွေပျံ့လွင့်ထွက်ပြီး ခြေသံရှင်ကို မော်ကြည့်မိတတ်တာကြောင့် ကိုယ့်နဖူးကိုယ် ဘောလ်ပင်အဖုံးနှင့် ဖိဖိပြီး စိုက်ကာစိုက်ကာ နာကျင်အောင် ဒဏ်ပေးနေမိရ၏။

နေ့ခင်းတစ်နာရီတွင် အစည်းအဝေးရှိသည်။ သည်တစ်ကြိမ် နနခိုင်ယူထားသော အခက်ကြုံသူတို့ စာတွဲသည် အိပ်ချ်အိုင်ဗွီပိုးရှိသူ မဟုတ်ဘဲ သူ့ဆွေမျိုးသားချင်း ဖြစ်နေသည်။ သည်ထက်ပိုပြီး အကြံပေးစရာ Option ဘာလိုဦးမလဲဆိုတာ ဗဟိုအဖွဲ့မှ ဆရာဝန်၊ ဆရာဝန်မကြီးတွေက အကြံပေးဖြေရှင်းကြ၊ အခြား သင်တန်းဆင်းတွေကလည်း ထောက်ပြဆွေးနွေးကြမှာမို့ စိတ်ဝင်စားစရာပါ။

ဖြည့်စွက်ပြီးသောပုံစံကို စားပွဲထောင့်တွင် အဆင်သင့် တင်ထားလိုက်သည်။

ဖိုင်တွဲများကလည်း အစီအရီ။

အလုပ်လျှောက်လွှာ။

အလုပ်လက်ခံသည့် ရုံးစာ။

ဝယ်ယူသော ပရိဘောဂပစ္စည်းစာရင်းများ။

လူနာအချို့၏ ထူးခြားသော ဆေးမင်ကြောင် Tatto ဓါတ်ပုံများ၊ လက်မောင်း၊ ရင်ဘတ်၊ ကျောကုန်း၊ ခြေထောက်။ Tatto တွေပဲ လိုအပ်ပါသည်။ မျက်နှာပါဖို့ မလိုပါ။ လှို့ဝှက်ပေးရပါမည်။

နနခိုင်အတွက် မှတ်တမ်းမှတ်ရာတွေမို့ တန်ဖိုးမဖြတ်နိုင်ပါ။

တစ်ယောက်များဆို လည်ပင်းတွင် Game of Death ဟု ဆေးမင်ကြောင် စုတ်ထိုးထားသည်။ သေမင်းနှင့် ကစားခြင်း။

အောက်ခြေမှာမူ အပ်စွပ်လျက် ဆေးထိုးအပ်။ အန္တရယ်ကို မြင်လျက် မဆင်ခြင်သော သဘော။ မိုက်ရူးရဲသည့် သဘော။

သူတို့တွေသည် ဆေးမင်ကြောင်ကို ထောင်ကျစဉ် အချင်းချင်း အပျင်းပြေ ပညာပြ ထိုးပေးကြသည်မှာ မနည်းလှ။ ဆေးထိုးအပ်ရာကို ဖုံးကွယ်ဖို့ထက် အရုပ်မျိုးစုံထိုးနံဖို့ စိတ်သန်တာက အရင်းခံပေသည်။

ဖတ်မှတ်စရာ သတင်းစာဖြတ်ပိုင်းတွေကလည်း တစ်ထပ်ကြီး။ ယင်းဖိုင်တွဲအပေါ်မှာမူ ဒိုင်ယာရီ အနက်ကလေး ရှိနေသည်။ ရိုးမဘဏ် ဒိုင်ယာရီကလေး။

ဤသူတေသနလုပ်ငန်းနှင့် ဆက်နွယ်သမျှ အကြောင်းလုပ်ရပ်တွေကို နေ့စဉ်မှတ်တမ်း ရေးမှတ်ထားရသည်။ မနေ့က မရေးမှတ်ရသေးသော ဒိုင်ယာရီကို ဆွဲထုတ်ယူလိုက်သည်။ စာရွက်လှန်ကာ တနင်္ဂနွေနေ့ကို မင်နှင့် ကွင်းလိုက်၏။

စီမံချက်မန်နေဂျာဟောင်း ဒေါက်တာဦးမျိုးသက်ထွန်းက အလုပ်လွှဲအပ်ကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ Regional Officer (Leprosy) အဖြစ် အလက်ဇန္ဒြီးယားသို့ ထွက်ခွာသွားတော့မှာမို့ အလုပ်လွှဲအပ်ပြီးခဲ့ပြီ။

ယခု စီမံချက်မန်နေဂျာမှာ ဒေါက်တာဦးဘိုကြွယ်။ တနင်္ဂနွေနေ့တွင် ဦးမျိုးသက်ထွန်းအား နှုတ်ဆက်ပွဲ ကျင်းပမည် ဖြစ်လေ၏။

ဒိုင်ယာရီကို ပြန်လည်သိမ်းဆည်းကာ ဗီရိုသော့ခတ်နေဆဲ ရှပ်.. ရှပ်.. ရှပ်.. ခြေသံများ၊ တအိအိ ငိုယိုသံနှင့် တီးတိုးချော့မော့ နှစ်သိမ့်သံတွေ ကြားရသဖြင့် စောင်းငဲ့လှည့်ကြည့်သည်။

သြော်.. ပန်းတစ်ပွင့်ဖြင့် အခါမသင့်ပါဘဲ နွမ်းရော်ကြွေလွင့် သွားရပြန်ပါပြီ။ မောင်အောင် အသက်ပျောက် ခဲ့ပြီဟု ပြေးမကြည့်ဘဲ သိလိုက်၏။ နံနက် လှည့်လည်ကြည့်ရှုစဉ်ကတည်းက အသက်ငင်နေခဲ့ပြီဟာ။

ငိုရှိုက်နေသော အဒေါ်ကြီးကို နနခိုင် ရင်းနှီးကျွမ်းဝင်နေတာ ကြာပါပြီ။ သူမ၏သားက ဆေးရုံတတ်လိုက် ဆင်းလိုက် သုံးလေးကြိမ် မကတော့ပြီ။

သည်တစ်ခေါက် ရောက်လာကတည်းက မရလောက်တော့ဘူးဟု မှန်းဆဖြစ်ကြသည်။ စိတ်ဓါတ်ကျဆင်း နေခြင်းမှာ အတော့်ကို အခြေအနေထိုးဆင်းသွားစေသော ပြဿနာ ဖြစ်သည်။ ဆေးကို မသောက်၊ အစာကို မစား၊ စကားပင် မပြောတော့ဘဲ သေကိုသေတော့မည်ဟု အဆင်သင့် စောင့်ကြိုနေသလို ရှိတော့သည်။ "သားရေ၊ လူကလေး၊ သား နေကောင်းလာရင် အမေတို့ သာမည သွားကြဦးမယ်လေ။ စိတ်တင်းထားပါဦး သားရယ်။ အမေ့မှာရှိသမျှ ကုန်ပါစေ။ သားနဲ့ အမေ လဲယူမယ်" စသည် တဖွဖွချော့မော့လည်း သားထံမှ တုံ့ပြန်ချက် မရ။

တကယ်တော့ အမေတစ်ခု သားတစ်ခုရယ်ပါ။ သား သဘောသားကို ဇနီးက ကွာရှင်းခွင့်တောင်းပြီး အသစ် တစ်ယောက် ကောက်ယူလိုက်ပြီးနောက်ပိုင်းမှာ အပျော်လိုက်ရင်း၊ အရက်သောက်ရင်း နောက်ဆုံး သူလည်း ထောင်ကျ၊ အမေလည်း စည်းစိမ်ပြုတ်ခဲ့သည်။ သူ့မှ ကြွင်းကျန်တာဆိုလို့ အေအိုင်ဒီအက်စ်နှင့် သူ့မိခင်ပဲ ရှိတော့သည်။

နနခိုင် ဂမ်းနည်းမိ၏။

သည်ပတ်ဝန်းကျင်မှာ နေရသမျှ အချိန်ပိုင်းကလေးမှာ တစ်ကွက်တစ်စွန်း သတိထားမိတာက အမေတွေရဲ့ အဆုံးမဲ့မေတ္တာပါပဲ။

ပန်းကြွေတစ်ပွင့်တို့၏ နောက်ဆုံးအချိန်မှာ အနီးတွင် ထက်ကြပ်မကွာ ပြုစုနေသူသည် ဇနီးမယားဖြစ်နေဖို့ ခဲယဉ်းပြီး ရံဖန်ရံခါ ဖခင်တစ်ယောက်တစ်လေ တွေ့ရတတ်တာ ရာနှုန်းပြည့်လုနီးပါး၊ အများစုမှာ မိခင်တွေသာ ဖြစ်တော့၏။

ပိုချင်မှဲ့ချင် စိတ်နှလုံး ဂနာမငြိမ်နိုင်ဘဲ ကပျာကသီ ကုလားထိုင်မှာ ဝင်ထိုင်လိုက်ရသည်။ ဝေဒနာရှင်တွေနှင့် သူတို့ ဆွေမျိုးသားချင်းတွေကို နှစ်သိမ့်ဆွေးနွေးမည့်သူတဲ့လား။ သည်အထိပဲ စိတ်ပျော့ညံ့ရမလား။ သည်အထိပဲ ခံစားလွယ်ရမလား။

အို.. မတတ်နိုင်ပါဘူးလေ။ စိတ်မှ မခိုင်တာ။ မောင်အောင့်မိခင်ကို နနခိုင် အသည်းခိုက်အောင် သနားနေမိသည်ကို ဘယ်လိုမှ ထိန်းချုပ်ထားလို့မရ။

စားပွဲပေါ်လက်ထောက်ကာ နဖူးပြင်ကို လက်ချောင်းများနှင့် ညှပ်သိမ်းပြီး တရိပ်ရိပ်မူးဝေလာသော ဝေဒနာကို မခံစားနိုင်တော့သဖြင့် မျက်လုံးတွေ မှေးမှိတ်ထားလိုက်ရလေသည်။ အခန်းထဲသို့ တစ်စုံတစ်ယောက် ဝင်လာသည်ဟု သိရှိလိုက်ကာ သူမကို အခြေပျက်အနေပျက် မြင်တွေ့သွားပါပကောဟု စိတ်မှာ စနိုးစနောင့် ဖြစ်မိ၏။

ဇင်ယော်တော့ မဟုတ်ဘူးထင်သည်။ ဝင်လာသောခြေလှမ်းတွေဟာ ရဲရဲတင်းတင်း ခိုင်ခိုင်မာမာ။

"ဟေး.. နခိုင်၊ အိုင်က ယူ့ အစည်းအဝေးသွားပြီ မှတ်နေတာ။ တော်ပါသေးရဲ့ကွာ။ အိုင့် လက်ဘ်ရီဇတ်တွေ ယူထားပေးတယ် မဟုတ်လား။ ဟေး.. ယူ နေမကောင်းဘူးလား"

ဩော်.. ဘုန်းမြင့်ကေကိုး။ ဆေးရုံမှာ ညဂျူတီတွေ ယူရလွန်းသည်ဟု သူ့စာတမ်းကိစ္စ မလာနိုင်တာ အတော်ကြာပါပြီ။

"ယူ ဘာဖြစ်နေသလဲ နခိုင်။ အေအိုင်ဒီအက်စ်လား"

နနခိုင် မရယ်ချင်ဘဲ စိတ်တိုတောင်းသည်။

"အေး.. ဟုတ်တယ်။ ကိုယ် အေအိုင်ဒီအက်စ် ဖြစ်နေတယ်"

ဖုန်းမြင့်ကေက လူနာတွေထိုင်နေကျ၊ နနခိုင် တွေ့ဆုံမေးမြန်းနေကျ ကုလားထိုင်တွင် ခြေပစ်လက်ပစ် ဝင်ထိုင်သည်။ နနခိုင်၏ အဖြေကို သူ အားပါးတရ ရယ်မောသည်။

သူ့ အတက်ချီ သေတ္တာအနက်ကလေးကို စားပွဲပေါ်တင်လိုက်သည်မှာ ဗုန်းကနဲပင် အသံမည်သွား၏။ ထိုအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် သုတေသနယူနစ်နှင့် မျက်နှာချင်းဆိုင် လူသွားစင်္ကြံမှ ယဉ်ပါးမြဲ မျက်လုံးအစုံနှင့် လူသည် ခြေလှမ်းမှန်မှန်လှမ်းပြီး လျှောက်လာနေ၏။

ဗုန်းကနဲ အသံကြောင့်လည်း သူ့မျက်လုံးတွေက အစိမ်းရောင်ခန်းဆီး ကာရံထားသော သုတေသနခန်း ဆီသို့ ရောက်ရှိဝေ့ဝဲလာခဲ့သည်။ နနခိုင်က သူ့ကို မှတ်မှတ်သားသား သဲသဲကွဲကွဲ မြင်တွေ့ပါသည်။

အစိမ်းရောင် လိုက်ကာစကြားမှ ထွင်းဖေါက်မြင်တွေ့ရသော နဖူးပြင်ပေါ် လက်နှစ်ဖက်ဖိကိုင် အုပ်ဆိုင်းထားသော နနခိုင်ကိုသာ သူက မမှတ်မိနိုင်လိုက်တာပါ။

ကုလားကျောင်းမှတ်တိုင်အနီးတွင် နနခိုင်က သူ့ကို နောက်ဆုံးတွေ့ခဲ့တာ သုံးလခွဲ၊ အတိအကျ ရက်ပြန်တွက်စစ်လျှင် သုံးလနှင့် ဆယ့်ခြောက်ရက် ရှိခဲ့ပြီ။ နနခိုင်က မှတ်မှတ်ရရပင် ပြက္ခဒိန်မှာ ရေးခြစ်မှတ်သားထားခဲ့သည်။

ချိတ်ဆွဲအလှဆင်ထားသော ပန်းရိုးမပြက္ခဒိန်တွင် သုတေသနဆိုင်ရာ အရေးကြီးဖုန်းနံပတ်များ တေးမှတ်ထားသည်မှအပ မဆီမဆိုင် အမှတ်အသားဆိုလို့ နနခိုင်တစ်ယောက်နှင့်သာ ပက်သက်သော ထိုရက်စွဲကိုကြက်ခြေခတ်ရာကလေး စွန်းထင်းနေခဲ့သည်။ ပြက္ခဒိန်စာမျက်နှာတွေ လှန်လှောမကြည့်ဖြစ်စေကာမူ ကိုယ့်လက်စလက်န ကိုယ့်ဘာသာ မှတ်မိသိရှိနေပါသည်။

သူသည် ပင့်ဖြီးသင်ထားလျက်ကာ ပြူးပြန့်သော နဖူးပြင်မှာ လုံးပတ်သေး၍ ပျော့ပြောင်းညိုမှောင်သော ဆံစတွေ ခပ်စင်းစင်းကျနေမြဲ ဖြစ်သည်။

ဟိုတစ်ခါ အမှတ်မထင် တဒင်္ဂ ဆုံမိကြစဉ်ကလိုပင် ဇင်ယော်သည် အသားအရေစိုပြေ ပြည့်တင်းလျက်လူဖြောင့်လူအေးပုံသွင် ဆောင်နေမြဲ ဖြစ်လေသည်။

နနခိုင်ကို သူ သေချာမတွေ့မြင်သည်သာမက ဖုန်းမြင့်ကေသည်လည်း သူ့အတွက် သူစိမ်းတရံဆံတစ်ဦးသာ ဖြစ်နေသည်။ ဩော်.. ဆရာဂန်နှစ်ဦး အလုပ်စားပွဲတွင် အတူထိုင်ကာ တစ်စုံတစ်ရာကို ပွဲကျရယ်မောနေကြတာပဲ။ ဒါပဲ သူ့ထင်မြင်ယူဆချက်။

သူ့ကို ကျောခိုင်းထားသော ဖုန်းမြင့်ကေသည် သုတေသနခန်း၏ လက်ဝဲဘက်သို့ ချိုးကွေ့သွားသည်အထိ နနခိုင်ကိုသာ မြင်တွေ့ ရယ်မောနေသေးသည်။ သုတေသနခန်း၏နံဘေးဘက် ဖြတ်လျှောက်ရင်း ပြတင်းနှစ်ပေါက် ဘေးမှ ဖြတ်သန်းနေစဉ်မှာလည်း အမှတ်မဲ့။ သူ ပြတင်းပေါက်အလွန်တွင် သူ့နောက်မှ ခြေလှမ်းသွက်သွက် လှမ်းလိုက်လာနေသော နှုတ်ခမ်းမွှေးမည်းမည်း၊ ဗိုက်ရွှဲရွှဲ အမျိုးသားကို နနခိုင်က တွေ့မြင်နေသည်။

ထိုသူက ရှူးရှူးနှင့် အခန်းထောင့်မှ အသံပြုလိုက်သည်တွင် ဇင်ယော်သည် ပြတင်းပေါက်အလွန်ကလေးမှာ ခြေလှမ်းတုံ့သွားပြီး နောက်ပြန်လှည့်ကြည့်လေသည်။

"ထွန်းအောင်လတ်အတွက် ထိုးဆေးစားဆေး ဂယ်ပို့ရဦးမယ် ကိုဇင်ယော်။ အက်ဒိုနာတဲ့။ တရုတ်ပဲ။ ဂယ်ရင် ရပါပြီတဲ့"

ဖုန်းမြင့်ကေသည် သူ့နေရာမှ အနီးကပ်မြင်တွေ့လိုက်ရသော သူ့ကို ဇဝေဇဝါကြည့်မိဆဲ နာမည်ခေါ်သံကြားလိုက်ရသောအခါ အမှတ်သညာ ထင်းကနဲ လင်းသွားတော့လျက် ကြည့်မိရင်း ပါးစပ်အဟောင်းသားကြက်သေသေနေသည်။

"မင်္ဂလာဈေးဘက် လှည့်လိုက်ကြတာပေ့ါဗျာ"

ဇင်ယော်သည် ဆရာဂန်တွေအနီးတွင် ကျယ်လောင်ကျယ်လောင် စကားမပြောဖို့ မျက်ရိပ်ပြ တားမြစ်ရင်း သူ့နောက်လိုက်လာသော ပုဂ္ဂိုလ်ကို ဦးဆောင်ခေါ်ထုတ်သွားတော့သည်။

ဖုန်းမြင့်ကေသည် ဇင်ယော့်ကိုသိသည်။ နာမည်သိရုံမျှမက လူကိုလည်း စိတ်ဝင်တစား လိုက်ကြည့်ဖူးသည်။ လူကို စိတ်ဝင်စားခဲ့တာကတော့ ရှင်းပါသည်။ သူ သဘောကျသော မိန်းကလေး၏ ချစ်သူကို သူ အားကျစွာ၊ မနာလိုစွာ၊ ကဲ့ရဲ့ရှုံ့ချနိမ့်ချင်လှစွာ လေ့လာစူးစမ်းခဲ့မိပါသည်။

ကျိတ်၍လည်း မနာလိုဖြစ်မိခဲ့သည်။ နနခိုင်လို မိန်းကလေးတစ်ယောက်က တစ်မိုးအောက်တစ်ယောက် အထင်ခံရတာ သည်ငနဲသား အတော်ကုသိုလ်ထူးတာပဲ ဟူ၍။

ကျိတ်၍လည်း ကဲ့ရဲ့ရှုံ့ချနိမ့်ခဲ့မိဖူးသည်။ အဆင့်အတန်းမဲ့၊ အခြေအနေမဲ့ သာမာန်အီကိုဘွဲ့ကိုတောင်မှ စာပေး စာယူတတ်နေရသော သတ္တဂါမျိုးကိုမှ နနခိုင် မျက်စိမှောက် အရွေးမှားလေခြင်း ဟူ၍။

သူ့မျက်မှောက်မှာပဲ နနခိုင်နှင့်ဇင်ယော် အလှမ်းကွာဝေးသွားကြသော်လည်း သူ သတင်းမရ၊ အကြောင်းစုံ မသိဘဲ မျက်ချည်ပြတ်ကာ လက်လျှော့နောက်ဆုတ်နေခဲ့သည်။

သူတို့အချစ်ရေးရာမှာ အစွဲအလမ်းမကြီးမားလွန်းသောကြောင့်ပင် ဖြစ်လိမ့်မည်။ သည်တစ်ယောက် မစွံတော့လည်း နောက်တစ်ယောက်ဆိုတာတွေဆီမှာ သူ့အချစ်ဟာ ရှင်သန်မလာခဲ့တာ အံ့ဩစရာပဲ ဖြစ်သည်။

ယခုလို နနခိုင်နှင့် ပြန်လည်ဆုံစည်းရစဉ်မှာ နနခိုင်ကို ချစ်သလို ဘယ်တစ်ယောက်ကိုမှ သူ နစ်နစ်ကာကာ မချစ်ခဲ့ကြောင်း သတိထားမိသည်။ အသက်သုံးဆယ်ကျော်လာပြီမို့ သည်ဘွဲ့လွန်ပြီးလျှင် သူ့ဘဝချည်တိုင် ချသင့်ပြီလို့ သူ စဉ်းစားချိန်ဆလာလေသည်။

သည်အချိန်မှာ ဇင်ယော် ဘယ်ကဘယ်လို ပေါ်ပေါက်လာတာပါလိမ့်။ မိုးပေါ်ကပဲ ကျလာလေရော့သလား ဟု ဖုန်းမြင့်ကေ မချိတင်ကဲ တွေးမိတော့သည်။

နနခိုင်ကို သူ အကဲခတ် စူးစမ်းကြည့်မိသည်။ နနခိုင်သည် နဖူးကို လက်ဖါးပြင်နှင့်ဖိကိုင်ကာ စားပွဲပြင်ကို စိုက်ကြည့်နေလေသည်။

"ဇင်ယော်" ဟု ဖုန်းမြင့်ကေက တီးတိုးပြောပြသည်။

ဇင်ယော့်ကို နနခိုင် မမြင်ရုံမျှမက နူတ်ခမ်းမွေးဆရာ ခေါ်ဆိုလိုက်သောအမည်ကိုလည်း နနခိုင် မကြားလိုက်ဖူးဟု ဖုန်းမြင့်ကေ ထင်မှတ်နေသေးသည်။

"နခိုင် ခုနက ဇင်ယော်ကွ"

သူ ထင်မှတ်နေသလို နနခိုင် အံ့ဩတုန်လှုပ်သွားခြင်း မရှိ။ ဘာမှမထူးခြားသလို မတုန်မလှုပ် ဥပေက္ခာ ပြုနေတာကိုပဲ ဖုန်းမြင့်ကေ အားမလိုအားမရနှင့် ထပ်မံပြောပြနေမိပြန်သည်။

သည်တော့မှပင် နနခိုင်က နဖူးပေါ်မှ လက်ချောင်းတွေကို မျက်နှာပြင်ပေါ် လျှောချအုပ်ဆိုင်းလိုက် တော့သည်။ ဖုန်းမြင့်ကေ ငေးကြောင်ကြည့်နေခိုက် နနခိုင်၏ပုခုံးတွေ ဆတ်ဆတ်တုန်ယင်နေသည်ကို သတိထား မိလိုက်လေသည်။

ဟာ.. နနခိုင် ငိုနေတာလား။

ငိုတော့ မငိုဘူး ထင်သည်။

ဒါပေမယ့် ငိုတာထက် ကျိတ်မှိတ်ပူဆွေးနေတာက ပိုပြီး ဝေဒနာဆိုးရွားမှန်း သူ မှန်းဆနိုင်ပါသည်။ မသိသား ဆိုးရွားသော သူ့ကိုယ်သူ ကျိတ်ပြီး အပြစ်တင်မိတော့သည်။

မပွင့်တပွင့် တီးတိုးတောင်းပန်မိ၏။

"ဆောရီး နုခိုင်၊ အိုင် ပေ့ါဆလွန်းသွားတယ်ကွာ"

ကေက သူ့အိတ်ထဲမှ ခေါက်ထားသော မွှေးပျံ့ဖြူဆွတ်သည့် လက်ကိုင်ပုဂါကို ထုတ်ပေးသည်။

နုနုခိုင်က ခေါင်းခါယမ်းရုံသာ တတ်နိုင်လေသည်။ "မဟုတ်ပါဘူး ကေရယ်၊ ကိုယ် ပျော့ညံ့တာပါ။ ကိုယ် အားနည်းတာပါကွာ" ဟု နှုတ်မှ ပြောထွက်နိုင်စွမ်းအားလည်း မရှိလေခဲ့။

* * * * * *

# ခလုတ်ထိ၏ ဆူးညီ၏

သိန်းစိုးသည် ဓါတ်လိုက်ခံရသလို အကြောအချင်တွေ ထုံကျဉ်တောင့်တင်းလျက် သူ့လက်မှ ဓါတ်ခွဲခန်း အဖြေစာရွက်ကို ကြောင်ငေးကြည့်နေသည်။ ဆရာဂန်သည် သူ့အခြေမဟန်သည်ကို စိုးရိမ်စွာ နှစ်သိမ့်နေရ လေ၏။

"ကျွန်တော်တို့ဆီမှာစစ်တာ Spot Test လို့ ခေါ်ပါတယ်။ ခုစစ် ခုအဖြေထွက်တာပေါ့ ခင်ဗျာ။ အကယ်၍သာ ပိုးမရှိဘူး အဖြေထွက်ရင်တော့ သေချာတယ် မှတ်ယူရုံပဲ ခင်ဗျ၊ တခြားအန္တရယ် ရှိမထားရင် စိတ်ချရပြီပေါ့ ခင်ဗျာ။ ခုလို သွေးမှာ အိပ်ချ်အိုင်ဗွီပိုး ရှိနေပြီ အဖြေထွက်ရင်တော့ ကျွန်တော်တို့ တိုက်တွန်းနိုင်တာက အမျိုးသား ကျမ်းမာရေး ဓါတ်ခွဲဌာနမှာ ELSIA နဲ့ ထပ်မံစစ်ဆေးပြီး သေချာမှုရယူနိုင်ပါတယ် ဆိုတာပါပဲ"

ဆရာဂန် ဘာပြောပြော သူ မကြား။ သူ မြင်နေရသည်က HIV – Positive ။

မြတ်စွာဘုရား။ ငါ့မှာ အိပ်ချ်အိုင်ဗွီပိုး ရှိနေပါပေါ့လား။

"ဒီရောဂါပိုးဟာ ကျွန်တော်တို့တိုင်းပြည်ထဲကို မကြေညာဘဲ ခိုးဝင်လာတာ ဘယ်ကတည်းကလည်း မဆိုနိုင်ဘူး ခင်ဗျ။ သတိပြုမိတာက ၁၉၈၈ ကျမှပါ။ သင်္ဘောသားတစ်ယောက်ဆီမှာ စတွေ့ခဲ့တာ။ ခုတော့ သွေးဖေါက်စစ်ကြည့်တာ ရှစ်ထောင်လောက် တွေ့ပြီဆိုတော့ မှန်းခြေနှစ်သိန်းလောက်တော့ ရှိပြီပေါ့ဗျာ။ ဒီလူတွေ ဆီက သွေးနဲ့ကူးတာထက် လိင်ဆက်ဆံမှုနဲ့ ကူးစက်တာက ပိုများလာတော့မယ်။ မူးယစ်ဆေးကို လူတိုင်း မသုံးဘူး။ သွေးသွင်းတဲ့အလုပ်ကို လူတိုင်းမလုပ်ဘူး။ လိင်ကိစ္စကတော့ ယောကျ်ားမိန်းမ အရွယ်ရောက်သူတိုင်း မကင်းကြဘူး မဟုတ်လား။ ဘရားသားအနေနဲ့ ဘယ်လိုနည်းနဲ့ ပိုးရရှိလာနိုင်တယ် ဆိုတာလည်း စဉ်းစားပါ။ ဒီပြဿနာကို တစ်ယောက်တည်း အဖြေရှာနေမယ့်အစား"

ဆရာဂန်က သိန်းစိုးလက်သို့ လိပ်စာစာရွက်တစ်ခု ထည့်ပေးသည်။

**ခုခံအားကျဆင်းမှုရောဂါ**

**နှစ်သိမ့်ဆွေးနွေးပညာပေးအဖွဲ့ (ဗဟို)။**

"ဆရာကြီးဦးဆွေမြင့်၊ ဦးမြတ်သူ၊ ဒေါ်အေးမြလွင် အားလုံး ကျွန်တော့်ဆရာတွေပါပဲ။ ဦးကျော်ကို ဆိုတာလည်း ကျွန်တော့်သူငယ်ချင်းပါပဲ။ ဘရားသား ဘယ်လိုဆက်လက်ဆောင်ရွက်ရမယ်ဆိုတာ သူတို့နဲ့ တိုင်ပင်ကြည့်ဖို့ အကြံပေးပါရစေဗျာ။ ဘရာသာနဲ့ ပတ်သက်သမျှ လျှို့ဝှက်သိမ်းဆည်းထားကြပါလိမ့်မယ် ဆိုတာလည်း ကျွန်တော် အာမခံလိုက်ပါရစေ"

သူ့လက်ကို ဆုပ်ကိုင်အားပေးနေသော ဆရာဂန်ကလေး၏ မျက်နှာကို သိန်းစိုး ကြောင်ကြောင်ငေးငေး စိုက်ကြည့်နေခဲ့သည်။ သူ ဘယ်လို ကားပေါ်ပြန်ရောက်လာမှန်း မသိ။ ကားမတိုက်အောင် ဘယ်လို မောင်းနှင် လာမှန်း မသိ။ ဘယ်ဆီသွားမှာလဲ။ ဘာပြောရမှာလဲ။ လူတွေ ရွံရှာစက်ဆုပ်နေကြသော အိပ်ချ်အိုင်ဗွီပိုး ရှိနေပါပြီ ဟု သူ ဘယ်သူ့ကို အသိပေးဝံ့မှတဲ့လဲ။

မူးယစ်ဆေးသုံးစွဲမှု ကင်းရှင်းပါသည်ဟု အခိုင်အမာပြောဆိုပြီးနောက်ပိုင်း လိင်မှုကိစ္စ မဆင်ခြင်ခဲ့တာ ရှိလိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်လေဟန် ဆရာဝန်က သူ့ကို ကျမ်းမာရေးပညာပေးတွေ ဟောပြောသည်။ တစ်ကိုယ်ရေတစ်ကာယသမားပီပီ အပျော်ကျူးတာများ ရှိခဲ့ရင် ကွန်ဒုံးသုံးပါမှ၊ မဟုတ်ရင် တစ်ချီတည်းနဲ့လည်း ထိတတ်တာမျိုးဟု သွယ်ဝိုက်ညွှန်ပြသည်။

တစ်ချီတော့လည်း မကခဲ့ပါ။ အများဆုံးဆက်ဆံခဲ့တာ အေမီသင်းပါပဲ။ ထိုစဉ်က အေမီသင်းသည် လတ်လတ်ဆတ်ဆတ် သန့်သန့်ကလေးပဲ ရှိသေးသည်။

ကူးစက်ရောဂါကုဆေးရုံကြီးသို့ ခိုကိုးရာမဲ့ သတိလက်လွတ် တစ်ကိုယ်တည်း ဝေါင်းစင်းစင်း ရောက်ရှိသွားခဲ့သည်။ သူ့ဘာသာ စိတ်မလုံခြုံလွန်းလှသဖြင့် သူ့ကိုရှိလာဗင်ကလေးကို ယူမသွားဘဲ မြန်မာ့ဂုဏ်ရည် လမ်းဘေး လက်ဖက်ရည်ဆိုင်ရှေ့မှာ သည်အတိုင်း ထိုးထားခဲ့သည်။ ဖြစ်ချင်ရာဖြစ် သူ ဘာမှ အမှုမထားနိုင်တော့။ လူယောင်ပျောက်ချင်တာပဲ ရှိတော့သည်။

အဓိကသော့ချက်မှာ ကိုသိန်းစိုး၏သွေးကို အတည်ပြုခါတ်ခွဲနည်းများဖြင့် ထပ်မံစစ်ဆေးကြည့်ရဦးမည်။ သူ့တွင် မည်သည့်ရောဂါလက္ခဏာမှ မပြသေးတာကြောင့် ပိုးရှိကြောင်း အတည်ပြုဖို့ လိုအပ်ပေသည်။

"ဒီသွေးအဖြေဟာ သေချာပဲ့မလား ဆရာ။ ဒီရောဂါပိုး ရှိနေမှတော့ အသိုင်းအဝိုင်းထဲမှာ ကျွန်တော် အရှက်ကွဲမခံတော့ဘူး။ ကျွန်တော့်ဆွေမျိုးမိဘကိုလည်း မျက်နှာအိုးမည်း မသုတ်ပံ့တော့ဘူး။ ဒီလောကမှာ ကျွန်တော် ဆက်မနေထိုက်တော့ပါဘူး"

သွေးရူးသွေးတန်း ပြောမိသည်။ ငိုမိသည်။ ထိုအချိန်မှာ သူ့အသက်ကို သူ အဆုံးစီရင်ပစ်လိုက်ဖို့ မတွန့်မဆုတ် မွန်ထူနေတော့သည်။ ဒေါက်တာကျော်ကိုက သရီးအင်ဝမ်း ကော်ဖီမစ်တစ်ထုပ် ဖောက်ကာ သူ့ကို ကော်ဖီတစ်ခွက် ဖျော်တိုက်သည်။

"ကျွန်တော် ဗုဒ္ဓဘာသာပါ။ ဒါပေမယ့် စာဖတ်ဝါသနာပါတော့ စာအုပ်မှန်ရင် အမြီးပြန်ခေါင်းပြန် အကုန်ဖတ်တယ်။ သမ္မာကျမ်းစာလည်း ဘယ်ကျန်ရစ်လို့ ဖြစ်ပါ့မလဲ။ အဲဒီမှာ ကျွန်တော် သဘောကျတာလေးတစ်ခု ပြောပြချင်တယ်ဗျာ။ အမျိုးသမီးတစ်ယောက်ကို မကောင်းမှုပြစ်မှု ကျူးလွန်တဲ့ မိန်းမပျက်ဆိုပြီး ရပ်ရွာလူထုက ခဲနဲ့ပိုင်းထုကြတော့ ဂျီးဇက်က ဘာမိန့်ခဲ့သလဲ။ အပြစ်ကင်းတယ်လို့ မိမိကိုယ်မိမိ စိတ်ချအာမခံတဲ့လူက ခဲနဲ့ပေါက်ပါတဲ့။ အားလုံးပဲ ငေးငိုင်သွားပြီး ကိုယ်တိုင်မကင်းခဲ့တဲ့ ပြစ်မှုတွေ သွားသတိရကြတယ်။ တစ်ယောက်ဆီကမှ ခဲမလာတော့ဘူး။

သိန်းစိုးသည် ဒေ့ခံကုလားထိုင်တွင် ခပ်ကုပ်ကုပ်ထိုင်ကာ စွတ်စိုနီရဲသော မျက်လုံးများဖြင့် ဒေါက်တာကျော်ကိုကို ကြည့်သည်။ အသားဖြူဖြူမို့ မျက်နှာရဲတွတ်နီမြန်းလျက် ရှိလေ၏။

"ယောက်ျား တော်တော်များများ မကင်းကြတဲ့ ကိစ္စမျိုးပါ ကိုသိန်းစိုးရယ်။ လူရှေ့သူရှေ့ အတက်ချီကော့စ်ကြီးကိုင်၊ တိုက်ပုံ ဂုတ်ပြီး မခုတ်တတ်တဲ့ ကြောင်သူတော်ကောင်းကြီး လုပ်နေပေမယ့် မမြင်ကွယ်ရာမှာ ဘယ်လောက်သောင်းကျန်းကြတယ်ဆိုတာ ခင်ဗျားအသိ။ မှန်းဆကြည့်နိုင်သားပဲ မဟုတ်လား"

ဆရာဂန်က ကိုသိန်းစိုးနံဘေးတွင်ထိုင်ပြီး ကုလားထိုင်လက်ရန်းပေါ်တင်ထားသော ကိုသိန်းစိုး၏လက်ကို ဆုပ်ကိုင်အားပေးသည်။

"အိပ်ချ်အိုင်ဗွီစစ်လိုက်လို့ ဒါမှမဟုတ် ခုခံအား သိပ်ကျဆင်းသွားပြီး အေအိုင်ဒီအက်စ်လက္ခဏာတွေ ပေါ်လာလို့ သူ့မှာ ဒါကြီးရှိနေပါလားဆိုပြီး ရှောင်ဖယ်ချင်နေတာ။ တကယ့်တကယ်တော့ လူကြားသူကြား ရောထွေးသွားလာနေတဲ့ အိပ်ချ်အိုင်ဗွီပေါ့စတစ်တွေ ဘယ်လောက်များနေသလဲဆိုတာ ဘယ်လိုမှ ခွဲခြားသိနိုင်တာမှ မဟုတ်တာ။ ချိုပေါက်နေတာမှ မဟုတ်ဘဲကိုး ကိုသိန်းစိုးရဲ့"

သိန်းစိုး အတန်ငယ် သက်သာရာ ရလာသည်။

ဆေးခန်းမှသည် သူ အဆောင်သုံးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာအောင် တွန်းပို့လိုက်သော သူ့ရက်စိတ်၊ သူ့ဇောတွေသည် တစ်စတစ်စ လျော့ပါးလာသည်။

ရရှိသော အတတ်ရာဇဂင်နှင့် သွေးအဖြေအရ အိပ်ချ်အိုင်ဗွီပိုး ကူးစက်နေပြီ သေချာသလောက်ဖြစ်နေသော ကိုသိန်းစိုးကို ဦးကျော်ကိုက နှစ်သိမ့်ဆွေးနွေးကာနေသည်။

"ဒါပေမယ့်ဆရာ၊ ကျွန်တော်နဲ့အတူနေရတဲ့ မိသားစုမှာ ဘာအပြစ်မှမရှိဘဲ ကူးစက်ကုန်မှာ သိပ်စိုးတယ်။ ကျွန်တော် ဝေးဝေးတစ်နေရာ ထွက်သွားချင်တယ် ဆရာ"

ဆရာဂန် နားလည်စွာပြုံးသည်။

"ဝေးဝေးတစ်နေရာမှာလည်း လူတွေရှိတာပဲ ကိုသိန်းစိုး"

သိန်းစိုး မျက်နှာညှိုသွားသည်။

"ဟုတ်တော့ ဟုတ်ပါတယ်။ ကျွန်တော် နေစရာနေရာမရှိ ဖြစ်နေပြီ။ ကျွန်တော့်အတွက်လည်း တခြားလူတွေ မထိခိုက်အောင် ကျွန်တော် ဘာလုပ်ရမလဲ"

"ဘာလုပ်သင့်သလဲ ဆိုပါတော့"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော် ဘာလုပ်သင့်သလဲ"

"ပထမ ဒီရောဂါပိုးအကြောင်း ခင်ဗျား ပိုပြီးသဘောပေါက်ဖို့လိုတယ်။ ဘယ်လိုအကြောင်းတွေနဲ့ ကူးစက်နိုင်တယ်ဆိုတာ ခင်ဗျား မသိတာမှ မဟုတ်ဘဲဗျာ။ ကဲ.. သွေးကြောင့်ကူးနိုင်တယ်။ ခင်ဗျားသွေးကို သူတို့ကို လှူမှာမို့လား။ ခင်ဗျား ထိခိုက်ဒဏ်ရာရရင်ကော သူတို့ရဲ့ ထိခိုက်ရှနာဒဏ်ရာထဲ ထိတွေ့စိမ့်ဝင်စေမှာ မို့လား"

သိန်းစိုး တွေတွေကြီး နားထောင်နေသည်။

"လိင်ဆက်ဆံမှု ပိုးရှိတဲ့ သုတ်ရည်၊ မိန်းမကိုယ်ကထွက်တဲ့ အရည်ကနေ ကူးစက်ပါတယ်။ အခု ခင်ဗျားမှာ ပိုးရှိနေပြီ ဆိုပါစို့။ ခင်ဗျား ဘာလုပ်မလဲ။ ဆင်ခြင်မယ်။ လုံးဝဥသုံ ရှောင်ရမယ် မဟုတ်ပါဘူး။ အပျော်အပါး လျှော့မယ်ဗျာ။ ကွန်ဒုံးသုံးမယ်ဗျာ"

"အဲဒီကိစ္စကိုတော့ ကျွန်တော် လုံးဝကိုပဲ ရှောင်ကြဉ်သွားပါပြီ ဆရာရယ်"

သို့သော် အဓိကပြဿနာကြီး သူ့မှာ ကျန်နေသေးသည်။ သူ့မှာ ဖွင့်ဟဆွေးနွေးရန် မဝံ့မရဲ နောက်တွန့် ဆုတ်ဆိုင်းနေ၏။

ဒေါက်တာကျော်ကိုသည် အကင်းပါးသူပါ။ ဤနှစ်သိမ့်ဆွေးနွေးပညာပေးသည့် လုပ်ငန်းဆိုတာ စာတွေ ဖတ်ထား ကျက်ထား၊ သီအိုရီတွေ ကျွမ်းကျင်ထားရုံနဲ့ ပြီးတာမဟုတ်။ စေတနာနဲ့ စာနာမှုတွေ အများကြီး လိုနေသေးသည်။ သူ့မှာတော့ စေတနာနှင့်စာနာမှုသည် လိုအပ်သည်ထက်ပင် ပိုလျှံနေဦးမည် ထင်၏။

"ကိုသိန်းစိုးဟာ ဒီအသက်အရွယ်အထိ မိသားစုတာဝန်ထမ်းရင်း အိမ်ထောင်ရေး မစဉ်းစားခဲ့ဘူးဆိုတာ ကျွန်တော် သိထားပြီးပါပြီ။ ရှေ့ကို ဘယ်လိုစိတ်ကူးရှိသလဲဆိုတာ ကျွန်တော် သိခွင့်ရှိရင် သိပါရစေလား။ ဒါမှလည်း ကျွန်တော်လည်း စဉ်းစားကြည့်နိုင်မယ်။ အကြံပေးနိုင်မယ်။ ခင်ဗျားစိတ်ကူးနဲ့ ယှဉ်ထိုးကြည့်ပြီး ခင်ဗျား ကိုယ်တိုင် ဆုံးဖြတ်တာပေါ့ဗျာ"

အဲဒါဟာ သိန်းစိုး၏ အဓိကပြဿနာပင် ဖြစ်လေသည်။ ရှေ့ရေး ဘယ်လိုခရီးဆက်ရမလဲ။ သည် သွေးစစ်တာကိုက ရှေ့ရေးအစီအစဉ်ပဲ မဟုတ်လား။ ဦးကျော်ကိုလည်း အရိပ်အငွေ့တော့ မှန်းဆမိနေပါလိမ့်မည်။ သည်လို အခက်အခဲ၊ သည်လိုပြဿနာ ဆင်တူယိုးမှား ပုံတူကြောင်းကွဲတွေကို သူ ရင်ဆိုင်နှစ်သိမ့် ဆွေးနွေး ရပေါင်း မနည်းတော့ပြီ။

သည်လူတွင် ဆရာဝန်တွေမြင်သုံးသပ်မိသည့် လက္ခဏာတွေမှာ အရှက်ဆုံးရှုံးမှုနှင့် နောင်တ၊ စိတ်ကျခြင်းနှင့် မိမိကိုယ်မိမိ အဆုံးစီရင်ပစ်လိုသော စိတ်ရိုင်းတွေ များပြားနေသည်။

သူပြောသမျှ၊ ခံစားရသမျှ လမ်းစပျိုးပေးခြင်း၊ လမ်းဖွင့်နားထောင်ပေးခြင်းဖြင့် တစ်စစ ပွင့်လင်းယုံကြည် လာခဲ့သည်။ သူ့ရင်တွင်းမှာ အခံစားရဆုံး အထိခိုက်ဆုံးပြဿနာကို အံတကျိတ်ကျိတ် လက်သီးတဆုတ်ဆုတ် စိတ်တင်းအန်ချတော့သည်။ သူ့ကောင်မလေးက သွေးစစ်ခိုင်းသဖြင့် သွေးစစ်ရပါသည်တဲ့။

အားပါး။ ဒေါက်တာကျော်ကို အတော်ဖြုံသွားသည်။ အာဂ မိန်းကလေးပဲ။ ချီးကျူးမိသည်။ လေးစားမိသည်။ ဆေးကျောင်းသူ မဟုတ်၊ ဆရာဝန်မဟုတ်။ သာမာန်သက္ကသိုလ်ကျောင်းသူ တစ်ဦး။ သို့သော် သူကလေးတွင် အမြော်အမြင် ဆင်ခြင်တုံတရား ကြီးမားလှပါပေသည်။ တစ်ကိုယ်တည်းတွေးတောမိသည်မှာ ခုခေတ်ကာလ လူပျိုကြီးတစ်ယောက်ကို ယူတော့မည်ကြံရွယ်လျှင် ရေအထပ်ထပ် ရောပြီးသား ရေခဲစိမ်ဖြစ်ဖို့များကြောင်း သင်းကလေး ဘယ်လိုစဉ်းစားတတ်နေပါလိမ့်။

"အတည်ပြုစစ်ဆေးလို့ သေချာသွားရင် သူ့ကို ကျွန်တော် ဖွင့်ပြောဖို့လိုမလား ဆရာ"

"ဒါဟာ အဓိကသော့ချက်ပါပဲ။ သူသိသွားရင် ဘယ်လိုဆုံးဖြတ်မလဲဆိုတာ ကျွန်တော်တို့ အရင်စဉ်းစားကြ ဦးစို့။ ခင်ဗျား ဘယ်လိုထင်သလဲ"

"ကျွန်တော်ကလည်း မယူရက်တော့ပါဘူး ဆရာ။ ဒါပေမယ့် ကျွန်တော့်ကို အထင်သေးသွားမယ်၊ ရွံမုန်း သွားမယ်။ အဲဒါ ကျွန်တော် သိပ်ကြောက်တယ်။ ဘာမပြောညာမပြော ရှောင်နေပြီး အနေဝေးသွားရင် အဆက် ပြတ်သွားကြမှာပဲ။ အဲသလိုလုပ်ရမလား ဆရာ"

"ဒါက တစ်နည်းပေါ့ဗျာ။ ဒါပေမယ့် ခင်ဗျားသွေးစစ်တယ်ဆိုတာ သူ သိသလား"

"မစစ်ဘူးလို့ ကျွန်တော် ငြင်းမထားဘူး။ စစ်ပြီးပြီလို့လဲ သူ သိမထားဘူး"

"ဘာလို့ စစ်ပြီးကြောင်း ပြောမပြဖြစ်တာလဲဗျ"

"ကျွန်တော် ပေါ့စတစ်ဖြစ်လိမ့်မယ်လို့ မထင်ခဲ့ဘူး ဆရာ။ သူ့ကို သွေးအဖြေပြပြီး ဂမ်းသာသွားအောင် ကျွန်တော် လုပ်မလို့ ရည်ရွယ်ခဲ့တာ"

"ကြက်တွေဆီက ခင်ဗျား ရောဂါရနိုင်တာ သိထားတယ် မဟုတ်လား၊ ကိုသိန်းစိုးရဲ့"

"ဟုတ်ကဲ့၊ သိပါတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ မဖြစ်လောက်ဘူး ထင်ခဲ့မိတယ် ဆရာ"

ဒေါက်တာကျော် ခေါင်းတဆတ်ဆတ် ညိတ်သည်။

အဲဒါဟာ ကလိုင်းယင့်များ၏ စိတ်အနေအထား (attitude) ပါပဲ။ ဖြစ်တတ်ကြောင်းသိသည်။ သို့တစေ ကိုယ်ဖြစ်မည်၊ ကိုယ်ထိမည်ဟု မထင်မှတ်ခဲ့။ ထိုအကြောင်းကြောင့်လည်း အပြုအမူကို မဆင်ခြင်ဖြစ်။ မပြုပြင်၊ မထိန်းသိမ်းဖြစ်။ ဒါတွေ ဘယ်လိုပျံ့နှံ့ပြီး ဘယ်တော့မှ အဆုံးသတ်မှာပါလိမ့်။

"သူ့ကို မယူတော့ဘူးလို့ ခင်ဗျား စိတ်နိုင်ပါ့မလား"

"နိုင်ရမှာပေါ့ ဆရာ"

"တကယ်လို့များ နောက်ထပ်မျိုးဆက်သစ်မှာ ပိုးပါမသွားရင် ပြီးရော။ သူကတော့ ခင်ဗျားကို နူနူဟဲဟဲ ကျိုးကျိုး ကန်းကန်း သွေးဘာပဲဖြစ်ဖြစ် သေအတူရှင်မကွဲ ဆိုရင်ကော"

သိန်းစိုး ငိုင်ကျသွားသည်။

"အလျင်စလို မဆုံးဖြတ်ဘဲ ခေါင်းအေးအေးထားပြီး စဉ်းစားပါဗျာ။ ခင်ဗျား အခု သန်သန်စွမ်းစွမ်းကြီး သွေးထဲကို ရောဂါပိုးရောက်ပြီး ခြောက်လကနေ ဆယ်နှစ်အတွင်း ရောဂါလက္ခဏာ ပေါ်လောက်အောင် ခုခံအား ကျမသွားဘဲ အကောင်းပကတိအတိုင်း နေနိုင်တယ်။ ခင်ဗျား ဆင်ခြင်ရမှာက ခုခံအား မြန်မြန်ကျစေနိုင်တဲ့ အပြုအမူတွေနဲ့ ကင်းကင်းနေ၊ အိမ်ထောင်တည်မှု မပြုရဘူးအထိ မဆိုလိုဘူးနော်။ နောက်ထပ် ပိုးကို မဖိတ်ခေါ်ဖို့ပါ"

"အဲဒါတော့ ဆရာ ယုံပါ။ ကျွန်တော် ကင်းရှင်းတာ ကြာပါပြီ။ နောက်ဆုံးသွားလာမိတာ တစ်နှစ် မကတော့ပါဘူး။ ကောင်မလေးကို ရည်ရွယ်မိပြီးကတည်းက ကျွန်တော် ဆင်ခြင်လာခဲ့တာပါ"

"ဟုတ်ပါပြီလေ၊ ကောင်မလေးရဲ့ အခြေအနေကို စောင့်ကြည့်ပြီးမှ ခြေတစ်လှမ်းတတ်ကြရအောင်လား။ ဥပမာ ခုတင်ကပြောသလို ကလေးမရအောင် နေမယ်ဆိုလည်း ကွန်ဒုံးသုံးတာပဲ"

အတည်ပြုသွေးအဖြေ ရရှိရေးအတွက် ဦးကျော်ကိုက သုံးရက်ခွာချိန်းသည်။ False Positive ဖြစ်နိုင်သေး ကြောင်း ရှင်းပြသည့်တိုင် ပေါ့စတစ်သေချာသလောက်ရှိနေသော ကိုသိန်းစိုးကို သူက ပြင်ဆင်ပေးခဲ့သည်။

စောစောကလို သတ်သေချင်လောက်အောင် သွေးဆူမနေတော့။ သူ သတ်သေသွားလျှင် သူမွေးခဲ့သော မီးသည် မိခင်ကြီးကို လောင်မြိုက်ကြွေမည့်ကျန်ရစ်မှာမို့ ဒါကို သူ ပယ်ဖျက်လိုက်ပါပြီ။

"ခင်ဗျား လာပြီးဆွေးနွေးတယ်ဆိုတာ တကယ့် Confidential ပါ ကိုသိန်းစိုး။ ဒီအခန်းထဲကနေ ခင်ဗျား ထွက်သွားတာနဲ့ ဒီစကား ဒီတင်ပျောက်မယ်ဆိုတာ စိတ်ချပါ။ ခင်ဗျားအနေနဲ့လည်း ခင်ဗျားမှာ ပိုးရှိတယ်ဆိုရင် ဘယ်သူ့ကိုမှ အသိပေးစရာ မလိုပါဘူး။ အဓိကက ခင်ဗျား ဆင်ခြင်ဖို့ပဲလေ။ အမှန်တော့ဗျာ ခင်ဗျားမှာ ပိုးရှိတယ်၊ ဆင်ခြင်ရဆိုရင် ပိုးမရှိတဲ့ လူတစ်ယောက်ကကော ပိုးကူးစက်မှာစိုးပြီး ဆင်ခြင်ရမှာပဲ မဟုတ်ဘူးလား။ နည်းနည်းပဲ ကွာမှာပါဗျ။ အဲဒီတော့ ခင်ဗျား ခေါင်းအေးအေးထားပြီးပြန်၊ ပြောစရာ ဆွေးနွေးစရာ ပေါ်လာရင် အချိန်မရွေး လာတွေ့။ အားလုံး အဆင်ပြေနေတယ်ဆိုလည်း အဲဒီအကြောင်းပြောရင်းဆိုရင်း မကြာခဏဆိုသလို ဂင်ထွက်စမ်း ပါဗျာ"

ကိုသိန်းစိုးသည် မြင့်မြင့်ချိုကို ဖွင့်မပြောသေးဘူးဟု ဆုံးဖြတ်သည်။ အလုပ်အကြောင်းပြကာ တွေ့ချိန် တစ်စစ ကွာဟအောင် ကြံဆောင်ရမည်။ သည်ကြားထဲမှာ သူ ဘာဆက်လုပ်ရမလဲဆိုတာ အဖြေရှာရလိမ့်ဦးမည်။ သည်ရောဂါပိုးအကြောင်းကိုလည်း သည်ထက်ပိုပြီး နားလည်လာဖို့ လိုသေးသည်။ မြင့်မြင့်ချိုသိလျှင် ဘယ်လို ခံစားရရှာမလဲဟု စိတ်မကောင်းခြင်းကြီးစွာ ဖြစ်မိလေသည်။

ဒေါက်တာကျော်ကို ပြောသလိုများ သေအတူရှင်မကွဲပါဟု ပြောလာဦးမှာလား။ မျှော်လင့်လွန်းသည် မဟုတ်သော်လည်း မျိုးဆက်သစ်အတွက်ပါဆိုသော မြင့်မြင့်ချို၏စကားက အဓိပ္ပါယ် အများကြီးဆောင်နေသည်။ သူမအတွက် မပါဘူးဆိုသော သဘော။ လိုရာဆွဲတွေးနေမိတာ ဖြစ်ချင်လည်း ဖြစ်မည်။

ပသို့ဖြစ်စေ ရင်ဖွင့်စရာ၊ တိုင်ပင်ဆွေးနွေးစရာ လူရှိနေသောကြောင့် သိန်းစိုး အင်မတန် အနေရ သက်သာ ချောင်ချိသွားသည်။ ကားမောင်းပြီးပြန်အလာတွင် ကိုသန်းကြည်တို့ထံ တဆိတ်စာမျှ အာရုံမရောက်ဖြစ်ဘဲ အလုပ်တိုက်ဆီသို့သာ ဦးတည်မိ၏။

အိမ်သို့ စောစောပြန်လျှင် တေဇာ့ကိုကြိုဖို့ အလိုလိုတာဝန်ကျလာလိမ့်မည်။ ထူးထူးခြားခြား သူက ငြင်းဆန် ရှောင်ဖယ်လျှင် သို့လောသို့လော သံသယဝင်လာကြမှာ စိုးရသည်။

သူ၏ အုတ်ထုံးသဲကျောက်ဘိလပ်မြေလုပ်ငန်းမှာပဲ အချိန်ဖြုန်းနေလိုက်သည်။ အချိန်ကုန်မှန်းမသိ ကုန်လွန် စေတော့ဟု အရက်ကို ခါတိုင်းထက် ရေချိန်ပိုပြီးလည်း သောက်နေလိုက်မိ၏။ ပန်းရံဆရာတွေ၊ ပန်းတမော့ ဆရာတွေနှင့် စကားတပြောပြော။ ဒါမှ မေ့မေ့ပျောက်ပျောက် ရှိနိုင်တော့မှာ။

ဒေါက်တာကျော်ကိုကား ကိုသိန်းစိုးလည်းပြန်၊ လတ်ပတ်နာရီကိုကြည့်ကာ ကပျာကယာ ပစ္စည်းသိမ်းသည်။

"မောင်ကြည်ရှင်ရေ၊ ကော်ဖီခွက်သိမ်းသွားဦးဟ၊ ပြီးတော့ ငါ့ကားရောက်လာပလား ကြည့်ချေဦး"

အိမ်သယ်မည့် စာရွက်စာတမ်းတွေ စုစည်းရင်း တစ်ကိုယ်တည်း တီးတိုးညည်းညူမိလေသည်။

"မိန်းမကလည်း တစ်နေ့ကို ကော်ဖီတစ်ထုပ်ပဲ ထည့်ပေးတယ်။ ကလိုင်းယင့်တစ်ယောက်က အောင့်ထား၊ နှစ်ယောက်က ဥပေက္ခာပြုထား၊ နောက်ဆုံး ပြန်ခါနီးတော့ သောက်ချိန်မရှိတဲ့အတူတူ ကလိုင်းယင့်ကိုပဲ ဒီလိုနဲ့ပဲ တို့ကတော့.. တို့ကတော့.."

သီချင်းညည်းကာ အဆုံးသတ်ရင်း သူ့အမှိုက်ပုံးကလေး၏ ခြေနင်းကို ဖိနင်းပွင့်ဟစေကာ ပစ်ထည့်လိုက် လေတော့၏။

အေဒိုင်ဒီအက်စ်လက္ခဏာ မပေါ်သေးသော်လည်း သွေးထဲမှာ အိပ်ချ်အိုင်ဗွီပိုးရှိနေပြီဟု အတည်ပြု အဖြေကို ဦးကျော်ကိုက အသိပေးချိန်တွင် ဦးသိန်းစိုး ခံနိုင်ရည်ရှိနေခဲ့ပါပြီ။

* * * * * *

# မမေ့သည်သာ

ဖုန်းမြင့်ကေသည် ထုံးစံအတိုင်း ဆေးခန်းသို့ နောက်ကျပြီး ရောက်ရှိသွားသည်။ သူ့တွင် နောက်ကျစရာ အကြောင်းအမျိုးမျိုး ရှိလေသည်။ အထူးဘာသာရပ်များအတွက် ဆေးရုံလှည့်လည် သင်တန်းတက်ရင်း နောက်ကျသည်။ ကားဘီးပေါက်သောကြောင့် ကားဟွန်းသံမမြည်ဘဲ၊ ဒါမှမဟုတ် မိုးရေသုတ်တံ ဖြုတ်အခိုးခံရသောကြောင့်၊ အဲသလို ကားဇာတ်ကြီရကလည်း အများသား။ သူငယ်ချင်းတွေ နိုင်ငံခြားမှ ပြန်ရောက်လာလျှင် တစ်ပိုင်း စုဝေးစားသောက်တွေ့ဆုံ၊ နိုင်ငံခြားထွက်သွားတော့မည်ဆိုလျှင်လည်း ထိုနည်းငှင်း၊ ထိုအခါမျိုးတွေမှာတော့ ဆေးခန်းသို့ သူ ပေါ်မလာတော့။

သူ့အချိန်ပိုင်းမှာ လူနာနည်းပါးတာလည်း မဆန်း။ လူပျိုကြီးမို့ သူ့တွင် ငွေရေးကြေးရေး တာဝန်ယူစရာ ကြီးကြီးကျယ်ကျယ် တစ်ခုမှမရှိ။ မိဘတွေက သူတို့ပင်စင်ကို လူနိုင်လောက်အောင် အိုစာမင်းစာ အကွက်ချထားသည်မှာ ပိုင်ပိုင်နိုင်နိုင်ရှိလှသည်။ အလုပ်ခွင်မှတုန်းက ခေတ်မီမီဆောက်လုပ်ထားသော ခုနစ်မိုင်မှ တိုက်အိမ်ကို ရေနံကုမ္ပဏီတစ်ခုသို့ ငှားရမ်းထားသည်မှာ ဒေါ်လာတွေ လိမ့်ဝင်နေတော့သည်။

သားသမီးရှစ်ယောက်တောင် မွေးထားပြီး နေအိမ် တစ်ယောက်တစ်ခန်းရအောင် လေးခန်းတွဲနှစ်ထပ်တိုက် ဆင်တူဆောက်ပေးထားသည်။ ပြီးတော့ အဘိုးကြီးက အင်မတန်ပါးနပ်သည်။ "အခု အမွေခွဲပေးလိုက်ရင် မင်းတို့ ငါ့ကို ကာပြန်မယ်။ ကြိုတင်မစီစဉ်ထားပြန်လည်း ငါတို့သေရင် မင်းတို့ အမွေလုကြ၊ တရားတဘောင် ရင်ဆိုင်ကြနဲ့ ငါ သချိုင်းထဲကနေ ရှက်နေရဦးမယ်။ ပြီးတော့ မင်းအမေ အရင်သေရင် တော်သေး၊ ငါ အရင်သေသွားရင် အဘွားကြီးကို မင်းတို့ ပိုင်းပြီး လည်ပင်းညှစ်နေမှာ" တဲ့။

ဖုန်းမြင့်ကေက နို့ညှာ။ အငယ်မကလည်း ဆရာဝန်ပါပဲ။ ရွှေနှစ်ခါ သူမကလည်း ရောဂါဗေဒဘွဲ့လွန် ဖြေဖို့ တာစူနေပြီ။ အဘိုးကြီးစိတ်ပူလည်း ပူထိုက်သည်။ နှစ်ယောက် မျက်နှာခြင်းဆိုင်လိုက်သည်နှင့် ငြင်းခုံ အချင်းများစရာ ရှာကြံထားရှိနေကျ။

"ဟာ.. ဒက်ဒီ၊ ဆန်နီတို့က မာမီ အရင်မသေစေချင်ဘူး။ တော်ကြာ မာမီ အငတ်ခံစုထားသမျှ နောက်ဟာ ကလေးအတွက် ဖြစ်နေပါ့မယ်။ ဟဲ.. ဟဲ.." ဟု ကျီစယ်သလိုလိုနှင့် ဖြစ်လေ့ဖြစ်ထရှိသော သဘောတရားကို ဖုန်းမြင့်ကေ တင်ပြ အဆဲရေးခံယူလိုက်သေး၏။

ပသို့ဖြစ်စေ တစ်ထောင်ကျော်လစာငွေနှင့် ဖိဖိစီးစီး မထိုင်သော အချိန်ပိုင်းဆေးခန်းမှ ဝင်ငွေနှင့် ဖုန်းမြင့်ကေ ဘယ်လိုမှ မလုံလောက်။ ဖခင်ကြီးထံမှ ပေါ်တင် တရားဝင် လက်ဖြန့်ပြီး မိခင်ကြီးထံမှ စာရင်းပျောက် ရင်ခွင် ခေါင်းပွေ့၊ ခါးဖက် ပါးနမ်းပြီး ချူရသေးသည်။

သူ့ဆေးခန်းဝင်ငွေက လေးဆယ်ခြောက်ဆယ်နှုန်း၊ သူ့အချိန်ပိုင်းက ငါးနာရီမှ ခုနစ်နာရီ။ ယနေ့အဖို့ လူနာ ခုနစ်ယောက်ပဲ ရသည်။ သူ့ဝင်ငွေဟာ အသားတင် တစ်ရာ့ငါးဆယ်လောက် ရှိမှာပေ့ါ။ ဒါဆိုလည်း ခုနစ်မိုင်နှင့် မြို့ထဲ အသွားအပြန် ဓါတ်ဆီစရိတ် ကာမိပါသည်။

အရောက်သာနောက်ကျလျက် အပြန်ကျတော့ အချိန်ကွက်တိ ပစ္စည်းသိမ်းသည်။ သူ့ နံရံကပ်ဗီရိုကို ဖွင့်ကာ ဆေးခန်းတွင်ထားနေကျ ပိုးမွှားဗေဒစာအုပ်နှင့် နားကြပ်ကို ထည့်သည်။

"ဆရာ.. လူနာတစ်ယောက် ရောက်လာလို့"

"ဟာ.. ခုနစ်နာရီ ထိုးနေပြီ။ နောက်ဝင်မယ့် ဆရာဝန်နဲ့သာ လွှဲလိုက်တော့"

"ဆရာချိန် နေမကောင်းလို့ သူ့အလုပ်သင်ဆရာဝန်ကလေးကို အစားလွှတ်ထားတာ ဆရာရဲ့။ ပြီးတော့ ဒီလူနာက ကရိကကြောင်ရယ်၊ ဆရာနဲ့ပဲ ပြချင်တယ်တဲ့။ ကြည့်ပေးလိုက်ပါ ဆရာရယ်"

ဆေးခန်းဖွင့်ခံကြိုဆိုသူ အမျိုးသမီးကြီးက သူ့ကို ပြေပြေလည်လည် မေတ္တာရပ်ခံသည်။ ဟင်းကနဲ သက်ပြင်းသက်မချရင်း "ကဲ.. ခေါ်လိုက်၊ ခေါ်လိုက်" ဟု ခွင့်ပေးကာ နံရံကပ်ဗီရိုကန့်လန့်ကလေးကို ပြန်ဖွင့်၊ နားကြပ်ပြန်ထုတ်။

အဲသလို နားကြပ်မထားခဲ့လျှင် မဖြစ်။ သူက လယ်ထွန်သွား နွားမေ့။ သွားလေရာ နားကြပ်ပါအောင် ဂီရိယ မရှိ။ ဆေးရုံမှာ တစ်ခု၊ အိမ်မှာ တစ်ခု၊ မှန်၏။ ကားထဲမှာလည်း တစ်ခု။

"ယူဟာလေ နေရာတကာ နားကြပ်ထားသလို မြာကလေးတွေလည်း တပ်ဖြန့်ထားမှာပဲ ထင်ပါရဲ့" ဟု နနခိုင်က စိတ်ပျက်လက်ပျက် ဝေဖန်ဖူးသည်ကို သူ သတိရ၏။

နနခိုင် ပြောသလောက်တော့ မဟုတ်ပါ။ ဟိုလိုသည်လို အပျော်အပြက်ပေမယ့် တစ်ဖက်သား သိက္ခာ ထိခိုက်လောက်အောင် သူ မဆတ်ဆော့ပါ။ လက်တစ်ကမ်းပေ့ါလေ။

အသားဂါအသည်းရောင် လူနာ။ ဖျားတာက သုံးရက်၊ ဆီးဂါလာသည်။ ပြီးတော့ မျက်လုံးတွေပါ ဂါလာသည်။ နောက်ဆက်တွဲ ဝမ်းပြင်ညာဘက်ခြမ်းမှ သိသိသာသာအောင့်သည်။ ဟုတ်ပါရဲ့။ အသည်းရောင်နေလိုက်တာ၊ လက်သုံးလုံးတောင် စမ်းမိသည်။ အဆိုးရွားဆုံးကတော့ ကိုယ်ဝန်သည် ဖြစ်နေခြင်းပင် ဖြစ်၏။

"ဂါသမှ အတော်ဂါတာပဲ။ မျက်လုံးက နနွင်းရောင်ပေါက်နေပြီ။ ဒီမှာ ပုလင်းကြီးချိတ်နေရုံနဲ့ မလုံလောက်ဘူး ထင်ပါရဲ့။ ကျွန်တော့်သဘောကတော့ ကူးစက်ရောဂါကုဆေးရုံကို တက်စေချင်တယ်။ အသားဂါဟာ သူများကို ကူးစက်တတ်တာတင် မကဘူး။ ကိုယ်ဝန်သည်တွေ ပိုပြီး ပြင်းပြင်းထန်ထန် ခံစားရလေ့ရှိတယ်။ စဉ်းစားမနေနဲ့၊ အိမ်ပြန် အထုပ်အပိုးပြင်ပြီး ဆေးရုံသွားပေတော့"

"ညကြီး လက်ခံပါ့မလား ဆရာ"

"မနက်စောစော သွားလေ၊ အခုလောလောဆယ်တော့ သမီး ဂလူးကို့စ်သောက်၊ ဘာလီသံပုရာ ဒီညကို သုံးပုလင်းကုန်အောင် သောက်၊ တစိမ့်စိမ့်သောက်။ ဒါမှ သောက်လိုက်ပေါက်လိုက်နဲ့ အဂါ လျော့လာမှာ။ သမီးက ဘာအလုပ် လုပ်သလဲ"

"မုန့်ဟင်းခါးရောင်းပါတယ် ဆရာ"

ဗုဒ္ဓေါ၊ မုန့်ဟင်းခါးရောင်းရင်း သူမ၏လက်တွေက ရောဂါပိုးတွေ ဖြန့်ဝေနေမှုဖြင့် ခက်လှချည်ရဲ့။

"မဖြစ်ဘူး သမီး၊ သမီး နားရမယ်။ ကိုယ်ဂန်သည်နဲ့ အသားဝါဟာ တကယ့်ရန်သူတွေပဲ။ သမီးကို ဆရာ စာရေးပေးလိုက်မယ်နော်။ မနက် သွားဖြစ်အောင်သွား။ သက်သာလို့ ဆေးရုံဆင်းလာတော့ ပြန်လာပြီး အကျိုးအကြောင်း ပြောဦး"

လူနာက တယ်ပြီး ဆေးရုံမတတ်ချင်။ အင်တင်တင် လုပ်နေသည်။

"ဒီနေ့ ဘာနေ့လဲ။ ကြာသာပတေး၊ အင်း... တန်လာနေ့ကျရင် ဆရာ ဆေးရုံရောက်မှာပါ။ အခုလည်း ဆရာ့သူငယ်ချင်း ရှိတယ်။ သူ့ကိုမှာထားမယ်။ ကြားလား။ သမီးကို လိုလေသေးမရှိ ကြည့်ရှုကုသပေးကြမှာပါကွာ"

HBS Antigen ကို သွေးဖေါက်စစ်ဆေးကြည့်၍ တွေ့များတွေ့လျှင် အန္တရယ်များသော ဝေဒနာအဖြစ် သတ်မှတ်ရဦးတော့မှာ။

"ကဲ.. မနက်ဖြန် ဆေးရုံရောက်ရင် အိုင့်လူနာကို မျက်နှာပြပြီး အားပေးလိုက်ပါဦး နနိုင်ရာ" ဟု အိမ်ရောက်မှပဲ တယ်လီဖုန်းဆက်ပြီး အကြောင်းကြားရဦးတော့မည်။ လာနာလည်း ပြန်၊ ဖုန်းမြင့်ကေလည်း ဆေးခန်းမှ ထွက်။ ဦးနှောက်ထဲတွင် နနိုင်ကို ထည့်သွင်းထားမိပြီဆိုတော့ ကားမောင်းရင်း ပိုပြီးသတိရလာသည်။ သည်တစ်ပတ်လုံး စာမေးပွဲတွေနှင့် ကူးစက်ဆေးရုံဘက်သို့ ခြေဦးမလှည့်ဖြစ်ခဲ့ပါ။

နနိုင်နှင့် မတွေ့ရသည်မှာ ကြာပဲကြာလှပါပေါ့လား။ အရင့်အရင် ဘွဲ့ရကြပြီးကတည်းက သူလည်း သူ့ဘဂ၊ ကိုယ်လည်း ကိုယ့်ဘဂ တသီးတခြား ကျင်လည်နေလိုက်ကြသည်မှာ ဘာမှ မသက်ဆိုင်ကြသလို ပါပဲ။

ခုတော့ သူက နနိုင်နှင့် သက်ဆိုင်ခြင်လာပါပြီ။ ဘဂတစ်ခု အခြေချဖို့ လိုလာပြီဆိုတာလည်း မှန်သည်။ သို့သော် အခြေချတော့မည် စိတ်ကူးတစ်ခုတည်းနှင့်တော့ အိမ်ထောင်ဖက် မစဉ်းစားနိုင်ပါ။ အချစ်ကိုသာ ဖုန်းမြင့်ကေ တွေ့ချင်သည်။ သူ့အချစ်ဟာ နနိုင်ပဲလား။ ခုနစ်မိုင်ရောက်လာသော်လည်း သူက အရှိန်မလျှော့ပဲ ဆက်မောင်းလာသည်။

သူ့ကိုယ်သူ အစိုးမရချင်နိုင်ပြီဘူးဟု သတိထားမိသည်။ အစဉ်အမြဲလည်း အသက်အရွယ်၏ အထိန်းအကွပ် အောက်မှာ ချုပ်တည်းပင်ပန်း မနေနိုင်ပါဘူးလေ။

သူက ကားမောင်းမြန်သည်။ လှည်းတန်းမှသည် အင်းစိန်အရောက် ကြာလှ ဆယ်မိနစ်ထားပါ။ ဆယ့်ငါးမိနစ်။ လမ်းသစ်မှာပဲ နနိုင် ဆေးခန်းဖွင့်ထားသည်။ သည်အချိန်ဆို ဆေးခန်းမပိတ်သေးတာ သေချာသည်။

ကိုယ်က ငါးနာရီကျော်မှ အိမ်ပြန်ရောက်တာဆိုတော့ ငါးခွဲမှဖွင့်နိုင်မယ်။ ရှစ်နာရီအထိတော့ ဆေးခန်းထိုင်ရတယ်လေ။ လူနာရှိလည်း နေ၊ မရှိလည်း နေ၊ ကိုယ်ကတော့ အစောဆုံး ရှစ်နာရီမှ ပိတ်ရတာတဲ့။ သူနှင့် ပိန်မသာလိမ်မသာ နနိုင်လည်း လူနာမများလှကြောင်း သူသိထားသည်။

သူရောက်သွားချိန်တွင် ဆေးခန်းထဲမှာ သုံးလေးဦးကို လှမ်းမြင်ရ၏။ အဖော်ပါလာတာလည်း ရှိမှာမို့ အနည်းဆုံးတော့ လူနာနှစ်ယောက် ဖြစ်လိမ့်မည်။

အင်းလေ.. ခဏထိုင်စောင့်တာပေါ့။

ကားရပ်ထားခဲ့ပြီး ဆေးခန်းထဲ ဝင်ခဲ့သည်။ ဆေးခန်း ဧည့်ကြိုကလေးမက "ထိုင်ပါဦးရှင်၊ သိပ်မကြာပါဘူး၊ အထဲကလူနာက ဆေးပေးရုံပါပဲ" ဟု ပဋိသန္ဓေရစကားဆိုသည်။

သူက ရပါတယ်ဆိုသောသဘော လက်ပြကာ လက်ထဲမှ ငါးသုံးလုံးစီးကရက်ဘူးကို ဖွင့်မည်ပြုသည်။ သူနှင့် မျက်နှာချင်းဆိုင် နံရံတွင် ကပ်ထားသော သင်္ကေတများကို လှမ်းမြင်သည်။ တစ်ခုက အပြာနောက်ခံတွင် နီညိုရောင်စာတမ်းကလေး။

STOP AIDS

P ၏ အောက်ခြေတွင် ကွန်ဒုံးကလေးက ပြုံးစစ လက်ပိုက်ပြီး ရပ်နေလေ၏။

နောက်တစ်ခုကတော့..

ဟိုက်.. ငါ့ကိုပြောနေတာပါလား။ တားဆီးနေတာပါလား။ အဖြူနောက်ခံတွင် အနီရောင်စက်ဝိုင်း၊ အလယ်တွင် အငွေ့လူသော စီးကရက်။ အနီရောင်မျဉ်းတစ်ခုက ကန့်လန့်ဖြတ် ပယ်ဖျက်ထားလေသည်။ ဒါက "ဆေးလိပ်ဖြတ်လိုက်ပါ" ပေါ့လေ။

ရပါတယ်၊ ရပါတယ်။

သူ့စီးကရက်ဘူးကို မဖွင့်ဖြစ်တော့ပဲ စပို့ရှပ်အိပ်ထဲ အသာအယာ ပြန်ထည့်သည်။ အတွင်းခန်း တံခါးဘေးတွင်ရပ်ကာ သူ့ကိုအကဲခတ်နေသော ဧည့်ကြိုကလေးမက ပြုံးယောင်ယောင်နှင့် မျက်နှာလွှဲ လိုက်သည်။

အဲသည် နံရံကပ်နှီးဆော်စာကလေးတွေ အောက်တည့်တည့်မှာ ထိုင်နေသော အမျိုးသမီးဆီသို့ မျက်လုံး ရောက်သွားပြန်သည်။ ဆံပင်တိုတိုကပ်ကပ် ဖြတ်ထားသည်။ မျက်နှာမှာ မိတ်ကပ်ခပ်ထပ်ထပ် လိမ်းခြယ် ထားသည့်တိုင် ပါးပြင်မှာ မဲ့ချေးခြောက်အချို့ကို ဖုံးဖိမရပဲ ရုပ်မဆိုးရုံမြင်သာသည်။ မျက်ခုံးသေးသေးမျှင်မျှင် ရိတ်ထားသော်လည်း ဆေးမဆိုးပဲ မည်းမည်းခုံးခုံးကလေးနှင့် တစ်မျိုးကြည့်ကောင်းသည်။ ကာခြယ်မပါ၊ ရှဲဒိုးမဆွဲ၊ ပါးနီမခြယ်။

အဲ.. နှုတ်ခမ်းကိုပန်းရောင်ဖျော့ဖျော့ ဆိုးထားတာကလည်း တစ်မျိုးလှသည်။ အနက်ရောင်အင်္ကျီလက်တို အောက်မှ အနက်ရောင်ဘရာဇီယာက သူမ၏ခန္ဓာကိုယ်ကို တင်းရင်းအောင် ထိန်းသိမ်းထားပေးသည်။ အသား ဝင်းဂါဂါ။ အပြာရောင် ဘီဘဲလ်ထဘီကဘေး ဂုတ်ထားပြီး ပိပိရိရိထိုင်နေစဉ် ပေါင်ရင်းမှာ အတွင်းခံဘောင်းဘီ ကလေး ထင့်နေတင်းနေ၏။

မိန်းမလှတစ်ယောက်ပဲ တွေးထင်နေဆဲ ဖျတ်ခနဲဆို သူ့ကိုကြည့်သော မျက်လုံးတွေကြောင့် သူ ထင်ထားတာထက်တော့ အသက်ပိုကြီးလိမ့်မည်ဟု အသိတရားရင့်ကျက်မှုက ညွှန်ပြ၏။ တစ်ဆက်တည်းမှာပဲ မျက်လုံးတစ်ဝင့် မျက်တောင်တစ်ခတ်မှာ မြူချိုလမ်းပြသော ဖိတ်ခေါ်မှုတွေ ထင်ဟပ်သွားသည်။

ဟိုက်.. လူပါး ပုလင်းထိပါပေါ့လား။

ဒါ ပီပါကလား။ အဲလေ.. ယောင်လို့။ နနခိုင်တို့ အလိုအရ စီ-အက်စ်-ဒဗလျူ ပါကလား။

သူမ၏ပေါင်ပေါ်မှ လက်ပွေ့အိတ်အနက်ကလေးသည် နီကယ်လွင့်ပြယ်လျက် ချုပ်ရိုးအချို့ ဖွာနေပြီဟု သူ သတိပြုမိပြန်သည်။

ပြီးတော့ ဖိနပ်။

ဒါဟာ ရာကျော်ပေးရတာမျိုးပေမယ့် ထိပ်ဖျားတွေ ပွန်းပဲ့ရုံမက ကပ်ထားသောကော် ကွာဟနေပြီ။ သိပ် ကြေးကြီးတော့ ဟုတ်မှာမဟုတ်။ အေးလေ.. ကြေးကြီးတွေကလည်း သည်လိုဆေးခန်း ဆင်းလာမှာမ မဟုတ်တာဘဲ။

ညော့်ကြိုမိန်းကလေးသည် အခန်းထဲမှထွက်လာသော လူနာအဘွားကြီးကို တွဲခေါ်လိုက်သည်။

ဟား... အဘွားကြီး၏ အဖော်တွေချည်းပါပဲလား။ ထိုင်စောင့်နေသော အမျိုးသား၊ အမျိုးသမီး နှစ်ယောက်က အဘွားကြီးကို ဆွဲခေါ်သွားကြသည်။ တွဲရလောက်အောင် အားနည်းနေတာ မဟုတ်သော်လည်း ဂလွန်း၍ ချော်ပြုလဲမှာ စိုးရိမ်ရသည်။ ချော်လဲမှဖြင့် ကိုယ်ရုံတော် ပြဿနာ ဖြစ်သွားမည်။ ဒရိုင်ဘာဆို ပြုတ်သွားနိုင်သည်။ အဘွားကြီး၏ မျက်နှာကလည်း မာတင်းပါဘိသနဲ့။

ပါဂျဲရိုးကြီး တငြိမ့်ငြိမ့် ထွက်ခွာသွားတာကို လိုက်ငေးနေစဉ် တစ်ယောက်သာကျန်ရစ်သော အမျိုးသမီးကို ညော့်ကျိုကလေးက စမ်းသပ်ခန်း ခေါ်သွားသည်။

"ဆူဇီပါလား၊ ဒီတစ်ခါ ဘာကိစ္စ"

"ထုံးစံအတိုင်းပေ့ါ မမရယ်။ ကျွန်မကို အဆီထိုးပေးပါ"

"သွေးစစ်ပြီးပြီလား"

"မစစ်တော့ပါဘူး၊ ထိုးလိုက်တာပဲ ကောင်းပါတယ်"

"အင်းလေ၊ စူဇီမလဲ တစ်ဒုက္ခ၊ ကိုယ် အကြံပေးတာလေးတော့ မမေ့နဲ့နော်"

လုံးစေ့ပတ်စေ့ မဟုတ်သော်လည်း နားစွန်နားဖျားနှင့်ကို ဆရာဝန်များက သဘောပေါက်နေသည်။

အထူးသဖြင့် ညော့်ကြိုကလေးမက သူ့ကို ကွက်ကြည့်ကွက်ကြည့် အကဲခတ်နေ၏။ သူကများ ပလေးဘွိုင်း ပုံစံ ထွက်နေသလား။ ပြောရမည်ဆိုလျှင် ဆေးရုံသို့သွားလျှင် ခုလို ပုဆိုးနှင့် သွားနေကျမို့ သိပ်တော့ ကလေးကလား ဖြစ်နေစရာ မရှိ။ သူ၏ဆံပင်ရှည်တာ၊ သူ့ရုပ်ရည်က ဂေါ်ရခါးစပ်ပီပီ ကပြားလိုလို ဘာလိုလို ဖြစ်နေတာ။ အဲဒါတွေကြောင့်ပဲ ကလေးမက မသင်္ကာသလို အကဲခတ်နေတာများလား။ သူလည်း ပင်နီဆလင် အဆီ လာထိုးသည် ထင်နေလေရော့သလားနော်။ အိုး.. မိုင်ဂွတ်ဒ်နက်စ်။

အမျိုးသမီး ထွက်လာပါပြီ။ သူ့ကို မျက်လုံးဝင့်ပြီး ကြည့်ပြီးမှ ညော့်ကြိုကလေးမကို "အေမီ သွားမယ်နော် ညီမလေး" ဟု နှုတ်ဆက်သွားသည်။

တင်ပါးလှုပ်ယမ်းပြီး ထွက်ခွာသွားသည်ကို သိက္ခာထိန်းကာ မကြည့်သောကြောင့် မျက်စိထောင့်စွန်းမှသာ မြင်လိုက်လေ၏။

"ကျန်သေးလား မနော်"

"ဟုတ်ကဲ့ မမ၊ တစ်ယောက်"

"ခေါ်လေ"

မနော်ဆိုသူ ကလေးမက သူ့ကို ခန်းဆီးလေး အသာဆွဲဖယ်ကာ ဝင်လို့ရပါပြီဦးဟု ဆို၏။

ဦးတဲ့။ နနိုင်ထက် သူက ပိုပြီးရင့်ထော်နေတာတော့ မဖြစ်နိုင်ပါ။ အေးလေ၊ ခုခေတ်က ဦးတို့ခေတ်ပဲ ဥစ္စာ။

"ကျေးဇူးပဲ သမီး"

ကဲ.. မှတ်ထား။

သူက သမီးအခေါ်ကို သတိထားမိလိုက်တာလား၊ သူ့အသံကို မှတ်မိလိုက်တာလား မဆိုနိုင်ပဲ သူ အခန်းထဲ ဝင်လာသည်ကို နနိုင်က အံ့ခဲပြီး မျက်လုံးပြူးပြသည်။

"ဟဲလို ဆွိတီ၊ စိတ်မရှိပါနဲ့ကွာ။ အိုင်က ဆူဇီဝေါင်းကို တွေ့လိုက်တော့ နည်းနည်းအူရွှင်သွားလို့ပါ"

နနိုင်က နှာခေါင်းရှုံ့ကာ ရှားတယ်ဟု ရေရွတ်သည်။

"အိုင် ဘာလာလုပ်တာလဲ သိလား"

"ပျင်းလို့ ဟုတ်မှာပေါ့"

"သတိရလို့ပါ နနိုင်ရာ၊ ပြင်ပြောစမ်းပါ"

ဖုန်းမြင့်ကေက လူနာစမ်းသပ်သော ခုတင်တွင် တင်ပါးလွှဲထိုင်လိုက်သည်။ ခုတင်က ဆရာဝန်စားပွဲ၏ နံဘေးတွင် ထားရှိသောကြောင့် စားပွဲဘေးကုလားထိုင်မှ နနိုင်ကို သူ၏ လက်ယာဘက်တွင် စီးမိုးကြည့်ရှုနိုင်လေသည်။

"ဖုန်းမြင့်ကေ၊ ကိုယ် စိတ်တိုနေတယ် သိလား၊ ကိုယ့်ကို အဆင်ပြေအောင် စကားပြောပါ"

ဖုန်းမြင့်ကေက ခါးကိုညွတ်ကာ နနိုင်အား အလေးပြုသည်။

"အိုင်ရောက်လာလို့ စိတ်တိုတာလားဟင်"

နနိုင် အတန်ငယ် မျက်နှာအကြောအခြင် ပြေလျော့လျက် မျက်လုံးတစ်ချက် စွေကြည့်သည်။

"အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင်တော့ ယူရောက်လာတော့ ကိုယ် ဝမ်းသာသွားပါတယ်။ တလွဲ အသားယူ မနေနဲ့ဦး။ ကိုယ်ပြောပြ ဖွင့်ချလိုက်ရမှ ရင်ထဲချောင်သွားမှာ သိလား။ မဟုတ်ရင် ကိုယ့်နှလုံးသွေးကြောတွေ Spasm ရပြီး ပြန်မပွင့်ပဲ ကိုယ် သေသွားနိုင်တယ်"

ဖုန်းမြင့်ကေသည် သူ ရောက်လာမိသည်ကို ကံကြီးလေစွ ဟူသော အမူအယာဖြင့် မျက်ကလဲဆန်ပျာ ရင်ကို ဖိထားလိုက်သည်။ သည်လောက်တော့ဖြင့် နနိုင် ဥပေက္ခာပြုထားလိုက်မှ ဖြစ်တော့မည်။

နနခိုင်က သူမ၏ နှလုံးသွေးကြောကလေးတွေဟာ ခံစားချက်ပြင်းပြပြီး ဒေါသနှင့် မကျေချမ်းမှုတွေ ဖိစီးကာ ကျဉ်းရှုံ့ကုန်သည်ဟု ဖွဲ့နွဲ့ကာ အကယ်၍သာ စိတ်ဖြေရာမရလိုက်ခဲ့ပါလျှင် ပြန်မပွင့်ပဲ အပြီးပိတ်ပြီး သေဆုံးနိုင်ကြောင်း တင်စားသည်။

ဒါဟာ ဆရာဂန်တွေ၏ နှလုံးသားခံစားမှု တင်စားပုံ အတိသယယပုတိ အလင်္ကာလေလား။

"ခုနက ကိုယ့်လူနာ"

"ဆူဇီဝေါင်း"

"ဆူဇီပါပဲကွယ်ဇ

"ဟေး.. ယူ့တပည့်ကို နှုတ်ဆက်တုန်းက သူ့ကိုယ်သူ အေမီဆိုပဲ"

"ဆူဇီပါကွာ၊ အေမီဆိုတာ ငယ်နာမည်ပါ။ မြန်မာနာမည်က ခရေမတဲ့။ သူ့မှာ နာမည်အများကြီးပဲ။ ခုပဲကြည့်၊ ယူခေါ်နေတာ ဆူဇီဝေါင်းတဲ့၊ ဟွန်း"

"ဆူဇီဝေါင်းလို့ အိုင် နာမည်ပေးလိုက်တာ ယူ မှတ်မိလား။ အိုင်တို့ငယ်ငယ်တုန်းက ကြည့်ဖူးတဲ့ ရုပ်ရှင်လေ။ ဗွီဒီယိုလည်း ပြန်လာပါတယ်။ The World of Susie Wong လေ၊ အဲဒီထဲမှာ ဆူဇီဝေါင်းက ပီပေါ့။ တင်ပါးယမ်းယမ်းပြီး ကတာ တရုတ်မ ကိုယ်ကျပ်စကတ်ကလည်း ပေါင်နံ့ဘေးခွဲထားတော့.."

"အဲဒီတုန်းက ယူ ငယ်ဦးမှာပါကွာ။ လေးငါးနှစ်သာ ရှိဦးမှာပါ။ ယူဟာ အဲဒီအရွယ်ကတည်းက အတော့်ကို"

"အိုး.. နီး၊ ဗွီဒီယိုကြည့်ရတာ မကြာသေးပါဘူး နခိုင်ရယ်"

"ထားပါတော့၊ ကိုယ်ပြောတာ နားထောင်ဦး"

"ပြော.. ပြော.."

"ဆူဇီက တလောကတင် ထောင်ပြန်လွတ်လာတာ။ တစ်နှစ်ခွဲလောက် နေခဲ့ရတယ်တဲ့။ သူ ကိုယ့်ကို KT, VDRL တို့ GC တို့ စစ်ခိုင်းပြီး ဆေးကုပေးရာက ခင်သွားကြတယ်။ လူနာရှင်းနေရင် သူ့အကြောင်းတွေ ပြောပြတယ် သိလား။ သူက ဒီအလုပ် လုပ်စားလာတာ ခုနှစ်နှစ်လောက်ရှိပြီ ယူရဲ့"

"ဘာအလုပ်လဲ"

"စီအက်စ်ဒဗလျူလေ၊ ယူ့အခေါ်တော့ ပီပေါ့"

"ကြက်ပေါ့"

"အစစ်ပေါ့၊ အစကတော့ အတော်အဆင့်မြင့်တာတဲ့။ ကားနဲ့လာခေါ် ကားနဲ့ပြန်ပို့၊ တစ်ပတ် တစ်ခါရှင်းရင်လေးငါးခြောက်ထောင်တဲ့။ နောက်တော့ ဈေးကျလာတာပေါ့လေ။ အဲဒီမှာတင် ခေါင်းနဲ့ အိုးစားကွဲပြီး ဘိပြောင်းတော့တာပေါ့"

"အလဲ့၊ နခိုင်ကွ၊ ဘိတွေဘာတွေ တတ်လို့"

"ဘိတွေ၊ ဂျက်ကာတွေ ကိုယ် အကုန်တတ်နေပြီ ယူရဲ့။ ကိုယ်က လူနာတွေကို ကိုယ်ရေးရာဇဝင် ယူရ၊ ဘဝ အဖြစ်အပျက်တွေ၊ အတွေ့အကြုံတွေ မေးရနဲ့ မတတ်ဘဲ ရှိပါတော့မလား။ ကဲကွာ.. နားထောင်ပါဦး။ ဆူဇီ ဘယ်လို အဖမ်းခံရသလဲ ဆိုတာ"

"ဘယ်လို အဖမ်းခံရသတဲ့လဲ"

ဖုန်းမြင့်ကေသည် စီးကရက်ဘူးကို အိတ်ကပ်မှ ထုတ်ဖို့ ပြင်သည်။ တစ်ဖန် နနခိုင်၏ ဆေးလိပ်မသောက်ရ နံရံကပ်သတိပေးနိုးဆော်စာကို သတိရကာ လက်တန့်သွား၏။ ခံတွင်းချဉ်လာသည်ကို ဂွတ်ကနဲ တံတွေးမျိုချ လိုက်ရလေတော့သည်။

နနခိုင်ကတော့ အမှတ်မထားမိ။ သူမ၏ စီအက်စ်ဒဗလျူနှင့် တွေ့ဆုံခြင်းအပေါ်တွင်သာ စိတ်ဝင်တစား ရှိနေသသည်။ အသစ်အဆန်း တွေ့ရှိဖူးသော ကလေးတစ်ယောက်ပမာလည်း တက်တက်ကြွကြွ ဖြစ်နေလေ၏။

"အဲဒီနေ့က သူ အလုပ်ဆင်းတဲ့ဘိကို ရှောင်တခင် ရဲဝင်ဖမ်းတာတဲ့။ ရပ်ကွက်လူကြီးတွေ ဘာတွေနဲ့ပေါ့။ ခေါင်းရော၊ တခြား စီအက်စ်ဒဗလျူတွေရော လက်လွတ်ထွက်ပြေးကုန်ကြတယ်တဲ့။ သူ့ကိုတော့ သတိမပေး ကြတော့ အလုပ်လုပ်နေတုန်း ဖမ်းမိသွားတယ်တဲ့"

နနခိုင်သည် ဖုန်းမြင့်ကေ၏မျက်နှာကို စေ့စေ့ကြည့်ပြီး အပြောင်းအလဲရှိလေမလား မျှော်လင့်တကြီး ရှာဖွေသည်။ ဘယ်လို ထူးခြားမှုမှ မတွေ့ရသောအခါ နနခိုင် အားမလိုအားမရ ဖြစ်မိ၏။

"မမ၊ ကျွန်မ တံခါးပိတ်လိုက်ရတော့မလား"

သည်တော့မှ သတိရကာ -

"အေးဟေ့၊ ပိတ်လိုက်တော့၊ ပြီးရင် မနော် ပြန်နှင့်၊ ဒါ မမသူငယ်ခြင်း၊ သူ လိုက်ပို့လိမ့်မယ်"

ဟု ညွှန်ကြားလိုက်ရသည်။

"ဖမ်းမိသွားတော့"

ဖုန်းမြင့်ကေ ထောက်ပေးတာကိုမှ စကားမဆက်နိုင်အား။

"ကိုယ်ကလေ၊ ဆူဇီ့ကိုမေးမိတယ်။ ဩော်.. သမီးက အဝတ်လျှော်တုန်း၊ ထမင်းချက်တုန်း ဖမ်းမိတာလား လို့။ မသိဘူးလေ၊ အလုပ်လုပ်တုန်းဆိုတော့ ကိုယ်က ကြားနေမကျတော့ နားထွေးသွားပြီး"

ဖုန်းမြင့်ကေ ခွက်ထိုးခွက်လန် ရယ်တော့သည်။

"ဖြစ်ရလေ နခိုင်ရယ်၊ ယူ့ဆူဇီပြောတကာက Caught in action သူ့အလုပ် သူ လုပ်နေတုန်းလို့ ပြောတာ။ ပက်ပင်းမိတာ။ ယူ နားမလယ်လိုက်ဘူးလား။ ဟား.. ဟား.."

"ယူတို့က သင်မှ မပေးဘဲ"

နနခိုင်က မျက်စောင်းချိတ်ကာ ခပ်နွဲ့နွဲ့ပြောလိုက်သည်တွင် ဖုန်းမြင့်ကေမှာ ရင်ထဲတွင် တစ်စုံတစ်ရာ တိုးမွှေ ပွေ့ယမ်းလိုက်ဘိသကဲ့သို့ လှုပ်လှုပ်ခတ်ခတ် ခံစားလိုက်ရလေသည်။ အင်း.. ဒါဟာ အချစ်ဖြစ်မှာပဲ ထင်ပါရဲ့။

"ဆရာဂန်မကြီးက လက်စသတ်တော့ ဒါကို တအံ့တသြဖြစ်နေတာကိုး"

"မဟုတ်ဘူး ယူရဲ့၊ ကိုယ်က မေးကြည့်တာက သမီးကိုဖမ်းတော့ အဲဒီ သမီးနဲ့အတူ.."

"အတူ.. အလုပ်.."

"နေပါဦးကွာ၊ အတူပက်ပင်းမိတဲ့ ယောက်ျားကိုကော ဖမ်းသလားလို့ မေးကြည့်တယ်။ အဲဒီမှာတင် ကိုယ် ဒေါသဖြစ်ရတော့တာပဲ"

"အဟမ်း"

"အဲဒီလူကျတော့ ပိုက်ဆံယူပြီး ပြန်လွှတ်လိုက်တယ်တဲ့။ ယူ စဉ်းစားကြည့်။ ပီတွေ၊ အဲ.. စီအက်စ်ဒဗလျူတွေ ဒီအလုပ် လုပ်စားတာ မှန်တယ်။ လက်ခုပ်တီးတယ်ဆိုတာ လက်ဝါးနှစ်ဖက် တီးမှ မြည်တယ် မဟုတ်လား။ အဲဒီတော့ ဖမ်းချင်းဖမ်း နှစ်ယောက်စလုံး ဖမ်း၊ နှစ်ယောက်လုံး ညီတူညီမျှ အပြစ်ပေး၊ အဲဒါ တိုင်မလို့"

"ဘယ်ကို တိုင်မှာလဲ"

နနခိုင်၏ ဒေါသဇစ်မြစ်ကို ခုမှပဲ ရှင်းရှင်းလင်းလင်း သိရတော့လျက် ဖုန်းမြင့်ကေ မရယ်တော့ဘဲ ကျိတ်၍သာ ပြုံးချင်တော့သည်။

"ဘယ်ကို တိုင်မလဲဆိုတော့"

နနခိုင် စဉ်းစားသွားသည်။

"အဲဒီအမျိုးသမီးဟာ ဒီအလုပ်မှာ အသားကျနေပါပြီကွာ။ သူတို့မှာ နာမည်အမျိုးမျိုး ရှိတယ်။ တစ်ဘီမှာ တစ်နာမည်။ ထောင်ကျလည်း ကျပဲ။ လွတ်လာရင် ဒီအလုပ်ပြန်လုပ်၊ သူ့မှာလည်း အိပ်ချ်အိုင်ဗွီ ရှိနေလောက်ပြီ"

စောစောက တွေ့ခါစလိုပင် နနခိုင်၏မျက်နှာ အုံ့မှိုင်းလျက် မကျေမချမ်း မှုန်ကုပ်နေပြန်တော့သည်။

"ဆေးရုံမှာ သွေးစစ်ဖို့ ကိုယ် ဆွယ်သေးတယ်။ သူက မလိုက်ဘူး"

"ဟေး.. နခိုင်၊ ယူ နားမလယ်တာတွေ အများကြီးပါ သူငယ်ချင်းရယ်။ လောလောဆယ် ဖြစ်သင့်တာက ယူ့ကို အိုင် အိမ်ပြန်ပို့မယ်။ ပြီးတော့ အိုင် ပြန်တော့မယ်"

အခုမှပဲ ဖုန်းမြင့်ကေ ဘာကြောင့် ရောက်လာသလဲဆိုတာ မေးမြန်းဖို့ သတိရတော့သည်။

"လူနာအပ်ဖို့ပါပဲ။ ဒါပေမယ့် ယူသိပါတယ်။ အိုင် ဖုန်းဆက်ရင် ရသားပဲ"

ဘာလို့မဆက်လဲမေးလိုက်လျှင် ဖုန်းမြင့်ကေထံမှ ဘာတွေ ပွင့်အံထွက်လာမလဲ မဆိုနိုင်။ နနခိုင် မမေးချင်ပါ။

ဇင်ယော်သာဆိုလျှင် အဲသလိုမေးလည်း ဘာမပြောညာမပြော မြုံအုပ်ထားလျက် အုံ့ပုန်းလုပ်နေမှာပဲဟု မစပ်မဆိုင် သတိရသည်။ တကယ်တော့လည်း စပ်ဆိုင်ပါသည်လေ။

တူညီမှု၊ နီးစပ်မှု တစ်စုံတစ်ရာ ရှိသောကြောင့်သာ သတိရမိတာ၊ နှိုင်းယှဉ်မိတာ ဖြစ်မှာပါပဲ။

ဒါပေမယ့်ကွယ် ဇင်ယော်ဟာ အမြဲအားနည်းခဲ့တယ်။ အချစ်ဟာ ကရုဏာအရင်းခံလျှင် ပိုပြီး တင်းနှောင်လေသလား မသိပါဘူး။ နာကျင်ခဲ့တာက တခြား၊ တမ်းတနေမိတာက တခြား၊ တစ်ကဏ္ဍစီ တစ်ဒေသစီ ပါပဲလေ။

"မနက်ဖြန် ယူ့ကိုယ်ဂန်သည်ကို ကိုယ် ကြည့်လိုက်ပါ့မယ်"

အသံတိမ်တိမ်နှင့်ပြောရင်း နုနုခိုင်က ဆေးအိတ်ကို ထောက်ခနဲထောက်ခနဲ စုံပိတ်လိုက်လေသည်။

* * * * * *

# သံယောဇဉ်ကြိုး ပြတ်နိုင်ခဲ့သည်

ထွန်းအောင်လတ်က အမေပို့ထားသော ထမင်းကို စားပြီးနောက် ချိုင့်ဆင့်ပိတ် သိမ်းဆည်းနေသည်။

သည်ဆေးရုံတွင် နှစ်လတိတိ ကြာမြင့်ခဲ့လေပြီ။ တီဘီဆေးလေးမျိုး နေ့စဉ်သောက်ရသည်။ တရုပ် ရီဖမ်ပင်စင် လေးရာ့ငါးဆယ်အား၊ တရုပ် အီးတီဘီ ၄၀၀ အား သုံးလုံး၊ ဘီပီအိုင် အိုင်ဆိုနိုင်ယာဇစ် ၁၀၀ အား သုံးလုံး၊ ပစ်ရာဇင်နာမိုဒ် သုံးလုံး။

သူ့သလိပ်မှာ တီဘီပိုးမတွေ့တော့ဘူး ဆို၏။ သွေးလည်း မပါတော့။ ပေါင်ချိန်လည်း တတ်လာပေပြီ။ ထွန်းအောင်လတ် ဆင်းရတော့မည်။

ဆေးရုံရောက်စ မထနိုင်မထူနိုင်စဉ်ကသာ နနခိုင်ကို သူ သတိမထားနိုင်ခဲ့တာပါ။ သက်သာလာလျှင်ပဲ သမားတော်ကြီးများနောက်မှ အဆောင်တာဝန်ကျ လက်ထောက်ဆရာဝန်တို့နှင့်အတူ လူနာလှည့်ပတ်ကြည့်ရှုရာသို့ လိုက်ပါလာပြီး နနခိုင်ကို သူ သတိပြုမိသည်။ ဆေးရုံတွင် အချိန်ပြည့် နာခေါင်းစည်း တပ်ဆင်ထားသည် မဟုတ်သောကြောင့် မမှတ်မိလောက်အောင် ဖုံးကွယ်မထားနိုင်ပါ။

ထွန်းအောင်လတ်ထံမှ ရရှိသော မိဘအမည်၊ လိပ်စာနှင့် အိမ်နီးချင်းဖုန်းနံပတ်တို့ကို အသုံးပြုပြီး နှစ်သိမ့်ဆွေးနွေး ပညာပေး ဆရာဝန်များ၊ လူမှုစစ်ဆင်ရေးလုပ်သားများတို့သည် ကုသရေးနှင့် သုတေသနဆရာဝန်များ၊ ဆရာမများ၊ ဝန်ထမ်းများပါ ပူးပေါင်းလျက် လွန်းပျံဆက်သွယ်ကြရသည်။

စိတ်ကြီးသော ဖအေကြီး မကြည်လင်သေးသော်လည်း မိခင်ကြီးနှင့် အစ်မကြီး အလှည့်ကြ လာရောက်ကြည့်ရှုထောက်ပံ့သည်ကိုမူ မပိတ်ပင်တော့ပါ။

သူ ထလျှောက်နိုင်၊ သွားလာနိုင်သည့်အခါတွင် အဆောင်တစ်ပိုက်မှာ၊ သုတေသနယူနစ်မှာ၊ ဆေးရုံဝင်းထဲမှာ နနခိုင်ကို မြင်တွေ့နေလေ့ရှိသည်။ သူ နှုတ်ဆက်ခြင်ပါသည်။

နနခိုင်သည် သူ့ကို မမြင်တွေ့ဖူးလေဘိသကဲ့သို့ မျက်လုံးစိမ်းများဖြင့်သာ ဆက်ဆံသည်။ ဆရာဝန်တစ်ဦးက လူနာတစ်ဦးအပေါ် ထားရှိသည့် ဂရုပြုမှုထက် တစ်ဆိတ်စာမျှ မပိုသာသည့်အပြင် သူ စိတ်မကောင်းစွာ ခံစားရသည်က အခြားလူနာများအပေါ် ဆက်ဆံသလောက်ပင် တရင်းတနှီး မရှိသလိုပါပဲ။

ဂုဏ်ချင်း၊ အဆင့်ချင်း ကွာဟကြောင်း ထွန်းအောင်လတ် လက်ခံပါသည်။ သူ့ကို အတိအလင်း အသိမပေးသေးစေကာမူ တစ်ဆောင်လုံးမှာ ပိုးရှိသူ၊ အေအိုင်ဒီအက်စ်ဖြစ်သူ၊ သံသယဖြစ်ဖွယ် ရှိသူချည်းလိုလို ဖြစ်နေလေတော့ သူက ဘာသားနှင့်ထုထားတာမို့ ကင်းလွတ်ကျန်ရစ်နိုင်ပါ့မလဲ။

သူ့ကို ဖိုးသမားတစ်ယောက်မို့ နနခိုင်က သူစိမ်းပြင်ပြင် ဆက်ဆံတာများလား။ မဖြစ်နိုင်ပါ။

အခြား အိပ်ချ်အိုင်ဗွီတွေအပေါ် နနခိုင် ကြင်နာပေသားပဲ။

တန်တော့ ဇင်ယော်ပယောဂပဲ ဖြစ်တန်ရာသည်။ သူ ဆေးရုံပြောင်းလာပြီး အသည်းအသန်ဖြစ်နေသည့် ရက်သတ္တပတ်အတွင်း ဇင်ယော် သုံးလေးခါရောက်လာသည်။ နောက်ဆုံးတစ်ခေါက်မှာတော့ မှတ်မှတ်ရရ ဇင်ယော်ရောက်လာပြီး သူ့ခုတင်ခြေရင်း တံခါးပေါင်ကိုမှီကာ စကားတစ်ခွန်းမှမဆိုဘဲ ငိုင်တွေနေလေသည်။

ထိုနေ့က ထွန်းအောင်လတ် နိုးနိုးကြားကြား လန်းလန်းဆန်းဆန်း ရှိနေသည်။ အဖျားလည်း အတော်လျော့နေပြီမို့ ခေါင်းထိုးခေါင်းခဲ သက်သာသည်။

နနခိုင်ကို သတိပြုမိထားပြီးပြီမို့ ဇင်ယော်လာလျှင် သတင်းပေးဖို့ သူ စိတ်စောနေခဲ့လေသည်။ သို့ရာတွင် ထိုနေ့က ဇင်ယော် ရောက်လာပုံသည် သိသိသာသာကြီးကို ငေါင်နေသည်။ ထွန်းအောင်လတ် အကင်းပါးလှသည်တော့ မဟုတ်။ သို့သော် သူ ရိပ်မိသည်။

တန်တော့ ဇင်ယော်တစ်ယောက် နနခိုင်ကို တွေ့လာခဲ့ပါပြီ။ သူ သိထားသလောက် ဇင်ယော်သည် ယနေ့အထိ လူလွတ်ပဲ ရှိနေသေးသည်။ နနခိုင်မှာသာ အနှောင်အဖွဲ့မရှိဘူးဆိုလျှင် သူတို့နှစ်ယောက် ဘာကြောင့် ပြန်ပြီး မနီးစပ်နိုင်ရမှာလဲ။

သူ့အမြင်အရ ဇင်ယော်သည် အရာရှိတစ်ယောက် ဖြစ်မနေတော့သည်မှအပ ဒေါ်လာပွဲစား၊ ကားပွဲစား လုပ်ရင်း ငင်ငွေ အထိုက်လျောက် ရှိနေသေးသည်။

နနခိုင်က စိတ်ပြန်လည်လာဦးမည်ဆိုလျှင် ငယ်ချစ်တွေချင်း ဘာအဆင်မပြေစရာ ရှိမှာမို့လဲ။ ပြီးတော့လည်း ငယ်ငယ်ကတည်းက အနီးကပ် အားပေးပျိုးထောင် ကူညီနေခဲ့တာမို့ အခုလည်း ဇင်ယော့်အနေအထား နီးစပ်မြင့်တက်လာအောင် နနခိုင်က ပြန်လည်ကြိုးပမ်း အားထုတ်ဖို့သာ ရှိတာပါပဲ။ ဒါတောင်မှပဲ သည်ငနဲသား ဘာလို့ မျောက်မှိုင်မှိုင်နေရမှာလဲ။

"ဇင်ယော်၊ တွေ့ခဲ့သလား"

ထိုစဉ်က နံဘေးခုတင်မှ လူနာ စောစိန်ဆိုင်းကို သူ့မိခင်က ချော့ချော့မော့မော့ ဆန်ပြုတ်ကျွေးနေသည်။ အရိုးအပြိုင်းပြိုင်းနှင့် အရေပြားအနာတွေကို စောင်ပါးနှင့် လွှမ်းခြုံဖုံးအုပ်ထားသော စောစိန်ဆိုင်းကား မျက်လုံးပင် မဖွင့်ပဲ ခေါင်းတွင်တွင်ခါယမ်း ငြင်းဆန်နေသည်။

စောစောကပင် သမားတော်ကြီးက ဆေးနှင့်အစာ မဝင်လျှင် နာခေါင်းပိုက်ထည့်ပြီး သွင်းပေးရလိမ့်မည်ဟု ချော့မော့သတိပေးသည်။ စောစိန်ဆိုင်းကား အစားကို ငြင်းဆန်သည်။ ဆေးကိုလည်း ငြင်းဆန်သည်။ သူ့ဇနီးက ကွာရှင်းခွင့်တောင်းကာ အိုးအိမ်သစ်ပင် ထူထောင်သွားခဲ့လေပြီ။ သူ့ဇနီးနှင့်အတူ သူ့သားကလေးနှစ်ယောက် တစ်ပါတည်း ပါသွားခဲ့၏။ ယခု သူ အသက်မရှင်ချင်တော့ခြင်းသည် ကုသရန် အခက်ခဲဆုံး အတားအဆီးပင် ဖြစ်တော့၏။

စောစိန်ဆိုင်းနှင့် သူ့မိခင်တို့သည် သူတို့အကြောင်းနှင့်သူတို့မို့ ထွန်းအောင်လတ်တို့ကို သတိမထားနိုင်ပါ။ ထွန်းအောင်လတ်က ဇင်ယော့်ကို မေးမြန်းနေသည်ကိုလည်း သူတို့ ဂရုမပြုနိုင်ပါ။

ဇင်ယော်က နှုတ်ဖြင့်မဖြေ။ ဖြေနိုင်အား မရှိတော့သလို ထွန်းအောင်လတ်ကိုကြည့်သော အငိုမျက်လုံးတွေက အဓိပ္ပါယ်ဖွင့်ပြနေသည်။ ဩ.. သင်း တွေ့ခဲ့သကိုး။

"စကားပြောကြသလား"

ဇင်ယော် မသိမသာ ခေါင်းခါသည်။

ဆက်လက် မဆွေးနွေးလိုတော့လေဟန် မျက်နှာလွှဲပြီး အဆောင်ကိုးဘက်ဆီသို့ မြင်ပုံမရသော မျက်လုံးတွေနှင့် တွေငေးနေသည်။ ထွန်းအောင်လတ် ထပ်မမေးတော့ဘဲ သူ့သူငယ်ချင်း၏ မျက်နှာကိုသာ အကဲခတ်နေမိသည်။

လုံး၀ အသွင်မတူပါဘဲ နှစ်ရှည်လများ ချစ်ခင်လာခဲ့ကြသော သူတို့နှစ်ယောက်၏ သံယောဇဉ်သည် ခိုင်မြဲလှသည်။ သူနှင့်ဇင်ယော်လောက် နနခိုင်နှင့်ဇင်ယော်မှာ ကွာဟချက်တွေ ရှိလှသည် မထင်ပါ၊ နူးညံ့ကြသည်။ ထက်မြက်ကြသည်။ လေးနက်ကြသည်။ သူတို့မို့ ကဗျာတွေ၊ ပန်းချီတွေအကြောင်း ဆွေးနွေးနေလျှင် ထွန်းအောင်လတ်သည် နံဘေးမှ နှုတ်ဆိတ်နေရသော အပြင်လူသက်သက်။

သို့သော် ထိုသို့ နံဘေးရောက်ရလည်း ထွန်းအောင်လတ် ကျေနပ်ခဲ့သည်ပင်။ ဇင်ယော်နှင့်သူက တစ်ကဏ္ဍ။ ဇင်ယော်နှင့် နနခိုင်က တစ်ကဏ္ဍ။

ခက်တာက သူတို့ နူးညံ့လွန်း၊ လေးနက်လွန်း၊ ထက်မြက်လွန်းသောကြောင့်များ ဤမျှ ခံစားထိရှလွယ်ကြလေသလား။ ဘာမဟုတ်သော ပြဿနာကလေးကို ဗာရာဏသီချဲ့ထွင်ကာ သူစိမ်းပြင်ပြင်တွေလို တစ်လမ်းစီ ကျောခိုင်းလျှောက်နေကြသည်။

နနခိုင် ပြတ်တောက်နိုင်သည်ဟု ထွန်းအောင်လတ် မယုံကြည်ပါ။ ရှင်းရှင်းကလေးပါပဲ။ ဇင်ယော်ကမှ မပြတ်တောက်တာပဲ။ အပေါ်ယံအပြင်ပန်းတွေမကြည့်ပဲ အတွင်းကျကျ ဆန်းစစ်ကြည့်လိုက်လျှင် အသိသာကြီးပါပဲ။

"အေ့.. ဟေ့.. အေ့.."

ထွန်းအောင်လတ်၏ ခုတင်ခြေရင်းမှ လူငယ်သည် တအေ့အေ့ လေချဉ်တက်နေသည်။ တစ်နှစ်ကျော် မတိုင်ခင်က ဘိန်းဖြူကို တစ်ခါမှမရှူပဲ သွေးကြောထဲ တမ်းထိုးခဲ့တာကလား။ ဆရာမများသည်လည်းကောင်း၊ တစ်ခန်းတည်း တစ်ဆောင်တည်းနေ လူနာများသည်လည်းကောင်း၊ စိတ်ထိခိုက်သည်နှင့်အမျှ စိတ်ချောက်ချားကြရလေ၏။

တစ်ယောက်ဆို ဆရာဝန်တွေက ဆက်လက်ကြည့်ရှု ကုသထားလိုဆဲမှာပင် တားမနိုင်ဆီးမရ လက်မှတ်ထိုးကာ ဆင်းသွားတော့သည်။ ထွန်းအောင်လတ်မှာ ဆင်းလည်းဆင်းချင်၊ နေလည်းနေချင်သည်။ ပြင်ပရောက်ရှိသွားလျှင် သူ့ကို အားလုံးက ပစ်ပယ်ထားကြတော့မလား။

ဆေးရုံမှ ဆင်းသွားရမှာ သူ ကြောက်ရွံ့နေပြန်သည်။ သူ့တွင် အိပ်မျှအိုင်ဗွီပိုးတွေ့နေမှာ သေချာသလောက်ရှိနေပါပြီ။ သူ လမ်းလျှောက်နိုင်ကတည်းက ဆရာဝန်တွေက သီးသန့်ခေါ်ယူ အားပေးဆွေးနွေးလေ့ရှိတာ သုံးလေးကြိမ် မကတော့။

သူ ဆေးလိပ်ဖြတ်ဖို့၊ ဆေးမှန်မှန်စားဖို့၊ မိဘမောင်နှမများက သူ့အပေါ် သံယောဇဉ်ရှိတာ သေချာတာမို့ သူက သံသယဖြေဖျောက်ပြီး သင့်တင့်အောင်နေထိုင်ဖို့။ အဓိကကတော့ အိပ်ချ်အိုင်ဗွီပိုး ဘယ်လိုကူးသည်၊ အေအိုင်ဒီအက်စ် ဘယ်လိုဖြစ်သည်။

သူ့မှာ ပိုးတွေ့ထားပြီလား။

သူ အေအိုင်ဒီအက်စ်ဟု ခေါ်ဆိုနိုင်သောအဆင့် မရောက်သေးဘူးလား၊ ရောက်နေပြီလား။

သတိထားနေထိုင်နိုင်လျှင် နောက်ထပ် နှစ်ပေါင်းများစွာ လူကောင်းပကတိ နေနိုင်ဦးမှာလား။ ဒါတွေ သူ သိချင်သေးသည်။

ယနေ့ထက်တိုင် စိတ်မကောင်းဖြစ်ရသည်မှာ နနခိုင်သည် သူ့ကို ခေါ်ယူဆွေးနွေး မေးမြန်းခြင်းမရှိ။

အခြား ထသွားထလာနိုင်သူ လူနာတိုင်းကို နနခိုင် မေးမြန်းစုံစမ်းမှတ်သားသည်။ ပုံစံဖြည့်သည်။ သူ့မိခင်နှင့် အစ်မကိုပင် နနခိုင် ခေါ်ယူမေးမြန်း ဆွေးနွေးနှစ်သိမ့်သည်။

သူနှင့် သိကျွမ်းခင်မင်ဖူးပါသည်ဟု နနခိုင် ဖွင့်ဟပြောပြရဲ့လား သူ သိချင်သည်။

သို့သော် ဆိုခဲ့ပြီးသည့်အတိုင်း သူက မိသားစုနှင့် သဟဇာတ ဖြစ်လှတာ မဟုတ်။ သိချင်တာက တခြား၊ အလိုက်သတိ ပြောမပြဘဲနှင့်တော့ သူက စတင်မေးမြန်းမနေချင်။ အေးလေ.. ဆရာဝန်မကသာ သိကျွမ်းပါသည် ပြောပြလို့ကတော့ သူ့မိခင် သူ့အစ်မက ပြန်ပြောပြမှာပါ။ ဘယ်နေလိမ့်မလဲ။

"ဟော့.. ကုလားလေး၊ ဒေါ်နနခိုင်က သုတေသနခန်းကို လာခဲ့ပါတဲ့။ ထမင်းစားပြီးရင် လွှတ်လိုက်ပါ မှာတယ်"

အထွေထွေအလုပ်သမားကြီး ဦးလူလေးက ပြောသည်တွင် ထွန်းအောင်လတ် အံ့အားကြီးသင့်နေသည်။ သူ ဆင်းရတော့မှာမို့ မေးမြန်းဆွေးနွေးဖို့ ခေါ်တယ်ဆိုတာပဲဟု နားလည်လိုက်သည်။

သူသည် ဂျစ်တူးတူးပေကတ်ကတ် အင်မတန်နိုင်သည့် လူစား။ သူ့အပေါ် မသိသလို စိမ်းစိမ်းကားကား နေခဲ့သော နနခိုင် ခေါ်သည်ကို ဖြစ်နိုင်လျှင် မသွားချင်ပါ။

ဆေးရုံစည်းကမ်းများကို လေးစားသမှုနှင့် သွားရရုံဆိုလျှင် သူ မူးသည်၊ အန်သည်၊ ခြေမသယ်နိုင်ဘူးနှင့် ခွေပြီး မူယာမာယာ များနေလိုက်လည်း ဖြစ်သည်။

ယခုမူ သူ့အပေါ် နနခိုင် ဘာကြောင့် သူစိမ်းတွေလို ဆက်ဆံသလဲဆိုတာ သူ သိချင်သေးသည်။ သူဟာ အိပ်ချ်အိုင်ဗွီပိုးရှိသူတစ်ယောက်မို့လား မေးကြည့်စမ်းချင်လှသည်။

သိချင်စိတ်၊ ပြီးတော့ ဇင်ယော်အတွက် အယူခံဝင်ချင်စိတ်တွေက သူ့ကို တွန်းပို့သဖြင့် နနခိုင်ရှေ့မှောက်သို့ သူ ရောက်ရှိသွားခဲ့လေသည်။

ဇင်ယော်နှင့်တွေ့စက နနခိုင်ဟာ ဂါဂန်ကလေးနှင့် တကယ့် ကလေးအရွယ်မျှသာ ရှိသေးသည်ဟု ဆိုသည်။ သူ စတင်တွေ့ဖူးစမှာပင် နနခိုင်သည် အစွမ်းကုန် မပွင့်လန်းသေးသည့် ပန်းဖူးငုံကလေး အရွယ်မျှသာ ရှိသေးသည်။

ထိုစဉ်က သူထင်မှတ်ခဲ့သည်မှာ အရွယ်ချင်း သဘောချင်း တူမျှလှသော ဇင်ယော်နှင့် နနခိုင်၏ ဘဝ နှစ်ခုလောက် ဘယ်အရာမှ မနီးကပ်နိုင်တော့ဘူးဟု အထင်တကြီး မော်ကြည့်ကြည်နူးခဲ့မိလေသည်။

တကွဲတပြားစီ၊ တစ်ပုံစံစီ၊ တစ်ဆင့်စီ ခြားနားခဲ့ရပုံများကတော့ ပြန်တွေးလိုက်တိုင်း သူ ရင်နာမိသည်။ ထွန်းအောင်လတ်သည် နနခိုင်ရှိနေသော သုတေသနယူနစ်တံခါးဂတွင် အတန်ငယ် တွန့်ဆုတ်စွာ ရပ်တန့်နေခဲ့ လေသည်။ အဲဒါပါပဲလေ။ အခြေအနေချင်းက ဆန့်ကျင်ကွာဟလွန်းလှသည် မဟုတ်လား။

နနခိုင်သည် ဆေးကျမ်းဖြစ်လေဟန်တူသော စာအုပ်ထူကြီးတစ်အုပ်ကို စိတ်ဂင်တစား ဖတ်ရှုကာနေသည်။ သူ ရောက်နေသည်ကို နနခိုင် လုံးဂ အမှတ်ထားမိပုံ မရ။ သူကလည်း အသံမပြုပေ။

ရပ်တန့်စောင့်ဆိုင်းရင်း နံဘေးမှ လူနာလက်ခံဌာနသို့ ငေးမောနေမိသည်။ ထိုဌာနအတွင်းမှာ ရှိနေသော ဂန်ထမ်းနှစ်ယောက်သည် သူ့အာရုံနှင့်သူ စာကုန်းရေးမှတ် စာရင်းဖြည့်ရင်း ထွန်းအောင်လတ်ကို လှမ်း၍မျှ မကြည့်အား။

ထွန်းအောင်လတ်အတွက်တော့ ကံကောင်းထောက်မတာပဲ ဖြစ်သည်။ စက်သံပြင်းသော ကားတစ်စီးသည် ဆေးရုံဂင်းတံခါးဆီမှ တဖြောင့်တည်းလမ်းအတိုင်း တအီအိဂင်လာသည်။ အရေးပေါ် လူနာတင်ကားကြီး။

သည်ရက်တွေမှာ ဂမ်းပျက်ဂမ်းလျှောလူနာတွေ ဆက်တိုက် ရောက်ရောက်လာသည်။ လူနာထားစရာ ခုတင်ပင် မကျန်အောင် တင်းကျမ်း ကျပ်သိပ်နေ၏။

ထွန်းအောင်လတ်တို့အဆောင်နှင့် ဂမ်းပျက်ဂမ်းလျှောလူနာဆောင်သည် အတန်အသင့် အလှမ်းဂေးသည့် တိုင် ထူထောင်သွားလာနေနိုင်ပြီဖြစ်သော ထွန်းအောင်လတ်က ယနေ့နံနက်ကတည်းက ဂင်လာသောလူနာ ဆယ်ယောက်ထက်မနည်းကြောင်း သတိထားမိနေလေသည်။

ဂင်လာသော လူနာသယ်ယူပို့ဆောင်ရေး ကြက်ခြေနီကားသည် သုတေသနယူနစ်အလွန် တံစက်မြိတ် အမိုးအောက်တွင် ထိုးရပ်လိုက်သည်။

ကားပေါ်ပါလာသော လူနာ၏ဆွေမျိုးမိတ်သင်္ဂဟတွေ ခုန်ဆင်း၊ အဆောင်တွင်းမှလည်း အခြေအနေ လှမ်းမျှော်စူးစမ်းကာ လူနာတင်အခင်းချပ် အပြေးသယ်ယူလာနှင့်။

“ကိုထွန်းအောင်လတ်၊ လာလေ၊ ဂင်ခဲ့ပါ”

အာရုံလွင့်မျော စူးစမ်းနေခိုက်မှာ နနခိုင်လည်း ဖတ်လက်စစာအုပ်မှ လိပ်ပြာခွာပြီး သူ့ကို တွေ့မြင်ပုံရသည်။ အနည်းဆုံး သူမ၏လူနာအဖြစ်တော့ သူ့ကို စောင့်မျှော်နေနိုင်တာပဲ မဟုတ်လား။

သူက နနခိုင်၏မျက်နှာတွင် စိတ်ဂင်တစား စူးစမ်းရှာဖွေသည်။ မာနလား၊ ခွဲခြားတာလား၊ အထင်အမြင် သေးသိမ်တာလား။ သူ ဘာမှ အဖြေရှာမရ။ အေးစက်မှုကိုသာ ခံစားလိုက်ရသည်။

ဟိုတုန်းကလည်း ဇင်ယော်နံဘေးမှာ လိုက်ပါသွားသောအခါ သူသည် အပြင်ဘက်တော့ အနည်းငယ် ရောက်နေတတ်ပါသည်။ သို့တစေ ထိုစဉ်က နံဘေးမှ ပွဲကြည့်ပရိသတ်အဖြစ် ကျေနပ်ညွတ်နူး နေခဲ့မြဲ ဖြစ်ပါသည်။

ခုလို မကျေမချမ်းမှုနှင့် တင်းကျပ်မနေခဲ့ရဘူးလေ။

"ဆေးရုံတတ်စက တစ်ရာနဲ့နှစ်ပေါင်နော်။ ဒီနေ့ချိန်တာ တစ်ရာနဲ့ဆယ့်လေးပေါင်၊ အတော်ကလေး ကြံ့ခိုင်လာပြီပဲ"

ဟင်.. နနခိုင်က ခုကျတော့ တရင်းတနှီး နှစ်လိုအားရပါပဲလား။

"ဟုတ်ကဲ့၊ ကျွန်တော် ဆင်းရတော့မယ်လို့ ဆရာဂန်ကြီးက ပြောသွားပါတယ်"

"ရှင့်သလိပ်မှာ ပိုးမတွေ့တော့ဘူးလေ။ ဆေးက ရောဂါကို နိုင်စပြုနေပြီ။ ဒီအချိန်မှာ တခြား ရောဂါပြင်းထန် နေသေးတဲ့လူတွေဆီက ပြန်ကူးမှာ စိုးရိမ်ရတယ် မဟုတ်လား။ အိမ်ပြန်ပြီး အေးအေးဆေးဆေး အနားယူဖို့ လိုတာပေါ့"

ထွန်းအောင်လတ် တိတ်ဆိပ်နေသည်။

"ပြန်မသွားခင် ရှင့် ကိုယ်ရေးရာဇဝင်ကလေး ပုံစံမှာ ဖြည့်ယူထားချင်လို့နော်"

သူ့ လူနာမှတ်တမ်းကို နနခိုင်၏ စားပွဲပေါ်တွင် သူ မြင်တွေ့နေသည်။ သူတို့ မြင်ခွင့်မရှိသော်လည်း နေ့စဉ် လှည့်လည်ကြည့်ရှုသော ဆရာဂန်ဆရာမတွေ၏ လက်ထဲမှ သူ့ ကိုယ်ပူချိန်ဇယားကို မြင်တွေ့ဖန်များသဖြင့် မှတ်မိနေပြီ။ အစပိုင်းက ငါးမန်းစွယ်တွေလို ထိုးထောင်တက်ဆင်းနေသည်။ နောက်ပိုင်း တောင်ဆင်ခြေလျှောလို ပြေဆင်းလာတော့လျက် လွင်ပြင်တစ်ပြေးညီ နေတော့သည်။

"ထွန်းအောင်လတ်ခေါ် အဘိဓရာဟင်"

"အသက်က သုံးဆယ့်နှစ်နှစ်နော်"

ဇင်ယော့်ထက် နှစ်နှစ်ကြီးတယ်ဟု စိတ်ထဲမှ အဖြေပေးကာ ကြောင်တောင်တောင် ငေါ်စင်းစင်း ကြည့်နေ၏။

"မိဘနာမည်က ဦးမာမွတ်၊ ဒေါ်အမီနာ"

သူ၏လူနာမှတ်တမ်းမှ ဖတ်ရှုအတည်ပြုရင်း ပုံစံတွင် ဖြည့်သွင်းရေးမှတ်နေသော နနခိုင်ကို သူက တိတ်ဆိတ်စွာ ကြည့်မြဲကြည့်နေသည်။ သူ့မိဘနာမည်တွေမသိတာတော့ လက်ခံပါသည်။ အသိုင်းအဝိုင်း မကူ၊ အဆက်အစပ်မရှိပါဘဲ ဘယ်လိုလုပ် သိခဲ့ပါ့မလဲ။

"မွေးသက္ကရာဇ် မှတ်မိလားဟင်"

"ငါးဆယ့်ရှစ်ခု၊ ဒီဇင်ဘာလ"

ဇင်ယော်က ခြောက်ဆယ်၊ ဒီဇင်ဘာ၊ အင်္ဂါသားဟု မမေးဘဲ စိတ်ထဲမှ အဖြေပေးနေသည်။

"နေရပ်လိပ်စာက"

ဒါကိုတော့ အသံထွက် မဖြေ၊ သူ မင်္ဂလာတောင်ညွန့်မှာ နေခဲ့တာ။ ကုလားကျောင်းမှ ဘကြီး ဦးဒါဂိတ်အိမ် ရောက်လာပြီး ဖင်ယော်နှင့် တွေ့ဆုံရင်းနှီးခဲ့တာ။ ဖင်ယော့်ကြောင့်ပဲ ဒေါ်နုနုခိုင်နှင့် သိကျွမ်းခင်မင်ခွင့်ရခဲ့တာ။ ဒါတွေကို ဆရာဂန်မကြီး မမှတ်မိဘူးတဲ့လား။

ထွန်းအောင်လတ် မယုံကြည်နိုင်ပေါင်ပါ ခင်ဗျာ။

နုနုခိုင်က လူနာမှတ်တမ်းမှ ဖတ်ပြပြီး သူ့ထံမှ ကန့်ကွက်ခြင်းမရှိသောကြောင့် အတည်ပြုရေးမှတ်ပြန် လေသည်။ ကြည့်ရင်း ကြည့်ရင်း နုနုခိုင်၏ မေးရိုးတွေ မာကျောကြံ့ခိုင်သည်ကိုလည်းကောင်း၊ လက်ချောင်းများ မာကျောဖြောင့်စင်းသည်ကိုလည်းကောင်း သူ သတိထားမိလာသည်။ ဒါတွေဟာ နုနုခိုင် ပြတ်တောက်မှုကို ညွှန်းဆိုနေတာပဲ ထင်သည်။

"အိမ်ထောင်"

နုနုခိုင်က မျက်ခုံးတစ်ဖက်ချီကာ ခပ်ဆိုင်းဆိုင်း မေးသည်။ ထွန်းအောင်လတ် ခေါင်းခါသည်။

"ကျွန်တော်ကို့ သူငယ်ချင်းနှစ်ယောက်ဟာ တခြားအဖော် မရှာကြပါဘူး"

ကဲကွာ.. မှတ်ဟ။ ဘယ်လိုများ အကွက်ဂင်အောင် ပြောပြရပ့ါမလဲ ကြံစည်နေတာ ဘယ်လောက် ကြာပြီ ထင်သလဲ ဒေါ်နုနုခိုင်။ ခုမှပဲ ဟင်း..။

ထိသွားသည်။

ဒေါ်နုနုခိုင်၏ မျက်ခုံးမွဲမွဲကလေးတွေတစ်ဂိုက်မှာ သွေးရောင်ဖြန်းသွားလျက် ခံ့ခိုင်ပုံရသော မေးကြောတွေ တင်းခနဲဖြစ်သွားသည်။ ဖင်ယော့်ခများ ရင်ကွဲပက်လက်ဖြစ်ကာ ယနေ့ထက်တိုင် ဘဂပျက်ဆဲ ဖြစ်ကြောင်း ဂုဏ်ကြီးရှင်ဒေါ်နုနုခိုင် တစ်စွန်းတစ်စ ရိပ်မိသွားပြီ မဟုတ်လားဟင်။

"အလုပ်အကိုင်ကော"

"အခု ကျွန်တော်မှ မကျမ်းမာတာ"

"ကျမ်းမာနေစဉ်တုန်းကကော"

"အရင်ကတော့ ကျွန်တော့်အဖေဂပ်ရှော့မှာ ဂင်လုပ်တာပေါ့။ နောက်တော့ ဂပ်ရှော့မလုပ်ဘူး။ သူငယ်ချင်း တစ်ယောက်အိမ်မှာ ကပ်နေတယ်။ အိမ်လခပေးတာ ကျွေးတာကတော့ သူငယ်ချင်းပဲ"

ထွန်းအောင်လတ်ကို မေးသလောက်ကတော့ အဖြေမှာ သူ့သူငယ်ချင်း ပါနေမှာပဲဆိုတာ နုနုခိုင် ကြိုတင် တွက်ဆထားမှာပဲ။ ဒါကြောင့်လည်း သူ ထူထောင်လာတာ တစ်လလောက်ရှိပြီပဲဥစ္စာ။ ခေါ်ယူမေးမြန်းဆွေးနွေးမှု မရှိခဲ့ဘဲ ဆေးရုံဆင်းခိုင်းတော့မည့်အချိန်ကျမှ မလွှဲမရှောင်သာ တွေ့ဆုံတော့တာပေါ့။

"သူငယ်ချင်းက ဘာအလုပ်လုပ်သလဲ"

တိုးတိတ်လွန်းလှသဖြင့် ထွန်းအောင်လတ် မနည်းကြီးကို နားစွင့်ရသည်။

"သူငယ်ချင်း သူ့အလုပ်ကို ပြန်မသွားကတည်းက အခြေယိုင်နဲ့သွားတာပေါ့ဗျာ။ အခု ဒေါ်လာပွဲစား၊ ကားပွဲစား လုပ်နေတာပေါ့ဗျာ။ ပိုက်ဆံတော့ ရပါတယ်။ အရာရှိမဟုတ်တော့ဘူးပေါ့"

ဘောလ်ပင်ကိုင်ထားသော နုနုခိုင်၏ လက်ကလေးက ဆတ်ဆတ်တုန်လာသည်။ ဆတ်ကနဲဆို မျက်လွှာပင့်ကြည့်နေသော နုနုခိုင်၏ မျက်လုံးတွေမှာ ဒေါသခိုးတဝေဝေနှင့် မျက်ရည်တွေလည်း ဝေ့လည်နေ၏။

"ကိုထွန်းအောင်လတ်၊ ဒါဟာ ကျွန်မရဲ့အလုပ်၊ အလုပ်နဲ့ သက်ဆိုင်တာပဲ ကျွန်မ မေးတယ်။ မေးတာပဲ ဖြေပါ။ မဆိုင်တာတွေ ခနီးခနဲ့ မလေးမခန့် မလုပ်စေချင်ဘူး"

ထွန်းအောင်လတ်ကား ပြောင်းလဲလှုပ်ရှားခြင်း မရှိ။

"ဒေါက်တာက ဘာအလုပ်လုပ်သလဲ မေးတာကိုပဲ ကျွန်တော် ဖြေတာပါ"

"ကျွန်မ သိချင်တာက ရှင့်ကို ဘယ်လောက်ထောက်ပံ့နိုင်သလဲ ဆိုတာပဲ။ ရှင့်အတွက်ပဲ"

"ဟုတ်ကဲ့၊ ကျွန်တော် အဲဒါ ဖြေတာပါပဲ"

နုနုခိုင် အသက်မြန်မြန်ရှူရင်း စကားမဆက်နိုင်ဘဲ ခေတ္တခဏ တည်ငြိမ်မှု ရှာဖွေနေရသည်။ ပညာတတ် ပေပဲလေ။ စိတ်ထဲရှိသလောက် ဖွင့်၍ပြရမှာမှ မဟုတ်တာ။ ထိန်းချုပ်နိုင်ရပေမပေါ့။

မိနစ်ပိုင်းအတွင်းမှာပင် နုနုခိုင်က သူမ၏ အထက်စီးနေရာကို ပြန်လည်ရယူနိုင်သွားတော့သည်။

"မောင်နှမ ဘယ်နှယောက်ရှိသလဲ"

"ခြောက်ယောက်၊ အကြီးဆုံး အစ်မ၊ ကျန်တာ ယောကျ်ားတွေချည်းပဲ။ ကျွန်တော်က အငယ်ဆုံးပါ"

"အဖေက ဂပ်ရှော့ထောင်တယ်နော်။ အမေကတော့ မှီခိုပဲပေါ့"

သူ့အတန်းပညာ။

သူ ဘယ်အရွယ်က ဆေးလိပ်စပြီး သောက်တတ်လာသလဲ။

"ရှစ်နှစ်သား ကိုးနှစ်သားကတည်းက ပစ်ထားတဲ့ဆေးလိပ်တို ကောက်ပြီး တံခါးကြားထဲ ခိုးသောက်တာပဲ။ ဆယ့်သုံးလေးနှစ်သားကျတော့ စီးကရက်ပါ သောက်တတ်ပြီ"

"အရက်"

"စီးကရက်သောက်လိုက်၊ အရက်စမ်းလိုက်နဲ့ပဲ၊ အရက်ကို မကြိုက်ဘူး၊ နောက်ပိုင်းတော့ အရက် မသောက်တော့ဘူး"

"လုံးဂ မသောက်တာလား"

"လုံးဂပဲ"

"အဲဒါ ဘယ်လောက်ကြာပြီလဲ"

"စမ်းသောက်ပြီး မကြိုက်လို့ မသောက်တာဆိုတော့ ဆယ့်ငါးနှစ် အနှစ်နှစ်ဆယ် ရှိရောပေါ့"

"ဆေးကော၊ ဆေးခြောက်တို့၊ နံပတ်ဖိုးတို့"

"ဆေးခြောက် တစ်ခါမှ မစမ်းဖူးဘူး။ နံပတ်ဖိုးကတော့ ခုနကပြောတဲ့အတိုင်း ဆယ့်သုံးလေးနှစ်သား ကတည်းကပဲ။ စီးကရက်ထဲ ထည့်သောက်တယ်။ အမှုန့်ချည်းရှူတယ်။ အထိုးနည်းပါတယ်။ ကျွန်တော်က အကြောမှ မပေါ်တာ"

ထွန်းအောင်လတ်က သူ့လက်ခုံတွေ စားပွဲပေါ်တင်ကာ ဆန့်ပြသည်။

ဟုတ်ပါရဲ့၊ အသားအရေ ရှိလာခါစ ဆိုရုံကလေးမှာတင် အကြောအချင်မပေါ်ပဲ ချောမွတ်ပြေပြစ်နေသည်။

"ထိုးတော့ ထိုးတယ်ပေါ့နော်"

"ဟုတ်ကဲ့၊ ဆေးထိုးတော်တဲ့ ဘော်ဒါနဲ့ ဆိုရင်တော့"

"အပ်တစ်ချောင်းတည်းကို တစ်လှည့်စီ ထိုးတာပေါ့နော်"

"ဟုတ်တယ်၊ ထိုးပါတယ်"

"ဘယ်နှစ်ယောက်လောက် ရှိသလဲ"

"မမှန်ပါဘူး၊ ဟိုတုန်းက အတူသုံးနေကျကောင်တွေက ထောင်ကျတဲ့သူတွေ၊ သေတဲ့သူတွေ၊ အထက် တက်သွားတဲ့လူနဲ့"

"သေတာ ဘာဖြစ်ပြီးသေတာလဲ သိသလား"

"ထောင်ထဲမှာ သေတာက သွက်ချာပါဒလိုက်တယ် ကြားတယ်။ တစ်ယောက်ကတော့ ဆေးထိုးများပြီး ကြံတောမှာသေတာပဲ"

"ဆေးထိုးအပ် မသန့်တာလား၊ ဆေးလွန်တာလား"

"နှစ်ခုလုံး ဖြစ်နိုင်ပါတယ်။ ရေမသန့်တာလဲ ဖြစ်နိုင်တာပဲ။ ခိုးလုပ်ရတာဆိုတော့ မိုးရေရှိချင်မှရှိတာ၊ မြောင်းထဲက အိုင်ထဲကလည်း ကဲ့ခပ်ချင် ခတ်နေတာပဲ"

"အခု ဆေးသုံးနေတုန်းပဲလား"

"ဆေးရုံတက်ကတည်းက ပြတ်နေပါတယ်"

"အရှေ့ပိုင်းဆေးရုံမှာတုန်းကကော"

ထွန်းအောင်လတ်က ဂျစ်ကန်ကန် မျက်နှာပေးနှင့် -

"အဲဒီတုန်းက ကျွန်တော် သေပြီလို့ ကျွန်တော့်ကိုကျွန်တော် ထင်နေတာ၊ သတိ ဘာမှမရှိဘူး။ ဖိုးသုံးဖို့ နေနေသာသာ"

နုနုခိုင် တောင်းပန်သလို ယဲ့ယဲ့ပြုံးပြီး -

"ဆေးနဲ့ပက်သက်ပြီး အမှုအခင်း ဖြစ်ဖူးသလား၊ ထောင်ကျဖူးသလား"

"အဲဒီတစ်ခေါက်က ကျွန်တော်ထိုးဖို့ မဟုတ်ဘူး။ တခြားကောင်တွေအတွက် အပ်နဲ့ပိုက်နဲ့ ဆေးရှာလာပေးတာ။ ကျွန်တော်က ရှုရုံပဲရမယ်။ ဒါပေမယ့် ဆီးစစ်တာလည်း ကျတယ်။ ပစ္စည်းလက်ဝယ်တွေ့ရှိမှုနဲ့လည်း စွဲတယ်။ ရှစ်နှစ်ချတာ။ ဒါပေမယ့် ဆယ်လပဲ ကြာလိုက်တယ်၊ ရှစ်ဆယ့်ခုနစ်တုန်းက ချတာ"

နုနုခိုင်က မေးခွန်းအနည်းငယ် ကျန်သေးသည်ကို ခေတ္တ ချိန်ဆနေသည်။

"သွေးလှူဖူးသလား"

"ဟင့်အင်း.. ကျွန်တော် စိတ်မဝင်စားဘူး"

"သွေးသွင်းဖူးလား"

"မသွင်းဖူးပါဘူး"

"သွေးကနေ ဘာရောဂါတွေ ကူးတတ်သလဲ သိလား"

ထွန်းအောင်လတ် မှုန်တေတေနှင့် -

"အေအိုင်ဒီအက်စ်"

"အိပ်ချ်အိုင်ဗွီဆိုတာ ကြားဖူးလား"

"ကြားဖူးပါတယ်။ ကျွန်တော်က အတိုကောက်ဖြေလိုက်တာပါ။ အိပ်ချ်အိုင်ဗွီဆိုတာ ရောဂါပိုး၊ အေအိုင်ဒီအက်စ်ဆိုတာ အဲဒီပိုးက ခုခံအားကျဆင်းစေလို့ ဖြစ်လာတဲ့ ရောဂါလက္ခဏာတွေ၊ ကျွန်တော် ကြားဖူးပါတယ်"

"မှန်ပါတယ်၊ ကိုထွန်းအောင်လတ်ပြောတာတွေ အမှန်ပါပဲ။ အဲဒါတွေ ဘယ်တုန်းက သိထားတာလဲ"

"အရင်ကတော့ အေအိုင်ဒီအက်စ်ဖြစ်မှ အေးမယ်၊ ဘာညာ အချင်းချင်း နောက်ကြပြောင်ကြ၊ ဒါပဲ ကြားဖူးတာပါ။ မူးယစ်ဆေးထိုးရင်း ဖြစ်တယ်။ လိင်မှုအပျော်အပါး ဆင်ခြင်ပါ။ ဒါမျိုးလောက်ပဲ"

"ဘယ်တော့မှ သေချာသိတာလဲ"

"အဆောင်သုံးကလည်း ဆွေးနွေးရှင်းပြ၊ ပြီးတော့ ဒီရောက်နေတော့ ဒါပဲဖြစ်မှာပဲဆိုပြီး.."

"ဖြစ်နေပြီဆိုရင်ကော ကိုထွန်းအောင်လတ် ဘယ်လိုခံစားရမလဲဟင်"

"ဘယ်တတ်နိုင်မလဲ ဒေါက်တာ"

"ရှေ့ကော ဆက်သုံးဦးမှာလား"

ထွန်းအောင်လတ် ဖြည်းလည်းစွာ ခေါင်းခါယမ်းသည်။

"နေနိုင်ပ့ါမလား၊ တချို့ကပြောတော့ ဆေးရယ်၊ ပိုက်ရယ်၊ အပ်ရယ် ရှေ့ချပေးလို့ကတော့ ကောက်ထိုးမိဦးမှာပဲတဲ့။ ဆေးသမား ဆေးပြတ်တယ်လို့ မရှိဘူး။ ဆေးနားတယ်ပဲ ရှိတယ်တဲ့"

"ကျွန်တော် ကောက်မရှူမိဘူး ထင်တာပဲ"

"ကြိုးစားကြည့်မယ် မဟုတ်လား"

"အပ်တစ်လည့်စီထိုးမှ သွေးကတစ်ဆင့် ကူးတာမဟုတ်လား ဒေါက်တာ။ ရှူတာက သွေးမှမပါဘဲ"

ထွန်းအောင်လတ် အသိဉာဏ်အဆင့်မှီသည်ဟု နုနုခိုင် တွေမိလိုက်လေသလား မသိ။ အမှတ်မဲ့သွားပေါ်အောင် ပြုံးလိုက်လေသည်။ ဟန်လုပ်ကာ တင်းထားသော ဣန္ဒြေသံပတ်နှင့် ပိုင်းခြားထားသော စည်းတို့သည် သတိလစ်ဟင်း လျော့ရဲသွားခဲ့၏။

"ဒါပေမယ့် အဲဒါတွေဟာ ခုခံအားကို ပိုပြီး ကျဆင်းမြန်စေမှာပေ့ါ"

"ကျွန်တော့်မှာ ပိုးတွေ့ထားပြီးပြီပေ့ါနော်"

နုနုခိုင်က သူ့ကို ဘာပြောရမလဲ ချိန်ဆစဉ်းစားဟန် ခပ်ငေးငေးကြည့်သည်။

"အဆောင်သုံးက ဆရာကြီးတွေက ဘာပြောလိုက်သလဲ"

"ဒီပိုးနဲ့ ဒီရောဂါအကြောင်းတွေ ရှင်းပြတာပါပဲ။ သွယ်ဝိုက်ပြီး ပြောပြောနေတာ။ နောက်ဆုံးတော့ ဒါပဲဆိုတာ သိတော့သိပါပြီ။ ဆေးရုံမဆင်းခင်တော့ ဖွင့်ပြောတော့မှာပါ။ ဒါပေမယ့် ကျွန်တော် သိနေပြီ။ တစ်ဆိပ်လောက် ဒေါက်တာ ဖွင့်ပြောပေးပါလား"

နုနုခိုင် ကျဉ်းထဲကျပ်ထဲ ရောက်နေဟန် နှာရောင်တွင် အတွန့်ကလေး အစင်းကလေး ထင်ဟပ်လာ၏။

"ပိုးတွေ့တယ်လို့သိရင် ရှင် ဘယ်လိုခံစားရမလဲဟင်"

သည်အခါတွင် ထွန်းအောင်လတ် မချိတရိပြုံးသည်။

"စိတ်တော့ မကောင်းဘူးပေ့ါ။ ဒါပေမယ့် သေချာသွားပြီဆိုတော့ ကျွန်တော် ဆင်ခြင်ရတော့မှာပေ့ါ။ ကျွန်တော် သွေးမလှူဘူး။ ကျွန်တော် စိတ်ရှုးပေါက်လို့ နံပတ်ဖိုးထိုးချင်လည်း သူများနဲ့အတူ အပ်တစ်ချောင်းတည်း တစ်လှည့်စီ မထိုးဘူး"

"ဒါပေ့ါ၊ ကိုထွန်းအောင်လတ်ဆီက ကူးမှာကြောင့်ချည်း မဟုတ်ဘူး။ သူတို့ဆီမှာရှိပြီးတဲ့ ပိုးကလည်း ကိုယ့်ကိုယ်ထဲ ရောက်လာနိုင်သေးတယ်။ ပိုးချင်းတူပေမယ့် လူကောင်းလူဆိုး၊ လူပျော့လူကြမ်း ကွာသလို ကွာတတ်သေးတယ်လေ။ သူ့ပိုးက သိပ်ကို အတိုက်အဖျက်များတဲ့အစားဆိုရင် ခုခံအားတွေ ပိုပြီးမြန်မြန် ကျဆင်းသွားနိုင်တာပေ့ါ"

ထွန်းအောင်လတ်သည် နားထောင်ရင်း ဘာကိုပိုပြီး သဘောပေါက်လာသလဲဆိုတော့ သူ့မှာ ပိုးတွေ့ထားပြီး ဖြစ်၍သာလျှင် တစ်ယောက်ပြီးတစ်ယောက် ဤမျှ ဆွေးနွေးပို့ချ နှစ်သိမ့်ပညာပေးနေကြတာပဲ ဆိုတာပဲ ဖြစ်သည်။

"လူဆိုတာ တစ်သက်မှာ တစ်ခါသေမှာချည်းပါပဲ။ ဒီနေ့ အကောင်းသားကြီးပေမယ့်လည်း နောက်နေ့ကားတိုက်သေနိုင်တယ်။ အရူးတစ်ယောက် စိတ်ရူးပေါက်ပြီး ဓါးချွန်နဲ့ ဂင်မွှေသွားနိုင်သေးတယ်။ ရုတ်တရက်အပြင်းဖျားပြီး တစ်ရက်နှစ်ရက်အတွင်း ကောက်ကာငင်ကာ အသက်ပါသွားနိုင်သေးတယ်။ ကွေးသောလက်မဆန့်မီ ဆန့်သောလက် မကွေးမီတဲ့"

ထွန်းအောင်လတ် ရိုကျိုးစွာ ခေါင်းညိတ်သည်။

"ကျွန်တော် အေအိုင်ဒီအက်စ် ဖြစ်နေပြီလား"

"အဲဒီလိုပြောဖို့အထိ ပုံစံမဝင်သေးပါဘူး။ ဆိုလိုတာက အေအိုင်ဒီအက်စ်လို့ သတ်မှတ်ရမယ့်အဆင့်အထိ ခုခံအား မကျဆင်းသေးပါဘူး"

သူငယ်ချင်းတစ်ယောက်အနေနှင့်ပဲဖြစ်စေ၊ ဆရာဝန်တစ်ဦးအနေနှင့်ပဲဖြစ်စေ၊ သူ့အပေါ် ဂရုတစိုက်အရေးတယူ ရှင်းပြနှစ်သိမ့်နေသည့်အတွက် သူ လေးစားရပါသည်။ တန်ဖိုးထားရပါသည်။

"ကိုထွန်းအောင်လတ်မှာ ပိုးရှိတယ်ထား၊ ပိုးတွေ့ပြီး ခြောက်လကနေ ဆယ်နှစ်အထိ လူကောင်းပကတိရှိနေနိုင်ပါတယ်။ ဒီကြားထဲ တခြားတစ်ခုခုသော ပယောဂနဲ့သာ သေချင်သေသွားမယ်။ ခုခံအားသိပ်မကျအောင် ဆင်ခြင်နေထိုင်ဖို့ပဲ။ အဓိက အရေးကြီးတာက စိတ်ဓါတ်မကျဖို့ပဲ"

သူ သဘောပေါက်သည်။

"ဟုတ်တယ်၊ စိတ်ဓါတ်ကျပြီး စောစိန်ဆိုင်း ဆုံးသွားတယ်"

"ဟုတ်တယ်၊ သူက လုံးဝ စိတ်ဓါတ်ကျသွားတာကိုး"

နုနုခိုင်သည် ထွန်းအောင်လတ် သဘောပေါက်လွယ်တာကြောင့် အားတက်သွားဟန်တူသည်။ သူမ ချန်လှပ်ချင့်ချိန်နေပုံရသော မေးခွန်းကို ခုမှပဲ မျှော့သွေးတိုးစမ်း ဖော်ထုတ်စပြုသည်။

"ကိုထွန်းအောင်လတ်က မူလသဘောထားကိုပြောင်းလဲပြီး အပြုအမူအနေအထိုင် ဆင်ခြင်မယ်လို့ ကျွန်မသဘောပေါက်ပါတယ်။ ဒီတော့ရင် လိင်မှုကိစ္စနဲ့ ပက်သက်လို့"

ထွန်းအောင်လတ် လက်ကာသည်။ ပျာပျာသလဲ တားမြစ်ရင်း မည်းမှောင်သောမျက်နှာသည် အမှည့်လွန်သော သပြေသီးပမာ ညိုပုတ်လာ၏။

"ကျွန်တော် လုံးဝကင်းပါတယ် ဒေါက်တာ။ ငယ်ငယ်ကတည်းက ဆေးမှဆေးပဲ။ မိန်းမတွေကို ကျွန်တော် စိတ်မဝင်စားဘူး။ ရှို့တယ်။ ကန်တော့နော်၊ ဒေါက်တာ့ကို အမျိုးသမီးတစ်ယောက်အဖြစ် ရိုင်းရိုင်းပြပြပြောတာမဟုတ်ပါဘူး။ ဒေါက်တာဟာ ကျွန်တော့်အသက်သခင် ကျေးဇူးရှင် ဆရာသမားပါ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ အရင်လည်း ကင်းရှင်းတယ်။ ရှေ့လျှောက်လည်း ဆင်ခြင်မယ်ဆိုပါတော့။ သဘောပေါက်တယ် ဆိုရင် ကျွန်မ ကျေနပ်ပါပြီ"

ဟူး.. တော်ပါသေးရဲ့။ တော်ကြာ ကွန်ဒုံးတွေဘာတွေ လာနေမှဖြင့် မျက်ခွက် ဘယ်နားထားရပ့်မလဲ။ သူ့ဘက်က လူနာလို ကင်းကင်းပြတ်ပြတ် ဆက်ဆံနေပေမယ့် ကိုယ့်ဘက်က သူငယ်ချင်းမကလေး။ ညီအစ်ကို အရင်းအချာထက် ချစ်ခင်လေးစားရသော ဇင်ယော်၏ ဘဂ၊ အသက်၊ ကိုးကွယ်ရာ ကေရီကလေး။ တော်.. တော်၊ ဒါတွေ မဆွေးနွေးပါရစေနဲ့။

"ဆေးရုံကဆင်းရင် မိဘအိမ် ပြန်နေမှာလား"

"ဟုတ်ကဲ့၊ အဖေက ပြန်လက်ခံမယ် ပြောပါတယ်"

"ကိုထွန်းအောင်လတ်ကလည်း ထစ်ခနဲရှိ ဘုဘောက်မတောပါနဲ့။ မာန်လျော့ပြီး ကိုယ့်ဘက်ကမေတ္တာကို ပြပါ။ သူတို့က ကိုထွန်းအောင်လတ်ကို ခွင့်လွှတ်ကြပါတယ်။ သိပ် တင်းမာခက်ထန်ပြတော့ သူတို့ စိတ်ပျက်သွားပြီး နောက်တွန့်သွားတတ်တာပါ"

"ဟုတ်ကဲ့၊ ကျွန်တော် ကြိုးစားပ့်မယ်"

"ဆင်းသွားပြီးရင် ချိန်းတဲ့ရက်တွေ မှန်မှန်လာနော်။ နေကောင်းလည်း ပြန်လာ၊ ကြားဖောက်ပြီး တစ်ခုခု နေမကောင်းလည်း ပြန်လာ ပြန်ပြနော်"

လာတဲ့အခါ သူငယ်ချင်းကို အဖော်ခေါ်ခဲ့ရင်ကော လက်ခံတွေ့ဆုံမှာလားဟု မေးလိုက်ချင်သမှု လည်ချောင်း ဂမှာ ကျလိကျလိ ဖြစ်နေသည်။ ဟိုကောင်ကလည်း အရစ်။ လိုက်မယ့်ကောင် မဟုတ်ပါဘူးလေဟု သူ လက်လျှော့လိုက်လေသည်။

"ကိုထွန်းအောင်လတ် ပြန်နိုင်ပါပြီ။ ခုလို ပြည့်ပြည့်စုံစုံ ဖြေဆိုပေးတာ ကျေးဇူးပဲနော်။ လိုတာရှိလည်း ပြော၊ ကျွန်မတို့ ကူညီနိုင်ရင် ကူညီကြမှာပေါ့"

ခါးညွတ်အရိုအသေပေးကာ နောက်တစ်လှမ်းနှစ်လှမ်း ဆုတ်ပြီးမှ လှည့်ထွက်လာခဲ့သည်။ အရင်လိုတော့ ဘယ်ဖြစ်နိုင်တော့မှာလဲ။

ဇင်ယော်က စဖောက်ခဲ့တာက တစ်မျိုး။

အခုတစ်ခါ သူက အိပ်ချ်အိုင်ဗွီ။

ရုပ်တရက်သတိရကာ နောက်ကြောင်းပြန်လှည့်လာပြန်သည်။ နနခိုင်က မျက်လုံးအဝိုင်းသား မော့အကြည့်

-

"ကျွန်တော် အခု အေအိုင်ဒီအက်စ်အဆင့် မရောက်သေးတာ သေချာပါတယ်နော်"

"ဟုတ်ပါတယ်"

သည်တော့မှ စိတ်အေးသွားဟန် သက်ပြင်းချရင်း ခေါင်းယမ်းသည်။

ဟင့်အင်း.. မဟုတ်သေးပါဘူး။

"အေအိုင်ဒီအက်စ် ဖြစ်ပြီးရင် နှစ်နှစ်သုံးနှစ်အတွင်း ကိစ္စချောတာပဲလို့ ကြားဖူးလို့ပါ။ ဒါဆို ဘုရားအလိုတော် ရှိရင် ဒီထက်မက နေရဦးမှာပေါ့နော်"

နုနုခိုင် ခေါင်းညိတ်သည်။

"အပြုသဘော နေထိုင်သွားဖို့ အချိန်အများကြီး ရှိပါသေးတယ် ကိုထွန်းအောင်လတ်။ Positive Life ပေါ့"

အိပ်ချ်အိုင်ဗွီပိုးရှိသူ နေထိုင်ရမည့် အပြုသဘောဘဝ။

"ဟုတ်ကဲ့ ဒေါက်တာ၊ ကျေးဇူးတင်ပါတယ်"

သည်တစ်ခါ လှည့်ထွက်ခဲ့စဉ်မှာတော့ ဘယ်လို အပြုသဘော နေထိုင်သွားရမလဲဆိုတာ သူ စဉ်းစားစ ပြုသည်။

နုနုခိုင် အဲ.. ဒေါ်နုနုခိုင် ဆွေးနွေးသွားသည့်အထဲမှာ မိသားစုအပေါ် အမြဲဖီလာဆန့်ကျင် မနေဖို့လည်း ပါသည်။ ကောင်းပြီ၊ အဲဒါ အရင်ဦးဆုံး ကြိုးစားကြည့်ရမည်။

ဟာ.. မဟုတ်သေးဘူး။

နံပတ်ဖိုးတွေ အပ်တစ်ချောင်းတည်း ဝေမျှမထိုးဖို့ ပါသေးသည်။ အဲဒါ အရေးကြီးသည်။

ဇင်ယော်နှင့် အပ်အတူထိုးလျှင် ဇင်ယော်ကို ကူးသွားနိုင်တာပေါ့။ ဒါဆို ချစ်ရာမရောက် နစ်ရာ ရောက်တော့မည်။

အရင်က သူတို့ သတ်မှာထားသော နတ်စည်းစိမ်ကို ဝေမျှခံစားကြတာ ဟုတ်ပါပြီ။ အဲသည်တုန်းက အိပ်ချ်အိုင်ဗွီပိုးဆိုတာ ကြားမှမကြားဖူးသေးတာ။

အိပ်ချ်အိုင်ဗွီအန္တရယ်က ဆိုးရွားလှသည်။

အကောင်းဆုံးကတော့ သည်ကောင် ဆေးဖြတ်ဖို့ တိုက်တွန်းရမည်။

မဖြစ်ဘူး.. မဖြစ်ဘူး.. မိုးလွန်မှထွန်ချလို့ ဖြစ်တာမဟုတ်ဘူး။

ခုချက်ချင်းပဲ ဇင်ယော်ကို အပြေးအလွှား ရှာဖွေတားဆီးချင်လှတော့၏။

* * * * * *

# ခပ်ညံ့ညံ့ ကိုပြုံးကြည်

"ဆေးခန်းပိတ်ကြစို့ မနော်"

နနခိုင်သည် ဆေးခန်းတွင် ချန်ထားနေကျ နားကြပ်ကို နံရံကပ်မှန်ဗီရိုထဲရှိ စက္ကူဆေးဘူးတွေပေါ် ထပ်တင်သည်။ ပြီးတော့ သွေးပေါင်ချိန်ကိရိယာကို လိပ်ကာ သံဘူးခွံထဲ ပုံစံတကျ ထည့်၏။

"ဟာ.. ခုမှ ခုနစ်နာရီ ရှိသေးတယ်"

"အလုပ်ရှိလို့ မနော်ရဲ့။ နက်ဖြန် အစည်းအဝေးမှာ ငါ အစီရင်ခံစာ တင်ရမယ်"

"ဟင်.. မမခိုင်က ခဏခဏ အစည်းအဝေးတက်နေတာပဲ"

"ဟဲ့.. ငါ တက်ချင်တိုင်း တက်လို့ရမလား။ ခေါ်လို့ တက်ရတာကို"

နနခိုင်က ဆေးအိပ်ထဲသို့ လက်နှိပ်ဓါတ်မီးထည့်၏။ ဘောလ်ပင်ထည့်၏၊ စားပွဲပေါ် ပြန့်ကျဲနေသော ဆေးပုလင်းတွေ ကောက်သိမ်းနှင့် လက်မလည်အောင် အလုပ်များနေသည်။

"ပိတ်လို့မရသေးဘူး မမခိုင်ရဲ့၊ လူနာ လာနေပြန်ပြီ"

"အယ်.. ပြဿနာပဲ။ ကဲ.. ခေါ်လိုက်၊ ခေါ်လိုက်"

"ကိုပြုံးကြည် မိန်းမနဲ့ ခလေး"

"ဟေ.. အေး.. အေး.. ခေါ်လိုက်"

နနခိုင် စိတ်ညစ်ညူးရသည်။

ကိုပြုံးကြည်သည် တတိယအကြိမ် ဆေးရုံတက်လာပြီးသည့်နောက် သက်သာတော့မလိုနှင့် ရုတ်တရက်ဆို သတိမလည်တော့ဘဲ အသက်ပါသွားခဲ့သည်။ ဦးနှောက်ထဲ တီဘီပိုးရောက်သွားရသည်မှာ ဆေးပတ်လည်အောင် မသောက်ဘဲ ပေါ့လျော့မှုတွေ အများကြီး ပါဝင်သည်။

ဖြစ်တာတော့ ဖြစ်ခဲ့ပြီးပြီ။

ယခု ကျန်ရစ်နေသည်မှာ မဝေနှင့် အငယ်ဆုံးကလေး။ မဝေ၏သွေးထဲမှာ ပိုးရှိနေတာဆိုတော့ အသက်ရှည်နိုင်သမျှရှည်အောင် ကျမ်းမာရေးစောင့်ရှောက်ပေးရုံသာ ရှိသည်။

ကလေးကတော့..

မဝေက အတွင်းခန်း ခန်းစီးကို ဖယ်လှစ်ကာ ကလေးပွေ့ချီလျက်သား ဝင်လာ၏။

"ဒေါက်တာရေ၊ သမီးလေးက ဂဲပေါက်ပေါက်နေတယ်။ ပြီးတော့ ဒီတစ်ရက်နှစ်ရက် အအေးပတ်ပြီး နှာစေး ချောင်းဆိုး ဖျားပြန်ပြီ ဒေါက်တာရဲ့"

မဂေဟက ခလေး၏ ခြေချောင်းလက်ချောင်းကြားတွေမှာ အရည်ကြည်ဖုတွေကို ပြသည်။ တစ်ဖန် ကလေး၏ ရင်ဘတ်ကို လက်ဝါးကလေးတင်ကာ ပြောပြသည်။

"ကလေး ပိန်သွားတယ်ကွယ်၊ ဂမ်းပျက်ပြန်ပလား"

နနခိုင်သည် ကလေး၏ချိုင်းကြားသို့ ပြဒါးတိုင်ထည့်သွင်းသည်။ ပြီးတော့ အကျီမစေကာ ရင်ဘတ်၊ ကျောကုန်းကို နားကြပ်ထောက်ရသည်။

"တစ်လောက ပျက်တာပါ။ ဆေးမြီးတိုနဲ့ ကောင်းသွားတယ်။ ဒါနဲ့ ဒီမရောက်လိုက်ဘူး"

ကလေးကို နနခိုင်တို့က တစ်လတစ်ကြိမ် သွေးဖေါက်စစ်ဆေးချင်သည်။ သူမ၏ခန္ဓာကိုယ်မှ ခုခံအား ပရိုတင်းတွေ၏ ပမာဏ အတက်အကျကို သူတေသန ပြုချင်၏။

မဂေဟက အဖေါက်မခံပါ။

တစ်နှစ်ခွဲကျော်မှ သူ့မှာ ပိုးရှိမရှိ ယတိပြတ်သိရမှာဆိုတော့ သည်တော့မှပဲ ဖောက်ကြည့်ပါရစေ ဒေါက်တာတဲ့။

ဆေးရုံသို့ ပုံမှန်လာပြပါ။ ဆက်သွယ်ပါလို့ခေါ်တာလည်း မလာ။ ကလေးချူချာတာကတော့ အမှန်ပဲ ဖြစ်သည်။ တော်ကြာ ဂမ်းပျက်လိုက်၊ တော်ကြာ ပါးပြင်တွေမှာ နို့ပွေးပေါက်လိုက်၊ ကလေးတွင် ပိုးပါမလာဖို့ မျှော်လင့်ချက်တွေ ပျက်ချင်ချင်ရယ်ပါ။

"သူ့ကို အမြဲတစေ မကြည့်နိုင်ဘူး ဒေါက်တာရယ်။ ကျွန်မက ရထားဆိုက်ရင် ကုန်စိမ်းစောင့်ယူပြီး ဖောက်သည်ပေးရ၊ ရောင်းရနဲ့။ သူ့အစ်မလက်ထဲမှာပဲ" တဲ့။

ကလေးအတွက် ဆေးတွေကို နနခိုင် မေတ္တာဖြင့်ဖြန့်ဝေသည်။ စေတနာက ပိုများသော်လည်း ကလေးကို တစ်နှစ်ခွဲကျော်လျှင် သွေးဖေါက်စစ်ဆေးချင်တာကလည်း သုတေသနစိတ် ရောယှက်သည်။

"ကိုပြုံးကြည်အတွက် လပတ်ဆွမ်းကျွေးကိုတော့ ဒေါက်တာ ကြွဖြစ်အောင်ကြွပါ ဒေါက်တာရယ်။ အဲဒီနေ့ နီးရင် ကျွန်မ လာဖိတ်မယ်"

"ရက်လည်တုန်းကလည်း ကျွေးပြီးပြီပဲ"

"အခုဟာက လပတ်ဆွမ်းလေ ဒေါက်တာ။ သူ ကောင်းရာမွန်ရာ ရောက်စေချင်တယ် ဒေါက်တာရယ်"

မဂေဟက အကျီလက်ဖျားနှင့် မျက်ရည်စကို သုတ်သည်။

"မဂေဟက ကိုပြုံးကြည်အပေါ် အတော်သံယောဇဉ်ကြီးတယ်နော်"

"ငယ်လင်ငယ်မယားတွေပဲ ဒေါက်တာရယ်"

နနခိုင်ရင်ထဲတွင် မကျေမလည် ဆို့နင့်တင်းကြပ်လာ၏။

"ကျွန်မ တစ်ခုမေးမယ်နော်၊ နားမလည်လွန်းလို့ပါ"

"မေးလေ ဒေါက်တာ၊ ကျွန်မသိရင် ဖြေမှာပေါ့"

မဂေသည် ဆရာဝန်တစ်ယောက် မသိတာ ရှိနိုင်ပါ့မလားဟု နားမလည်နိုင်ဟန် ကြောင်အမ်းအမ်း ငေးကြည့်နေသည်။ မေးလည်း မေးချင်။ မေးရမှာ နှုတ်မရဲနိုင်ဘဲ နနခိုင်၏ ဗီရိုထဲမှ နိုင်းဗိုက်တာနှင့် ဖောလစ်အက်ဆစ် အားဆေးအချို့ကို ပုလင်းလွတ်တစ်ခုထဲ ရောနှောကာ ထည့်နေလေသည်။

"ရော့.. မဂေသောက်ဖို့ ယူသွား၊ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ထမင်းစားပြီး သောက်၊ အားဆေးပေးတာ"

မဂေက အမြတ်တနိုးယူကာ လွယ်ထားသောအိတ်ကလေးထဲ သေချာထည့်၏။

"ဒေါက်တာ ဘာမေးမလို့လဲဟင်"

နနခိုင် မလုံမလဲ မေးရမှာ ရှက်နေသည်။ မဂေကို မမေးပြန်လည်း တခြားတစ်ယောက်ယောက်ကိုမေးဖို့ အလွန်ခက်ခဲသည်။ ဂင်းလုနှင့်ဆို ချစ်ခင်ရင်းနှီးပါရဲ့။ လူချင်းဝေးနေကြတာ ကြာလှ ရှိလေပြီ။ ပြန်တွေ့ဦးတော့၊ ဂင်းလုသဘောထားကို သိခဲ့တာ ကြာလှနေမှ တစ်ကြိမ်ထပ်မံ အတည်ပြုမနေချင်။ ပြီးတော့ သည်လောက် နှစ်တွေ ကြာမြင့်လာလျှင် ဂင်းလု၏စံနှုန်းတွေ ပြောင်းလဲပြီး အရင်သဘောထားမျိုး မဟုတ်တော့မှဖြင့် တစ်ကြိမ် ထပ်မံ ကွဲလွဲနေကြပြန်ဦးမည်။

နောက်တစ်ယောက်ထံမှ နောက်ထပ်အာဘော်တစ်မျိုး သိချင်ကြားချင်နေသည်။ အဲသည်တစ်ယောက်ဟာ နနခိုင်၏ရင်ထဲမှာ ရှိနေသော အကျိတ်အခဲကို မရိပ်မိလောက်သူလည်း ဖြစ်ရလိမ့်မည်။

"ကိုပြုံးကြည် ဒီလောက်ပွေတာ မဂေ နည်းနည်းလေးမှ စိတ်မနာဘူးလားဟင်"

ဒါလေးများဆိုသော အမူအရာဖြင့် မဂေ ပြုံးလာသည်။

"တစ်ခါတစ်လေတော့ နာတာပေါ့ ဒေါက်တာရယ်။ ဒါပေမယ့် ဒါဟာ သူ့ဂါသနာပဲ။ အချိန်တန်တော့လည်း ကျွန်မဆီ ပြန်လာတာပဲ။ အဲဒါဆိုပြီးရော သဘောထားလိုက်တာပဲ"

"ဟင်.. ခွင့်လွှတ်တယ်ပေါ့"

"ခွင့်လွှတ်တယ် ဘာတယ်လည်း မစဉ်းစားပါဘူး ဒေါက်တာရယ်၊ ယောက်ျားကောင်း မောင်းမတစ်ထောင်လို့ စကားရှိတယ်ဆို။ ကိုပြုံးကြည်က သိပ် အရည်အချင်းမရှိတော့ မောင်းမလေးငါးဆယ်တစ်ရာလောက် ရှိချင် ရှိမှာပေါ့။ ရှေးရှေးကဘုရင်တွေ မောင်းမမိဿံ အများကြီးနဲ့ စံစားနေတာကို မိဖုရားတွေက ကျေနပ်နေကြသားပဲ။ ဇာတ်ပွဲတွေ ကြည့်ပါလား ဒေါက်တာရယ်"

နနခိုင် အံ့သြခြင်းကြီးစွာဖြင့် မဂေ၏ ဒဿနကို နာကြားနေရသည်။

"မဂေသဘောက မုန့်ကိုသာ ဂေစားနိုင်မယ်ဆိုတဲ့ စကားကို မထောက်ခံဘူးပေါ့နော်"

"ဟီး.. ဟင်၊ ဒေါက်တာ့ကို ကျွန်မ ရှင်းမပြတတ်ဘူး။ ကျွန်မ ပြောချင်တာက သူ ဘာပဲဖြစ်ဖြစ် ကျွန်မဆီ ပြန်လာတာပဲ ဥစ္စာ။ ပြဿနာ ရှာမနေဖြစ်ပါဘူး ဒေါက်တာရယ်"

နနခိုင် မလျှော့သေးဘဲ သူမ၏ခွင်ထဲ ဝင်လာမလား ရေလာမြောင်းပေးသည်။

"မဂေက ကိုပြုံးကြည်ကို တော်တော်ချစ်တာပဲ ထင်ပါရဲ့"

"ဟီး.. ဟီး..၊ ချစ်တာတွေဘာတွေလည်း ရုပ်ရှင်တွေ ဇာတ်တွေထဲပဲ ကြားဖူးနေတာ။ သူနဲ့ကျွန်မ တစ်ခါမှ မပြောဖြစ်ကြပါဘူး"

ပေးလိုက်သောမြောင်းပဲ တိမ်နေရော့သလား မသိ။ မဂေထံမှ နနခိုင် လိုချင်သလို ရေက မလာ။

"ဒါပေမယ့် မဂေက ကိုပြုံးကြည်ကို ချစ်တော့ချစ်တယ် မဟုတ်လား"

"ဟီ.. ထင်တာပဲ ဒေါက်တာရဲ့"

"ဘယ့်နယ်.. ထင်ရမလဲ မဂေရဲ့၊ ချစ်မှာပါ"

"ဟီး.. ဟီး.. ဟီး၊ ဟုတ်ကဲ့၊ ချစ်မှာပါ"

မနော်ပင် ဆေးခန်းခန်းဆီးစကြားမှ ခေါင်းပြူကာ သွားဖြဲနှင့် ဖြစ်နေတော့သည်။

"ခေါင်းရှုပ်သွားပြီလားဟင်၊ ကဲပါ၊ ပြန်ချင်ပြန်တော့၊ ဒီလောက်ဖျူးလိုက်ရရင် ကျွန်မ ကျေနပ်သွားပြီ။ ကျေးဇူးပါနော်"

"ရှူးတယ် မထင်ပါဘူး ဒေါက်တာရယ်။ အကြောင်းရှိလို့ မေးမြန်းတာပဲဥစ္စာ၊ ကျေးဇူးတင်စရာ မလိုပါဘူး။ ကျွန်မတို့သားအမိ ရောဂါကို ကုသပေးနေတဲ့ ဒေါက်တာ့ကျေးဇူးတွေက နည်းတာမဟုတ်ဘူး"

နနခိုင်သည် သူမ၏ 'ဖျူး' နှင့် မဂေ၏ 'ရှူး' ကို ရှင်းလင်းမနေတော့ဘဲ ဆေးခန်းတံခါးဂေအထိ လိုက်ပို့ပေးလိုက်သည်။

"လုပ်.. လုပ်၊ ပိတ်တော့၊ လစ်ကြစို့"

ဆေးဗီရို သော့ခတ်၊ ဆေးအိတ်ကို ခလုတ်ကျအောင် ပိတ်၊ ပြီးတော့ ဆေးခန်းအနောက်တံခါးမှ ထွက်နှင့်သည်။ မနော် ထွက်အလာကို စောင့်ဆိုင်းနေစဉ် မဂေ၏ဒဿနကို ပြန်လည်သုံးသပ်ဆင်ခြင်သည်။

မဂေက -

"အချိန်တန်တော့ ပြန်လာတာပဲ။ အဲဒါဆို ပြီးရော သဘောထားလိုက်တာပဲ"

"ရှေးရှေးတုန်းက ရှင်ဘုရင်တွေက မောင်းမမိဿံအများကြီးနဲ့ စံစားနေတာကို မိဖုရားတွေက ကျေနပ်နေကြတာပဲ။ ဇာတ်ပွဲတွေ ကြည့်ပါလား"

ဂင်းလှကတော့ -

"သွားကြစို့ မမခိုင်၊ ဘာကျန်ခဲ့လို့လဲ"

မနော်က အပ်ပြတ်လျှပ်စစ်အိုးထည့်ထားသော ကြိမ်ခြင်းကလေးဆွဲကာ နံဘေးတွင် ရပ်လာတော့မှ နနခိုင် သတိရလာသည်။

"စိတ်လေ.. စိတ်"

"ရှင်"

"ဘာမှမဟုတ်ပါဘူး၊ သွားကြစို့"

နနခိုင် တစ်ခုခုတော့ တစ်နေရာရာတော့ အံချော်နေပြီဟု ထင်မှတ်နေမိသည်။ နှစ်တွေ ကြာမြင့်ခဲ့ပြီ။ တကယ်ဆို ဇင်ယော်ကို မေ့သင့်လှနေပါပြီ။ မေ့ထိုက်ပြီပေါ့။

သည်ဆေးရုံမှာ အလုပ်ဝင်မိခါမှ မျက်နှာသိတွေ ပြန်တွေ့ပြီး အဖြစ်သနစ်ဟောင်းတွေ ပြန်သစ်လွင်လာရသည် ထား။ အဲသည်မတိုင်ခင် နှစ်ရှည်လများ ကင်းကွာနေခဲ့ကြသည့် အချိန်တွေတုန်းကကော သူဟာ နနခိုင်နှင့် အနီးဆုံး နှလုံးသည်းပွတ်မှာမှ ဘာကြောင့် ခိုအောင်းနာကျင်စေနေပါသလဲကွယ်။

နနခိုင်တို့ နေအိမ်ဝင်းခြံသည် မနော်တို့နေအိမ်နှင့် တစ်ခေါ်လောက်သာ ဝေးကွာတော့သည်။

"နေခဲ့တော့ မနော်၊ မမဘာသာ ဆက်လျှောက်သွားတော့မယ်"

လမ်းမီးရောင် ပျပျလင်းနေလျက် လူသွားလူလာလည်း မပြတ်လတ်သေး။ ခုမှ ညနေဆိုင်းသိမ်းလာကြသော ပုဂ္ဂလိက စက်ရုံအလုပ်သမလေးတွေလည်း စော်ဘွားကြီးကုန်းဘက် ဦးတည်လျှောက်လှမ်းနေကြဆဲ ဖြစ်သည်။

နနခိုင်သည် ရုတ်တရက် ဇင်ယော်အတွက် ပူပန်ကြောင့်ကြခြင်းကြီးစွာ ဖြစ်လာလေသည်။ ကင်းကွာနေသည့် အချိန်တွေမှာ ဇင်ယော် ဘယ်အထိ အားငယ်နေမလဲ။ ဘယ်အထိ လေလွင့်နေသလဲ။

ဇင်ယော်ကို ပြန်ပြီးလက်မခံနိုင်ခဲ့တာ နနခိုင်ရဲ့ အချစ်တဲ့လား။

တခြားတစ်ယောက်ယောက်နှင့် ဇင်ယော် ပျော်နေလျှင် မရှုစိမ့်နိုင်တာ။ မလိုမုန်းထား ငြိုးဖွဲ့တာ အဲဒါ နနခိုင်ရဲ့ အချစ်ပဲတဲ့လား။

"ဟင့်အင်း.. မဟုတ်ပါဘူးကွယ်"

နနခိုင်က ငိုသံသဲ့သဲ့နှင့် ယဲ့ယဲ့ညည်းတွားရင်း မျက်ရည် ဝေ့လည်လာလေ၏။

* * * * * *

# ရှေးရေစက် မကုန်သေးသရွေ့

ထိုနေ့မှစ၍ ကန်တော်ကလေးဘက်သို့ သူ ညဘက်သာလျှင် ခြေဆန့်ပွဲတော့သည်။ နနခိုင်၏အလုပ်သည် ညဂျူတီမဂင်ရဘူးဟု ထွန်းအောင်လတ်မှတစ်ဆင့် သူ နားလည်သိမှတ်ထားလေသည်။

သူ၏ အဓိကတာဂန်က နနခိုင်ကို ရှောင်ဖို့ပါပဲ။ အပြင်လောက လက်တွေ့ဘဂမှာ ဘယ်လိုမှ မဆုံထိုက် မကြုံထိုက်တော့ဘူးလေ။ သူက နနခိုင် လွှတ်အချလိုက် စိုက်၍ ထိုးဆင်းသွားလိုက်သည်မှာ မူလရပ်တည်ခဲ့သော မူလမြေအနိမ့် အနေအထားမျှမက မှောင်မိုက်နက်ရှိုင်းစွာသော ချောက်ကမ်းပါးထဲမှာ ကြေပျက်စုတ်ပြတ် နေရပါပကော။

မနေ့တစ်နေ့က ထွန်းအောင်လတ် ဆေးရုံမှဆင်းရသည်။ သူ့ကို ကိုမြဒွေးက တိုရှိဘာအနီးမှာ ဆုံတွေ့ခိုက် သတင်းပေးသဖြင့် ထိုနေ့ကတည်းက သူ သိနေသည်။ ကားအရောင်းအဂယ် ကိစ္စတစ်ခု ရှုပ်ထွေးနေသဖြင့် မရောက်နိုင်သေးဘဲ သည်နေ့မှ အလုပ်အပြီးမှာ တစ်လက်စတည်း ထွက်ခဲ့ရလေသည်။

ညနေ ငါးနာရီလေးဆယ်။ နည်းနည်းတော့ စောနေသည်။

သူက သိမ်ကြီးဈေးမှ သုံးဆယ့်ကိုးပြောင်းစီးပြီး သိမ်ဖြူလမ်းအတိုင်း လိုက်ပါလာသည်။ ပြီးတော့ စာတိုက် မှတ်တိုင်တွင် ဆင်းမည်။ ပြီးတော့ လမ်းထဲကွေ့ချိုးဂင်မည်။ နနခိုင်နှင့် ကြုံစရာ ဘာအကြောင်းရှိတာမို့လဲ။

မတော်တဆ တိုက်ဆိုင်မှုတွေသည် မယုံကြည်နိုင်လောက်သော အပြောင်းအလဲများ ဖြစ်ပေါ်စေနိုင်သည်။

သူက ကားပေါ်မှအဆင်း မိုးသည် မထင်မှတ်ဘဲ ဂေါကန်ဆို ရေသွန်ချသလို သဲသဲမဲမဲ ရွာသွန်းလိုက်လေသည်။ လက်ထဲပါလာသော ခေါက်ထီးကို ဖွင့်ဖို့ကြိုးစားရင်း အမိုးအောက်ဂင်ခိုဆဲ ဟီးနိုးလိုမ့်ထွက်စ ပြုသည်ကို စပယ်ယာက 'ဟိုးထား၊ တစ်ယောက်လိုက်မယ်' ဟု အော်ဟစ်တားမြစ်၏။

"လာ.. အစ်မ၊ လာ၊ ဟာ.. ပြဿနာပဲ"

အရိပ်အောက်ခိုကာ ထီးဖွင့်ရင်း စပယ်ယာ၏ အာမေဋိတ်ကြောင့် ဘာပါလိမ့် လှမ်းကြည့်မိသည်။

နနခိုင်။

နနခိုင်သည် ကသုတ်ကရက်ပြေးလာရင်း ခြေထောက်တစ်ဖက်သည် ရွှံ့ဗွက်ထဲ နစ်ဂင်သွား၏။ အားစိုက်၍ ပြန်နှုတ်လိုက်သည်တွင် ပါလာသော မိုးတွင်းစီးရာဘာဖိနပ်သည် ထိပ်မှ ကြိုးပြုတ်ထွက်ပြီး နစ်တစ်ဂက် ပေါ်တစ်ဂက် ကျန်ရစ်ခဲ့တော့သည်။

နနခိုင်က ကားကို သွားတော့ လက်ပြလေသည်။

ဟီးနိုး တလိမ့်လိမ့်ထွက်ခွာ၏။

မိုးကသည်း၊ ဖိနပ်က သဲကြိုးပြတ်။

နနခိုင် ရှုံ့ရှုံ့မဲ့မဲ့နှင့် ဖိနပ်ကို ကောက်ယူလေ၏။

ဇင်ယော် လျစ်လျူရှုသွားဖို့ ဖြစ်နိုင်ပါတော့မလား။

မစဉ်းစားဖြစ် မချိန်ဆဖြစ်ခင်မှာပင် ဖွင့်ပြီးသည့်ထီးနှင့် နနခိုင်ကို အပြေးမိုးဖြစ်ခဲ့သည်။ နနခိုင်သည် ပုခုံးသိုင်း အိတ်လွယ်ကာ စာအုပ်တွေဖြစ်ဟန်တူသော ကြွပ်ကြွပ်အိတ်တစ်လုံး မနိုင်မနင်းဆွဲကိုင်ထားခဲ့သည်။

ထီးမိုးလာသူကို စူးစမ်းမော့ကြည့်သော မျက်နှာတွင် မိုးရေစက်တို့ ပက်စင်လိမ်းကျံထားခဲ့သည်။ ဇင်ယော်ကို မျက်တောင်စင်းစင်းကလေးတွေ ပင့်ကာ အငေးသားကြည့်ရင်း သူမ၏ ပုခုံးသိုင်းအိတ်မှ ခေါက်ထီးကို ထုတ်ယူဖို့ ကြိုးစားနေသည်။

အိတ်က ပြတ်ကျယ်ပြီး အတွင်းနစ်ကန့်သုံးကန့် ပါလေတော့ ရုတ်တရက် ထီးကို အလွယ်တကူ စမ်း၍မမိ။

"ကိုယ့်ထီးယူထား ခိုင်"

သည်နေရာသည်ခွင်သည် နနခိုင်တို့နေရာ၊ နနခိုင်တို့ခွင် ဖြစ်သည်။ ပြီးတော့ နနခိုင်က ဆရာဂန်။ သူလို သာမာန်မျက်နှာစိမ်းတစ်ယောက်နှင့် ထီးတစ်လက်အောက်မှာ အတူခိုဂင်နေဖို့ မသင့်တော်ပါဘူးလေ။ ပြီးတော့လည်း သူမ၏ဖိနပ်ကို ကြိုးပြန်တပ်ပေးဖို့ လိုအပ်နေသည် မဟုတ်လား။

နနခိုင်၏ သဘောထားကို မှန်းဆရန် မလွယ်ကူလှ။

ဇင်ယော့်ကိုကြည့်နေသော မျက်လုံးကလေးတွေမှ တဖျတ်ဖျတ်တရိပ်ရိပ် ဖြတ်သန်းသွားသော ပုံရိပ်တွေသည် အတိတ်ကို နိုးကြွရှင်သန်လာစေတော့သည်။

"ရော့.. ဒီကြွပ်ကြွပ်အိတ် ကိုင်ထား"

လေပါသောမိုးသည် ထီးတစ်လက်အောက်သို့ လုံလုံခြုံခြုံ ရဲရဲပွံ့ပွံ့ မဟင်ရောက်ဖြစ်သူနှစ်ယောက်ကို တစ်ခဏ အတွင်းမှာပင် ရွဲရွဲစိုစေတော့သည်။

ဖိနပ်သဲကြိုးကို လွယ်လင့်တကူ ပြန်တပ်နိုင်သော်လည်း နနခိုင်၏လက်တွေ ရွံ့ပေ၏။ နနခိုင်၏ မျက်နှာပြောင်တင်းကလေးတွင် ရေစက်တွေ ပိုများလာလိုက်သည်မှာလည်း မျက်လုံးအိမ်ထဲ၊ မျက်တောင်စင်းကြားထဲမှာပင် နေရာမချန်လှပ်တော့။ နနခိုင်က ကြွပ်ကြွပ်အိတ်ထဲ လက်လျှိုကာ ထမင်းဘူးတွင် ချည်ထားသော လက်သုတ်ပုဂါနှင့် သုတ်၏။

"ထီးယူသွားပါ နနခိုင်"

ပြောရင်းဆိုရင်း လေအဝှေ့မှာ ထီးက ပုန်းဆို အမိုးလန်တက်သွားတော့သည်။

"ဟာ.. ဒုက္ခပါဘဲ"

ဇင်ယော် အားတုံ့အားနာ ညည်းတွားမိရင်း ထီးရွက်ထီးကိုင်းတွေကို နေသားတကျ ပြန်ကွေးဆင်းလာဖို့ မအောင်မမြင် ကြိုးစားသည်။

"အမိုးအောက် ဂင်မှပဲ နနခိုင်"

နနနိုင်က လက်ခုံအားဖြင့် မျက်လုံးတွေကို အသာပွတ်ကာ ရေစက်များကို သုတ်သင်လေသည်။ ရယ်သံ လွင်လွင်ကလေးကို သူမထံမှ ဟက်ဟက်ပက်ပက် ကြားလိုက်ရတော့ကာ ဇင်ယော်မှာ ကြောင်အမ်းအမ်းနှင့် သူ့နားကို သူမယုံ၍ -

"နနိုင် မရူးသေးပါဘူး ဇင်ယော်ရယ်၊ ဖြစ်ခဲ့သမျှတွေအတွက် နနိုင် ဂမ်းနည်းတယ်။ စိတ်ဆိုးတယ်။ နနိုင် မျိုသိပ်ထားရတာ ဘယ်လောက်ကြာခဲ့ပြီလဲ။ အဲဒါတွေ ပေါက်ကွဲပြီး နနိုင် ငိုတယ်။ ပြီးတော့ ဘာပဲဖြစ်ဖြစ် နနိုင်တို့ နှစ်ယောက် ပြန်တွေ့ကြတယ်။ ပြန်တွေ့ရတယ်ဆိုတာ ဘယ်လောက်ကြီးမားတဲ့ အခွင့်အရေးကြီးလဲ။ နနိုင် သိပ် ဂမ်းသာတာပဲ။ နနိုင် ရယ်မိတယ်။ ကဲ.. လာ၊ ကားဂိတ်မှာ မိုးခိုကြမှပဲ"

နနိုင်သည် အိတ်ထဲမှ ထီးရှာဖို့ မကြိုးစားတော့ဘဲ ဇင်ယော့်လက်မောင်းကို တွယ်ချိတ်ကာ ကားဂိတ် အမိုးအောက်ဆီသို့ ဆွဲခေါ်သွားတော့သည်။

အတွေ့အထိကို သူ သတိမမူနိုင်အား။ အဖြစ်အပျက်၏ ငဲ့ညာမှုကိုသာ အဖန်တလဲလဲ ကျေးဇူးတင်ဦးညွှတ် မိရင်း နနနိုင် ဦးဆောင်ရာနောက်သို့ အလိုက်သင့် လိုက်ပါသွားတော့သည်။ အရွက်လန်နေသော ထီးကိုလည်း သူ ပြုပြင်ဖို့ သတိမရတော့။ ဘာမှလည်း အရေးမကြီးနိုင်တော့ပါ။

မိုးမှောင်ခြင်း၊ လေထန်ခြင်း၊ ရွံ့ဗွက်ပေကျံခြင်း၊ အရာခပ်သိမ်းသည် မပြောပလောက်သော မြူမှုန် အစက်အပြောက်များသာ ဖြစ်လေသည်။ တစ်နည်းအားဖြင့် သူတို့နှစ်ယောက် ပြန်လည်ဆုံစည်းမှု သင်္ကေတ အဖြစ် အမှတ်တရ အစွမ်းအစကလေးတွေ ပြသဂုဏ်ပြု ချီးမြှောက်နေကြခြင်း ဖြစ်နိုင်လေ၏။

သူတို့ထက် အရင်ဦးပြီး မိုးခိုသူတွေကြောင့် အမိုးအောက်တွင် နေရာလပ်ပင် မကျန်သလောက် ဖြစ်နေသည်။ ထီးပါလာသူလည်း ရှိ၊ မိုးရွာမည် မထင်သောကြောင့် ထီးထားရစ်သူလည်း ရှိ၊ အရေးထဲ မိုးရွာခါမှ လွယ်အိတ်ထဲ ထီးမတွေ့တော့ဘဲ ဘယ်အချိန်က ခါးပိုက်နှိုက်ခံလိုက်ရမှန်း မသိသည့် ကျောင်းသူက တစ်မျိုး၊ ဆူညံဆူညံ ကျွတ်စီကျွတ်စီ။

ဇင်ယော်က မှတ်တိုင်အမိုးအောက်တိုင်ကိုမှီကာ ပက်လာသောမိုးစက်များမှ နနနိုင်ကို ကာကွယ်ပေး ထားသည်။ နနနိုင်က မျက်နှာချင်းဆိုင်ရပ်ကာ သူ့မျက်နှာကို တစိမ့်စိမ့်ကြည့်နေသည်။

ပျောက်ဆုံးဖူးသော တန်ဖိုးအနဂ္ဃ ရတနာကို နောက်တစ်ကြိမ် အဆုံးရှုံးမခံနိုင်ကြသည့်အလား မမှိတ်မသုန် မလွှဲမဖယ် ငေးကြည့်ရင်း သူတို့ အကြောင်းမဲ့ ရယ်မောနေမိကြသည်။

မျက်ရည်သုတ်ထားလျက်မှ စိုစွတ်နေဆဲ မျက်လုံးကလေးတွေသည် ရွှန်းရွှန်းလက်လက် သက်တံရောင်ခြည် ဖြာဂန်းသည်။

သည်လိုအခွင့်အရေးမျိုး နောက်တစ်ကြိမ် ပြန်မရမှာ စိုးရိမ်တကြီးနှင့် ဓါတ်ပုံရိုက်ထားသလို မပျောက်မပျက် ရအောင် လေ့ကျက်စွဲနစ်နေတော့မည်။

"နနိုင် ချမ်းနေတော့မယ်"

"ဟင့်အင်း"

"အအေးမိနေမယ်"

"ဟင့်အင်း"

နဖူးပေါ်အချို့၊ ပါးပြင်ပေါ်အချို့ ဝဲကျစိုကပ်နေသော ဆံနွယ်စတွေကို သိမ်းတင်ပေးချင်လှသည်။ ဒါပေမယ့် နေပါစေလေ။ သည်အတိုင်း ရှုမငြီးနေလေတော့ ရှိပါစေဦး။

"နနိုင်တို့နှစ်ယောက် လက်ဖက်ရည်ပူပူ သွားသောက်ကြမယ်လေ။ အခု မဟုတ်ပါဘူး။ မိုးစဲမှပေါ့"

"မိုးအကြာကြီး ရွာနေရင်ကော"

"ရွာပေါ့"

"မိုးချုပ်သွားရင်ကော"

"ချုပ်ပါလိမ့်စေ ဇင်ယော်၊ သူ ဘာဖြစ်လို့ ကြောင့်ကြနေရတာလဲဟင်။ တို့တတွေ အချိန် ဘယ်အထိ ဆုံးရှုံးသွားခဲ့ပြီလဲ။ တို့ ခွင့်မလွှတ်ခဲ့ဘဲ စိတ်ဆိုးစိတ်နာခဲ့တဲ့ ရလာဒ်ဟာ ဘာလဲ။ တို့တွေ နီးလျက်နဲ့ ဝေးနေကျရတာပဲ ပေါ့နော်"

ဇင်ယော် အငေးသား နားထောင်နေသည်။ နီးလျက်နဲ့ ဝေးနေကြရတာတဲ့လား။

"သူ့ကို နနိုင် သတိမရတဲ့ရက် တစ်ရက်မှမရှိခဲ့ဘူး ဇင်ယော်။ အဲဒါ နီးတာမဟုတ်ဘူးလား။ တို့ ပြန်မတွေ့ချင်ခဲ့ဘူး၊ တို့ မဆုံးချင်ဘူး၊ အဲဒါ ဝေးတာ မဟုတ်ဘူးလား"

ဇင်ယော် သဘောပေါက်သွားပြီး ခေါင်းညိတ်လက်ခံလိုက်ရသည်။ ဟုတ်ပါသည်။ နနနိုင်က ဝေးချင်တာကြောင့် သူ့မှာ ဝေးခဲ့ရသည်။ သူ့ဘက်က နီးချင်လိုက်သမှ နေ့စဉ်ရက်ဆက်ကိုပဲ တမ်းတခဲ့ရသည်။ အခု သူ အိပ်မက်မက်နေတာတော့ မဟုတ်တန်ရာ။ အိပ်မက်ထဲမှာ သည်လို မိုးသည်းလေထန်သော ရာသီဥတု ရှိနိုင်သောလည်း ဘတ်စ်ကားမှတ်တိုင် နားခိုရာမှာ ခရီးသွားတွေ ကျပ်ပိတ်နေအောင် ခိုလှုံနေသော အနေအထား ရှိနိုင်ပဲ့မလား။ အိပ်မက်ဆိုတာ သည်ထက်ပိုပြီး ဆွတ်ပျံ့ဖွယ်ရာ ကဗျာဆန်နေရမှာ မဟုတ်ဘူးလား။

နေရာကျဉ်းသောကြောင့် နနနိုင်သည် ဇင်ယော့်ရင်ခွင်ထဲတွင် အသားချင်းထိလုမတတ် နီးကပ်စွာ ရောက်ရှိနေသည်။ လေတဟူးဟူးတိုက်ခတ်ပါလျက် ချမ်းရမှန်းမသိ၊ စိုစွတ်ရမှန်း မသိ။ ဤမျှ လူချင်းစိတ်ချင်း နီးကပ်နေရသည်ကို နှစ်သိမ့်ရောင့်ရဲခြင်း များစွာဖြင့် သူတို့၏အချိန်သည် ရပ်တန့်ဆိုင်းငံ့နေလေတော့၏။

ဖွင့်ဟ၍ စကားမဆိုဖြစ်။ ပြောနေကြဖို့ မလိုပါ။

ဘာကိုမှလည်း မကြား၊ နားထောင်ကြဖို့ မလိုပါ။ ပြီးပြည့်စုံခြင်းဆိုတာ ဒါပဲလား။

မိုးစဲ၍ လူတွေ အသီးသီးအသက ကိုယ့်ခရီးကိုယ် ဦးတည်ရာ ရွေ့လျားထွက်ခွာသွားကြလေရာ မှတ်တိုင် ရိပ်တွင် သူတို့နှစ်ဦးအပြင် ကွမ်းယာခုံအရှင်နှင့် သူ့အရောင်းဈေးသည်လေးသာ ကျန်ရစ်တော့သည်။ ချာတိတ်မှာ ချမ်းလွန်း၍ ဆတ်ဆတ်တုန်ကာ နှုတ်ခမ်းတွေပင် ပြာနှမ်းနေ၏။

သူ့စီးကရက်တွေ၊ ချိုချဉ်တွေ ရေမစိုအောင် ဂရုစိုက်ဖုံးအုပ်နေရသည်နှင့် ချာတိတ်ကလေးခမျာ ယခုတိုင် အရိပ်ခိုဆဲ လူနှစ်ယောက်ကို စိတ်မဝင်စားနိုင်အားပါ။

ထိုသူနှစ်ဦးသည်လည်း မိုးစဲသွားတာကို မသိ။ လူသူကင်းရှင်းသွားသည်ကိုလည်း မသိ။ ဘာကိုမှလည်း ထွေထွေရာရာ တွေးတောမနေဘဲ ရပ်တန့်နေသော သူတို့၏အချိန်ဇယားတွင် နှစ်သိမ့်နှစ်မျောနေကြတော့၏။

အရင်ဦးဆုံး သက်ဝင်နိုးကြားလာသူသည် အစဉ်သဖြင့် လက်တွေ့ဆန်သော နနခိုင်သာပဲ ဖြစ်သည်။

"ဟေး.. ဇင်ယော်၊ တို့တွေ အပြန်မှောင်ကြတော့မယ်။ မိုးစဲနေပြီပဲ။ သူ ဘယ်သွားမလို့လဲဟင်"

ဇင်ယော် စဉ်းစားတွေဝေသည်။

"နခိုင်ကို မောင် လိုက်ပို့ဦးမယ်လေ"

"နခိုင်က အင်းစိန်အထိ ပြန်ရမှာ၊ လမ်းသွယ်ကနေ (၄၅) ပတ်စီးရမယ်"

"(၄၅) ဂိတ်အထိ မောင် လိုက်ပို့မယ်"

"ဩော်.. သိပြီ၊ ထွန်းအောင်လတ်ဆီ သွားမလို့ မဟုတ်လား။ သွားလေ၊ နခိုင် ရရာကား တက်စီးသွားလိုက်တော့မှာပေါ့"

"(၄၅) ဂိတ်အထိတော့ လိုက်ပို့ပါရစေလား ခိုင်"

နနခိုင်က အားနာသောကြောင့် နေခဲ့ပါ တားမြစ်တာပဲ ဖြစ်သည်။

ခုတော့ တစ်ဖန် ခွဲထားခဲ့ရစ်ချင်ပြန်သလားဟု သံသယဝင်ဟန်တူသော ဇင်ယော်၏ အားနည်းချက်ကို နနခိုင် သတိပြုမိရပြန်လေသည်။

"သူ ပင်ပန်းမှာစိုးလို့ပါ။ လိုက်ပို့ရင် အဖော်ရတာပေါ့။ တက်လို့ရတဲ့ကားနဲ့ လိုက်မယ်နော်"

ဇင်ယော်က ခုမှပဲ နနခိုင်လက်မှ ကြွပ်ကြွပ်အိတ်ကို ကိုင်ပေးဖို့ သတိရသည်။

"ထီး ပြန်ပြင်လိုက်ဦးလေ"

"စိုပြီးပြီပဲ၊ မထူးပါဘူး"

"ဒါပေမယ့် အဲသလို ကိုးရိုးကားရားကြီးနဲ့ ကိုင်ရမခက်ဘူးလား။ ပြန်ထည့်လိုက်လေ၊ ခေါက်ပြီးမှ ထည့်လိုက်ပေါ့"

ထီးအနေအထား ပြုပြင်နေစဉ် နနခိုင်က စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေသည်။ ထီးလန်၊ ဖိနပ်ကြိုးပြတ်နှင့် နှစ်ယောက်သား ရှုပ်ထွေးနေပုံကို ပြုံးချင်နေလေ၏။

"နခိုင် ဘာလို့ စာတိုက်မှတ်တိုင် ရောက်နေတာလဲ"

"ဆရာဂန်အသင်းက ပြန်လာတာလေ။ အတွင်းရေးမှူး ဦးကျော်မြင့်နိုင်က ကြားဖြတ်အစည်းအဝေး ခေါ်ထားလို့ ဖိတ်စာတွေ ဝင်ယူတာ။ ပြီးတော့ တို့စက်ရှင်အတွက် New Look စာအုပ်ထုတ်ဖို့ ကွန်ပျူတာ စာစီနေရတယ်"

"ဘယ်သူ စာစီလဲ"

"ခိုင်ပေါ့၊ ဆရာဂန်ဟာ အယ်ဒီတာမဖြစ်တောင် လောလောဆယ် ကွန်ပျူတာစာစီတော့ ဖြစ်မှာပေါ့"

"အယ်ဒီတာတောင် မဖြစ်ဘူးလား"

"သင်တုန်းပဲလေ"

သည့်အချိန် ကားချောင်ဖို့ မလွယ်ကူတော့။

ကြားကားတစ်စီး ဝင်လာသည်။ မင်္ဂလာဈေး ရောက်မည်။ တစ်ယောက် တစ်ဆယ်။

"ဒီကားနဲ့ပဲ လိုက်ရအောင် နခိုင်၊ တက်.. တက်"

ဇင်ယော်က နခိုင်လက်မှ ကြွပ်ကြွပ်အိတ်ဆွဲယူကာ ကားပေါ် တွန်းတင်ပေးလိုက်သည်။ မင်္ဂလာဈေးဘက်ရောက်ပြန်တော့ ကြားကားတစ်စီးပဲ ဆက်စီးရပြန်သည်။

"ဒီလမ်းက ဒီလောက် နောက်ကျကျ မပြန်ဖူးဘူး"

"ဘယ်လမ်းကမှ သိပ်နောက်ကျပြီး မပြန်နဲ့ပေါ့ ခိုင်ရယ်။ ခိုင် ဘာလို့ ကားမယူလာတာလဲ"

"ဓါတ်ဆီလေ၊ ဓါတ်ဆီ ဘယ်တတ်နိုင်မှာလဲ။ မိုးတွင်းကြီးတောင် တစ်ရာ့ရှစ်ဆယ် မောင်ရဲ့"

ဟော.. မောင်တဲ့။

ဇင်ယော့်ရင်မှာ နွေးထွေးသွားသည်။ နခိုင်ထံမှ အမှတ်တမဲ့ လွတ်ထွက်လာသော ထို အသုံးအနှုန်းကလေးကို သူက အသည်းနှလုံးဖွင့်ပြီး ကြိုဆိုမိတော့သည်။

သူ အင်းစိန်အထိ လိုက်ပို့ဖြစ်တာ ဘာဆန်းတော့သလဲ။

မှောင်မှောင်မိုက်မိုက် မိုးစွေစွေရယ်၊ နခိုင်တစ်ယောက်တည်း။

ခွဲခွာနေကြရပြီးမှ ပြန်တွေ့စအချိန်မှာတော့ အင်းစိန်သို့ လိုက်ပို့သည်။ ဆေးခန်းသိမ်းပြန်တော့ အိမ်အရောက်လိုက်ပို့သည်။ နနခိုင်နှင့်အတူ ထမင်းစားပြီးမှ ပြန်သည်။

ဦးလှိုင်မြင့်သည် ဇင်ယော့်ကို ပြန်တွေ့ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ရှိလေသည်။ ဇင်ယော် ဘယ်ရောက်နေသလဲ၊ ဘာဖြစ်ခဲ့သလဲ ဘာတစ်ခုမှ မမေး။ ဒေါ်သန္တာကတော့ ဟိုတုန်းကလိုပင် ခပ်စိမ်းစိမ်း ဖော်ရွေပျူငှာလေသည်။ သူ့အပေါ် သံသယတွေ ရှိလိမ့်မည်။

နနခိုင်အတွက် ကောင်းသောပြန်လည်တွေ့ဆုံခြင်းမှ ဟုတ်ပါလေရဲ့လားဟု သံသယရှိဟန် တူလေ၏။

သူ့စိတ်မှာ မကျေလည်သည်ကို နနခိုင်နှင့်သူ ဖွင့်ဟ မဆွေးနွေးဖြစ်ပါ။ နနခိုင်က ထည့်သွင်းစဉ်းစားမှာမှ မဟုတ်ဘဲ။

တကယ်တော့ နနခိုင်သည် စိတ်ကစေခိုင်းလာလျှင် ဦးနှောက်က ချင့်ချိန်ပိုင်းခြားပြီးသကာလ သူမ ရွေးချယ်သလို ရှေ့တိုးတက်သော မိန်းမတစ်ယောက်ပေပဲ။

ဇင်ယော် ချမ်းမြေ့နေခဲ့လေသည်။

ထွန်းအောင်လတ်ထံ မရောက်ဖြစ်တာကို သူ နောင်တမရ။ ဒါက နောက်နေ့ရွှေ့ဆိုင်းနိုင်သည့် ကိစ္စတစ်ခုပဲ မဟုတ်လား။

"မောင့်မှာ ဖရက်တ်စောကလေး ရှိသေးသလားဟင်"

စကားစပ်မရှိသော နနခိုင်၏မေးခွန်းက သူ့ကို နားရှုပ်ထွေးစေသည်။

"ရှိတာပေါ့ ခိုင်၊ ဘာဖြစ်လို့လဲ"

နနခိုင်က အပြစ်မကင်းသလို ရယ်ကျဲကျဲ မျက်နှာချိုသွေးသည်။

"ဟိုတစ်ခါ သူဖောက်ပေးတဲ့ သစ်သားဖောက်ပန်းချီကားကလေးကိုလေ တို့ စိတ်ဆိုးဆိုးနဲ့ ချိုးဖဲ့ပြီး အမှိုက်ပုံးထဲ ပစ်ထည့်လိုက်တယ်။ ထင်းရှူးပင် ခဲပန်းချီကားကိုလည်း ဆုတ်ပစ်လိုက်မိတယ်။ စိတ်ဆိုးလားဟင်"

ဇင်ယော်သည် နနခိုင်၏မျက်လုံးထဲသို့ စိုက်ကြည့်ကာ မျက်မှောင်တွန့်ပြသည်။

"သုံးထပ်သားက စက္ကူလိုမဟုတ်ဘူးနော်။ ချိုးဖဲ့တော့ တို့လက်ကိုလဲ စူးပါတယ်။ သွေးထွက်တာပေါ့။ သုံးလေးရက် ယင်းနေတာ"

"ဒေါသချည်းပဲကိုး"

နနခိုင် တောင်းပန်ပြုံးကလေးနှင့် သူ့လက်မောင်းကို အသာ ပွတ်သပ်သည်။

"သစ်သားဖြတ်ပန်းချီကသာ ပျက်စီးတာပါကွယ်။ အသည်းထဲမှာ စွဲရစ်တဲ့ ပန်းချီက ဘယ်ပျက်စီးပါ့မလဲ"

ဇင်ယော်လည်း ဂေမျှရင်နှင့်ရပါသည်။

"ဟုတ်မှာပေါ့ ခိုင်ရယ်၊ ဘယ်ပျက်စီးပါ့မလဲ"

"လွှဖေါက်ပန်းချီကားတစ်ခု ပြန်လုပ်ပေးနော်။ ပြီးတော့ ကဗျာလည်း အသစ်ပြန်ရေးပေးရမယ်။ တစ်ခု အစားပြန်ဆွဲပေးနော်"

"ရေးပေးဖို့ လိုပါ့မလား ခိုင်၊ ထင်းရှူးပင်ထိပ်ဖျားတွေဟာ မိုးကောင်းကင်နဲ့ ထိနေမှာပဲလို့ တကယ်ယုံကြည့်၊ တကယ်ခံစားခဲ့ရတဲ့သူက ပိုပြီးမှတ်မိနေမှာပဲလို့ ခိုင် နည်းနည်းမှ မတွေးမိဘူးလား"

သူ စိတ်ထဲရှိသလို ပြောမိတာပါ။

ခိုင်ကလည်း မလိမ်ညာတတ်သော၊ အပိုမချဲ့တတ်သော သူ့ကို ယုံမြဲယုံကြည်ရှာမှာပါပဲ။ မျက်ရည် ချက်ချင်း ပေ့ါဂဲလျက် သူ့လက်မောင်းကို မှီနွဲ့သည်။

"အချိန်တွေ အလဟဿ ကုန်ဆုံးသွားတယ်နော်။ နမြောလိုက်တာ"

"ဟုတ်တယ်နော်၊ နမြောလိုက်တာ"

"အတိုးနဲ့ ပြန်ဆပ်ပေ့ါမယ် မောင်ရယ်"

"တကယ်ဆပ်နော်"

ဘဝသည် အတက်အဆင်း.. အနိမ့်အမြင့် ရှိစမြဲဖြစ်သည်ဟု ကြားဖူးသည်။ အဆင်းသည် ရှည်လျား ကြမ်းတမ်းခဲ့သည်။ ယခုအခါမှာ အပန်းပြေပျော့ကျော် မျှော်လင့်ချက် တပွေ့တပိုက်ဖြင့် တကယ် ခရီးဆက်ရပြန်ဦး တော့မည် ထင်ပါရဲ့။

ဇင်ယော် ချမ်းမြေ့စွာ ပြုံးမိတော့သည်။

* * * * * *

# အသည်းအနာခံနိုင်မှ

ကြုံဆုံရသမျှသော တွေ့ဆုံဆွေးနွေး အကြံပေးရသူတွေအနက် သည်တစ်ယောက်ဟာဖြင့် အခက်တကာ့ အခက်ဆုံးပါပဲ။

ဤ ၁၉၉၃ ကာလပိုင်းမှာ နနိုင်တို့တိုင်းပြည်တွင် အိပ်ချ်အိုင်ဗွီပိုး တွေ့ရသူတွေသည် မူးယစ်ဆေးကို သွေးကြောထဲ အပ်တစ်လှည့်စီ သုံးစွဲထိုးသွင်းသူများက အများဆုံး ဖြစ်နေသေးသည်။

လိင်တူဆက်ဆံသူတွေထဲမှာ ရှစ်ရာခိုင်နှုန်းခန့်တွင် အိပ်ချ်အိုင်ဗွီပိုး တွေ့ရှိရသော သူတေသန တွေ့ရှိချက် အရ သူတို့အပေါ်လည်း စောင့်ကြည့်ထိမ်းသိမ်းပေးဖို့ လိုအပ်နေသည်။

ကျော်ကျော်နိုင်သည် သူ့ညီတွေက အတင်းအဓမ္မ ကြိမ်းမောင်းခေါ်ဆောင်လာခြင်းကြောင့် ဆေးရုံ ရောက်လာသူ ဖြစ်လေသည်။ ဆေးရုံရောက်ကတည်းက စကားမပြော၊ မေးတာမြန်းတာမဖြေဘဲ ခွေ၍ချည်းသာ အိပ်နေခဲ့သည်။ သူ့ရောဂါလက္ခဏာတွေက သုံးလလောက်ဖျားလိုက်၊ သက်သာလိုက်၊ ဝမ်းပျက်တာကလည်း နှစ်လလောက် ကောင်းလိုက်၊ ပြန်ဖြစ်လိုက်။ လူတစ်ဝက်ခန့် ပိန်ချုံးသွားတာပါ ပေါင်းလိုက်လျှင် အဓိကလက္ခဏာ သုံးခုတောင် အကျုံးဝင်နေပြီ။ သာမာန်လက္ခဏာ တစ်ခုမှမရှိတာကြောင့် သူ့ကို အေအိုင်ဒီအက်စ်အဆင့်တွင် မသတ်မှတ်နိုင်သေးသလို ဖြစ်နေ၏။

ကိုက်ခဲတာကိုလည်း အိပ်ချ်အိုင်ဗွီပိုးက အာရုံကြောများကို တိုက်ရိုက်ဖျက်ဆီး တိုက်ခိုက်နေခြင်း ဟုတ်မဟုတ် စောင့်ကြည့်နေသေးသည်။

သူ့ကို သွေးဖေါက်စစ်ဆေးကြည့်ဖို့ သူ သဘောတူခဲ့တာ မှန်သည်။ သူ့ရည်ရွယ်ချက်မှာ သူ့တွင် ပိုးမရှိကြောင်း မိသားစုကို ပြသလိုခြင်းဖြစ်သည်ဟု ဆိုသည်။

သူ ဆေးရုံရောက်တာ ရက်ပေါင်းနှစ်ဆယ်ခန့် ရှိနေပြီ။ သူ ဝမ်းလည်း ရပ်သွားခဲ့သည်။ ပြန်လည်ထူထောင် လာပြီမို့ ဆေးရုံဆင်းရမည့်ရက်သည် မဝေးလှတော့။

သူ့တွင် ပိုးရှိနေကြောင်း နားဝင်ညင်သာစွာ အသိပေးဖို့ လိုအပ်နေပါပြီ။ သို့မှသာလျှင် သူ သက်တမ်း ရှည်အောင် သူ့ထံမှ ရောဂါပိုးတွေ မဖြန့်ဖြူးဖြစ်အောင် သူ့ကို နှစ်သိမ့်ဆွေးနွေးပညာပေးနေနိုင်မည်။ သူနှင့် အဆက်အသွယ် ရှိနေရပေမည်။

"အမိုး၊ ကျော်ကျော်နိုင် လာပါပြီ"

သူတို့ဆေးရုံ၏ ချစ်ခင်ဖွယ်အခေါ်အဝေါ် ဓလေ့အရ ဆရာဝန်မတွေ၊ သူနာပြုတွေကို အမိုး(မိခင်)ဟု ခေါ်ဝေါ်ကာ အထွေထွေအလုပ်သမားကလေးက အသံပြုရင်း လူနာကို တွဲခေါ်လာသည်။ တစ်ဖက်မှလည်း ကျော်ကျော်နိုင် အစ်ကိုဖြစ်သူက ပိုင်းဂန်းဖေးမ ထားရသေးသည်။

သူ ပေါင်ချိန်တိုးလာသည်။ အိပ်ပျော်စားဝင် တကယ်မလျှော့နိုင်တာ မဟုတ်လောက်ပါ။ သူကိုက ချွဲချင်နွဲ့ချင်။ သူ့အစ်ကိုကိုတော့ ချွဲချင်နွဲ့ချင်လှမည်မထင်။ အထွေထွေ အလုပ်သမားကလေးဘက်သို့

သူ့ခန္ဓာကိုယ်က ခပ်စောင်းစောင်း ခပ်မှီမှီ။ အင်း.. ခက်တာပဲနော်။ နနခိုင်က မပြုံးမိအောင် နှုတ်မ်းအသာကိုက်၍ ထိမ်းသိမ်းထားရလေသည်။

"ကျော်ကျော်နိုင်ကို ခဏထားခဲ့ပြီး မင်းက အပြင်ခုံတန်းမှာ ခဏစောင့်နေနော်။ မောင်မွန်းညီကတော့ အလုပ်ရှိရင် သွားပေ့ါ။ ဆယ့်ငါးမိနစ် နာရီဝက်လောက်နေမှ တစ်ခေါက်ပြန်လာကြည့်"

"ဟုတ်ကဲ့ အမိုး၊ ဟုတ်ကဲ့"

အထွေထွေအလုပ်သမားကလေး မောင်မွန်းညီက ကျော်ကျော်နိုင် မမြင်အောင် ခေါင်းခါရှုံ့မဲ့ပြနေသည်။ ကိုယ်တိုင်ကသာ ပြုံးချင်နေသော်လည်း မောင်မွန်းညီကို မသိမသာ မျက်မှောင်ကြုတ် ခေါင်းခါပြသည်။ ငါ ပြောသလို လုပ်၊ ငါ လုပ်သလို မလုပ်နဲ့။

"မူးတယ် ဆရာမရယ်၊ မောလည်းမောတယ်။ အရမ်းမောတယ်"

သူ အိပ်နိုင်စားနိုင် ပေါင်ချိန်တိုးနေပါလျက် ယခုလို ကယုကယင် ချွဲနွဲ့တာဟာလည်း သူ့အကျင့်ပဲ ဖြစ်ပါလိမ့်မည်။

"ခဏနားလိုက်ဦးနော်။ အမောပြေမှ ဆရာမ မေးပ့ါမယ်"

သူ့ကို အလိုက်အထိုက် လိုက်လျှောကာ အဆင်ပြေအောင် စည်းရုံးရသည်။ နံနက်ခင်းတိုင်း ရောင်းဒဲ လိုက်တိုင်း အားပေးလိုက်၊ နှစ်သိမ့်လိုက်နှင့် ပဏ္ဏမဂရုစိုက်ထားသောကြောင့်သာ ခုလို သုတေသနခန်းထဲ လိုက်ပါလာခြင်း ဖြစ်သည်။ မဟုတ်လျှင် ခုတင်မှာတွင် မထနိုင်ဘဲ မူးပြနေမည်။ သူ့ဘာသာ စိတ်တိုလျှင်တော့ ဆေးရုံဝင်းတံခါးနားအထိ သွားပြီး ဆေးပေ့ါလိပ် ဂယ်သောက်နိုင်နေတတ်လေသည်။

ကျော်ကျော်နိုင်က စားပွဲပေါ်လက်တင်ကာ မျက်နှာတစ်စောင်းမှေးမှီလျက် မျက်လုံးမှိတ်ထားသည်။

"ကျော်ကျော်နိုင်က အသက် နှစ်ဆယ့်လေးနှစ်နော်။ မိဘနာမည် ပြောပါဦး"

မပွင့်တပွင့် အိညောင်အိညောင်နှင့် သေချာမကြားရ။ သူ့ လာနာမှတ်တမ်းစာရွက်ကို ကြည့်လိုက်တာပါပဲ။

"ဪ.. ဪ.. ဦးဘိုနီ၊ ဒေါ်မမ ဟုတ်တယ်နော်"

ကျော်ကျော်နိုင် မဖြေ။

"ကျော်ကျော်နိုင်တို့က သာကေတမှာ နေတယ်နော်။ မောင်နှမအားလုံး ဘယ်နယောက်ရှိသလဲကွယ့်"

စားပွဲပေါ်တင်ထားသော လက်ဂါးတစ်ဖက်ဖြန့်ပြီး လက်ငါးချောင်း ထောင်ပြသည်။

"ကျော်ကျော်နိုင်က ဘယ်နယောက်မြောက်လဲ"

လက်တစ်ချောင်း။

"နံပတ်တစ်၊ အကြီးဆုံးပေ့ါ။ ယောက်ျားလေး ဘယ်နှစ်ယောက်လဲ"

သူက သန့်စွမ်းနက်မှောင်သော ဆံပင်တစ်ထွာကျော်ကို သေချာဖြီးသင်ပြီး သားရေပင်နှင့် စုစည်းချည်နှောင်ထားလေသည်။

"အားလုံး ယောကျ်ားချည်းပဲ"

"ဟင်.. အဲဒါတောင်"

နနခိုင် အံ့အားလည်းသင့်၊ စိတ်မကောင်းလည်း ဖြစ်မိ၏။

"ကျော်ကျော်နိုင်ဟာ ကိုယ့်ကိုယ်ကို မိန်းကလေးစိတ်ရှိတယ်ဆိုတာ သိတယ်နော်"

ဒါဟာ အတတ်နိုင်ဆုံး စကားလုံးရွေးချယ်ပြီး ပြောရတာပေါ့။ ရုပ်အကျီလက်ရှည် အပွင့်အခက်ကို ယောလုံချည်အပြင် ထုတ်ဝတ်ထားသည်။ ပုဆိုးလိုလို၊ ထဘီလိုလိုဝတ်ပြီး လိမ်ဖယ်လိမ်ဖယ် တင်ပါးလှုပ်လျှောက်နေကတည်းက မြင်သူတိုင်းက မိန်းမလျှာဟု သတ်မှတ်ထားပြီးသား။

"ဟုတ်"

အလို့၊ 'ဟုတ်' တဲ့။

"ကျွန်မ ကြားဖူးတာကတော့ မိန်းကလေးများတဲ့ မိသားစုတွေမှာသာ ယောကျ်ားကလေးဟာ မိန်းမစိတ်ဝင်တတ်ကြတာ ရှိပါတယ်။ ကျော်ကျော်နိုင်တို့ကျတော့ သားချည်းဖြစ်လျက်နဲ့ တခြားအစ်ကိုတွေကော အဲသလို မိန်းမစိတ်ဝင်တဲ့သူ ရှိသလား"

"ဟင့်အင်း"

"ကျော်ကျော်နိုင်က ငယ်ငယ်ကတည်းက ဟို.. ဟိုသင်း"

"ဟုတ်ပါတယ်။ ငယ်ငယ်ကတည်းက မိန်းမလျှာပါ"

ကျော်ကျော်နိုင်က ဖုံးကွယ်ရက်ကြောက်စရာ မယူမှတ်လေဟန် ပွင့်ပွင့်လင်းလင်း ဝန်ခံလိုက်သည်။ နနခိုင်မှာ လိုအပ်သော အချက်အလက် ရရှိလိုက်သည့်အတွက် စိတ်ပေါ့ပါးသွားရမလိုနှင့် တကယ်တော့ စိတ်ထိခိုက်သွားရတာက ပိုလေသည်။

"ဘာဖြစ်လို့ မိန်းမလျှာဖြစ်တာလဲ။ ကျော်ကျော်နိုင်တို့အမျိုးထဲ၊ မိတ်ဆွေထဲ၊ အိမ်နီးချင်းထဲမှာ မိန်းမလျှာတွေ နတ်ကတော်တွေ ရှိလား"

ခေါင်းခါယမ်းသည်။

"အဲဒါဆို ဘာဖြစ်လို့လဲ"

"မသိပါဘူး ဆရာမရယ်၊ ဖြစ်ချင်လို့ဖြစ်တာပဲ"

သူမရှေ့ စားပွဲပေါ် မှောက်မီရာမှ -

"ကျွန်တော့်ကို ပြန်ပို့ပါတော့ ဆရာမရယ်"

"ပို့မှာပါ။ ကျော်ကျော်နိုင်ကို မေးချင်တာလည်းရှိ၊ ပြောပြချင်တာလည်း ရှိလို့ပါ။ ခဏလေးပါကွယ့်။ လူနာဆောင်ထဲမှာဆိုရင် မေးရပြောရတာ မကောင်းဘူးလေ။ လွတ်လွတ်လပ်လပ် မရှိဘူးပေါ့"

"မြန်မြန်ပို့ပါ ဆရာမရယ်"

"စိတ်ချ၊ ခဏနေ ပို့ပေးမှာ၊ လာခေါ်ခိုင်းမှာ။ ကျွန်မနဲ့ စကားနည်းနည်းပြောပြီးရင် ပြန်တာပေါ့နော်။ ကဲ.. ပြောပါဦး၊ ခုလို မိန်းမလျာဖြစ်ရတာ စိတ်ထဲမှာ မရှက်ဘူးလား။ လူသိမခံချင် မဖြစ်ဘူးလား"

"ဟင့်အင်း"

နနခိုင်သည် သူမရှေ့မှ မိန်းမလျာကို အထူးအဆန်းဖြစ်ကာ ငေးကြည့်နေသည်။ ဆရာဝန်ဖြစ်လာသည့် သက်တမ်းတစ်လျှောက်မှာရော၊ သည်ယခင်ကရော သည်လိုမိန်းမလျာတစ်ဦးနှင့် ဤမျှ နီးနီးကပ်ကပ် ပြောဆို ဆက်ဆံရခြင်းမျိုး မရှိဖူးခဲ့။

"ကျော်ကျော်နိုင်က ဘာအလုပ်လုပ်သလဲ"

"ကုန်စိမ်းရောင်းတယ်။ နတ်ကတော်"

"ဟင်.. ခုနကတော့ နတ်ကတော်အသိ မရှိဘူးဆို"

"ငယ်ငယ်က မရှိတာပါ"

"ငယ်ကတည်းက မိန်းမလျာဖြစ်တယ်ဆိုတာ ဘယ်အရွယ်လဲဟင်။ ငါးနှစ်၊ ဆယ်နှစ်"

"အင်း.. ဟုတ်"

"ငါးနှစ်လား၊ ဆယ်နှစ်လား"

"အဲသလောက်ပေါ့ ဆရာမရယ်"

စိတ်မရှည်သလို ခပ်ညည်းညည်းဖြေသည်။

"အမေတို့က မတားဘူးလား"

"တားပါတယ်"

"အဖေကကော"

"ပိတ်ကန်တာပါပဲ"

အင်း.. ဒုက္ခ။ နနခိုင် သနားမိသည်။ ဘယ်လို ဘဝဂင်္ဂနွေကြွေးပါလိမ့် ကျော်ကျော်နိုင်ရယ်"

"ဆေးလိပ်သောက်လား"

"ဟင့်အင်း"

"အရက်"

"ဟင့်အင်း၊ လုံးဝ လုံးဝ"

"ဆေးခြောက်"

"အောင်မလေး၊ အနံ့တောင် မခံနိုင်ဘူး"

ကဲ.. တစ်ခုပဲ ကျန်တော့သည်။

ဆရာဝန်မပါပဲ။ သို့တစေ မေးမြန်းရတာ အားနာတာလည်း ပါ။ ကိုယ်တိုင်ကိုက တွန့်ဆုတ်သည်။ ခက်တာက နုနုခိုင်အလုပ်ကို နုနုခိုင်မလုပ်လျှင် ဘယ်သူလုပ်ပါ့မလဲ။

"ယောက်ျားတွေနဲ့ ဆက်ဆံဖူးတယ်နော်"

ဆက်ဆံဖူးသလား မမေးတော့။ လူနာ စမ်းသပ်ကြည့်ရှုစစ်ဆေးစဉ်က သူ့စအိုမှာ အနာဖြစ်နေတာနှင့် စပ်လျဉ်းပြီး ဆက်ဆံဖူးပါသည် သူ ဝန်ခံထားပြီးမှုပဲ။

"ဟုတ်"

"ကျော်ကျော်နိုင်က မိန်းမနေရာကပေါ့"

"ဟုတ်"

"တစ်နေ့ ဘယ်နှစ်ယောက်လောက် ရှိမလဲ"

"ပုံမှန်မဟုတ်ပါဘူး ဆရာမရယ်။ အလျင်းသင့်သလိုပါပဲ"

"အခကြေးငွေ ရသလား"

"ဟင့်အင်း"

"ကျော်ကျော်နိုင်ကကော ပေးရသလား"

လိင်တူဆက်ဆံလိုသော မိန်းမလျာတို့သည် ယောက်ျားအချို့ကို ငွေကြေးလိုက ဖြည့်ဆည်းရလေ့ရှိကြောင်း မှတ်တမ်းမှတ်ရာတွေကို လေ့လာထားရသောကြောင့် သေချာအောင် မေးမြန်းရလေသည်။

"စိတ်တူသဘောတူပါပဲ။ ဘယ်သူ့ဘယ်သူမှ ပေးစရာ မလိုပါဘူး"

"အဲဒီယောက်ျားတွေထဲမှာ ဆေးသမားလည်း ပါမှာပေါ့"

"ပါတာပေါ့ ဆရာမရယ်"

"သူတို့ဆီက ကာလသားရောဂါတွေ မရဖူးဘူးလား"

"ကြိုတင်ပြီး ပင်နီဆလင် ထိုးထားလိုက်တာပဲ"

"အဲဒီလို ထိုးရတယ်လို့ ဘယ်ကသိသလဲ"

ကျော်ကျော်နိုင် မဖြေပြန်ပါ။ သူသိထားသော ဗဟုသုတသည် နည်းလမ်းမမှန်၊ သို့သော် အဲဒါကို နောက်တစ်ကြိမ်မှ ဆွေးနွေးတော့မည်။

"ဆေးသမားတွေမှာ ဘာရောဂါပိုးရှိတတ်တယ်လို့ ကြားဖူးသလဲ"

"အေအိုင်ဒီအက်စ်"

အင်း.. ထားပါတော့။ အေအိုင်ဒီအက်စ် ဖြစ်စေတတ်သော အိပ်ချ်အိုင်ဗွီပိုးဆိုတာ နောက်တစ်ခေါက်မှပဲ။

"အဲဒီပိုးဟာ ဘယ်နည်းလမ်းတွေနဲ့ ကူးတတ်တယ်ဆိုတာ သိတယ်မဟုတ်လားဟင်"

"ဟုတ်"

"ဘယ်လိုသိထားလဲ ပြောပြပါဦး။ ကျော်ကျော်နိုင် သိထားတာမှန်ဖို့ လိုတယ်လေ။ မမှန်ရင် ကျွန်မ ပြင်ပေးချင်တယ်။ မှန်ရင်လည်း မှန်တယ် ပြောမှာပေါ့။ ကဲ.. ပြောပါဦး"

"လိင်တူဆက်ဆံတာ"

"ဟုတ်တယ်"

"မူးယစ်ဆေးထိုးတာ"

"ဟုတ်ပြီ၊ အပ်တစ်ချောင်းတည်းနဲ့ တစ်လှည့်စီထိုးတာမျိုးနော်။ အဲဒါ သွေးကြောင့်ကူးတာ။ တခြားကော"

"ဒါပဲသိတယ် ဆရာမ"

"လိင်တူလိင်ကွဲ ကူးတယ်နော်။ လိင်တူ ဆက်ဆံတော့ သဘာဝမှ မဟုတ်ဘဲကွယ်။ ကွဲရာရှုရာ ဒဏ်ရာ အနာတရနဲ့ ပိုပြီး အကူးမြန်မှာပေါ့"

"ကျွန်တော့်ကိုစစ်ထားတာ ပိုးတွေ့သလား ဆရာမ"

ဟော.. လာပါပြီ။ အရေးပါသော အချက်အချာ အပိုင်းကဏ္ဍသို့ ရောက်ရှိပါပြီ။

"ကျော်ကျော်နိုင် ဘယ်လိုထင်သလဲ"

မျက်လုံးဖွင့်ကာ ပေကတ်ကတ်ကြည့်နေသည်။

"တွေ့နိုင်တယ်လို့ မထင်ဘူးလား"

"မထင်ဘူး"

နှုတ်ခမ်းကို ခပ်စူစူလုပ်ကာ မျက်လုံးပြန်မှိတ်ထားသည်။

"ပိုးကူးစက်နိုင်တဲ့ အပြုအမူတွေ မင်း မဆင်ခြင်ခဲ့ဘူးဆို"

"အင်း"

"အဲဒါဆို ပိုးမကူးစက်နိုင်ဘူးလား"

"ကူးစက်နိုင်တာပေါ့ ဆရာမရယ်"

"မင်းမှာတွေ့မယ်လို့ အဲဒါဆို မထင်ဘူးလား"

"ဟင့်အင်း.. မထင်ပါဘူး"

နုနုခိုင် ပြုံးရမလို တည်ရမလိုနှင့် အင်မတန် ခေါင်းမာပေကတ်နေသော မိန်းမလျာကလေးကို ငေးကြည့်ရင်း အကြံယူနေသည်။

"ဘာလို့ မထင်ဘူးလဲ ပြောပါဦးကွာ"

သူက မထီတရီ မခိုးမခန့် နှုတ်ခမ်းမဲ့မလို ရွဲ့မလိုနှင့် -

"လူနာဆောင်ထဲက ကောင်တချို့လို ကျွန်တော် အနာအဆာတွေ မရှိဘူး။ ချောင်းလည်းမဆိုးဘူး။ အခု ဆက်ကုလိုက်ရင် ကျွန်တော် ကောင်းသွားမှာ။ ကျွန်တော့်မှာ ပိုးမရှိနိုင်ဘူး"

ဒါဟာ သူ့ကိုယ်သူ လှည့်ဖျားနေတာပဲဟု သိသည်။ ပိုးရှိသည်ဟု လက်မခံနိုင်သောသဘောကို ပြသည်။ ရပါတယ်လေ၊ နောက်တစ်ကြိမ်ကျမှပဲ။

"မင်း နေကောင်းလာတာ ဟုတ်ပါတယ်။ ဆေးရုံဆင်းရပြီ ဆိုပါတော့၊ အရင်လို လိင်တူဆက်ဆံဦးမှာလား"

"အောင်မယ်လေး.. လေး.. ဒီတစ်သက် တန်ပါပြီ"

နုနုခိုင် ပြုံးချင်သည်ကို နှုတ်ခမ်းအသာကိုက်ထားလိုက်ရပြန်လေသည်။

"ပြန်သွားရင် အရင်လူတွေနဲ့ ပြန်တွေ့ဦးမှာ။ သူတို့က ဖျားယောင်းကြမှာပဲ။ သွေးဆောင်ကြမှာပဲ"

"ပါးချပစ်မယ်၊ စမ်းရဲစမ်းကြည့်"

သည်တစ်ခါ နှုတ်ခမ်းကို လက်ခုံနှင့် အုပ်ထားလိုက်ရသည်။ တော်ပါသေးရဲ့။ သင်း မျက်လုံးမှိတ်ထားပေလို့"

"ရှောင်နိုင်ရင်တော့ အကောင်းဆုံးပေါ့ ကျော်ကျော်နိုင်။ မရှောင်နိုင်ပါဘူးတဲ့၊ အဲဒါဆိုရင် ကွန်ဒုံးသုံးခိုင်း ရမှာပေါ့။ ကွန်ဒုံးဆိုတာ သိလား"

ခေါင်းညိတ်သည်။

"သုံးခိုင်းဖူးလား"

"ခိုင်းပါတယ်"

"သုံးကြရဲ့လား"

"သုံးတဲ့အခါ သုံးပါတယ်"

"မသုံးတာလည်း ရှိတယ်ပေါ့"

"ဟုတ်"

"ကျော်ကျော်နိုင် ဆောင်ထားပြီး သုံးခိုင်းလို့လား"

ခေတ္တငြိမ်သက်နေပြီးမှ ညာနေလည်း မယုံလောက်ဘူး အတွေးပေါက်သလားမသိဘဲ ခေါင်းခါလေသည်။

"ဆရာမ၊ ကျွန်တော့်ကိုပြန်ပို့ပါတော့ ဆရာမရယ်"

"ကျွန်မ တွဲမယ့်သူ ခေါ်လိုက်မယ်"

နုနုခိုင် အခန်းဂသို့ လျှောက်သွားကာ ခုံတန်းဆီသို့ လှမ်းခေါ်သည်။ ကျော်ကျော်နိုင့်ညီသည် ငိုက်မျဉ်းနေရာမှ လန့်ဖြတ်လှည့်ကြည့်လေသည်။

"မောင်မွန်းညီဖြစ်ဖြစ်၊ အလုပ်သမားတစ်ယောက်ခေါ်ပြီး ကျော်ကျော်နိုင်ကို ပြန်တွဲခေါ်သွားကြနော်"

ကျော်ကျော်နိုင် ပြန်သွားသောအခါ သိထားသမျှ ပုံစံမှာ ရေးမှတ်ဖြည့်စွက်ကာ လိုနေသေးသော အချက်အလက်တွေကို နောက်အကြိမ်တွေအတွက် တေးထားရေးမှတ်ထားရသည်။ မလိုလားအပ်သော အပြုအမူတွေဟာ ဘာကြောင့်များ သည်ကမ္ဘာမှာ ပေါ်ပေါက်နေပါလိမ့်။

"ဟော.. ကေပါလား"

ပုံစံဖြည့်သော ဓါတ်ခွဲခန်းအဖြေတွေကို ပုံစံဖြည့်ရန် ဖုန်းမြင့်ကေ ရောက်ရှိလာပြန်သည်။ ကေက ခရီးရောက်မဆိုက် နုနုခိုင်စာရွက်တွေကို ကြည့်ပြီး ရွှတ်နောက်နောက်လုပ်နေသည်။

"အတွေးအခေါ် ရှင်ကြီး၊ ပင်ပန်းနေပြီလား"

"ဒီ အိပ်ခ်ျအိုင်ဗွီပိုးတွေဟာ အရင်လို ရိုးရိုးအေးအေးမနေဘဲ ဘာလို့ လူတွေကို ဒုက္ခပေးနေရတာလဲလို့ ကိုယ် စဉ်းစားမရဘူး ကေရယ်"

"လူတွေ အကျင့်တန်လာတော့ ကမ္ဘာမြေကြီးက စက်ဆုပ်လာတာပေါ့ကွာ။ အဲဒီတော့ ခွေးများ သန်းခါချ သလို"

သူ့ပခုံးတွေ၊ ကျောပြင်တွေ တွန့်ခါပြသဖြင့် နုနုခိုင် ရယ်မိသေးသည်။

"အဲဒါ ကပ်ဆေးတာပေါ့ကွာ။ ဟိုတုန်းကလည်း ပုလိပ်ရောဂါတို့၊ ကျောက်ရောဂါတို့ ဖြစ်၊ ကပ်တွေဆိုက်၊ ပြီးတော့ ဆေးပေါ်လာတာပဲ"

"ကေက အလွယ်ပြောတော့တာပဲ။ ဟိုရောဂါတွေက ကြည့်ရှောင်နိုင်တယ်။ ဒါက အရွယ်ရောက်သူတိုင်း မကင်းနိုင်တဲ့ ဆက်စံနဲ့ကူးတာ ကေရဲ့"

"အေးလေ.. သေစရာရှိ သေပြီး နောက်တော့ ဆေးပေါ်လာမှာပေါ့"

"အဲဒီအခါကျ ကမ္ဘာကြီးမှာ စီးပွားရေး၊ လူမှုရေး သုညမက အနုတ်ပြနေမှာ ထည့်တွက်ဦး ကေ"

"ဒါတော့ ခိုင်ရယ်၊ ကမ္ဘာဦးတုန်းကတောင် ကျောက်ခဲချင်း မီးခတ်ပြီး မီးမွှေးလာကြရသေးတဲ့ဥစ္စာ။ အေအိုင်ဒီအက်စ် ကပ်ဘေးပြီးတဲ့အခါ အဲဒီအထိ စလုံးက ပြန်စရမယ် မထင်ပါဘူး။ အိုင်တို့ရဲ့ ကွန်ပြူတာတွေ၊ အသံထက်မြန်တဲ့ ဂျက်လေယာဉ်တွေ တိုးတက်မှု တန့်သွားရုံလောက် ရှိမှာပါ"

"တော်ပါ ကေရယ်။ စိတ်ညစ်လိုက်တာ၊ ယူပြောလိုက်မှဖြင့် အပြုသဘောကို မဆောင်ဘူး"

"ဟား.. ဟား.. အပြုသဘောဆောင်တာက ဘယ်လိုအပြောမျိုးလဲ"

နုနုခိုင်က စာအုပ်တွေ၊ စာရွက်တွေ၊ ဖိုင်တွဲတွေကို ထပ်ကာ စားပွဲထောင့်တွင် ကပ်ထားလိုက်လေသည်။

"တစ်ကမ္ဘာလုံး ဆေးရှာနေကြတာပဲ။ တစ်ချိန်ချိန်မှာ တွေ့မှာပါ။ အဲဒီ တစ်ချိန်ချိန်ဟာလည်း ဝေးကွာလှမယ် မထင်ပါဘူး။ အဲသလိုပေါ့ ကေရဲ့"

ကေက နုနုခိုင်အား ပြောင်ချော်ချော် ဦးညွှတ်သည်။

"အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် ဝေဒနာရှင်တို့ရဲ့ မိတ်ဆွေ ဒေါ်နုနုခိုင်ခင်ဗျား၊ လေးစားပါတယ်"

နုနုခိုင်က သူ့ကို ဗွေမယူနေတော့ဘဲ အခန်းထောင့်ရှိ လက်ဆေးခွက်ဆီသို့သာ လျှောက်သွားတော့သည်။

"ညနေ တီတက်စ်တွေ လုပ်ရဦးမယ်။ ကိုယ် ထမင်းစားတော့မှပဲ"

ရေပိုက်ခေါင်းကိုဖွင့်ကာ ဝေါကနဲ ပြိုဆင်းလာသော ရေလုံးအောက်သို့ လက်နှစ်ဖက်လုံးကို ထိုးဆေးကြော နေလိုက်တော့သည်။

* * * * * *

# ဘဂခရီး အချိုးအကွေ့

ဖြစ်သမျှကို တကယ်တမ်းရင်ဆိုင်ဖို့ သိန်းစိုး ခွန်အားနည်းနေသည်။ သို့တစေ လက်ဝဲဘက် နံရိုးကြား တစ်လျှောက် ရေယုန်ပေါက်တာက တစ်ကြိမ်၊ လက်ယာဘက် ကျောပြင်နံရိုးကြား ရေယုန်ပေါက်တာက တစ်ကြိမ်၊ ယခု နောက်ဆုံးအကြိမ်အဖြစ် လက်ယာဘက်လက်မောင်းတစ်လျှောက် မြစ်များစီးဆင်းရာ လမ်းကြောင်းပြသည့် မြေပုံပမာ ဖြာဆင်းပြီး ပေါက်လာချိန်မှာတော့ ဆက်လက်ပြီး မျှော်လင့်ချက် မထားချင်တော့။

အိပ်ချ်အိုင်ဗွီပိုးရှိကြောင်း သိရစဉ်မှစ၍ ကျမ်းမာရေးပညာပေးစာစောင်တွေကို အမြီးပြန်ခေါင်းပြန် ရှာဖွေဖတ်ရှုလာတာကြောင့် ယခုအခါ ရေယုန်ကြီး (Herpes Zoster) ထပ်ခါတလဲလဲ ပေါက်နေသည်ကို တုန်လှုပ်ချောက်ခြားစွာ သတိပြုမိနေပါပြီ။ ဒါဟာ သာမာန်လက္ခဏာတစ်ရပ် ဆိုစေကာမူ အာရုံကြောသွားလမ်းတစ်လျှောက် ဝေဒနာဖြစ်နေရုံမျှမက သူ့ခြေတွေလက်တွေကလည်း ထုံကျဉ်ကိုက်ခဲသည်။

သည်ရောဂါပိုးသည် အာရုံကြောတွေကို တိုက်ရိုက် တိုက်ခိုက်ဖျက်ဆီးသည်ဟု သူငယ်ချင်း ဆရာဝန်တစ်ဦးက အမှတ်မထင် ပြောပြဖူးသည့် အတွေ့အကြုံကလည်း ရှိနေသည်။

နောက်ထပ်လက္ခဏာတစ်ခုမှာ သူ့ခန္ဓာအနှံ့အပြားတွင် တစ်ကြိမ်မှာ တစ်စိတ်တဒေသ သွေးခြည်ဥ၊ အနီအစက်အပျောက်တွေ ပေါ်လာလိုက်၊ စိမ်းပြာပြီး ညိုမောင်းမှိန်ပျောက်သွားလိုက် ဖြစ်ဖြစ်လာတာလည်း သုံးလေးကြိမ် မကတော့။

သူသည် အဆောင်သုံးသို့သွားပြီး ဆွေးနွေးအဖြေရှာသည်။ ထိုမှ စေညွှန်းသောကြောင့် အဆောင်ခုနစ်သို့လည်း ရောက်ကာ အပြင်လူနာအဖြစ် ပြသကုသသည်။ ပို၍ အခြေအနေ ဆိုးရွားလာသောအခါမှာတော့ ဆေးရုံ တက်ရောက်ကုသရတော့မည်။

သူ့အခြေအနေကို နှစ်သိမ့်ဆွေးနွေးသူ ဆရာဝန်တွေမှတစ်ဆင့် မိခင်ကြီးဒေါ်ယုကို အသိပေးစေသည်။ အခြားမိသားစုများ မသိစေရ။ အားလုံးသိထားစေမှာက သူ မန္တလေးဘက် ခရီးထွက်သွားသည်။

"ချို့ကို ပြောပြလိုက်ပါတော့ အမေ။ ကျွန်တော် သူ့ကို ရှောင်နေကတည်းက သူလည်း ရိပ်မိမှာပါ။ ဖွတ်အတင်း ဆက်သွယ်ဖို့ မကြိုးစားတာဟာလည်း သူ့စိတ်ကို သူ ဝေခွဲမရနိုင်တာပဲ ဖြစ်ပါလိမ့်မယ်။ ဒီရောဂါကို ချိုဟာ သားစဉ်မြေးဆက် အကူးအစက် မခံချင်ဘူး။ ကျွန်တော် နားလည်ပါတယ်။ သေချာ သိလိုက်ရင် အစတော့ ကျွန်တော့်ကို သနားချင် သနားမယ်။ တစ်ခါတည်းလည်း ရွံရှာအထင်သေးသွားနိုင်တာပဲ။ သေချာတာကတော့ သူဟာ ကျွန်တော့်ကို သံယောဇဉ်ဖြတ်လိုက်တော့မှာပါပဲ။ ချိုက လက်တွေ့ဆန်တယ်။ ပြတ်သားတယ်။ ချိုမှန်ပါတယ်။ အချစ်တစ်ခုတည်း မျက်ကန်းတစ္ဆေမကြောက်လို့ မရဘူးလေ။ မျိုးရိုး အရေးကြီးပါတယ်"

ဆေးရုံမတတ်မီ အမေ့ကို သူ မှာကြားသည်။

ဒေါ်ယု တရှုပ်ရှုပ်ငိုလေသည်။

"သားကို ချိုက ဘာလို့ရှုံ့ရှာရမလဲ သားရယ်။ သားဟာ အချစ်ဦးကိုစွန့်လွှတ်ပြီး မိသားစုအရေး လုံးပန်းနေခဲ့တာ။ ကျောက်ကောင်းမှုန် အနာအဆာရှိမြဲဆိုတာ ချိုကလေး နားလည်ပါတယ်"

"ဒီအနာအဆာက တစ်ဆက်တည်းမပြတ်ဘူး အမေ။ သားသမီးအထိ ပါသွားနိုင်တယ်။ ကူးစက်နိုင်တယ်။ လူကို အပြစ်မယူပေမယ့် မူကိုလက်ခံထားပြီး ဆုံးဖြတ်ရမှာပါ။ ကျွန်တော် ဆေးရုံတတ်နေတယ်ဆိုတာသာ အမေ မပြောပါနဲ့။ နှုတ်လုံပါ။ ချို လာကြည့်ရင် ကျွန်တော် ဆင်းပြေးသွားမယ်။ ဘယ်လို အကြောင်းပြချက်မှ ကျွန်တော် လက်မခံနိုင်ဘူး။ ဒီတစ်ခုပဲ ကျွန်တော် တောင်းဆိုပါရစေ အမေ။ ကျွန်တော့်ကို လိုက်လျောပါ"

ဒေါ်ယု ကျိတ်၍ငိုသည်။

"အမေ လိုက်မပို့နဲ့။ ကျွန်တော် သန်းကြည်ကို အသိပေးရလိမ့်မယ်။ သူပဲ ကျွန်တော့်ကို လာကြည့်ပါလိမ့်မယ်"

"သားကို အမေ လာမကြည့်ရဘူးလား သား၊ အမေ ရင်ကွဲပြီးသေမှာပဲ သားရယ်"

သိန်းစိုး အချိန်ယူ စဉ်းစားပြီးမှ -

"တစ်ခါတစ်လေလာပေါ့ အမေ၊ ကျွန်တော် ဆေးရုံမှာ သိပ်ကြာမယ် မထင်ပါဘူး။ သက်သာရင် ဟန်မပျက် ပြန်လာနိုင်အောင်သာ အမေ လုံလုံခြုံခြုံ ဖုံးဖိထားပေးပါ"

"စိတ်ချပါ သားရယ်။ အမေ ဈေးဝယ်ထွက်တယ်၊ ဘုရားသွားတယ်နဲ့ ကြည့်ပြောပြီး လာကြည့်မှာပါ"

ရုပ်လက်တိုကိုဂတ်ကာ ရေယုန်ကို ဖုံးကွယ်ထားပြီး အကြောအခြင် ထုံကျဉ်ကိုက်ခဲသည်ကို အနက်ဂျက်ဆင်သောက်ပြီး ဖြေဖျောက်လျက် သန်းကြည် လာခေါ်သည်ကို ဟန်မပျက် လိုက်ခဲ့ရသည်။

အငယ်လေးက ကိုကိုကြီး ထိုးမုန့်ဝယ်ခဲ့နော်။ မြမာလာက နစ်ထည်နော်ဟု ချွဲနွဲ့မှာသည်ကို အပြုံးမပျက်လက်ပြခဲ့ပြီး လမ်းမရောက်၍ ကားတွေ ဥပဒဟိုသွားလာသည့်ကြား ရောထွေးသွားသည်နှင့်တစ်ပြိုင်နက်မျက်နှာကို အကျီလက်နှင့် ဖုံးအုပ်ရှိုက်ငိုမိတော့သည်။

သန်းကြည်သည် ကားမောင်းသူနံဘေးမှာ ထိုင်ရင်း နောက်ခန်းမှ သူ့ကို လှည့်တကြည့်ကြည့် လုပ်နေသည်မှအပ တစ်စုံတစ်ရာ နှစ်သိမ့်နိုင်စွမ်း မရှိ။

အတူ ပျော်မြူးကြသည်။ အတူ ပွေရှုပ်ကြသည်။ တကယ်တော့ သိန်းစိုးထက် သူက အဆဆယ်ရာ ပိုကဲသောင်းကြမ်းခဲ့သူပါပဲ။ သူ့မှာလည်း ပိုးရှိနေဖို့ သေချာသလောက်ပါပဲ။ သို့တစေ သူ ရင်မဆိုင်ပုံ့။ သိန်းစိုးလို စွန့်စွန့်စားစား သွေးစစ်မကြည့်ပုံ့ပါ။ ရောဂါ ဘွားကနဲပေါ်လာခါမှသာ ကိုယ်တိုင်လည်း သိ၊ သူတစ်ပါးလည်း ရိပ်မိပါလိမ့်စေတော့။

ဆေးရုံရောက်ခါစ နာမည်ပေးရ၊ မှတ်ပုံတစ်ရနင့် အတန်ငယ် ကြောင်အမ်းအမ်းနိုင်သည်။ အားလုံးက သူ့ကို အေအိုင်ဒီအက်စ်ဟု ရှုတ်ချကြည့်ရှုနေကြမှာပဲဟု ပြန်လှည့်ပြေးချင်သည်။

တကယ်တမ်း အဆောင်ထဲမှာ နေရာကျသွားပြန်တော့လည်း အခြားလူနာတွေ မိသားစုတွေ လာရောက်ကြည့်ရှုပြုစုလို့မို့ အခြားဆေးရုံများနည်းတူ ဘာမျှ ထူးခြားနေတာလိုက်လို့။

ထောင့်တစ်နေရာမှ လူနာကလေးဆို နှစ်ဆယ်ကျော်၊ အစိတ်ပိုင်း ငယ်ငယ်ရွယ်ရွယ် ရုပ်ရည် သန့်သန့် ကလေး။ ခုတင်နံဘေး ခုံတန်းရှည်တွင် ထိုင်ကာ စကားတွတ်တီးတွတ်တာ ပြောနေသော ကလေးမဆိုလျှင် ခေတ်နှင့်အညီ ပြင်ဆင်ဂုတ်စားလျက် တက်သစ်စ ရုပ်ရှင်မင်းသမီးကလေးလား အောက်မေ့ရသည်။ ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမောနှင့် ပျားရည်ဆမ်းခရီးပမာ။

"ဆေးသမားကလေးဗျ။ စိတ်ရောဂါကုဆေးရုံမှာ ဆေးဖြတ်ရင်း အပြင်းဖျားနေရာက ဒီရောက်လာတာ"

သိန်းစိုး၏ ခုတင်နံဘေးမှ ဦးဆံဒိုဆိုသောလူနာက ပြောပြသည်။ သူသည် အသက်လေးဆယ့်ခြောက်နှစ်ရှိပြီ။ ကော့သောင်းဘက်က လာတက်တာဗျ။ တံငါလှေနဲ့ ဟိုဘက်ကမ်းကူးရင်း ပန်းပလားတို့၊ ပက်ပွန်းတို့ ခုတော့ ထိတာပေါ့ဗျာတဲ့။ ဒီရောက်မှတော့ ဘာ ဖုံးကွယ်ထားစရာ လိုတော့သလဲ။

အများစုကတော့ဖြင့် သူ့ကို အထူးအထွေ စိတ်ဝင်စားနေခြင်း မရှိဘဲ ကိုယ့်အကြောင်း ကိုယ့်ကိစ္စကိုသာ အာရုံစိုက်နေကြတာပဲဟု သိန်းစိုး သက်သာရာရစ ပြုသည်။

"ကိုသိန်းကြည်၊ ခင်ဗျားပြန်ပါ။ ကျွန်တော် အဆင်ပြေမှာပါ။ လူနာစောင့်လည်း ရထားပြီးပြီ"

တစ်ဆစ်ချိုးကွေ့၏ အခက်ခဲဆုံး အဆင့်တစ်ဆင့်ကို သူ ရုန်းကန်ကူးဖြတ်လာခဲ့လေပြီ။ ကော့သောင်း လူနာကြီး ဦးဆံဒိုကလည်း အားပေးသည်။

"အချင်းချင်း ရိုင်းပင်းအားပေးပြီး နေကြပါတယ်ဗျာ။ စိတ်ချလက်ချသာ ပြန်ပါ။ ကျွန်တော် ဆေးရုံတက်စ တုန်းကများ တချို့က ပြောကြတာလေ။ အေအိုင်ဒီအက်စ်လူနာဆို ဆေးထိုးသတ်တယ် ဆိုတာကိုး။ ကျွန်တော့်မှာ ကြောက်ကြောက်နဲ့ဗျာ။ ဒီရောဂါဖြစ်နေမှ သေမယ့်အတူတူ မြန်မြန်သေ မြန်မြန်အေးတာပဲ ဆိုပြီး။ အမှန်တော့ ကျွမ်းမရောက်လာတာတွေဟာ တချို့ ဆေးတောင်မမှီဘူးဗျ။ ရောက်ထွက်ပဲ"

ဦးဆံဒိုက စကားများသည်။ နောက်နောင် နားငြီးမှာ သေချာသော်လည်း လောလောဆယ် ရောက်စမှာတော့ အဖော်ရနေ အားရှိနေလေသည်။

လိုက်ကာစိမ်း ကာရံထားသော လူနာမှာ အသည်းကျွမ်းပြီး သွေးအန်၊ သွေးဝမ်းသွားနှင့် အသက်ငင် နေကြောင်းကိုလည်း သူကပဲ ပြောပြလေသည်။ ဒါဟာ သုံးကြိမ်မြောက်ဗျတဲ့။ တက်ချည်ဆင်းချည် တစ်နှစ် မကတော့ဘူး။ ဒီတစ်ခါတော့ မရတော့ဘူး ထင်တယ်တဲ့။

တစ်ယောက်ကတော့ ဆေးသမားကလေး။ အမေကို ဖဲဝိုင်းစီရောင်း လုပ်ကျွေးနေသူ။ အပေါင်းအသင်း များပြီး ဆေးသမားဖြစ်ခဲ့ရသော်လည်း ယခုဘဝ၏ နောက်ဆုံးနေ့ရက်တွေမှာ အမေကို လုပ်ကျွေးရင်း အပြုသဘော နေထိုင်နေသည်မှာ အေအိုင်ဒီအက်စ်ဟု သတ်မှတ်သော နေ့ရက်မှ နှစ်နှစ်ကျော် စွန်းခဲ့ပြီ ဆို၏။

"မစစ်နိုင်ဘူး၊ မစစ်နိုင်ဘူး။ ရှင်တို့ဘာသာ ဆေးချတာနဲ့ ကျွန်မက ဘာလို့ သွေးစစ်ရမှာလဲ။ ကျွန်မဘာသာ ပိုးရှိရှိ၊ မရှိရှိ"

စွာကျယ်စွာကျယ် မိန်းမတစ်ယောက်အသံကြောင့် သိန်းစိုး လှည့်ကြည့်မိသည်။ လုံးကြီးပေါက်လှ မိန်းမရွယ် တစ်ဦးသည် ခုတင်ပေါ်ရှိ သူမ၏ခင်ပွန်း ဖြစ်ဟန်တူသူ ပိန်ညောင်ညောင်အမျိုးသားကို ဒေါသတကြီး ရန်တွေ့ နေလေသည်။

"ကလေးနှစ်ယောက်ရှိတယ်။ ဆယ်နှစ်ကိုးနှစ် ရှိနေကြပါပြီ။ ရောဂါမပါလို့ ဖြစ်မှာပေါ့။ ရောဂါပါလာရင် နှစ်နှစ် သုံးနှစ်ထက် ပိုမနေရဘူး ဆိုတာပဲ"

ဦးဆံဒိုသည် ဂဲတကုတ်ကုတ်တဖွဲဖွဲ့ပေမယ့် စကားပြောမပျက်။

ဂဲဆိုသည်မှာ စိုစွတ်၍ ရွံ့ဗွက်ထူသော မြန်မာပြည်တွင် အလေ့ကျ ကူးစက်ဝေဒနာ ဖြစ်ရကား ဂဲရှိရုံမျှနှင့်တော့ အေအိုင်ဒီအက်စ် မခေါ်နိုင်သေး။ ထောင်မှထွက်လာသူ အများစုမှာလည်း ဂဲပါလာတတ် လေသည်။

ဆိုးရွားသည်က အရည်တရွှဲရွှဲ အလုံးကြီးပြီး ဆက်စပ်ပျံ့နှံ့နေသော ဂဲမျိုး။

"ဟိုဘက်ကကောင်ရဲ့ဂဲက ကျွန်တော့်ဂဲနဲ့ မတူဘူးဗျ။ ဆရာဝန်တွေကြည့်ပြီး ပြောတာ။ နော်ဝေးဂျီးယန်း စကေးဘီး ဆိုပဲ။ အဲဒါဖြစ်လာရင် အေအိုင်ဒီအက်စ် အခြေအနေ လမ်းဆုံးလုပြီတဲ့။ ဟုတ်မှာပေါ့။ တွေ့လား.. တစ်ကိုယ်လုံး ဖောသွပ်နေတာ"

တော်ပါတော့ ဦးဆံဒိုရယ်။ ကျွန်တော် သည်ထက်ပိုပြီး မကြားပါရစေနဲ့ဦး။ ကျွန်တော့်ထက် ပိုဆိုးတဲ့လူတွေ အများကြီးပဲလို့ ခင်ဗျား အားပေးချင်မှန်း ကျွန်တော် သိပါတယ်။ ဒါပေမယ့် တစ်ဆိပ်လောက်ကလေး တော်ပါတော့ နော်။ ကျွန်တော် ခံနိုင်ရည် မရှိတော့လို့ပါ။

သူ ဆေးရုံတက်လာသည်မှာ နေဝင်ဖျိုးဖျ လူလုံမကွဲသည့်အချိန် ဖြစ်နေသည်။ သို့သော် သူ့အပေါ် မည်သည့်ဂရုဏ်ထမ်းကမျှ မငြူစူပါ။

ဆရာဝန်တွေ ပြန်ကုန်ကြပြီ။ ညတာဝန်ကျဆရာဝန် လာမကြည့်သေး။ သူကလည်း အရေးပေါ်လူနာမှ မဟုတ်တာ။

ခေါင်းလောင်းသံက ကလောင်ကလောင် ကြားရသည်။ ညေ့နှင်လေပြီ။

"ညဘက်သုံးဖို့ ရေနွေးသွားယူဦးမှ"

ဦးဆံဒိုသည် ရေနွေးဓါတ်ဘူးယူကာ အဆောင်မှ ထွက်ခွာသွားသည်။ ကိုသိန်းစိုးကို သူ ဆက်လက် စကားဖောင်ဖွဲ့မနေနိုင်သေး။

သည်တော့မှပင် ကိုသိန်းစိုး ဟင်းခနဲ သက်ပြင်းချလိုက်နိုင်လေတော့၏။

* * * * * *

# အရိပ်မည်း

"ကားယူသွားပါလား နခိုင်၊ ညကလည်း စာဖတ်တာ ညဥ့်နက်လိုက်တာ။ အခုတစ်ခါ ဘတ်စ်ကားနဲ့သွားရင် ပင်ပန်းနေမှာပေါ့"

ဒေါ်သန္တာက ထမင်းဘူးထည့်နေသော နနခိုင်ကို လက်သုတ်ပဝါအသစ်တစ်ထည် ယူလာပေးရင်း တီးတိုး ပြောသည်။

"ရတယ် ဒေါ်လေး၊ အိပ်ရေးမဝတော့ ခေါင်းက မကြည်ဘူး။ မောင်းရင် တိုက်မှာစိုးလို့ ဘတ်စ်နဲ့ပဲ စိတ်အေး လက်အေး"

ဒေါ်သန္တာသည် ပြီးခဲ့သောအပတ်တုန်းက ဆေးရုံတစ်ခေါက် ပြန်ပြရသည်။ ထပ်မံခွဲစိတ်ဖြတ်တောက်နေရဦးမလား ဒေါ်သန္တာ ထိပ်လန့်သလို ဦးလှိုင်မြင့်ကလည်း စိတ်ပူသည်။

နနခိုင်မှာ ဖခင်ကြီးနှင့် အဒေါ်မိထွေးတို့ အေးအေးဆေးဆေး ရှိနေနိုင်ဖို့ တဖွဖွ အာမခံချက် ပေးနေရတော့ သည်။

"ဘတ်စ်ကား နောက်ဆုံးတန်းထောင့်မှာ ထိုင်ရင် လူတိုးသက်သာတယ်။ စာလည်းဖတ်နိုင်တယ် ဒေါ်လေးရဲ့။ သိမ်ကြီးဈေးဆို ရောက်မှန်းမသိ ရောက်သွားတာပါပဲ"

နနခိုင်က ထမင်းဘူးကို ပခုံးသိုင်းအိတ်ထဲ မစောင်းမရွဲ့အောင် သေချာနေရာချပြီး ထည့်သည်။

"သွားပြီ ဒေါ်လေး၊ တာ့တာ"

နနခိုင်ကို ဒေါ်သန္တာက လက်ပြကျန်ရစ်၏။

ကားဂိတ်တွင် ဇင်ယော် စောင့်နေလိမ့်မည်။ ဟီးနိုးဂိတ်သို့ ရောက်အောင် နနခိုင်တို့နေအိမ်မှ ကား သုံးမှတ်တိုင်သာသာလောက် လျှောက်ရသေးသည်။ ကားလမ်းခုလတ်မို့ ကျပ်သိပ်ပြည့်နှက်နေသော စော်ဘွားကြီး ကုန်း အင်းစိန် လိုင်းကားကို နနခိုင် တိုးဝှေ့မတက်တော့ပါ။ ခပ်သွက်သွက်လျှောက်နေသော နနခိုင်၏နံဘေးသို့ ကားတစ်စီး ညင်သာစွာ ထိုးရပ်လိုက်လေသည်။

"ဟိတ်.. နခိုင်.. တက်"

ကားတံခါးဖွင့်သံနှင့်အတူ ဖုန်းမြင့်ကျော်၏အသံပါ ရောပြီး ကြားလိုက်သဖြင့် လှည့်ကြည့်လိုက်ရသည်။

"ကေပါလား၊ အင်းစိန် ဘာလာလုပ်တာလဲ"

"အိုင့်ကြီးတော်ဆုံးလို့ သတင်းမေးပြီး ပြန်လာတာလေ။ ယူ့ကို ဆေးရုံလှည့်ပို့ပေးမယ်"

"နေပါစေတော့ ကေ၊ ကိုယ် ချိန်းထားလို့"

"ဟော့.. နခိုင်၊ မကျီစယ်နဲ့ကွာ၊ အိုင် ငိုရတော့မလား"

နနခိုင် တကယ်ပဲ အားနာသွားသည်။ ဖုန်းမြင့်ကေသည် လျှာအရိုးမရှိတိုင်း လျှောက်ပြောနေရင်း တစ်စစ ငိုက်ငိုက်စင်းကာ တဖြိုက်ဖြိုက် ကြွေနေပြီဟု နနခိုင် ရိပ်မိနေပါသည်။

သို့တစေ ဇင်ယော် ရှိနေသည်လေ။

သည်အနှောင်အဖွဲ့ဟာ ရှန်းဖြတ်၍ ရစေကောင်းတာမျိုးမှ မဟုတ်တာဘဲ ကေရယ်။

"လာပါကွာ၊ ယူချိန်းထားတဲ့ဆီ အိုင် ပို့ပေးမှာပါ။ ချစ်ခြင်းမေတ္တာဆိုတာ စွန့်လွှတ်ခြင်းဆိုလား၊ ဘာဆိုလား"

သူက ဟာသလုပ်နေဆဲ ဖြစ်သည်။

"အဲဒါဆိုလည်း ဟီးနီးဂိတ်တော့ ပို့ပေးပေါ့"

ဇင်ယော်နှင့်သူ့ကို ဆုံတွေ့ပေးဖို့ နနခိုင် ရည်ရွယ်လေသည်။

"ဒီနေ့ အိုင်က ဆေးရုံသွားမှာ နခိုင်ရဲ့။ ဓါတ်ခွဲခန်းအဖြေတွေ ကောက်သိမ်းရဦးမယ်။ အိုင့်စာတမ်းအတွက် တေဘဲလ်တွေ၊ ဖစ်ဂါတွေ ဘာမှ မလုပ်နိုင်သေးဘူး"

"ယူကလည်း လူတွေကို အခြေခံထားပြီး လုပ်ရတာ၊ စာရွက်တွေလိုတော့ ချက်ချင်း အပြားလိုက် ဘယ် ထွက်လာမှာလည်း"

"ရက်စ်.. ရက်စ်၊ ယူ့အာရိုက် ဒီးယား၊ ပုပ်အင်အစ်ဒီယာတ် အိုင်အမ်"

လမ်းသစ် မင်းလမ်းကြီးနှင့် ကုန်းကျော်တံတား လမ်းလေးခွဆုံရာ မရောက်မီကလေးသို့ ဖုန်းမြင့်ကေ၏ ကိုရိုလာအဖြူကလေး အရောက် -

"ဟိုး.. ဟိုး.. ချိန်းထားတဲ့လူက အဲဒီလမ်းထောင့်မှာ စောင့်နေတယ်"

ဖုန်းမြင့်ကေက ပုပ်အင်အစ်ဒီယာတ် အိုင်အမ်ဟု ဒုတိယမ္ဗိ ရေရွတ်သည်။ ပို၍ တီးတိုးစွာ။ သို့သော် နနခိုင် ကြားဖြစ်အောင် ကြားလိုက်လေသည်။

"ကိုဇင်ယော်နဲ့ယူ ဆေးရုံသွားမှာပဲဆိုရင် ခေါ်ပါလား နခိုင်။ အိုင် လှမ်းခေါ်လိုက်မယ်"

"အိုကေ.. ခဏလေး"

ကားပေါ်ပါလာသော နနခိုင်ကို ဇင်ယော် သတိမထားမိသေးဘဲ နနခိုင် လမ်းလျှောက်လာမည့် လမ်းဘက် တစ်လျှောက် လည်ဆန့်မျှော်ကာနေသည်။ နနခိုင်က ကားပေါ်မှဆင်းပြီး ကားခေါင်မိုးမှကြည့်ကာ 'မောင်' ဟု အသံပြုသည်။

ဇင်ယော်က ပြုံးတုံးကြောင်တောင် လှည့်ကြည့်လေသည်။

"ကားကြုံနဲ့ လိုက်သွားကြရအောင်၊ လာ.. မောင် ရှေ့က တက်"

ဇင်ယော်သည် ဖုန်းမြင့်ကေကို သိမထားသော်လည်း ဆေးရုံတွင် ဖြတ်သွားဖြတ်လာ အမှတ်မထင် မြင်ဖူး ထားပုံ ရသည်။ ဆေးရုံနှင့်သက်ဆိုင်၍ နုနုခိုင်နှင့်လည်း သိကျွမ်းသော ဆရာဝန်တစ်ဦးအဖြစ် မှတ်မိဟန် ပြလေသည်။

"လာပါ ကိုဇင်ယော်၊ ကျွန်တော်ကတော့ ခင်ဗျားကို နှစ်ပေါင်းများစွာကတည်းက နုနုခိုင်ရဲ့ အထူးမိတ်ဆွေ အဖြစ် မြင်ဖူး တွေ့ဖူးနေပါတယ်"

သည်မျှ စကားလောက်ကိုပင် ဇင်ယော်က မျက်နှာမထားတတ်နိုင်ဘဲ ပန်းသွေးကြွသွားခဲ့၏။ နုနုခိုင်က ဇင်ယော်ကို ရှေ့ခန်းမှာ ဝင်ထိုင်စေပြီး ကားတံခါးကို ပိတ်ပေးသည်။ ပြီးမှ ကားနောက်ခန်းက တက်ထိုင်သည်။

ရှေ့ခန်းနောက်မှီပေါ် လက်နှစ်ဖက်ယှက်တင်ကာ ခေါင်းကိုမေးထားပြီး အမျိုးသားနှစ်ယောက်ကို မိတ်ဆက် ပေးလေသည်။

"မောင့်ကိုတော့ ကေက သိနေပါတယ်။ ဖုန်းမြင့်ကေတဲ့။ ဒေါက်တာဖုန်းမြင့်ကေက ဘွဲ့လွန်အတွက် တို့တွေ ဆေးရုံကို လာလာနေရတာ"

"တစ်ခါတစ်ရံတော့လည်း ခုလို ချောမိတာပေ့ါ ခင်ဗျား"

နုနုခိုင်က ပြုံးယောင်ယောင် မျက်စောင်းခဲရင်း ဖုန်းမြင့်ကေဟာ မြန်မာဆန်ဆန် သိမ်သိမ်မွေ့မွေ့ ပြောတော့ ပြောတတ်ရှာသားဟု တွေးမိလေသည်။

ပြီးတော့လည်း လူကြီးလူကောင်းတစ်ယောက် ပီသစွာပင် ဇင်ယော် ဘယ်ဌာနမှာလဲ။ ဘာအလုပ် လုပ်သလဲ မမေး။ ရိပ်မိထားသောကြောင့်လည်း ဖြစ်နိုင်သည်။ အနည်းဆုံး နုနုခိုင်ကို လက်လှမ်းမမီတတ်ချင်သည့် အဖြစ်ကို တော့ ကြားဖူးနား၀ ရှိထားမှာပင်။

လမ်းခရီးမှာ ဘာတွေပြောသွားကြသလဲ။ ဘတ်စ်ကားတွေ မလုံမလောက် ကျပ်သိပ်ပြည့်နက်နေသည့် အကြောင်း၊ ဓါတ်ဆီဈေး ကြီးကြောင်း၊ ဒေါ်လာမှောင်ခိုဈေး ပိုမဆိုးလာပဲ တန်းနေသည့်အကြောင်း၊ အပြင် ထွက်ချင်လျှင် နတ်တင်ရကြောင်း၊ ကားတွေ အဂယ်မလိုက်ကြောင်း၊ ဖုန်းမြင့်ကေ၏ကား အလိုက်ပေးပြီး လဲမည် ဆိုလျှင် ဇင်ယော် ကူညီနိုင်ကြောင်း။

အင်းစိန်နှင့် ကန်တော်ကလေး အလှမ်းဝေးလင့်ကစား နံနက်စောစော ရှစ်နာရီမတိုင်မီ ကားမရှုပ်လှသေးတာ ကြောင့် နာရီဝက်အတွက်း ဆေးရုံရောက်ရှိလာသည်။

အဖြစ်အပျက်တွေသည် ဆေးရုံအရောက်မှာမှ ရုတ်တရက် ရုပ်ရှင်ဂတ္တုဆန်သွားသလို လက်တွေ့ ဆန်လွန်းသည် ပြောလျှင်လည်း ငြင်းစရာ ရှိမည်မထင်။

"စောစောစီးစီး ဆေးရုံအတွက် လေ့ကျင့်ခန်းတစ်ခုက ပိုပြန်ပြီ ကေ"

လမ်းတွင် ရပ်တန့်ကာ ကားလမ်းကူးဖို့ စောင့်ဆိုင်းနေသော ဆိုက်ကားပေါ်တွင် အမျိုးသားနှစ်ယောက် ပါလာသည်။ ရှေ့မှာ ခေါင်းငိုက်ကျနေသော အမျိုးသားကို မျက်နှာမမြင်ရသော်လည်း နောက်မှ ကိုယ်တစ်ခြမ်း မှေးထိုင်ကာ ရှေ့မှလူကို ဖေးမထားသော အမျိုးသားကိုတော့ တစောင်းမြင်နေရသည်။

"ဟာ.. ထွန်းအောင်လတ် ထင်တယ်"

ဇင်ယော်ထံမှ အာမေဋိတ်။

"ဟုတ်ပါရဲ့၊ ဟုတ်မယ်ထင်တယ်။ နောက်ကလူကို နနခိုင် မြင်ဖူးတယ်။ ဆေးရုံ လာလာကြည့်နေကျ သူ့အစ်ကိုပဲ"

ဆိုက်ကားကို ကျော်ဖြတ်တက်စဉ် သူတို့အားလုံး လည်ပြန်ကြည့်မိကြသည်။

"အစစ်ပေါ့၊ သူပဲ"

ဖုန်းမြင့်ကေပင်လျှင် ထွန်းအောင်လတ်ကို မှတ်မိနေသည်။ ဆေးရုံမှာ နှစ်လကြာသွားပြီး ဂျစ်ကန်ကန် ပေကတ်ကတ်နှင့် ပြောရဆိုရကျပ်သည်ဆိုသော လူနာကို အလွယ်မေ့ဖို့မလွယ်။ အမှန်တော့လည်း အဲသည် ဝေဒနာရှင်တွေကိုက လောကကြီးဟာ သူတို့ကို ပစ်ပယ်ရှုံ့ရှာသည် အမှတ်နှင့် မရင်းနှီးအောင် ဆန့်ကျင်ဖီလာ ပြုနေကြတာပဲ ဖြစ်လေမလား မဆိုနိုင်ပေ။

"ကျွန်တော် ဒီကပဲဆင်းလိုက်မယ် ဆရာ"

ဆေးရုံအဝင်ဂမှာ ကားရပ်ပေးလိုက်ရသည်။ သူကာ ကားတံခါးဖွင့်ကာ အလောတကြီး ဆင်းနှင့်နေမှကိုး။ နနခိုင်သည် လိုက်ဆင်းမသွားဘဲ ချိန်ဆရင်း လည်ပြန်တကြည့်ကြည့်နှင့် ကားရပ်သည့်နေရာအထိ ပါသွားသည်။

"နခိုင်၊ သုတေသနအခန်းကို အရင်လိုက်ခဲ့ဦး။ ဆေးရုံက ဂရုစိုက်ပါတယ်။ ယူ အနားသွားမပြောနဲ့။ ကြည့်မကောင်း ဖြစ်နေမယ်"

ဖုန်းမြင့်ကေက ကားတံခါးတွေကို သော့ပိတ်ရင်း နနခိုင်ကို လေးလေးနက်နက် တောင်းဆိုသည်။ သူ့စကားကို နနခိုင် အရေးတယူ လုပ်လေ့မရှိ။ သို့ပေမယ့် သည်တစ်ခါတော့ နနခိုင် ဆင်ခြေကွန့်မနေတော့ဘဲ သုတေသနယူနစ်သို့ ခပ်ဆတ်ဆတ်လျှောက်သွားလိုက်လေသည်။

"မိတ်ဆွေပဲဥစ္စာ"

ငါးလုံးသောစကားလုံးသည်ပင်လျှင် ဖုန်းမြင့်ကေကို နနခိုင် မကျေလည်ကြောင်း ညွှန်းဆို၏။

နနခိုင်က ဗီရိုသော့ဖွင့်ပြီး ပါလာသော ပခုံးသိုင်းအိပ်ကို ထည့်သည်။ ဂျူတီကုတ်နှင့် နားကြပ်ကို ယူသည်။ ရေးချွတ်စရာ မှတ်စရာ ဘောလ်ပင်နှင့်ဖိုင်တွဲ အဆင်သင့်ပြင်၏။ လူနာပါးစပ်ထဲမှာ မှက်ခရု ရှိနေမလား။ လူနာ ဆေးခိုးသုံးထားပြီးမှ မျက်စိသူငယ်အိမ် ကျဉ်းနေမလား ကြည့်ရှုစစ်ဆေးဖို့ လက်နှိပ်ဓါတ်မီးကလေးလည်း ယူရသေး၏။

"သူ့အဆောင်ထဲမှာ နေရာတကျဖြစ်တဲ့အခါ ယူ သွားကြည့်ပေါ့ကွာ။ အိုင် ယူ့ကို မေးချင်တာရှိလို့ပါ"

"ဘာလဲ"

"ကိုဇင်ယော်နဲ့ အဲဒီ ထွန်းအောင်လတ်ဟာ အတော်ခင်မင်ကြသလား"

"ငယ်ပေါင်းတွေပေါ့။ ဘာဖြစ်လို့လဲ"

"သူတို့နှစ်ယောက်ကို ဒီနားတစ်ဝိုက်မှာ အိုင် နှစ်ခါသုံးခါ တွေ့တယ် နခိုင်"

အဲဒါ ဘာဖြစ်သလဲဆိုသော အမူအရာနှင့် နနခိုင်က ဖုန်းမြင့်ကေကို စိတ်မရှည်စွာကြည့်ရင်း ခြေထောက်တွေက တံခါးဆီသို့ လှမ်းစပြုသည်။

အဆောင်ထဲ သွားချင်တာက တစ်ကြောင်း၊ ထွန်းအောင်လတ်ကို ကြည့်ချင်တာက တစ်ကြောင်း၊ အရင်နှစ်လလောက် ဆေးရုံတက်သွားတုန်းက သူလိုငါလို ကြည့်ရှုဂရုစိုက်ကြတာ မှန်ပါလျက် အခုအခါမှာမှ နနခိုင်ဘာကြောင့် အကဲပိုနေရပါလိမ့်။

ရှင်းပါသည်။ ဇင်ယော်မျက်နှာကြောင့်ပါပဲ။

"သူတို့ အမြဲ တတွဲတွဲနေကြပုံ ရတယ်နော်။ အိုင် တွေးမိတာ အဲဒါပဲ နခိုင်။ ယူ ဆက်စဉ်းစား။ ယူဟာ ဒီကောင်တွေကို လေ့လာနေတာ။ သုတေသနလုပ်နေတာ။ သူတို့ရဲ့ အမူအကျင့်၊ စိတ်နေသဘောထားတွေကို ယူ မေးနေ၊ မှတ်နေ၊ သရုပ်ခွဲနေတယ် မဟုတ်လား။ ဟိုက်ပိုးသဆစ်တစ်ခုထုတ်ဖို့ ယူ စိတ်ကူးနေတယ် မဟုတ်လား။ အဲဒါကို အိုင် ထောက်ပြတာပါကွာ"

နနခိုင် တုန်လှုပ်ဆတ်ဆိုင်းလျက် ဖုန်းမြင့်ကေဘက်သို့ ရင်ဆိုင်လှည့်လိုက်လေသည်။

"ရှင်းရှင်းပြောပါ ကေ၊ ယူ ဘာကိုဆိုလိုသလဲ"

ဖုန်းမြင့်ကေ ဂျူတီကုတ်ဂတ်နေရင်း နနခိုင်ကို စောင်းကြည့်ကာ ပခုံးတွန့်သည်။

"ယူ သိနေပါတယ် နခိုင်"

"ဇင်ယော်ဟာ ခေတ်ပညာတတ်တစ်ယောက်ပါ"

နနခိုင်က မဆိုင်းမတွ ခခံကာကွယ်သည်။ ဖုန်းမြင့်ကေ၏ ပစ်မှတ်ကို သူမ ရိပ်မိတုန်လှုပ်နေလေသည်။

"ယူတို့ဆီက ဆရာဂန်တစ်ယောက် ဆေးရုံဆင်းသွားတာ ဘာကြာသေးလို့လဲ။ တစ်နေ့က ရူပဗေဒဘွဲ့ရ ကျူရှင်ဆရာတစ်ယောက် ဟပက်တစ်ကိုမာနဲ့ ဆုံးသွားတယ်မဟုတ်ဘူးလား။ ပစ္စည်းဂုဏ်၊ ပညာဂုဏ် ဘာအဆင့်အတန်းနဲ့မှ တိုင်းတာပိုင်းဖြတ်ထားလို့ မရနိုင်ပါဘူးလို့ ယူပဲ အိုင့်ကို ပြောဖူးသေးတယ်ကွာ"

ကလေးတုန်းက ငြင်း၍မနိုင်လျှင် သဲနှင့်ကျုံးပြီး ပက်ပစ်ချင်တတ်သော သဘာဝ ရှိသည်။ ယခုလည်း -

"ကေကတော့လေ၊ ဇင်ယော့်ကို သက်သက် မနာလိုတိုင်း ဆေးဘဲဖြစ်အောင် ဆွဲပြောနေတော့တာပဲ"

နောက်သလို ကျီစယ်သလိုနှင့် တကယ်တော့ နနခိုင်က ဖုန်းမြင့်ကေကို ထိုးနက်တိုက်ခိုက်လိုက်တာပါပဲ။

"အိုင့်ကို ဒီဂရိတ်ဒ်လုပ်နိုင်ပါတယ် နခိုင်၊ အိုင် တကယ် စိုးရိမ်လို့ပြောတယ်ဆိုတာ ဘုရား သိပါတယ်။ အိုင် မဆင်မခြင် ပြောလိုက်တယ်လို့ လုံးဝမထင်နဲ့။ ထွန်းအောင်လတ်နဲ့ ကိုဇင်ယော်ကို ပထမအကြိမ် အတူတွေ့တဲ့ နေ့ကစပြီး ယူ့ကို ဘယ်လိုအကြံပေးရမလဲ စဉ်းစားနေတာ"

"တစ်မိသားစုထဲတွေမှာတောင် တစ်ယောက်တည်း ချွန်ပြီး ဆေးသုံးနေတာ။ womanize လုပ်နေတာ အပုံပါကွာ"

"ညီအစ်ကိုတစ်စုလုံး ဆေးသုံးနေတာ။ ပုမင်နိုက်ဇ် လုပ်နေတာလည်း အပုံပဲဆိုတာ ယူ ရေးမှတ်နေတဲ့ ကေ့စ်တွေမှာ ပါသားပဲ။ ယူပဲ အိုင့်ကို ရွတ်ရွတ်ပြနေတာပဲ မဟုတ်ဘူးလား"

သည်အချိန်မှာပဲ လူနာတင်ကပ်တစ်ခုပေါ်တွင် ထွန်းအောင်လတ်ကို ပက်လက်အနေအထားဖြင့် သယ်ဆောင်သွားကြသည်ကို မြင်တွေ့လိုက်ရလေသည်။

နောက်မှ ကပ်ပါလာသော ဇင်ယော်၏မျက်နှာမှာ ဖြူဖပ်ဖြူရော ကြောင့်ကြကာနေ၏။

"သွေးအန်ပြန်ပြီတဲ့ နခိုင်။ ထွေးခံနဲ့ တစ်လုံးလောက်ရှိတယ်တဲ့။ သတိပါလစ်သွားတယ် ပြောတယ်"

"ဂွဲဒ်အမ်အို ကြည့်မှာပါ။ ခိုင် လိုက်သွားလိုက်ဦးမယ်"

နနခိုင် တစ်လှမ်းနှစ်လှမ်းလျှောက်ပြီးနောက် ရပ်တန့်ကာ လှည့်ကြည့်မိသည်။

ဇင်ယော် လိုက်မလာဘဲ ကျန်ရစ်သည်ကို တွေ့ရ၏။

"လာလေ"

ဇင်ယော် ခေါင်းခါသည်။

သူ့ကိုကြည့်ရသည်မှာ မူးနောက်နေသလို သွေးပေါင်ကျနေသလိုနှင့် ခဏချင်းအတွင်း လဲပြိုသွားတော့ မလို ယိုင်ချည့်ချည့် ဖြစ်နေသည်။

"အခန်းထဲ ဂင်ထိုင်နေမလားဟင်"

နနခိုင် နောက်ကြောင်းပြန်လှည့်လာပြီး အနီးကပ် ပူပန်စွာ မေး၏။

ဇင်ယော်သည် ညင်သာစွာ ခေါင်းခါယမ်းလျက် စင်္ကြံနံဘေးတွင် ရှိနေသော နောက်မှီပါသည့် ထိုင်ခုံတန်းတွင် အရုပ်ကြိုးပြတ် ထိုင်ချ၏။

"သွားကြည့်ပါဦး နခိုင်။ ကိုအီဗရာအခြေအနေ စိုးရိမ်ရမယ် ထင်တယ်နော်"

"လောလောဆယ် မောင့်ကို နခိုင် ကိုပြီးစိုးရိမ်နေရတယ်။ လာ.. အခန်းထဲမှာ ထိုင်နေရစ်။ ဒါမှ ခိုင် အလုပ် ဖြောင့်နိုင်မယ်"

နနခိုင်က တွဲတော့မလို ထူတော့မလို အံကလေးခဲပြီး အမိန့်ပေးတော့မှ ဇင်ယော် နေရာမှ ဖြည်းဖြည်း လေးလေး ထကာ သုတေသနခန်းဘက်သို့ ပြန်လှည့်သည်။

ဖုန်းမြင့်ကေကလည်း ဂျူတီကုတ်ကိုင်ကာ ထွက်အလာနှင့် ဆုံလေသည်။

"အိုင် သွားနှင့်မယ် နခိုင်"

သွားချေပါလားဟု နနခိုင်က အသံမထွက်ဘဲ နှုတ်ခမ်းကလေးလှုပ်ရုံ ရေရွတ်သည်။

"ထိုင်နေရစ်နော်။ ပန်ကာကလေး ဖွင့်ထားပေးခဲ့မယ်။ အေးလာရင်လဲ ပိတ်လိုက်ပေါ့။ မောင် အသက်ရှူ ဂအောင်ပါ။ လေငြိမ်တော့ ပိုမူးမှာစိုးလို့နော်"

စားပွဲတင်ပန်ကာကလေး ဖွင့်ပေးခဲ့ပြီးမှ သုတ်သုတ်ပျာပျာနှင့် လူနာဆောင်ဘက် လျှောက်သွားရတော့သည်။ လူနာဆောင်တွင် လက်ထောက်ဆရာဝန် ဒေါ်ခင်ခင်က လူနာကို စမ်းသပ်ဆေးညွှန်းနေပါပြီ။

"မင်း ဆေးမှန်မှန်မသောက်ပါဘူးကွာ" ဟုလည်း တဖျစ်တောက်တောက် ညည်းတွားနေ၏။ ထွန်းအောင်လတ်ခေါ် အီဗရာဟင်သည် ပြန်လည်ငြင်းဆန်နိုင်အား မရှိ၊ ငြင်းစရာလည်း ရှိဟန်မတူဘဲ မည်းမှောင်သော အသားအရေသည် ဖျော့တော့သွေးဆုတ်လျက် မိန်းမောကာနေသည်။

"သူ့ကို သန့်ရှင်းရေးလုပ်ရင် လက်အိတ်စွပ်နော်။ ခဏခဏ မမှာပါရစေနဲ့"

"စိတ်ချပါ ဆရာရယ်။ ကျွန်တော်တို့အတွက် စိုးရိမ်လို့ပြောမှန်း သိပါတယ် ဆရာရဲ့"

"သိသာသိတယ်။ တစ်ချက်မှကို အလစ်ပေးလို့ မရဘူး"

တစ်ဖက်ကမ်းမှ ပြန်ရောက်လာသည်ဆိုသော ကော့သောင်းမြို့နယ်သား ဦးဆံဒိုး၏ တင်ပါးမှအနာကြီးကို ဆေးထည့်ပေးရင်း အထွေထွေလုပ်သားကြီး ဦးလူလေးက တဟဲဟဲပြုံးရယ်ကာ နေလေ၏။ ဆရာဝန်ထွက်သွားသည်နှင့် လေသံနိမ့်ကာ လူနာကို ပြောသည်။

"ဘယ့်နယ်လုပ်မလဲ။ ကူးတော့ မကူးချင်ဘူးပေါ့။ သတိတော့ ထားတာပေါ့။ ဖြစ်လည်း ကုသိုလ်ရပါတယ်။ ပြုစုရင်းဖြစ်တဲ့ဥစ္စာ"

ဆရာဝန်ဆရာမတွေ ထွက်သွားစဉ် ထွန်းအောင်လတ်နံဘေး ကျန်ရစ်သော နနနိုင်က သဲသဲကွဲကွဲကြီး ကြားလိုက်ကာ မကြောက်မလန့် မရွံ့မရှာ ကိုင်တွယ်သန့်ရှင်းပေးနေသော ဦးလူလေးကို စိတ်ထဲမှ လေးစား ဦးညွှတ်မိတော့သည်။

အသက်သုံးဆယ်ကျော်လောက်ရှိမည့် ထွန်းအောင်လတ်နှင့် ဆင်ဆင်တူသော လူရွယ်သည် ထွန်းအောင်လတ်၏ ပါးစောင်တွင် စွန်းပေနေသော သွေးစကို ပုဆိုးဟောင်းနှင့် အသာသုတ်ပေးရာမှ မော့ကြည့်သည်။

"လက်ကို မထိစေနဲ့။ လက်သေချာဆေး။ အပုဲ့အရှမရှိရင် မကူးတတ်ပါဘူး။ ဒါပေမယ့် တစ်ခါတစ်လေ ပွဲ့တာရှတာတွေက မမြင်ရလောက်အောင် သေးနေတတ်တာ။ တစ်ခါသုံးလက်အိတ် ဆောင်ထားပါလား။ တစ်စုံ နှစ်ကျပ်ပါပဲ"

"ဟုတ်ကဲ့ ဒေါက်တာ၊ ဟုတ်ကဲ့"

ရုပ်ချင်းဆင်တူသော်လည်း အလီသည် ပျော့ပျော့ပျောင်းပျောင်း နူးနူးညံ့ညံ့ ရှိသည်။

"သူ ပြန်လုပ်သေးသလား"

နနနိုင်က လက်မောင်းကို ဆေးထည့်ဟန်လုပ်ပြ၏။

အလီက စိတ်မချမ်းမြေ့လှသော အမူအယာနှင့် အသာအယာ ခေါင်းညိတ်လေသည်။

အရင်တစ်ခါတုန်းက နနခိုင်သည် ကိုယ်ရေးကိုယ်တာ စွက်ဖက်နေတာက တခြား၊ ထွန်းအောင်လတ်အပြင် သူ၏မိခင်နှင့် အစ်မကိုပါ ဆုံတွေ့မေးမြန်းခြင်း ပြုခဲ့ရ၏။ ထွန်းအောင်လတ်အပြင် ညီအစ်ကိုတွေထဲမှာ ဆေးသုံးသူ ပါဝင်သေးသလားဆိုတာ သိဖို့ လိုအပ်နေသည်။ ထွန်းအောင်လတ်တစ်ယောက်သာ အငယ်ဆုံးက စုန်းပြူး ပါလာတာပါတဲ့။

ထွန်းအောင်လတ်နှင့်တူ ဆေးသုံးစွဲသူတွေကို သည်လူရွယ်က ပြောပြနိုင်မှာပဲဟု နနခိုင်ကို အလုပ်က သင်သဖြင့် မှန်းဆတတ်နေလေသည်။ အရင်တစ်ခေါက်က မမေးဖြစ်ခဲ့သော်လည်း အခု မေးကို မေးမြန်းစုံစမ်းရ တော့မှာပါကလား။

"နေ့ခင်းကျရင် ရှင့်ကို ကျွန်မ အခေါ်လွှတ်လိုက်မယ်နော်။ လူနာလည်း သက်သာသွားမှာပါ။ သိချင်တာ လေးတွေ နည်းနည်းပါးပါး မေးရအောင်လို့"

"ဟုတ်ကဲ့ ဒေါက်တာ၊ ကျွန်တော် လာခဲ့ပါ့မယ်"

သူနာပြုဆရာမ နီဘီသည် အလုပ်သမားအကူအညီဖြင့် ဂလူးကို့စ်ချိုင်နန် သွင်းပေးရန် ထွန်းအောင်လတ်၏ လက်ကောက်ဝတ်တွင် အကြောရှာနေသည်။ သူမလည်း လက်အိတ်စွပ်ထားလေသည်။

"သူ့အကြောတွေက အတော်ရှာရခက်တာပဲ။ ဒါနဲ့များတောင် ဒီအလုပ်ကို အတော်ကြိုးစားလုပ်တယ်နော်၊ အံ့ရော" ဟု ဆရာမက ညည်းတွားနေသည်။

"တစ်ခါတစ်လေ ခြေမျက်စိနားမှာထိုးပြီး ရောင်ကိုင်းနေတာပဲ" ဟု အလီက စိတ်ပျက်လက်ပျက် တိုင်တမ်းသည်။

"ဒီတစ်ခါ ပြန်ရပါဦးမလားဟင်"

ဆိုသေတေသောညီအပေါ် သံယောဇဉ်ကလည်း ငင်နေလေသည်။

"ဘုရားသခင် အလိုတော်ပါပဲ အလီရယ်" ဟု နီဘီက နှစ်သိမ့်သည်။

နီဘီက ခရစ်ယာန်ဖြစ်ပြီး အလီက အစ္စလမ်ဘာသာဝင် ဖြစ်လင့်ကစား ဘုရားသခင် စီမံသမျှ နာခံကြမည့် လူသားချင်းတော့ တူညီကြပေသည်။

နနခိုင်ကတော့။ ဩော်.. အတိတ်ဘဝ၊ မျက်မှောက်ဘဝ ကုသိုလ် အကုသိုလ်ကံ အကျိုးပေးတွေပါပဲရယ်လို့ စိတ်ကို ဖြေဖျောက်တတ်ရမှာပဲဟု သူမကိုယ်သူမ အားတင်းရင်း အရိပ်မည်းတစ်စုံတစ်ရာသည် သူမကို အနီးကပ် ခြောက်လှန့်လျက်ရှိလေသည်။

သမားတော်ကြီး လူနာဆောင် လှည့်ပတ်ကြည့်ရှုခြင်း မပြုမီ နနခိုင်က သူမ၏အခန်းသို့ တစ်ခေါက် ပြန်လာသည်။

ဇင်ယော် မရှိတော့။

ထီလက်မှတ်အဟောင်းတစ်စောင်တွင် လက်ရေးသော့နှင့် ခြစ်ထားသော စာတစ်ကြောင်းကိုသာ ထီလက်မှတ်လေးတွင် ဖတ်ရှုရတော့သည်။

*သူငယ်ချင်းတစ်ယောက်ထံ အကြောင်းကြားဖို့*
*ပြန်သွားပါသည်။*

*ဇက်၊ပိုင်*

သူ့နာမည်ကို အတိုကောက် ဇက်နှင့်ပိုင်ကို စင်ရောငှက်ကလေးနှင့်တူအောင် ရေးဆွဲလက်မှတ်ထိုး ထားသည်။

'ထင်ရာလည်းစိုင်းသနော် ရိုင်းတဲ့ဇင်ယော်' ဆိုတဲ့ သီချင်းတစ်ပိုင်းတစ်စသည် နနခိုင်၏ရင်ကို ရိုက်ခတ်သည်။ မသေချာသော ခြောက်လှန့်မှုသည် နနခိုင်ကို မတည်ငြိမ် ကြေကွဲဆို့နင့်နေစေတော့သည်။

ဟင့်အင်း၊ ဖြစ်မလာပါစေနဲ့။ မဟုတ်ပါစေနဲ့။ သည် ငြိမ်းချမ်းမှုကလေးကိုတော့ ပိုင်ဆိုင်ပါရစေ။

နနခိုင်သည် သုတေသနခန်းနံရံကို မှီကာ မျက်လုံးစုံမှိတ်ပြီး ထိတ်လန့်တုန်လှုပ်ကာ နေလေ၏။

"ဒေါက်တာ၊ ဧည့်သည်တော်တွေ ဆယ့်ငါးမိနစ်အတွင်း ရောက်လာမယ်တဲ့။ အဆောင်ထဲမှာ အသင့် ဖြစ်နေပါစေလို့ ဆေးရုံအုပ်ကြီးက ပြောခိုင်းလို့။ မူးလို့လားဟင်၊ ဒေါက်တာ နေမကောင်းဘူးလား"

ခရီးသွားဟန်လွှဲ သက်ဆိုင်သူတိုင်းကို နှိုးဆော်အသိပေးနေဟန်ရှိသော အစိမ်းရောင်ဂဝန် သူနာပြု ဆရာမကြီးက လည်ပြန်ကြည့်ရင်း မေးမြန်းစုံစမ်းသည်။

နနခိုင် သွားဖြဲပြရင်း ခေါင်းခါရလေသည်။

"သွားနှင့် စစ္စတာ၊ ကျွန်မ လာခဲ့မယ်"

လေ့လာသူ ဧည့်သည်တော်တွေသည် တစ်ခါတစ်ရံ နိုင်ငံခြားမှ၊ တစ်ခါတစ်ရံ ပြည်တွင်းမှ။

ဆေးပညာရှင်တွေက အတွေ့အကြုံနှင့် ပညာ ဖလှယ်သည်။ လူနာတွေက နောက်နောင် ကုသပြုစုရေး အတွက် ပညာပါရမီ ဖြည့်ဆည်းပေးကြသည်။

ဓါတ်ပုံရိုက်ရင် မျက်နှာမပါဖို့ အထူးသတိပြု စောင့်ကြပ်ပေးခြင်းဖြင့် ဆေးပညာလောက၏ ကျင့်ဝတ် သိက္ခာကို စောင့်စည်းထိမ်းသိမ်းပေးကြရပြန်လေသည်။

အစစအရာရာ နေသားတကျဖြစ်အောင် ပိုင်းဝန်းကူညီခြင်းဖြင့် ခေတ္တယာယီတော့ဖြင့် ကိုယ်ရေးကိုယ်တာ ပူပင်သောကတွေ လွင့်စင်ဖယ်ကြဉ်သွားကြရပါလေ၏။

* * * * * *

# ထွန်းအောင်လတ်နှင့် သူ၏သူငယ်ချင်း

သည်တစ်ကြိမ်လည်း ဘုရားသခင်က သူ့ကို ခေါ်တော်မူခြင်း မရှိသေးပါ။

ထွန်းအောင်လတ်သည် ဂလူးကို့စ်သွင်းရန် အကြောရှာထားသဖြင့် ဖူးရောင်ကိုက်ခဲနေသော သူ၏ လက်မောင်းတွေကို ကိုင်မြှောက်ကြည့်မိသည်။

သူ့အသားက မည်းသည်။ သို့တစေ သွေးဆုတ်နေတာမို့ ဖျော့တော့တော့နှင့် အကြောစိမ်းတွေသာ ပေါ်လျှင် မြင်သာသည့်အနေအထားမှာ ရှိမည်။

ယခုမူ သူ့အရေပြားပေါ်မှာ နေရာလပ်သိပ်မကျန်လောက်အောင် ဆေးမင်ကြောင်တွေက ပြည့်သိပ် နေသည်။

ညာလက်ဖျံတွင် အလ္လာဟုအရှင် မနစ်သက်သော အပြုအမူဟု ယုံကြည်ထားသော ဖခင်ကြီးက အက်ဆစ်ဖြင့်ဖျက်ပစ်ဖို့ ကြိုးစားထားသော အမာရွတ် ရှိနေသည်။ ကြာတော့ တစ်ကိုယ်လုံး အက်ဆစ်စိမ်ရ မလောက် ဆေးမင်ကြောင်တွေ နေရာယူလွန်းလာသောအခါ ဖခင်ကြီး လက်လျှော့လိုက်တော့သည်။

ဖခင်ကြီးကို အကြိမ်ကြိမ် ကတိပေးခဲ့သည်။ မိခင်ကြီးကိုလည်း အကြိမ်ကြိမ် အာမဘန္ဓေခံခဲ့သည်။

မကြာသေးခင် လောလောလတ်လတ်ကပင် ဒေါက်တာနနခိုင်ကို သူက နောက်တစ်ဖန်ပြန်ပြီး ဆေးမသုံးစွဲ တော့ပါဟု အလေးအနက်ဆိုခဲ့သေးသည်။

မြဒွေးနှင့်တွေ့လျှင် သူ့ကတိကဝတ်တွေ ပျက်ပြားသွားလေ့ရှိသည်။

ဆေးရုံဆင်းပြီးခါမှ နှစ်ကြိမ်။ ဟင့်အင်း.. သုံးကြိမ်။ တတိယအကြိမ်မှာ အကြောရှာမရသဖြင့် လက်လျှော့ လိုက်ပြီး စီးကရက်ထဲ ထည့်မှိန်းဖြစ်သည်။ ခါတိုင်းလို အရသာမငြိမ့်ညောင်းလှပဘဲ ကာတွန်းဆရာတွေ ရေးဆွဲသော အိပ်ချ်အိုင်ဗွီပိုး သရဲကြီးတွေက သူ့ကို ငရဲ ဆွဲခေါ်သလို ခံစားရစေသည်။

ဇင်ယော်က သူတို့နှင့်အတူ ဆေးသုံးနည်းသည်။ သူ့ဘာသာ တစ်ယောက်တည်း သီးခြား စည်းစိမ်ခံစားလေ့ ရှိသည်။ ယခုနောက်ပိုင်း မြဒွေးနှင့်ပင် အပ်အတူမသုံးတော့။ ဆေးဖြတ်ရန်တိုက်တွန်းဖို့ ရည်ရွယ်ရင်း ပါးစပ်မှ ပြောမထွက်နိုင်တာ ခက်နေသည်။

သူ မျှော်လင့်နေတာက သူ့မှာသာ ပိုးတွေ့ပြီး ဇင်ယော်နှင့်မြဒွေးတွင် ပိုးမရှိသေးဖို့ ဖြစ်သည်။ မကူးစက် သေးလျှင် ဘယ်ရှိပါ့မလဲ။ သည်တော့ သည်ကောင်တွေနှင့် အပ်တစ်ချောင်းတည်းဖြင့် ဂေမျှ ဆေးသွင်းခြင်းအမှုကို သူ မပြုတော့ပါ။

"မြဒွေး၊ မင်းဘာသာ သီးခြားထိုးကွာ။ ဇင်ယော်လည်း အပ်သပ်သပ်သုံး"

မြဒွေးက စိတ်ပျော်လူကြမ်းကြီး။

"နင့်မေဂလိန်းတဲ့မှ။ ဒီလောက် ဖောဖောသီသီ အပ် ဘယ်ကရမှာမို့လဲ။ မင်းက ပိုးရှိတဲ့ကောင်ဆိုတော့ မင်း မထိုးနဲ့။ ငါတို့ အတူထိုးမယ်"

ဒါကို ထွန်းအောင်လတ်က ကြောင်းကျိုးဆီလျော်သည် ထင်မှတ်ခဲ့သည်။ သူနှင့် အပ်အတူ သုံးစွဲခဲ့ဖူးမှတော့ သွေးစရောနှောပြီး ပိုးကူးစက်ဖို့ သေချာသလောက်ပါပဲဟု သူ နားမလည်သေးပါ။

ဟော.. ရုတ်ရုတ်သဲသဲ ဆူဆူညံညံနှင့် လူတစ်စု ရောက်လာကြပြန်ချေပြီ။ တစ်ဖက်က ဂမ်းပျက်ဂမ်းလျော ဆောင်ဘက်သို့ သွားမှာလား။

မဟုတ်။

သည်အဆောင်ဘက်သို့ နီးကပ်လာပါကလား။

အင်း.. နောက်ဆုံးအဆင့် ရောက်ခါမှ ကမ္ဘာပျက်သလို သိုင်းကွက်နင်းလာကြပြီး မကြာမီမှာပဲ မိုက်မဲမှု အပြည့်အဂအတွက် နောင်တရသလို မသေမချာနှင့် လောကကို စွန့်ခွာသွားကြပြန်ဦးမည်။

ထွန်းအောင်လတ်သည် လဲလျောင်းနေရာမှ ခေါင်းထောင်ထလာကာ ကိုယ်ပါထူထလျက် ခေါင်းရင်းသံတိုင် တွေကို မှီလိုက်သည်။ အရေးပေါ် လူနာကို သူ လေ့လာစူးစမ်းကြည့်မိသည်။

ဟိုက်.. အဲသည်လူတွေဟာ မြဒွေးကြီး၏ အိမ်နီးချင်းတွေ မဟုတ်ဘူးလား။ အစစ်ပေါ့။ လူနာတင်ကပ်ကို နောက်မှ ဝိုင်းသယ်လာသူဟာ သူ့ဒရိုင်ဘာပေါ့။

ဆံပင်မဖြီးနိုင်၊ မထုံးဖွဲ့နိုင်ပဲ ဖိုးရိုးဖားလျား ပါလာတာ မြဒွေးကြီး၏ဇနီး မရှုတီပါကလား။ ဖြူဖြူတုတ်တုတ် ထောင်ထောင်မောင်းမောင်းနှင့် ကြမ်းရှသောမျက်နှာကို တင်းထားနေကျဖြစ်စေကာမူ ယခုတော့ ပူပင်ညှိုးလျ နေလေသည်။

ဒါဆိုရင်.. ဒါဆိုရင်..

သူတို့အခန်းရှေ့စင်္ကြံမှ ဖြတ်လျှောက်သွားကာ အသည်းအသန် လူနာခန်းဘက် တံခါးပေါက်ဆီသို့ ဦးလူလေးက ဦးဆောင်ခေါ်ယူသွားခဲ့သည်။

ထွန်းအောင်လတ်ကို မမြင်တွေ့ကြသေး။ သူနှင့် အကျွမ်းဂင်သူသည် မြဒွေး၏ဇနီးနှင့် မြဒွေး၏ယာဉ်မောင်းပဲ ပါသည်။ သူတို့ နံဘေးနံဘီ ဘယ်လိုမှ သတိမထားနိုင်တာကြောင့်လည်း ပါမည်။ ပြီးတော့ သူ သည်တစ်ခေါက် ဆေးရုံရောက်နေတာကို မြဒွေး သိချင်မှသိလိမ့်ဦးမည်။ ဒါမှမဟုတ် မြဒွေးကိုယ်တိုင် နေမကောင်း ဖြစ်နေလေရော့ သလား။

ဆရာဂန်၊ ဆရာမတွေ အပြေးအလွှား လှုပ်လှုပ်ခတ်ခတ်။

တာဂန်ကျဆရာဂန်၏ မေးမြန်းစုံစမ်းမှုကို မရှုတီက ငိုသံပါနှင့် ဖြေနေသည်ကို ထွန်းအောင်လတ်အပါအဂင် သည်ဘက်ခန်းမှ လူနာတွေ နားစွင့်နေကြ၏။

"သုံးရက်ပဲ အပြင်းဖျားလိုက်ရတယ် ဒေါက်တာရယ်။ နဂို ငှက်ဖျားအခံရှိတယ်ဆိုပြီး ဆရာဂန်ပင့် ဆေးကုရင်းက ဇက်ကြီး စောင်းလာတယ်။ ရင်ဘတ်အောင့်တယ်လည်း ပြောတယ်။ နလုံးရောင်တာ ဆိုလားပဲ။ ဆေးသမားမှန်းသိတော့ သွေးဖေါက်စစ်ခိုင်းပြီး ဒီပို့တာပါပဲ။ ရမှ ရပ့်ါဦးမလား ဒေါက်တာရယ်"

ဘယ်လိုရောဂါမှန်းမသိသော်လည်း အတော်ဆိုးရွားသော အခြေအနေဖြစ်ကြောင်း ခန့်မှန်းနိုင်နေကြသည်။ ဆရာဂန်က ဆေးညွှန်း၊ ပုလင်းကြီး ချိတ်ဖို့ တိုင်ထူပြင်ဆင်၊ ဆေးထိုး။

သည်မျှ မြန်ဆန်လိမ့်မည်ဟု ထင်မထားကြစေကာမူ ရုတ်တရက်ဆို မရှုတီ၏ တဟီးဟီးရှိုက်ငိုသံသည် အဖြေကို ထုတ်ဖော်ပြသလိုက်လေတော့၏။

"အောင်မယ်လေး.. လူမိုက်ကြီးရဲ့၊ နေရသမျှအချိန်တွေမှာ ရာတတ်သမျှ အကုန်ဖြုန်းပြီး မိုက်လုံးကြီး လာခဲ့တာ။ ခုတော့ ဘာမပြောညာမပြော အားလုံး ထားရစ်ခဲ့ပြီလားတော့"

ချော့မော့ဖျောင်းဖျသူတို့အလည်မှာ သူမအသံ တိုးတိတ်လျော့ကျသွားတော့၏။

ဟုတ်ပ့်ါမလား။

ထွန်းအောင်လတ် မယုံကြည်ချင်။

သူပဲ ကောက်ချက်ချ လွဲနေရော့သလား။

ခုတင်တွေကြားမှ မသွင်းဖြစ်သော ဂလူးကို့စ်ပုလင်းကြီးကို ပြန်ယူလာသော ဦးလူလေးကို သူက ရှူးရှူး လုပ်ပြီး လှမ်းခေါ်သည်။

"အဘရေ၊ သွားပြီလား"

ဦးလူလေးက သွားပြီဆိုသောအမူအယာ လက်တစ်ဖက် လှုပ်ရှားပြသွားလေသည်။

ထွန်းအောင်လတ် ခုတင်ပေါ်သို့ အားလျော့စွာ ခွေကျသွားသည်။ မျက်ရည်တွေ တသွင်သွင် စီးကျ လာလေသည်။ မြဒွေးကို သနားတမ်းတတာလည်း ပါမည်။ သူ့အဖြစ်သူ သဘောပေါက်စွာ ယူကျုံးမရ နှောင်တ ရတာလည်း ပါပေမည်။

သည်နေ့ ဒေါက်တာနနခိုင်ကို အဆောင်ထဲမှာ မတွေ့သေး။ တစ်ခါတစ်ရံ မြန်မာနိုင်ငံဆရာဂန်အသင်းမှ အစည်းအဝေးများ၊ ဆွေးနွေးပွဲများနှင့် အလုပ်ရှုပ်နေတတ်သည်ဟု ဆရာဂန်တွေအချင်းချင်း မေးမြန်းရင်းပြကြတာ သူ ကြားဖူးသည်။

အလီတစ်ယောက် ထမင်းချိုင့်ဆွဲပြီး ရောက်လာလေသည်။

"အမေ ပဲထမင်း ထည့်ပေးလိုက်တယ်"

"ပြန်ယူသွားကွာ"

ခေါင်းအုံးကိုခွေကာ မျက်နှာကို ထိုးပုက်ထားသော ထွန်းအောင်လတ်က ခပ်ဆတ်ဆတ် တုံ့ပြန်သည်။

အလီသည် ဗီရိုကလေးပေါ်တွင် ချိုင့်ကို အသာတင်၏။ သူ့ညီ ခွေခွေခေါက်ခေါက် ဟန်ပျက်နေသည်ကို မထူးဆန်းတော့သလို တစ်ချက်ကြည့်ပြီး ဗီရိုပေါ်၌ ရှုပ်ပွနေသော ဆေးပုလင်းတွေကို ရှင်းလင်းသည်။ မုန့်ပုံး အနောက်တွင် ခေါက်လျက်လက်သုတ်ပဝါနှင့် ဖုံးဖိသိုဂှက်ထားသော ဆေးပေါ့လိပ်တိုများကို သိမ်းကာ လွှင့်ပစ်မည့် ကြွပ်ကြွပ်အိတ်ထဲ စုထည့်သည်။

ထွန်းအောင်လတ်သည် ဆရာဂုန်တွေ ဆရာဂုန်မတွေ ပြောသလိုပင် သူ့ဘက်မှ တစ်ဖက်သတ် ရန်လိုနေမိသည်ဟု ကျိုးကြောင်းဆင်ခြင်မိသည်။

"ငါ နေမကောင်းလို့ပါ"

လေသံပျော့ပျောင်း တိုးညင်းစွာ ပြောလိုက်သောအခါ အလီက သူ့ကို အံ့ဩသွားသလို အကဲခတ်သည်။

"ထမင်းမစားရင် ဘာစားမလဲ အီဗရာ"

"မစားချင်ဘူး၊ ငါ ရင်ပြည့်နေတယ်"

"ကော်ဖီသောက်မလား၊ ထွက်ဝယ်ပေးမယ်"

ဆေးပြတ်သဖြင့် မအီမသာဖြစ်တာပဲလား အလီ မဝေခွဲတတ်။

"အလီ၊ ဇင်ယော့်ဆီ သွားစမ်းပါ"

အလီသည် ညီ၏စကားကို အတည်ယူရမလား ချင့်ချိန်ဆဲ ရှိနေသည်။

"မြွေး ဆုံးပြီလို့ အကြောင်းကြားချေ"

အလီ မှင်တက်မိသွား၏။

ထွန်းအောင်လတ်သည် ပြောရင်း မျက်ရည်ဖြိုင်ဖြိုင်ကျလာပြန်လေသည်။

သည်တော့မှပင် ထွန်းအောင်လတ် ကြေကွဲခံစားနေရသည်ဟု အလီ သဘောပေါက်လျက် အံ့အားလည်း သင့်၊ စိတ်မကောင်းလည်း ဖြစ်ရလေ၏။

"ပြီးတော့ မင်းမပြန်ခင် ဟိုထိပ်က ရုံးခန်းနံဘေးကအခန်း သိလား။ သုတေသနယူနစ်ဆိုတဲ့ ဆိုင်းဘုတ် ချိတ်ထားတဲ့အခန်းလေ"

"သိတယ်"

"အဲသည်မှာ ဒေါက်တာနနခိုင် ရှိနေသလား သွားကြည့်ပေးစမ်း"

ဒါကိုတော့ အလီ စိတ်မပါလက်မပါဘဲ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေသည်။

"ရှိ မရှိသာ ကြည့်စမ်းပါကွာ။ အရေးကြီးလွန်းလို့ပါ"

"ရှိရင် ဘာလုပ်မလို့လဲ"

"သွားကြည့်ပေးစမ်းပါကွ"

အလီ မငြင်းဆန်နေတော့ဘဲ လှည့်ထွက်သွားသောအခါ ထွန်းအောင်လတ် တရှိုက်ရှိုက် ငိုကြွေးနေမိပြန်သည်။

ဦးဆံဒိုသည် ဘာမသိညာမသိနှင့် 'ဒီခရီးလျှောက်ရင် ဒီပန်းတိုင် ရောက်မှာပေ့ါ ငါ့ညီရာ။ ငါလည်း ဒါဟာဒုတိယအကြိမ်၊ နောက်ထပ် နေရလှ တစ်နှစ်ပေ့ါ။ ခံနိုင်ရည်ရှိအောင် သတိနဲ့မှတ်။ တရားနဲ့ဖြေ" ဟု နှစ်သိမ့်နေသည်။ ထွန်းအောင်လတ် စိတ်ဓါတ်ကျပြီး ချောက်ချားနေတာပဲဟု သူ ထင်မှတ်နေလေသည်။

"ရှိတယ်ကွ၊ ဓါတ်မှန်တွေကို စာရွက်နဲ့ ရေးမှတ်ပြီး တွဲနေတယ်။ စားပွဲတစ်ခုလုံး ပွစာကြဲနေတာပဲ"

ထွန်းအောင်လတ် လက်ခုံနှင့် မျက်ရည်သုတ်သည်။ ခေါင်းအုံးနံဘေးမှ မျက်နှာသုတ်တဘက် ယူကာ ခြောက်သွေ့အောင် ထပ်သုတ်ပြန်သည်။

"ငါ့ကို တွဲစမ်းပါ အလီ၊ ငါ သိပ်မလျှောက်နိုင်ဘူး"

ထွန်းအောင်လတ်က ကုလားလိုပြောရင်း ဖြည်းဖြည်းချင်း ခုတင်ပေါ်မှ ဆင်းသည်။ သူ့အကြံအစည်ကို ဦးဆံဒို မသိစေချင်။ ဦးဆံဒိုက စပ်စုလွန်းသည်။

"ဒီဘက်တံခါးက ထွက်မယ် အလီ။ အိမ်သာသွားမယ် ထင်ပစေ။ ပြီးမှ ငါတို့ ညာဘက်ချိုးသွားမယ်"

နောက်မှ မေးမြန်းနေလည်း မဖြေဘဲနေလိုက်ရုံသာ။ မပြီးခင် ဦးဆံဒို လိုက်မေးမြန်းစပ်စုနေလျှင် သူ စိတ်တိုမိမှာ၊ ဘုဘောက်တောမိမှာကိုသာ သူ စိုးရိမ်လေ၏။

"မင်း ဘာလုပ်မလို့လဲဟင်"

"ကိစ္စရှိလို့"

တုံးတိတိအဖြေကြောင့် အလီ ထပ်မံအထွန့်မတက်ပံ့တော့။

ဆရာဂန်ကို မကြေနပ်စရာတော့ မရှိတန်ရာဘူးဟု အလီ တွက်ဆကြည့်နေရသည်။ သူ့မိခင်ကိုလည်းကောင်း၊ သူ့ကိုလည်းကောင်း ထွန်းအောင်လတ်ပေးသော တယ်လီဖုန်းနံပတ်မှတစ်ဆင့် အကြိမ်ကြိမ်ဆက်သွယ်ကာ မိသားစု ပြန်လည်ဆက်ဆံ ပြေလည်လာအောင် နှစ်သိမ့်ဆွေးနွေးပေးသော ဆရာဂန်မကို ညီဖြစ်သူ မကျေလည်စရာအကြောင်းတော့ မရှိလောက်ပါဘူး ထင်မှတ်ရလေ၏။ တစ်နေ့တုန်းက ဆရာဂန်မ မေးမြန်းသော အီဗရာ့ဆေးထိုးဖော်တွေကို သူ သိသလောက်ဖော်ထုတ်ခဲ့ကြောင်းကို အီဗရာမှ မသိတာပဲ။

တစ်ခေါ်လောက် အကွာအဝေးကိုပင် ထွန်းအောင်လတ် သုံးကြိမ်လောက် ရပ်တန့် အမောဖြေရသည်။

ဒေါ်နနခိုင်သည် အလီပြောသလိုပင် လူနာများ၏ ဓါတ်မှန်များကို အမည်၊ လူနာ၊ မှတ်ပုံတင်နံပတ်နှင့်တွေ့ရှိချက်များ ရေးမှတ်ပြီးသောစာရွက်နှင့် စက္ကူချုပ်စက်အားဖြင့် တွဲချုပ်နေသည်။

တဟွတ်ဟွတ် ချောင်းဆိုးသံကြားသောကြောင့် သူမ ခေါင်းထောင်ကြည့်သည်။

ထွန်းအောင်လတ်သည် လက်ညှိုးတစ်ချောင်းထောင်ပြီးသော ဂင်ခွင့်တောင်းနိုင်လျက် ချောင်းထပ်မဆိုးအောင် ပါးစပ်ကို အတင်းပိတ်ဆို့နေရလေသည်။

ဆရာဂန်မ၏ လိုက်လျောဖော်ရွေသော ဖိတ်ခေါ်ကြိုဆိုမှုကြောင့် အလီ စိတ်အေးသွားရသည်။

ထွန်းအောင်လတ်ကို တွဲကာ ဆရာဂန်ရှေ့ ကုလားထိုင်သို့ ပို့ရသည်။

"မင်း အခန်းအပြင်က စောင့်နေ"

ညီဖြစ်သူ၏ အမိန့်သံအဆုံးတွင် အလီက ဒေါ်နုနုခိုင်၏ အရိပ်အကဲကို လှမ်းကြည့်သည်။

ဆရာဂန်သည် ထွန်းအောင်လတ်၏အလိုကို မဆန့်ကျင်ဘဲ အလီကို ခေါင်းညိတ်ခွင့်ပြုလိုက်လေသည်။

"ဟောဟို ခုံတန်းမှာ ထိုင်စောင့်နေပေါ့"

"ဟုတ်ကဲ့ဆရာ"

ဆေးရုံလုပ်သားတွေ သူနာပြုတွေ သုံးနှုန်းသလို အတုခိုးပြီး အလီက ဒေါ်နုနုခိုင်ကို ဆရာဟု နာမ်စားပြုလေသည်။

"ဆိုပါဦး ကိုထွန်းအောင်လတ်၊ ကျွန်မ ဘာများကူညီနိုင်မလဲ။ ဘာအခက်အခဲ ရှိနေလို့လဲ"

ထွန်းအောင်လတ်၏ သွေးအားနည်းဖြူရော်သော မျက်နှာသည် ပြင်းပြင်းထန်ထန် ငိုကြွေးထားမှန်း သိသိသာသာ မျက်လုံးတွေက မို့အစ်နီရဲနေလေသည်။

"ဒေါက်တာ၊ ကျွန်တော်ဟာ ဒီဆေးရုံမှာ ဆေးဂါးကုသနေရတဲ့လူနာဆိုတာ ကျွန်တော် သဘောပေါက်ပါတယ် ဒေါက်တာရယ်။ ကျွန်တော့်နေရာ ကျွန်တော် နားလည်ပါတယ်။ ကျွန်တော့်ကို အသက်ကယ်ထားတာမို့ ကျွန်တော် ကျေးဇူးသိတတ်ရမယ်၊ ကျွန်တော် လေးစားရမယ်၊ ကျွန်တော် သိပါတယ်"

"ဟုတ်ပါပြီ၊ ကိုထွန်းအောင်လတ် အနေအထိုင် အပြောအဆို အများကြီး တိုးတက်လာတယ်လို့ ကျွန်မတို့ အားလုံး လက်ခံထားပါတယ်။ ဘာလို့ ဒါတွေ ကြောင့်ကြနေသလဲ။ ပြောစရာရှိတာ ရဲရဲသာပြော"

ထွန်းအောင်လတ် မျက်ရည်ရစ်ဝဲလာပြန်လျက် တွံတွေးတနင့်နင့် ဆို့နစ်နေလေသည်။

"အိမ်ကလည်း လာတွေ့နေသားပဲ။ အဖေနဲ့ ဘာများ အဆင်မပြေတာရှိလို့လဲ။ သူ့ဘက်က ဒီအထိ လိုက်လျောနေပြီပဲ။ ကျွန်မ ပြောနေသလိုပဲ ရှင့်ဘက်ကလည်း နည်းနည်းစိတ်ရှည်ဦးမှ ဖြစ်မယ်လေ"

ထွန်းအောင်လတ် ခေါင်းခါသည်။

"မဟုတ်ပါဘူး ဒေါက်တာ၊ ကျွန်တော့်ပြဿနာ မဟုတ်ပါဘူး။ တစ်နည်းတစ်လမ်းအားဖြင့်တော့လည်း ကျွန်တော့်ကြောင့်ဖြစ်ခဲ့တာလို့ ပြောမယ်ဆို ပြောနိုင်တာပါပဲ ဒေါက်တာရယ်။ ကျွန်တော့်အပြစ်ပါပဲ။ ဒါတွေ ကျွန်တော် မသိနားမလည်ခဲ့လို့ပါ"

နုနုခိုင် မျက်မှောင်ကြုတ်လာသည်။ ထွန်းအောင်လတ် ဘာတွေရစ်နေပြန်ပြီလဲ။ သူမမှာ အလုပ်တွေက မနိုင်မနင်း များပြားနေတာကြောင့် ထွန်းအောင်လတ်အတွက် ပေးစရာအချိန်ကို နှမြောနေသည်။ မြန်မြန်သိပြီး မြန်မြန် ဖြေရှင်းပေးလိုက်ချင်ပြီ ဖြစ်လေ၏။

နားစွင့်နေရင်း သူမ၏လက်တွေက နောက်ထပ် ဓါတ်မှန်တစ်ရွက်ကို ကောက်ယူစပြုသည်။ အလင်းရောင်တွင် မြှောက်ကြည့်ကာ ဓါတ်မှန်နံပတ်နှင့် အမှတ်အသားကို ပူးတွဲစာရွက်နှင့် တိုက်ဆိုင်ကြည့်နေလေသည်။

"ဘာတွေဖြစ်ခဲ့သလဲ ပြောပြမှ ကျွန်မ သိရမှာပေါ့ရှင့်။ အဲဒါမှ ဘယ်လိုဖြေရှင်းကြမလဲဆိုတာ ပိုင်းဝန်း စဉ်းစားလို့ ရနိုင်ကြမှာပေါ့"

ထွန်းအောင်လတ် ခေါင်းညိတ်သည်။

ဆရာဝန်နှင့် လူနာ၊ ဖေးမသူနှင့် လဲကျသူ။

ငယ်ငယ်တုန်းက ခင်မင်ဖူးသည် ဆိုတာကလည်း ထွန်းအောင်လတ် သေချာဝေဖန် ပြန်လည်ဆန်းစစ်ကြည့်သောအခါ သူ့ဘက်မှသာ တစ်ဖက်သတ် အထင်ကြီးခင်မင်ခဲ့ရတာပါ။ ကောင်းပါပြီလေ၊ နှစ်ဦးနှစ်ဖက် လက်ခံကျေနပ်နိုင်သော ဆက်ဆံရေးနယ်ပယ်မှပင် သူ တင်ပြပန်ကြားရတော့မည်။

"ဒေါက်တာ မရောက်သေးခင်က အရေးပေါ် လူနာတစ်ယောက် ရောက်လာတယ်"

နုနုခိုင် ယနေ့အဖို့ လူနာဆောင်ထဲပင် မရောက်ရသေး။ သမားတော်ကြီး လူနာ လှည့်ပတ်ကြည့်ရှုစဉ် အမီ မရောက်နိုင်။ မိတ္တူကူးထားသော ပုံစံစာရွက်တွေ ဝင်ယူရင်း နောက်ကျရောက်လာသည့်အတူတူ သုတေသနခန်း တွင်းမှာပင် မပြီးပြတ်သော အလုပ်တွေကိုပဲ ထိုင်လုပ်နေခဲ့သည်။

"အဲဒီလူနာ ဆုံးသွားတယ်"

"သိပ်နောက်ကျပြီး ရောက်လာတယ် ထင်ပါရဲ့"

ထွန်းအောင်လတ် ရှိုက်ငိုနေပြန်သည်။

"မြင့်မြေးတဲ့၊ ကျွန်တော့်သူငယ်ချင်း"

"ဩော်.. ဖြစ်ရလေ၊ ဘာဖြစ်တာတဲ့လဲ"

"သွေးဖေါက်စစ်ပြီး ဆေးရုံတင်လိုက်တာ၊ အိပ်ချ်အိုင်ဗွီပိုး တွေ့တယ်လို့ လူနာရှင် သိလာတယ် ဒေါက်တာ"

ဓါတ်လိုက်သည့်နှယ် နုနုခိုင် ဆတ်ကနဲ တုန်ခါသွားသည်။ ပိုးတွေ့သတဲ့လား။ နုနုခိုင် အသံမထွက် သလောက် တိုးတိပ်ဆို့နင့်နေတော့သည်။

"ဒေါက်တာ၊ ကျွန်တော့်သူငယ်ချင်း.. ကျွန်တော့်သူငယ်ချင်း.."

ထွန်းအောင်လတ် ဟီးချငိုကြွေးနေသည်။

သူငယ်ချင်း..။

နနခိုင် နားလည်ကြောင်း သူ သိသည်။

မြင့်ဒွေးက သူ့လမ်းသူ သွားရှာပြီမို့ ထွန်းအောင်လတ် ဤမျှ ဗျာပါဆိုက်နေမှာ မဟုတ်တော့ပါ။

ကျန်ရစ်နေသော သူ့သူငယ်ချင်း။

"ပိုးရှိချင်မှ ရှိဦးမှာပါ။ ဒေါက်တာ ရှင်းပြပေးပါ။ ဆေးမထိုးဖို့ တားပေးပါ"

နနခိုင်သည် နာကျင်ထိခိုက်စွာ မျက်နှာကလေး ရှုံ့မဲ့ညိုးရော်သွားတော့သည်။

"ဒေါက်တာ၊ သူ့ကို နားလည်ပေးပါ။ တကယ်တော့ ဒေါက်တာ့အတွက် သူ တည်ဆောက်ခဲ့တဲ့ဘဝကို ဒေါက်တာနဲ့ လမ်းခွဲခဲ့တဲ့အချိန်ကစပြီး သူ ဖြိုချဖျက်ဆီးပစ်ခဲ့တာပါပဲ။ ကျွန်တော် လူမိုက်ကြီးက ပိုင်းပြီး အားပေး အားမြှောက် လုပ်ခဲ့မိတယ်။ ကျွန်တော် မသိနားမလည်ခဲ့လို့ပါ။ သူ့ဝေဒနာ သက်သာပါစေတော့ဆိုပြီး ဦးနှောက် မရှိတဲ့ ကျွန်တော် လမ်းလွဲပြခဲ့မိတာပါ"

ထွန်းအောင်လတ် ပြောရင်း စကားတုံးတိ ဖြတ်ချလိုက်သည်။

နနခိုင်သည် နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ကာ လက်ချောင်းများနှင့် နားထင်နှစ်ဖက်ကို ဖိကိုင်ထားလျက် ရှိနေသည်။

"မီနိုင်ပါသေးတယ် ဒေါက်တာ။ ကျွန်တော်တို့ မြင့်ဒွေးနဲ့ တွဲထိုးတာ မကြာသေးပါဘူး။ ပြီးတော့ ဇင်ယော်က ရံဖန်ရံခါပဲ ကျွန်တော်တို့နဲ့အတူ.."

"ကိုထွန်းအောင်လတ်၊ တစ်ဆိတ် ကျေးဇူးပြုပြီး တော်ပါတော့ရှင်။ ကျွန်မ ခေါင်းအရမ်းကိုက်တယ်။ ရှင့်နေရာ ရှင်ပြန်နော်။ ကျွန်မ နားပါရစေ"

"ဟုတ်.. ဟုတ်.."

ထွန်းအောင်လတ် ပြူးတူးကြောင်တောင် နေရာမှထသည်။

"ကျွန်တော် ပြောတာလေးတော့ ဒေါက်တာ"

"တော်ပါတော့ရှင်"

နနခိုင်း ပုန်းကန်ဆို ထရပ်ကာ ထိုင်ခုံကိုတွန်းပြီး ပွင့်နေသော ဗီရိုတံခါးအကွယ်သို့ သွားရပ်ရုံမက ကျောပါ ခိုင်းလိုက်လေသည်။

ထိုင်ခုံရွှေ့လျားတွန်းတိုက်သံနှင့် နနခိုင်၏ တင်းမာစူးရှသော တားမြစ်သံတို့က အလီ့ကို အခန်းဝသို့ ချောင်းကြည့်ဖြစ်စေသည်။ ကျောခိုင်းသွားသော နနခိုင်၏ အရိပ်အကဲကို လှေ့ကျက်လိုက်မိသော အလီသည် အခြေအနေမဟန်ပြီဟု ရိပ်မိဟန်နှင့် အလီ အခန်းထဲသို့ အပြေးဝင်လာ၏။

"လာ.. အီဗရာ၊ ထ"

အလီ ဆွဲခေါ်ရာသို့ အလိုက်သင့်ပါသွားစေကာမူ တံခါးဝတွင် ထွန်းအောင်လတ် ခဏရပ်သည်။

"ဒေါက်တာရယ်.. မြန်မြန်ကလေး.."

လူနာမှတ်တမ်းစာအုပ် လာဝယ်သော အထွေထွေလုပ်သားကြီး ဦးလူလေးသည် တစ်စုံတစ်ရာ အဆင်မချောဘူးဟု သဘောပေါက်ကာ ထွန်းအောင်လတ်ကို အခြားတစ်ဖက်မှ ဝင်တွဲပြီး ခပ်မြန်မြန် ခေါ်ဆောင်သွားသည်။

"ဒီကုလားဟာ လမ်းလျှောက်နိုင်မယ်မှ မကြံသေးခင် ဘာ သွားရှုပ်ပြန်တာလဲ"

အလီ စိတ်ပျက်လက်ပျက် ခေါင်းခါယမ်းသည်။

ထွန်းအောင်လတ်ကား တဟီးဟီး ငိုကြွေးရှိုက်ငင်လျက် ဆေးရုံ၏ ငြိမ်သက်တိတ်ဆိတ်ခြင်းကို မရည်ရွယ်ပါဘဲ ဖျက်ဆီးနေမိလေ၏။

* * * * * *

# ပင်လယ်ရေနှင့် ဆေးချင်သည်

နနခိုင်၏တစ်သက်တာတွင် အခဲယဉ်းဆုံး၊ အပင်ပန်းဆုံး ပြောဆိုရခြင်းအဖြစ်ကို ဒုတိယအကြိမ် ရင်ဆိုင်ရပြန်လေပြီ။ နနခိုင်သည် ရိုးစင်း၍ ပွင့်လင်းသောဘဝမှာသာ ကျင်လည်တတ်သည်။ ကြာရှည် ဟန်ဆောင်မျိုသိပ်နိုင်စွမ်း သူမတွင်မရှိ။

ဇင်ယော်ကို ဘယ်လိုဖွင့်ပြောရပါ့မလဲဆိုတာကို သုံးလေးရက် စဉ်းစားသည်။ အပြင်းအထန် အလီလီ လှည့်ပတ်သွယ်ဝိုက် ချင့်ချိန်သည်။

ပြောတော့ ပြောရမည်။

မပြောင်းမလဲ သေချာသည်က ပြောရမည်ဆိုတာပါပဲ။

စာတိုက်မှတ်တိုင်မှာ မိုးသည်းသည်းအောက် နှစ်ယောက် ပြန်လည်ဆုံစည်းကြတာ တကယ်ဆို သုံးလ တင်းတင်း ပြည့်ခဲ့ပါပြီ။

အသက်အရွယ်တွေကလည်း ငယ်ကြတော့တာမဟုတ်။ သုံးဆယ်ဆိုတာ သက်တမ်းတစ်ဝက် ကျိုးလုပြီ မဟုတ်ဘူးလား။ ခွဲခွာနေခဲ့ကြတာ ကြပ်ကြပ်လုရှိပြီ။ မည်ရွေ့မည်မျှ နေကြရဦးမည်မသိသည့် အချိန်ကလေးမှာ ဘာတွေများ ရှေ့ရေးစီစဉ်ချမှတ်ထားပြီးကြပြီလဲ။

နနခိုင်က ရှေ့မတိုးဖြစ်ခဲ့တာ အမှန်ပင်။

ဇင်ယော်ကကော ပျက်စီးခဲ့ပြီးသော သူ့ဘဝတက်လမ်းတွေကို ဘယ်နေရာမှ ပြန်ဆက်စပ်ပြီး ဘယ်လို ပြန်လည်ထူထောင်မှာတဲ့လဲ။

မိုးကောင်းကင်နှင့် ထင်းရှူးပင်ထိပ်ဖျားမြင့် ထိကပ်နေဦးမှာပါလို့ဖြင့် သည်တစ်ခါ နနခိုင် မမိုက်ချင်ပါ။ သိနားလည်သော အရွယ် ရင့်ကျက်သင့်နေပြီလေ။ သည်တော့ အဖန်တလဲလဲ မိုက်မိုက်မဲမဲ စိတ်ကူးယဉ်ဖို့ အားတင်းရဆဲ အားမွေးရဆဲ။

အဲသည် အခြေအနေမျိုးမှာမှ -

အို.. နနခိုင်၏ အသည်းနှလုံးတွေကို ဆုပ်ချေခုတ်စင်းနေသလို မချိမဆန့် နာကျင်လွန်းလှပါသည်။

သို့သစေ မလွဲမသွေ ရင်ဆိုင်ရမည့်အဖြစ်။

နနခိုင် ရင်ဆိုင်ချင်သည်။

ရင်ဆိုင်ဂုံ့ခြင်းသည် သတ္တိလား၊ ခံနိုင်ရည်ရှိခြင်းသည် သတ္တိလား။

မနေ့ညနေက နနခိုင် ဆေးရုံမှအပြန် ကုလားကျောင်းတွင် ချိန်းဆိုနေကျ ကွမ်းယာဆိုင်နံဘေးတွင် ဇင်ယော် စောင့်နေသည်။

ခါတိုင်းတော့ သူမ၏ကားနှင့်လိုက်ကာ ဆေးခန်းသို့ တန်းမောင်း၊ လူနာပါးချိန်တွင် ဆေးခန်းနံဘေး လက်ဖက်ရည်ဆိုင်မှာ အတူထိုင်။

"မောင် မနက်ဖြန် ဒေင်ကိုလာခဲ့နော်။ ခိုင် အားတယ်။ ထမင်း အတူစားကြရအောင်။ ဆယ်နာရီခွဲ လာလိုက်ပေါ့။ တို့ အရောက်လာခဲ့မယ်" ဟု ချိန်းဆိုခဲ့ပြီး ပြန်ခဲ့သည်။ ခိုင် သိပ်နေမကောင်းလို့ တစ်ခုခုတော့ မှားယွင်းနေပြီဟု ဇင်ယော် တွေးဆမိမှာပါ။

သိပ်နေမကောင်းဘူးဆိုသူသည် ကြိုးစားပြီး ပြုံးနိုင်ရုံမက ဆေးရုံမှာလည်း တစ်နေကုန် အလုပ်ဆင်းနိုင်ခဲ့တာပဲ။

နနခိုင်အတွက် ထူးဆန်းနေသည်မှာ ဇင်ယော်သည် မှားယွင်းနေသော အနီတစ်ခုကို ကြိုတင်မှန်းဆနိုင်စွမ်း မရှိခဲ့ခြင်းပင် ဖြစ်သည်။ ပြန်လည်ဆုံစည်းကြသည့် သုံးလအတွင်း သူတို့ ဗုဒ္ဓဟူးနှင့် တနင်္ဂနွေ နေ့တိုင်း တွေ့နေကျ။

ဗုဒ္ဓဟူးနေ့ဆို နနခိုင်က ကားရပ်ခေါ်၊ တနင်္ဂနွေဆို ဇင်ယော့်ဘာသာ ဆေးခန်းသို့လာ။

ယခု ကြာသာပတေးနေ့ နံနက်ဆယ်နာရီမခွဲမှီ ငါးမိနစ်ကတည်းက နနခိုင်က ဒေင်ဥယာဉ်သို့ ရောက်နှင့်နေလေသည်။

ဇင်ယော် ဘယ်ဘက်ကများ လျှောက်လာလိမ့်မလဲ စောင့်ကြည့်နိုင်အောင် လမ်းမဘက်မြင်ရသည့် ထိုင်ခုံကို ရွေးပြီး ထိုင်သည်။

စားပွဲထိုးကလေးတစ်ယောက်က သတင်းစာ လာချပေးသည်။ ဆဲဗင်းအပ်တစ်ပုလင်းမှာကာ ကျူတံနှင့် တစ်ငုံနှစ်ငုံ စတိမြုံ့ရင်း လမ်းမဆီသို့ မျှော်ငေးလိုက်၊ သတင်းစာ လှန်ဖတ်လိုက် လုပ်နေရသည်။

နနခိုင်သည် မျက်နှာဖုံးနှင့် ကျောဘက်သတင်းများကို ခေါင်းစဉ်ဖတ်ရှုပြီးနောက် စပ်စုလေ့ရှိသော ဂါသနာအရ သာရေးနာရေး စာမျက်နှာကို လှန်လှောကြည့်ရှုသည်။ သတိပေးကြော်ငြာတွေ၊ အလုပ်ခေါ်စာတွေကိုမူ နနခိုင် စိတ်မဝင်စား။ နိုင်ငံခြားသတင်းတွေကိုတော့ ပို၍ စိတ်အေးလက်အေး အချိန်ပေးနိုင်မှ စေ့စေ့စပ်စပ် လေ့လာ သုံးသပ်တော့မည်။

သာရေးနာရေး သတင်းတွေထဲမှာ မွေးနေ့ဆုတောင်းတွေ ပိုပြီး များပြားသည်။ လက်ထပ်ပြီးစီးခြင်း သတင်းတစ်ခုက သတင်းစာထိပ်ဖျားပိုင်းတွင် လက်တစ်ဝါးလောက် နေရာယူထားသဖြင့် အမည်နာမတွေကို အသိတွေလား စိတ်ဝင်တစား ဖတ်ကြည့်သည်။ အရာရှိကြီးတွေ၏ သားသမီး ဆရာဝန်ကလေးတွေပါ။ သို့သော် တစ်ယောက်မှ နနခိုင် မသိ။ သည်တစ်ခုကတော့ လက်ယာထောင့်စွန်း စာမျက်နှာအလည်လောက်။ လက်ထပ်ပြီးစီးခြင်း။

ဟင်.. မြင့်မြင့်ချို ဆိုပါကလား။

သည်နာမည်ကလေးကို နနခိုင် စွဲစွဲမြဲမြဲ မှတ်မိနေသည်။ သမိုင်းဘာသာရပ်နှင့် ဘီအေဘွဲ့ရကလေး။ နေရပ်လိပ်စာကလည်း အလုံမှာ။ ဒါဆိုလျှင်ဖြင့် ကိုသိန်းစိုး၏ မြင့်မြင့်ချိုများ ဖြစ်နေမလား။

အပြင်လူနာအဖြစ် လာပြတိုင်း သိန်းစိုးကို နနခိုင် နှစ်သိမ့်ဆွေးနွေးရသည်။ အားပေးရသည်။ သိန်းစိုးသည် ရုပ်လက္ခဏာ သန့်ပြန့်သလောက် အင်မတန် ယဉ်ကျေးသိမ်မွေ့သော လူပျိုကြီးတစ်ဦး။ ဩော်.. သည်လို အမှုကိစ္စ မကင်းကြသည့် လူတွေထဲမှာ သည်တစ်ယောက် ကံဆိုးမိုးမှောင်ကျရှာတာပါပဲ။

"ကောင်မလေးက လက်ထပ်ခွင့်တောင်းတယ် ဆရာ။ ကျွန်တော် ခွင့်ပြုချင်ပါတယ်။ ဒါပေမယ့် လောလောဆယ် ကျွန်တော့်စိတ်ကို မနိုင်သေးဘူး။ ကျွန်တော် ခွင့်မပြုရင် သူ မယူပါဘူးဆိုတဲ့ ငဲ့ကွက်စကား လေးကို ကျွန်တော် အတည်ယူပြီး စွဲလမ်းနေမိသေးတယ်။ ဒါပေမယ့် မကြာခင်တော့.."

မကြာခင်တော့..

ဟုတ်နိုင်ပါသည်။ သိန်းစိုး၏ မြင့်မြင့်ချိုပဲ ဖြစ်ပါလိမ့်မည်။

နနခိုင်က အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်တွေနှင့် သူတို့အသိုင်းအဝိုင်း အများစုကို မှတ်မိ ကျွမ်းဝင်နေတာမို့ သူတို့နှင့်ပတ်သက်သမျှ မျှဝေခံစားနေမိသည်။ သူတို့ ဖြေသာအောင်၊ နေသာအောင်၊ သူတို့ အသိုင်းအဝိုင်း ဖြေသာနေသာအောင် ဘာတွေ လုပ်ပေးရမလဲ။ တတ်နိုင်သလောက် ကူညီချင်နေသည်။

ပန်းကြွေပွင့်တွေလေ။

ညိုးရော်စ။

နွမ်းခြောက်ချိန်။

မြေခပွင့်များ။

ကြွေကျပွင့်များ။

ဒေင်နံဘေးမှာရပ်ထားသော သူမ၏ ဆန်နီအပြာကလေးကိုတွေ့လျှင် သူမ ရောက်နှင့်နေကြောင်း သူ အလိုလို သိလိမ့်မည်။

သူမ ဆေးရုံမှအပြန် ဇင်ယော်က စောင့်ရသည်ချည်းသာ ဖြစ်သည်။ ပြန်လာရသည့် ခရီးကလည်း ဝေးကာ လူနာတွေ၊ အလုပ်တွေနှင့် ပြန်ချိန်အတိအကျ သတ်မှတ်ထားနိုင်တာမှ မဟုတ်တာ။ တစ်ခါတစ်ရံ သူစောင့်ရသော အချိန်သည် နှစ်နာရီခွဲ သုံးနာရီအထိ မယုံနိုင်လောက်အောင် ကြာမြင့်တတ်သည်။

ဇင်ယော် ဘာကားနှင့် ရောက်လာမည်မသိ။

လေးဆယ့်ရှစ်စီးမည်ဆိုလျှင် ပန်းခြံဘက်မှ တည့်တည့်လျှောက်လာမည်။ ဒတ်ဆန်းစီးလာလျှင်လည်း အဲသည်လမ်းကြောရောက်မှ သူမ မြင်သာမည်။ ရှစ်ကားစီးလာလျှင်တော့ လျှပ်စစ်ရုံးဘက်မှ ပြန်လျှောက်လာ လိမ့်မည်။

သူမသည် နှစ်ဖက်လုံးမြင်နိုင်မည့်နေရာမှ ဟိုဘက်သည်ဘက် ဖြန့်ကြည့်စောင့်မျှော်သည်။

မြဒွေး ပုန်းဒိုင်းနှင့် အသက်ပျောက်သွားလိုက်သည်မှာ ဘာရောဂါဟု အမည်တပ်ရ ခက်လှသည်။ သေသေ ချာချာ သိလိုက်တာက အိပ်ချ်အိုင်ဗွီပိုးတွေ့သည် ဆိုတာပဲ ဖြစ်သည်။ ဘာရောဂါပဲဖြင့် ခုခံအား

ကျဆင်းနေသောကြောင့်သာ ဤမျှ အတိုက်အခိုက် အပြင်းအထန်ခံစားလိုက်ရပြီး အသက်တစ်ချောင်းသည် လေလွင့်ပစ္စည်းတစ်ခုသဖွယ် ပျက်စီးသွားရတာပဲ ဖြစ်သည်။

သူ့မိသားစုနှင့် သူ့အလုပ်အကိုင်၊ သူ့ဂုဏ်ငွေနှင့် တင့်တင့်တယ်တယ် နေနိုင်ပါလျက် သည်မူးယစ်ဆေးဝါးမှာ အဘယ်ကြောင့် နစ်မွန်းခဲ့ပါလိမ့်။

ထွန်းအောင်လတ်သည် ငယ်ငယ်ကတည်းက စာရိတ္တလျော့ရဲခဲ့သည်။ သူ့မိသားစုထဲမှာ သူတစ်ယောက်သာ စုန်းပြူးပါလာသည်။ သူ့ဇီဇက သူ့အပေါင်းအသင်းကို ရွေးချယ်ခဲ့သည်ဟုသာ နုနုခိုင် ကောက်ချက်ချလိုက်တော့ သည်။

ဇင်ယော်နှင့် ပက်သက်လာလျှင် သူမမှာ လုံးလုံးလျားလျား တာဝန်ရှိသည်ဟုသာ နုနုခိုင် ခံစားရသည်။ နုနုခိုင် မသိနားမလည်သော အရွယ်တုန်းက မှားမှားယွင်းယွင်း ဆုံးဖြတ်ခဲ့မိတာပါ။

အဲသည်မိန်းကလေးကို နုနုခိုင် ဘာကြောင့် မနာလိုဖြစ်ရမှာလဲ။ ဇင်ယော်က သူမကိုသာ ချစ်တာပဲ မဟုတ်လား။ ဒါကို သူမ မယုံကြည်ခဲ့ဘူးလား။ မသိခဲ့ဘူးလား။ အရင်းအမြစ် တွက်စစ်လိုက်တော့ ဇင်ယော့်ကို လမ်းခွဲစွန့်ပစ်ခဲ့ခြင်းသည် မနာလိုမှု၊ သဝန်ကြောင်မှုသာပဲ ဖြစ်သည်။

သူ့အပြင် အစားထိုးစရာ နောက်တစ်ယောက် တွေ့ခဲ့လို့လား။ ချစ်ခဲ့လို့လား။ နုနုခိုင် ကြေကွဲစွာ ခေါင်းခါယမ်းမိသည်။

လွန်ခဲ့သော ငါးနှစ်ခြောက်နှစ်တုန်းကသာ ယခုလို တွေးခေါ်တတ်ခဲ့ပါလျှင် သည်လို ကြေကွဲဖွယ် အဖြစ်အပျက်တွေ ဆင့်ကဲဆင့်ကဲ ဖြစ်ပျက်ခဲ့မှာ မဟုတ်။

ဝေသီသောမျက်လုံးများရှေ့တွင် သဏ္ဌာန်တစ်ခု ထင်ဟပ်လာသည်။ ဆံပင်ပျော့ခွေခွေတို့က နဖူးပေါ် ဝဲကျနေသည်။ အသားလတ်လတ် ချောချောမွတ်မွတ်မို့ သူ့မျက်ခုံးတွေရဲ့ နက်မှောင်ခြင်း၊ သူ့မျက်လုံးတွေရဲ့ ကြည်လင်သိမ်မွေ့ခြင်းတို့ကို ထင်းထင်းလင်းလင်း သိသာစေသည်။ သူ၏ သေးသွယ်ဖြောင့်စင်းသော နှာတံသည် သူ့မျက်နှာတွင် အလှပဆုံးသော အစိတ်အပိုင်းပင် ဖြစ်၏။

သူ့နှုတ်ခမ်းနှစ်လွှာသည် ပါးပါးကျဉ်းကျဉ်း တင်းတင်းစေ့ထားနေကျ။ တင်းမာဖို့ထက် အားတင်းထားဟန် ပုံဆောင်သည်။ သူသည် သိမ်မွေ့စွာ ငေးစိုက်ကြည့် ပြုံးလိုက်စဉ်တွင် သူ၏ သင်္ကေတအတိုင်း ဘယ်ဘက်နှုတ်ခမ်း ဖျားကလေး ယောင်ယောင်မဲ့သွားလေ၏။

"စဉ်းစားလုချည်လား ခိုင်"

နုနုခိုင် မျက်တောင်တစ်ဖျပ်ဖျပ်ခတ်ကာ ခေါင်းညိတ်သည်။ ပြီးတော့ တစ်ဖန် ခေါင်းခါယမ်းပြန်သည်။

"မဟုတ်ပါဘူး"

မစဉ်းစားပါဘူးဟု ငြင်းဆန်တာလား။ ဖြစ်ပျက်ခဲ့သမျှ အရာခပ်သိမ်း မဟုတ်ပါဘူးဟု ပယ်ချချင်တာလား။ ဖြစ်ပျက်ခဲ့ဖို့ တမင်တကာ ရည်ရွယ်တာ မဟုတ်ပါဘူးတဲ့လား။

"မောင် ဘာစားမလဲဟင်။ ထမင်းကျော်ပဲလား"

မီးနူးလာပေးနေပြီမို့ နုနုခိုင်က ဇင်ယော်ဘက်သို့ ပေးပို့သည်။

"ဟုတ်တယ် ခိုင်"

"တခြားကော"

"ယိုးဒယားဟင်းချိုဆိုရင် တော်ပါပြီ"

"အအေး ဘာသောက်မလဲ"

"မရင်ဒါပေါ့ ခိုင်"

နုနုခိုင်က စားပွဲထိုးကလေးကို ခေါင်းညိတ်အတည်ပြုလိုက်သည်။ သည်နေရာတွေမှာ နုနုခိုင် ကျက်စားရာ နယ်မြေ မျက်နှာသိတွေချည်းမို့ ကျွမ်းဝင်ပိုင်နိုင်လေသည်။

"အလုပ်မပြီးပြတ်သေးတာနဲ့ နောက်ကျသွားတယ်"

"မောင်က ဒီတစ်ခါလေးပဲ နောက်ကျတာပါ"

သူ့ကို ဘယ်ကစပြောရမည်ကို နုနုခိုင် စကားစရှာမတွေ့နိုင်။ ဒါနဲ့များ ကိုယ့်ကိုယ်ကို နစ်သိမ့်ဆွေးနွေး ပညာပေး သင်တန်းဆင်းကြီးပါတဲ့။ ဟွန်း.. ကဲ၊ ပြောလေ ပြော။

"ကိုထွန်းအောင်လတ်ဆီ ရောက်သေးသလား"

"တခြားသူငယ်ချင်းတစ်ယောက်ကိစ္စနဲ့ အလုပ်တော်တော် ရှုပ်သွားတယ် ခိုင်"

"မြင့်ဒွေးဆိုတဲ့ တစ်ယောက်လား"

ရသောအကွက်ကို ဖွတ်ဖိနင်းလိုက်ရသည်။ ထိမိသွားတာ သေချာသည်။

ဇင်ယော်၏ အဆိပ်အတောက်ကင်းမဲ့ သိမ်မွေ့သောမျက်နှာ ကွက်ခနဲ ပျက်သွားတော့သည်။

နုနုခိုင်ကို တအံ့တသြကြည့်သည်မှအပ စကားမဆို။ သူ့ကိုယ်သူ သတိနင့်ကာကွယ်ဖို့ အနေအထားတွင် အသင့်ရှိအောင် ကြိုးစားနေသည်။

"ခိုင် ဘယ်လိုလုပ်သိသလဲ"

"မြင့်ဒွေးက ဆေးရုံမှာပဲ ဆုံးသွားတာ"

"ရုတ်တရက် နလုံးအမြှေးပါးရောင်ပြီး ဆုံးတာလို့ ပြောတယ်"

"ဒါပေမယ့် သူလည်း ဆေးသမားပဲလေ"

ဇင်ယော် မျက်လုံးချင်းမဆိုင်။

"မောင့်အပေါင်းအသင်းတွေဟာ ဘာဖြစ်လို့ ဆေးသမားတွေချည်း ဖြစ်နေကြတာလဲ။ ခိုင် စိတ်မကောင်းဘူး"

ဇင်ယော် သက်ပြင်းမှုတ်ထုတ်ရင်း စားပွဲကိုသာ စိုက်ကြည့်နေသည်။

ဇင်ယော်က အဖြူခံတွင် အနက်စင်းထားသော ရှပ်အင်္ကျီလက်ရှည်ကို လက်ကောက်ဝတ်တွင် ကြယ်သီးတပ်လျက် သပ်ရပ်နေသည်။

ခုတော့ နုနုခိုင် သင်္ကာမကင်းဖြစ်ရလေပြီ။ ငယ်စဉ်ကတည်းက သည်လို လက်ရှည်နှင့် ကျက်သရေရှိနေကြသူ့စရိုက်တွင် ခုတော့ဖြင့် လက်မောင်းတွေမှ ဆေးထိုးအပ်ရာတွေကို ဖုံးကွယ်ထားချင်တာတွေ ပါဝင်နေမှာ ပါပဲ။

သည်အကြောင်းတွေးတိုင်း ရင်ထဲ ဘယ်လိုနာကျင်မှန်းမသိ။ သို့စေကာမူ မတွေးပါဘူး ရှောင်လွှဲ၍လည်း မရနိုင်ပါပေ။

သူနှင့် အသက်ဆိုင်ဆုံး ခိုင်ပေမို့ သူ့အတွက် နာကျင်ရမည်။ ပြီးတော့ သူ့ကို အစဉ်သဖြင့် ကြင်နာရပေလိမ့်မည်။ မကြင်နာခဲ့မိသောကြောင့်၊ ပစ်ပယ်ခဲ့မိသောကြောင့် ဘယ်အထိ ဆုံးရှုံးနေရပြီလဲ။ ဘယ်အထိ နောင်တရနေရပြီလဲ။

"ဆောရီး.. မောင်၊ ခိုင် မှားသွားတယ်။ အရင်ကလည်း မှားခဲ့မိတယ်။ အခု နည်းနည်းမှ အတိမ်းအစောင်း မခံနိုင်တော့ဘူး"

ဇင်ယော် ထိခိုက်လှုပ်ရှားသွားဟန် တူလေသည်။ စားပွဲတွင် ထောက်ထားသော လက်တွေကို ရုပ်သိမ်းထားကာ ကုလားထိုင်နောက်မှီကို လက်တစ်ဖက် သိမ်းတင်လိုက်သည်။ မျက်လုံးတွေကမူ နုနုခိုင်ကို ရင်မဆိုင်သေးဘဲ ဆိုင်နံရံရှိ ပြက္ခဒိန်ဆီ လွှဲဖယ်ထားလိုက်ပြန်လေ၏။

"မောင့်ပေါင်းအသင်းတွေ ဘာလဲဆိုတာ ခိုင်နဲ့ မဆိုင်ဘူး။ မောင်ပဲ ခိုင်နဲ့ဆိုင်နေတယ်။ မောင့်ကို ခိုင် ဘာစိတ်ပူနေသလဲ။ မောင် သိတယ် မဟုတ်လား"

သည်တော့မှ နုနုခိုင်ကို မပွံ့မရဲ တစ်ချက် မျက်လွှာပင့်ကြည့်ရင်း သူ့မျက်နှာ ပန်းသွေးစို့လာ၏။

"သိပါတယ် ခိုင်"

"ကဲ.. ပြော၊ ဘာ စိတ်ပူနေတာလဲ"

"မောင်လည်း ဆေးသမား ဖြစ်နေမလားဆိုတာ"

"ဟုတ်တယ်၊ မောင်မှန်ပါတယ်"

သီချင်းပဟေဠိသဖွယ် နုနုခိုင်က ရယ်စရာဖြစ်အောင် ခပ်ပေါ့ဆဆ ပြောသော်လည်း ဆွေးနွေးရသည့် ပြဿနာသည် ရယ်စရာ မဟုတ်။ ကိုယ်တိုင်လည်း မရယ်နိုင်။ ဇင်ယော်လည်း မရယ်နိုင်ပါ။ မငိုမိကြလျှင်ပင် မနည်း တော်လှရှိမှုပဲလေ။

"သူများတွေ သွေးကြောထဲ ဆေးထိုးကြတာကို ဒီစားပွဲဝိုင်းမှာ တို့ မဝေဖန်လိုဖူး။ မောင့်ကို တို့ စိတ်ပူတယ်။ မောင် အဲဒီအလုပ်ကို ကျူးလွန်နေတာ ဘယ်လောက်ကြာပြီလဲ"

ဇင်ယော် လက်သီးဆုပ်ချည်ဖြန့်ချည်နှင့် စိတ်ဂနာမငြိမ်နိုင်ပဲ ရှိသည်။ သင့်တင့်လျောက်ပတ်သော အဖြေ ဘယ်လိုပေးရမလဲ ဆိုတာ သူ အကြံရကျပ်နေပုံ ရလေသည်။

"ထားတော့ မောင်၊ မဖြေချင်လည်း မဖြေပါနဲ့၊ တို့ စိတ်ပူနေတာပဲ သိစေချင်တာ။ အရင်က ဘာဖြစ်ခဲ့ဖြစ်ခဲ့ အခု မောင် ဆင်ခြင်တော့မယ်လို့ တို့ မျှော်လင့်တယ်"

ဇင်ယော် မျက်လွှာချကာ ဟုတ်ပါတယ်ခိုင်ဟု မပွင့်တပွင့် ပြောသည်။

"ဆေးစွဲတာ ဖြတ်နိုင်ပါတယ်။ မောင်ဟာ ဗီဇက ဆိုးသွမ်းတဲ့သူ မဖြစ်နိုင်ဘူး။ မောင် ကျင်လည်ရတဲ့ ပတ်ဝန်းကျင်၊ မောင် ရင်ဆိုင်ရတဲ့ ဘဝအရှုံးတွေက မောင် ဒီအဖြစ်ဆိုက်အောင် ပစ်သွင်းလိုက်တာ။ မောင့်စိတ်ကို မောင် တင်းလိုက်ရင် ဆေးပြတ်တယ် မောင်။ သွေးတောင်းတာကို ခံနိုင်အောင် ကုပေးထိန်းပေးနိုင်တယ်။ မောင့်စိတ်ကို မောင် နိုင်ရင် လုံးဝပြတ်တယ်။ တို့ လောင်းရဲပါတယ်"

သည်အထိလည်း အဆင်ချောလာသေးသည်။

"မောင် ဖြတ်ပါ့မယ်"

ကဲ.. သည်အကျိုးအမြတ်ရဖို့ မည်မျှရင်းနှီးပေးဆပ်လိုက်ပါသလဲ။

ဖြတ်ပါမည်ဆိုကတည်းက စွဲပါသည်ဟူသော ဝန်ခံချက်က အရင် ရှေ့ကပြေးသည်။ ပြီးတော့ သွေးကြောထဲ မူးယစ်ဆေးထိုးပါသည်ဆိုသော စွဲချက်ကို သူ မဖြေရှင်းတာကြောင့် ဝန်ခံသည်ဟုသာ ကြေကွဲစွာ ယူမှတ်ရတော့မည်။ (မပြေးသော် ကန်ရာရှိပေမယ့် ကန်ရာကိုပဲ မျက်စိမှောက်ပြီး မြင်ယောင်မှားလေသလား စိတ်တွေ လှည့်ဖျားနေခဲ့မိပါသည်။)

"မောင်ဟာ ခေတ်ပညာတတ်တစ်ယောက်နော်။ ကူးစက်ကို အကြိမ်ကြိမ်ရောက်ခဲ့တယ်။ မောင့်မှာ ဘယ်လို ရစ်စ်ဖက်တာ ရှိနေပြီလဲဆိုတာ မောင် စဉ်းစားမိရဲ့လား"

ဇင်ယော့်မျက်နှာ နီရဲလျက် ပို၍ စောင်းငဲ့လွှဲဖယ်သွားတော့သည်။

"ဆေးမထိုးတော့ဘူးလို့ မောင်ပြောလိုက်တဲ့ စကားဟာ မောင့်သိက္ခာနဲ့ရင်းပြီး ကြေငြာတာပဲလို့ ခိုင် သတ်မှတ်ပါတယ်။ ယုံလည်း ယုံလောက်အောင်ကို မောင့်ဘဝနဲ့ရင်းပြီး သက်သေပြပြီးပြီကိုး။ အပြောအတိုင်း သစ္စာတည်ကြည်တယ်လို့ ခိုင် ယုံလိုက်တယ် မောင်။ တို့ စိတ်ပူနေတာက.."

"မောင် သိပါတယ်"

ပြတ်သားတင်းမာလှသဖြင့် နနခိုင် မျက်လုံးအဝိုင်းသား တွန့်ဆုတ်သွားရသည်။

"ဟိုကောင်တွေမှာ ပိုးတွေ့နေပြီဆိုတော့ မောင့်မှာရှိဖို့ သေချာမနေဘူးလား ခိုင်"

စူးစိုက်ကြည့်လိုက်သော မျက်လုံးတွေသည် နာကြည်းစွာ စိန်ခေါ်လျှက်ရှိသည်။ သူမကို နာကျည်းနေတာလား။ ဖန်တီးလာသော အခြေအနေကို နာကျည်းနေတာလား။

သူ လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ နနခိုင်က အမှန်တရားကို စားပွဲပေါ် ချပြရလိမ့်မည်။

"ရာခိုင်နှုန်း ခုနစ်ဆယ်ကနေ ရှစ်ဆယ်အထိတော့ သေချာတာပေါ့ မောင်"

တင်းမာနာကျည်းသော သူ့မျက်နှာ ဖွေးကနဲ သွေးဆုတ်သွားသည်။

နနခိုင် မျက်ရည်ဝဲလာလျက်နှင့်ပင် ပြုံးနိုင်အောင် ပြုံးရပါသည်။

"ဒါပေမယ့် ခိုင်တို့မောင်တို့တွေဟာ ကံ၊ ကံ၏အကျိုးကို အားထားသက်ဝင်ကြတယ် မဟုတ်လား။ ကျန်တဲ့ ရာနှုန်းနှစ်ဆယ်သုံးဆယ်ဟာ တို့တွေဘက်မှာ ရှိနေနိုင်ပါတယ်"

သွေးစစ်ကြည့်လိုက်လျှင် သေချာသွားမည်ဟု သိပ်လည်းပြောချင်သည်။ လုံးဝလည်း မပြောချင်။ နနခိုင်၏ နှလုံးသားတွေ တစစ်စစ် ကိုက်ခဲနာကျင်လွန်းလှတော့၏။

ဇင်ယော်သည် ဘယ်ဘက်နှုတ်ခမ်းစွန်းကလေး မဲ့တဲ့တဲ့နှင့် ပြုံးသည်။ မချိတင်ကဲ ပြုံးတာလား။ မဲ့ပြုံး ရွဲ့ပြုံး လေလား။

"ခိုင့်ဘက်မှာရှိနေနိုင်ဖို့ မောင်လည်း မျှော်လင့်ချင်ပါတယ်"

"မဟုတ်ဘူး မောင်၊ ခိုင့်တစ်ယောက်တည်း မဟုတ်ဘူးလေ။ မောင်နဲ့ခိုင်အတွက်၊ တို့တွေအတွက်"

နနခိုင် ချုံးပွဲချ ငိုကြွေးချင်လာသည်။

ဇင်ယော်က နနခိုင် ချထားသော ကြေးမုံသတင်းစာကို လှမ်းယူကာ ဟိုလှန်သည်လှောကြည့်သည်။ စိတ် တည်ငြိမ်အောင် ကြိုးစားနေတာပဲ ဖြစ်မည်။ ဒါမှမဟုတ် ဘာပြဿနာနှင့်မှ ရင်ဆိုင်မနေရလေဟန် အများအမြင် အတွက် ဟန်လုပ်နေတာပဲ ဖြစ်ပါလိမ့်မည်။

နနခိုင်ကလည်း သူမကြောင်းနှင့် သူမပင်။ စာထဲမှ လက်ထပ်ပြီးစီးချင်းသတင်းကို ဇင်ယော် သတိပြုမိမှာ စိုးရိမ်နေသည်။

မြင့်မြင့်ချို၏ လက်ထပ်ပြီးစီးခြင်း။

တစ်လောက ထွန်းအောင်လတ် ဒုတိယအကြိမ် ဆေးရုံလာတက်စဉ်တွင် သိန်းစိုးလည်း ဆေးရုံတက်နေဆဲ ဖြစ်သည်။ ထွန်းအောင်လတ်နှင့်သိန်းစိုး ရောဂါအခြေအနေခြင်း ကွာဟသည်သာမက နီးနီးစပ်စပ် ခင်မင်သွားခဲ့ လောက်အောင် အသွင်မတူကြပါ။ ဘယ်လိုမှ တစ်ယောက်၏အတွင်းရေးကို တစ်ယောက် မသိနိုင်ပါ။

ဒါတွေကို ဇင်ယော်မသိနိုင်တာ လုံးဝသေချာသလောက်ပါပဲ။ သည်ကြားထဲကပင် နနခိုင်က အကြောင်းမဲ့ စိတ်ပူစိုးရိမ်နေသည်။ လက်ထပ်သတင်းကလည်း သည်နေ့မှပဲ တိုက်တိုက်ဆိုင်ဆိုင်။

အဖြစ်ချင်းမတူသည့်တိုင် နီးစပ်မနေဘူးလား။

နနခိုင် ဘာကြောင့် ဤမျှစိုးရိမ်ပူပန်နေမိသလဲဆိုတာ ရုတ်တရက် သူမဘာသာ သဘောပေါက်သွားသည်။

သိန်းစိုးကို မြင့်မြင့်ချိုက သွေးဖေါက်စစ်ခိုင်းသည်။

နနခိုင်ကကော အခု ဇင်ယော့်ကို သွေးဖေါက်စစ်ခိုင်းရတော့မည် မဟုတ်ပေဘူးလား။

အိပ်ချ်အိုင်ဗွီပိုးတွေရှိခြင်းသည် သိန်းစိုးနှင့် မြင့်မြင့်ချိုတို့၏ လက်ထပ်ရေးနှင့် လုံးဝသက်ဆိုင်ခဲ့သည်။

ဇင်ယော်နှင့် နုနုခိုင်၏ လက်ထပ်ရေး။

ဟင့်အင်း.. ဟင့်အင်း.. ဘယ်လိုမှ မဆိုင်နိုင်ပါ။

နုနုခိုင် ရင်ဘတ်ထဲမှာ စူးကနဲအောင့်ခနဲ ဖြစ်လာသည်။

အမှန်တရားကို နုနုခိုင် ရင်မဆိုင်ချင်ဘူးလား။ ရင်မဆိုင်ရဲဘူးလား။ အိပ်ချ်အိုင်ဗွီနှင့် နုနုခိုင်တို့နှစ်ယောက် လက်ထပ်ရေးသည် လုံးဝသက်ဆိုင်နေကြောင်း ဝန်ခံလိုက်စမ်းပါ နုနုခိုင်ရယ်။

ထမင်းကျော်ပန်းကန်တွေ ရောက်ရှိလာပါပြီ။

ဇင်ယော်သည် သတင်းစာကို စားပွဲပေါ် အသာပြန်တင်လိုက်သည်။ စားပွဲထိုးကလေးသည် ယိုးဒယားဟင်းချို ပန်းကန်ကို လာချပေးပြီးနောက် စားပွဲရှင်းလင်းအောင် အနီးသတင်းစာကို နံဘေးစားပွဲဘက်သို့ ရွှေ့ပြောင်းလိုက်၏။

"ချာတိတ်၊ ကျွန်မအတွက် ရေတစ်ခွက်"

"ရေခဲရေလား အစ်မ"

"ဟုတ်တယ်၊ ရေအေးအေးတစ်ခွက်"

ရင်ပူချောက်သွေ့လွန်းလှသည်။

နှလုံးတွေလည်း ဆူပွက်ခြောက်ခန်းလေပြီလား မသိ။ ရေခဲရေ မြန်မြန်ရချင်လှပါပြီ။ အသည်းနှလုံးကို မြှုပ်နှံပြီး ရေခဲရေထဲသာ စိမ်ပစ်လိုက်ချင်တော့သည်။

ဇင်ယော်သည် မဲ့မလိုပြုံးကာ ခပ်ထေ့ထေ့ စိုက်ကြည့်ရင်းက စားပွဲထိုးလက်မှ ရေခဲရေဖန်ခွက်ကိုယူကာ နုနုခိုင်လက်ထဲ ထည့်ပေးသည်။

"ခိုင်က အိပ်ချ်အိုင်ဗွီရှိလာရင်၊ မရှိလာရင် ဘယ်လို နှစ်သိမ့်ဆွေးနွေးပညာပေးရမယ်ဆိုတာ အလေ့အကျင့်ရှိနေပြီနော်။ အခု မောင် သွေးစစ်ပဲ့မယ်။ ရလာမယ့် အဖြေဟာ ဘယ်အဖြေမျိုးဖြစ်ဖြစ် ခိုင် ရင်ဆိုင်ရတော့မယ်။ မောင့်ကိုရော ခိုင့်ကိုပါ ဘာတွေနှစ်သိမ့်ဆွေးနွေး ပညာပေးမလဲ ခိုင် ပြင်ဆင်ထားနော်"

"မရွှဲ့ပါနဲ့ကွာ"

"မရွှဲ့ရက်ပါဘူး ခိုင်၊ ခိုင့်ကို မောင် သိပ်သနားတယ်။ ခိုင်ဟာ ငယ်ငယ်တုန်းက စိတ်အလိုလိုက်ပြီး ဆုံးဖြတ်ခဲ့တယ်။ လူငယ့်အဆုံးအဖြတ်ပေါ့။ အခု ခိုင် လူကြီးဖြစ်ပြီမို့ အသိပညာယှဉ်ပြီး ဆုံးဖြတ်ရမှာ။ ခိုင် အသင့်ရှိရလိမ့်မယ်"

"မောင် ခိုင့်ကို ဒီလောက် စိတ်နာနေသလားဟင်"

ဇင်ယော် ညင်သာစွာပဲ ခေါင်းခါသည်။

"ခိုင် ပြန်ရေးခိုင်းထားတဲ့ လှူဖေါက်ပန်းချီကားကလေး ပြီးနေပြီ။ မောင်တို့ရဲ့ ထင်းရှူးပင်ကဗျာကလေးလည်း သေချာပြန်ဆွဲနေတယ်။ ပြီးတော့မယ် ခိုင်၊ ခိုင့်ဆီ သွေးအဖြေလာပို့တဲ့နေ့မှ တစ်ပါတည်း ယူခဲ့တော့မယ်"

"ဘယ်လို အဖြေလာပို့မှာလဲ။ မောင်က ခိုင်တို့ဆေးရုံမှာ သွေးမစစ်ဘူးလား"

ဇင်ယော် ပုခုံးတွန့်သည်။

"မောင့်မှာ တကယ်ရှိချင်မှရှိမယ့် သိက္ခာကို ခိုင့်အတွက် ထိန်းခွင့်ပြုပါနော်။ မောင် အပြင်ဆေးခန်းတစ်ခုခုမှာ စစ်ခဲ့မယ်"

"အဲဒါတွေက Spot Test ပဲ မောင်ရဲ့"

"မရှိဘူးဆိုရင် သေချာအောင် ခိုင်တို့ ပြန်စစ်ပါ။ ရှိနေရင်တော့.."

"ရှိနေတယ်ဆိုရင်လည်း သေချာအောင်ပြန်စစ်ဦးမှာပဲ မောင်"

ဇင်ယော်က နနခိုင်ကို ကြင်နာစွာ ငေးကြည့်နေသည်။

"ခိုင်က မောင့်ကို နှစ်သိမ့်ဆွေးနွေးနိုင်မှာ မဟုတ်ပါဘူး။ မောင်ဟာ ခိုင်ပဲ။ ဒီတော့ ဆေးစစ်ပြီးမှပဲ မောင်တို့ post-test counseling လုပ်ကြမလား။ ခိုင်တို့ဆရာကြီးတွေဆီ အကူအညီ တောင်းကြမလား"

နနခိုင် မျက်ရည်တစ်လည်လည်နှင့် ခေါင်းညိတ်သည်။

ဇင်ယော်က ခိုင့်နဖူး ပြောင်ချောကလေးကို အသာအယာ လက်နှင့် ပွတ်သပ်နှစ်သိမ့်လေသည်။

ပြီးတာတွေတော့ ပြင်မရနိုင်ပြီ။

ရှေ့ ဘယ်လို ခရီးဆက်ကြမလဲ။

ခိုင် မစဉ်းစားချင်ပါ။

ဖြစ်သင့်တာနှင့် ဖြစ်ချင်တာ ကတ္တားခွဲခြားရမည့်အရွယ် ရောက်ခဲ့ကြပြီ။

ဒါပေမယ့် ဒါတွေ မစဉ်းစားချင်သေးပါဘူးလေ။

ထိုန်နက်က ထမင်းကျော်တွေ အရာမယွင်းခဲ့။

ယိုးဒယားဟင်းချို မလျော့မပါး အေးစက်ခဲ့သည်။

သူတို့ ဘာတွေ ဆက်ပြောကြသလဲ။ ရယ်စရာတွေ ပါသည်။ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဖြစ်ကြသည်။

အများဆုံး သတိရချင်ကြတာကတော့ တီဘီကုန်းနားက ပန်းခြံဟောင်းမှာ အတူတူထိုင်ကြ၊ စကားပြောကြတာတွေပဲ ဖြစ်သည်။

"ခိုင့်အတွက် ခဲပန်းချီကလေးကို မောင် အာရုံမရတာနဲ့ အပြီးမသတ်နိုင်တာ။ ဆွဲနေတာတော့ ကြာပါပြီ"

"ခိုင်နဲ့ ပြန်ဆုံကတည်းကနော်"

"ဟုတ်တယ်၊ မိုးရွာထဲမှာ နစ်ယောက် ပြန်ဆုံကြကတည်းက"

ဇင်ယော်က ဟန်ဆောင်မှုကင်းမဲ့သူ။ သူ ဟန်ဆောင်နေလျှင် သိပ်သိသာသည်။

ယခု ပျော်စရာအဖြစ် ဟန်လုပ်ပြောဆိုနေခိုက် သူ့အာရုံတွေ ဘယ်ဆီဘယ်များ လွင့်ပါးနေပါလိမ့်မလဲ။ သူ ဘာတွေ တွေးတောကြောင့်ကြနေရှာမှာလဲ။ နနခိုင်က သူ့အတွေးတွေကို အမိအရ လိုက်လံဖမ်းဆီးကာ အားအင်ဖြည့်တင်း နစ်သိမ့်ထားချင်လှတော့သည်။

* * * * * *

# ပန်းကြွေပွင့်ပုံပြင်တစ်ပုဒ်

I remember, I remember
The fir trees dark and high;
I used to think their slender tops
Were close against the sky;
It was a childish ignorance,
But now 't is little joy
To know I'm farther off from Heaven
Than when I was a boy

ဒါပေမယ့်
အခုတော့လေ
ကောင်းကင်ဘုံနဲ့ အဝေးကြီးဝေးပါလားဆိုတဲ့ အသိတရား..။
ကလေးဘဝတုန်းကထက်ပိုပြီး ပျော်ရွှင်မှုနည်းပါးလွန်းလှပါတော့တယ်။

ဒေါ်နုနုခိုင်၏ အလုပ်စားပွဲပေါ်တွင် ဆယ်ချိုးဆိုဒ် ခဲပန်းချီကားချပ်တစ်ချပ်ကို မှန်ဘောင်သွင်းကာ ဒေါက်ကလေးဖြင့် ထောင်ထားလေသည်။ ကွပ်ထားသည့်ပေါင်ကိုက စိမ်းဖျော့ဖျော့၊ ဂါဠေရွှေရွှေနှင့်မို့ ပန်းချီကား ရှုမြင်သူအား တစ်စုံတစ်ရာသော ဆင်ခြင်မှုနှင့် တသလွမ်းဆွတ်စေအောင် ပံ့ပိုးပေးနေလေ၏။

ထင်းရှူးပင်ကြီးတွေပါပဲ။ ထက်ခေါင်မြင့်ဖျား မိုးထိနေသည်ဟု ထင်ယောင်ယိုးမှားလောက်ပါပေသည်။ တိမ်တောင်တိမ်လိပ်တွေကြား ထွင်းဖေါက်အုံ့ဆိုင်းလျက် သစ်ပင်ထိပ်ဖျားတွေ မမြင်ရတာမို့ ပို၍ပင် မျှော်လင့် တွေးထင်နိုင်ကောင်းစရာပါ။

အဲသည် မိုးကောင်းကင်ဆီ ရွယ်မှန်းနေသော စင်ရော်ငှက်တစ်ကောင်သည် တောင်ပံဖြန့်လျက် အဆုံး မရှိသော ခရီးစဉ်အတိုင်း ပျံတက်ထွက်ခွာနေတော့သည်။

ရှေ့ဖြစ်ကို ကြိုတင်၍ ကြည့်မထားနိုင်လေတော့ ဖြစ်ပျက်လာသမျှကိုပဲ လက်ခံထားလိုက်ရပါသည်။

စွန့်ခွာခဲ့ကြောင်း နားလည်ပါသည်။

လိုက်မရှာနိုင်သူ့အဖြစ်ကိုလည်း သူ ကောင်းကောင်းကြီး သိထားမှာပါပဲ။ ပြင်မရနိုင်သော ဖြစ်ရပ်တွေ ဆင့်ကဲခဲ့လေတော့ သည်လိုပဲ လမ်းခွဲကြရမည်။

ခွင့်လွှတ်ခြင်း၊ အပြစ်ယူခြင်း၊ အပြစ်တင်ခြင်း၊ ရက်စက်ခြင်း ဆိုတာတွေအားလုံး စဉ်းစားဝေဖန်စရာအဖြစ် မှတ်ယူမနေတော့ပါ။

ဖြေရှင်းစရာ၊ တောင်းပန်စရာ၊ ငိုကြွေးစရာ ဘာတစ်ခုမှ ရင်ထဲမှာ သိမ်းဆည်းမထားလေပြီ။

အစိမ်းရောင်ခန်းဆီးနှစ်လွှာကြားမှ လှမ်းမြင်နေရသော မြက်ခင်းကလေးသည် နနခိုင်၏မြင်ကွင်းကို အေးမြစေသည်။

သဘော်ဆေးအဖြူရောင်သုတ်လိမ်းသည့် ထိုင်ခုံတန်းကလေး၏ နောက်မှီတွင် ကျမ်းမာပါစေဆိုသော စာလုံးမည်းကလေးတွေ ရေးသားထားကြောင်းကို မြင်တွေ့နေကျမို့ မှန်းဆနိုင်သည်။

ပန်းချီကားကလေး နေသားတကျရှိနေသည့်ကိုပင် သူမ၏ နေ့စဉ်မြင်ကွင်းတစ်ရပ်ပေမို့ နနခိုင် လှုပ်လှုပ်ခတ်ခတ် မခံစားရတော့ပါ။ ဆုံးဖြတ်ဆင်ခြင်ပြီးပြီပဲ။

ဖြစ်လာသမျှကို ဖြစ်သင့်သည့်အတိုင်း ရင်ဆိုင်နိုင်အောင် နနခိုင် အားယူထားပါသည်။

ငယ်ငယ်က စာတွေတွေမှာ စိတ်ကူးယဉ်ရောနှောပြီး ကျူးရင့်မိသလိုပင် 'အသည်းအနာခံနိုင်မှ သတ္တိ' ဟု ယခုလက်တွေ့ ကျင့်သုံးရပါသည်။

သတ္တိရှိသတဲ့လား။

ဒါဟာ နနခိုင်ရဲ့ စံ၊ နနခိုင်ရဲ့ မှတ်ကျောက် ဖြစ်နေသည်လေ။

ယခု ဇင်ယော် ဝေးကွာသောတစ်နေရာသို့ ရှောင်ဖယ်သွားသည်မှာ ပြက္ခဒိန်ရက်လနှင့် တွက်စစ်ကြည့်မည်ဆိုပါလျှင် တစ်လ၊ နှစ်လ၊ ဩော်.. သုံးလတောင် ရက်ကျော်စွန်းခဲ့ပေါ့။

တွေ့ဆုံနေကျ နေရာဟောင်းတွေသို့ တစ်ကြိမ်မက နှစ်ကြိမ်သုံးကြိမ် နနခိုင် သွားရောက်ခဲ့ပါသည်။ ကြမြင့်စွာ လွန်ခဲ့သော ရက်များကို တမ်းတလွမ်းဆွတ်လှသဖြင့် ပြေပျောက်လေမလား သွားကြည့်ခဲ့တာပါ။

သူနှင့်တွေ့လိမ့်နိုး မမျှော်ကိုးခဲ့ကြောင်း ကျိန်တွယ်ပုံ့ပါသည်။ သူ မလာတော့ဘူးဆိုတာ နနခိုင် သေသေချာချာ သိသည်။ မတော်တဆ ကြုံဆုံနိုင်သော နေရာတွေမှာပင် သူ ရှိမနေတော့ကြောင်း နနခိုင် သေချာသည်။

သူ အင်မတန် သံယောဇဉ်ကြီးမားလှသော ထွန်းအောင်လတ်ကိုပင် ဖြတ်တောက်ကျောခိုင်းထားနိုင်မှတော့ အခြားဆွဲဆောင်ခြင်း တစ်စုံတစ်ရာပင် မရှိနိုင်တော့။

ပြီးတော့လည်း ထွန်းအောင်လတ်သည် တတိယအကြိမ် ဆေးရုံရောက်နေပြန်ပါပြီ။ သည်တစ်ကြိမ်တော့ သတိမလည်လာပြီမို့ မကြာခင် နာရီပိုင်းအတွင်းမှာပင် သူ ဆန့်ကျင်ဖီဆန်ခဲ့သော သူ့မိသားစုနှင့် သူ ဖန်တီးပျော်မွေ့ခဲ့သော သူ့ သီးချားကမ္ဘာကို သူ ထားရစ်ခဲ့တော့မည်။ သူနှင့်အတူ သူသိထားသော နနခိုင်နှင့် ဇင်ယော့်အကြောင်းကိုလည်း ဆောင်ကျဉ်းသွားတော့မည်။

ဇင်ယော့်မိခင်နှင့် မောင်နမတွေ ဘယ်လိုရှိရှာလိမ့်မလဲဟု တစ်ခါတစ်ရံ နနခိုင် သတိရ တွေးတောမိတတ်သည်။ သူ့နေအိမ်သို့ ဒေါ်အေးနှစ်ကြီး စေလွှတ်စုံစမ်းစဉ်က သူ ခရီးရှည် ထွက်ခွာသွားသည်ဟု မရေမရာ အဖြေရသည်။ နနခိုင်ကို သူ့မိသားစုက စိတ်မဂင်စားခဲ့ပါ။

သူတို့နှင့် နနခိုင်သည် အစကတည်းက မတူညီသော အသိုင်းအဝိုင်းတွေမှာ မစပ်မဆိုင် ကျင်လည်ခဲ့ကြလေရာ ဇင်ယော်ရှိစဉ်ကပင် မနီးစပ်နိုင်ပါဘဲလျက် ယခု ဘယ်လိုမှ နားလည်ကျွမ်းဂင်လာကြတော့မှာ မဟုတ်။

ဆေးရုံသို့ အမည်မသိလူတစ်ယောက် လာပို့သွားသော ဤ ပန်းချီကားနှင့် အိမ်ရှိ စာကြည့်စားပွဲပေါ်မှ လွှဖေါက်ပန်းချီကားကလေးတွေ ခိုင့်တွင် ကျန်ရစ်ခဲ့သည်။

ဂေးတော့လည်း ဂေးကြသည်ပင်။

အသည်းနှလုံးထဲ ဇဟိုချက်တိုင် အမြဲတေကိန်းအောင်းနေနိုင်စွမ်းသော သူ့အပေါ် တွယ်တာမှုတွေဟာ အနီးဆုံး နီးကပ်နေနိုင်ပြန်သေးသည်။

နနခိုင်သည် နှုတ်ခမ်းကလေး ပြုံးမဲ့မဲ့နှင့် မေးဆတ်ထေ့ငေါ့သည်။ နောင်တဆိုတာ ဘာကြောင့်ရှိရမည်လဲ။

မှားသွားလျှင် ပြင်လိုက်မည်။ မှားရမှာမို့ မှားခဲ့ပြီဟာ။ ယခု ဘာကို တမ်းတငိုကြွေးနေတော့မှာလဲ။ ရှုံးရမှာမို့ ရှုံးခဲ့ပြီဟာ။ ယခု ဘာကို ကြေကွဲနာကြည်းနေမှာလဲ။

မနေ့က ကုန်ဆုံးခဲ့ပြီ။

သည်ကနေ့မှာ ပြသင့်ပြထိုက်သည်ထင်သမျှ ပြမူဆောင်ရွက်နေဦးမည်။ တာဂန်လည်း ပါမည်။ ဆန္ဒလည်း ရှိရမည်လေ။ နနခိုင်၏ မှတ်ကျောက်နှင့်လည်း ဘောင်ဂင်ရမည်။ အကျုံးဂင်ရမည် ဆိုပါစို့။

နနခိုင်၏ စားပွဲပေါ်တွင် ဖိုင်တွဲတစ်ထပ် ရှိနေသေးသည်။ နောက်ဆုံးရရှိထားသော မှတ်စုများကို ဖိုင်တွင် တွဲလိုက်လေသည်။

သူမခေါ်ယူထားသော လူနာရှင်မိခင်တစ်ယောက် လျှောက်လှမ်းလာနေသည်ကို ခပ်လှမ်းလှမ်းမှ လှမ်းမြင်နေရသည်။

ဖိုးတိုး၏ မိခင်။

သူမသည် ဆေးရုံသို့ ဖိုးတိုးရောက်ရှိလာချိန်မှစ၍ နေ့မအား ညမအား သားကိုပြုစုယုယရင်း ရှိစုမဲ့စု ပစ္စည်းဥစ္စာလည်း ကုန်ခမ်းခဲ့သည်။ အသားအရေ ချုံးကျလျက် အရိုးပြိုင်းပြိုင်း ခါးပင် ကိုင်းချည့်ခဲ့ပြီ။

လူနာဆောင် တစ်ပတ်လှည့်လာသော ဆရာဂန်တွေကို သူမက ကျွန်မပြောတာတွေ သူ ကြားတယ် ဒေါက်တာ။ သား သက်သာလာပြီလို့ ဆရာကြီးကို အမေပြောပြထားတယ် ဆိုတော့ ပြုံးပြပြီး ခေါင်းညိတ်တယ် ဆိုတာမျိုး၊ သူ့မျက်နှာကြီး သုန်မှုန်နေလို့ သား အိမ်ပြန်ချင်လို့လား ဆိုတော့ မျက်ရည်လည်လာပြီး မျက်လုံး မှိတ်ပစ်လိုက်တယ် ဆရာမရဲ့ ဆိုတာမျိုး။ ဦးနှောက်နှင့် အာရုံကြော တိုက်ခိုက်ဖျက်ဆီးခံထားရပြီးပြီမို့ သူမ၏သား သတိရှိသေးလျက် အသိဆုတ်ယုတ်နေပြီးသော DEMENTIA အခြေအနေကို နားဂင်အောင်ရှင်းပြဖို့ ခက်ခဲနေပါသည်။ သူမ မသိမဟုတ်၊ သိလျက်နှင့် လက်သင့်မခံနိုင်ပဲ ငြင်းဆန်နေတာမို့ အချိန်များများယူပြီး စိတ်ရှည် လက်ရှည် နားသွင်းရမည် ဖြစ်ပါသည်။

"ဘာပဲဖြစ်ဖြစ် ထောင်ထဲမှာမသေသဲ ဒီဆေးရုံမှာ၊ သူ့လက်ထဲမှာ တစ်ဂကြီး ပြုစုလိုက်နိုင်တာနဲ့ပဲ ဖြေသိမ့်လိုက်ပါတော့လို့ မင်း အားပေးဖေးမသင့်တာပေ့ါကွာ။ အဆင်သင့်ရင်လည်း သူ ဘာကြောင့် အိမ်ထောင်နှစ်ဆက် ပြောင်းခဲ့တယ် ဆိုတာရယ်၊ ဘာလို့ အရင်အိမ်ထောင်နဲ့ရတဲ့ သားသမီးတွေက ဒီချာတိတ်ကလေးကို ပစ်ပယ်ကြတယ် ဆိုတာရယ် မင်းမှတ်တမ်းထဲ ဖြည့်ထားပေ့ါ"

သမားတော်ကြီး၏ လမ်းညွှန်ချက်အတိုင်း ကြိုးစားကြည့်ရန် နနခိုင် ဖိုးတိုး၏မိခင်ကို စောင့်ကြိုနေလေသည်။

နီရဲမို့အစ်သော မျက်လုံးများ၊ ဖြူရော်ရှုံ့တွသော ပါးပြင်များနှင့် မိခင်အိုသည် နနခိုင်တို့ပြောပြမည့် သားဖြစ်သူ၏ အခြေအနေမှန်ကို လက်မခံဖို့ အားတင်းထားဟန် နှုတ်ခမ်းတင်းတင်းစေ့ထားလေ၏။

နနခိုင်သည် မောင့်လက်ရာ ပန်းချီကားမှန်ချပ်ကို လက်ချောင်းများဖြင့် တယုတယ ပွတ်သပ်တို့ထိသည်။

"ခိုင် အလုပ်ရှိသေးတယ်" ဟု အသံမထွက်ပဲ တိတ်ဆိတ်စွာ မှာကြားခွင့်ပန်သည်။

"လာ.. ဒေါ်ဒေါ်၊ မနက်စာ စားပြီးပြီလားဟင်။ မစားဘူးလား။ ကျွန်မ သစ်တော်သီး ပို့ခိုင်းလိုက်တာကော စားရဲ့လားဟင်။ ထိုင်.. ဒေါ်ဒေါ် ဒီခုံမှာထိုင်"

သွေးထဲ၊ ဗီဇထဲက ပါလာသည်ဖြစ်စေ၊ ပတ်ဝန်းကျင်ကြောင့် ရောယောင်မိသည်ဖြစ်စေ၊ မတော်တဆ တစ်နွယ်ငင် တစ်စင်ပါသည် ဖြစ်စေ၊ အဖျားအနားခတ်သွားသည်ပဲ ပြောပြော၊ မသိနားမလည်သောကြောင့် ပန်းကြွေပွင့်တို့ကတော့ အခါမတိုင်မီ တဖြုတ်ဖြုတ် ကြွေလွင့်နေကြသည်ပင်။

နနခိုင်သည် ကြွေလွင့်တော့အံ့ဆဲဆဲ ပန်းကလေးတစ်ပွင့်အတွက် ဂေမျှခံစားပေးရန် အသင့် တာစူပြင်ဆင်နေလေ၏။

**မှတ်ချက်** - ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါရှင် ခန့်မှန်းခြေစာရင်းသည် ပြီးခဲ့သော ဆယ့်နှစ်လအတွင်း (၂.၅) သန်းမှသည် (၄)သန်းသို့ တိုးမြှင့်လာသည်ဖြစ်ရာ ခြောက်ဆယ်ရာနှုန်း တိုးမြှင့်သည်ဟု ကမ္ဘာ့ကျမ်းမာရေးအဖွဲ့ချုပ်မှ ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့က ထုတ်ပြန်ပြောဆိုသည်။

အာဖရိကတိုက် ဆာဟာရတောင်ပိုင်းတွင် ဝေဒနာခံစားဒရသူ (၂.၅) သန်း ရှိသောကြောင့် အမြင့်ဆုံးကိန်းဂဏန်းဖြစ်နေသည်။ သို့ရာတွင် 'အာရှနိုင်ငံများတွင် ရှစ်ဆခန့် တိုးမြှင့်လာသည်' ဟု ဆို၏။

* * * * * *

# ၁၉၉၉ - ၂၀၀၀

# အချစ်နဲ့ မဝေးကွာသော

ဗာဒံပင်အောက် အရိပ်ကောင်းသော လက်ဖက်ရည်ဆိုင်ကလေးသည် နွေ၏ပူလောင်ခြင်းမှ လွတ်ကင်းသည်။

ကျယ်ဝန်းသော ကတ္တရာလမ်းကို ဖြတ်သန်းတိုက်ခတ်လာသော လေပြေညှင်းသည် ဆိုင်တွင်းသို့တိုင်တိုးဝှေ့လှည့်ပတ်ပြီး အအေးဓါတ်ကို ဖြန့်ဝေပေးလေသည်။

ညနေလေးနာရီခွဲလုပြီဖြစ်သော်လည်း အနောက်ဖက်ခြမ်းဆီ တိမ်းစောင်းနေပြီးသည့် နေမင်း၏ အပူရှိန်ကတော့ တောက်ပပြင်းပြနေဆဲပင်။

လက်ဖက်ရည်ဆိုင် အတွင်းကျကျ ထိုင်ခုံပုတွင် နေကာမျက်မှန်အနက် တပ်ဆင်ထားသော လူလတ်ပိုင်းအမျိုးသားတစ်ဦးတည်း ထိုင်ကာ ဥက္ကလာဘက်မှ အချိန်မရွေး မောင်းနှင်လာမည့် အဖြူရောင် ဒတ်ဆန်းဆန်နီဆလွန်းကားကလေးကို မျက်တောင်မခတ် စောင့်မျှော်နေခဲ့သည်။

သူ့ရှေ့မှ ပေါ့ဆိမ့်လက်ဖက်ရည်သည် ငွေ့ငွေ့သာ နွေးတော့သည်။ သူ့လက်မှ လန်ဒန်စီးကရက်သည်လည်းပြာတောင့်ကျိုးကြွေကာ သူစီးထားသော ကတ္တီပါသဲကြိုးနက် ညှပ်ဖိနပ်အနီးတွင် ပုံကျနေသည်။

ဆိုင်မျက်နှာစာ စားပွဲဝိုင်းတွင် လူငယ်သုံးယောက်ထိုင်ကာ ဂဏန်းနံပတ်တွေ ဆွေးနွေးငြင်းခုံနေကြသောကြောင့် ခပ်ကျယ်ကျယ်ဖွင့်ထားသော အချစ်သီချင်းကိုပင် မကြားရတစ်ချက်၊ ကြားရတစ်လှည့် နောက်ယှက်ဆူညံနေ၏။

သူသည် ဖြူဂင်းသောနဖူးပေါ် ဝဲကျနေသည့် နူးညံ့ညိုမှောင်သော ဆံပင်ကို လည်ဆတ်သိမ်းတင်စေသည်။

လက်ခေါက်ပင့်တင်ထားသော အဖြူရောင်ရှပ်လက်ရှည်ကို ကွက်စိတ်ချည်ချော ပုဆိုးရင့်ရင့်နှင့် တွဲပြီးဝတ်ဆင်ထားသောသူသည် သပ်ယပ်အေးစက်လွန်းလှပေသည်။

သူ့ကို မည်သူမျှ အမှတ်မထားမိကြ။

သူသည် ဤလက်ဖက်ရည်ဆိုင်၏ ပုံမှန်ဖေါက်သည်တစ်ယောက် မဟုတ်ပါ။

သည်နှစ်ထဲမှာမှ ဒါဟာ ဒုတိယအကြိမ် သည်ဆိုင်၊ သည်နေရာမှာ သူ လာထိုင်ဖြစ်တာပါ။

အရင့်အရင်နှစ်တွေတုန်းက သည် ကျောက်ရေတွင်းလမ်းဆုံလမ်းခွသို့ သူ ရောက်လာစရာ အကြောင်းမရှိခဲ့။

ထိုစဉ်ကတော့ အောင်ဆန်းကွင်းဘက်မှ ခိုင့်ကား ဖြတ်အသွား မြင်သာသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဆိုင်တွင် သူ စတည်းချနေကျ။ သုံးလေးလတစ်ခါ သူ အညာမှ ကားရောင်းကားဝယ်၊ ဒေါ်လာရောင်းဒေါ်လာဝယ် ရန်ကုန်ဆင်းလာဖြစ်သော အခေါက်တိုင်း အဲသည်နေရာ လာထိုင်ပြီး ခိုင့်မျက်နှာကလေးကို သူကြည့်သည်။

ခုတော့ ကူးစက်ဆေးရုံကြီးသည် ကန်တော်ကလေးမှ ဝေဘာဂီသို့ ပြောင်းရွှေ့ခဲ့လေပြီ။

ဒါကြောင့် သူလည်း နေရာပြောင်းရွှေ့လာခဲ့သည်။

တစ်ခါတစ်ရံ သူ ထင်တိုင်းမပေါက်ဘဲ သူ စောင့်မျှော်သောလမ်းမှ နနခိုင် မသွားမပြန်တာလည်း ရှိခဲ့သည်။

သည် ကျောက်ရေတွင်းလမ်းထိပ် လက်ဖက်ရည်ဆိုင်ကတော့ သူ့အတွက် လာဘ်ကောင်းသည် ဆိုရပေမည်။

အရင်တစ်ခါက သူ သုံးနာရီခွဲကတည်းက လက်ဖက်ရည်တစ်ခွက် ရေနွေးကြမ်းတစ်အိုးနှင့် ဖွဲကောင်းစွာ ထိုင်စောင့်ခဲ့သည်။ လေးနာရီခွဲသည့်တိုင် ခိုင့်ကား ပေါ်မလာသောအခါ သူ မောဟိုက်အားလျော့စ ပြုလာ၏။

ထိုစဉ်မှာပင် ခိုင့်ကားကလေးကို အဝေးမှလှမ်းမြင်ရကာ လှစ်ကနဲဆို ကွေ့ချိုးမောင်းနှင်သွားခဲ့၏။ ငွေရှင်းပြီးသည်နှင့် ကကတစ်စီး တားပြီး ဆယ်မိုင်ကုန်း အမြန်ကားဂိတ်သို့ သူ အသော့နှင်ခဲ့ရသည်။

ယနေ့ညနေလည်း ခိုင့်ကား ဝေဘာဂီမှာရှိကြောင်း သေချာအောင် ကကတစ်စီးနှင့် သူ ဆေးရုံဘက် သွားရောက်ထောက်လှမ်းထားပြီးပါပြီ။

ခိုင်သည် ရေဝေးဘက်မှ ပြန်လေ့မရှိ။ အိမ်နှင့်ပို၍နီးသော ကျောက်ရေတွင်းလမ်းဆုံကိုသာ ခိုင် အသုံးပြုပေသည်။ ပြီးတော့လည်း အပြန်လက်မှတ် ဝယ်မထားသောကြောင့် လီယိုမမှီမှာ သူ ကြောင့်ကြစရာ မလိုပါ။

သူ သယ်ယူလာသော အစိမ်းထည်တွေက ဈေးမကိုက်သေး။ တစ်ရက် စောင့်ရဦးမှာပါ။

ဟော.. ခိုင် လာနေပါပြီ။

သူ တွံတွေးတနင်နင် လည်ဆန့်ကာ ဒတ်ဆန်းဆန်နီအဖြူလေးကို မျှော်ငေးမိ၏။

သူ့ရှေ့မှလူငယ်တစ်စု ပြန်ရန် နေရာမှထလိုက်ကြသောအခါ သူ အတန်ငယ် စိုးထင့်သွားမိသည်။

သူတို့ကွယ်နေလျှင် ခိုင့်မျက်နှာကလေးကို သူ မြင်တွေ့ရပ့ါမလား။

သူတို့ ထွက်ခွာသွားလျှင်ကော ခိုင် လှည့်အကြည့်နှင့်ဆုံကာ ခိုင်ကများ သူ့ကို မတော်တဆ လှမ်းတွေ့သွားလေမလား။

ဒါတွေဟာ သူ၏ ပူပန်စိုးရိမ်မှုတွေမျှသာ ဖြစ်သည်။

ကားလမ်းမနှင့် လက်ဖက်ရည်ဆိုင်သည် သဲသဲကွဲကွဲကြီး မြင်သာတွေ့သာလောက်အောင် မနီးပါ။ ပြီးတော့လည်း လက်ျာဘက်သို့ ကွေ့ချိုးမည့် ခိုင်သည် ဆိုင်၏လက်ဝဲဘက် အနောက်စွန်းမှာ နေရာယူထားသော သူ့ကို မမြင်တွေ့နိုင်ပါ။ သူကသာ ဆိုင်ပြတင်းမှ မြင်ကွင်းကောင်းကောင်း ရရှိထားခဲ့တာပါ။

ခိုင်သည် မပြောင်းမလဲ မျက်နှာပြောင်တင်းနှင့် ဆံပင်တိုကို လည်ပင်းစုသိမ်း ချည်နှောင်ထားသည်။ ခိုင့်နားပန်ကလေးက ခိုင် လည်ပင်းစောင်းငဲ့စဉ် ဖျတ်ခနဲ နေရောင်နှင့်ထိတွေ့ပြီး လက်ခနဲ ဖြစ်သွားသေး၏။ ခိုင့်အကျီသည် အပြာရောင်အိအိ လက်ရှည်ကလေး ဖြစ်ကြောင်း သူ မှန်းဆနိုင်လေသည်။

မထင်မှတ်ဘဲ ဆိုင်အလွန်ကလေးမှာ ခိုင် ကားရပ်လိုက်တော့ သူ ထိပ်ထိပ်ပျာပျာ ထပြေးရတော့မလို တုန်လှုပ်သွားရသည်။

ယောင်ယမ်းပြီး သူ့ရုပ်အင်္ကျီအိတ်ကပ်ထဲမှ ယောက်ျားကိုင် သားရေအိတ်ပြား အမည်းကလေးကို လက်နှင့် စမ်းသပ်မိသည်။

အတွင်းအိတ်ထဲတွင် သူ့မှတ်ပုံတင် ရှိသည်။ ပြီးတော့ စာအိတ်ဖြူတစ်အိတ်ကို သပ်သပ်ရပ်ရပ် အိတ်ထဲ ထည့်ထားသည်။ စာအိတ်ပေါ်တွင် ဒေါက်တာနုနုခိုင်၊ ကူးစက်ဆေးရုံ၊ ဂေဘာဂီမြို့သစ် ဟု သူ လိပ်မူထား လေသည်။ ၁၉၉၄ ခုနှစ် ရက်စွဲပါ ခါတ်ခွဲခန်း အဖြေစာရွက်ခေါက်ကလေး။

အကယ်၍များ သူ သွေးထွက်သံယို သတိကင်းလွတ်မေ့မျောနေသော ထိခိုက်ဒဏ်ရာ ကျရောက်နေခဲ့လျှင် သူ့ဘဂ၊ သူ့အခြေအနေကို မြင်တွေ့ပြုစုသူ လူတကာ သိရှိပြီး ကူးစက်ခြင်းမှ ရှောင်ရှားကာကွယ်စေနိုင်ဖို့ ဖြစ်သည်။

ပြီးတော့လည်း သူ တိမ်းပါးသွားခဲ့လျှင် သူ ရှောင်ရှားထွက်ပြေးခဲ့သည်မှာ ခိုင် သံသယရှိနေနိုင်သည့်အတိုင်း သူ့သွေးတွင် အိပ်ချ်အိုင်ဗွီ ရှိနေသောကြောင့် ဖြစ်ကြောင်း ခိုင် သိရစ်စေချင်လေသည်။

မောင်ဟာ အိပ်ချ်အိုင်ဗွီရှိသူရဲ့ အသက်ရှင်နေထိုင်သင့်တဲ့ဘဂအတိုင်း အစစ နာယူလျှက်ပါ ခိုင်။

ခိုင့်ကို ရင်မဆိုင်ပံ့တာ

ခိုင့်ကို ရင်မဆိုင်ရက်တာ

အဲဒါတစ်ခုပဲ။

ခိုင် ခွင့်လွှတ်တယ်မဟုတ်လား ခိုင်။

ခိုင် ကားကို စက်သတ်လိုက်တော့မလား။ ခိုင် ကားပေါ်မှ ဆင်းလာတော့မလား။

ကြာမြင့်လွန်းသလို သူ ထင်နေခဲ့သော်လည်း အမှန်တော့ ရှေ့ကားနှင့်လွတ်အောင် ခိုင် အရှိန်လျှော့ရင်း စက်ရပ်သွားခဲ့တာပါ။

ချက်ချင်းလိုလို ခိုင်က ကလပ်နင်းပြီး စက်ပြန်နှိုးလိုက်သည်နှင့် ကားက ရှေ့ပြန်တိုး ထွက်ခွာစပြုတော့သည်။

ဇင်ယော်သည် သူ့ကြောင့်ကြမှုကို သူ ပြောင်လှောင်သလို သဲ့သဲ့ပြုံးမိရင်းမှ သူ့ပိုက်ဆံအိတ်အပါးကလေးကို အိတ်မှထုတ်ယူကာ ဆိုင်ထဲမှ စားပွဲထိုးကလေးငယ်ကို လေချွန်အသံပြုလိုက်လေသည်။

"လန်ဒန်တစ်ဗူးလည်း ပေးကွာ၊ ဟုတ်လား"

ငါးရာတန်ကို ပေးလိုက်ပြီးနောက် သူသည် အတော်အလှမ်းဝေးသွားသည့်တိုင် မြင်လိုက်ရသေးသော ခိုင့် ကားကလေးကို ညာဘက်စောင်းငဲ့ လိုက်ကြည့်နေသည်။

ခိုင် ခွင့်လွှတ်တယ် မဟုတ်လား ခိုင်။

* * * * * *

# ကိုယ်ပျောက်ချစ်သူ

၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သော ဂေဘာဂီကူးစက်ဆေးရုံသို့ ဒေါက်တာနနခိုင်တို့ တစ်စုလည်း ကန်တော်ကလေးမှ လိုက်လံရွှေ့ပြောင်းလာခဲ့ကြလေသည်။ နနခိုင်၏ ရှေ့နံရံတွင် ဂေဘာရီဆေးရုံ၏ တယ်လီဖုန်းနံပတ်တွေ ရေးမှတ်ထားသော စက္ကူဖြူကဒ်ပြားတစ်ချပ် ချိတ်ဆွဲထားသည်။ (၆၇၉၁၁၉၊ ၆၉၀၁၇၁၊ ၆၉၀၁၇၄)။ ကာလသားနှင့် အရေပြားရောဂါကုဌာနတွေသာ မူလနေရာမှာ ကျန်ခဲ့၏။ လေပြေလေညှင်း တသွေးသွေးနှင့် အေးချမ်းတိတ်ဆိတ်သော ပတ်ဝန်းကျင်သည် ကိစ္စများမြောင်သော ရန်ကုန်မြို့လယ်နှင့် အလှမ်းဝေးသွားလေ၏။

နနခိုင်သည် ကျေးဇူးတင်ပါသည် ကဒ်ပြားကလေးကို စာအိတ်ဖြူထဲထည့်ပြီး စားပွဲတင်ဖော့တုံးမှ ရေဆွတ်ယူကာ ကော်ကပ်ဖိပိတ်လိုက်လေသည်။

"ခဏလေးနော် မောင်မွန်းညီ၊ ကျွန်မ လိပ်စာရေးလိုက်ဦးမယ်"

"ရတယ်အမိုး၊ ရေးပါ။ ကျွန်တော် တစ်ခေါက်လှည့်လာပါ့မယ်"

"မလှည့်လာနဲ့ကွာ၊ တစ်ခါတည်းစောင့်ယူ။ မဟုတ်ရင် ဟိုမှာဒီမှာ အလုပ်များရင် ပြန်လှည့်လာဖို့ မင်းမေ့သွားမှာ"

မောင်မွန်းညီသည် ဟီးကနဲ တစ်ချက်ရယ်ကာ ခေါင်းကုတ်ဖွရင်း အခန်းဝမှာ ရပ်စောင့်နေသည်။

"ပြီးခဲ့တဲ့ စနေ၊တနင်္ဂနွေတုန်းက ဆရာ တောင်ငူတက်သွားသေးတယ်ဆို"

ဂလက်ဆိုဂဲလ်ကမ်းနဲ့ လိုက်သွားတာ။

တောင်ငူ အမ်အမ်အေက ဖိတ်လို့လေ။

"အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် ဟောပြောပို့ချတာ သွားနားထောင်တာပါ။ ဆွေးနွေးကြတာလည်း အရမ်းကောင်းတယ်။ ဆရာဝန်တွေ သိပ်စိတ်ဝင်စားကြတာပဲ။ ဖိတ်ခေါ်တဲ့အတွက် သိုင်းကယူးကဒ် ပို့မလို့လေ"

ထမိပြာဂတ် သူနာပြုဆရာမ နီဘီသည် ကြည့်ရှုပေးဦးမည့် အပြင်လူနာများ၏ စာအုပ်တွေကို စစ်ဆေးစီရီနေရာမှ နနခိုင်ထောင်ပြသော စာအိတ်ဖြူလေးကို လှည့်ကြည့်ခေါင်းညိတ်သည်။

"ဒီရောဂါသည်တွေအပေါ် စာနာခွင့်လွှတ်မှု အပြည့်အဝ မပေးအပ်ကြသေးတဲ့ တွေဝေခဲ့တုန်းအချိန် ကန်တော်ကလေးမှာတုန်းကတည်းက ဆရာဝင်ပြီး ကူညီလုပ်ကိုင်နေတော့လေ ဆရာ လုပ်နိုင်လှ နှစ်နှစ်ပေါ့ အောက်မေ့မိတာ။ အမှန်ပြောတာနော် ဆရာ၊ စိတ်မဆိုးနဲ့ဦး"

နနခိုင်က မောင်မွန်းညီအား စာအိတ်လှမ်းပေးလိုက်သည်။

"အစတော့ ကျွန်မလည်း အဲသလောက်ပဲ ရည်ရွယ်ခဲ့တာပါ ဆရာမရယ်"

"ခုတော့ သံယောဇဉ်တွေ ကြီးသထက်ကြီးပြီး ဂေဘာဂီအထိ လိုက်လာပြီပေ့ါနော်။ ဆရာကတော့ ကရုဏာရှင်ပါပဲ"

"ဆရာမတို့ဆီက ဓါတ်ကူးသွားပြီလေ" ဟု နနခိုင် ပြုံးရယ်နေသည်။

ဆရာမ နိဘီသည် အရင်ဦးဆုံး ရောက်နေ၊ စောင့်နေသော လူနာ၏စာအုပ်ကို နနခိုင်ရှေ့သို့ အသာအယာ တွန်းပို့ပေးသည်။

"အရင်တစ်ခေါက် ကောင်စဲလာများ အစည်းအဝေးတုန်းက ကျွန်မတင်ပြတဲ့ အမျိုးသားလေ။ အခု တော်တော် တည်ငြိမ်နေပါပြီ။ ခရိုက်စစ် (အရေးကြီး အခက်ကြုံသောကာလ) ကနေ ကျော်ဖြတ်ခဲ့ပြီလေ"

"ကောင်းလှပေ့ါ ဆရာမရယ်။ သူ ဒီနိုင်း (ငြင်းဆန်ခြင်း) လုပ်နေတာကို ဆရာမ ထပ်နှိုက်မနေတော့ဘဲ သူပြောသလို လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က သွေးသွင်းရာက ဖြစ်တယ်လို့ပဲ ကျွန်မတို့အားလုံးက လက်ခံထား လိုက်ကြတာ သူ အရမ်းသက်သာတာပေ့ါပါးသွားတယ်နော်"

"ကျွန်မတို့ကို ဒေါ်အေးမြလွင်က အောင်မြင်တယ်လို့ ချီးမွမ်းလိုက်တော့မှပဲ စိတ်ထဲ အေးသွားရတော့တယ်။ သူ့ရဲ့ ရစ်ဖက်တာ (အန္တရယ်နဲ့ထိတွေ့တဲ့ အပြုအမူ) ကိုသာ ကျွန်မ ဆက်အစ်နေ၊ ဖော်နေရင် ကျွန်မကို ယုံကြည် အားကိုးမှာ မဟုတ်တော့ဘဲ ပေးသွားမှာတဲ့။ သူ့ဂုဏ်သိက္ခာကို သူ ကာကွယ်ဖို့ ရှောင်သွားတော့မှာတဲ့"

အဲသည် ဂုဏ်သိက္ခာဆိုသောအရာသည် တန်ဖိုးထားတက်လျှင် အတော့်ကို အရေးပါ အာဏာသက်ရောက် နိုင်လှသည်။

ကိုယ့်ဂုဏ်သိက္ခာကို ကာကွယ်ဖို့။

ချစ်သူ့ဂုဏ်သိက္ခာကို ကာကွယ်ဖို့။

သမားတော်ကြီးက ဘန်ကောက်တွင် ကျင်းပနေသော အိပ်ချ်အိုင်ဗွီ အေ့ဒ်စ် နီးနှောဖလှယ်ပွဲသို့ သွားရောက် ပါဝင်လျှက်ရှိသည်။

အခြေအနေ မဆိုးရွားသော လူနာများကို နနခိုင်က ကြည့်ရှုထားပြီး လိုအပ်လျှင်တော့ သက်ဆိုင်ရာ အထူးကု ဆရာဝန်ကြီးများထံ အကျိုးအကြောင်း တင်ပြ ပင့်ဖိတ်ရတတ်သည်။

"နေ့ခင်း ရောင်းဒ်ဖို့ ကျွန်မ အပေါ်ထပ်တက်ပြီး ပြင်ဆင်ထားလိုက်မယ်နော် ဆရာ။ ဦးလူလေးကို ထားခဲ့မယ်"

"ဟုတ်ပါပြီ ဆရာမရယ်၊ ကိုညီနီးသာကိုသာ လွှတ်လိုက်တော့"

ကိုညီနီးသာကား အတန်ငယ် ပိန်ပါးသည်မှအပ တည်တည်ငြိမ်ငြိမ် ဖြစ်နေပါပြီ။ ဆေးရုံလာတက်စဉ် တုန်းကလိုလည်း အရေပြားဝေဒနာ ဆိုးဆိုးရွားရွား ရောင်ရမ်းကွာလန် မနေတော့။

သူ့နံဘေးတွင် လိုက်ပါလာသော ဇနီးဖြစ်သူသည်လည်း ဖြစ်ပျက်သမျှ ကံစီမံရာဟု လက်ခံထားပြီးလေဟန် သည် ပြင်ပလူနာဌာနသို့ ရောက်ရှိလာရသည်ကို တွန့်ဆုတ်စိုးနှောင့်နေဟန် မရှိတော့ပါ။

"ထိုင်ပါ ကိုညိန်းသာ။ ညီမလေးလည်း ထိုင်လေ။ ဟိုဘက်ခုံကလေး ဆွဲထိုင်၊ ဟုတ်ပြီ"

နုနုခိုင်သည် ဆေးရုံသို့ရောက်လာစဉ်က ကိုညိန်းသာ ခံစားနေရသော ဝေဒနာများနှင့် ကုသချက်များကို စာအုပ်လှန်လှော ကြည့်ရှုနေသည်။ ဝမ်းပျက်၊ ဝမ်းနာ၊ ပါးစပ်လည်ချောင်းနာ၊ အစာမျိုမရ၊ မှက္ခရုများ၊ အစာလမ်းကြောင်းလက္ခဏာများနှင့် အတော် ဆိုးဆိုးရွားရွား ဖြစ်ခဲ့သည်။

"ဝမ်းမှန်တယ်နော် ကိုညိန်းသာ"

"ဟုတ်ကဲ့ခင်ဗျ၊ တစ်ခါတစ်ရံ ပျော့ချင်တာကလွဲလို့ အရင်လို တရစပ် မဟုတ်ပါဘူး"

"အစာဝင်ရဲ့လား"

"ဟုတ်ကဲ့၊ အစာပျော့ပျော့ မပူစပ်တာဘဲ ဆရာ့ညီမက ကျွေးပါတယ်"

"လည်ချောင်း မနာတော့ဘူး မဟုတ်လား"

"သက်သာပါတယ် ဆရာ၊ တစ်ခါတစ်လေတော့ နာချင်တယ်။ ဟိုတုန်းကလိုတော့ မဆိုးပါဘူး ခင်ဗျ"

သူ့ကို ရိုးသားတည်ကြည်သော အရာရှိတစ်ဦးအဖြစ် မိန်းကလေးရှင်တွေက အထင်ကြီးအားကိုးစွာ ကြောင်းလမ်းလက်ထပ် ပေးစားခဲ့ကြသည်။ ယောက်ျားဘဝ အပျော်အပါး လိုက်စားဖူးသလား ဆိုသည့်အချက်ကို သူက လုံးလုံးလျားလျား ဆန့်ကျင်ပယ်ချသည်။ ထိုခေတ်အချိန်အခါက သွေးသွင်းကုသရာတွင် အိပ်ချ်အိုင်ဗွီ ပါမပါ စစ်ဆေးနိုင်ခြင်း မရှိသေးတာမို့ သူ တန်းတန်းစွဲ လက်ညှိုးထိုးသလို ယာဉ်တိုက်မှုဖြစ်ပြီး သွေးသွင်းတာကိုပဲ သူ့ အန္တရယ်ဆိုက်ရောက်နည်းအဖြစ် သတ်မှတ်ထားကြတော့သည်။ အိပ်ချ်အိုင်ဗွီပိုးပါသော သွေးသွင်းမိခြင်းဖြင့် ရောဂါကူးစက်နှုန်းကလည်း ကိုးဆယ်ရာနှုန်း ရှိနေတာမို့ အင်မတန်ခိုင်မာသော ထွက်ဆိုတင်ပြချက်ပင် ဖြစ်လေသည်။

သူ့ဇနီးနှင့် ကလေးနှစ်ယောက်ကို ယောက္ခမများက တာဝန်ယူ ကြည့်ရှုစောင့်ရှောက်မည်ဟု ကတိကဝတ် ပြုပြီးသည့်နောက် သူ လုံးဝစိတ်အေးသွားပုံ ရလေသည်။

"လိမ်းဆေးစားဆေး ရှိတာယူသွားနော်။ ဝယ်ရမှာတွေလည်း နှစ်ပတ်စာပေါ့။ ရက်ချိန်းကျ ပြန်လာကြနော်။ ရက်ချိန်းမတိုင်ခင် ဘာပဲဖြစ်ဖြစ် လာပြပေါ့။ ဟုတ်ပြီလား"

ပုံးပုံးလဲမနေသော အခါသမယတွင် အိပ်ချ်အိုင်ဗွီပိုးရှိနေသော ကိုညိန်းသာသည် ဇနီးဖြစ်သူနှင့် ဆက်ဆံရာတွင် ကွန်ဒုံးအသုံးပြုရန် သေချာကြပ်မတ် ပညာပေးထားပြီးပါပြီ။ ကွန်ဒုံးများပင် ပေးဝေထားပြီး ဖြစ်လေသည်။

ကိုညိန်းသာ၏ဇနီးသည် ခင်ပွန်းသည်၏ အင်္ကျီလက်ကို အသာဆွဲကာ ပြောလိုက်လေဟု တိုးတိုးဆို၏။

"သြော်.. ကျွန်တော့်ကို ဒီဆေးရုံလာဖြစ်အောင် တိုက်တွန်းဖျောင်းဖျတဲ့ မိတ်ဆွေအကြောင်း ပြောပြဖို့ ကျွန်တော့်ဇနီးက တိုက်တွန်းနေတာ"

စာအုပ်ကို ပြန်ပေးရင်း နုနုခိုင်က သူ့ဇနီးကို မေးငေါ့မေးမြန်းသည်။

"ကိုယ်ပိုင်အထူးကုဆေးရုံက သူ့ကို ရုတ်တရက် ဆင်းခွင့်ပြုလိုက်ပြီး ဒီဆေးရုံသွားဖို့ လွှဲလိုက်တော့လေ၊ သူ အရမ်းတုန်လှုပ်ထိခိုက်သွားတယ်။ ကူးစက်ဆေးရုံ သွားခိုင်းကတည်းက သူ့မှာ ကူးစက်ရောဂါ ရှိနေပြီဆိုတာ သူ မှန်းဆနိုင်သွားတာကိုး။ ဒီဆေးရုံ မသွားဘူး၊ အသေခံတော့မယ် ဆိုပြီး ကကအငှားယာဉ်နဲ့ ဟိုဆေးရုံက ဆင်းအလာ လမ်းမှာ ငိုလိုက်တာ၊ ငိုလိုက်တာ ဆရာရယ်"

ပါးနပ်သိနားလည်သော လူတွေသည် ဆေးမစစ်မီ ကြိုတင်နှစ်သိမ့်ဆွေးနွေးမှု မရရှိထားသောအခါ ဤ အိပ်ချ်အိုင်ဗွီပိုးရှိသည်ဆိုသော ဒဏ်ချက်ကို မခံရပ်နိုင်အောင် နာကျင်ချောက်ချားသွားတတ်ကြလေသည်။

"အဲဒီမိတ်ဆွေကသာ သူ့ကို မဖျောင်းဖျဘူး၊ မနှစ်သိမ့် မရှင်းပြဘူးဆိုရင် သူဟာ အိမ်တောင် ပြန်တော့မှာ မဟုတ်ဘူး။ ကျွန်မလည်း ဘယ်လိုမှ မလုပ်တက်အောင်ဖြစ်ပြီး ရောငိုမိတော့တယ်"

သူ့ကို အားကိုးအထင်ကြီးသော ယောက္ခမများကို သူ ရင်မဆိုင်ပံ့လောက်အောင် သူ့ဂုဏ်သိက္ခာသည် လုံးလုံးလျားလျား ကျဆင်းသွားပြီဟု သူ ထင်မှတ်နေခဲ့သည်။

နောက်ဆုံးတော့ အိမ်လည်းမပြန်၊ ဆေးရုံလည်း မသွားဘူး တင်းခံနေသော ကိုညိန်းသာကြောင့် ယာဉ်မောင်းသူမှာ ဘာဆက်လုပ်ရမှန်းမသိအောင် အကြံအိုက်သွားခဲ့ရသည်ဟု ဇနီးဖြစ်သူက ရယ်ဟဟ ဇာတ်ကြောင်းပြန်စဉ် ကိုညိန်းသာကလည်း သူ၏ ကမူးရှူးထိုး ခေါင်းမာပေကပ်ပုံကို ပြန်တွေးနေဟန် ရှက်ပြုံးကြီး ပြုံးနေ၏။

တံခါးဝမှ ဦးလူလေး လာချောင်းသည်။ နနခိုင်က သိပါသည် အချက်ပြ ခေါင်းညိတ်ရ၏။ အပြင်မှာ လူနာတွေ စောင့်နေတာ အတော်များမည်ဟု နနခိုင် မှန်းဆနိုင်သည်။ သို့သော် ဆေးရုံနှင့် ဆရာဝန် ဆရာမတွေကို ခင်မင် အားထာစပြုနေသော လူနာကို အချိန်နည်းနည်းတော့ ပေးပါမှ။

"သူက ကျွန်မတို့လင်မယားကို အင်းစိန်ဘက် ခေါ်သွားတယ်။ ဂေါက်ကွင်းလမ်းကနေ တဖြည်းဖြည်း မောင်းလာရင်း ကိုညိန်းသာဟာ ဘာရောဂါရယ်လို့ အပ်ကျမတ်ကျ မသိသေးတာကြောင့် ရောဂါရတယ် ဆိုတာလည်း မသိရသေးပါဘဲနဲ့ ဒီအထိ စိတ်ကို လွှတ်မပေးဘဲ ထိန်းသိမ်းပါဦးလို့ ဖျောင်းဖျသွားတယ်"

"ကိုညိန်းသာရဲ့မိတ်ဆွေနဲ့ ဆုံမိလို့သာ တော်တော့တာပဲနော်။ ရင်းနှီးခဲ့တာ ကြာပြီလား"

လင်မယားနှစ်ယောက်စလုံး ပြုံးရယ်ကြသည်။

"နတ်သိကြားတွေ လွှတ်လိုက်တဲ့ မိတ်ဆွေပါဗျာ။ သုံးနေကျ အငှားယာဉ်အဖွဲ့ကိုပဲ လှမ်းမှာလိုက်တာပါ။ တာဝန်ရှိတဲ့ ယာဉ်မောင်းမှာ အရေးပေါ်ကိစ္စရှိနေလို့ အတူရှိနေတဲ့ မိတ်ဆွေက ဝင်မောင်းပေးတာတဲ့။ အဲဒီ တစ်ခါပဲ ဆုံတွေ့ရတာပါ။ သူဟာ ဒီရောဂါကို အတော် အကျွမ်းတဝင် နားလည်တတ်မြောက်ပြီး ဒီက ကောင်စယ်လာတွေလိုပဲ နှစ်သိမ့်အားပေးတတ်တယ်။ ကျွန်တော့်မှာ အိပ်ချ်အိုင်ဗွီ ရှိနေခဲ့ရင်တောင် ကျွန်တော် ပြောပြချက်တွေကို ထောက်ချင့်ရင် သွေးသွင်းရင်းရတဲ့ပိုး ဖြစ်မှာပါတဲ့။ ကျွန်တော့်မှာ ဘယ်လိုလုပ် အပြစ်ရှိနိုင် ပါ့မလဲတဲ့။ ကောင်စယ်လာတစ်ယောက်ဖြစ်မယ်လို့ ကျွန်တော်တို့လင်မယားက အဆိုပြုချင်နေတော့တာပါ ဆရာ"

နနခိုင် စိတ်မဝင်စားဘဲ မနေနိုင်တော့။ အငှားယာဉ်မောင်းသူတစ်ဦးက ဤမျှ နားလည်နှစ်သိမ့်နိုင်သည် ဆိုလျှင် ကျမ်းမာရေးအသိပညာပေးခြင်းဖြင့် ဤ အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် ကူးစက်ခြင်းမှ ကာကွယ်ရေးနှင့်

ထိန်းသိမ်းရေးအတွက် အားတက်လောက်ပေသည်။ အဲသလို လူထုထဲမှ ပါဝင်ဆောင်ရွက်နေသူ ဘယ်နှစ်ယောက် ရှိပါလိမ့်။

"ပထမအဆင့်အနေနဲ့ ကျွန်တော့်ကို ကျွန်တော့်ဇနီး နားလည်သွားတယ် ဆရာ။ ကျွန်တော် စိတ်သက်သာရာ ရသွားတယ်။ ပြီးတော့ အဲဒီမိတ်ဆွေလိုပဲ တခြားလူတွေဟာ ကျွန်တော့်ကို နားလည်စာနာကြမယ်လို့ ကျွန်တော် မျှော်လင့်တတ်လာတယ်"

ကိုညိန်းသာသည် နနခိုင်ကို လေးစားအားထားစွာ ကြည့်ပြီး ခိုင်မာပြတ်သားစွာ ပြောသည်။

"ဒီဆေးရုံက ဆရာဆရာမတွေဟာ ကျွန်တော့်ကို နားလည်စာနာကြမယ်ဆိုတာကို သူ့ အာမခံချက်တွေကြောင့် ကျွန်တော် လုံးဝ ယုံကြည်သွားခဲ့တယ်။ ဆေးရုံပို့ပါတော့လို့ ကျွန်တော်ပြောတော့မှ သူက ခရေပင်လမ်းခွဲဘက်က မောင်းထွက်၊ မင်္ဂလာဒုံဘက် ဖြတ်ထွက်လာပြီး ဝေဘာဂီ မောင်းခဲ့တော့တယ်"

နနခိုင်က နောက်လူနာ၏စာအုပ်ကို ဆွဲယူဖွင့်ကြည့်လေပြီ။ ကိုညိန်းသာတို့ကို နောက်တစ်ကြိမ်မှာ နောက်ကျကျလာဖို့ ပြောရမည်။ ဒါမှ လူနာတွေအားလုံး ကြည့်ပြီးသွားသည့်အခါ သူတို့ကို သည်ထက် အချိန်ပိုပေးနိုင်မည်။

သူ့ဇနီးက အလိုက်တသိ ထိုင်ရာမှထပြီး ကိုညိန်းသာကို လက်တွဲခေါ်ယူသည်။

"ကျွန်တော်တို့ကို တီဘီဆေးရုံဘက် မောင်းခေါ်သွားတော့ အဲဒီမှာမျိုး ဆရာဂန်နဲ့ ပြပေးမလို့လားလို့ အောက်မေ့မိသေးတယ်"

နနခိုင်က သူတို့နှင့်အတူ ရောနှောပြုံးရယ်လိုက်ရလေသည်။

အခန်းထဲမှ ထွက်ခွာသွားတော့မည့် မောင်နှံကို လိုက်ကြည့်ရင်း တစ်စုံတစ်ရာသည် သူမ၏အသိတရားကို နှိုးဆွသည်။

"ကိုညိန်းသာကို အဲဒီမိတ်ဆွေက တီဘီဆေးရုံ ခေါ်သွားတယ်လား။ အောင်ဆန်းတီဘီဆေးရုံလား" ဟု ဇဝေဇဝါ မေးမိသည်။

ကိုညိန်းသာ ခြေလှမ်းတန့်ကာ နောက်ပြန်လှည့်ကြည့်၏။

"ဆေးရုံခေါ်သွားတာတော့ မဟုတ်ပါဘူး။ အဲဒီနားမှာ ပန်းခြံရှိတယ်။ ဗိုလ်ချုပ်ကြေးရုပ်ရှေ့နားမှာ ကားရပ်ပြီး ကျွန်တော်တို့ စကားပြောကြတယ်"

နနခိုင် ရင်တဒိန်းဒိန်း လှိုက်ခုန်လာတော့သည်။

သူမှသူ၊ ဘယ်မှာလွဲပါ့မလဲ။

"သူ.. သူ့နာမည် သိလိုက်ရသေးသလား"

"မေးပါတယ်။ ပြုံးနေတယ်။ အဖြေမပေးဘူး။ သူက ညှို့သည်ပါတဲ့"

"နဂိုယာဉ်မောင်းနဲ့တော့ ကိုညိန်းသာက သိတယ်မဟုတ်လားဟင်"

"ပျံလွှားအမြန်ယာဉ် အဖွဲ့အစည်း ဖုန်းနံပတ်သာ သိနေတာ ခင်ဗျ။ ကားလိုရင် ဖုန်းဆက်လိုက်တာပဲ ဆိုတော့ သီးခြားတစ်ယောက်မှ မသိဘူး"

"အဲဒီမိတ်ဆွေနဲ့ ထပ်တွေ့သေးသလား ကိုညိန်းသာ"

"ကားထပ်ငှားစီးနေပေမယ့် သူ မောင်းမလာတော့ဘူးခင်ဗျ"

ဒီဆေးရုံကို သူ ရောက်လာခဲ့သော်လည်း နောက်တစ်ကြိမ်တော့ သူ ဘယ်ထပ်လာပါတော့မလဲ။ ကိုညိန်းသာနဲ့လည်း နောက်တစ်ကြိမ် သူ ဘယ်အတွေ့ခံပါတော့မလဲ"

နနခိုင်သည် ဖြူဖတ်ဖြူလျော် အေးစက်တုန်ယင်ပြီး ကျန်ရစ်သည်။

"မော်မော်ကို လွှတ်လိုက်မယ်နော် ဆရာ"

တံခါးဝသို့ ဦးလူလေးရောက်ရှိလာပြီး မေးခွန်းထုတ်နေသည်။ တကယ်တော့ ကိုညိန်းသာတို့ အပြင်မရောက်မီလောက်ကတည်းက နနခိုင်က နောက်လူနာကို လှမ်းခေါ်နှင့်ရမှာ။ နနခိုင် အခြေပျက်တာပါ။

"အဘ.. ခုနကထွက်သွားတဲ့ ကိုညိန်းသာကို တစ်ခွန်းမေးပေးပါ။ သူ့မိတ်ဆွေ ကျန်းကျန်းမာမာ သန်သန်မြန်မြန်ပဲလားလို့။ အဲဒါပဲ မေးခဲ့နော်။ မော်မော်လည်း လွှတ်လိုက်နော်"

ဦးလူလေးသည် နနခိုင် မျက်နှာမသာယာသည်ကို ခါတိုင်းလိုပဲ လူနာအတွက် စိတ်မကောင်းစရာ တွေ့ကြုံကြားသိသောကြောင့် ဖြစ်မည် အောက်မေ့မိသည်။

သူက ကိုညိန်းသာနောက် ခပ်သုတ်သုတ် လိုက်သွားလေ၏။

သူ ပြန်လာသောအခါ နနခိုင်အတွက် မင်္ဂလာရှိသောစကား ပါလာလေသည်။

"ကျမ်းကျမ်းမာမာ လူလတ်ပိုင်း လူရည်သန့်တစ်ယောက်ပါပဲတဲ့ ဆရာ။ တခြားဘာမေးရဦးမလဲ။ သိချင်တာရှိသေးရင် ပြောဦး ဆရာ။ သူမပြန်ခင် ကျွန်တော် သွားမေးပေးပါ့မယ်"

နနခိုင်က နေပါစေတော့ အသာလက်ကာပြပြီး လူနာဘက် အာရုံစူးစိုက်ရတော့သည်။

နနခိုင်ရှေ့တွင် အရိုးပေါ်အရေတင် အသားညစ်ထပ်ထပ် မိန်းမငယ်တစ်ဦး ချည့်ချည့်နဲ့နဲ့ ထိုင်နေသည်။ သူမနံဘေးမှ အဒေါ်ကြီးက ဖေးမထိန်းသိမ်းပေးနေရလေသည်။ မိန်းမသားအမိနှစ်ယောက်လုံး ငါးထောင်ကျော်ပေးရသည် ပြောကြသော ပါတိတ်ထက်အောက် ဆင်တူ ဂတ်စားဆင်ယင်ထားကြသည်။ ထို အဖိုးတန်ပါတိတ်သည် အမျိုးသမီးငယ်၏ ကျမ်းမာရေးအခြေအနေ ဆိုးရွားပုံကို မဖုံးကွယ်နိုင်သလို အဒေါ်ကြီး၏ ပူပန်သောကတွေ ထင်ဟပ်သော မျက်နှာထားကိုလည်း ပိုပြီး ကြည့်ပျော်လာအောင် မစွမ်းဆောင်နိုင်ခဲ့။

သည်လူနာကျပြန်တော့ အဖြစ်တစ်မျိုး ဆိုးရွားပြန်သည်။ အထက်မြန်မာပြည် ကျေးလက်မှာ မျိုးရိုးစဉ်ဆက် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းခဲ့ကာ တဝမ်းတခါးလုပခဲ့ကြသော မြေရှင်ယာရှင်များ ဖြစ်သည်။

ခေတ်အပြောင်းအလဲတွေနှင့် စီးပွားရေးအမြင်ကျယ်လာသော မော်မော့်ခင်ပွန်းသည် မြန်မာပြည်ထက်အောက် ခေါက်တုံ့ကူးသန်းကာ ရောင်းဝယ်ဖောက်ကားခဲ့တော့သည်။ နယ်စပ်ကြိုကြားလည်း နှံ့စပ်ကာနှင့်။

မော်မော်သည် ပြည့်ပြည့်စုံစုံ ဝဝလင်လင် စားသောက်ကာ လေကောင်းလေသန့် ဝဝရှူရှိုက်နိုင်သော အိမ်ကြီးရခိုင်တွင် နေထိုင်လျက်သားနှင့် နှစ်လသုံးလအတွင်း ဖျားနာချောင်းဆိုးကာ ယူပစ်သလို ပိန်ကျသွားခဲ့သည်။ မြို့တက် ဆေးကုသခံရာမှ မြို့နယ်ဆရာဝန်က မော်မော့်ကို ဤကူးစက်ဆေးရုံသို့ စေလွှတ်ခဲ့လေသည်။

ရပ်ရွာသည် မော်မော့်ထံမှ ကူးစက်မှာစိုးပြီး ဖဲကြဉ်လေသည်။ သို့သော်လည်း သည်ရောဂါသည် မော်မော့်အား သူမ၏ခင်ပွန်းထံမှ ကူးစက်ရောက်ရှိလာခဲ့သည်ဟု အကြမ်းဖျဉ်း နားလည်နေကြသည်။

နုနုခိုင်သည် လွန်ခဲ့သော လေးငါးခြောက်နှစ်တုန်းက မအေးပုံတို့၊ မဂေတို့ အသွင်ပြောင်းပြီး တစ်ကျော့ပြန်ရောက်လာကြသလို ရင်နင့်ခံစားနေရသည်။ အန္တရာယ်နည်းပါးသော အုပ်စုမှ အိမ့်ရှင်မတစ်ဦး။ ဗိုင်းကောင်းကျောက်ဖီ အိမ်ရှင်မရယ်လေ။

ခင်ပွန်းကို ကာကွယ်သော မအေးပုံ။

ခင်ပွန်းကို ခွင့်လွှတ်သော မဂေနှင့် အပြစ်မဲ့ သမီးကလေး။

ယခု မိခင်မှ သန္ဓေသားသို့ ကူးစက်နှုန်းကို ၂၀-၄၀% မှ ၈% အထိ လျှော့ချနိုင်စေသော ဆေးနည်းတွေ့ရှိလာသော်လည်း မဂေတို့သားအမိ မမှီလိုက်ကြရှာပါ။ သူတို့ မရှိရှာကြတော့ပါ။ ကွယ်လွန်သွားသည်မှာ သုံးလေးနှစ် ကြာခဲ့ပါပြီ။

ယခုတစ်ဖန် ခင်ပွန်းကို နာကြည်းကျိန်ဆိုသော မော်မော်။

ဩော်.. ဗိုင်းကောင်းကျောက်ဖီ အိမ်ရှင်မတွေခမျာ နေရာအနှံ့ လှည့်ပတ်နံ့စပ်ပြီးမှ အိမ်ပြန်လာ စတည်းချတတ်သည့် မောင်မင်းကြီးသားတို့ကြောင့် အိပ်ချ်အိုင်ဗွီပိုး ရမှန်းမသိရကာ ရောဂါလက္ခဏာတွေ ဖိစီးကာမှ အေအိုင်ဒီအက်စ် အမည်တပ်ခံရလေပြီ။

မိခင်တွေ၊ ကလေးတွေ ကူးစက်ခံရခြင်းမှ ကာကွယ်တားဆီးရေးတွေကို ထဲထဲဝင်ဝင် ထိထိရောက်ရောက် နားလည်လိုက်နာသည်အထိ ပညာပေးကြမှသာ ကာကွယ်နိုင်မည်။ ကူးစက်မှုနှုန်း တန့်သွားလျော့ကျသွားအောင် တားဆီးနိုင်အောင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများတို့ကလည်း ပိုင်းဝန်းအားစိုက် ကြိုးပမ်းနေကြသည်ပင်။

ညကပဲ AIDS UPDATE 1999 ဆေးကျမ်းတစ်အုပ်ကို လှန်လှောဖတ်ရှုနေသေးသည်။ တစ်ကမ္ဘာလုံး ခြုံငုံလိုက်လျှင် ၁၉၉၉ ခုနှစ်မှာ အိပ်ချ်အိုင်ဗွီရှိသော အမျိုးသမီးဦးရေ ပမာဏကို နှစ်ဆယ့်သုံးဒသမငါးသန်းခန့်မှန်းသည်ဟု ဆိုသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ ထုံးစံအတိုင်း အာဖရိကက ပထမထိပ်ဆုံးမှ နေရာယူနေကာ အရှေ့တောင်အာရှထက် နှစ်ဆခွဲလောက် သာနေသည်။

ကျမ်းမာရေးပညာပေးသည် ဆိုရာ၌ သိနားလည်သူတွေက မြက်ပင်အမြစ်ဖျားသို့တိုင် ကိုယ်တိုင်ကွင်းဆင်းကြရမည်။

ဗိုင်းကောင်းကျောက်ဖီ အိမ်ရှင်မတွေ ကူးစက်ခံရသည်မှာ လင်ယောကျ်ားထံမှ ပိုးလက်ခံရရှိကြောင်း ယုံမှားစရာ မရှိ။

မိန်းမတို့၏ လိင်သဘာဝ ခန္ဓာတည်ဆောက်မှုကိုက လက်ခံသိုမီးရသောကြောင့်လည်းကောင်း၊ ပါးလွှာနူးညံ့သော မြူကိုစာ အရေပြားသည် ယောက်ျားနှင့်ဆက်ဆံရာတွင် ထိရှကွဲပြဲစရာ နေရာအတိုင်းအတာ ကျယ်ဝန်းများပြားသောကြောင့် လည်းကောင်း၊ ရောဂါပိုးပါလာလျှင် တိုးဝင်ပျံ့နှံ့သွားစရာ အခြေအနေ များပြားလှသည်။

ဒါကြောင့်လည်း အိပ်ချ်အိုင်ဗွီရှိနေသော ယောက်ျားထံမှ မိန်းမတွေသို့ လိင်ဆက်ဆံခြင်းဖြင့် ကူးစက်ရန်လွယ်ကူသည်။ အိပ်ချ်အိုင်ဗွီရှိသော မိန်းမထံမှ ယောက်ျားက အိပ်ချ်အိုင်ဗွီကူးစက်ရန် အခွင့်အလမ်းက ပို၍နည်းပါးပြန်လေ၏။ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံထားရပြီးလျှင်တော့ မိန်းမယောက်ျားမဟူ ကိုယ်ခံအားကောင်းသူတွေ အဖို့ ရောဂါလက္ခဏာ ပေါ်ပေါက်လာဖို့ နှေးကွေးမည်၊ ကြာမြင့်မည်သာ။

သည်နေရာမှာ တစ်ခါ လူတစ်ကိုယ် စိတ်တစ်မျိုး စရိုက်ကွာဟပြန်သည်။

မအေးပုံ၏ယောက်ျား၊ မဝေ၏ယောက်ျားတို့က ဆိုးပြစ်တွေ ခံယူရရှာသော ဇနီးမယားအပေါ် အားနာလေးစားတတ်သော်လည်း မော်မော့်ယောက်ျားကတော့ ရပ်ရွာမှပင် စွန့်ခွာထွက်သွားခဲ့သည်။

"သူ့ကို သွေးစစ်ဖို့ မြို့နယ်ဆရာဝန်က တိုက်တွန်းတာကို သူ လုံးဝ လက်မခံဘူး ဆရာ။ သူ့ဆီက ကူးစက်တာ မဖြစ်နိုင်ဘူးတဲ့။ အခု ရောဂါပိုးတွေ တစ်ရွာတစ်ကျီဆောက်ပြီး နေမှာပေါ့" ဟု မော်မော်က နာနာကြည်းကြည်း ပြောပြခဲ့သည်။

မော်မော်ကား အိပ်ချ်အိုင်ဗွီပိုး ကူးစက်နိုင်သော နည်းလမ်းတွေကို နားလည်နေပါပြီ။

မော်မော့်ထံမှ ရောဂါပိုး ဖြန့်ဝေပျံ့နှံ့မှာ မပူပင်ရပါ။ မော်မော်က သားမမွေးပါ။ သွေးမလှူပါ။ သူမရောဂါကို သိသော ဆရာဝန်ညွှန်ကြားချက် မပါပဲ ဆေးမထိုးပါ။ ခင်ပွန်းသည် စွန့်ပစ်သွားသည့်နောက် အသစ်တစ်ယောက်နှင့် လိင်မှုဆက်ဆံရေးဆိုတာလည်း သူမ မစဉ်းစားတော့ရုံမက သူမ၏ ကျန်းမာရေးအခြေအနေသည်လည်း လိင်မှုကိစ္စကို စိတ်ဝင်စားနိုင်စွမ်း မရှိတော့ပါ။

မော်မော့်မိခင်သည် သူ့သမီးကျန်းမာရေးအတွက် ရှိသမျှစည်းစိမ် ပြုတ်ပါစေ၊ မမှုတမ်း စိတ်အားထက်သန်သည်။ လစဉ် သိန်းခိုက်မည့် သက်တမ်းဆွဲဆန့်ဆေး AZT တွေကို တစ်သက်လုံး သောက်သုံးရစေချင်သည်။

ကုသရင်း၊ ဆွေးနွေးရင်း၊ နှစ်သိမ့်ရင်း သိထားပြီးသည်မှာ ရှိသမျှ ထုခွဲပြီး ထိုဆေးကို နှစ်နှစ်လောက်သာ ဆက်တိုက် ဝယ်စားနိုင်လိမ့်မည်။ သူတို့၏ လစဉ်ပုံမှန်ဝင်ငွေသည် သုံးလေးသောင်းပင် မပြည့်မှီချင်။ ပြီးတော့လည်း ဆေး၏အာနိသင်က ပိုးအကုန်အစင် မသတ်ပစ်နိုင်။ ပိုးပွားမှုကို ရပ်တန့်သွားစေနိုင်ရုံပဲ ရှိသည်။ ဆေးဖြတ်သည်နှင့် ပြန်လည် ပွားစည်းလာဦးတော့မှာ။

မော်မော့်မှာ တက္ကသိုလ်ပညာသင်နေသူနှင့် အထက်တန်းပညာသင်နေသူ သားသမီးတွေ၏ ရှေ့ရေးကို ကြည့်ရဦးမည်။ သည်ကြားထဲ ဆေးနှင့် တည့်၊ မတည့်၊ သင့်၊ မသင့် ပြဿနာကလည်း ရှိသေး၏။

အဆိုးဆုံးကတော့ မော်မော့် ကျန်းမာရေးအခြေအနေမှာ အတော့်ကို ချုံးချုံးကျနေပါပြီ။ AZT ဆေးသောက်လည်း ကြာရှည်ပြန်လည်ထူထောင်လာမှာ မဟုတ်တော့ပါ။ ဆေးရုံမှာပင် ဓါတ်ခွဲရရှိသော စီဒီဖိုးအရေအတွက်က နည်းပါးလှသည်။

မော်မော် လိုအပ်နေသည်က အိမ်မှာ ပြုစုစောင့်ရှောက်ရေးသာ ဖြစ်တော့သည်။

အာဟာရပြည့်စုံအောင် စားသောက်၊ လူ့ဒါန်းပေးကမ်း ကုသိုလ်ပြု၊ အခြေမပျက် အနေမပျက် သက်တောင့် သက်သာ ဘဝ၏ နောက်ဆုံးအချိန်တွေကို အေးအေးချမ်းချမ်း နေထိုင်ကုန်ဆုံးသွားဖို့သာ အာရုံစိုက် လုပ်ဆောင်သွားရတော့မှာပါ။

သမီး အသက်ရှင်သန်ရေးအတွက် ရုတ်တရက်တော့ မိခင်ကြီး သွေးပူနေသည်။ အေးအေးဆေးဆေး ဖျောင်းဖျဆွေးနွေးရင်း တစ်နှစ်နှစ်နှစ် အသက်ဆွဲဆန့်ဖို့ရာ မြေးတွေ၏ရှေ့ရေး ပျက်စီးသွားဖို့ လဲလှယ်ဖို့ မမျှတကြောင်း သူမ လက်ခံသွားမှာပါပဲ။

အဒေါ်က မော်မော့်ကို ပြန်ခေါ်သွားပြီး အိမ်မှာပဲ အားမွေးပါစေဦး။ ထူထောင်လာတဲ့အခါကျတော့မှ တစ်ခါ ပြန်ကြည့်ဖို့ ခေါ်ခဲ့ပါ။ ဒါမှမဟုတ် မြို့နယ်ဆရာဝန်ကမှတစ်ဆင့် ဆက်သွယ်ကုသစောင့်ရှောက်ကြတာပေါ့။

သားအမိ တောပြန်မသွားခင် မော်မော့်မိခင်ကြီးကို Home Care အိမ်မှာ ပြုစုစောင့်ရှောက် တက်အောင်လည်း ပြောပြရှင်းပြကြရဦးမည်။

တကယ်တော့ တည်းခိုခန်းစရိတ်တွေ၊ ကားခတွေ၊ ဆေးဖိုးတွေနှင့် အတော် အကုန်အကျ များနေပါပြီ။

ရှေ့အပတ် ချိန်းဆိုဆွေးနွေးပြီးလျှင်တော့ ကုသချက်ပေးပြီး ပြန်လွှတ်တော့မည်။

စာအုပ်တွေကို လှန်လှောကြည့်ပြန်ရင်း နနခိုင် သက်ပြင်းချမိသည်။

ယနေ့ အပြင်လူနာထဲမှာ စီးပွားရေးအခြေအနေ အကောင်းဆုံးဟာ မော်မော်ပါပဲ။

အဲသည် မော်မော်ပင်လျှင် AZT နှစ်ရှည်လများ သောက်နေဖို့ ခက်ခဲနေသည်။ မိသားစုအားလုံး နစ်နာပြီးမှ နှစ်အနည်းငယ် ဆွဲဆန့်အသက်ရှင်နိုင်မည့် အဖြစ်။

ရှေးတုန်းက တီဘီရောဂါ၊ နှလုံးရောဂါတို့ကို သူဌေးနာဟု ခေါ်ဝေါ်သမုတ်ကြသည်။

အခု အေအိုင်ဒီအက်စ်ကမှ ပိုလို့ဆိုး။ ပျောက်ကင်းအောင် ကုသနိုင်တာလည်း မဟုတ်။ အသက်ကလေး ဆွဲဆန့်ပေးဖို့ကိုပင် ကုန်ကျစရိတ် ကြီးမြင့်ပါပေ့။

ငွေကို ရေလိုသုံးစွဲနိုင်သူ လက်တစ်ဆုပ်သည်သာ ကုသခံယူနိုင်နေကြတာပါ။

အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ကို အံတုခုခံဖို့ အထိရောက်ဆုံးနည်းလမ်းကတော့ အကူးစက်မခံရအောင် ရှောင်ရှားရန် ကူးစက်နိုင်သော နည်းလမ်းတွေကို ပညာပေးလေ့လာလိုက်နာ စောင့်ထိန်းကြဖို့ပါပဲ။

"ကြွပါ ဦးဇင်း၊ ထိုင်ပါဘုရား"

မော်မော်တို့သားအမိ ထွက်ခွာသွားပြီးနောက် ဆက်လက်ကြည့်ရှုပေးရသူမှာ သင်္ကန်းဂတ်ဘုန်းတော်ကြီး တစ်ပါး ဖြစ်လေသည်။

ဦးဇင်းသည်လည်း အရင်ခြောက်လတုန်းက သည်ဆေးရုံမှာ ရက်မကူးတော့ဘူး ထင်ရလောက်အောင် အခြေအနေ ဆိုးရာမှ ပြန်ပြီး ဆယ်ယူထားနိုင်ခဲ့ကြလေသည်။ ထိုစဉ်က လူဂတ်ကြောင်နှင့် သာပါပဲ။ ဆေးရုံ

ဆင်းပြီးမှ မိဘမောင်နှမတွေက သက်နှီးစီးပေးထားတာပါ။ ကုသိုလ်ပါအောင် ဘဂကူးကောင်းအောင် ဘုရားတပည့်သား သံဃာဘဂက ကယ်ယူမည်ဟု သူတို့ ယုံကြည်နေသည်။ ဦးဇင်းတဖြစ်မလဲမီက သူသည် သည်ရောဂါကို အပျော်အပါးလိုက်စားရင်း ရခဲ့တာပါ။

မသန့်သောဆေးထိုးအပ်နှင့် ပိုက်ကို ဝေမျှသုံးစွဲခြင်းဖြင့် အိပ်ချ်အိုင်ဗွီပိုး ကူးစက်သောခေတ်သည် ကျန်ရစ် သလောက် ရှိနေခဲ့ပါပြီ။

ခုခေတ်မှာ တစ်ခါသုံးဆေးထိုးအပ်၊ ဆေးထိုးပိုက်တွေကိုသာ သတ်သတ်မှတ်မှတ် သုံးစွဲနေကြပါပြီ။

သွေးကိုလည်း စစ်ဆေးပြီးမှ သွင်းပေးနေပါပြီ။

အကူးအစက်များနေတာက လိင်ကိစ္စဆိုမှ လိင်ကိစ္စအဓိကပါပဲ။

ဦးဇင်း၏မယ်တော်သည် နယ်သို့ပြန်ပြီး ပစ်ထားခဲ့သော စီးပွားရေးလုပ်လန်းကို ပြန်ကြည့်ချင်ပါပြီ။

ဦးဇင်း၏ ကိုယ်ခံအား ကျဆင်းလာခိုက် စွဲကပ်ဂင်ရောက်နေခဲ့သော တီဘီဆေးကို နှစ်လစားသုံးပြီးပါပြီ။ နောက်လေးလစာ အနည်းဆုံးဆက်စားဖို့ ညွှန်ကြားထားသည်။ ကိုယ်အလေးချိန် တိုးလာပြီး CD4 အရေအတွက် လည်း တက်လာသောကြောင့် နနခိုင်တို့မှာ ဦးဇင်းအခြေအနေကို အားရနေကြသည်။

"ဆေးမှန်မှန်စားနော် ဦးဇင်း၊ ဆေးပတ်ကုန်ရင် ပြန်ကြွခဲ့ပေါ့။ ဒါမှမဟုတ် ရောဂါမှတ်တမ်းပြပြီး မြို့က ဆရာဂန်တွေနဲ့ ဆက်ကု"

နောက်တစ်ယောက်၊ ပြီးတော့ တစ်ခါ နောက်တစ်ယောက်။

အိပ်ချ်အိုင်ဗွီပိုးရှိသောလူနာမှ သွေးအားပမာဏ Hb စစ်ဆေးရန် သွေးဖေါက်ရင်း ကိုယ့်လက်ကို အပ်စိုက်မိသွားသော ဓါတ်ခွဲခန်းကျွမ်းကျင်သူတစ်ဦးကိုလည်း ကူးစက်နှုန်းလျှော့ချရန် ဆေးညွှန်းပေးရသေးသည်။

ထုံးစံအတိုင်းပင် အပြင်လူနာ ကြည့်ပြီးသောအခါ နေ့ခင်း တစ်နာရီခွဲသွားခဲ့ပြီ။

ဆရာမနိဘီက စပ်ဖြီးဖြီးနှင့် ဆာလို့ ကျိတ်နှင့်လိုက်ပြီ ဆရာရေဟု ဆိုသည်။

"ကျွန်မတို့ နှစ်နာရီခွဲလောက် အတွင်းလူနာ ကြည့်ကြရအောင်နော် ဆရာ။ ကျွန်မ လေးနာရီ ဈေးသွားချင်လို့" ဟု ပြောသည်။

နနခိုင်ကလည်း အတွင်းလူနာကြည့်ပြီးသည်နှင့် ပြန်ထွက်ရမည်။ လူနာနှင့် အေးဆေးလွတ်လပ်စွာ စကား စမြည် ပြောဆိုရင်း နှစ်သိမ့်ဆွေးနွေးနိုင်ဖို့ အခန်းကလေး ရနေပြီမို့ စားပွဲကုလားထိုင် ဂင်မှာရဦးမည်။ ပန်ကာနှင့် ရေခဲသေတ္တာကိုတော့ မော်မော်တို့သားအမိက လှူဒါန်းထားပြီးပါပြီ။

နနခိုင်၏ ပုခုံးသိုင်းအိတ်ထဲမှာ ကေ့ထံထည့်ဖို့စာအိတ်သည် သုံးလေးရက်ကြာ အောင်းနေခဲ့သည်။ ဒေါက်တာဖုန်းမြင့်ကေကား ယခု အင်္ဂလန်တွင် ဘွဲ့လွန်သင်တန်း တက်နေလေပြီ။ အရင်လိုပင် မပြောင်းမလဲ လွတ်လပ်မြဲ ပျော်ရွှင်မြဲပါပဲ။

ဆရာမနိဘီက နနခိုင်အတွက် ရေနွေးကြမ်းတစ်မတ်ခွက် လာချပေးသွားလေသည်။

နုနုခိုင် လက်ဆေးသည်။ လက်သုတ်သည်။

ခုမှပဲ ကိုညိန်းသာ၏ မိတ်ဆွေကို နုနုခိုင် တမ်းတနိုင်အားတော့သည်။

ဒါဆို မောင် အသက်ထင်ရှား ရှိနေသေးတာပေါ့နော်။ မောင်ဟာ ကျမ်းကျမ်းမာမာ ရှိနေတုန်းပဲတဲ့။ မောင့်အပြုအမူတွေအရ မောင်ဟာ အိပ်ချိအိုင်ဗွီစက်ဂိုင်းက မလွတ်မြောက်နိုင်ခဲ့တာ သေချာသလောက် ပဲရယ်။ ဒါပေမယ့် အဲဒီ ခုနှစ်ဆယ်ကနေ ရှစ်ဆယ်ရာနှုန်းနဲ့ ပါမသွားဘဲ မကူးစက်တဲ့ နှစ်ဆယ်သုံးဆယ်ရာနှုန်းထဲများ ပါနေရင်ကော။

နုနုခိုင်သည် အခန်းတံခါးကို သေချာဆွဲစေ့လိုက်သည်။ ပြီးတော့မှ တံခါးပေါက်ကို ကျောပေးပြီး ထိုင်လေသည်။

တစ်ယောက်ယောက် ဂင်လာလျှင် ဟန်မပျက်အောင် ထမင်းချိုင့်ကို တစ်ဆင့်ပြီးတစ်ဆင့် ဖြုတ်ပြီး စားပွဲပေါ် တင်နေသော်လည်း တကယ်တော့ နုနုခိုင် ရင်နင့်လှိုက်ဖို ငိုချင်နေလှပါပြီ။

ဒေါ်သန်းနှစ် ကွယ်လွန်သွားပြီးကတည်းက မောင့်သတင်း အစအန လိုက်ဖမ်းနိုင်ခွင့် ပြတ်တောက်ခဲ့သည်။ နောက်ဆုံး ကြားသိရသလောက်တော့ မောင်ဟာ ရန်ကုန်မှာ ရှိမနေတော့ပါ။

ခုဆို လေးနှစ်မက ငါးနှစ်ပင် ရှိခဲ့ရောပေါ့။ ငါးနှစ်ပင် ကျော်စွန်းခဲ့ပြီပဲနော်။

ဘာကြောင့်များ တစ်ခေါက်တစ်ဖန် မောင့်ကို ရန်ကုန်မှာ တစ်ယောက်ယောက်က တွေ့ခွင့်ရပြီး နုနုခိုင်ထံ သတင်းပေးပို့နိုင်ခဲ့ပြန်တာလဲ။

မောင်ဟာ နုနုခိုင်နှင့် ကင်းပြတ်လေအောင် ဆေးရုံဆေးခန်းတွေကို ရှောင်ရှားမည့်သူပါ။

အဲသည်နေ့မှာ ဘာကြောင့်များ ကိုညိန်းသာက ရန်ကုန်မြို့လယ် ကိုယ်ပိုင်အထူးကုဆေးရုံမှ ဆင်းခဲ့ရပြီး မောင်က ကူးစက်ဆေးရုံအရောက် သူ့ကို ပို့ဆောင်ပေးဖို့ အကြောင်းဖန်လာရပါသလဲ။

ကိုညိန်းသာ ရောက်လာချိန်မှာ ညနေ နေဂင်ရီတရော။ ဆရာဂန်တွေ မရှိကြသည့် အချိန်ပါ။ ဒါကြောင့်လည်း မောင်က နုနုခိုင်နှင့် မတွေ့လောက်ဘူးဟု စွန့်စားပြီး လူနာလာပို့သွားခဲ့တာပါ။

မောင်သည် သူ ဘယ်သူဆိုတာ ကိုညိန်းသာတို့ကို အသိမပေးခဲ့ပါ။

သူ့ကို ကျေးဇူးတင်လွန်းလှသော ကိုညိန်းသာတို့ ဇနီးမောင်နှံကြောင့်သာ သူတို့မိတ်ဆွေအကြောင်း နုနုခိုင် သိခွင့်ရခဲ့တာ။

ပြီးတော့ နုနုခိုင်သာ သိနားလည်နိုင်သည့် တီဘီဆေးရုံနားက ပန်းခြံအကြောင်းကို သူတို့ အမှတ်မထင် ပြောဖြစ်ခဲ့လို့ပါ။

ခုကော စက္ကူပန်းပင်တွေ ရှိနေတုန်းပဲလား မောင်။ ခိုင်ဖြင့် အဲဒီနေရာကို မရောက်တာ ငါးနှစ်တောင် ရှိခဲ့ပေါ့။ မောင် ရှောင်ပြေးသွားတဲ့နောက် မောင်များ စိတ်တွေ ယောင်မှားပြီး ရောက်နေမလားလို့ ခိုင် သွားကြည့်ခဲ့မိသေးတယ်။

မောင် ရန်ကုန်ပြန်ရောက်နေတာလား။ ခဏ လာလည်တာလား။ မောင် ဘယ်မှာ ရှောင်ပုန်းနေခဲ့သလဲ မောင်ရယ်။ မောင် ဒီလောကကြီးထဲမှာ အသက်ထင်ရှားရှိနေဖို့ ခိုင် အမြဲမျှော်လင့်ခဲ့တာပါ။ မောင် ကျမ်းကျမ်း မာမာ ရှိနေတယ် ကြားရတာ ခိုင် သိပ်ဝမ်းသာတာပဲ မောင်ရယ်။

တံခါးသံ ကျွီခနဲ ကြားလိုက်ပြီး ပြန်လည်ငြိမ်သက်သွားသည်။

တစ်ယောက်ယောက်သည် ခိုင့်အရိပ်အကဲကို ကြည့်ပြီး အသံမပြုဘဲ တိတ်တဆိတ် ပြန်ဆုတ်ထွက်ခွာသွားပုံ ရလေသည်။

ခိုင်ကတော့ လက်ထဲမှဖွန်းကို ထမင်းမှာ ထိုးစိုက်ကိုင်ထားလျက် ဟိုစဉ်ငယ်ဘဝသို့တိုင် ပြေးလွှားရှာဖွေနေသော စိတ်လိပ်ပြာနောက်သို့ နှောင်ကြိုးမဲ့ လိုက်ပါသွားနေခဲ့လေ၏။

* * * * * *

# ကွန်းခိုလှည့်ပါ

မျှော်လင့်မထားသော အချိန်တွေမှာ ခင်ဇော့်ဆဲလ်ဖုန်း မြည်လာကာ အစ်ကိုဖြစ်သူက စားသောက်ဆိုင်တစ်ခုမှာ တွေ့ဆုံဖို့ ချိန်းဆိုလေ့ရှိသည်။

ပြန်လည်တွေ့ဆုံရသည်ကိုမှ ခင်ဇော် ဂမ်းမြောက်မဆုံးမီ အစ်ကိုကြီးက နှုတ်ဆက်ထွက်ခွာသွားတတ်ပြန်တော့သည်။

ခင်ဇော်သည် ဦးမောင်အေးနှင့် အမေမွေးထားသော နမတွေကို ခင်ခင်တွယ်တွယ် မရှိလှသော်လည်း နစ်မနစ်ယောက် ပညာဖြစ်မြောက်ထွန်းကားရေးကို အထူးဂရုစိုက် အကုန်အကျခံသည်။

သူ့ကို အစ်ကိုမြေတောင်မြှောက်ပေးခဲ့ပြီးသည့်နောက် မိသားစုကို သူကတစ်လှည့် လိုလိုလားလား ပြန်လည်ကြည့်ရှုနေနိုင်ပါပြီ။

ခင်ဇော် အေဂျီတီအိုင်မှ ကျောင်းပြီးပြီးသည့်နောက် မကြာမတင်မှာပင် သင်္ဘောလိုက်သွားခဲ့သည်။ သင်္ဘောနှစ်ခေါက်ဆင်းပြီးမှ အိမ်ထောင်ပြုသည်။ သူ ငယ်ငယ်က ကြိုက်ဖူးတွဲဖူးသော မိန်းကလေးများကို လှည့်မကြည့်တော့ဘဲ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက်၏ တစ်ဦးတည်းသောသမီးကလေးကို ခမ်းခမ်းနားနား တင့်တင့်တယ်တယ် လက်ထပ်ယူလေသည်။

သူ သင်္ဘောမလိုက်တော့ဘဲ ငါးပုဇွန်လုပ်ငန်းတစ်ခုကို ယောက္ခမနှင့် ဖက်စပ်လုပ်ကိုင်ရင်း ခုတော့ဖြင့် ပရာဒိုစီးကာ ခြောက်မိုင်ခွဲမှာ အခြေချနေတော့သည်။ အမေ့မိခင် အဘိုးကို အိမ်ဦးခေါ်တင်ထားတာကလည်း သူ့သိတတ်မှုကို လေးစားလောက်ဖွယ်ပင်။

မာလာရီကတော့ ဒေါ်ခင်နွဲ့နှင့်အတူ နေထိုင်သည်။ ဦးမောင်အေးက လေဖြတ်ပြီး ကိုယ်တစ်ခြမ်း လေးနေ၏။ သူတို့အတွက် ခင်ဇော်ကပဲ လှိုင်သာယာမှာ တိုက်ခန်းဂယ်ပေးထားသည်။ သပ်သပ်ရပ်ရပ် နေထိုင်ရစေချင်သလို သူ့ဘဂမှလည်း ခပ်ခွာခွာ ခွဲထုတ်ထားလိုဟန် ရှိလေ၏။

အရင်လေးငါးလ တွေ့ရစဉ်တုန်းကနှင့် နှိုင်းယှဉ်လျှင် သည်တစ်ခါ အစ်ကို မဆိုစလောက် ပိန်ကျသွားသလားဟု ခင်ဇော် အကဲခတ်လေ့လာနေမိသည်။

အစ်ကိုကြည့်ရတာ ခရီးပန်းလာသလား မသိ၊ နွမ်းလျပန်းဟိုက် နေသလိုပဲဟု သူ ယူဆနေမိလေသည်။ ဇင်ယော်ကား သူ့အသက်အရွယ်ကို သိမထားလျှင် သုံးဆယ်ဂန်းကျင်သာ ထင်ရလောက်အောင် လူဟန်သေးသေးပျပ်ပျပ်ပင်။ အလုပ်ကြမ်းမရှိ၊ နေမလောင်တာကြောင့် အသားအရေ စိုစိုပြည်ပြည် ဖြူဖြူဂင်းဂင်း၊ ပျော့ပျောင်းညီမှောင်သော ဆံပင်ရိုင်းတွေက နဖူးပေါ် ခပ်ဝိုက်ဝိုက်ဂဲလျက် ကြည့်ကောင်းနေဆဲပင်။

ရန်ကုန်ဆင်းလာလျှင် သူ့တည်းခိုရာနေရာသည် အများအားဖြင့် ရန်ကုန်မြို့လည်မှ တည်းခိုခန်းတစ်ခုခုဖြစ်နေလေ့ရှိသည်။ သူ့အဆက်အသွယ်နှင့်သူ ကားအရောင်းကားဂယ်လုပ်၊ တစ်ခါ မန္တလေးပြန်တက်သွား။ အလုပ်ပြီးသည်နှင့် ဇင်ယော် ရန်ကုန်မှ ပျောက်သွားစမြဲ။

အမှန်တော့ ဇင်ယော်သည် မိသားစုနှင့် လူရောစိတ်ပါ ကင်းကွာနေခဲ့ပြီ။ ခင်ဇော် တာဝန်ယူနိုင်လာလေ ဇင်ယော် စိတ်ချလက်ချ ဝေးလံသွားလေ။

ဇင်ယော့်လက်ကြားရှိ လန်ဒန်စီးကရက်မှပြာတောင့် ကြွေကျတော့မလို ရှည်လျားလျနေပြီမို့ ခင်ဇော်က ဆေးလိပ်ပြာခွက် ရှေ့တိုးပေးလိုက်သည်။

သူ့အစ်ကို ဘာတွေ စဉ်းစားနေပါလိမ့်ဟု ခင်ဇော် မချင့်မရဲ မှန်းဆကြည့်နေမိပြန်လေသည်။

အထက်အောက် ညီအစ်ကိုချင်းဖြစ်သော်လည်း အသက်အရွယ် ကွာဟသလို တစ်ဖအေစီလည်း ဖြစ်ကြပြန်တာကြောင့်လား မသိ။ ရုပ်ရည်၊ စိတ်သဘော အစစ ကွာဟသည်။

အစ်ကိုက တွေဝေအားနည်းသလောက် ခင်ဇော်က လက်တွေ့သမား။ ခင်ဇော်မှာ ဇင်ယော့်ထက်ပင် ရင့်ရော်သလို ရှိနေသည်။ ဖခင်ဖက်နွယ်ပြီး ထိပ်ပြောင်သလို ဖခင်လို ယမကာ နစ်နစ်မြိုက်မြိုက် မှီဝဲရင်း ဗိုက်အတော် စူရွဲနေလေပြီ။

တကယ်တော့ အစ်ကိုရောက်နေသည် ဖုန်းလှမ်းဆက်သဖြင့် သူ့အလုပ်ကိုဖျက်ပြီး ကမန်းကတန်း ထွက်လာကာ ရွှေရှမ်းကန်မှာ ဆုံတွေ့ရသည်။ ဘယ်နေ့ကရောက်သည်ဟု အစ်ကိုက မပြော။ သူကလည်း မမေးခဲ့ပါ။ လိုအပ်သမျှကိုသာ ချင့်ချိန်မေးပြောနေကျ ဖြစ်တာ ကြာလှရှိပြီပေါ့။

အသက်ကွာသော အစ်ကိုဖြစ်သူကို ခင်ဇော် ငယ်ကတည်းက ရှိန်သည်။ တစ်ဖက်ကလည်း အငယ်တွေအပေါ် ကြင်နာငဲ့ကွက်မြဲ အစ်ကိုကြီးကို သူ လေးစားချစ်ခင်ခဲ့လေသည်။

မျက်နှာများသော အမေ့ကို သူ ပြုံပြင်စိတ်ကွက်ချင်ခဲ့စေကာမူ မင်းအမေဟာ အသိဉာဏ်အနည်းသားကွဲ့ မြေးရယ်၊ သနားစရာပါ ဆိုသော အဘိုး၏ဆန္ဒအရ သူလည်း ချစ်ခင်သနားနေခဲ့ရသည်။

ဒါနဲ့ပဲ တစ်နွယ်ငင်တစ်စင်ပါ ဦးမောင်အေးပင် မကျန်စေရအောင် သူက ထောက်ပံ့ကြည့်ရှုနေရသည်။

"ကောင်မလေးတွေ စာမေးပွဲအောင်ကြရဲ့လား ညီ"

"အောင်တယ် အစ်ကို၊ အငယ်မက ဘွဲ့ရပြီးမှ ကွန်ပျူတာဆက်သင်မလို့တဲ့။ ကျွန်တော် ကိုးဆယ့်ရှစ်မိုဒယ် တစ်လုံး ကြည့်ထားတယ်။ အိုင်ဘီအမ်ပဲ ကောင်းမှာပါ။ သူက စာရင်းအင်းတွက်ချက်မယ့်သူကိုး"

ခင်ဇော်က ပြည်ကြီးငါးသုတ်နှင့် ကြက်ကြွပ်ကြော်မြည်းရင်း ဘီယာမြုံ့နေစဉ် ဇင်ယော်ကား မြေပဲဆန်ဂါးလိုက်၊ အာလူးကြော် မြည်းလိုက်နှင့် တို့ကနန်းဆိတ်ကနန်း စိတ်မပါလက်မပါ နှုတ်ဆိတ်နေသည်။ အရက်မပြောနှင့် ဘီယာပင် သူ မသောက်သုံးတာ ကြာပြီမှန်း ခင်ဇော် သတိထားနေမိ၏။

ခင်ဇော် ပြောချင်လှသော စကားတစ်ခွန်းသည် ပါးစပ်မှ မထွက်ပဲ့တိုင်း လည်ပင်းထဲတွင် တိုးဖွေ့ယောက်ယက်ခတ်နေသည်။

သမားတော်ကြီး ဦးလှိုင်မြင့်၏လက်အောက်တွင် ခင်ဇော့်ဖခင် ဦးကျင်ပုက် အလုပ်လုပ်နေစဉ်တုန်းက ခင်ဇော် သိပ်ငယ်သေးသည်။ သို့တစေ သမားတော်ကြီး၏သမီး နုနုခိုင်ကို သူ ချစ်ခင်ခဲ့၏။ နုနုခိုင်က ချိုချဉ်တွေ၊

ဘီစကစ်တွေ ကမ်းပေးလျှင် ရှက်အမ်းအမ်းနှင့် ဂမ်းပန်းသသာ ဆတ်ခနဲယူပြီး အမေ့နောက်မှာ ပြေးပုန်းကွယ်နေရတတ်တာကို သူ ကောင်းကောင်းမှတ်မိသည်။

အစ်ကိုကြီးနှင့် အစ်မခိုင် ချစ်သူရည်းစား ဖြစ်နေကြသည်ဟု သူငယ်ချင်းတွေကရော၊ ကြီးဒေါ်အေးနှစ်ကပါ ပြောပြစဉ်က သူ့လောက် ဂမ်းသာသူ ရှိမည် မထင်။

အစ်ကိုကြီး အရာရှိဖြစ်လာစဉ်က သူတို့၏ ဘဝအခြေအနေ ခိုင်ခံ့စပြုပြီဟု ခင်ဇော် အားတက်ခဲ့သည်။

ဘာကြောင့်ရယ်မသိ၊ အစ်ကိုကြီးနှင့် အစ်မခိုင် မယူဖြစ်ကြ။

အစ်ကိုကြီးကလည်း အလုပ်ပြုတ်လေသလား၊ ထွက်သလား မသိ။ သေချာတာကတော့ ပထွေးကြီးအိမ်သို့ ပြန်ရောက်လာကာ ကျဘမ်းလုပ်ကိုင်ရှာဖွေရင်း ဂလေရိုက်နေတော့သည်။ မိန်းမကိစ္စတစ်ခုကြောင့် အစ်မခိုင်က အစ်ကိုကြီးကို အထင်လွဲစိတ်နာသွားသည်ဟု ဒေါ်အေးနှစ်ကပဲ ခင်ဇော့်အဘိုးကို ပြောပြခဲ့လေသည်။

နောက်ဆုံးတစ်ကြိမ် တတွဲတွဲ တွေ့မြင်ရချိန်မှာတော့ သူ့အစ်ကိုကြီး သည်တစ်ကြိမ် အစ်မခိုင်နှင့် မလွဲနိုင်တော့ဘူးဟု သူ သေချာခဲ့သည်။

သူ သင်္ဘောလိုက်သွားခဲ့သည်။ သူ ပြန်လာချိန်တွင် အစ်ကိုကြီးသည် အစ်မခိုင်နှင့် ကွဲကွာသွားခဲ့ပြန်ပါပြီ။

သည်တစ်ကြိမ်မှာတော့ အစ်မခိုင်က အစ်ကိုကြီးကို လိုက်ရှာခိုင်းကြောင်း ဒေါ်အေးနှစ်ကြီးက ညည်းတွားသည်။

ခင်ဇော့်မှာ အစ်ကိုကြီးအပေါ် ဂရုဏာဒေါသနှင့် ပြုံငြင်ခဲ့မိသည်။ တစ်ဖက်ကလည်း အစ်ကိုကြီး၏ အပေါင်းအသင်းတွေမှာ မနစ်မြို့ဖွယ်စရိုက်တွေ ရှိကြသည်မို့ အစ်မခိုင်နှင့် မနီးစပ်နိုင်သော အကြောင်းရပ်တွေ ရှိနေမှာပဲဟုလည်း သက်ပြင်းချခဲ့ရပြန်တော့သည်။

ဤမျှ အချိန်တွေကြားမှာ အစ်မခိုင်နှင့် မဆုံဖြစ်ခဲ့ပါ။

အရင်လထဲမကမှ။

ဆုံမယ့်ဆုံတော့လည်း ကြုံကြုံဖန်ဖန် ရေဂေးမှာ။

ယောက္ခမကြီး၏မိတ်ဆွေ ပါမောက္ခဟောင်းကြီးသည် ဒေါက်တာနနခိုင်၏ နှစ်ရှည်လများလူနာဖြစ်နေခြင်းကြောင့်အနီးအသုဘကို သားမက်နှင့်ယောက္ခမ အတူသွားပို့ကြရင်း အစ်မခိုင်နှင့် ဆုံစည်းခွင့်ရခဲ့လေသည်။

အရောက်နောက်ကျနေသော အစ်မခိုင်ကို ခင်ဇော်က နောက်နားကျကျ ထိုင်ခုံတစ်ခုမှာ ထိုင်နေရင်း အဝေးမှ လှမ်းမြင်သည်။ တစ်နေ့မှာ မရီးတော်ရမည်ဟု တစ်ဖက်သတ် ရင်းနီးတွယ်တာလာခဲ့သည့် အားလျော်စွာ ခင်ဇော်က အစ်မခိုင်ကို မြင်မြင်ချင်း မှတ်မိလေသည်။

အစ်မခိုင် သူ့အနီးရောက်လာသည်နှင့် ရှေ့လွန်မသွားရအောင် "လာ.. အစ်မခိုင်၊ ဒီမှာ နေရာလွတ်ပါတယ်" ဟု ဆီးကြိုခေါ်ငင်သည်။

ကျေးဇူးတင်သော အပြုံးကလေးနှင့်အတူ ဂင်ထိုင်လိုက်ရင်း ဆယ်နှစ်လောက် မတွေ့ခဲ့ရသော သူ့ကို အစ်မခိုင်က ဇဝေဇဝါ ကြည့်နေခဲ့သည်။

"ကျွန်တော် ခင်ဇော်ပါခင်ဗျ။ ကိုဇင်ယော်ညီပါ မမခိုင်။ အဟဲ.. ခုတော့ ကျွန်တော်က ဂနေတော့ အကြီးနဲ့ တူမနေဘူးလား ခင်ဗျ"

အဲသလို သူက အရွှမ်းဖောက် အရောဂင်စဉ် မမခိုင်သည် ဖြူဖတ်ဖြူရော် ဖြစ်သွားခဲ့လျှက် သူ့လက် တစ်ဖက်ကို ကယောင်ကတမ်း တင်းကျပ်စွာ လှမ်းကိုင်ထားခဲ့၏။ ပြီးတော့ မျက်ရည်စတွေ မျက်လုံးအိမ်မှာ ပြည့်ဂန်းလျှက် သွန်ကျလာတော့မလို တလဲ့လဲ့ လှုပ်ခတ်ရွှန်းစိုလာ၏။

"ဇင်ယော် ဘယ်မှာလဲ ငဲ့မောင်" ဆိုတာ မမခိုင် အကြိုးစားနိုင်ဆုံး ပြောထွက်ခဲ့သည့် စကားလုံးတွေပါ။

အစ်ကိုနှင့်မမခိုင် ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ ခင်ဇော် သေချာသွားတာက အစ်မခိုင်ဟာ အစ်ကို့အတွက် ချစ်ခြင်းမေတ္တာတွေ ရင်မှာ အပြည့်ရှိနေဆဲ ဖြစ်သည် ဆိုတာပါပဲ။

အစ်ကိုဟာ ဘယ်လောက်များ သိပ်သည်းလျှို့ဂှက်လိုက်သလဲ ဆိုပါလျှင် တစ်ဦးတည်းသော ညီကိုပင် သူ ဘယ်မှာ အတည်တကျ နေထိုင်ကြောင်း အသိမပေးပါ။

မန္တလေးဘက်မှာပဲ အစ်မခိုင်၊ နှစ်ဆယ့်တစ်မိုင် ပြင်ဦးလွင်ဘက်လည်း ဖြစ်နိုင်တယ်။ ကျွန်တော် အတိအကျ မသိဘူးဟု အားတုံ့အားနာ အဖြေပေးခဲ့ရသည်။

ကြေးစည်ထုလေပြီမို့ အသုဘပို့သော ပရိသတ် လှုပ်လှုပ်ရှားရှား နေရာမှထကြပြီ။

ခင်ဇော့်ယောက္ခမကြီးကလည်း အသိမိတ်ဆွေ တွေ့နေသော သားမက်ကို လှမ်းကြည့်လေပြီ။

အစ်မရဲ့ လိပ်စာကဒ်ပြား ယူထားနော်။ တယ်လီဖုန်းနံပတ် ပါတယ်။ သူနဲ့ အဆက်အသွယ်ရရင် အစ်မကို ပြောပါကွယ်ဟု တောင်းတောင်းပန်ပန်ကလေး ပြောသွားပုံမှာ ခင်ဇော့်ကို ရင်နင့်နာကျင်စေခဲ့၏။

"အစ်ကို လုပ်ငန်းကိုင်ငန်း အဆင်ပြေရဲ့လား"

"မဆိုးပါဘူးကွာ"

စကားကြွယ်နေကျ ခင်ဇော်သည် အစ်ကိုကြီး၏ရှေ့မှောက်မှာ အာစေးမိနေသလို ပြောစရာ ရှာမတွေ့ဘဲ ရှိနေသည်။ ငွေလိုသလား၊ ဘာလုပ်ပေးရမလဲ ဆိုသော စကားတွေကိုလည်း သူ မပြောပုံ့၊ အစ်ကိုဖြစ်သူ၏ မာနကို ထိခိုက်သွားမှာ သူ သိပ်စိုးရိမ်သည်။ သူ့အပေါ် အဆက်အသွယ်ဖြတ်သွားလျှင် မခက်ပါလား။

မသိမသာ တိုင်ကပ်နာရီ ခိုးကြည့်မိတာကိုပင် သူ့အစ်ကိုက ရိပ်မိသည်။

"မင်း အချိန်းအချက်ရှိရင် ပြန်နော် ခင်ဇော်"

"ဘာအချိန်းအချက်မှ မရှိပါဘူး အစ်ကိုရဲ့။ ကြုံတုန်းကြုံခိုက် အေးအေးဆေးဆေးပါ အစ်ကိုရာ။ ကဲ.. စားစရာ မှာကြတော့မလား။ အစ်ကို ဆာပလား"

"ကောင်းပြီလေ၊ စားကြတာပေါ့"

ဟိုဟာစားမလား၊ ဟိုဟင်းချို မှာမလားနှင့် တကယ်တော့ ခင်ဇော်ကသာ မီနူးကြည့်ပြီး မှာရသည်။ သူ့အစ်ကို အစားအသောက်ကိုလည်း မက်မက်မောမော မရှိ။

အမှာကိုစောင့်၍ စာရင်းတေးမှတ်နေသော စားပွဲထိုးလူငယ်ကို မျက်နှာပင့်အကြည့်မှာ ခင်ဇော် ရင်ဒိန်းကနဲ ခုန်သည်။ စားပွဲထိုးလူငယ်ဘေးမှ ကျော်လွန်ကာ သူ့အကြည့်က လှေကားမှတက်လာနေသူတစ်ဦးထံ ရောက်ရှိသွားခဲ့လေသည်။ လှေကားကို ကျောပေးထားသော အစ်ကိုဖြစ်သူသည် တစ်ရှူးစနှင့် သူ့လက်ချောင်းတွေကို သန့်ရှင်းသုတ်သင်ရင်း ခင်ဇော်၏ အမူအယာ ပြောင်းလဲပုံကို မမြင်တွေ့ပေ။

နနခိုင်သည် ခင်ဇော်ထံမှ တယ်လီဖုန်းရသည်နှင့် ကတိုက်ကရိုက် ထွက်လာခဲ့လေဟန် ဆံပင် စုစည်းချည်နှောင်ထားတာပင် ကပိုကရို။ နသယ်မှာ အချို့ ပေ့ဂဲကျနေသည်။ မျက်လုံးအဝိုင်းသား စိတ်စောပူပန်နေလျှက် ပြန့်ပြူးသောနဖူးပြင်တွင် ချွေးပေါက်ကလေးများ သီးကာနေ၏။ လက်ထဲတွင် ကားသော့ကလေး ကိုင်လာသည် မှအပ ပိုက်ဆံအိတ်ကလေးပင် ဆွဲယူလာဖို့ သတိမရအားရှာဘူး ထင်ရဲ့။

နနခိုင်၏ခြေသံသည် ဖွဲ့ဖွဲ့ရှပ်ရှပ်ကလေး မျှသာပါပဲ။

သို့သော် ဖင်ယော်နှင့် နနခိုင်တွင် တစ်စုံတစ်ရာသော ဆက်သွယ်နှောင်ကြိုး ရှိလေသလား မဆိုနိုင်။ သူ့နောက်ကျောသို့ နနခိုင် နီးကပ်လာချိန်မှာ ဖင်ယော် ဆတ်ကနဲဆို လှည့်ကြည့်ဖြစ်သည်။

နနခိုင်က ဖင်ယော့်ပုခုံးပေါ် လက်ကလေးတင်ရင်း တိုးတိတ်စွာ ရှိုက်ညည်းလိုက်လေသည်။

"ခွင့်လွှတ်ပါ အစ်ကို၊ အစ်မခိုင် ခံစားနေရတာတွေကို ကျွန်တော် မကြည့်ရက်လွန်းလို့ အကြောင်းကြားလိုက်ရတာပါ။ ကျွန်တော့်ကိုသာ အပြစ်တင်တော့"

စားပွဲထိုးကလေးသည် ဤစားပွဲမှ ဧည့်သည်သုံးယောက်ကို ခပ်ကြောင်ကြောင် ငေးကြည့်ရင်း စောစောက ဟင်းတစ်မယ်၊ နှစ်မယ်များ မှာကြားပြီးပလား၊ မမှာရသေးဘူးလားဆိုတာ မသေချာတော့ဘဲ သူ့စာရွက်တွင် ပြန်လည် ဆန်းစစ်နေရလေ၏။

"ခိုင်ဟာ ငယ်ငယ်တုန်းက စိတ်အလိုလိုက်ပြီး ဆုံးဖြတ်ခဲ့တယ်။ ခုတော့ ခိုင် လူကြီးဖြစ်ပြီမို့ အသိပညာယှဉ်ပြီး ဆုံးဖြတ်ရမှာတဲ့။ အရင် ငါးနှစ်တုန်းက မောင်ပြောခဲ့တဲ့ စကားတွေလေ။ အသိပညာနဲ့ ယှဉ်ပြီးတော့ပဲ မောင့်ကို ခိုင် အမြဲစောင့်နေ ရှာနေခဲ့တာပါ"

တိုးညှင်းသော ခိုင့်စကားတွင် ခံယူချက်က ပြတ်သားခိုင်မာ၏။ ဖင်ယော့်မျက်နှာ ပန်းသွေးထသွားသည်။ အေဒင်မှာ နှစ်ယောက် နောက်ဆုံးတွေ့ဆုံစဉ်က သူ ပြောခဲ့ဖူးသော စကားတွေကို ခိုင် မှတ်မှတ်ရရ ပြန်ပြောနေတာပါ။

သူ့ပခုံးပေါ် တင်ထားသော ခိုင့်လက်ခုံကို သူ ယောင်ယမ်းပြီး ကိုင်မိသည်။ ပြီးမှ ပြစ်မှုကျူးလွန်မိသည့်အလား ဖျတ်ကနဲဆို ပြန်လည်ရုတ်သိမ်းမိပြန်လေသည်။ အိပ်ချ်အိုင်ဗွီပိုးသည် သူ့အရေပြားကို ထွင်းဖေါက်ပြီး ခိုင့်အရေပြားထဲ စိမ့်ဝင်မသွားနိုင်မှန်း သိလျက်နှင့် သူ ကြောက်လန့်နေမိ၏။

ခိုင်သည် သူ့ပခုံးမှသည် လက်မောင်းဆီသို့ လက်ကို လျှောချဆုပ်ကိုင်ရင်း နံဘေးထိုင်ခုံတွင် ဝင်ထိုင်လိုက်လေသည်။

ထိုအခိုက်အတန့်မှာ သူတို့၏ ဦးနှောက်တွေလည်း ထွေပြားနေသည်။

သူတို့၏ နလုံးသွေးတွေလည်း ဂဲဂယက်ထနေသည်။

သေချာတာတစ်ခုကတော့ ခိုင်ဟာ မောင့်ဘဂရဲ့ မီးရှူးတန်ဆောင် အလင်းရောင် ပေမို့ ဘယ်နေရာသို့ ဘယ်လိုပင် ထွက်ပြေးလည်း စွမ်းအားနှင့်သာ ဖြန့်ကျက်ထွန်းပနေတော့တာပါပဲ။

ဇင်ယော်သည် ပထမဆုံးအကြိမ်အဖြစ် ခိုင့်မျက်လုံးများကို ရဲရဲပွံ့ပွံ့ ရင်ဆိုင်ကြည့်ကာ ခိုင်ခိုင်ကြည်ကြည် ပြုံးလိုက်သည်။

"ငါးနှစ် ကြာသွားပြီးတဲ့နောက်မှာတော့ ခိုင်က ပထမ၊ မောင်က ဒုတိယ Post Test Counselling (ဆေးစစ်ပြီး နှစ်သိမ့်အကြံပေး ဆွေးနွေးမှု) ကို နားလည်လက်ခံလိုက်ကြပြီပေါ့နော်။ မောင် မငြင်းဆန်တော့ဘူး။ မနာကျင်တော့ဘူး။ ရှောင်မပြေးတော့ဘူး။ ခိုင် လမ်းညွှန်သမျှ မောင် လိုက်နာတော့မယ်။ မောင် မောနေပါပြီ ခိုင်ရယ်"

ခိုင်သည် ဇင်ယော့်လက်မောင်းကို ဖျစ်ညှစ်လှုပ်ယမ်းရင်း ရှိုက်သံတစ်ဂက် ပြုံးရယ်လိုက်ရှာသည်။

ခင်ဇော့်မှာ အစ်ကိုနှင့်အစ်မကို ကြည်နူးကြေကွဲ ငေးကြည့်နေရသည်။

ရှုပ်ထွေးနက်နဲသော စကားလုံးတွေဟာ သူ့နားမှာ ပဲ့တင်ထပ်နေခဲ့သည်။ ရိုးစင်းလှသော အချစ်ဇာတ်လမ်း တစ်ပုဒ်လေလား။ မြင်တွေ့နေကျ၊ ကြားဖူးနေကျ အချစ်ဇာတ်လမ်းများနှင့်မတူ ကွဲပြားခြားနားနေသည်မို့ ရီတီတီ ဂါးတားတား သိမ့်ခါလှိုက်မောလေသော စွန့်လွှတ်ခြင်း၊ ခွင့်လွှတ်ခြင်း၊ နားလည်ခြင်း၊ မျှဝေခြင်း၊ ရင်ဆိုင်ခြင်း၊ ခိုင်မြဲခြင်း စသည်ဖြင့် ဘယ်ကဏ္ဍမှာ ဘယ်သို့ဘယ်ပုံ ကမ္ပည်းထိုး မှတ်တမ်းတင်ရမှာပါလိမ့်။

* * * * * *

# ပန်းကြွေတစ်ပွင့်၏ နောက်ဆုံးအချိန်

မောင့်မှာ ခိုင်တစ်ယောက်တည်းပါ ခိုင်လို့ ချုံးပွဲချ ငိုကြွေးတော့မတတ် တုန်ခိုက်အက်ကွဲနေစရာ မလိုတော့ဘူးဆိုတာ ခုတော့ မောင် ယုံကြည်စိတ်ချထားပြီနော်။

မောင် ဘယ်တော့မှ အားမငယ်စေရတော့ပါဘူး။

မောင် ဘယ်တော့မှ မရှုံးနိမ့်ရတော့ဘူး။

ချစ်ခြင်းမေတ္တာတွေဟာ မောင့်အပါးမှာ အလျှံပယ်ပါ မောင်ရေ။

မောင့်စိတ်ဓါတ် ခိုင်မာနေပြီမို့လည်း မောင်ဟာ ဆေး၊ အရက် အားလုံး ဖြတ်ပစ်နိုင်ခဲ့တယ်။ စီးကရက် နည်းနည်းဖွာချင်တတ်ပေမယ့်လည်း မောင် သတိထားတိုင်းဆမှန်း ခိုင် သိနေတယ်။

မောင်ဟာ တစ်ခါတစ်ရံ နှလုံးတဒိတ်ဒိတ် အခုန်မြန်တတ်ပြီး DEMENTIA လား မသိ၊ မေ့လွယ်လွန်းတာက လွဲလို့ တခြား ဘာကပ်ပါးရောဂါဝေဒနာ တစ်ခုမှ မခံစားရသေးပါဘူး။ မောင့်ကုသိုလ်ကံ အကျိုးပေးကလည်း ကောင်းနေသေးတာမို့ ဒီလောက် နှစ်ရှည်လများ ဘာရောဂါလက္ခဏာမှ မပြသေးပါဘူး။

တစ်နေ့နေ့မှာတော့

တစ်ချိန်ချိန်မှာတော့

မဝေးလှတဲ့ ကာလမှာတော့ မောင့်ကို ရောဂါ တစ်စတစ်စ ဖိစီးလာဦးမှာပေါ့ မောင်ရယ်။

အဲဒီအခါကျရင် ခိုင်ရော၊ မောင့်မိခင် မောင့်မောင်နှမတွေပါ မောင့်ကို မေတ္တာဂရုဏာတွေ လွှမ်းခြုံပြုစုကြမှာမို့ မောင် တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနဲ့ သေခြင်းတရားကို ရင်ဆိုင်သွားနိုင်မှာပါ။

သေခြင်းဆိုတာ လူတိုင်း မလွဲမသွေ ရင်ဆိုင်ရမှာချည်းမို့ မောင် မတုန်လှုပ်ပါဘူး။

စိုးကြောက်ထိတ်လန့်မိကြစမြဲ 'ပိုင်းပယ်ရှောင်ရှားခြင်း ရက်စက်မှုကြီး' ကို မောင် မတွေ့ကြုံစေရပါဘူး။

ခိုင့်အတွက် မေမေထားခဲ့တဲ့ စိန်ဆွဲကြိုးကလေးကို ထုခွဲပြီး မောင့်ရဲ့ နောက်ဆုံးအချိန်တွေမှာ တိတ်ဆိတ် အေးချမ်းနေနိုင်မယ့် တိုက်ခန်းကလေး ဂယ်ထားပေးတယ် မောင်။

အလူမီနီယံ ဘုရားစင်ကို ဒီနေ့ပဲ ခိုင်နဲ့မောင်ခင်ဇော် သွားပို့ထားတယ်။ မေမေ ကိုးကွယ်ခဲ့တဲ့ ဒက္ခိဏာသာခါ ဆင်းတုတော်ကိုလည်း ပင့်သွားမလို့။ စင်အောက်ထပ် ဘီဒိုထဲမှာတော့ ဘုရားစာအုပ်တွေ အစီအရီ ထည့်ထားပြီးပြီ မောင်။

အိမ်တွင်းပြုစုကုသမှုတွေကို မောင့်ဆွေမျိုးမိဘ သိနားလည်အောင် ခိုင် ရှင်းပြပြောပြနေတာကြောင့် ခိုင်နဲ့အတူ သူတို့ ကြင်နာပြုစု စောင့်ရှောက်ကြမှာပါ။

မေတ္တာကိုရရှိပြီး မေတ္တာကိုပေးတတ်တဲ့ သူတစ်ယောက်ရဲ့ နောက်ဆုံးအချိန် ဆိုက်ရောက်လာတဲ့ တစ်နေ့မှာလည်း မောင် အေးချမ်းခွင့်ရပါစေလို့ ခိုင် အဖန်တလဲလဲ ဆုတောင်းနေပါတယ် အချစ်ရေ။

* * * * * *

မြနှောင်းညို



သွေးထဲ ဗီဇထဲကိုက
"ဇ"ရှိနေသည်ဖြစ်စေ၊
ပတ်ဝန်းကျင်ကြောင့် ရောယောင်မိသည်ဖြစ်စေ၊
မတော်တဆ တစ်နှယ်ငင်
တစ်ဝင်ပါရသည်ပဲဆိုဆို၊
အများအနားခတ်သွားသည်ပဲပြောပြော
မသိနားမလည်သောကြောင့်
ပန်းပွင့်တို့ကတော့ အခါမတိုင်မီ
တဖြုတ်ဖြုတ်ကြွေလွင့်ရက်စောနေကြသည်ပင်၊

# မြနှောင်းညို

## ပန်းကြွေပွင့်ပုံပြင်

design Mehm Thitsa